http://www.dhammadownload.com

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့

အမှတ်(၆)

ဝမ္မနိတ်ဝါ၁ ဝိနိစ္ဆယ

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာန
ကမ္ဘာအေးစာပုံနှိပ်တိုက်၌ရိုက်နှိပ်သည်။

သာသနာ-၂၅၅၂ ကောဇာ-၁၃၇၀ ခရစ်-၂၀၀၉

ဝမ္မနိတ်ဝါ၁ ဝိနိစ္ဆယ

သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန
ကျမ်းစာအုပ်အရောင်းဆိုင်တွင်ပါဠိတော်၊ မြန်မာပြန်၊ အဋ္ဌကထာ၊ ဋီကာ
နိဿယ၊ ပါဠိ-မြန်မာအဘိဓာန်များနှင့် အခြားဗုဒ္ဓစာပေကျမ်းစာအုပ်များကို
ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

- ပိဋကသုံးပုံပါဠိတော်အုပ်ရေ(၄၀)
- ပဋ္ဌာန်းပါဠိတော်(၅)တွဲ(၅)အုပ်
- မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီး(၆)တွဲ(၈)အုပ်
- တိပိဋကပါဠိမြန်မာအဘိဓာန်များ-အတွဲ(၁)၊(၂)၊(၃)၊(၄/၁)၊(၄/၂)၊(၅)၊(၆)၊(၇)၊(၈)၊(၉)၊(၁၀)၊(၁၁)(၁၂)၊(၁၃)၊(၁၄/၁)၊(၁၅)၊(၁၆)၊(၁၇)၊(၁၈)၊(၁၉)
- ပဌမဟောင်းထောင်ဆရာတော်၏အမေးတော်ခြေ
- မြတ်ဗုဒ္ဓ၏တရားစုများ
- အခြေခံအဘိဓမ္မာသရုပ်နှင့်အဓိပ္ပါယ်
- သာရတ္ထဋီကာ(ပ)၊(၃)
- နေတ္တိဋီကာ၊ဝိမတိဝိနောဒနီဋီကာ(ပ)
- ကစ္စည်းသဒ္ဒါကြီး၊အဘိဓာန်လင်္ကာဆန်း
- ဓာတုကအဋ္ဌကထာ(လတ်၊ကြီး)
- ဗုဒ္ဓဘာသာတရားတော်(အခြေခံ)
- ဗုဒ္ဓဘာသာတရားတော်(အဆင့်မြင့်)
- ရှေရတုတိပိဋကစာစောင်
- ရှေရတုမဟာနာယကစာစောင်
- ပါရာဇိကကဏ္ဍအဋ္ဌကထာ(ပ)၊(၃)
- သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ
- အဋ္ဌသာလိနီအဋ္ဌကထာ
- လူသေလူပြစ်ဝိနိစ္ဆယ၊ဘိက္ခုနီဝိနိစ္ဆယ
- ကင်းဝန်မင်းကြီးဝတ္ထုသတ်(ပ)၊(၃)
- သုတ်ပါထေယျဘာသာဋီကာ
- ဝမ္ဘာစရိယသင်နည်း(၃)
- ထက်ဒေါက်ညှိနှိုင်းညြခါဒခံယူပွဲ
- လင်္ကာသာသနာ့ဝိသုဒ္ဓိ(ပါဠိ+မြန်မာ)
- ဝိနည်းဝတ္ထုကံစီရင်ထုံး
- သံယာ့နာယကလက်စွဲ၊ဝိနိစ္ဆယလက်စွဲ
- ဒါနကထာ၊ဘွဲ့တံဆိပ်တော်သမိုင်း
- ဝိနယပုဏ္ဏာဝိသဇနာ၊ဗုဒ္ဓနိုင်ငံတော်(ပ+၃+တ)
- သိလရှင်စည်းမျဉ်း
- အဂုံတ္တိရိပါဠိတော်(ပ)၊(၃)၊(တ)
- ဝတ္ထုစကြာ(အိတ်ဆောင်)
- ဂုဏ်တော်ကိုးပါး၊အကျိုး
- သရဏဂုံတည်ခြင်း၊အကျိုး
- ဗုဒ္ဓဘာသာလက်စွဲကျမ်း(ပဒ)
- ဗုဒ္ဓဘာသာကောင်းတစ်ယောက်
- ကြည်ကြည်လင်လင်သေပြီးနောက်သုဂတိလားလိုသော်
- ဝိနည်းဝတ္ထုကံ အဓိကရဏ်း၊ပွဲခင်းများ-ပြေရှင်းဆုံးဖြတ်ရေး ဆိုင်ရာလုပ်ထုံးလုပ်နည်းများ

မြတ်ဗုဒ္ဓ၏ကျမ်းစာ အမျိုးမျိုးကို အထက်ပါဌာနတွင် ဈေးနှုန်းမှန်ကန်စွာဖြင့် ဝယ်ယူရောင်းချ လျှောဒါန်းနိုင်ပါသည်။ အလှူရှင်စာတန်းထိုးခြင်းနှင့် အဖုံးဖုံးခြင်းကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။ (တနင်္ဂနွေ တစ်ရက်သာ ဆိုင်ပိတ်ပါသည်။)

ကမ္ဘာအေးဘုရားလမ်း၊ စာတိုက်မှတ်တိုင်၊ မရမ်းကုန်းမြို့နယ်။ ဖုန်း - ၆၆၀၇၄၃

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့

အမှတ် (၆)

ဓမ္မနိတိဝါဒ ဝိနိစ္ဆယ

သာသနာရေးဝန်ကြီးဌာန

သာသနာရေးဦးစီးဌာန ကမ္ဘာအေးစာပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်

သာသနာ-၂၅၅၂ ကောဇာ-၁၃၇၀ ခရစ်- ၂၀၀၉

http://www.dhammadownload.com

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေး ဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေးစာပုံနှိပ်တိုက်တွင်
ညွှန်ကြားရေးမှူး ဦးဝင်းနိုင်
မှတ်ပုံတင်အမှတ် (၀၃၈၄၃/ ၀၂၄၇၀၅)က
ပုံနှိပ်ထုတ်ဝေသည်။

http://www.dhammadownload.com

ဓမ္မနီတိဝါဒ ဝိနိစ္ဆယ

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	ပုံနှိပ်ထုတ်ဝေရခြင်းအကြောင်း	၈
၂။	ပဏာမဂါထာ	၁
၃။	နိဒါန်း	၄
၄။	စောဒနာ အမှတ်(၁) သုံးသပ်ချက်	၉
၅။	ရုံးတော်၏ စိစစ်ချက်	၉
၆။	စုဒိတက၏ တည်ကိန်းများ	၁၃
၇။	ဘုံ-၃၁	၂၀
၈။	စောဒနာ အမှတ်(၂) သုံးသပ်ချက်	၂၁
၉။	စိစစ်ချက်	၂၂
၁၀။	မြတ်ဗုဒ္ဓဟောကြား သံဝေဂဉာဏ်များ	၃၀
၁၁။	မှားချက်နာလွန်းခဲ့ဖူးသည်	၃၃
၁၂။	ကမ္မဿကတဉာဏ်၏ ကောင်းကျိုး	၃၉
၁၃။	သုံးသပ်ချက်	၄၀
၁၄။	စောဒနာ အမှတ်(၃) သုံးသပ်ချက်	၄၁
၁၅။	စိစစ်ချက်	၄၂
၁၆။	စောဒနာ အမှတ်(၄) သုံးသပ်ချက်	၅၁
၁၇။	စိစစ်ချက်	၅၂
၁၈။	သုံးသပ်ချက်	၅၃
၁၉။	စောဒနာ အမှတ်(၅) သုံးသပ်ချက်	၅၈
၂၀။	စိစစ်ချက်	၅၈

http://www.dhammadownload.com

စဉ်	အကြောင်းအရာ	စာမျက်နှာ
၂၁။	ဓမ္မနီတိ၏ အဘိဓမ္မာ	၅၈
၂၂။	မြတ်ဗုဒ္ဓ၏ အဘိဓမ္မာ	၅၉
၂၃။	စောဒနာ အမှတ်(၆) သုံးသပ်ချက်	၆၇
၂၄။	စိစစ်ချက်	၆၈
၂၅။	စောဒနာ အမှတ်(၇) သုံးသပ်ချက်	၇၂
၂၆။	စိစစ်ချက်	၇၃
၂၇။	စောဒနာ အမှတ်(၈) သုံးသပ်ချက်	၉၁
၂၈။	စိစစ်ချက်	၉၂
၂၉။	ရှုပ်နာမ်လွတ်သော ဝိပဿနာဉာဏ်၏သရုပ်မှန်	၉၂
၃၀။	မြတ်ဗုဒ္ဓသာသနာတော်၏ ပန်းတိုင်	၉၅
၃၁။	စောဒနာ အမှတ်(၉) သုံးသပ်ချက်	၉၉
၃၂။	စိစစ်ချက်	၁၀၀
၃၃။	စောဒနာ အမှတ်(၁၀) သုံးသပ်ချက်	၁၀၄
၃၄။	စိစစ်ချက်	၁၀၄
၃၅။	ဓမ္မစက္ကာလည်ပုံကို လွဲမှားစွာဟောခြင်း	၁၀၇
၃၆။	ဓမ္မနီတိ၏ အရိယာလမ်းကြောင်း	၁၁၁
၃၇။	ဓမ္မနီတိ၏ရပ်ပြစ်ရှစ်ပါး	၁၁၂
၃၈။	အယုတ်တရားနှစ်ပါး အဓိပ္ပါယ်ကိုလွဲမှားစွာဟောခြင်း	၁၁၃
၃၉။	စောဒနာ အမှတ်(၁၁) သုံးသပ်ချက်	၁၁၆
၄၀။	စိစစ်ချက်	၁၁၈
၄၁။	သောတာပန်ဖြစ်ကြောင်းတရား	၁၁၈
၄၂။	ဓမ္မနီတိသည် မိမိကိုယ်တိုင် ဗုဒ္ဓဖြစ်သည်ဟု ဟောပြောခြင်း	၁၂၃
၄၃။	စောဒနာ အမှတ်(၁၂) သုံးသပ်ချက်	၁၂၃
၄၄။	စိစစ်ချက်	၁၂၈
၄၅။	နယ်နှင့်နယ်သား ခွဲခြားနည်းမှန်	၁၃၂
၄၆။	စောဒနာ အမှတ်(၁၃) သုံးသပ်ချက်	၁၃၃

http://www.dhammadownload.com

စဉ်	အကြောင်းအရာ	စာမျက်နှာ
၄၇။	စိစစ်ချက်	၁၃၈
၄၈။	စုဒိတကတ်၏ အစွဲဥပါဒါန် သမုဒယ	၁၄၄
၄၉။	စောဒနာ အမှတ်(၁၄) သုံးသပ်ချက်	၁၅၀
၅၀။	စိစစ်ချက်	၁၅၁
၅၁။	ရုပ်နာမ်တရားတို့မှ လွတ်သောအနတ္တ	၁၅၄
၅၂။	စောဒနာအမှတ် (၁၅) သုံးသပ်ချက်	၁၆၈
၅၃။	စိစစ်ချက်	၁၆၉
၅၄။	ဝိနည်းဓိုရ်ဆရာတော်များ၏ သုံးသပ်ချက်	၁၇၃
၅၅။	စောဒနာအမှတ် (၁၆) သုံးသပ်ချက်	၁၇၅
၅၆။	စိစစ်ချက်	၁၇၆
၅၇။	စောဒနာအမှတ် (၁၇) သုံးသပ်ချက်	၁၈၅
၅၈။	စိစစ်ချက်	၁၈၆
၅၉။	သမုတိသစ္စာနှင့် ပရမတ္ထသစ္စာ	၁၈၉
၆၀။	စောဒနာအမှတ် (၁၈) သုံးသပ်ချက်	၂၀၄
၆၁။	စိစစ်ချက်	၂၀၅
၆၂။	သမုဒယသစ္စာခန်း	၂၁၀
၆၃။	ဓမ္မပရိယာယ်၊ မာယာပရိယာယ်	၂၁၆
၆၄။	နိရောဓသစ္စာခန်း	၂၁၇
၆၅။	စောဒနာအမှတ် (၁၉) သုံးသပ်ချက်	၂၂၅
၆၆။	စိစစ်ချက်	၂၂၅
၆၇။	ရတနာသုံးပါးဘယ်မှာလဲ	၂၃၄
၆၈။	သရဏဂုံ (ခေါ်) ကိုးကွယ်မှု	၂၃၅
၆၉။	သရဏဂုံ ခံယူဖို့လိုသလား	၂၃၆
၇၀။	သရဏဂုံဖြင့် ရဟန်းဖြစ်	၂၃၇
၇၁။	စောဒနာအမှတ် (၂၀) သုံးသပ်ချက်	၂၄၁
၇၂။	စိစစ်ချက်	၂၄၂
၇၃။	မြတ်ဗုဒ္ဓလည်း လောဘ၊ ဒေါသရှိသူပဲ	၂၅၀

http://www.dhammadownload.com

စဉ်	အကြောင်းအရာ	စာမျက်နှာ
၇၄။	ဝိဇ္ဇမာနပညတ်၏ အဓိပ္ပါယ်မှန်	၂၅၂
၇၅။	ရူပ်သဘာဝ၊ နာမ်သဘာဝ	၂၅၄
၇၆။	ဓမ္မနီတိပြ သဘာဝ	၂၅၆
၇၇။	ဓမ္မနီတိ၏ ချေပချက်	၂၅၇
၇၈။	နဂိုမူလသဘာဝ	၂၅၈
၇၉။	ပကတိဝါဒီတို့၏ နဂိုမူလ	၂၆၁
၈၀။	ကပိလနှင့် ဓမ္မနီတိ	၂၆၄
၈၁။	ဓမ္မနီတိ၏ ဖြစ်ပုံ၊ ပျက်ပုံလွဲမျိုးစုံ	၂၆၆
၈၂။	ဓမ္မနီတိ၏ သရုပ်မှန်	၂၆၈
၈၃။	လက္ခဏာမြင်မှသာ ဝိပဿနာ	၂၇၈
၈၄။	ဓမ္မနီတိ၏ နိဗ္ဗာန်	၂၈၃
၈၅။	သဗ္ဗညုတဉာဏ်တော်ရှင်အစစ်	၂၈၇
၈၆။	ကုဋ္ဌေတစ်သိန်း ပျက်ကိန်းထုတ်မှန်	၂၈၈
၈၇။	နိုင်ငံတော်သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ် (၆)၏ ဆုံးဖြတ်ချက်	၂၉၃
၈၈။	နိုင်ငံတော်သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ်(၆) ဝိနည်းဓိုရ် ဆရာတော်များ	၂၉၈
၈၉။	နိဂုံးချုပ်	၂၉၈

× × × × ×

http://www.dhammadownload.com

သာကေတမြို့နယ်၊ ဓမ္မနီတိဗိမာန်ကျောင်းမှ ဦးပညာဝံသ၏ ဓမ္မနီတိဝါဒဝိနိစ္ဆယ ပုံနှိပ်ထုတ်ဝေရခြင်းအကြောင်း

၁။ ဤဝိဝါဒါဓိကရုဏ်းဖြစ်ပေါ်လာရခြင်းမှာ ဦးပညာဝံသသည် ခန္ဓာပရမတ်နှင့် စပ်လျဉ်း၍ ထေရဝါဒပိဋကတ်တော်နှင့် ဆန့်ကျင်၍ အပိုထည့်သွင်းဟောပြောသည့် သူ့အသက်သတ်တာ အကုသိုလ်မဖြစ်ဟု ဟောပြောသည်၊ ဘုရားရှင်ကို ဆဲရေးသည်၊ အဘိဓမ္မာဒေသနာတော်ကို သိမ်ဖျင်းအောင်ဘေးဖယ်သည်၊ အပါယ်လေးဘုံသည် လက်ရှိလူ့ဘဝဟု ဟောပြောသည်၊ ၃၁-ဘုံကို ပယ်သည်၊ ဆွမ်းလောင်း ဘုရားရှိခိုး၊ ပုတီးစိပ်ခြင်းတို့ကြောင့် အဝီစိရောက်သည်ဟု ဟောသည်၊ ဘုရားပန်းလှူ ဆွမ်းကပ်ခြင်းတို့ကို ပြောင်လှောင်သည်၊ ခန္ဓာမှာဘုရားရှိသည်၊ ပြင်ပမှာဘုရားမရှိဟု ဟောသည်၊ စေတီလေးပါးကိုးကွယ်မှုကို တိုက်ခိုက်ဖျက်ဆီးသည်၊ အနေကဇာတင်ခြင်းကို ပြောင်လှောင်သည်၊ ကဲကိုပယ်သည်၊ ဆုတောင်းလျှင်အကျိုး မရဟု ဟောသည်၊ မိမိကိုယ်ကို ဘုရားရှင်နှင့် တန်းတူရည်တူပြုသည်၊ ဒါန သီလ ကိုသိုလ်လုပ်လျှင် သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ ဖြစ်သည်ဟုဟောသည်၊ လူကို သံယာတုဟု ပြောသည်၊ သရဏဂုံကို ဖျက်ဆီးအောင်ဟောသည် စသည်ဖြင့် စောဒက ဆရာတော်များက စောဒနာချက် (၂၀) တို့ဖြင့် ဓမ္မနီတိအမည်ခံ ဦးပညာဝံသ အပေါ် စွဲဆိုသဖြင့် ဝိဝါဒါဓိကရုဏ်းဖြစ်ပေါ်လာရပါသည်။

၂။ သာသနာတော်တွင် ဓမ္မ အဓမ္မ အငြင်းပွားမှုများ ဖြစ်ပေါ်လာတိုင်း ဘုရားရှင် ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် အရှင်မဟာကဿပ ရဟန္တာ မထေရ်မြတ်များမှအစ မျက်မှောက်ခေတ်သံယာတော်များက ပထမသံဂါယနာမှ စ၍ ဆဋ္ဌသံဂါယနာအထိ သံဂါယနာ ၆-တန်တင်၍လည်းကောင်း၊ ၁၉၈၀-ပြည့်နှစ်မှ စ၍ ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံယာ့အဖွဲ့ အစည်းအဝေးကြီးမှ သံယာ့အဖွဲ့အစည်း အဆင့်ဆင့် ခိုင်မာစွာဖွဲ့စည်း၍ နိုင်ငံတော် သံယမဟာနာယကအဖွဲ့ကြီး သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးကို အရှိန်အဟုန်မပျက်ဆက်လက် ဆောင်ရွက်တော်မူနိုင်ကြခြင်းဖြင့်လည်းကောင်း၊ သာသနာတော်၏ ဓမ္မအန္တရာယ်မှန်သမျှ ကာကွယ်တားဆီးတော်မူခဲ့ကြပါသည်။

http://www.dhammadownload.com

(စ) ပုံနှိပ်ထုတ်ဝေရခြင်းအကြောင်း

၃။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် နိုင်ငံတော်အတွင်းဖြစ်ပေါ်ခဲ့သော ဝိဝါဒါဓိကရုဏ်းမှုများကို အရည်အချင်းပြည့်ဝတော်မူကြသော နိုင်ငံတော်ဗဟိုဝန်ဆောင်များထဲမှ သီးခြားဝိနည်းဓိုရ်ဆရာတော်များကို ရွေးချယ်ဖွဲ့စည်း၍ နိုင်ငံတော်၏ သီးခြားဝိနည်းဓိုရ် (၁၃) ဖွဲ့ဖြင့် ဓမ္မ အဓမ္မဝါဒ (၁၃) မှုကို စစ်ဆေးဆုံးဖြတ်စေတော်မူခဲ့ပါသည်။ အဆိုပါ ဓမ္မ အဓမ္မဝါဒ (၁၃) မှ အနက် ဓမ္မနီတိဝါဒကို ၁၉၈၃-ခုနှစ်၊ ဇူလိုင်လ (၁၅) ရက်နေ့တွင် နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ် (၆) က စစ်ဆေးကာ အဓမ္မဝါဒ အဝိနယဝါဒအဖြစ်ဆုံးဖြတ်တော်မူခဲ့ကြပါသည်၊ ထိုဆုံးဖြတ်ချက်ကို ပယ်စွန့်ရေးဝန်ခံကတိပြုစေရန် နိုင်ငံတော်အစိုးရ၏ အာဏာစက် အကူအညီကိုရရှိသဖြင့် အဓမ္မ အဝိနယဝါဒများ ကွယ်ပျောက်ခဲ့ပါသည်။

၄။ ထိုနိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့များ၏ အဆုံးအဖြတ်များသည် နောင်လာနောက်သား သာသနရက္ခက၊ သာသနပါလက ပုဂ္ဂိုလ်များအတွက် အဖိုးအနှုတ်ထိုက်တန်သည့် သာသနာ့မှတ်တိုင်ကြီးများ ဖြစ်ကြပေသည်။ ဤမျှလောက် သာသနာတော်အတွက် ကာလရှည်ကြာစွာ အကျိုးများသည့် နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်အဖွဲ့များ၏ ဆုံးဖြတ်ချက် ဝိနိစ္ဆယများသည် သာမန်လုံ့လ ဥဿာဟဖြင့် ဖြစ်ထွန်းပေါ်ပေါက်ခဲ့ရသည်မဟုတ်ပေ၊ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံတို့၌ နှံ့စပ်ကျွမ်းကျင် ပညာရှင် ဝိနည်းဓိုရ်ဆရာတော်ကြီးများ၏ ကြီးမားသော လုံ့လဥဿာဟဖြင့် ပေါ်ထွန်းလာခဲ့ရပေသည်။

၅။ ဤကဲ့သို့ ပိဋကဝိဒူ တံခွန်ထူတော်မူကြသည့် နိုင်ငံတော်သီးခြားဝိနည်းဓိုရ်ဆရာတော်ကြီးများ၏ ကြီးမားသော လုံ့လဥဿာဟကြောင့် ဖြစ်ပေါ်လာသော သာသနာ့အညစ်အကြေး ဆေးကြောသုတ်သင်၍ သာသနာ့ ဘေးရန်တွန်းလှန်ပယ်ချရာ၌ အားကိုးအားထား စံနမူနာယူရမည်ဖြစ်သော သာသနာတော်အတွက် အနှုတ်ရတနာများဖြစ်ကြသည့် နိုင်ငံတော် သီးခြားဝိနည်းဓိုရ်ဆရာတော်ကြီးများ၏ ဝိနိစ္ဆယဆုံးဖြတ်ချက်များကို သာမန်ဝိနိစ္ဆယများကဲ့သို့ ပေါ့ပေါ့တန်တုန် သဘောမထားဘဲ မထင်မရှား ပျောက်ကွယ်မသွားသင့်ဟု မြော်မြင်တော်မူသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇ-မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော်ဘုရားကြီးက ပဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ

http://www.dhammadownload.com

စုဒ္ဒသမအစည်း အဝေးတွင် အဆိုပါ နိုင်ငံတော်သီးခြားဝိနည်းဓိုရ် ဆုံးဖြတ်ချက်များကို ကျမ်းစာအုပ်အဖြစ် ရိုက်နှိပ်လျက် အခိုင်အမာ မှတ်တမ်းတင်ထားသင့်ကြောင်း၊ သို့ဖြစ်၍ ယင်းနိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့များ၏ ဆုံးဖြတ်ချက်ဝိနိစ္ဆယများကို ကျမ်းစာအုပ်အဖြစ် ရိုက်နှိပ်ရန် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးက သက်ဆိုင်ရာ သာသနာရေးဝန်ကြီးဌာန၊ သာသနာရေး ဦးစီးဌာနသို့ မေတ္တာရပ်ခံရန် သြဝါဒပေးတော်မူခဲ့ပါသည်။

၆။ သို့ဖြစ်ပါ၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇ-မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ မကွေးဆရာတော် ဘုရားကြီးက နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့များ၏ ဆုံးဖြတ်ချက်ဝိနိစ္ဆယများကို ကျမ်းစာအုပ်အဖြစ် ရိုက်နှိပ်၍ သာသနာရေးဝန်ကြီးဌာန၊ သာသနာရေး ဦးစီးဌာနသို့ လမ်းညွှန်မိန့်ကြားပေးတော်မူခဲ့ပေသည်၊ ဥက္ကဋ္ဌဆရာတော် ဘုရားကြီး၏ သြဝါဒ လမ်းညွှန်မိန့်ကြားချက်ကို ဦးထိပ်ရွက်ပန်ဆင်၍ ဦးပညာဝံသ၏ ဓမ္မနီတိဝါဒ ဝိနိစ္ဆယကျမ်းကို ပြည်ထောင်စုမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနမှ ပုံနှိပ်၍ ဖြန့်ချိထုတ်ဝေလိုက်ရပေသည်။

သာသနာရေးဦးစီးဌာန

http://www.dhammadownload.com

http://www.dhammadownload.com

ပဏာမဂါထာ

• • • • • •

ရဝေ ရဝေရောရဘီမာရဝေ ရဝေ၊
ရဝေ ရဝေရိုဝ် ဘေရဝေ ရဝေ။
ရဝေ ရဝေ သူဒိတဂါရဝေ ရဝေ၊
ရဝေ ရဝေ ဒေသိ ဇိနော ရဝေ ရဝေ။

(ဇိနာလင်္ကာရဋီကာ၊ ၂၃၀။)

မြန်မာပြန်အနက်

အဘိမာရဝေ ရဝေ၊ ဝသဝတ္တီ နတ်ပြည်ပိုင်စိုး မာရ်နတ်ဆိုး၏ အထူးထူး အပြားပြား အမျိုးမျိုးအစားစား ကြိမ်းဝါးဆိုဆဲ မာန်တလူလူ ရန်မူသည့် တိုက်ပွဲတည်းဟူသော။ ရဝေ၊ အကြမ်းမျိုးစုံ အဖုံဖုံသော ဖရုသဝါစာ စကား အရာ၌။ အဝေရော၊ မေတ္တာအဘေးဓါတ် ဖြန့်လွှတ်အပ်သဖြင့် ဝန်းပတ်သီတဂူ ရန်တုံ့ပြန်မှုမှ ကင်းတော်မူသော။ ဇိနော၊ ငါးမာရ်အောင်မြင် ဘုရားရှင်သည်။ (အဒေသိ၌ စပ်)။ ဝေရေ၊ ရာဟု အသူရိန် တံခိုးထိန်သော နတ်မင်းကြီးသည်။ အာဂတော၊ အနီချဉ်းကပ် ရောက်လာလတ်သော်။ ရဝေရံ ဣဝ (ရဝိနော ဤ၏ ကမ္မန် ဝိယ)၊ နေနတ်မင်း၏ တုန်လှုပ်ချောက်ချားခြင်းကဲ့သို့။ ဘေရဝေ၊ အပါယ်စသည့် ဒုက္ခမျိုးစုံ အဖုံဖုံမှ ကြောက်ထိတ်လန့်မှု သံဝေဂဏ်အစုကို ဖြစ်စေတတ်ကုန်သော။ ရဝေ၊ သုတ်, အဘိဓမ္မာ, ဝိနည်း အသီးသီးသော တရား စကားတော်တို့ကို။ ဝေနေယျ ဇနေ၊ ဝေနေယျကြာ နတ်လူပြဟ္မာ သတ္တဝါတို့ကို။ အဝေဒေသိ၊ အာသယာနုသယ အံ့ကိုက်ကျအောင် ဟောပြထွေထွေ သိစေတော်မူခဲ့လေပြီ။

ရဝေ၊ မြတ်ဘုရားသည် ဟောကြားတော်မူအပ်သော။ ရဝေ၊ သုတ် အဘိဓမ္မာ ဝိနည်း အသီးသီးသော တရားစကားတော်၌။ သူဒိတဂါရဝေ၊ ကောင်းစွာဖြစ်စေအပ်သော ရိုသေလေးစားခြင်း ရှိကြကုန်သော။ ရဝေ၊ ကောင်းချီးနှမော် သာဓုခေါ်ခြင်းစသည့် စကားသံတို့ကို။ ဝေနေယျဇနေ၊ ဝေနေယျကြာ နတ်လူပြဟ္မာ သတ္တဝါတွေကို။ အဝေဒေသိ၊ အာသယာနုသယ. အံ့ ကိုက်ကျအောင် ဟောပြထွေထွေ သိစေတော်မူခဲ့လေပြီ။

http://www.dhammadownload.com

ဇိနော၊ ငါးမာရ်အောင်မြင့် ဘုရားရှင်သည်။ သြရဝေရဝေ၊ အထူးထူး အပြားပြား မုသာဝါဒ စသည်မျှားစွာ စကားသံကြောင့် ဖြစ်သော အကုသိုလ် တရားအပေါင်းမှ ရှောင်ကြဉ်ကြောင်း အဓိကုသိုလ်ကို ဖော်ပြတတ် ကုန်သော။ ရဝေ၊ သုတ်၊ အဘိဓမ္မာ၊ ဝိနည်း၊ အသီးသီးသော တရားစကား တော်တို့ကို။ ဝေနေယျ သတ္တော၊ ဝေနေယျကြာ နတ်လူပြဟ္မာ သတ္တဝါတွေကို။ အဝေဒေသိ၊ အာသယာနုသယ အံ့ကိုက်ကျအောင် ဟောပြထွေထွေ သိစေတော်မူခဲ့လေပြီ။ တာဒိသံ၊ ထိုသို့သောဂုဏ် ပြည့်စုံပေလတ် တရားမြတ်ကို။ မယံ၊ တိက္ခိန္ဒြိယ ဥတ္တရနှင့် ကဝိန္ဒ, ကုမာရ၊ ကောဏ္ဍည ဟု အမှတ် (၆) နိုင်ငံတော်ဝိနည်းဓိုရ် ခေါ်ဆိုထင်ရှား ဘုရားတပည့်တော်များသည်။ နမာမ၊ မြတ်ဘုရားဂုဏ် စိတ်တွင် ခြုံလျက် နှစ်သက်မြတ်နိုး ရှိခိုးကြပါကုန်၏ဘုရား။

ယဏ္ဍာနုဘုတ္တာ နဇရာမရာသုံ၊
ယေ စာနုဘုတ္တာ နဇရာမရာသုံ။
တံ တေ နမိတ္တာန ဂုဏာဏ္ဏဝသ၊
ဝါဒံ ကရိသ္သာမ ဥဇုန္ဓဝသ။

ယံ၊ အကြင်ကိုးပါး လောကုတ္တရာတရားတော်ကို။ အနုဘုတ္တာ၊ ဂေါစရ ဘာဝနာ နှစ်ဖြာသော မှီဝဲခြင်းဖြင့် သုံးဆောင်ရခြင်းကြောင့်။ ဒေဝမနုဿာ၊ သောင်းတိုက်စက္ကဝါ နတ်ပြဟ္မာဟိန္ဒဂူ မျှားဗိုလ်လူတို့သည်။ နဇရာမရာ၊ အို, နာ, သေ, ဘေး ကင်းဝေးကြကုန်သည်။ အာသုံ၊ ဖြစ်ခဲ့ကြလေကုန်ပြီ။ တံစ၊ ထို တရားတော်မြတ်ကိုလည်း။ နမာမ၊ ဦးညွှတ်ရိုကျိုး လက်စုံမိုး၍ ရှိခိုးကြပါကုန်၏ ဘုရား။

ယေ၊ မဂ္ဂဋ္ဌာန် ဖလဋ္ဌာန် ရှစ်တန်ထင်ပေါ် အကြင်အရိယာ သံဃာတော် တို့သည်။ တံ၊ အို, နာ, သေဘေး ကင်းဝေးစေတတ် ထိုလောကုတ္တရာ တရားမြတ်ကို။ အနုဘုတ္တာ၊ ဂေါစရ ဘာဝနာ ထိုနှစ်ဖြာဖြင့် သုံးဆောင် မှီဝဲရခြင်း ကြောင့်။ နဇရာမရာ၊ အိုနာသေဘေး ကင်းဝေးကုန်သည်၊ အာသုံ၊ ဖြစ်ကြ လေကုန်ပြီ။ တေစ၊ ထိုထိုဘုရားရှင်တို့၏ တပည့်မျှားစွာ အရိယာ သံဃာတော် အရှင်မြတ်တို့ကိုလည်း။ နမာမ၊ ဦးညွှတ်ရိုကျိုး လက်စုံမိုးကာ ရှိခိုးကြပါကုန်၏ ဘုရား။

နမိတ္တာန၊ ယင်းသို့ ဦးညွှတ်ရိုးကျိုး လက်စုံမိုးကာ ရှိခိုးကြပြီးလျှင်။ ဂုဏာဏ္ဏဝသ၊ သမုဒ္ဒရာလေးသွယ် ရေပြင်ကျယ်အလား များပြားသော

http://www.dhammadownload.com

ဂုဏ်တော် ကျေးဇူးတော်တို့နှင့် ပြည့်စုံတော်မူသော။ အသ၊ ငါးမာရ်အောင်မြင် ထိုဘုရားရှင်၏။ ဝါဒ၊ နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်မှန်လှ အယူဝါဒ တရားတော်ကို။ ဥဇု၊ အယူတစ်ပါး ကင်းသောအားဖြင့် ကွေ့ကောက်မှုကင်း ဖြောင့်မတ်လျင်းအောင်။ နဝ၊ မိစ္ဆာညစ်ကြေး ကင်းဝေးကြည်စင် သစ်သစ် လွင်လွင် အစဉ်ဖြစ်နေအောင်။ ကရိသာမ၊ ကိုယ်အား ဉာဏ်အား စွမ်းပကားဖြင့် ရေးသားပြုပြင် စီရင်ကြပေကုန်အံ့သတည်း။

မောဂ္ဂလိဇော တိသတ္ထေရော၊ မိစ္ဆာဝါဒံ ဝိစာရယိ။
ဝိစာရေသိ တထာ မယံ၊ သာကေတံ ဓမ္မနီတိကံ။

မောဂ္ဂလိဇော တိသတ္ထေရော၊ တတိယသင်္ဂါယနာတင် ဦးစီးနာယက မဟာထေရ် ဖြစ်တော်မူသည့် အရှင်မဟာမောဂ္ဂလိပုတ္တတိသ ရဟန္တာ အရှင် မြတ်သည်။ မိစ္ဆာဝါဒ၊ အလုံးစုံသော မိစ္ဆာအယူဝါဒဟူသမျှကို။ ဝိစာရယိယထာ၊ မိစ္ဆာမှောင်မိုက် လိုက်မမှားရအောင် ထွားထွားညက်ကျေ စိစစ်ခဲ့ပေသကဲ့သို့။ တထာ၊ မခြားပုံယူ အလားတူသာလျှင်။ မယံ၊ နိုင်ငံတော်သီးခြားဝိနည်းမိုရ် အဖွဲ့အမှတ် (၆) အဖွဲ့ဝင် ဖြစ်ကြကုန်သော တပည့်တော်တို့သည်။ သာကေတံ၊ သာကေတမြို့နယ်တွင် ပေါ်ပေါက်လာသော။ ဓမ္မနီတိကံ၊ ဓမ္မနီတိအမည်ခံ ဦးပညာဝံသသည် ဟောကြားအပ်သောကြောင့် ဓမ္မနီတိအမည်ရှိသော အယူဝါဒထူးကို။ ဝိစာရေသိ-ဝိစာရေသာမ၊ မိစ္ဆာအဓမ္မ မတိမ်းရအောင် ပိဋကတ်ရွှေချိန် စက်တင်နှိမ်လျက် နှိုင်းချိန်စိစစ်ကြကုန်အံ့။

xxxxx

http://www.dhammadownload.com

နိဒါန်း

မြတ်စွာဘုရား၏ သာသနာတော်ကို အကျဉ်းချုံ့လျှင် သီလ၊ သမာဓိ၊ ပညာတည်းဟူသော သိက္ခာသုံးပါးရ၏။ ထိုတွင် ဝိနည်းပိဋကတော်၌ အထူးအားဖြင့် အဓိသီလ သိက္ခာကို ဟောကြားတော်မူ၏။ သုတ္တန်ပိဋက တော်၌ အထူးအားဖြင့် အဓိသီလသိက္ခာကို ဟောကြားတော်မူ၏။ အဘိဓမ္မာပိဋက တော်၌ အထူးအားဖြင့် အဓိပညာသိက္ခာကို ဟောကြားတော်မူ၏၊

(ဝိ၊ ၆၊ ၁။ ၁၈။ ဒီ၊ ၈၊ ၁။ ၂၂။)

မဂ် ဖိုလ် နိဗ္ဗာန်ဟူသော လောကုတ္တရာတရားထူးကို လိုလားတောင့်တသည့် အမျိုးကောင်းသား အမျိုးကောင်းသမီးသည် ရှေးဦးစွာ သီလနှင့် ပြည့်စုံအောင် အားထုတ်ရာ၏၊ ထို့နောက် သမာဓိ (စိတ်တည်ငြိမ်မှု) ရရှိအောင် သမထ ကမ္မဋ္ဌာန်း တစ်ခုခုကို ပွားများရာ၏၊ ထို့နောက် ရူပ်နာမ်သဒ္ဓါရတို့၏ အဖြစ် အပျက်ကို အမှန်အတိုင်း ရှုမြင်သည့် ဝိပဿနာပညာနှင့် ပြည့်စုံအောင် ကြိုးစားရာ၏။

အခါတစ်ပါး မြတ်စွာဘုရားသည် သာဝတ္ထိမင်းမြို့တော်အနီး အနာထပိဏ် သူဌေး၏ အာရာမ် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသည်၊ ထိုအခါ နတ်သားတစ်ယောက်သည် ညဉ့်ဦးယာမ်လွန်ပြီးချိန်၌ အလွန်နှစ်သက်ဖွယ် အဆင်းရှိသည် ဖြစ်၍ ဇေတဝန်တစ်ကျောင်းလုံးနီးပါး ကိုယ်ရောင်ကိုယ်ဝါဖြင့် ထွန်းလင်းစေလျက် မြတ်စွာဘုရားထံတော်တို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တစ်ခုသောနေရာ၌ ရပ်တည်ကာ ဤသို့ဆိုလတ္တံ့သော ဂါထာကို ရွတ်ဆို မေးလျှောက်လေသည်။

ဂေါတမနွယ်ဖွား အို မြတ်စွာဘုရား၊ ကိုယ်တွင်းသန္တာန်၌ ဖွဲ့ယှက်တတ် သော တဏှာ၊ ကိုယ်ပသန္တာန်၌ ဖွဲ့ယှက်တတ်သော တဏှာဟူ၍ တဏှာနှစ်မျိုးရှိပါသည်။ ထိုတဏှာ တရားသဘောသည် သတ္တဝါအပေါင်းကို ဖွဲ့ယှက်တုပ်နှောင် ထားအပ်ပါသည်။ ဂေါတမနွယ်ဖွား အိုမြတ်စွာဘုရား၊ အရှင်ဘုရားအား ထိုအကြောင်းကို မေးမြန်းလျှောက်ထားပါသည်၊ ဤဖွဲ့ယှက် တုပ်နှောင်သည့်

http://www.dhammadownload.com

တဏှာ အရှုပ် သဘောတရားကို အဘယ်သူသည် ဖြေရှင်း ဖြတ်တောက်နိုင်ပါသနည်း။

ထိုအခါ မြတ်စွာဘုရားသည် ထိုနတ်သားအား ဤသို့ဖြေကြား မိန့်တော်မူသည်၊ ကမ္မဇတိဟိတ် ပဋိသန္ဓေ (ပင်ကိုယ်)ပညာရှိသော ပုဂ္ဂိုလ်သည် သီလ၌တည်၍ သမာဓိ (စိတ်) ကိုလည်းကောင်း၊ ဝိပဿနာပညာကိုလည်းကောင်း ပွားများစေသည်ရှိသော် ဤဖွဲ့ယှက်တုပ်နှောင်ထားတတ်သည့် တဏှာ အရှုပ်ကို ဖြေရှင်းနိုင်၏။ (သံ-၁၊ ၁၃။ ၁၆၇။)

ဤသို့ မြတ်စွာဘုရားဟောကြားတော်မူသည်နှင့် အညီ သီလအထုံ ရပါမှ သမာဓိအားရှိသည်၊ သမာဓိအထုံရပါမှ ပညာအားရှိသည်၊ ပညာအားရှိပါမှ သန်တ သန်ဓိရတည်းဟူသော ဤမှာဘက်ကမ်း ဖြစ်, ပျက်အာရုံမှ အသန်တ ဝိသန်ဓိရတည်းဟူသော ဟိုမှာဘက်ကမ်း မဖြစ်, မပျက်အာရုံသို့ ကူးမြောက်ပေါက်ရောက်နိုင်သည် (ဒီ-၂၊ ၈၄။)

ထို့ကြောင့် သီလနှင့် ရှေးဦးစွာပြည့်စုံစေရမည်။ ထို့နောက် သမာဓိနှင့် ပြည့်စုံစေရမည်။ သမထကမ္မဋ္ဌာန်း တစ်ခုခုကို ပွားများကြရမည်။ ထို့နောက် ဝိပဿနာပညာနှင့် ပြည့်စုံစေရမည်၊ သီလနှင့် သမာဓိတရားနှစ်ပါးကိုမူ သာသနာပအခါ၌ပင် ရသေ့သူတော်စင်တို့ ဖြည့်ဆည်းနိုင်ကြသည်။ ဘုရားလောင်းစသည့် သူတော်ကောင်းများ ပေါက်ရောက်အောင် ဈာန်အဘိညာဉ်အထိ ရရှိအောင် ပွားများနိုင်ကြသည်။ သို့သော် ပညာပိုင်းဆိုင်ရာ အကျင့်ကိုမူ အများအားဖြင့် မဖြည့်ဆည်းနိုင်ကြပေ။ ပညာဆိုရာမှာလည်း ယခုခေတ်အတန်းပညာ ဘီ-အေ၊ အမ်အေ၊ ဒေါက်တာစသည့် လောကီပညာ အမျိုးမျိုး၊ ကမ္မဿကတာ ပညာ ဈာနပညာ အဘိညာပညာတို့ကို မဆိုလို။ ဝိပဿနာ ပညာ၊ မဂ်ပညာများနှင့် ပြည့်စုံပါမှ သံသရာ တစ်ဘက်ကမ်း နိဗ္ဗာန်သို့ ကူးမြောက် ပေါက်ရောက်နိုင်သည်။ နိဗ္ဗာန်ရောက်မှ ဒုက္ခခပ်သိမ်း ငြိမ်းအေးသည်၊ မြတ်စွာဘုရား ပွင့်တော်မူလာခြင်းသည်လည်း ဒုက္ခခပ်သိမ်း အေးငြိမ်းရာအမှန် မြတ်နိဗ္ဗာန်သို့ သတ္တဝါများ ရောက်ကြစေဖို့ လမ်းညွှန်ပြရန်ဖြစ်ပေသည်။ မှန်ပါသည်၊ နိဗ္ဗာန်တည်းဟူသော ပရမတ်တရားသည် ခက်ခဲ နက်နဲလှပါသည်၊ သိမြင်ဖို့ခက်ခဲလှပါသည်။ နိဗ္ဗာန်ရောက်အောင် ကျင့်ရမည့် အကျင့်လမ်းစဉ်သည်လည်း ခက်ခဲနက်နဲ လှပါသည်။ သင်ကြားပြသပေးမည့်သူ မရှိဘဲ နိဗ္ဗာန်ပရမတ် အငြိမ်းဓာတ်ကို ကိုယ်ပိုင်

http://www.dhammadownload.com

ဉာဏ်ဖြင့် မြင်အောင် ကျင့်နိုင်သူကား အရှင်ပစ္စေကဗုဒ္ဓါနှင့် သမ္မာသမ္ဗုဒ္ဓ ဘုရားဤ ပုဂ္ဂိုလ်နှစ်ဦးသာရှိသည်။ (ပုဂ္ဂလပညတ်၊ ၁၀၃၊ ၁၁၇။)

သမ္မာသမ္ဗုဒ္ဓဘုရားနှင့် ပစ္စေကဗုဒ္ဓါ နှစ်ဦးသော ပုဂ္ဂိုလ်တို့မှတပါး ကြွင်းကျန်သည့် ပုဂ္ဂိုလ်သတ္တဝါအားလုံးတို့သည် သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားနှင့် တပည့်သာဝကများ၏ နည်းပေးလမ်းညွှန်မှုကို ခံယူကာ စနစ်တကျ ရိုသေလေးမြတ်စွာ ကျင့်ကြံကျိုးကုတ် အားထုတ်ပါမှ နိဗ္ဗာန်ကို ရနိုင် သိနိုင်ကြပေသည်။
(မ၊ ၃၊ ၅၉။ သံ၊ ၂၊ ၅၄။ မဟာနိ-၁၃၈။ စူဠနိ၊ ၁၇၅။ ၃၇၅။ မိလိန္ဒ၊ ၂၁၂။)

သဗ္ဗညုဘုရားရှင် တီထွင်ဟောကြားတော်မူအပ်သော နိဗ္ဗာန်ရောက်ကြောင်းလမ်းကောင်းလမ်းမြတ် လမ်းစဉ်ပဋိပတ်တရားတော်များကား အစစ ညစ်ကြေးမတင် သန့်ရှင်းစင်ကြယ်၍ ထက်ဝန်းကျင်ပြည့်စုံလုံလောက်ပေသည်၊ အနက် အဓိပ္ပါယ်နှင့်လည်းကောင်း၊ စကားလုံးတိကျမှုတို့နှင့်လည်းကောင်း ပြည့်စုံပေသည်။ သိပ္ပံပညာရှင်ကြီးများပြုလုပ်ထားသည့် ရေဒီယို၊ တယ်လီဗေးရှင်းစသည့် ကြိယာများထက် သာလွန်ပြီး နာမ်ပိုင်းဆိုင်ရာ စိတ်, စေတသိက်, နိဗ္ဗာန်ပရမတ်, ဓါတ်, ကလာပ်, ဝိထိတို့ဖြင့် အသေးစိတ် တိကျမှန်ကန်လှပေသည်။ ယင်းသို့ အံဝင်ခွင်ကျ တိကျမှန်ကန်မှုသာ ရေဒီယိုသံ ရှုပ်မြင်သံကြားစက်မှ ရှုပ်အသံများကို ကြားနိုင်မြင်နိုင်သကဲ့သို့ မြတ်စွာဘုရားဟောကြားထားသည့် နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်သည့် အကျင့်ပဋိပတ်တို့ကိုလည်း ဘုရားဟောတော်မူသည့်အတိုင်း ဘုရားအလိုတော်နှင့် အညီ အံဝင်ခွင်ကျ တိတိပပ ရိုသေလေးမြတ်စွာ လိုက်နာကျင့်သုံးပါမှ လိုအပ်သော မဂ်ဖိုလ်နိဗ္ဗာန်အကျိုးထူးကို ရရှိခံစားနိုင်ပေသည်၊ အလွန်သိမ်မွေ့ခက်ခဲသော တရားဖြစ်ရကား မိမိတို့ သဘောအလျောက် ပြင်ဆင်မှု ဖြည့်စွက်မှု နုတ်ပယ်မှုမျိုး လုပ်၍မရ၊ ပြင်ဆင်ဖြည့်စွက် ထုတ်ပယ်မှုမျိုး တစ်ခုခုပြုလုပ်လိုက်သည်နှင့်တစ်ပြိုင်နက် စက်ချို့ယွင်းသွားသည်၊ ရေဒီယိုစက် ရှုပ်မြင်သံကြားစက်များ အသံမမြည်တော့ သလို၊ ရှုပ်ပုံများ မထင်တော့သလို၊ ကျင့်ကြံအားထုတ်သည့်ယောဂီများအဖို့ မဂ်ဖိုလ်နိဗ္ဗာန်တရားထူးများ ပေါ်ပေါက်မလာနိုင်တော့ပေ။ သဗ္ဗညုဘုရားရှင် တီထွင်ပြုလုပ်ထားသည့် ရေဒီယို တယ်လီဗေးရှင်းစက်အထူးဖြစ်သည့် ကျင့်ဝတ် ပဋိပတ်စက်မြတ်ကို မကောင်းသဖြင့် ကိုင်တွယ်အသုံးပြုသောကြောင့် ဖြစ်ပေသည်။ ထို့ကြောင့် မြတ်စွာဘုရားရှင်၏ နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်လှသည့် ပရိယတ် ပရိပတ်တရားတော်များကို ရိုသေလေးစားစွာ ကျင့်ကြံအားထုတ်သော

http://www.dhammadownload.com

အားဖြင့် ကိုင်တွယ်ပူဇော်ကြရပေမည်၊ ပြင်ဆင် ဖြည့်စွက် နုတ်ပယ်မှု တစ်ခုမျှ မပြုလုပ်သင့်။ သို့မှသာ အရှည်တည်တံ့၍ နှစ်ပေါင်းများစွာ မဂ်ဖိုလ်နိဗ္ဗာန် အကျိုးထူး တရားထူးတို့ကို ဆွတ်ခူးသုံးဆောင်နိုင်ကြရမည် ဖြစ်ပေသည်။

ပြင်ဆင်ဖြည့်စွက် နုတ်ပယ်ချက် သက်သက်တုယောင်သာ

မြတ်စွာဘုရားရှင်၏ သဗ္ဗညုတညာဏ်တော်ဖြင့် စနစ်တကျဟောထားသည့် တရားတော်မြတ်ကို ပြင်ဆင်ခြင်း ဖြည့်စွက်ခြင်း နုတ်ပယ်ခြင်း တစ်ခုခုပြုလုပ်လိုက်သည်နှင့်တစ်ပြိုင်နက် ပြင်ဆင် ဖြည့်စွက် နုတ်ပယ်ထားသည့်တရားသည် အစစ်မဟုတ်တော့ပြီ၊ အတုအယောင်မျှသာ ဖြစ်ပေတော့သည်၊ ရှေ့တုပေါ်လာလျှင် ရှေ့စစ်ပျောက်သကဲ့သို့ တရားတုများဖြစ်ပွားလာလျှင် တရားစစ်များ ပျောက်ကွယ်သွားပေသည်။ (သံ-၁၊ ၄၂၂။)

ပဋ္ဌေဝေ-မဂ်ဖိုလ်နိဗ္ဗာန်တရားအတု၊ အာဂမ- စာပေကျမ်းဂန် တရားအတု ဟူ၍ နှစ်မျိုးရှိ၏။ (သံ-၅၊ ၂။ ၁၈၆)

ပဋ္ဌိပတ္တိ-အကျင့်လမ်းစဉ် အတုပါထည့်လျှင် သုံးမျိုးရှိသည်။ (သံ-၈၊ ၂။ ၁၇၁။)

ထိုတရားအတုများ ယခုအခါ သာသနာတော်၌ ပေါ်ပေါက်နေသည်ကို တွေ့မြင် ကြားသိနေရပေသည်။ ယင်းတရားအတုများကို မဖယ်ရှားနိုင်လျှင် သာသနာကွယ်ပျောက်မည်။

သီရိဓမ္မာသောကမင်းတရားလက်ထက်၌ သာသနာတော် နေလို, လလို ထွန်းလင်းတောက်ပခဲ့သည်။ သာသနာ့ဝန်ထမ်း ရဟန်းတော်များသည်လည်း ပစ္စည်းလေးပါး မငြိုငြင် မပင်ပန်းဘဲ ချမ်းချမ်းသာသာ အလွန်ပင်ရှိလှသည်၊ ထိုလာဘ်ကို အကြောင်းပြုပြီး သာသနာပ အညတိတ္ထိယတို့သည် မိမိတို့ဘာသာ သက်နိုးဝတ်ကြပြီး ရဟန်းအတုအယောင်များလုပ်ကြ၍ သာသနာ့ဝန်ထမ်း ရဟန်းအစစ်များနှင့် ရောနှောနေထိုင်ကြသည်၊ တရားတု တရားယောင်များကို လည်း ပြောဟောနေကြသည်၊ သာသနာတော်ပျက်စီးမည့် ဘေးရန်ထူပြောသည်၊ ထိုအခါ အရှင်မောဂ္ဂလိပုတ္တတိဿ ရဟန္တာအရှင်မြတ်က မြတ်စွာဘုရား၏ စင်ကြယ်သန့်ရှင်းသော ဝါဒအစစ်အမှန်နှင့် သာသနာပ တိတ္ထိယတို့၏ သဿတ ဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိစသည့် (၆၂)ပါးသော မိစ္ဆာအယူဝါဒတို့ကို အသောကမင်းကြီးအား သင်ကြားပြသပေးသည်၊ အစစ်နှင့်အတုကို ဘုရင်မင်းမြတ်ကိုယ်တိုင် ခွဲခြား

http://www.dhammadownload.com

တတ်အောင် ဟောကြားပြသပေးသည်၊ ယင်းသို့ဘုရင်ကိုယ်တိုင် ခွဲခြားနိုင်သည့် အသိပညာရှိမှ ဆရာတော်များဘက်မှ ဓမ္မစက်၊ ဘုရင်ဘက်မှ အာဏာစက် နှစ်ဘက်အင်အားဖြင့် အားလုံးသော တရားတု တရားယောင် ရဟန်းတု ရဟန်းယောင်များကို ဖယ်ရှားသုတ်သင်ပစ်လိုက်နိုင်ခဲ့သည်။ ရွှေတုများကို ဖမ်းဆီးသုတ်သင်ပစ်လိုက်သဖြင့် ရွှေကောင်းရွှေမွန်တို့ ထွန်းလင်းတောက်ပလာသကဲ့သို့၊ မြတ်စွာဘုရား၏ သာသနာတော်သည်လည်း ညစ်ကြေးမတင် သန့်ရှင်းစင်ကြယ် ထွန်းလင်းတောက်ပလာခဲ့သည်။

ဤကမ္ဘာ့သာသနာပြု အသောကမင်းကြီး၏ ဤသည့်ထုံးကောင်းကို နှလုံးမူ၍ ပြည်ထောင်စုဆိုရှယ်လစ်မြန်မာနိုင်ငံတော် သာသနာပြုအစိုးရတို့သည်လည်း သာသနာ၏အညစ်အကြေး တရားအတုအယောင်များ ပေါ်ပေါက်နေသည်ကို လျစ်လျူရှုမထားဘဲ အရှင်မောဂ္ဂလိပုတ္တတိဿရဟန္တာအရှင်မြတ်ကြီးနှင့်အလားတူသည့် နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီး ၄၅-ပါးတို့၏ အဆုံးအမ ဩဝါဒကို ခံယူလျက် သာသနာတော်ကိုဖျက်ဆီးပစ်မည့် တရားအတုအယောင် မိစ္ဆာဝါဒတို့ကို ဓမ္မဝိနယနှင့်အညီ အချိန်မီ တားဆီးပယ်ဖျက်ခဲ့ကြသည်မှာ (၅) ကြိမ်ပင်ရှိခဲ့ပြီ။ ယခုဓမ္မနီတိအမည်ခံ ဦးပညာဝံသ၏ မိစ္ဆာအယူကိုလည်း (၆)ကြိမ်မြောက်အနေဖြင့် တားဆီးပယ်ရှားနိုင်သည်မှာ သာသနာအောင်ပွဲတစ်ရပ်ပင်ဖြစ်ပါတော့သည်။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် သာသနာပြုအစိုးရနှင့် နိုင်ငံတော်သံဃမဟာနာယကဆရာတော်များ၏ အာဏာစက်၊ ဓမ္မစက်ကြီးမားမှု သာဓကတစ်ရပ်ဖြစ်ပါပေသည်။

နိုင်ငံတော်အမှတ်(၆)သီးခြားဝိနည်းဓိုရ်ဆရာတော်များသည်လည်း 'အာဂ-တော ဘာရော စ အဝဿ် အာဝဟိတမ္ဘော' ဟူသော (သီ၊ ဋီ၊ သစ်-၁။ ၂၁၇) ပရိဘာသာနှင့်အညီ သံဃာတော်ကပေးအပ်သည့်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခြင်းကိစ္စကို ဆောင်ရွက်ပြီးပါပြီ။ မှန်ပါသည်။ ရွှေတု၊ ရွှေယောင်၊ ရွှေညံ့အတုံးတစ်ခုကိုယူလာပြီး ရွှေကောင်းရွှေစင်ဖြစ်အောင် လုပ်ပေးပါဟု ပန်းထိမ်ဆရာအား ပေးအပ်ပါလျှင် ပန်းထိမ်ဆရာသည် ကန့်ငရဲမီး, ဆားငရဲမီး, ယမ်းငရဲမီး သုံးမျိုးတို့ဖြင့် ကျိုချက်ခြင်းကြောင့် မကောင်းသည့်ကြေး၊ သံ၊ သွတ်၊ ငွေစသည့် သတ္တုဓာတ်များကုန်၍ ပရိုက်ခေါက် ရွှေအစစ်ကို ရရှိသကဲ့သို့ ဓမ္မနီတိ၏ မိစ္ဆာအယူဝါဒဖြင့် ရှုပ်ထွေးနေသည့် တရားအတုအယောင်ကို ယူဆောင်လာ၍ အညစ်အကြေးကင်းစင်သည့် ဗုဒ္ဓဝါဒတရားစစ် တရားမှန်

http://www.dhammadownload.com

ပြုလုပ်ဆုံးဖြတ်ရန် သံဃမဟာနာယကဆရာတော်ကြီးများက အမိန့်ချမှတ်ခဲ့ပါသည်။ ထိုအခါ နိုင်ငံတော်အမှတ်(၆)သီးခြားဝိနည်းဝိုရ်ဆရာတော်တို့သည် ပိဋကတ်သုံးသွယ်နိကာယ်ငါးရပ် ဓမ္မက္ခန္ဓာအပေါင်း ရှစ်သောင်းလေးထောင်သော ပါဠိတော်အရပ်ရပ်နှင့်တကွ အဖွင့်အဋ္ဌကထာ ဋီကာ အနုမဝုမကျန် အဖန်ဖန် အထပ်ထပ် သုံးသပ်ဆင်ခြင် ညှိနှိုင်းဆုံးဖြတ်တော်မူခဲ့ကြပါသည်။ ဝိနည်းပိဋကတည်းဟူသော ကန့်ငရဲမီး၊ သုတ္တန်ပိဋကတည်းဟူသော ဆားငရဲမီး၊ အဘိဓမ္မာပိဋကတည်းဟူသော ယမ်းငရဲမီးသုံးခုတို့ဖြင့် ဓမ္မနီတိဝါဒကို ကျိုချက်ဓါတ်ခွဲကြည့်ပြီးပါပြီ။ ပရိယတ္တိ ပဋိပတ္တိ ပဋိဝေဓဟု ဆိုအပ်သော သူတော်ကောင်းတရားရွှေစစ်ပရပိုက်ခေါက်သည် ငါးထောင်သာသနာ မကသာအောင် ညစ်ကြေးမတင်သန့်ရှင်းစင်ကြယ်လျက် တည်တံ့ပါစေသတည်း။

စောဒနာအမှတ်(၁) သုံးသပ်ချက်

အငြင်းပွားချက်။ ။စောဒကတို့က စုဒိတကဏ် (၁) ခန္ဓာ (၂) ပရမတ် (၃) ပညတ်တို့နှင့် စပ်သော ဟောပြောချက်များအတွက် စောဒနာ (စွဲဆိုချက်) တင်ကြသည်။ စုဒိတကပုဂ္ဂိုလ်ကသောဓနာ (ချေပ)လွှာတင်သည်။

ငြင်းခုံချက်။ ၁။

စောဒကတို့၏စွဲဆိုချက်။ ၁။စုဒိတကဏ် "ခန္ဓာဆိုတာ ဒီကိုယ်ကောင်အတုံးကြီး"ဟု ဟောပြောချက်များသည် ပိဋကတ်ကျမ်းဂန်များနှင့် မညီပါဟူ၍ သာဓကပါဠိဖော်ပြလျက် စောဒနာကြသည်။

စုဒိတကဏ်ချေပချက်။ ၁။အများနားလည်လွယ်စေရန် ရုဠိသညာအားဖြင့် သုံးစွဲထားခြင်းသာဖြစ်ပါသည် (သောဓနာ-က-မှတ်ပြထားသည်)။

ရုံးတော်၏စီစစ်ချက်။ ၁။

(က) ရုဠိသည် (၁) အထင်ရုဠိ (၂) အတင်ရုဠိ (၃) အတွင်ရုဠိ ဟူ၍ သုံးမျိုးရှိသည်။

(၁) ပေါင်မုန့်, မမြင်ဖူးသူမြန်မာတစ်ယောက် နားလည်လွယ်စေရန်

http://www.dhammadownload.com

"ပေါင်မုန့်ဆိုတာ အင်္ဂလိပ်ထမင်းခဲကြီး"ဟု ပြောသောစကားမျိုးသည် အထင်ရှင်ဖြစ်သည်။

(၂) အိုးထဲသို့ဆန်ထည့်ပြီး ချက်ပါလျက် "ဆန်ချက်တယ်"ဟု မပြောဘဲ "ထမင်းချက်တယ်" ဟု ပြောခြင်းမျိုးသည် အတင်ရှင်ဖြစ်သည်။

(၃) ဘုန်းကြီးလူထွက်ကို လူမထွက်ခင်က ခေါ်တွင်လာသည့်အတိုင်း "ဘုန်းကြီး-မောင်အေး"ဟု ပြောခြင်းမျိုးသည် အတွင်ရှင် ဖြစ်သည်။

(ခ) ကိုယ်ခန္ဓာဟူ၍ လူတွေပြောစကားရှိသောကြောင့် လည်းကောင်း "လူတွေအကြမ်းစားသိလွယ်တဲ့ ဒီခန္ဓာကိုယ်ကောင် အတုံးကြီးနဲ့ပဲ ဘုန်းကြီးတို့ ပြောသွားမယ်"ဟူသော စုဒိတက၏ ဟောပြောချက်ရှိသောကြောင့် လည်းကောင်း၊ "ရှင်ညီသည်ာအားဖြင့် သုံးစွဲခြင်းဖြစ်ပါသည်"ဟူသော သောဓနာ(ချေပ)ချက်ရှိသောကြောင့်လည်းကောင်း၊"ခန္ဓာဆိုတာ ဒီကိုယ်ကောင် အတုံးကြီး" ဟူသော စုဒိတက၏ ဟောပြောချက်သည် အထင်ရှင်ဖြစ်သည်။ "ပေါင်မုန့်ဆိုတာ အင်္ဂလိပ်ထမင်းခဲကြီး "ဟု ပြောသည်နှင့်တူ၏၊ ထိုစကားသည် ပေါင်မုန့်ကို မြင်သိပြီးသူတွေအတွက် ရယ်ဖွယ်ဖြစ်သော်လည်း ပြောသူနှင့် ပေါင်မုန့်ကို မမြင်ဖူးသူ အတွက်မှာ ရယ်ဖွယ်မဖြစ်ဘဲ ရှင်းနေသည်။ ကိုယ်ကောင် အတုံးကြီးသည် အဒ္ဓတ္ထိကရူပ်ဖြစ်၍ ရူပ်ခန္ဓာတို့တွင် တစ်ပိုင်းတစ်စ ပါဝင်နေသောကြောင့်လည်း ထိုစကားကို လုံးဝမှားသည်ဟု မဆိုသာ၊ အားလုံးမှန်ကန်သည်ဟုလည်း မဆိုနိုင်၊ မပြည့်စုံဟူ၍သာ ဆိုဖွယ်ရှိသည်။ သို့သော် ခန္ဓာကိုယ်တည်ကိန်းပြု၍ ပရမတ်-ပညတ်ခွဲခန်းတွင် "၃၁-ဘုံ၊ ကုသိုလ် အကုသိုလ်တွေဟာ ဒီခန္ဓာမှာ မပါတာကြောင့် တကယ်ရှိတာ တွေမဟုတ်၊ မရှိ-ပညတ်တွေ၊ ခန္ဓာရဲ့ အရိပ်တွေ"ဟူ၍ စုဒိတကသင်တန်း ပေးထားသောကြောင့် "ခန္ဓာဆိုတာ ဒီကိုယ်ကောင် အတုံးကြီး ဟူသော စကားသည် သင်တန်းပေးရာ၌ အနွတ္ထစကား-မုခ္ဓ စကားဖြစ်၍ ရုံးတော်ရောက်သော အခါ ရှင်ဗိုစကား ပရိယာယ်စကားအဖြစ်သို့ ပြောင်းသွားသည်။

(ရာသင်ခြေန ခန္ဓာဟူ၍ စုဒိတက၏ ဟောချက်ရှိသည်)။

(ဂ) စုဒိတက၏ (က) အမှတ်ပြချေပချက်ဒုတိယတွင် "အစုအပုံနှင့် အတုံးအခဲတို့သည် မြန်မာ့ဓဝါဟာရတွင် အနက်တူဖြစ်ကြပါသည်ဘုရား"

http://www.dhammadownload.com

ဟူသော စကားနှင့်ပတ်သက်၍ ကျောက်ပုံနှင့်ကျောက်တုံး၊ သစ်ပုံနှင့် သစ်တုံး ကွဲပြားခြားနား မတူကြသည်ကို အများသိပြီးဖြစ်သည်၊ ရှင်းပြ ဖို့မလိုတော့ပေ။

(ဃ) သောဓနာ (ချေပချက်) (က) တတိယပုဒ်ပါ ချေပချက်တို့သည် သင်တန်းသားများကို သင်တန်းဆရာက ရူပ်နာမ်သဘောဖြင့် ပြောကြစေ လိုသောဆန္ဒရှိသော်လည်း သင်တန်းသားများ နားရှုပ်သွားမည်စိုးသော ကြောင့် ရူပ်ခန္ဓာ-နာမ်ခန္ဓာဟု သင်တန်းဆရာက မပြောလိုသေးပါဟု လိုရင်းအဓိပ္ပါယ်ထွက်သည်။ ထိုစကားအရ သင်တန်းသားများသည် ရူပ်, နာမ်ဟူသောစကားကို မကြားဖူးသေးသူတွေ ကြားဖူးလျှင်လည်း အဓိပ္ပါယ်မသိသေးသူတွေဟူ၍ သင်တန်းဆရာကိုယ်တိုင် တိတိပပ သိမှတ်ယားကြောင်းပေါ်လွင်နေသည်၊ ဝိပဿနာသင်တန်းတိုင်းမှာ များစွာ အရေးပါသည့် ခန္ဓာအကြောင်းကို တည်ကိန်းမှန်ထား၍ သရုပ်မှန် အောင် ထပ်တလဲလဲသင်ပြပေးမှသာ သင်တန်းနောက်ပိုင်းမှာ အမှန် အတိုင်း သိလွယ်မှတ်လွယ်မည်ဟူသော ဆရာအသီးသီးတို့၏ အဓိက ရပ်တည်ချက်မှ စုဒိတကသည် ရှောင်လွဲခဲ့သည်။ ထိုကြောင့် နောက်ဆက်တွဲ ပရမတ်, ပညတ်ခွဲသည်မှစ၍ သင်တန်းဆုံးအောင် ရှုပ်ထွေးနေ တော့သည်။

(c) သောဓနာ (က) အမှတ်ပြ စတုတ္ထပုဒ် (၁/၃)တွင် "သခ်ၢတရုပ် နာမ် ပရမတ်ကိုဖြစ်-ပျက်ရှိသောသဘောဖြင့် အမှန်တကယ်ရှိသည်ဟု ယုံကြည်လက်ခံပါသည်"ဟူသော စုဒိတက၏ ချေပချက်စကား ပါရှိ ပါသည်။ ဗုဒ္ဓအဘိဓမ္မာ၌ ကုသိုလ်၊ အကုသိုလ်တို့သည် ပရမတ် စစ်စစ် ဟု ဆိုထားသော်လည်း ထိုကုသိုလ်အကုသိုလ်တွဟာမရှိ၊ ပညတ်တွေ ခန္ဓာရဲ့အရိပ်တွေဟု စုဒိတကသင်တန်းပေး ဟောချက်များ ထင်ရှား ပေါ်လွင်စွာရှိနေပြီးဖြစ်၍ စုဒိတက၏ထိုစတုတ္ထပုဒ်ပါ ချေပချက် စကားတို့သည် အမှန်မဟုတ်ကြဟူ၍ အလွန်ထင်ရှား ပေါ်လွင်နေ ပေပြီ။ ထိုကြောင့် သောဓနာ (ချေပ)လွှာ (က) နောက်ဆုံး ပုဒ်အရ စုဒိတက၏ပြောသင့်သည် ထင်မှတ်ချိန်ကို စောင့်ဆိုင်းနေကြရန် မလို အပ်တော့ချေ။ ဆင်ကောင်ကြီးကို တွေ့နေပြီ၍ ဆင်ခြေရာကို ရှာစရာ လိုက်စရာ မလိုတော့သည်မှာ သဘာဝမှန်သာ ဖြစ်သည်။

http://www.dhammadownload.com

ခြင်းခုံချက်။ (၂) (၃)

စွဲဆိုချက်။ ။ ပရမတ်မည်ပုံ၊ ပရမတ်ခွဲပုံ၊ ပညတ်ခွဲပုံတို့သည် ဝိဌကတ် ကျမ်းဂန်များနှင့် မညီပါ။

ချေပချက်။ ။ (၁)သြဠာရိက (ခေါ်)အကြမ်းစားနည်းမျှ ဖြစ်ပါသေးသည်။ (၂)ပရမတ်ဧကန်အမှန်ဟု တရားသေဆုပ်ကိုင်ထားခြင်း မဟုတ်သေးပါဟု အဓိပ္ပါယ်ထွက်သည်၊ [သောဓနာ (ခ) မှတ် ကြည့်]။

စိစစ်ချက်။ ။ ၂ ။ဥတို့ကို တစ်ပေါင်းတည်း စိစစ်မည်။

က (၁) ။ ဝိဌကတ်တော်၌လည်းကောင်း၊ လောကတွင်ပြောဆိုရာ၌လည်းကောင်း၊ အကြမ်း၊ အချော၊ အနု၊ အနုသုခုမ-ဟူသော အဆင့်လေးမျိုးလုံး၌ မူရင်းတရားကိုယ် (အဘိဓေယျတ္ထ)ခေါ် မူရင်းတည် ပစ္စည်း (သစ်၊ သံ၊ ကြေး၊ မြေ၊ ဝါးစသည်)ကို ပြောင်းလဲရိုးစဉ်လာမရှိ၊ ပြောင်းလျှင် သဘာဝနှင့်မညီပေ၊ အလွဲအမှားစစ်စစ်ဖြစ်သည်။ အကြမ်း၌သစ်သား တစ်မျိုး၊ အချော၌အခြားသစ်သား၊ အနု၌ နောက်ပြောင်း အခြားသစ်သား၊ အနုသုခုမ၌ ထပ်ဆင့်ပြောင်း အခြားသစ်သားဟု ပြောင်းလဲလျှင် သစ်စား ၄-တုံးလုံးပင် အကြမ်းစားချည်းသာ ဖြစ်နေမည်၊ အချောအဆင့်သို့ပင်မရောက်၊ အနုသုခုမ ဟူသော နောက်ဆုံးအဆင့်သို့ ဘယ်တော့မှ ရောက်တော့မည် မဟုတ်ချေ။

(၂) ။ အကြမ်း၌သစ်သား၊ အချော၌သံ၊ အနု၌ကြေး၊ အနုသုခုမ၌ ဓါးဖြစ်နေလျှင်လည်း လောကသဘာဝမှန်နှင့် မညီချေ။

(၃) ။ ထိုအတူ အကြမ်းစား၌ တည်ကိန်းတစ်မျိုး-ပရမတ်ယူပုံလည်းတစ်မျိုး အချောစား၌တည်ကိန်းနှင့် ပရမတ်ယူပုံတခြားလွဲ၊ အနုစား၌ တည်ကိန်းနှင့် ပရမတ်ယူပုံတဖုံခွဲ၊ အနုသုခုမ၌တည်ကိန်းနှင့် ပရမတ်ယူပုံ တစ်စားတွင်နေလျှင် ဓမ္မသဘာဝနှင့်လည်းမညီချေ၊ လောကသဘာဝ ဓမ္မသဘာဝနှစ်မျိုးလုံးနှင့်မညီလျှင် တည်ချက်မရှိနိုင်သည် ပြာပုံ၌စိုက်သောတိုင်လောက်မျှ ခိုင်မြဲမည်မဟုတ်ပေ။

http://www.dhammadownload.com

စုဒိတကတ၏တည်ကိန်းများ

(၄) စုဒိတကသည် ပရမတ်, ပညတ်ခွဲရာ၌ တည်ကိန်းများကို သောဓနာ (ချေပ)လွှာ၌ ဖေါ်ပြထားသည်။

(က) ခန္ဓာတုံးကို တည်ကိန်းပြု၍ ၁/၃ (ခ)။

(ခ) ရူပ်, နာမ် ပရမတ်ကိုတည်ကိန်းထား၍၊ ၂/၂ (က)နောက်ဆုံး စာပုဒ်။

(ဂ) ပရမတ္ထအမှန်ကို တည်ကိန်းပြု၍၊ ၁၂ /၁၊ကြောင်းရေ (၁၁)။

(ဃ) အမှန်ရှိသော အနတ္တပရမတ္ထဓမ္မကိုတည်ကိန်းပြု၍၊ ၁၄/၂ပုဒ် (၅)။

စုဒိတက၏ဝါဒသည် သဘာဝဓမ္မ အမှန်ကိုတည်ကိန်းပြု၍ ပရမတ်-ပညတ်ခွဲသော မြတ်ဗုဒ္ဓ၏ဝါဒတော်နှင့်မညီပေ၊ လိုရာဆွဲနိုင်အောင် တည်ကိန်းအမျိုးမျိုးပြုလုပ်ထားသည်။

ခ (၁) ဗုဒ္ဓအဘိဓမ္မာ၌ ပရမော ဥတ္တမာ အဝိပရိတောာ အတ္ထော ပရမတ္ထော ပင်ကိုသဘောမှ မပြောင်းလဲ မဖောက်ပြန်အမှန်တရားသည်။ ပရမတ်မည်သည် ထို့ကြောင့် ဗုဒ္ဓမရမတ်သာရှိသည်၊ ယာယီပရမတ်မရှိ။ "ခန္ဓာအတုံးသည် မုချအားဖြင့် ဆုပ်ကိုင်ထားရမည့် ပရမတ်မျိုး မဟုတ်သေးပါ၊ ယာယီနားလည်ရုံမျှသာ သတ်မှတ်ထားသောသြဠာရိက (အကြမ်းစား)မျှသာဖြစ်ပါသည်"ဟု သောဓနာ၊ ၁/၃ (ခ) ချေပချက်များအရ စုဒိတက၏ ပရမတ်သည် ပင်ကိုသဘာမှ ဖောက်ပြန်သည်၊ ယာယီပရမတ်-မုချပရမတ်ဟု နှစ်မျိုးရှိကြောင်းကို စုဒိတကကိုယ်တိုင်က ဖော်ပြောထားသည်၊ သင်တန်းအစမှာပင် စုဒိတကသည် မြတ်ဗုဒ္ဓ၏ ပရမတ်လမ်းကြောင်းမှန်မှဖောက်ပြန်ခွဲထွက် အလွဲဘက်သို့ ဦးတည်နေလေပြီ။

(၂) စုဒိတက၏ ပရမတ်ခွဲပုံပြ ဟောချက် စောဒနာ၊ ၁/၄ (ဂ)၌- ဗုဒ္ဓအဘိဓမ္မာနှင့်မတူအောင် (က) အစဉ်အမြဲရှိ (ခ) ထင်ရှားရှိလျှင် ပရမတ်ဟု စည်းမျဉ်းသတ်မှတ်ထားသော်လည်း လင်မယားသားသမီးစသော အခြားသူတို့၏ ကိုယ်ခန္ဓာများနှင့် မြေဖြူခဲစသည်တို့သည် အမြဲရှိ၊ ထင်ရှားရှိကြပါလျက် ပရမတ်မဟုတ်၊ ပညတ်တွေဟု မျက်လှည့်ပြထားပြန်သည်။

http://www.dhammadownload.com

(၃) လင်မယားသားသမီးစသော အမည်တို့သည်ပညတ်များဖြစ်ကြ၍ ထိုအမည်တို့၏ တည်ရာ ခန္ဓာငါးပါး၊ (ဝါ) ရူပ်နာမ်နှစ်ပါးသည် ပရမတ်ဖြစ်သည်။ မြေဖြူခဲဟူသောအမည်သည် ပညတ်ဖြစ်၍ ထိုအမည်၏တည်ရာ (ဝါ) အမည်၏ အကြောင်းရင်းခံဖြစ်သော ´အဌကလာပ်ရူပ်တရားသည် ပရမတ်ဖြစ်သည်ဟူ၍ ဗုဒ္ဓအဘိဓမ္မာအရ ခွဲပြရမည်ဖြစ်သည်။ ဤသည် စောဒကများတင်ပြထားသော ဝိဘင်းအနုဋ္ဌိကာပါဠိတွင် ဉာဏသမ္ဘဒ္ဓဘုရားတော်-ပါဠိအရ ပရမတ်ကို ဉာဏ်ဖြင့် ခွဲခြားသိရသည်။ ဟတ္ထပစ္စက္ခလက်ဆုပ်လက်ကိုင်ခွဲရသော တရားမျိုးမဟုတ်ဟူသော စကားနှင့်ညီသည်၊ စုဒိတကသည် ယင်းသို့ဉာဏ်ဖြင့် ခွဲခြားသိသည်ကို စိတ်ကူးယဉ်မှုဟုကဲ့ရဲ့ပယ်ထုတ်၍ လက်ဆုပ်လက်ကိုင်ဖြစ်မှ ပရမတ်ဟု ကျမ်းဂန်လွတ်စကားကိုဆိုထားသည်။ [စောဒနာ၊ ၁/၄ (ခ) စုဒိတကဟောချက်ကိုကြည့်]။

(၄) စောဒကတို့က [စောဒနာ၊ ၁/၉ (င) မှတ်] စုဒိတကဟောချက်များကို ထောက်ပြကြ၍ "စုဒိတကသည် ဥဒ-ဘုံနှင့်တကွ ကုသိုလ်အကုသိုလ်ပရမတ်တွေကို ပညတ်ဟူ၍သုံးပြီး မရှိထဲသို့သွင်းလိုက်သည်၊ အရိပ်ထဲသို့သွင်းလိုက်သည်" ဟူသော သာသနာတော်နှင့်လူလောက ယဉ်ကျေးမှုအတွက် အလွန်အရေးကြီးသည့်အချက်ကို စုဒိတကသည် မငြင်းဆိုခဲ့၊ မရှင်းပြခဲ့ချေ။

(ခ) စုဒိတက စာသင်သားဖြစ်နေစဉ်က သင်ယူခဲ့သော ပရမတ် ၄-ပါး မှန်ပြပါဠိ

တတ္ထ ဝုတ္တာ ဘိဓမ္မတ္ထာ၊ စတုဓာ ပရမတ္ထတော။
စိတ္တံ စေတသိကံ ရူပံ၊ နိဗ္ဗာနမိတိ သဗ္ဗထာ-

ဟူသော အဘိဓမ္မတ္ထသင်္ဂဟကျမ်းအစနားရှိ နံပတ်-၂-ဂါထာကို စုဒိတကသည် ယခုအချိန်မှာလည်း ရွတ်ဆိုပြနိုင်ပေမည်။ ထိုသဏ္ဌာန်ပါဠိအစနားရှိဂါထာကိုမျှ ရွတ်ဆိုမရတော့လျှင် စုဒိတကသည် ဝိပဿနာမှန်သင်တန်းကို အိပ်မက်ထဲမှာ ပြရန်ပင် ထိုက်တန်သူမဟုတ်ချေ။ ဝိပဿနာ-လုပ်ငန်း၏အရင်းခံအခြေခံပရမတ်, ပညတ် (ဝါ) ရှိတရား-မရှိတရားတို့ကိုမျှ မှန်အောင်မသိလျှင် နောက်ဆက်တွဲ အလွဲတွေသာလာတော့မည်မှာ သေချာနေပြီဖြစ်သောကြောင့်တည်း။

(ဂ) "တတ္ထ ဝုတ္တာဘိဓမ္မတ္ထာ" အစရှိသော ပါဠိဂါထာကို မြန်မာဘာသာပြန်ရာ၌ လိုရာဆွဲကာ အလွဲအမှားမလုပ်မိအောင် သတိမြဲစွာဆောင်ပါလေ။ စောဒနာ လွှာ-၁/၈၊ ပညတ်ယူပုံပြ စုဒိတကဟောချက် (ဃ) မှတ်ပြတွင် ခန့်မှန်း"ထိုထိုသို့

http://www.dhammadownload.com

သော အမှန်တကယ်ရှိနေသော ပရမတ်ကို"ဟူ၍ လိုရာဆွဲကာအလွဲအမှားအနက်ပေးထားသောကြောင့် ယင်းသို့သတိပေးရသည်။

(စ) (၁) ဤစောဒနာအမှတ် (၁)၌ စောဒကများတင်ပြထားသော မိမိ(စုဒိက)၏သင်တန်းပေး ဟောချက်များနှင့်ပတ်သက်၍ လုံးပေါင်းဖြေရှင်းချေပသည့်သဘောဖြင့် သံယုတ္တနိကာယ၊ သဠာယတနဝဂ္ဂ၊ ပဏ္ဍိတ်သုတ်ကို သာဓကထုတ်ပြလျက် "ပရိယာယ်ဓမ္မကို ငြင်းခုံမှုမပြုကြဘဲ ဦးတည်ချက်မှန်ကန်မှုကိုသာ လိုက်နာ၍ အချင်းချင်း ခွင့်လွှတ်ကြပါမှ သာသနာတော်၌ အကျိုးရှိနိုင်သည်"ဟု တင်ပြချေပထားသည်။ [သောဓနာ၊ ၁/၃ (ခ) ကိုကြည့်]။

(စ) (၂) စုဒိတကတင်ပြသော ထိုသာဓကဝတ္ထုတွင် အရင်းခံတရားကိုယ်သည် ဝေဒနာပရမတ်သာလျှင်ဖြစ်သည်၊ အကြောင်းမှန်ပရိယာယ်အရ အရေအတွက်သချိုးမျှသာကွဲသည်၊ ပရမတ်သဘောမှ ပညတ်သဘောသို့ မပြောင်းလဲချေ။ ဤသို့လျှင် မြတ်ဗုဒ္ဓဟောညွှန်တော်မူထားသာ ပရမတ်သည် ဘက်စုံကြည့်လျှင်လည်း ပရမတ်သာဖြစ်သည်။ ပညတ်မဖြစ်သောကြောင့် ပင်ကိုသဘောမှ မပြောင်းလဲ မဖောက်ပြန်ပေ။ စုဒိတကဏ်၏ ပရမတ်-ပညတ်ခွဲပုံ၌ မိမိ၏လက်ရှိ ခန္ဓာကိုယ်ကောင်အတုံးကြီးသည် မိမိဘက်ကကြည့်သောအခါ ပရမတ်ဖြစ်၍ အခြားသူဘက်ကြည့်သောအခါ ပညတ်ဖြစ်ပြန်သည်၊ ယင်းသို့ လက်ရှိခန္ဓာကိုယ်ကောင်အတုံးကြီးသည် ပရမတ်, ပညတ်နှစ်မျိုးဖြစ်သောကြောင့် တရားကိုယ်မမှန်၊ ပင်ကိုသဘောမှ ဖောက်ပြန်နေသည်။ ထိုကြောင့် စုဒိတကဏ်၏ ပရိယာယ်သည် မြတ်ဗုဒ္ဓခွင့်ပြုတော်မူသော အကြောင်းမှန်ပရိယာယ်နှင့် ကွဲပြားမတူ ပရိယာယ်တမူဖြစ်နေသည်။

(စ) (၃) ထင်ရှားအောင်ထပ်ဆိုသော်--ဗုဒ္ဓအဘိဓမ္မာ၌ ပရမတ်သည် ရူပ်နာမ်ဟူ၍ နှစ်မျိုးရှိသည်၊ စိတ်-စေတသိက်-ရူပ်-နိဗ္ဗာန်ဟူ၍ လေးမျိုးရှိသည်၊ စိတ်-၈၉၊ စေတသိက်-၅၂၊ ရူပ်-၂၈။ နိဗ္ဗာန်ဟူ၍ တစ်ရာ့ခုနစ်ဆယ် ရှိသည်ဟုပြောလျှင် ပရမတ်တရားကိုယ်အားဖြင့်မကွဲ၊ အကြောင်းမှန် ပရိယာယ်အားဖြင့် အရေအတွက်သချိုးမျှသာကွဲသောကြောင့် ပရိယာယ်ဓမ္မဖြစ်သည်၊ ပရိယာယ်ပြောဖြစ်သည်ဟုဆို ခွင့်ရှိ၏။ စုဒိတကဏ်၏ပရမတ်သည် (၀၊) မိမိခန္ဓာကိုယ်ကောင်အတုံးကြီးသည် မိမိဘက်ကကြည့်လျှင် ပရမတ်သဘောရှိနေဖြစ်နေ၍ အခြားသူဘက်ကကြည့်လျှင် ပညတ်သဘောရှိနေဖြစ်နေသဖြင့် မြတ်ဗုဒ္ဓခွင့်ပြုတော်မူထားသော အကြောင်းမှန် ပရိယာယ်ဓမ္မနှင့် မတူချေ၊ ပြောင်းပြန်

http://www.dhammadownload.com

ဖြစ်နေသည်၊ မြတ်ဗုဒ္ဓ၏ ဆန့်ကျင်ဘက် အတ္တဝါဒီ အညတိတ္ထိယတို့၏ "ပရမတ်အတ္တ"ကို တစ်ဘက် လှည့်ကာ "အတ္တ-ပရမတ်"ဟု သတ်မှတ်၍ အတ္တ-ပရမတ်-ဗုဒ္ဓဝါဒဟု ပရိယာယ် ဆင်ထားသည်။ ထို့ပြင် ပရမတ်စစ်ဖြစ်ကုန်သော ကုသိုလ် အကုသိုလ်နှင့်တကွ ၃၁-ဘုံတွေကို ပရမတ်မဟုတ်၊ မရှိ ပညတ်ဟု အလွဲစွဲယူထားသည်။ ယင်းသို့ဖြစ်၍ စုဒိတကတ်၏ ပရိယာယ်သည် ခွင့်လွှတ်မှုကိုရလျှင် သာသနာတော်၌ ကောင်းကျိုး ရှိမည်မဟုတ်၊ မကောင်းကျိုးသာ ရှိတော့ မည်ဧကန်ဖြစ်သည်။ ထို့ကြောင့် သောဓနာ(ချေပ)လွှာ ၁/(ခ)တွင်ပါဝင်သော "ဦးတည်ချက်မှန်ကန်မှုကို လိုက်နာ ၍အချင်းချင်း ခွင့်လွှတ်ကြပါမှ သာသနာ၌ အကျိုးရှိနိုင်သည်" ဟူသော တောင်းဆိုချက်များကို စုဒိတကသည် ရထိုက်သူ မဟုတ်ပေ။

(ဆ) တိတ်ခွေအမှတ် (၅) အောက်ဟု သက်သေပြထားခြင်းကိုပင် အထူးသံသယဝင်စရာ ဖြစ်လာပါတော့သည်ဘုရားဟု သောဓနာ (ချေပ) လွှာ ၁/၄ တွင် ပါရှိသည်။

၁၃၄၄-ခုနှစ်၊ တပေါင်းလဆန်း (၇)ရက် (၂၀-၃-၈၃)နေ့ ညနေ ၅း၃၀ နာရီ (စောဒနာလွှာနှင့် သက်သေခံပစ္စည်းများကို ဝိနိစ္ဆယရုံးတော်သို့ စောဒကများက တင်ပြီးချိန်)တွင် သက်သေခံပစ္စည်းများ မှန် မမှန်ကို စုဒိတကကိုယ်တိုင် စစ်ဆေးပါဟု ရုံးတော်က အခွင့်ပေးသဖြင့် စုဒိတကကိုယ်တိုင် စစ်ဆေးပြီး သက်သေခံပစ္စည်းများ မှန်ကန်ပါကြောင်း စုဒိတကလျှောက်ထားသောကြောင့် ထိုသက်သေခံပစ္စည်းများကို ရုံးတော်က လက်ခံအတည်ပြုထားပြီးဖြစ်သည်။ ထိုကြောင့် သံသယဖြစ်ပုံခြင်းရာကို မဖော်ပြဘဲ "သံသယဝင်စရာ ဖြစ်လာပါတော့သည်" ဟူသော စုဒိတက၏စကားကို ရုံးတော်က စဉ်းစားဖြေရှင်းဖို့ မထိုက်ချေ။

(၈) ပရမတ်-ပညတ်ခွဲရာ၌

မြတ်ဗုဒ္ဓဟောညွှန်တော်မူချက်နှင့် စုဒိတကဟောချက်တို့ ကွဲလွဲနေသည့် အချက်တို့ကို အကျဉ်းချုပ်ထုတ်ပြမည်။ [အကျယ်ကိုစောဒနာအမှတ် (၂၀)မှာ ကြည့်။]

၁။ မြတ်ဗုဒ္ဓဝါဒ ။ ။ ပင်ကိုသဘာဝမှန်ကို တည်ကိန်းပြုသည်။

ဓမ္မနီတိဝါဒ ။ ။ မိမိ၏ ခန္ဓကိုယ်ကောင်အတုံးကြီးကို တည်ကိန်းပြုသည်။

http://www.dhammadownload.com

၂။ မြတ်ဗုဒ္ဓဝါဒ ။ ။ ပင်ကိုသဘောမှ မပြောင်းလဲခြင်းသည် ပရမတ်၏ လက္ခဏာဖြစ်၏။

ဓမ္မနီတိဝါဒ ။ ။ (၁) အစဉ်အမြဲရှိခြင်း၊ (၂) ထင်ရှားရှိခြင်းသည် ပရမတ်၏လက္ခဏာဖြစ်သည်။

၃။ မြတ်ဗုဒ္ဓဝါဒ ။ ။ ပရမတ်သည် ပင်ကိုသဘောမှ မပြောင်းလဲ။

ဓမ္မနီတိဝါဒ ။ ။ ပရမတ်သည် ဝိကတိဖြစ်သောအခါ ပင်ကိုသဘောမှ ပြောင်းလဲသည်။

၄။ မြတ်ဗုဒ္ဓဝါဒ ။ ။ ပရမတ်သည် မုချပရမတ်သာရှိသည်၊ ယာယီပရမတ် မရှိ။

ဓမ္မနီတိဝါဒ ။ ။ မုချပရမတ်၊ ယာယီပရမတ်ဟု နှစ်မျိုးရှိသည်။

၅။ မြတ်ဗုဒ္ဓဝါဒ ။ ။ ခန္ဓာအားလုံးနှင့် နိဗ္ဗာန်သည် ပရမတ်ဖြစ်သည်။

ဓမ္မနီတိဝါဒ ။ ။ မိမိ၏တစ်လံမျှ ခန္ဓာကိုယ် (အတ္တ)သည်သာ ပရမတ် ဖြစ်သည်၊ ကျန်ခန္ဓာများနှင့် နိဗ္ဗာန်သည် မရှိပညတ် ဖြစ်ကြသည်။

မှတ်ချက်။ မိမိခန္ဓာကိုယ်သာ ပရမတ်ဟုဆိုသောကြောင့် ကျန်ခန္ဓာနှင့် နိဗ္ဗာန်သည် ပရမတ်မဟုတ်ဟု ပြောရာရောက်သည်။

၆။ မြတ်ဗုဒ္ဓဝါဒ ။ ။ ကုသိုလ်၊ အကုသိုလ်၊ ၃၁-ဘုံတို့သည် ပရမတ်ဖြစ်ကြ သည်။

ဓမ္မနီတိဝါဒ ။ ။ ကုသိုလ်၊ အကုသိုလ်၊ ၃၁-ဘုံတို့သည်မရှိ ပညတ်ဖြစ် ကြသည်။ (အဘိ၊ ၁၊ ဓမ္မသင်္ဂဏီ ပါဠိတော်)။

(က) ကုသလာဓမ္မာ၊ (ခ) အကုသလာဓမ္မာ၊ (ဂ) အဗျာကတာဓမ္မာ၊ (အဘိ၊ ၁၊ ဓမ္မသင်္ဂဏီပါဠိတော်)။

အနက်

(က) ကုသလာ၊ အပြစ်မရှိခြင်း, ကောင်းကျိုးကိုပေးခြင်းလက္ခဏာ ရှိကုန် သော။ ဓမ္မာ၊ သတ္တလည်း မဟုတ်-ဇီဝလည်း မဟုတ်ကုန်သော။ (ဝါ) အနတ္တဖြစ်ကုန်သော သဘောတရား (ဝါ) ပရမတ်တရားတို့သည်။ သံဝိဇ္ဇန္တိ၊ (ထည့်) ထင်ရှားရှိကုန်၏။

http://www.dhammadownload.com

(ခ) အကုသလာ၊ အပြစ်နှင့်တကွဖြစ်ခြင်း, မကောင်းကျိုးကိုပေးခြင်း လက္ခဏာရှိကုန်သော။ ဓမ္မာ၊ သတ္တလည်း မဟုတ်, ဇီဝလည်းမဟုတ်ကုန်သော (၀၊) အနတ္တဖြစ်ကုန်သော သဘောတရား (၀၊) ပရမတ်တရားတို့သည်။ သံဝိဇ္ဇန္တိ (ထည့်) ထင်ရှားကုန်၏။

(ဂ) အဗျာကတာ၊ ကုသိုလ်အကုသိုလ်ဟူ၍ မဟောအပ်ကုန်သော။ (၀၊) ကုသိုလ် အကုသိုလ်မဟုတ်ကုန်သော။ ဓမ္မာ၊ သတ္တလည်း မဟုတ်, ဇီဝလည်းမဟုတ်ကုန်သော (၀၊) အနတ္တဖြစ်ကုန်သော သဘောတရားတို့သည် (၀၊) ပရမတ်တရားတို့သည်။ သံဝိဇ္ဇန္တိ (ထည့်) ထင်ရှားရှိကြကုန်၏။

အဓိပ္ပာယ်ကား

(က) ကုသိုလ် (ခေါ်) ဒါန သီလ ဘာဝနာစသည် မျှားစွာသော လောကီကုသိုလ်စိတ် (၁၇)၊ လောကုတ္တရာ(ခေါ်) အရိယမဂ်ကုသိုလ် ၄-ပါး၊ စေတသိက် ၃၈-ပါးဟူသော အနတ္တပရမတ်တရားများ ထင်ရှားရှိကြသည်။

(ခ) အကုသိုလ် (ခေါ်) သူ့အသက်သတ်မှုစသည်များစွာ အနတ္တပရမတ်တရားများ ထင်ရှားရှိကြသည်။

(ဂ) အဗျာကတ (ခေါ်) လောကီဝိပါက်စိတ်-၃၂၊ ကြိယာစိတ်-၂၀၊ ဖိုလ်စိတ်-၄-ပါး၊ စေတသိက်-၃၈၊ ရူပ်-၂၈-ပါး၊ နိဗ္ဗာန်ဟူသော အနတ္တပရမတ်တရားများ ထင်ရှားရှိကြသည်ဟူ၍ မြတ်ဗုဒ္ဓ ဟောညွှန်တော်မူထားသည်၊ နိုင်ငံတော်အစိုးရ ပါဠိပထမပြန်စာမေးပွဲ အောက်ဆုံးအဆင့် ပထမငယ်တန်း ဝင်ကြမည့်ရဟန်းငယ်၊ ကိုရင်ငယ်၊ သီလရှင်ငယ်များပင် သိရှိကြသည်။

(ဃ) စုဒိတကသည် ၃၁-ဘုံ၊ ကုသိုလ် အကုသိုလ်တို့သည် ပရမတ်အားဖြင့် မရှိကြ၊ အရိပ်ပညတ်တွေသာ ဖြစ်ကြသည်ဟု (တိတ်ခွေ-၅၊ အေ၊ စောဒနာလွှာ၊ ၁/၉ (ဂ)၊ စုဒိတကဟောချက်၌) ဆိုထားသည်။ ဤမျှဖြင့်တည်း စုဒိတက၏ ဦးတည်ချက် အမှန်သည် မြတ်ဗုဒ္ဓ၀ါဒမှန်ကို တကယ်သိထားပါလျက် ဆန့်ကျင် ဘက်ပြုရန် ဖျက်ဆီးရန်သာဖြစ်သည်မှာ အလွန်ထင်ရှားပေါ်လွင်နေပြီဖြစ်သည်။

http://www.dhammadownload.com

(၁) ကုသိုလ်-မရှိဟု ဖယ်လိုက်သောစကားဖြင့် ဒါန၊ သီလ၊ ဘာဝနာ ဝိပဿနာကုသိုလ်များ။ လောကုတ္တရာ အရိယမဂ်ကုသိုလ်များလည်း မရှိဟု တိုက်ရိုက်ပင် ဆိုထားသည်၊ ဒါန၊ သီလ၊ ဘာဝနာ ဝိပဿနာ လောကီကုသိုလ်တို့ကြောင့် ရအပ်ကုန်သော လူနတ်ပြဟ္မာ စည်းစိမ်အာရုံများနှင့် ထိုစည်းစိမ်အာရုံတို့၏ ဖြစ်ရာဌာန (၂၇)ဘုံမရှိ ဟူ၍လည်းကောင်း၊ လောကုတ္တရာမဂ် ကုသိုလ်တရားကြောင့် ရအပ်ကုန်သော ဖိုလ်-၄-ပါးနှင့် နိဗ္ဗာန်မရှိဟုလည်းကောင်း၊ ပရိယာယ်အားဖြင့် သွယ်ဝိုက်ဆက်နွယ် ဆိုထားသည်။

(၂) အကုသိုလ်မရှိဟု ဖယ်ရှားလိုက်သောစကားဖြင့် သူ့အသက်သတ်မှု၊ သူ့ဥစ္စာကိုခိုးမှု၊ သူများမယားကိုကြောခိုမှု၊ လိမ်ပြောမှု၊ အရက်သောက်မှု၊ မြတ်ဘုရားကို ကလော်ဆဲမှု၊ တရားတော်ကို ပုတ်ခတ်ဖျက်ဆီးမှု၊ ရဟန်းတော်များနှင့် မိဘများကို ဆဲရေးရိုက်နှက်မှု အစရှိကုန်သော ဒုစရိုက်မှုတို့သည် တကယ်မရှိကြ၊ ပြောကြဆိုကြရုံသာ၊ ကြောက်စရာမလို၊ ရှောင်စရာမလိုဟု တိုက်ရိုက်ပြောထားသည်။

အကုသိုလ်တို့ကြောင့် ရအပ်ကုန်သော အပါယ်လေးပါး ဒုဂ္ဂတိဘုံဘဝများ မရှိဟူ၍ ပရိယာယ်အားဖြင့် သွယ်ဝိုက်ဆက်နွယ်ပြောထားသည်။ ကုသိုလ်, အကုသိုလ် တကယ်မရှိဟူသော စုဒိတကစကားကို အဆီညစ်လျှင် လောကီ လောကုတ္တရာနှစ်ဖြာလုံးမှာ ကောင်းတာလည်းမရှိ၊ မကောင်းတာလည်းမရှိ၊ ဘာမျှ မရှိ၊ အားလုံးဗလာနတ္ထိဟု စုဒိတကဝိပဿနာသင်တန်းပေးနေသည်ဟု ပေါ်လွင်သည်၊ ထို့ကြောင့် ဤဝါဒသည် မြတ်ဗုဒ္ဓ၏ ဟောညွှန်တော်မူရိုး အစဉ်အလာ ဖြစ်သော အသာဒ-နှစ်သက်သာယာဖွယ်အကောင်း။ အာဒီနဝ အမှန်ဆိုးညစ်သည့်အပြစ် မကောင်းသည့် အချက်။ နိဿရဏ-လွတ်မြောက်မှုနိဗ္ဗာန်ဟူသော ဝါဒမှန်တော်မဟုတ်။ မြတ်ဗုဒ္ဓ သက်တော်ထင်ရှားရှိတော်မူချိန်၌ အများထက်ထူးအောင် လူဆံပင်တွေကို ဝတ်ဆင်ထားကာ မြတ်ဗုဒ္ဓဝါဒမှန်ကောင်းကို ဆန့်ကျင်တိုက်ဖျက်နေသူ အရည်ကြီးအဇိတ၏၊ ကုသိုလ် အကုသိုလ်မရှိ၊ ဤဘဝနှင့် နောက်ဘဝဆိုတဲ့ (၃၁)ဘုံမရှိ၊ ငရဲ နတ် ပြဟ္မာမရှိ၊ သူတော်ကောင်းမရှိ စသည် ယူစွဲပြောဆိုခဲ့သော နတ္ထိက (ဘာမျှမရှိ) ဟူသောဝါဒလွဲ အမှားစစ်စစ်သာ ဖြစ်နေသည်၊ စုဒိတကသည် ဘာမျှမရှိဟူသော ထိုနတ္ထိကဝါဒ ဟောင်းဆွေးပုပ်ပျက်ကို ပြန်လည်အသက်သွင်း ဆန်းသစ်အောင် သင်တန်းပေးနေသည်။ ဘယ်ကျမ်းစာ ဘယ်စကားနှင့်မျှ ငြင်းဆိုဖာထေး ဆေးကြော၍မရပြီ။

http://www.dhammadownload.com

 နိုင်ငံတော် သီးခြားဝိနည်းဓိရ် အဖွဲ့အမှတ်(၆)

ဘုံ-၃၁

(c) သခ်ါရလောကဟူသည် အနတ္တစစ် ပရမတ်ဖြစ်ကုန်သော ရူပ်ခန္ဓာ၊ နာမ်ခန္ဓာတို့ကို ဆိုသည်။ ဩကာသလောက (၃၁) ဘုံဟူသည် သခ်ါရလောကတွင် ပါဝင်သော ရူပ်ဇီဝိတနှင့်တကွ အဋ္ဌကလာပ်ရူပ် ခန္ဓာပရမတ် အနတ္တတို့ကို ဆိုသည်၊ သတ္တလောကဟူသည် သခ်ါရလောကတွင်ပါဝင်သော ရူပ်ဇီဝိတနှင့် တကွသော ရူပ်ခန္ဓာ, နာမ်ဇီဝိတနှင့် တကွသော နာမ်ခန္ဓာဟူသော အနတ္တပရမတ်တို့ကို ဆိုသည်ဟု စုဒိတက မသိသောကြောင့် လည်းကောင်း၊ လောကီစည်းစိမ်အာရုံဟူသည် ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံဟူသော ကာမဂုဏ်ငါးပါး အနတ္တပရမတ်တရားတို့ကို ဆိုသည်ဟု စုဒိတကမသိသောကြောင့် လည်းကောင်း၊ ၃၁-ဘုံ စည်းစိမ်အာရုံတွေဟာ ပရမတ်မဟုတ်၊ အရိပ်တွေ၊ ပညတ်တွေဟု ဆိုမှားလေသလား၊ သီပါလျက်နှင့် နတ္ထိကဝါအရ ဘာမျှ မရှိဟုဆိုလေသလား၊ စဉ်းစားဖွယ်ဖြစ်သည်။

(စ) ကုသိုလ် အကုသိုလ်တို့သည် မရှိတရား-အရိပ်ပညတ်များဟု ဆိုထားသဖြင့် ဗုဒ္ဓဘာသာ၏ အခြေခံအရင်းအမြစ်ဖြစ်သော ကံနှင့်ကံ၏အကျိုးကို ယုံကြည်မှုအမှန်တရား၊ (ကမ္မဿကတသမ္မာဒိဋ္ဌိ) မရှိသောကြောင့် ဗုဒ္ဓဘာသာဝင်သူ မဟုတ်တော့ချေ၊ ဗုဒ္ဓဘာသာ၏ ဆန့်ကျင်ဘက် အရည်းကြီး အဇိတ၏ နတ္ထိက ဝါဒကို စွဲယူသူသာဖြစ်သည်။ သင်တန်းသားတို့ကိုလည်း အရည်းကြီးဝါဒကို ဗုဒ္ဓဝါဒဟု အလွဲစွဲယူအောင် ဆွဲဆောင်သည်။ ထို့ကြောင့် ကုသိုလ် အကုသိုလ် မရှိဟု စွဲယူချက်အမှားကို ပဓာနလက်နက်အဖြစ် ကိုင်စွဲ၍ မြတ်ဗုဒ္ဓသာသနာ တော်ကို အရင်းအမြစ်မှစတင်ကာ နိဗ္ဗာန်ထိအောင် ထုန့်ခ်ျိုးဖဲ့ တူးဖြိုဖျက်ဆီး ပစ်သည်မှာ မြေကြီးလက်ခတ်မလွဲတော့ပေ။

(ဆ) ကုသိုလ်မရှိဟူသော အရည်ကြီးဝါဒစွဲကြောင့် ကုသိုလ်ဟူသမျှကို နှစ်နှစ်သက်သက်ပြုကြတော့မည်မဟုတ်၊ အခွင့်သာလျှင် ဘုရားရှိခိုးမှု ဆွမ်းလောင်းမှု အစရှိသော ကုသိုလ်ပြုသူတွေကိုပင် ကဲ့ရဲ့ပြောင်လျှောင်ကြတော့မည်။ ။ အကုသိုလ်မရှိဟူသော အရည်ကြီးဝါဒစွဲကြောင့် မကောင်းတာလုပ်ရမှာ ရှက်မှု (ဟိရီ) ကြောက်မှု (ဩတ္တပ္ပ) လုံးဝမရှိ၊ မကောင်းသည့်လုပ်ငန်းဟူသမျှကို အခွင့်မသာလျှင် တိတ်တိတ်ခိုးလုပ်ကြမည်၊ အခွင့်သာလျှင် ပြောင်ပြောင်ထင်ထင်ပင် လုပ်ကြတော့မည်။ လူ့လောက၏ ကောင်းကျိုးချမ်းသာ ထွန်းလင်း

http://www.dhammadownload.com

စည်ပင်ကြောင်း ကျင့်စဉ် (ဒေဝဓမ္မ) တရားဖြစ်သော ဟိရိ-ဩတ္တပ္ပ (ခေါ်) အရှက်အကြောက်တရားနှစ်ပါးတို့ကို မိမိတို့၏စိတ်မှ ဖယ်ရှားထားပြီးပြီ၊ အခွင့်သာလျှင် လူ့လောကတခွင်မှာ ထိုကျင့်စဉ်နှစ်ပါး ပျောက်ကွယ်အောင် ကြိုးစား၍ အရည်းကြီးဝါဒကို ထူထောင်ကြပေတော့မည်။ ထိုအရည်းကြီးဝါဒ ထူထောင်အောင်မြင်လျှင် လူ့လောကဌ် ကောင်းကျိုးချမ်းသာ ထွန်းလင်းစည်ပင်မှုသည် မြေမှုံ့လောက်မျှ ရှိတော့မည်မဟုတ်တော့ချေ။ ထို့ကြောင့် ဓမ္မနီတိ၏ ဟောပြောချက်များသည် ထေရဝါဒ ပိဋကတ်တော်နှင့်မညီဟု ဝိနည်းဓိုရ်ဆရာတော်များ သုံးသပ်တော်မူကြသည်။

စောဒနာအမှတ် (၂) သုံးသပ်ချက်

အခြင်းပွားချက်။ ။(၁) ဝိပဿနာ ဝိဂြိုဟ်ဌ-ပညတ္တိ ဌပေတွာ-ပုဒ်ထည့်ခြင်း။

(၂) ဝိပဿနာဖြစ်ပုံရှုပုံပြခြင်း

(၃) ဝိပဿနာပဒဋ္ဌာန်ပြခြင်းတို့ မှားယွင်းပါသည်ဟု သာဓကပါဠိများနှင့် တကွ စောဒနာ (စွဲလွှာ)တင်ပြသည်။ စုဒိတကပုဂ္ဂိုလ်က သောဓနာ (ချေလွှာ) တင်သည်။

ခြင်းခုံချက်။ ၁ ။

စွဲဆိုချက်။ ။ ဝိပဿနာဝိဂြိုဟ်ဌ ပညတ္တိ ဌပေတွာ-ပုဒ်ကို ထေရဝါဒ ပါဠိတော် အဋ္ဌကထာဋီကာတို့ဌ မတွေ့ရပါ။ ထိုပုဒ်ပိုကို ထည့်ခြင်းကြောင့် လူနတ်ဗြဟ္မာကုသိုလ် အကုသိုလ် ဒါန သီလဘာဝနာ ဘုရား တရား သံဃာစသော လောကအသုံးအနှုန်းများကို ပယ်ခြင်း, ရူပ်နာမ်တရားများကို ပယ်ခြင်းစသော မကောင်းကျိုးများ ဖြစ်လာပါသဖြင့် အပြစ်ရှိသည်။

ချေပချက်။ ။ ပညတ္တိ ဌပေတွာ-ပုဒ်ထည့်ထားခြင်းကို ဒီပဲယင်းဆရာတော်ကြီး၏ ပရမတ္ထစက္ခုကျမ်းဌ ငယ်စဉ်ကတွေ့ရှိမှတ်သားဖူးသည်၊ တနည်း၊ ဝိသုဒ္ဓိမဂ်မဟာဋီကာဌ်ပါသည်၊ စာအုပ်မရှိ၍ စာမျက်နှာကို မဖော်ပြနိုင်ပါ။ ၃၁-ဘုံ၊ လူနတ်ဗြဟ္မာ ဒါန သီလ ဘာဝနာ တို့ကို ပယ်သော

http://www.dhammadownload.com

ပုဂ္ဂိုလ်ဖြစ်အောင် ယုတ်မာသော စိတ်ထားဖြင့် စွပ်စွဲပါသည်။

စီစစ်ချက်။ ၁ ။

(က) ပညတ္တိ ဌပေတွာ-ပုဒ်ပိုထည့်စွက်မှုကြောင့် အပြစ်ရှိသည်ဟု နှစ်ဘက်စလုံးက ယုံကြည်ကြောင်း ထင်ရှားသည်၊ ထို့ကြောင့်ပင် အပြင်းအထန်ငြင်းခုန်နေကြသည်။

(ခ) မိမိတို့စွမ်းနိုင်သော မြန်မာဘာသာစသည်ဖြင့် တရားကိုယ် သရုပ် အဓိပ္ပါယ်မှန်အောင်ပြောခြင်း၊ ရေးခြင်းကြောင့် အပြစ်မရှိသကဲ့သို့ တရားကိုယ်မှန် သရုပ်မှန် အဓိပ္ပါယ်မှန်အောင် ပါဠိရေးခြင်း၊ ပြောခြင်းကြောင့် အပြစ်မရှိပေ။ ပိဋကကျမ်းဂန်ပါဠိမှန်ကို တရားကိုယ်လွဲ သရုပ်လွဲ အဓိပ္ပါယ်လွဲအောင် ဘာသာပြန်ခြင်း ဟောပြောခြင်း၊ ရေးသားခြင်းကြောင့် အပြစ်ကြီးသည် အပြစ်များသည်၊ မြတ်ဗုဒ္ဓကို ပုန်ကန်သူ၊ သာသနာဖျက်သူစသော မကောင်းကျိုးများကို တိုးပွားအောင် လုပ်ရာရောက်သည်၊ စေတနာကောင်းထားသောကြောင့် လွဲမှားမှုအတွက် အပြစ်မရှိပါဟု ချေပရှောင်လွှဲ၍ အပြစ်မလွတ်နိုင်၊ စေတနာကောင်းတကယ်အမှန်ရှိသူသည် ကိုယ်မသိတာ ကိုယ်မတတ်တာ ကိုယ်မကျွမ်းကျင်တာကို ခန့်မှန်းခြေဖြင့် ဘယ်တော့မှ မပြောပေ။ စေတနာကောင်း မှန်ရှိထားဖို့ လိုအပ်သည်၊ စေတနာကောင်းရုံမှဖြင့် တန်ဖိုးမပြည့် ကျပ်မပြည့်။

(ဂ) ထို့ကြောင့် ကျမ်းဂန်လာပါဠိမဟုတ်၊ မိမိရေးသော ပါဠိဖြစ်သည် (ဝါ) လုပ်ပါဠိဖြစ်သည်ဟု အများသိစေရန်-

(၁) ထိုပါဠိဝါကျအဆုံး၌ (ရစနာ)ဟု ပူးတွဲပြခြင်း (သို့မဟုတ်)

(၂) ထိုပါဠိဝါကျအဆုံး၌ ကျမ်းစာအမည်စသည်ကို မဖော်ပြခြင်းဟူ၍ ပိဋကပညာရှင် ရှေးရှေးမြန်မာရဟန်းတော်များနှင့် လူများ၏ အပြစ်ကင်းစင်သော အလွန်ကောင်းမွန်သော ဓလေ့ထုံးစံဟောင်းရှိခဲ့သည်။ ရှေ့ဟောင်းပါဠိဘာသာ အဋ္ဌကထာဋီကာကျမ်းများ၌ တေန ဝုတ္တံ-စသည်ဖြင့် ဖော်ပြထားသော အပြစ်ကင်းစင်သော အလွန်ကောင်းမွန်သော ဓလေ့ထုံးစံကို အတုယူထားခြင်းဖြစ်သည်။

http://www.dhammadownload.com

(ဃ) ယခုခေတ် ရဟန်းညစ်ညစ်၊ လူညစ်ညစ်တို့သည် အပြစ်ကင်းစင်၍ အလွန်ကောင်းမွန်သော ထိုဓလေ့ထုံးစံသို့ မလိုက်ကြတော့ပေ။ မြတ်ဗုဒ္ဓသာသနာတော်၏ ဆန့်ကျင်ဘက်ဝါဒစွဲကို ထူထောင်သူ ရေးသားသူ ဟောပြောသူ ရဟန်းညစ်ဆိုး လူညစ်ဆိုးတို့သည် ရှေးဟောင်းပညာရှင်တို့၏ ထိုဓလေ့ထုံးစံကောင်းတို့ကို သီလဗွတ ဥပါဒါန်စွဲဟု ဆဲရေးပယ်ဖျက်လိုက်ကြသည်၊ ပိဋကကျမ်းဂန် မတတ်မသိသူတွေကို လိမ်ညာလိုသဖြင့်လည်း ပါဠိရွတ်ကာ၊ ပါဠိ ပြကာ ဟိတ်ထုတ်ပြီး လိမ်ညာကြတော့သည်။ ပိဋကတ်ကျမ်းဂန် လာ ပါဠိယောင်ယောင်လုပ်ကြသည်၊ ပိဋကကျမ်းဂန်လာ ပါဠိမှန်ကို ပြသော်လည်း အနက်ပေးရာ၌ ဘာသာပြန်ရာ၌ အဓိပ္ပါယ်ဖော်ပြရာ၌ လိုရာဆွဲကာ အလွဲအချော် မတော်မလျော် က,ဖျက်၊ ယ,ဖျက် ရေးကြ သည်၊ ပြောကြသည်၊ ကိုယ့်အမှားအလွဲကို သေးသေးမွှားမွှားပင် ဖြစ်စေ ဝန်မခံရဲကြကုန်၊ မလွဲသာ မရှောင်သာ၍ ဝန်ခံချက်ပေးရလျှင် တနေရာမှသာ ဝန်ခံ၍ အခြားနေရာများစွာတွင် ထိုဝန်ခံပြီး အမှား အလွဲကိုပင် အရှက်ကင်းစွာ ယူစွဲလျက် ရေးကြပြောကြပြန်သည်။

(င) ထို့ကြောင့် ရဟန်းညစ်ညစ် လူညစ်ညစ်မဖြစ်လိုသူတို့သည် (၁) ဗုဒ္ဓ သာသနာတော်ဆိုင်ရာ ထေရဝါဒကျမ်းစာများရှိပါဠိကို တဆင့်ဖော်ပြ လိုလျှင် ဆိုလိုရင်း ဝိကျပြည့်စုံအောင် ဖါ်ပြ၍ကျမ်းစာအမည်ကိုလည်း ဖော်ပြရမည်။ (၂) တရားကိုမှန် အဓိပ္ပါယ်မှန် သရုပ်မှန်အောင် အထူး ဂရုပြု၍ အနက်ပေးရမည် (သို့မဟုတ်) ဘာသာပြန်ရမည်။ (၃) တရား ကိုယ်အဓိပ္ပါယ်သရုပ်လွဲမှားအောင် လိုရင်းပါဠိ/ပုဒ်/ ဝါကျတို့ကို ချန် ထားခြင်းမပြုရ။ (၄) အနက်ပေးရာ၌/ ဘာသာပြန်ရာ၌ လိုရင်းချုပ် အချက်တို့ကို ချန်မထားရ။ (၅) မိမိလက်ဖြစ်ပါဠိကို ဖော်ပြလျှင်လည်း တရားကိုယ်မှန် သရုပ်မှန် အဓိပ္ပါယ်မှန်အောင် အနက်ပေးရမည် (သို့မဟုတ်) ဘာသာပြန်ရမည် ရှေးရှေးပညာရှင် သူတော်စင်ကြီးများ ၏ ဤခေတ်ထုံးစံကောင်း-၅-ရပ်ကို မလိုက်နာလျှင် ရဟန်းညစ်ညစ် လူညစ်ညစ်အဖြစ်သို့လည်းကောင်း၊ ရဟန်းညစ်ဆိုး လူညစ်ဆိုး အဖြစ်သို့ လည်းကောင်း အလိုလိုရောက်သွားဖို့ မဝေးလှပြီ။

(စ) (၁) ဒီပဲယင်းဆရာတော်ကြီးသည် ပိဋကပညာရှင် ရဟန်းတော်ကောင်း ပီသတော်မူသည်ကို ပရမတ္ထစက္ခုကျမ်းဖြင့် အသိဉာဏ်ပြည့်သူတိုင်း

http://www.dhammadownload.com

မြင်နိုင်ကြသည်။ သိနိုင်ကြသည်၊ (၂) စုဒိတကငယ်စဉ်က တွေ့ရှိမှတ်သားထားသည် ဆိုသော ပရမတ္ထစက္ခုကျမ်း (၁၂၈၀-ပြည့်၊ တော်သလင်းလ၊ မန္တလေးမြို့၊ ၈၄-လမ်း၊ ကျောက်သွေးတန်း၊ သုဝဏ္ဏဝတီပိဋကတ်ပုံနှိပ်တိုက်) နှာ-၂၄၉၊ ကြောင်း-၁ တွင်ရှိသည့်မူရင်းမှ မူမပျက်အောင် ပုဒ်ကြီး ပုဒ်သေး ပုဒ်ဖြတ်စသည် ဘာကိုမျှ မပြုပြင်ပဲ ဝိနိစ္ဆယရုံးတော်က ဖေါ်ပြမည်။

ပညတ္တိ ဌပေတွာ ဝိသေသေန ပဿတီတိ ဝိပဿနာ။

ပညတ္တိ။ အပေါ်ယံ အမြေးအကာ ပညတ်လွှာကို။ ဌပေတွာ၊ ခွါလှန်ဖယ်ထား၍။ ဝိသေသေန၊ သိနေကျ ပညတ္တိဉာဏ်ထက် ထူးသောအားဖြင့်။ ပဿတိ၊ အကြောင်း အကျိုးဖြစ်သော ရူပ်အစစ်၊ နာမ်အစစ်ကိုမြင်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဝိပဿနာ၊ ဝိပဿနာမည်၏။

(၃) စုဒိတက အားကိုးကြီးစွာ တင်ပြ သော ပရမတ္ထစက္ခုကျမ်း (မူရင်း) အနက်များ နှင့် စုဒိတက၏သောဓနာ (ချေပလွှာ)ပါ အနက်များကို တိုက်ဆိုင် ကြည့်လျှင် ပဿတိဟူသော လိုရင်းချုပ်ပုဒ်၏ အနက်ကို စုဒိတက အပြည့်အစုံမရတော့ပြီ။ ဒီပဲယင်းဆရာတော်ကြီး၏ ပဿတိပုဒ် အနက်သည် ရူပ်နာမ်မလွတ်သော အနက်ဖြစ်၍ စုဒိတက၏ ပဿတိ ပုဒ်အနက်သည် ရူပ်နာမ်မပါသော (ဝါ) ရူပ်နာမ်ဖြစ်သော အနက်ဖြစ်နေသည်။ စုဒိတကသည် ငယ်စဉ်ကတွေ့ဖူးမှတ်ဖူးသည်ဖြစ်သောကြောင့် ပဿတိ ပုဒ်အနက်ကို မေ့ခဲ့ပြီဟု ချေပခွင့်ရှိသေးသည်။

(ဆ) စုဒိတက၏ (က) အမှတ်ပြ သောဓနာတွင် တနည်း။--ပ--ဝိသုဒ္ဓိမဂ်ဟူ၍ ဖေါ်ပြရာ၌ "စာမျက်နှာကိုပြောပြပါ"ဟု ရုံးတော်ကမေးသော အခါ"တပည့်တော်ထံမှာ စာအုပ်မရှိပါ"ဟု စုဒိတက-က ဖြေသည်၊ ဒါဖြင့် ဒီပါဠိဟာ စာအုပ်ထဲကကြည့်ပြီး ရထားတာမဟုတ်ဘူးပေါ့" ဟု ရုံးတော်ကမေးရာ "မှန်ပါတယ်၊ ကြည့်ရေးတာ မဟုတ်ပါ။ အရင်ကကျက်မှတ်ထားတာ ဖြစ်ပါတယ်-"

ဟု စုဒိတကဖြေသည်၊ ပညတ္တိ ဌပေတွာ၌ မရပ်သေးဘဲ သမုတိဟူကို ထည့်ဆိုထားသဖြင့် ထိုပါဠိကို ဝိသုဒ္ဓိမဂ်မဟာဋီကာဆရာကြီး ရေးသားမည်မဟုတ်ဟု ရုံးတော်ကသိ၍ အထက်ပါမေးခွန်းတို့ကို မေးခဲ့သည်၊ ပညတ္တိနှင့်သမုတိတို့သည်

http://www.dhammadownload.com

ပါဠိကွဲ့ တရားကိုယ် (အဘိမေယျတ္တ) တူကြသည်ဟု စုဒိတက မသိသောကြောင့် ပညတ္တိ ဌပေတ္တာ သမုတိဋ္ဌဟု ဆိုမှားတော့သည်။ ဝိသုဒ္ဓိမဂ် မဟာဋီကာစသည်ဖြင့် ကျမ်းအမည်နောက်ဆက်တွဲ မပါလျှင် စုဒိတကဌ်သာ အပြစ် အနည်းငယ်မျှ ရှိသည်၊ အခြားမည်သူကိုမျှ မထိခိုက်ချေ။ ဝိသုဒ္ဓိမဂ် မဟာဋီကာဆရာကြီး၏ ဂုဏ်တော်များသည် ပညာရှင်များ မပြောရဲအောင်ပင် လျှောကျပျက်စီးကုန်လေပြီ၊ ဝိသုဒ္ဓိမဂ်မဟာဋီကာ ဆရာကြီးရေးသားခဲ့သော အဌကထာ ကျမ်းကြီးများ ဋီကာ ကျမ်းကြီးများကို သေသေချာချာ ကြည့်လျှင် ထိုဆရာကြီးသည် အရိယာ ပုဂ္ဂိုလ်ကြီးစစ်စစ် ဖြစ်သည်ဟု ယုံကြည်စရာအချက်တွေ များစွာတွေ့နေ ပါသည်ဟူ၍ စာတတ် အကျော် ဆရာတော်တို့ မိန့်တော်မူခဲ့ကြပါသည်။ အကယ် ၍ ဝိသုဒ္ဓိမဂ် မဟာဋီကာဆရာကြီးသည် အရိယစစ်စစ်ဖြစ်ပြီးခဲ့သော် စုဒိတက ပုဂ္ဂိုလ်ဌ် တာဝန်ကြီးလေးနေလေပြီ၊ အထူးသတိပြုဖွယ်ပေတည်း။

(၈) သောဓနာ (ချေလွှာ) (က) (၂)ဌ် နိဗ္ဗတ္တိပရမတ္တဝေနအဝိဒ်ဖြင့် ခန္ဓာမှအသီး ထုတ်အပ်သော အရှုခံပရမတ်ကို သိစေလိုပါသည် ဘုရားဟု စုဒိတကပုဂ္ဂိုလ်ကဆိုသည်၊ "ခန္ဓာမှအသီးထုတ်အပ်သော" ဆိုသည့် စကားသည် ခန္ဓာမ သီးသန့် သီးခြားခွဲထုတ်ထားသော (ဝါ) ခန္ဓာမဟုတ်သော-

ဟု အဓိပ္ပာယ်ထွက်သည်၊ ခန္ဓာမဟုတ်သော တရား များကား ပညတ်အားလုံးနှင့် နိဗ္ဗာန်(ပရမတ်)ဖြစ်သည်၊ "အရှုခံပရမတ် ကို"ဟူသော နောက်ဆက်တွဲစကားအရ ပညတ်ကိုပယ်ပြီးဖြစ်၍ ပညတ်ကို မယူရတော့ပဲ နိဗ္ဗာန်ပရမတ်ကိုသာယူရသည်၊ ယင်းသို့ ဖြစ်သောကြောင့် နိဗ္ဗာန်ပရမတ်ကို ဝိပဿနာရှုရမည်ဟု စုဒိတက ပြောနေကြောင်းပေါ်လွင်သည်၊ မရသေးသော နိဗ္ဗာန်ကိုရဖို့သာ ဝိပဿနာ လုပ်ငန်းကိုအားထုတ်ရသည်မှာ မမှတာဖြစ်သည်၊ နိဗ္ဗာန်ရပြီးမှ ယင်းနိဗ္ဗာန်ကိုရဖို့ ယင်းနိဗ္ဗာန်ကိုပင် ဝိပဿနာရှုရဦးမည်ဟု စုဒိတကပုဂ္ဂိုလ်က မမှတာကို ဆန့်ကျင် ၍ ပြောနေသည်။ ထိုအဓိပ္ပါယ် ယူချက်မမှန်ပါဆိုလျှင် ပုထုဇဉ်တို့သည် မရသေး သော ထိုနိဗ္ဗာန်ကို ဘယ်လိုအာရုံပြုကာ ဘယ်လိုဝိပဿနာရှုကြရမည်နည်း။ ဤမျှဖြင့် စုဒိတကဆိုသော ထိုစကားလွဲမှားသည်ဟု သိလောက်ပြီ။

(၅) ပညတ္တိ ၊ ပညတ်ဟူသမျှကို။ ဌပေတ္တာ၊ ကျဉ်ဖယ်ထား၍ဟု ဘုရား တပည့်တော် (စုဒိတက)က ဘာသာပြန်သယောင်ယောင်၊ အထင်ရှား အောင်၊ သက်သက်လုပ်ကြံ စွပ်စွဲထားပါသည် အစရှိသည်ဖြင့်

http://www.dhammadownload.com

စောဒကများ အပေါ်၌ စုဒိတက၏ပြန်လှန် စွဲဆိုချက်သည် (သောဓနာ-၂/၂ ကြောင်း-၉-၌)ရှိသည်။

စောဒနာလွှာ (၂/၁) စောဒကတို့၏ ဝေဖန်ချက်အစပုဒ်၌ "အထက်ပါ ပါဠိကို အနက်ပေးထားသည်မှာ--ပ--လိုရာဆွဲကာ အနက်ပေးထားပါသည်" ဟူသော စကားကိုလည်းကောင်း၊ စုဒိတကထောက်ပြသော စောဒကတို့၏ ဝေဖန်ချက်စာပုဒ်တွင် "ဓမ္မနီတိ၏ ဝိပဿနာဝိဂ္ဂြိဟ်ပါဠိကို အနက်မှန်ပေးပါလျှင်"ဟူသော အစချီအပိုဒ်ကိုလည်းကောင်း၊ "ထို့ကြောင့် ဝိဝိဓကာရေနကို အနက်မပေးပဲ ပဿတိကိုသာ လိုရာဆွဲ၍အနက်ပေးသွားသည်"ဟူသော ဝေဘန်ချက်အပိုဒ်တို့ကိုလည်းကောင်း ဆက်စပ်ကြည့်လျှင် စုဒိတက၏ ကထက်ပါ ပြန်လှန်စွဲဆိုချက်သည် စုဒိတက၏ ထင်မြင်ယူဆချက်မျှသာ ဖြစ်ကြောင်း ထင်ရှားသည်။ အနတ္တသရုပ်ဖော် ဓမ္မနီတိဆရာတော် အမည်ခံထားသည်နှင့် ဆန်ကျင်ဖက် ဖြစ်သောကြောင့် အနိစ္စာဒိဝသေန ပါဠိမှန်ကို စုဒိတက ချန်ထားခဲ့သည်။

ခြင်းခုံချက်။ ၂။

စွဲဆိုချက်။ ။ စောဒကတို့က စုဒိတက ဟောချက် (ဂ) (ဃ)မှတ်ပြတို့ကို တင်ပြလျက် ဓမ္မနီတိ၏ ဝိပဿနာပုံဟန် ဖော်ထုတ်ချက်တို့သည် ဘုရားဟောကျမ်းဂန်များနှင့် မညီပါဟု စောဒနာကြသည်။

ချေပချက်။ ။ စုဒိတက၏ တိုက်ရိုက်ချေပချက်ကို မတွေ့ကြပေ၊ စောဒကတို့ တင်ပြချက် (ဂ)မှတ်ပြတွင် ပညတ္တိ ၄ပေတွာ ပါနေသောကြောင့် (က)အမှတ် စောဒနာချက်တွင် လုံးပေါင်းပါဝင်သည်ဟု စုဒိတကယူဆဟန် ပေါ်လွင်သည်၊ သောဓနာလွှာ (၂/၁)၌ စောဒနာချက် နှစ်ရပ်ဟူ၍ စုဒိတက ဖော်ပြထားသောကြောင့်တည်း။

စီစစ်ချက်။ ၂ ။ (က) စုဒိတကဟောချက် (ဂ)အမှတ်ပြတွင် "ရူပ်တွေ နာမ်တွေ အနိစ္စတွေ ဒုက္ခတွေ လုပ်ချင်သလောက်လုပ်၊ ဝိပဿနာမဖြစ်" ဟူသောစကားကို ပဓာနထား၍ စုဒိတက၏ ဝိပဿနာရှုပုံ မမှန်ပါဟု စောဒနာကြသည်၊ စုဒိတက ဟောချက် (ဃ) အမှတ်ပြကို အထောက်အထားအဖြစ်ဖြင့် တင်ပြကြသည်။

http://www.dhammadownload.com

စုဒိတကဟောချက် (ဂ) အမှတ်ပြတွင် "ပညတ်နဲ့မရော ပရမတ်ရဲ့ သဘောကို မြင်အောင်ကြည့်တာ ဝိပဿနာ"ဟူသော ရှေစကားကို ထောက်၍ လည်းကောင်း၊ "အရှိတရားနဲ့ မရှိတရား ပိုင်းခြားသိမှ ဝိပဿနာ" ဟူသော နောက်စကားကို ထောက်၍လည်းကောင်း "သမုတိပညတ်နှင့် ပရမတ်တို့ကို မပိုင်းခြားပါက၊ ဝိပဿနာလုပ်၍ မရနိုင်ကြောင်း၊ သိလောက်ပြီဟု ယုံကြည်မိပါ သည်"ဟူသော သောဓနာ (၂/၂၊ ကြောင်းရေ ၁၇)ကို ထောက်၍လည်းကောင်း ကြည့်ပါလျှင် အရှိတရားနှင့် မရှိတရားကို ပိုင်းခြားမသိသေးဘဲ လုပ်ပါက ဝိပဿနာမဖြစ်၊ ပိုင်းခြားသိပြီးမှ လုပ်ပါက ဝိပဿနာဖြစ်သည်ဟု စုဒ်တက၏ ဆိုလိုချက် ထွက်သည်၊ ထို့ကြောင့် "ရူပ်တွေ နာမ်တွေ အနိစ္စတွေ ဒုက္ခတွေ လုပ်ချင် သလောက်လုပ်၊ ဝိပဿနာမဖြစ်"ဟူသော စုဒိတကဟောချက်ကို အပြစ်ရှိသော ဟောချက်ဟူ၍ မဆိုထိုက်ချေ။ စုဒိတကဟောချက် (ဃ)ကို အထောက် အထားအဖြစ် ယူလျှင် စုဒိတက၏ (ဂ)အမှတ်ပြ ထိုဟောချက်ကို အပြစ်ရှိသည့် ဟောချက်ဟူ၍ ဆိုထိုက်နေသည်၊ ယင်းသို့ စောဒကနှင့် စုဒိတကတို့၏ အဆို နှစ်ရပ် ပြိုင်တူခဲကပ်နေသည်။

(ခ) "အနတ္တလက္ခဏာသည်သာ ပရိယတ် ပဋိပတ် အားလုံးတို့၏ အနှစ်သာရ ဖြစ်ပါသည်" (သောဓနာ (ချေပ)လွှာ၊ ၄/၁ (ခ) စတုတ္ထပုဒ်)"ဓမ္မနီတိ ကိုယ်တော်က ရူပ်တွေ နာမ်တွေကို ဖယ်ပစ်တယ်-ပယ်ပစ်တယ်လို့ သူများ ပြောစရာမဖြစ်အောင် ဘုရားစူးကျမ်းစူး လွတ်ရုံလောက်တော့ ထည့်ပြောလိုက်မယ်၊ ရူပ်နာမ် အကြောင်းကလေးတော့ "(၂၀/၂ (၄)တိတ်ခွေ-၁၄-ဘီ) စသည်ဖြင့် ရူပ်နာမ်ရှိသည်ဟု တကယ်မယုံကြည်၊ အနိစ္စ ဒုက္ခ ဝိပဿနာရှုလျှင် အနှစ်သာရ မရှိဟူ၍ စုဒိတကဟောချက်များစွာ ရှိသောကြောင့် "ရူပ်တွေ နာမ်တွေ အနိစ္စ တွေ ဒုက္ခတွေ လုပ်ချင်သလောက်လုပ်-ဝိပဿနာမဖြစ်"ဟူသော ဤစုဒိတက ဟောချက်သည် မြတ်ဗုဒ္ဓ၏ ဝိပဿနာကျင့်နည်းမှန် တရားတော်များကို ဖီလာဆန့်ကျင် ဖယ်ကြဉ်တိုက်ဖျက်သော ဟောချက် ဖြစ်နေကြောင်း ပေါ်လွင်သည်။

ဤင်းခုံချက်။ ၃ ။

စွဲဆိုချက်။ (က) ဝိပဿနာဉာဏ်၏ ပဒဋ္ဌာန်သည် သံဝေဂ ဖြစ်သည်။

http://www.dhammadownload.com

(ခ) ဝိပဿနာအတွက်ကြောက်ရ မည့် တရားခံ သည် ဒါန သီလ ဘာဝနာစသော ကောင်းမှု ကံတွေ ဖြစ်သည်ဟူ၍ စုဒိတက ဟောချက် မှားသည် ဘုရားဟောတရား တော်နှင့် မညီမျှ။

ချေပချက်။ ။ စုဒိတကပုဂ္ဂိုလ်က သောဓနာ (၂/၂(ခ))ဖြင့် ချေပသည်။

စီစစ်ချက်။ ၃ ။

(ဃ) စောဒနာလွှာ၌ စုဒိတကဟောချက်များကို အကျွန်ုပ်ခဉ်ဖြင့် ဖော်ပြရာတွင် (ဂ)မှတ် မရှိသောကြောင့် စောဒကတို့ အမှတ်အသား မှားယွင်း တင်ပြထားသည့် (စ) (ဆ) (ဇ) မှတ်တို့ကို (ဂ) (စ) (ဆ)ဟု ရုံးတော်က ပြင်သည်။

(ခ) အကျိုး၏ ရှေနောက်တစ်ဆက်တည်း နီးကပ်နေသော အကြောင်းကိုသာ လျှင် ပဒဋ္ဌာန်ဟု ကျမ်းဂန်တို့၌ ခေါ်ဝေါ် မြွှဖြစ်သည်။ ကျန်သည့်အကြောင်း များစွာတို့ကို ကရဏာ၊ ဟေတု၊ နိဒါန၊ နိမိတ္တ စသည်တို့ဖြင့်သာ ကျမ်းဂန်တို့၌ ပြောဆိုရိုး စဉ်လာရှိသည် ပဒဋ္ဌာန်ဟု ပြောရိုးစဉ်လာမရှိချေ။

ကာရဏာ ယံ သမာသန္ဓံ၊ ပဒဋ္ဌာနံတိ တံ မတံ။
(မာဂဓ အဘိဓာန်၊ ၁၊ ဂါထာ-၉၂)။

ဘာသာပြန်။ ။ နီးကပ်သောအကြောင်းကို ပဒဋ္ဌာန်ဟူ၍ သိအပ်၏။
အာသန္နကာရဏံ ယံတု၊ တံ ပဒဋ္ဌာနသညိတံ။
(အဘိဓမ္မာဝတာရ၊ ၁၀၊ ဂါထာ၆၃၄၊ ဆဋ္ဌမ)

ဘာသာပြန်။

နီးကပ်သောအကြောင်းကို ပဒဋ္ဌာန်ဟူ၍ မှတ်အပ်၏။ အကြောင်းနှင့် အကျိုးတို့၏ အကြားရှိ အခြားအကြောင်းတရား မခြားဘဲ အကျိုး၏ ရှေဖက်၌ တစ်ဆက်တည်း တစ်စပ်တည်း ရှိနေသော အကြောင်း ကိုသာ ပဒဋ္ဌာန် (နီးကပ် နေသော ဖြစ်ကြောင်း)ဟူ၍ ကျမ်းဂန်တို့၌ သတ်မှတ်ထားသည်၊ ခေါ်ဝေါ်ပြောဆို ကြသည်။ ဝေးသောအကြောင်း မနီးမဝေးအကြောင်း အခြံအရံ အကြောင်းတို့ကို ပဒဋ္ဌာန်ဟု ခေါ်ဝေါ်ပြောဆိုရိုး အစဉ်အလာမရှိ။ စာသင်သား လောကတွင် ပဒဋ္ဌာန်၏ အဓိပ္ပါယ်မှန်ကိုသိရန် အဆင့်အတန်းမြင့်သည် မဟုတ်ပေ။ မွန်ပြည်နယ်၊ မော်လမြိုင်မြို့တွင်၊ သက်တမ်း ၅၂-နှစ် ပြည့်ခဲ့ပြီဖြစ်သော ပရိယတ္တိ

http://www.dhammadownload.com

သဒ္ဓမ္မပါလ စာမေးပွဲ အောက်ဆုံးအဆင့် အခြေပြု မူလတန်းဝင် သာမဏေဝယ် သီလရှင်ဝယ်များပင် ပဒဋ္ဌာန် အဓိပ္ပါယ်မှန်ကို သိကြသည်။

(၈) (၁)ဝိပဿနာဉာဏ်၏ ပဒဋ္ဌာန် (နီးကပ်သော ဖြစ်ကြောင်း တရား)သည် သံဝေဝမဟုတ်၊ သမာဓိသာလျှင် ဖြစ်သည်ဟု အမှန်ကို ဖော်ပြသော သာဓကပါဠိတို့ကို(စောဒနာ-၂/၆၊တွင်)စောဒကတို့က အခိုင်အမာ ဖော်ပြ ထားပြီး ဖြစ်သည်။

(၂) သံဝေဝသည် ဝိပဿနာဉာဏ်၏ပဒဋ္ဌာန် (နီးကပ်သော ဖြစ်ကြောင်း တရား)ဟု စုဒိတက ဆိုမှားသောစကားဖြင့် သမာဓိကို ဝိပဿနာ၏ ပဒဋ္ဌာန် မဟုတ်ဟု ဖယ်ထုတ်ပြစ်လိုက်ပြီ ဖြစ်၍နောက်ဆက်တွဲ အလွဲတွေ ပြောတော့မည် လားဟု သံသယဝင်ဖွယ်ရှိသည်၊ သမာဓိကို ဖယ်ရှားလိုသော အရင်းခံစေတနာ မထားခဲ့ပါဟုဆိုလျှင် ခွင့်လွှတ်စရာပင် ဖြစ်သည်၊ မြတ်ဗုဒ္ဓ၏ ဝိပဿနာကျင့် လမ်းမှန် သီလ သမာဓိ ပညာ ဟူသော လုပ်ငန်းစဉ်ကို ပညာ သီလသမာဓိဟု ပြောင်းပြန်လှန်ကြသော ရဟန်းညစ်ဆိုး လူညစ်ဆိုးတွေ ချောင်ကြိုချောင်ကြားမှာ ပေါ်များ တွင်ကျယ်နေသော ဤခေတ်တွင် ယင်းသို့ သမာဓိကို ဘေးဖယ် လိုက်သဖြင့် ဘယ်လိုလဲဟု သံသယဝင်စရာ ဖြစ်နေသည်ကို မည်သူမျှ မငြင်းနိုင်ချေ။ စုဒိတကသည် မြတ်ဗုဒ္ဓ၏ ဝိပဿနာ ကျင့်လမ်းမှန် သီလ သမာဓိ ပညာဟူသော လုပ်ငန်းစဉ်ကို ပြောင်းပြန် မလှန်ပါ လျှင် သံဝေဝသည် ဝိပဿနာ ဉာဏ်၏ ပဒဋ္ဌာန်ဟု ဆိုမှားသည့်အတွက် အပြစ်မကြီးလှပေ၊ အမှားကိုဖယ်ရှား အမှန်တရားကို ယူရုံသာလိုတော့သည်၊ သံဝေဝသည် ဝိပဿနာဉာဏ်၏ ပဒဋ္ဌာန် မဟုတ်သော်လည်း ဝိပဿနာ ဉာဏ်ဖြစ်ရန် အထောက်အကူပြုသော အကြောင်းတို့တွင် ပါဝင်သောကြောင့်တည်း။

(၃) သောဓနာ (ချေပလွှာ၊၂/၂) နောက်ဆုံးစာပိုဒ်တွင် "ဝိပဿနာ ဉာဏ် သံဝေဝပဒဋ္ဌာန်ပါ၌အရ လည်းကောင်း" ဟူသောစာပိုဒ်ဖြင့် စုဒိတကသည် မိမိပြောခဲ့သော ဝိပဿနာ ဉာဏ် သံဝေဝပဒဋ္ဌာန်အတွက် သက်ဆိုင် ခိုင်မာသောကျမ်းဂန် သာဓက တင်ပြနိုင်စွမ်းမရှိပဲ မိမိ၏အမှားကိုပင် အခိုင်အမြဲ စွဲယူထား ကြောင်းကို ဖော်ပြနေပြန်သည်၊ ထို့ပြင် "နိဗ္ဗိဒါယ ဝိရာဂါယ စသော ထိုထို ပါဠိတော်များအရလည်းကောင်း၊ ထိုထိုအာရုံ ကာမဂုဏ်တို့၏အပေါ်၌ သံဝေဝရမှ ငြီးငွေ့မှသာ တပ်နှစ်သက်ခြင်းကင်းအောင် အားထုတ်ရမည့် ဝိပဿနာ အလုပ်ကို လုပ်ရာရောက်ပေလိမ့်မည်"ဟု နိဗ္ဗိဒါယပါဠိကို အထောက် အကူ ယူလိုက်ပြန်သည်၊ ထိုနိဗ္ဗိဒါယပါဠိ၏ အနက်မှန်ကို "**ငြီးငွေ့ခြင်း**

http://www.dhammadownload.com

အကျိုးဌာ" ဟု ဖော်နိုင်လျှင်/ဖော်ခဲ့လျှင် နိဗ္ဗဒါယပါဠိသည် ဝိပဿနာ၏ အကျိုးပြပါဠိဟု လွယ်လွယ်သိနိုင်ပါလျက် မသိမူ၍ နိဗ္ဗဒါယကို ဝိပဿနာ၏ အကြောင်းပြ ပါဠိဖြစ်အောင် ပြောင်းပြန်ဆိုမှားမိခဲ့ရှာသည်။ ထိုသောဓနာ စကားကြောင့် စုဒိတကသည် မိမိ၏အမှား သေးသေးမွှားမွှားကိုမျှ ဝန်မခံရဲသူ၊ အလွဲအမှားကိုပင် အခိုင်အမာစွဲယူထားသူ၊ ကြောင်း-ကျိုးမမှန် ပြောင်းပြန် စကားတို့ဖြင့်လည်း အငြင်းပွားလေ့ရှိသူဖြစ်ကြောင်းကို စုဒိတက ကိုယ်တိုင်က ဖော်ပြရာ ရောက်နေသည်။

စိစစ်ချက်။ ခ ။ (၁) ဝိပဿနာဉာဏ်၏ နီးကပ်သော ဖြစ်ကြောင်းတရား (ပဒဋ္ဌာန်)သည် သံဝေဂဖြစ်သည်ဟု ပြောကြားပြီးလျှင် ဝိပဿနာလုပ်ငန်း အတွက် သံဝေဂရစရာ ကြောက်ရ မည့် တရားခံသည် ဒါန သီလ ဘာဝနာ ကုသိုလ်ရံမျှား ဖြစ်သည်ဟု သံဝေဂ၏သရုပ်ကို ဖော်ထုတ်ပြသည်။ (စောဒနာ၊ ၂/၅ (ဂ) (စ) (ဆ)။

မြတ်ဗုဒ္ဓဟောကြား သံဝေဂဉာဏ်များ

သံဝေဂေါ စ သံဝေဇနီယေသု ဌာနေသု (အဘိ၊ ၁၊ ပါ၊ ၁၃၉၊ ဒုက၊ ဆဋ္ဌမ)

ထိတ်လန့်ခြင်းကို ဖြစ်စေတတ်သော ဇာတိ,ဇရာ,ဗျာဓိ,မရဏာတည်း ဟူသော အကြောင်းတို့ကြောင့် (၀ါ)တို့မှ ထိတ်လန့်ခြင်း သံဝေဂ။ (မာတိကာ အရကောက်ကျမ်း (ခေါ်) နိသျှအနက်မှ)

(၁) သံဝေဂေါတိ ဇာတိဘယံ ဇရာဘယံ ဗျာဓိဘယံ မရဏဘယံ၊

(၂) သံဝေဇနီယဋ္ဌာနံတိ ဇာတိဇရာဗျာဓိမရဏံ။

(အဘိ၊ ၁၊ ပါ၊ ၁၃၇၆၊ နှာ-၂၆၄၊ ဆဋ္ဌမ)

ဘာသာပြန်။ (၁) သံဝေဂဟူသည် ဇာတိကို ကြောက်စရာဟူ၍ သိမြင်သော ဉာဏ်၊ ဇရာကို။ ပ။ဗျာဓိကို-----ပ-----၊ မရဏာကို ကြောက်စရာဟူ၍ သိမြင်သောဉာဏ်တည်း။ (ဇာတိ ဘယတော ဒိသွာ ဌိတဉာဏ်-ဇာတိ ကို ကြောက်စရာ အားဖြင့် (၀ါ) ကြောက်စရာဟုမြင်၍ တည်သောဉာဏ်။ အဋ္ဌကထာ)

(၂) သံဝေဂ ဖြစ်ကြောင်းတရားဟူသည် ဇာတိ,ဇရာ, ဗျာဓိ, မရဏာတည်း။

http://www.dhammadownload.com

တစ်နည်းအားဖြင့်-သံဝေဂဝတ္ထု ရှစ်ပါးရှိသည်၊ ၎င်းတို့မှာ-ဇာတိ, ဇရာ, ဗျာဓိ, မရဏ၊ အပါယဒုက္ခ, အတီတေ ဝဋ္ဋမူလကဒုက္ခ, အနာဂတေ ဝဋ္ဋမူလကဒုက္ခ, ပစ္စုပ္ပန္နေ အာဟာရ ပရိယေဋ္ဌိ မူလဒုက္ခ-တို့တည်း။
(ဒီ၊ ၆၊ ၂ စ၄၊ မ၊ ၆၊ ၁၊ ၃၀၂ သံ၊ ၆၊ ၃၊ ၂၀၀၊ အံ၊ ၆၊ ၁၊ ၄၀၁၊ နှာ)

မြတ်ဗုဒ္ဓဝါဒ။ ။ သံဝေဂ (ခေါ်) ကြောက်စရာတရားသည်ဖြစ်၊ အို၊ နာ၊ သေ၊ တည်း။

စုဒိတကဝါဒ။ ။ သံဝေဂ (ခေါ်) ကြောက်စရာတရားသည် ဖြစ်၊ အို၊ နာ၊ သေ ပေါင်းလေးထွေကို ဖြစ်စေသော ဒါန သီလ ဘာဝနာ ကုသိုလ်ကံတည်း။

မြတ်ဗုဒ္ဓဝါဒ။ ။ ဖြစ်၊ အို၊ နာ၊ သေ၊ ကြောက်စရာလေးတွေတို့သည် နန္ဒိရာဂ(ခေါ်) ဘဝကို ထပ်တလဲလဲ တောင့်တလိုချင်မှု တဏှာ သမုဒယကြောင့် ဖြစ်ကြသည်။

စုဒိတကဝါဒ။ ။ ဖြစ်၊ အို၊ နာ၊ သေ၊ ကြောက်စရာလေးထွေတို့သည် ဒါန သီလ ဘာဝနာကုသိုလ်ကံကြောင့် ဖြစ်ကြသည်။

မြတ်ဗုဒ္ဓဝါဒ။ ။ နန္ဒိရာဂ (ခေါ်) တဏှာသမုဒယသည် အကြောင်းရင်းမှန် လက်သည် တရားခံဖြစ်သည်။

စုဒိတကဝါဒ။ ။ ကုသိုလ်ကံ အကုသိုလ်ကံ နှစ်မျိုးလုံးသည် လက်သည် တရားခံဖြစ်သည်။

(ကံသည်သာ လက်သည်တရားခံ-၂/ဆကို ကြည့်)။

သံဝိဂ္ဂေါ ယောနိသော ပဒဟတိ=ထိတ်လန့်သူသည် အသင့်အားဖြင့် အားထုတ်၏ဟု ဟောခြင်းကြောင့် ဝိရိယသည် သံဝေဂ=သြတ္တပ္ပနှင့်တကွ ဖြစ်သော ဉာဏ်လျှင်၊ ဝါ-သံဝေဂဝတ္ထုရှစ်ပါးလျှင် နီးစွာသော အကြောင်းရင်း ရှိ၏။ ဝိပဿနာဉာဏ်အရာ၌ မလာရှိ၊ ဝိရိယစေတသိက်၏ ပဒဋ္ဌာန်ဟုသာ ကျမ်းဂန်တို့၌လာ၏။ (အဘိ၊ ၆၊ ၁။ ၁၆၄၊ ပဋိသံ၊ ၆၊ ၁၊ ၄၁။ ဝိသုဒ္ဓိ၊ ၂။ ၉၃။ မဟာနိ၊ ၆။ ၄၇၊ စရိယ၊ ၆၊ ၂၇၃၊ ဝိသုဒ္ဓိ ဋီ၊ ၂။ ၁၄၁။ နှာ)။

မြတ်ဗုဒ္ဓဝါဒ။ ။ သံဝေဂတို့၏ လက်သည်တရားခံတဏှာသမုဒယကို ဒါန သီလ ဘာဝနာ ကုသိုလ်ပြုကာ ဖယ်ရှားဖျက်ဆီးရမည်။

စုဒိတကဝါဒ။ ။ သံဝေဂတို့၏ လက်သည်တရားခံ ကုသိုလ် အကုသိုလ်ကံ တွေကို အရိပ်ပမာမရှိ ပညတ်တွေပါဟု မှတ်ကာ သုံးနိုင်

http://www.dhammadownload.com

ခွင့်ရှိသည်။ (ဝါ) မပယ်နဲ့၊ သုံးလိုကသုံး၊ မသုံးလိုက နေနိုင်သည်။

မှတ်ချက်။ စုဒိတကဟောချက် (၈) ကုသိုလ်အကုသိုလ်တကယ်မရှိ၊ အရိပ်ထင်တာဟု ဟောချက်နှင့် သောဓနာလွှာ-၂/၂ သမုတိပညတ်တရားတို့မှာ(ပ)အသုံးသစ္စာသာ ဖြစ်ပါသည်ဟု ချေပချက်တို့ကို ကြည့်လျှင် ယင်းသို့ စုဒိတကဆိုလိုကြောင်း ပေါ်လွင်သည်။

ဝိပဿနာဉာဏ် သံဝေဂပဒဋ္ဌာန်-ဟူသော လွှဲမှားချက်ကို အကြောင်းပြု၍ စောဒနာအမှတ်-၂-၌ စောဒကတို့ တင်ပြထားသည့် စုဒိတက၏ ဟောချက် အနည်းငယ်အရ နောက်ဆက်တွဲ အလွဲအမှားတွေ ဤမျှထွက်နေလျှင် စုဒိတက၏ ဝိပဿနာသင်တန်းတစ်ခုလုံးတွင် အမှားတွေဘယ်လောက်များစွာ ရှိနေဦးမည်နည်းဟု စဉ်းစားဖွယ်ရှိသည်။

ဝိ-အလုပ်နှင့် ဝိ-ဉာဏ်

(၂) ဝိပဿနာအလုပ်နှင့် ဝိပဿနာဉာဏ်ဤနှစ်တန်ကို မှန်အောင်ခွဲခြားမသိမှုသည် အသိလွဲခြင်း၏ အကြောင်းရင်းတည်း။ ဝိပဿနာအလုပ်နှင့် ဝိပဿနာဉာဏ်၊ ဤနှစ်တန်ကွဲပြားအောင်မပြောခြင်းသည်- အပြောလွဲခြင်း၏ အကြောင်းရင်းတည်း၊ ထို့ကြောင့် ရူပ်-နာမ်တစ်ခုခုကို အနိစ္စစသည်ဖြင့် မရှုသေးမမှတ်သေးသမျှ ရှေးဦးအလုပ်အားလုံးသည် အလုပ်သက်သက်သာဖြစ်သည်။ ဝိပဿနာဉာဏ်မဟုတ်သေး-မဖြစ်သေး။ အနိစ္စစသည် ရှုသိမှုမှစ၍ ဝိပဿနာဉာဏ်ဖြစ်သည်ဟု တိတိပပသိကြလေ။ မှန်လှ၏၊ ပိဋ္ဌကတတ်သိ ကဝိပီသ ဖြောင့်မတ်ကြကုန်သော ပညာရှိတို့က "ဝိပဿနာအစ-သမ္မသန" ဟု မိန့်ဆိုခဲ့ကြသည်။ ဝိပဿနာဉာဏ်စဉ်-၁၂-ပါး ဟူ၍လည်းကောင်း၊ ၁၄-ပါးဟူ၍လည်းကောင်း ၁၆-ပါးဟူ၍လည်းကောင်း၊ ၂၀-ဟူ၍လည်းကောင်း မသင့်မလျော် အလွဲအချော် မြှော်မြင်ဉာဏ်မရှိ အဆန်းထွင်ကြသည့် ကဝိမမြောက်ဒေါက်တိမောက်တ နောက်ပေါက် ဝိပဿနာနည်းပြသူတို့၏ ကျမ်းဂန်မှန်-သဘာဝမှန်ကို မထောက်ပြနိုင်သော ထိုအလွဲမှားစကားတို့ကို အမြစ်ပြုတ်ဖယ်ရှားပယ်ထုတ်ကြရာသည်။

မှားချက်နာလွန်းသည်

(၃) ဝိပဿနာဉာဏ်ဖြစ်ရန်အတွက် ဒါန သီလ ဘာဝနာ ကုသိုလ်ကံတို့သည် ကြောက်ရမည့် တရားခံများဟု စုဒိတက၏ ပြောစကားသည် မှားချက်နာလွန်းသည်၊ ဝိပဿနာအတွက် ကောင်းကျိုးမှန် လုံးဝမထွက်ချေ။

http://www.dhammadownload.com

(၄) ဒါန သီလ ဘာဝနာ ကုသိုလ်တွေကို ကြောက်သဖြင့် မလုပ်ပဲ ရှောင်ကြဉ်လျှင် အကုသိုလ်ကံများ ဇကန်ဝင်လာ-ဖြစ်လာကြမည်။ ထိုအကုသိုလ်ကံကြောင့် အပါယ်လေးပါးသို့ရောက်၍ ဝိပဿနာဉာဏ်ဖြစ်ခွင့်မရှိသော ဒုဂ္ဂတိဘဝ များမှ မလွတ်၊ သုဂတိဘဝ (ခေါ်) လူနတ်ပြဟ္မာ ဘဝတစ်ခုခုကို မရနိုင်၊ မြတ်ဗုဒ္ဓက သုဂတိဘဝဟု သတ်မှတ်ထား၍ စုဒိတက ပုဂ္ဂိုလ်က ဒုဂ္ဂတိဘဝဟု သတ်မှတ် ထားသော လူနတ်ပြဟ္မာ ဘဝတစ်ခုခုကို မျှရခိုက်မကြုံလျှင် ဝိပဿနာဉာဏ် ဖြစ်ခွင့် လမ်းပိတ်ပြီ၊ ဝိပဿနာဉာဏ်ဖြစ်ခွင့်လမ်းပိတ်လျှင် နိဗ္ဗာန်ရဖို့အတွက် မျှော်လင့်ချက်မရှိနိုင်ပြီ၊ ထိုကြောင့် စုဒိတက၏ ထိုအလွဲစကားသည် မှားချက်နာလွန်းသည်။ ပိဋကဉာဏ်အတော်အသင့်မျှလည်း မရှိကြဘဲ တရားဟောစားဖို့ သာ တရားပြစားဖို့သာ အဓိက ပဓာန ထားကြသူတို့သည် ယင်းသို့ပင် မှားချက်နာလွန်းနေကြသည်၊ တပည့်တွေ မှားချက်နာလွန်းအောင် ပြောနေကြသည်၊ ပြနေကြသည်။

မှားချက်နာလွန်းခဲ့ဘူးသည်

(၅) မြတ်ဗုဒ္ဓသည် မိမိကိုယ်တိုင်ပင် နိဗ္ဗာန်လမ်းမှန်ကို မသိမမြင်ခင်က ယင်းသို့ မှားချက်နာလွန်းခဲ့သည့် ချင်းရာစုံကို မြတ်ဗုဒ္ဓဖြစ်တော်မူပြီးမှ တပည့်သားတွေ ရှောင်ရှားနိုင်အောင် သင်္ခန်းစာပေးသည့်အနေဖြင့် ပြန်လည်ဟောပြသည်ကို ပဏ္ဏာသပါဠိတော် မဟာသစ္စကဇာတ် ဗောဓိရာဇကုမာရသုတ် သဂါထာဝဂ္ဂသုတ် စသော ထိုထိုသုတ်တော်များစွာ၌ တွေ့နိုင်ကြသည်။ အမှားလုပ်မိခြင်းသည် ရှက်စရာမဟုတ်၊ အမှားကိုဝန်မခံခြင်း, အမှားကိုမစွန့်ခြင်း, မမှန်သောအကြောင်းပြချက်များဖြင့် အငြင်းပွားနေခြင်းတို့သည်သာ ရှက်စရာအလုပ်များဖြစ်ကြသည်၊ ထိုကြောင့် မြတ်ဗုဒ္ဓသည် မိမိကိုယ်တိုင် သဗ္ဗညုဗုဒ္ဓဖြစ်လုနီးချိန်မှာ မှားချက်နာလွန်းခဲ့ဘူးသည်ကို ဝန်ခံမိန့်ကြား စွန့်ပစ်ခဲ့သည်များကို ပြန်လည်ဟောတော်မူသည်။ အကျယ်ကိုလိုသူတို့ ထိုထိုသုတ်တော်တို့၌ ကြည့်ကြပါလေ၊ ဤနေရာတွင် လိုရင်းမျှသာ ဖော်ပြမည်။

(၆) ပွင့်လုနီး ဘုရားလောင်းသိद္ဓတ္ထမင်းသား သူတော်ကောင်းပရဇိုဇ်သည် ဒါန သီလ သမထ ဘာဝနာ ကုသိုလ်တို့ကြောင့် ရရှိထားသော ချမ်းသာတို့ကို နိဗ္ဗာန်ရောက်ကြောင်း ကျင့်စဉ်ကောင်း၏ အန္တရာယ်ဆိုးသံဝေဂ (ခေါ်) ကြောက်စရာ အမျိုးအစားပါတကားဟု ဖယ်ရှားစွန့်ပယ်တော်မူလျက်-၆-နှစ်တိုင်တိုင်

http://www.dhammadownload.com

ဒုက္ခရစရိယ (လူသာမန်တွေစိတ်ကူးရုံမျှ မရဲဝန့်စရာ ဆင်းရဲခံကျင့်စဉ်)ကို မေ့မြော အသိပျောက်သေလုနီးပါးအထိ ကျင့်တော်မူခဲ့သည်။ နိဗ္ဗာန်မရောက်သဖြင့် ထိုမှ နောက်တွင် "ကိ နု ခေါ အဟं တသ သုခသ ဘာယာမိ၊ ယံ တံ သုခံ အညတြေဝ ကာမေဟိ အညတြ အကုသလေဟိ ဓမ္မေဟိ။ (မ၊ ၁၊ ၃၁၄၊ မ။ ၂။ ၂စ၉-နှာ)။ အဘယ်ကြောင့် ငါသည် နှစ်သက်စွဲမက်တဏှာပျက်တို့နှင့် တွဲလျက်မနေ ကင်းကွာပေသော အကုသိုလ်ညစ်မျိုး အပြစ်ဆိုးတို့မှ ကင်းလွတ်နေသော ထိုပဌမစျာန် စသည့်စျာန်ချမ်းသာနှင့်တကွ ထိုချမ်းသာ၏ ဖြစ်ကြောင်းဆက်နွယ် ကုသိုလ်အသွယ်သွယ်ကို ပြုရမည့်အရေး တွေးကြောက်နေပါသနည်း (၀၊) ကုသိုလ်ပြုရမှာ ငါကြောက်သင့်သလားဟု စဉ်းစားတော်မူသည်။

(မှတ်ချက်။ တသ သုခသဒ္ဒ သဝိဘတ်သည် ဆဋ္ဌီသမ္ဗန္ဓေ (မောဂ္ဂလာန်သဒ္ဒါကျမ်းသုတ်-၃၉) အရ သမ္ဗန္ဓ (ဆက်သွယ်ခြင်း) အနက်ကိုပြသည်။ ကုသိုလ်ပြုခြင်းသည် အကြောင်း၊ ချမ်းသာရခြင်းသည် အကျိုးဟူသော သဘာဝမှန်ကို လည်း ရှုလေ)။ ထိုနောက် နံ ခေါ အဟं တသ သု ခသ ဘာယာမိ၊ ယံ တံသုခံ အညတြေဝ ကာမေဟိ အညတြ အကုသလေဟိ ဓမ္မေဟိ။ နှစ်သက်စွဲမက်တဏှာပျက်တို့နှင့် တွဲလျက်မနေ ကင်းကွာပေသော အကုသိုလ်ညစ်မျိုး အပြစ်ဆိုးတို့မှ ကင်းလွတ်နေသော ထိုပဌမစျာန် စသည် စျာန်ချမ်းသာနှင့်တကွ ထိုချမ်းသာ ဖြစ်ကြောင်းဆက်နွယ် ကုသိုလ်အသွယ်သွယ်ကို ပြုရမည့်အရေး ငါတွေးမကြောက်ပြီဟု ဆုံးဖြတ်တော်မူသည်၊ ကုသိုလ်ပြုတာ နိဗ္ဗာန်ရရန် နည်းလမ်းမှန်ဟု ရဲရဲကြီးဆုံးဖြတ်တော်မူသည်။ (မ၊ ၄၊ ၂။ ၁၉၂ -နှာ) ထိုနောက် ကုသိုလ်ပြုနိုင်အောင် အစာကို ပြန်စားပြီးလျှင် ဝိပဿနာမဟုတ်သော ကုသိုလ်အလုပ်တွေကို ပြန်လုပ်တော်မူပြီးမှ စျာန်ချမ်းသာကိုရပြီးနောက် ဗောဓိပင်ရင်းသို့ရောက် တစ်ယောက်တည်း ထိုင်ကာ စျာန်ချမ်းသာ သမထအကူအညီရသဖြင့် ယခင်ကလောက် မပင်ပမ်းဘဲ တရားကျင့်လမ်း ဖြောင့်သောကြောင့် ပညာစခန်းပြီးမြောက် သဗ္ဗညုတဗုဒ္ဓအဖြစ်သို့ ကောင်းစွာရောက်တော်မူသည်။

(၇) ပွင့်လုနီးဘုရားလောင်း သိဒ္ဓတ္ထသူတော်ကောင်းကျင့်ခဲ့ပြီး လွဲမှန်းသိ၍ ပယ်ခဲ့ပြီးသော ကုသိုလ်ပယ်ရေး ကျင့်စဉ်အမှား အဆွေးကို ပရိယတ်ဉာဏ် အတော်အတွန်မျှရှိလျှင် လွယ်လွယ်ပင်သိနိုင်ပါလျက် စုဒိတကမသိသောကြောင့် ဘုရားလောင်းနှင့် ဉာဏ်ချင်းထပ်ကာ ဟောနေသလား သိထားပါလျက် အခြား

http://www.dhammadownload.com

အကြောင်း 'တစ်ရပ်ရပ်ကြောင့် ထပ်ဆင့်ဟောနေလေသလားဟု အတိအကျ သိသူမှာ ယခုအခါ စုဒိတက တစ်ဦးတည်းသာဖြစ်နေသည်။

စည်း၊ မျဉ်း၊ ဘောင်

(၈) ဂဂ်ါဝါဠ္ဠသဲစုမကပွင့်ထွန်းတော်မူကြပြီးကုန်သော သဗ္ဗညုဗုဒ္ဓအားလုံးတို့သည် တပည့်ရဟန်းတို့အား ဩဝါဒပါတိမောက်ကိုပြတော်မူချိန်တွင် **"နိဗ္ဗာန်ရောက်ရန် ကျင့်နည်းမှန်လိုရင်းချုပ်"** ကို ဟောညွှန်တော်မူကြမြဲ ဖြစ်တော်မူကြသည်။ ထိုနိဗ္ဗာန်ရောက်ရန် ကျင့်နည်းမှန်လိုရင်းချုပ်သည် သဗ္ဗညုဗုဒ္ဓအားလုံးတို့ ၏ ဓမ္မစကြာတရားတော်အစရှိကုန်သော ဟောညွှန်တော်မူချက်တရားအားလုံး လုပ်ငန်းစဉ်အားလုံးတို့၏ **"စည်းမျဉ်းဘောင်"** ဖြစ်သည်၊ ထို့ကြောင့် ထိုစည်း၊ မျဉ်း၊ ဘောင်ကို ဝိပဿနာနည်းပြခေါင်းဆောင် ဝိပဿနာသင်တန်းပြ ခေါင်းဆောင် စစ်မှန်သူဟူသမျှ ဓမ္မကထိကဟူသမျှ သိထားလိုက်နာ သတိမြဲစွာ ကပ်ထားရမည် ဧကန်ဖြစ်သည်။

ဩဝါဒပါတိမောက်တရားတော်

(၉) သဗ္ဗညုဗုဒ္ဓအားလုံးတို့သည် ပါတိမောက် (လွတ်မြောက်ရေးတရား)ကို ရဟန်းတို့အားညွှန်ပြချိန်တိုင်၌ ဟောညွှန်တော် မူမြဲဖြစ်သော ထိုနိဗ္ဗာန်ရောက်ရန် ကျင့်နည်းမှန်လိုရင်းချုပ်၊ စည်း၊ မျဉ်း၊ ဘောင်သည် သုံးမျိုးရှိသည်။

(က) သဗ္ဗပါပဿ အကရဏံ၊ (ခ) ကုသလဿုပသမ္ပဒါ။

(ဂ) သ စိတ္တပရိယောဒါပနံ၊ ဧတံ ဗုဒ္ဓါနသာသနံ။ ။

(ဒီ၊ ၂ - ၄၂ /ခု-၁၊ ၄၁၊ ပါ)

မြန်မာပြန်။ ။

(က) အကုသိုလ်အားလုံးကို မလုပ်ရ၊

(ခ) ကုသိုလ်ကို မြဲမြဲစွဲစွဲလုပ်ပါ၊

(ဂ) ကိုယ့်စိတ်ကို စင်ကြယ်အောင်လုပ်ပါ-

ဤသည် ဘုရားရှင်အားလုံးတို့၏ ဆုံးမချက်တည်း။

(က) **သဗ္ဗပါပဿ အကရဏံ- အကုသိုလ်အားလုံးကို မလုပ်ရဟူသော ဆုံးမချက်ဖြင့် ဝိပဿနာဉာဏ်ဖြစ် ခွင့်မရှိသော အပါယ်လေးပါးမှ လွတ်မြောက်၍ ဝိပဿနာဉာဏ်ဖြစ်ခွင့်ရှိရာ လူနတ်**

http://www.dhammadownload.com

ပြဟ္မာသုဂတိဘုံ ဘဝတို့၌ ဖြစ်နိုင်ရန်ကျင့်နည်းမှန်ကို ညွှန်ပြတော် မူကြသည်။

(ခ) ကုသလသုပသမ္ဘဒါ- ကုသိုလ်ကို မြဲမြဲစွဲစွဲလုပ်ပါဟူသော ဆုံးမချက်ဖြင့် အပါယ်လေးပါးသို့ရောက်ကြောင်း မကောင်းအကုသိုလ်တွေ ကြားတိုးဝင်ခွင့်မရအောင် ကုသိုလ်ကိုသာ ထပ်တလဲလဲမြဲမြဲစွဲစွဲ လုပ်ခြင်းဖြင့် ဝိပဿနာဉာဏ် ဖြစ်ခွင့်ရှိရာ ဌာန လူနတ်ပြဟ္မာသုဂတိဘုံ ဘဝတို့၌ ဆက်ကာဆက်ကာ မပြတ်မလပ်ဖြစ်ရန် အားကောင်း မောင်းသန် ကျင့်နည်းမှန်ကို ညွှန်ပြတော်မူကြသည်။

(ဂ) သ စိတ္တပရိယောဒါပန်-ကိုယ့်စိတ်ကို စင်ကြယ်အောင် လုပ်ပါဟူသော ဆုံးမချက်ဖြင့် လူနတ်ပြဟ္မာ သုဂတိဘုံဘဝတို့မှ နိဗ္ဗာန်သို့ ရုန်းထွက်ရန် ကျင့်နည်းမှန်ကို တဆင့်တက်ကာ ပြုလုပ်ကြရန် ညွှန်ပြတော်မူကြသည်။

(၁၀) အပါယ်လေးပါး ဒုဂ္ဂတိဘုံဘဝများသို့ ရောက်ရခြင်းသည် အကုသိုလ်ကံ၏ စွမ်းဟုန်သက်သက်ကြောင့်ဖြစ်သည်။ လူနတ်ပြဟ္မာ သုဂတိဘုံဘဝ ထိုသို့ရောက်ရခြင်းသည် ကုသိုလ်ကံသက်သက်ကြောင့်မဟုတ်၊ ဘဝကိုလိုချင်မှု အနုသယ တဏှာက စိတ်တွင်းမှာငြိမ်ဝပ်ကပ်နေသဖြင့် စိတ်မစင်ကြယ်၍ ကုသိုလ်စွမ်းဟုန်မထက်သန်သောကြောင့် ဖြစ်သည်။ ထိုကြောင့် လူနတ်ပြဟ္မာသုဂတိဘုံ ဘဝတို့မှလည်းလွတ်မြောက် နိဗ္ဗာန်သို့ရောက်ကြရန် ဘဝကို တောင့်တမှု အနုသယ တဏှာနှင့် တကွ အကုသိုလ်အားလုံးကို ပယ်ဖြုတ်ပါဟု မိန့်တော်မူလိုရင်းဖြစ်သည်။

(၁၁) ဒါန သီလ ဝိပဿနာကုသိုလ်တို့သည် မိမိတို့ဖြစ်နေခိုက်အချိန်၌သာ တဒင်္ဂပဟာန်သတ္တိဖြင့် အကုသိုလ်များ မဖြစ်ပွားအောင် ပယ်နိုင်စွမ်းရှိကြသည်၊ ဘဝတစ်ခု၌ ဖြစ်မှု၏အကြောင်းရင်းခံ အနုသယကိလေသာတို့ကို အမြစ်ပြုတ်အောင် မပယ်နိုင်ကြ၊ ထိုကြောင့် ဒါန, သီလ, ဝိပဿနာကုသိုလ်တို့သည် အကုသိုလ်ကို ပယ်သတ်ကြရာ၌ စွမ်းရည်တူသာဖြစ်ကြသည်။ ဤသို့အမှန်ကို မသိကြပဲ အကုသိုလ်တို့ကို ပယ်သတ်ရာ၌ ဒါန သီလ ကုသိုလ်တွေထက် ဝိပဿနာကုသိုလ်တို့က စွမ်းရည်ပိုကဲသည်ဟု အထင်အယူလွဲမှားသောကြောင့် ဒါန သီလ

http://www.dhammadownload.com

ကုသိုလ်တွေကို ကဲ့ရဲ့ရှုံ့ချကြသည်၊ နိဗ္ဗာန်ရောက်ရန် အားကောင်းမောင်းသန် အထောက်အကူ အကြောင်းမှန်တရပ်ဖြစ်၍ ဧကန်လုပ်သင့်သည်ဟု မပြောကြ၊ မလုပ်ချင်အောင် အပြစ်တွေကိုသာ ထပ်တလဲလဲပြောကြသည်၊ ဖယ်ထားလိုက်ပါ ဟု ပြောပြီးလျှင် ပယ်လိုက်ပါလို့မပြောပါဟု မျက်လှည့်ပြကြသည်။ ။

(၁၂) လောကလွန် (လောကုတ္တရ) မဂ်ကုသိုလ်တို့သည် အကုသိုလ်ကံနှင့် လောကီကုသိုလ် (ဒါန သီလ သမထ ကုသိုလ်) ကံတို့၌ ဘဝတစ်ခုခုမှာဖြစ်စေမှု စွမ်းရည် (ပဋိသန္ဓေသတ္တိ) ရှိနေခြင်း၏ အကြောင်းရင်းခံ အနုသယဓာတ် ကိလေသာတို့ကို ကုန်ခမ်းအောင် ပယ်ဖျက်နိုင်စွမ်းရှိကြသည်၊ ထိုကြောင့် ယခင်က ပြုလုပ်ထားပြီးသော အကုသိုလ်နှင့် ဒါန သီလ သမထကုသိုလ်ကံတို့၌ ဘဝကို ဖြစ်စေနိုင်သော (ပဋိသန္ဓေ) စွမ်းရည်သည် မရှိတော့ပဲ ကုန်ခမ်းသွားသည်၊ ပါးစပ် ရှိနေသော်လည်း အစွယ်ပြုတ်နေသော မြွေကဲ့သို့ဖြစ်ပြီး၊ အပင်ပေါက်နိုင်သည့် မျိုးစေ့ဓာတ်ကုန်ခမ်းနေပြီး ဖြစ်သော(ဝါ) အပင်မပေါက်နိုင်တော့ပြီ ဖြစ်သော သစ်စေ့ကဲ့သို့ဖြစ်ပြီး၊ ယင်းသို့ ကံ၏ (ပဋိသန္ဓေ) စွမ်းရည်ကုန်ခမ်းသည်ကို ကံကုန် ပြီဟု ပြောကြသည်၊ ထိုသို့ ကံကုန်အောင် ပြုနိုင်စွမ်းရှိကြသော လောကလွန် (လောကုတ္တရ) မဂ်ကုသိုလ် တို့ကို ကမ္မက္ခယကရ (ကံကုန်အောင် လုပ်သော) ကုသိုလ်ဟူ၍ ကျမ်းဂန်တို့၌ ဆိုသည်။ သဗ္ဗညုမြတ်ဗုဒ္ဓအားလုံးတို့၏ သြဝါဒပါတိမော် (ခေါ်) လွတ်မြောက်ရေး တရားတော်ကို သိမှတ်လိုက်နာလျှင် ဒါန သီလ သမထကုသိုလ်တွေကို သံဝေဂ (ခေါ်) ကြောက်ရမည့်တရားခံတွေဟု အလွဲပြော အလွဲလုပ် အမှားအရှုပ်တွေ ကင်းပျောက်၍ နိဗ္ဗာန်သို့ ဧကန် ရောက်ကြမည်ဟု သိမှတ်လိုက်နာ ကြရာသည်။

မှတ်ချက်။ ဝိပဿနာကုသိုလ်ကံသည်လည်း- ပဋိသန္ဓေအကျိုးကို မပေး တော့ပြီဟု အဂ္ဂိုတ္တိရိအဋ္ဌကထာ၌ မိန့်ဆိုသောကြောင့် ဝိပဿနာကံကို ချန်ထား၍ ဒါန-သီလ-သမထ-ကုသိုလ်ကံ ဤမျှသာထည့်ခဲ့ခြင်း ဖြစ်ပါသည်။ ဝိပဿနာသမ္မာဒိဋ္ဌိ ကိ ကရောတိတိ သာပိ ပဋိသန္ဓိ နာကမ္ဘတိ။ အံ၊ ၂၊ ၁။ ၃၆၉။

ကမ္မဿကတဉာဏ်

၁၃။ (က) ပြခဲ့ပြီးနိဗ္ဗာန်ရောက်ရန်ကျင့်နည်းမှန် လိုရင်းချုပ်၊စည်းမျဉ်း၊ ဘောင်ကို သိလောက်အောင်ပိဋကတ ကျမ်းဂန် ဗဟုသုတ မရှိ ကြသော်၊ ဗုဒ္ဓဘာသာဖြစ်ရန် အခြေခံကမ္မဿကတဉာဏ်ကို အမှန်သိထား ယုံကြည် ထားလျှင်လည်း ယင်းသို့ မှားချက် နာမည်မဟုတ်ချေ။

http://www.dhammadownload.com

(ခ) မြတ်ဘုရားသာသနာတော်နှင့် ကြုံခိုက်တွင် ဝိပဿနာကုသိုလ်သည်သာ အားကိုးရာကံဟူ၍ သော်လည်းကောင်း၊ လောကုတ္တရာကုသိုလ် သည်သာ အားကိုးရာ ကံအစစ်ဟူ၍သော်လည်းကောင်း၊ သိမြင်ပြုလုပ်ပါမှသာ ကမ္မသကတဉာဏ်အမြင်မှန်ဖြစ်သည်။ ဒါန, သီလ,သမာဓိဈာန်အသိဉာဏ် ကုသိုလ်တို့ကို အားကိုးရာကံဟု သိမြင်ပြုလုပ်လျှင် ကမသကတဉာဏ်မဟုတ်ဟု တစ်ဖက်စောင်းနင်း အဖျင်းစကား အစွန်းရောက်တရားကို ပြောကြသည်၊ ကမ္မသကတဉာဏ်ဖြစ်ချိန်ကို သာသနာတွင်းကာလ-သာသနာပကာလဟု သဗ္ဗညုဗုဒ္ဓတို့က ခွဲခြားတော်မူကြသည်မဟုတ်၊ ယခုခေတ်မှာ အချို့သူတို့ကသာ ကပ်တီးကပ်တပ်ခွဲခြားကြသည်၊ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်ဖြစ်ရန် အောက်ဆုံး အခြေခံအောက်ဆုံးဉာဏ် စည်းမျဉ်းဘောင်ကို ဖေါ်ပြမည်။

(ဂ) အကျဉ်းချုပ်အားဖြင့် အကုသိုလ်ကို မလုပ်သင့်၊ ကုသိုလ် ဟူသမျှကို တကယ်လုပ်သင့်သည်ဟု သိမှတ်သော ဉာဏ်သည် ကောင်း၊ ကံကိုတကယ် အားကိုးသော ကမ္မသကတဉာဏ်မည်၏။ အကုသိုလ် (မကောင်းကံ)ဟူသည် (က) ကောင်းကျိုးကိုဖျက်ဆီး (ခ) မကောင်းကျိုးကိုဖန်တီးသောကံတည်း။ ကုသိုလ် (ကောင်းကံ)ဟူသည် (က) မကောင်းကျိုးကိုပယ် (ခ) ကောင်းကျိုးဖြစ်အောင် ကယ်တင်သောကံတည်း။ အကုသိုလ် (မကောင်းကံ) သည် မကောင်းသော ကြောင့် မည်သူအတွက်မျှ သုံးဆောင်စရာပစ္စည်းဥစ္စာမဟုတ်၊ ထိုအကုသိုလ်ကံ ကိုလည်းကောင်း၊ အကုသိုလ် ကံဖြစ်အောင် ပြောဆိုတိုက်တွန်း နည်းလမ်း ညွှန်သူကိုလည်းကောင်း၊ ရှောင်ကြဉ် ဖယ်ရှား ရမည်ဟု သိမှတ်သော ဉာဏ်သည် လည်းကောင်း ကုသိုလ် (ကောင်းကံ) သည် ကောင်းသောကြောင့် မည်သူ အတွက်မဆို သုံးဆောင်စရာပစ္စည်းဥစ္စာ ဖြစ်သည်၊ ထိုကုသိုလ်ကံကို လည်း ကောင်း၊ ထိုကုသိုလ်ကံဖြစ်အောင် ပြောဆို တိုက်တွန်းနည်းလမ်း ညွှန်းသူကို လည်းကောင်း၊ မဖယ်မရှောင်ဘဲ စွဲစွဲမြဲမြဲအားကိုး ရမည် သိသောဉာဏ် သည်လည်းကောင်း၊ ကမ္မသကတသမ္မာဒိဋ္ဌိဉာဏ်မည်၏။ အတိုချုပ် အားဖြင့် ကုသိုလ် (ခေါ်) ကောင်းကံဟူသမျှသာ အားကိုးရာဟု သိမှတ်သော ဉာဏ်သည် ကမ္မသကတသမ္မာဒိဋ္ဌိဉာဏ် ဖြစ်သည်။

(မ၊ ၃၊ ၂၄၄၊ မိလိန္ဒ၊ ၆၇၊ အဘိ၊ ၆၊ ၁၊ ၁၀၈၊ ၄၃၃။ မ၊ ၆၊ ၁။ ၂၀၀။ နေတ္တိ၊ ၆၊ ၁၇၆-စသည်ကြည့်)။

http://www.dhammadownload.com

ထိုဥာဏ်ရှိပြီးမှ သရဏဂုံယူလျှင် သာမာန်အဆင့်မြင့် ဗုဒ္ဓဘာသာဝင် ဖြစ်သည်၊ ထိုဥာဏ်မရှိဘဲ သရဏဂုံယူလျှင် အဆင့်နိမ့်ဗုဒ္ဓဘာသာဝင် ဖြစ်သည်။ ထိုဥာဏ်ရှိသော်လည်း သရဏဂုံမယူလျှင် ဗုဒ္ဓဘာသာဝင် မဟုတ်သေး၊ ခေတ်စကားပြောလျှင် အရံပါတီဝင်နှင့်တူသည်။

ကမ္မသကတဥာဏ်၏ကောင်းကျိုး

၁၄။ (က) ဤကမ္မသကတသမ္မာဒိဋ္ဌိဥာဏ်၌ တည်၍သတ္တဝါတို့သည် မျှားစွာသော ဝဋ္ဋဂါမိက (ဝဋ်ဆင်းရဲ၌ လည်စေရုံမျှသာ စွမ်းဆောင်နိုင်သော) ကုသိုလ်ကံကို စွဲစွဲမြဲမြဲလက်ကိုင်ပြုကြသောကြောင့် (အာယု ဟိတွာ+အဋ္ဌကထာ) ချမ်းသာအဆက်ဆက်ကို မပြတ်လပ်အောင် ခံစားကြပြီးလျှင် ရဟန္တာစစ် ဖြစ်ကြ သူတို့မှာ မရေတွက်နိုင်အောင်ပင်မျှားသည်ဟု အဋ္ဌသာလနီ အဋ္ဌကထာ-၄၃၃၌ မိန့်ဆိုသည်။ ရှည်မည်စိုး၍ ဥပမာစကားနှင့် ပါဠိမျှားကို ချန်ထားသည်။

(ခ) သာသနာပအချိန်တွင် ပြုခဲ့ကြသော ဝဋ္ဋဂါမိက (ဝဋ်ဆင်းရဲတွင် လည်စေရုံမျှသာ စွမ်းဆောင်နိုင်သော) ဒါန သီလ ဘာဝနာ ကုသိုလ်ကံတို့ ကြောင့်သာလျှင် ဘုရားပွင့်ချိန်တွင် လူနတ်ဗြဟ္မာဖြစ်ကြ၍ နိဗ္ဗာန်ကို ရကြသည်၊ ထို့ကြောင့် ဝိဝဋ္ဋဂါမိက ကုသိုလ်တစ်မျိုးတည်းကိုသာ အားကိုးရာစစ်ကမ္မသကတ သမ္မာဒိဋ္ဌိဥာဏ်ဖြစ်သည်ဟူ၍ သိမှတ်ပြောနေသူတို့ကိုယ်တိုင် သမ္မာဒိဋ္ဌိ (အမှန်မြင် ဥာဏ်ရှိသူ) မဟုတ်ကြောင်းကို ကျမ်းဟောင်းသာဓက ခိုင်လုံစွာ ဖော်ပြလိုက်သည်။ သတိမြဲကြရာသတည်း။

(ဂ) အဋ္ဌကထာအပြောဖြစ်၍ သဘောမနှစ်သက်သေးပါဆိုလျှင် ဝဋ္ဋဂါမိက ကုသိုလ်ကံထက် အကျိုးပေးဆိုးရွားကုန်သော ရာဂ ဒေါသ မောဟ မာန ဒိဋ္ဌိ ပတ္ထနာ (ဘဝနှင့်စည်းစိမ်ကိုလိုချင်တောင့်တမှု) အကုသိုလ်တို့ကို ဥပနိဿယ အကြောင်းပြုလုပ်၍ လုပ်နည်းမှန်ကိုသိသောဥာဏ်ရှိလျှင် လောကမှ လွန်မြောက် မဂ်ပေါက် ဖိုလ်ဝင် နိဗ္ဗာန်မြင်သည်ဟူ၍ မြတ်ဗုဒ္ဓ ဟောညွှန်တော် မူထားသော ပဋ္ဌာန်းဒေသနာပါဠိတော်ကို သာဓကတင်ပြမည်။

အကုသလော ဓမ္မော-ကုသလဿ ဓမ္မဿ ဥပနိဿယပစ္စယေနပစ္စယော၊ ပကတူ ပနိဿယော---ရာဂံ ဥပနိဿယ--ပ--ဒေါသံ (ပ---မောဟံ--ပ-မာနံ--ပ--ဒိဋ္ဌိ---ပ---ပတ္ထနံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊

http://www.dhammadownload.com

ဥပေါသထကမ္မံ ကရောတိ၊ စျာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိအစရှိသည်တည်း။

ဤပဋ္ဌာန်း ပဥ္စာဝါရပါဠိတော်၊ နှာ-၁၄၉၊တွင် ဝိပဿနံ ဥပ္ပါဒေတိ၊ ဝိပဿနာကိုဖြစ်စေသည်၊ မဂ္ဂံ ဥပ္ပါဒေတိ၊ မဂ်ကို ဖြစ်စေသည်ဟူသော နှစ်ဝါကျဖြင့် လိုရင်းကိုသိလောက်ပြီ၊ အကုသိုလ်ကြောင့် လောကုတ္တရာဖိုလ်စိတ်ဖြစ်ပုံကို မြတ်ဗုဒ္ဓဟောတော်မူသော ပဋ္ဌာန်းပဥ္စာဝါရပါဠိတော်-နှာ-၁၅၀-တွင်-

လောဘော ဒေါသော မောဟော မာနော ဒိဋ္ဌိပတ္ထနာ---ပ--
ဖလသမာပတ္တိယာ ဥပနိဿယပစ္စယေန ပစ္စယော။

ရာဂ ဒေါသ မောဟ မာန ဒိဋ္ဌိ ပတ္ထနာ (ဘဝနှင့်စည်းစိမ်ကိုလိုချင်သူ) အကုသိုလ်သည် ဖလသမာပတ်အား ဥပနိဿယသတ္တိဖြင့် ထောက်ပံ့ကျေးဇူးပြုသည်။

(ဃ) အထက်ပါ ပဋ္ဌာန်းပါဠိတော်မြတ်ကို ထောက်၍ ဝဋ္ဋဂါမိကကုသိုလ်-ဝိဝဋ္ဋဂါမိကကုသိုလ်စသည်ခွဲခြားအငြင်းပွားနေကြဖို့ မလို၊ မဆိုင်တာ တွေကို အကျယ်ချဲ့ကာဟောကြား တရားကျင့်ချိန်တွေကို အလကားဖြုန်းပစ်နေဖို့ မသင့်ပေ၊ ဉာဏ်ရှိဖို့နှင့် ကျင့်စဉ် (ခေါ်) လုပ်နည်းမှန်ဖို့သာ လိုရင်းဖြစ်သည်၊ လုပ်နည်းမှားလျှင် ဉာဏ်မမီ၊ ဉာဏ်မမီလျှင် ဉာဏ်မရှိတာနှင့် ဘာမျှမထူးခြား၊ ကောင်းကျိုးမရနိုင်တာချင်း အတူတူပါတကားဟု သိမှတ်ထားကြရသည်။

သုံးသပ်ချက်

စွဲဆိုချက် (၁) ၌ ဝိပဿနာဝိဂြိုဟ်၌ ပညတ္တိ ဌပေတွာထည့်ခြင်း ကြောင့် အပြစ်မရှိ၊ ပညတ္တိ ဌပေတွာ သမုတိဋ္ဌ (ဝိသုဒ္ဓိမဂ်မဟာဋီကာ) ဟု အမှားဖေါ်ပြချက်ဖြင့် စုဒိတကသည် ဝိသုဒ္ဓိမဂ်မဟာ ဋီကာ ကျမ်းပြုဆရာတော်ကြီး၏ ပညာဂုဏ်များကို မတရား ထိပါးချို့ဖဲ့ဖျက်ဆီးသည်။

စွဲဆိုချက် (၂) ၌ မြတ်ဗုဒ္ဓဟောညွှန်တော်မူထားသော ရူပ်-နာမ်ကို ဝိပဿနာရှုနည်းမှန်နှင့် အနိစ္စ ဒုက္ခဝိပဿနာရှုပုံ အမှန်တို့ကို ဝိပဿနာမဖြစ်ဟု ဖယ်ပစ်ခြင်းဖြင့် စုဒိတက၏ဟောချက်သည် မြတ်ဗုဒ္ဓ

http://www.dhammadownload.com

၏ ဂုဏ်တော်များနှင့် တရားတော်များကို မတရားထိပါး ပုတ်ခတ် ချီးဖဲ့ဖျက်ဆီးသည်။

စွဲဆိုချက် (၃) ၌ (က) သံဝေဂသည် ဝိပဿနာဉာဏ်၏ ပဒဋ္ဌာန်ဖြစ်သည်ဟူသော စုဒိတကဟောချက်သည် အလွဲအမှားဖြစ်သည်။

(ခ) ဒါန သီလ ဘာဝနာတို့သည် ဝိပဿနာအတွက် ကြောက်ရမည့် တရားခံများဖြစ်ကြသည်ဟု စုဒိတက ဟောချက် သည် ဗုဒ္ဓသာသနာတော်ပျက်စီးကြောင်း လမ်းစဉ်သို့ ဦးတည်ချက်ထားသည့် နိတ္ထိကဝါဒီတို့၏ မိစ္ဆာဝါဒသာ ဖြစ်သည်ဟု ဝိနည်းမိုရ်ဆရာတော်များ သုံးသပ်တော်မူကြသည်။

စောဒနာအမှတ်- ၃ သုံးသပ်ချက်

အငြင်းပွားချက်

သောဓနာ (ချေပ) လွှာတွင် စုဒိတက ဖော်ပြသည့်အတိုင်း အငြင်းပွားချက် ငါးရပ်ဟူ၍ပင် သဘောတူသတ်မှတ်သည်။

(၁) ဥပါဒါန်အားလုံးကို အတ္တဟု စုဒိတကဟောခြင်း။

(၂) အတ္တာတိ ဂဟိတံ နတ္ထိသည် စုဒိတက၏လုပ်ပါဠိဖြစ်ခြင်း။

(၃) သဿတ-ဥစ္ဆေဒအစွန်းနှစ်ဖက်နှင့် အလုပ်လုပ်တိုင်းငြိနေကြသည်ဟု ဟောခြင်း။

(၄) သူ့အသက်သတ်တာ အကုသိုလ်မဖြစ်ဟု စုဒိတကယူစွဲထားခြင်း။

(၅) စုဒိတကသည် မြတ်စွာဘုရားကို ဆဲရေးသူဖြစ်ခြင်း။

ဟူ၍ စောဒနာ (စွဲဆိုချက်) ငါးရပ်တို့ကို စုဒိတကဟောချက်များနှင့် တကွ ကျမ်းဂန်အထောက်အထား တင်ပြ၍ စောဒနာကြသည်။ စုဒိတက ပုဂ္ဂိုလ်က သောဓနာ (ချေပ) လွှာတင်သည်။

ငြင်းခုံချက်။ ၁။

စောဒက။ ။ ဥပါဒါန်အားလုံးကို အတ္တဟု စုဒိတကဟောခြင်းသည် ကျမ်းဂန်များနှင့် မညီပါ။

စုဒိတက။ ။ အတ္တဝါဒုပါဒါန်ကိုသာ ရည်ညွှန်းပြောပါသည်။

http://www.dhammadownload.com

စီစစ်ချက်။ ၁ ။

(က) စောဒကများ တင်ပြထားသော စုဒိတကဟောချက် ၃/(က) ၌ အထင် အစွဲ၊ ဥပါဒါန်၊ အတ္တဟူ၍ အမည်လေးမျိုး၊ ၃ (ဂ) ၌ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ နှစ်ခုပေါင်း သက္ကာယဒိဋ္ဌိဟု အမည်သုံးမျိုးတို့ကို သုံးစွဲထားသည်။ သောဓနာ (ချေပ) လွှာ ၃/၁ (က) ၌ အတ္တဝါဒုပါဒါန်ကိုသာ ရည်ညွှန်းပါသည်ဟု စုဒိတက ဆိုထားသောကြောင့် စုဒိတက၏သင်တန်း၌ အတ္တဝါဒုပါဒါန်၏ အမည်ခွဲသည် အထင်၊ အစွဲ၊ ဥပါဒါန်၊ အတ္တ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိဟူ၍ ၇- မျိုးရှိသည်။

(ခ) စုဒိတက ဟောချက် (က) အမှတ်ပြု၌ 'ဒီအထင်အစွဲ ဥပါဒါန်ကိုပင် နောက်ပါဠိကဆက်လာတယ်။ အတ္တ' ဟူသော ဟောချက်တွင် ဥပါဒါန်ဟူသော ပုဒ်အရ ဥပါဒါန်လေးမျိုးလုံးကို ဆိုလိုသည်ဟု စောဒကတို့က ယူကြသည်။ စုဒိတကပုဂ္ဂိုလ်က အတ္တဟူသော နောက်ပုဒ်အရ အတ္တဝါဒုပါဒါန်ကိုသာ ရည်ညွှန်းပါသည်ဟု ဆိုသည်။ ဥပါဒါန်ဟူသော အများဆိုင် (သာမည) ရှေးစကားအရ ဥပါဒါန်အားလုံးကို ပြောသည်ဟု ယူသင့်သော်လည်း အတ္တဟူသော သီးသန့် (ဝိသေသ) နောက် စကားဖြင့် ဥပါဒါန်လေးမျိုးတွင် အတ္တဥပါဒါန် (ဝါ) အတ္တဝါဒဥပါဒါန်ကို ယူရမည်ဟု ပြောသူက ဖော်ပြထားသည်ဟူ၍ သိမှတ်ရသည်၊ ဤသည် သဒ္ဒါစည်းမျဉ်း (ခေါ်) စကားပြောနည်း စည်းမျဉ်းမှန်ပေတည်း။ ထို့ကြောင့် အတ္တဝါ ဒုပါဒါန်ကိုသာ ရည်ညွှန်းပြောပါသည်ဟူသော စုဒိတက၏ ချေပချက်ကို ဝိနည်းဓိုရ်များက သဘောတူကြသည်။

ငြင်းခုံချက်။ ၂ ။

စောဒက။ ။ အတ္တာတိ ဂဟိတံ နတ္ထိသည် လုပ်ပါဠိဖြစ်သည်၊ စုဒိတကသည် ထိုလုပ်ပါဠိဖြင့် ဒါန,သီလ,ဘာဝနာ ကုသိုလ်ပြုသူများနှင့် အကုသိုလ်ရှောင်သူများကို သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ သက္ကာယဒိဋ္ဌိထဲသို့ ဆွဲသွင်းနေသည် (၃/၁၀၊ကြောင်း၊ ၁။)

စုဒိတက။ ။ လုပ်ပါဠိမဟုတ်ပါ၊ ဤမှုအရေးတကြီးထား၍ ဟောကြားခဲ့သော အတ္တာဏိ ဂဟိတံ နတ္ထိပါဠိသည် မဟာနိဒ္ဒေသ၊ နှာ- ၂၇၃-တွင် ရှိပါသည်။

http://www.dhammadownload.com

စီစစ်ချက်-၂ ။

(က) စုဒိတကည္ဆန်းချက်အတိုင်း သုတ္တနိပါတပါဠိတော်၊ နှာ-၄၂၁ (ဆဋ္ဌ) ၁၅၄ ၌။

အဗ္ဗတ္တမေဝုပသမေ၊
နှ အညတော ဘိက္ခု သန္တိမေသေယ္ယ။
အဗ္ဗတ္တံ ဥပသန္တသ၊
နတ္ထိ အတ္တာ ကုတော နိရတ္တာ ဝါ။ ။

မဟာနိဒ္ဒေသ။ ပါ၊ နှာ-၂၇၃-၌-

နတ္ထိ အတ္တာ ကုတော နိရတ္တာ ဝါတိ နတ္ထိတိ ပဋိက္ခေပေါ။ အတ္တာတိ အတ္တဒိဋ္ဌိ နတ္ထိ။ နိရတ္တာတိ ဥစ္ဆေဒဒိဋ္ဌိ နတ္ထိ။ အတ္တာတိ ဂတိတံ နတ္ထိ။ နိရတ္တာတိ မုဋ္ဌိတဗ္ဗံ နတ္ထိ။---ပ---နတ္ထိ တသ ပုနဗ္ဘဝေါတိ နတ္ထိ အတ္တာ၊ ကုတော နိရတ္တာ ဝါ၊ တေနာဟ ဘဂဝါ 'အဗ္ဗတ္တမေဝုပသမေ--ပ--နိရတ္တာ ဝါ' တိဟူ၍ ရှိသည်။ (အငြင်းပွားနေခြင်းနှင့် သက်ဆိုင်ရာပါဠိကိုသာ ဤရုံးတော်က ထုတ်ပြသည်။)

(ခ) ဖော်ပြခဲ့သော မဟာနိဒ္ဒေသပါဠိသည် နတ္ထိ အတ္တာ ကုတော နိရတ္တာ ဝါ ဟူသော ဘုရားဟောပါဠိတော်ကို လက်ျာတော်ရံ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကအနက် အဓိပ္ပါယ်အကျယ်ဖွင့် ပြထားသော ပါဠိဖြစ်သည်။ ထို့ကြောင့် အတ္တာတိ ဂဟိတံ နတ္ထိသည် စုဒိတက၏လက်ဖြစ် ပါဠိ(ဝါ) လုပ်ပါဠိလည်းမဟုတ်၊ ဘုရားဟော ပါဠိလည်းမဟုတ်၊ ပညာအရာ ဧတဒဂ်ဘွဲ့ထူးတော်ရ လက်ျာတော်ရံ အရှင်သာရိပုတ္တရာထေရ်မြတ်ကြီး ဟောတော်မူသော ပါဠိဖြစ်သည်၊ ယင်းသို့ ဘုရားဟောမဟုတ်သော်လည်း ဘုရားဟော စကားတော်နှင့် အဓိပ္ပါယ်အားဖြင့် တသားတည်း ညီညွတ်သောကြောင့် ဘုရားဟော ပါဠိကဲ့သို့ပင် လေးစားကြရသောပါဠိဖြစ်သည်။

(ဂ) တရားကိုယ်မှန်၊ သရုပ်မှန်၊ အဓိပ္ပါယ်မှန်အောင် ပါဠိရေးခြင်းကြောင့် အပြစ်အနည်းငယ်မျှ မရှိ။ ဝိဌကကျမ်းဂန်ပါဠိမှန်သော်လည်း တရားကိုယ်လွဲ၊ သရုပ်လွဲ၊ အဓိပ္ပါယ်လွဲအောင် အနက်ပေးခြင်း သာသာပြန်ခြင်း ဟောခြင်း ရေးခြင်းကြောင့် အပြစ်ကြီးတွေ ဆယ်မရအောင် ဖြစ်တတ်သည် စသည်ဖြင့် စောဒနာအမှတ်- ၂/၁ ၊ စီစစ်ချက်၌ ဆုံးဖြတ်ပြီးဖြစ်သည်။

(ဃ) အငြင်းပွားနေသော အတ္တာတိ ဂဟိတံ နတ္ထိဝါကျသည် အထက်ဂါထာရှိအတ္တာဝါကျ၏ အဓိပ္ပါယ်ကို ရှင်းပြသော ဝါကျဖြစ်သည်။ နိရတ္တာတိ

http://www.dhammadownload.com

မုဠိတဗ္ဗံ နတ္ထိဝါကျသည် ဂါထာရှိ နိရတ္တာ ဝါ ဟူသော ဝါကျ၏ အဓိပ္ပါယ်ကို ရှင်းပြသောဝါကျဖြစ်သည်။

ထို့ကြောင့်-

ဥပသန္တသ၊ (လိုက်) မိမိသန္တာန်၌ ကိလေသာငြိမ်းပြီးသော ရဟန္တာ၏။ စိတ္တေ၊ (ထည့်) စိတ်၌။ အတ္တာတိ၊ အတ္တာရှိ၏ဟု။ ဂဟိတံ၊ စွဲယူခြင်းသည်။ (ဝါ)စွဲယူမှုသည်၊ နတ္ထိ၊ မရှိ။ ဥပသန္တသ၊ (လိုက်) မိမိသန္တာန်၌ ကိလေသာငြိမ်းပြီးသော ရဟန္တာ၏။ စိတ္တေ၊ (ထည့်) စိတ်၌။ နိရတ္တာတိ၊ အတ္တာမရှိဟု။ မုဠိတဗ္ဗံ၊ စွန့်လွှတ်ခြင်းသည်သာ။

အဓိပ္ပါယ်ကား- ရဟန္တာပုဂ္ဂိုလ်၏စိတ်၌ အတ္တာရှိတယ်ဟု အလွဲစွဲမှု သဿ-တဒိဋ္ဌိအယူစွဲမရှိ၊ အတ္တာမရှိဟု စွန့်လွှတ်မှုဥစ္ဆေဒဒိဋ္ဌိ အယူစွဲမရှိဟု ဆိုလိုသည်။ (မှတ်ချက်။ သဠာယတနဝဂ္ဂသံယုတ်၊ ၁၀-အဗျာကတဝဂ်၊ ၁၀ အာနန္ဒသုတ် ပါဠိတော်နှာ-၅၆၅နှင့်လည်း ညီရသေးသည်ဟု သတိပြု)

(c) စုဒိတကသည် အတ္တာတိ ဂဟိတံ နတ္ထိကို ပြောင်းပြန်လှန်ကာ နောက်ဆုံးပုဒ်ကစ၍ အနက်ပေးသည့်ပြင် နတ္ထိ-မရှိတာ ကို။ ဂဟိတံ၊ အရှိထား၍ ယူခဲ့သော်။ အတ္တာတိ အတ္တာတိ အတ္တာနာမ- အတ္တအယူ မည်၏ဟု အနက်မှားကို လိုရာဆွဲပေးခဲ့သည်။ စုဒိတကသည် ပြောင်းပြန်လှန်ထား အနက်ပေးမှားသဖြင့် အဓိပ္ပါယ်ယူချက်လည်း ပြောင်းပြန်ဖြစ်ကာ မှားတော့သည်။ အဓိပ္ပါယ်ယူချက် ပြောင်းပြန်လှန်ကာ မှားသဖြင့် သင်တန်းပေးစကားများလည်း ပြောင်းပြန်လှန်ကာ မှားကုန်တော့သည်။ သူ၏သင်တန်းတပည့်တို့လည်း ပြောင်းပြန် လှန်ကျင့်ကြကာ သွက်သွက်လည်အောင် မှားကြတော့သည်၊ ရှေးရှေး ဘေးဘိုးတို့ အဆက်မပြတ် ရရှိသုံးဆောင်ခံစားမြဲဖြစ်သော စကြာရတနာ ပျောက်ဆုံးလူတွေအများအားဖြင့် အပါယ်လေးပါးရောက်ကြကုန်သကဲ့သို့ 'အတ္တာတိ ဂဟိတံ နတ္ထိ' ပါဠိကို စုဒိတက ပြောင်းပြန်လှန်ကာ အနက်ပေးမှားသောကြောင့် နောက်လိုက်တပည့်တွေပါ အားလုံးတို့သည် ဘေးဘိုးတို့မှစ၍ မိဘလက်ထက်အထိ အဆက်ဆက် ကိုးကွယ်အားထား လေးစားဆည်းကပ်မြဲ ဖြစ်သော လောကဌ် အမြတ်ဆုံးဖြစ်သော ဘုရားရတနာ တရားရတနာ သံဃာ ရတနာတို့ ပျောက်ဆုံးကုသိုလ်တွေတုံး လူလုံးမလှ အပါယ်လေးပါးကျဖို့ သေချာနေကြပေပြီ။

(စ) စုဒိတကသည် ယင်းသို့ အနက်မှား အဓိပ္ပါယ်မှား အပြောမှား သင်တန်းစကားတို့ဖြင့် "နတ္ထိ အတ္တာကုတော နိရတ္တာဝါ" ဟု ဟောတော်မူသော

http://www.dhammadownload.com

မြတ်ဗုဒ္ဓနှင့် "အတ္တာတိ ဂဟိတံ နတ္ထိ" ဟု အဓိပ္ပါယ်ဖွင့်သော ပညာအရာ ဧတဒဂ်ဘွဲ့ထူးတော်ရလက္ခာတော်ရဲ့ အရှင်သာရိပုတ္တရာမထေရ်မြတ်တို့၏ ဂုဏ်တော်တို့ကို အဖတ်ဆယ်မရအောင် ဖျက်ဆီးပစ်သည်ပြင် ထိုအမှား၏ နောက်ဆွယ်၌ 'ကဲဗုဒ္ဓဘာသာက ဗုဒ္ဓရဲ့ဘာသာက အတ္တလား။ အတ္တမရှိတာလား (အတ္တမရှိတာဘိုရာ)ဟု အမေးအဖြေ လုပ်ထားသော (က) အမှတ်ပြ ဟောချက်တို့ဖြင့် အနတ္တ၀ါဒအယူရှိတော်မူသော မြတ်ဗုဒ္ဓရှင်တော်ကို အတ္တ၀ါဒ အယူရှိသူဟူ၍ ထပ်ဆင့် စွပ်စွဲပြန်သည်။

(ဆ) သဠာယတနဝဂ္ဂသံယုတ်၊ ၁၀-၀ဂ်၊ ၁၀-အာနန္ဒသုတ်ပါဠိတော်၊ နှာ (၅၆၅)၌-

(၁) အဟဉ္စ--ပ--အတ္ထတ္တာတိ ဗျာကရေယ်၊ ယေ တေ အာနန္ဒ သမဏာ ပြဟ္မဏာ သဿတ၀ါဒါ တေသမေတံ သဒ္ဓိ အဘိ၀ိသ။

၂+အဟဉ္စ-- ပ--နတ္ထတ္တာတိ ဗျာကရေယ်၊ ယေ တေ အာနန္ဒ သမဏ ပြဟ္မဏာ ဥစ္ဆေဒ၀ါဒါ တေသမေတံ သဒ္ဓိ အဘိ၀ိသဟု မြတ်ဗုဒ္ဓ မိန့်ကြားတော်မူချက် ရှိသည်။ အကျယ်လိုမူ ထိုသုတ်တော်၌ ကြည့်ကြကုန်။

အဓိပ္ပါယ်ကား ။

(၁) အတ္တရှိတယ်ဟု ဖြေသော် သဿတ၀ါဒရှိသူတို့နှင့် ၀ါဒတူသူ ဖြစ်ရာ၏။

(၂) အတ္တမရှိဟု ဖြေခဲ့သော် ဥစ္ဆေဒ၀ါဒရှိသူတို့နှင့် ၀ါဒတူသူဖြစ်ရာ၏။

ထို့ကြောင့် အတ္တရှိတယ်ဟုပြောလျှင် ရှိ - အတ္တစွဲသဿတဒိဋ္ဌိဖြစ်၍ အတ္တမရှိဟုပြောလျှင် မရှိအတ္တစွဲ ဥစ္ဆေဒဒိဋ္ဌိဖြစ်သည်။ ယင်းသို့ဖြစ်၍ အတ္တစွဲ နှစ်မျိုးလုံးမှ လွတ်စေရန် အနတ္တဟု မြတ်ဗုဒ္ဓ ဟောညွှန်တော်မူသည်။ ပြခဲ့ပြီး အာနန္ဒသုတ် ပါဠိတော်ကို ထောက်၍ အနတ္တ+အတ္တမဟုတ်ဟု ဘာသာပြန်မှသာ မရှိ-အတ္တစွဲနှင့် ရှိအတ္တစွဲနှစ်မျိုးလုံးမှ လွတ်ကင်းသော ဗုဒ္ဓဘာသာ၀င် ဝီဝီသသ မြန်မာစကားမှန်ကောင်းဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓရဲ့ ဘာသာက အတ္တရှိတာ လား- အတ္တမရှိတာလား။ (အတ္တမရှိတာပါဘုရား) ဟူသော မေးဖြေစကားတို့အရ မေးသူ (သင်တန်းဆရာ စုဒိတက) နှင့် ဖြေသူ(သင်တန်း သား တပည့်များ) သည် မြတ်ဗုဒ္ဓကို မရှိ အတ္တစွဲ ဥစ္ဆေဒဒိဋ္ဌိအယူရှိသူဟူ၍ ပယ်ပယ်နယ်နယ်

http://www.dhammadownload.com

စွပ်စွဲနေကြသည်ဟု ဆိုရတော့သည်။ အပြောမတတ်တော့ ဆဲသလိုဟု ရှေးပညာရှင်များက စကားပုံကောင်းတစ်ခု ပြုထားခဲ့ကြသည်။

မှတ်ချက်။ အတ္ထတ္တာ=အတ္ထိ+အတ္တာ။ နတ္ထတ္တာ=နတ္ထိ+အတ္တာဟု ပုဒ်ဖြတ်၊ ဤသံ၊ ၂။၅၆၅-သုတ်၌ ဝေနေယ္ယာသယအားဖြင့် အတ္တရှိသလား အတ္တမရှိဘူးလား အမေး ၂-ချက်စလုံးကို မြတ်စွာဘုရား ဖြေကြား တော်မမူ၊ အမှန်မှာ- အနတ္တ=နနတ္ထ+ အတ္တ၊ အတ္တအသက်လိပ်ပြာမရှိ၊ ဝါ၊ အတ္တအသက်လိပ်ပြာ မဟုတ် ဤကဲ့သို့ ဗဟုဗ္ဗိဟိသမာသ်, တပ္ပုရိသ်မာသ် ၂-မျိုး လုံးအမှန်ပင် ဖြစ်သည်။

အနတ္တာတိ နတ္ထိ ဧတေသံ အတ္တာ ကာရကဝေဒက သဘာဝေါ၊ သယံ ဝါ နိ အတ္တာတိ အနတ္တာ။ (နေတ္တိ၊ဌ။၄၅)

(၈) အင်္ဂလိပ်အုပ်စိုးမှုအောက်မှ အိန္ဒိယနိုင်ငံ လွတ်လပ်ရေး ရခါနီးတွင် အိန္ဒိယနိုင်ငံ၏အင်္ဂလိပ် လက်အောက် ဘုရင်ခံချုပ် ဖြစ်နေသူ ဆာရာဒါခရစ်-ရှနန်က "အတ္တာ ဟိ အတ္တနော နာထော" ဟု (ဓမ္မပဒ၊ ၃၇၊ ၆၇-နှာ) ဗုဒ္ဓ ဟောတော်မူသောကြောင့် ဂေါတမဗုဒ္ဓသည် ဗြဟ္မဏ ဘာသာဝင်များနှင့်အတူတူ အတ္တဝါဒယူစွဲသူဖြစ်ပါသည်ဟု ရေးခဲ့ပြောခဲ့သည်ကို ဗုဒ္ဓဘာသာဝင်မဟုတ်သူ၏ စွပ်စွဲမှုပဲဟု နှလုံးသွင်းနိုင်ကြသော်လည်း ဗုဒ္ဓဘာသာ ဝင် ရဟန်းတစ်ပါး ဝိဘဇ္ဇဝါဒ အနတ္တသရုပ်ဖော် ဓမ္မနီတိဆရာတော် အမည်ခံယူထားကာ ရုပ်နာမ်လွတ် ဝိပဿနာသင်တန်းပြခေါင်းဆောင် တစ်ဦးလည်း ဖြစ်သော စုဒိတက ပုဂ္ဂလိက မြတ်ဗုဒ္ဓသည် အတ္တဝါဒယူစွဲသူပါဟု စွပ်စွဲနေခြင်းသည် အလွန် ထူးဆန်းသည်။ ယင်းသို့ စွပ်စွဲလိုသော စေတနာလုံးဝမရှိပါ။ စကားပြော လွဲခြင်းသာ ဖြစ်ပါသည်ဟု စုဒိတကပုဂ္ဂလိက ဆိုခဲ့သော် ဤမျှသိလွယ်လှသော အနတ္တအကြောင်း အရာကိုမျှ တိတိပပမသိပဲ အတ္တသရုပ်ဖော် ဓမ္မနီတိ ဆရာတော်အမည်ခံကာ ရုပ်နာမ်လွတ် ဝိပဿနာ သင်တန်းပေးခြင်းသည် ယင်းသို့ မြတ်ဗုဒ္ဓရှင်တော်ကို မဟုတ်မမှန်စွပ်စွဲခြင်း၏ အကြောင်းတစ်ရပ်ပေတည်း။

ခြင်းခုံချက်။ ၃ ။

စောဒက။ ။ သဿတဥ္စ္ဆေဒအစွန်းနှစ်ဖက်နှင့် အလုပ်လုပ်တိုင်း ငြိနေကြသည် သုတဝါပုထုဇဉ်နှ - အသုတဝါပုထုဇဉ်နှ မခွဲခြားသောကြောင့် ဘုရားဟောနှင့်မညီပါ။

http://www.dhammadownload.com

စုဒိတက။ ။ အသုတဝါပုထုဇဉ်အတွက်သာ ရည်ညွှန်းပြောပါသည်။ မသိလို့ သဿတဥစ္ဆေဒကပ်မှား-ဖြာ်မှား နောက်ပါသွား ရတာဟု ပြောရာတွင် မသိလို့ဟူသော အပိုဒ်က သောဇနာပြီး ဖြစ်ပါသည်။

စိစစ်ချက်။ ၃။

(က) စုဒိတကဟောချက် (၈) မှတ်ပြတွင် 'မသိလို့'ဟု ဆိုထားသောကြောင့် အသုတဝါ ပုထုဇဉ်ကို ရည်ညွှန်းပြောသည်ဟု ဆိုခွင့်ရှိသည်။ ဤချေပချက်မှ စုဒိတကအတွက် ကောင်းကျိုးထွက်-မထွက်ကို စိစစ်ချက်၄-၌ ဖော်ပြမည်။

(ခ) ထိုဟောချက်တွင် သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိနှစ်ခုပေါင်းရင် သက္ကာယဒိဋ္ဌိ ဖြစ်တယ်ဟူသော စကားသည် သဘာဝမမှန် ပြောင်းပြန်လှန်နေသော စကား ဖြစ်သည်။ သဿတဒိဋ္ဌိ (ကပ်မှား)နှင့် ဥစ္ဆေဒဒိဋ္ဌိ(ဖြတ်မှား) တို့သည် သဘာဝချင်း မတူကြ၊ ကပ်နှင့်ဖြတ်သည် အဓိပ္ပါယ်သဘာဝလုပ်ပုံ စသည်မတူကြောင်း လွယ်လွယ်သိနိုင်ကြသည်။ သက္ကာယဒိဋ္ဌိကို အကြောင်းရင် ပြု၍ သဿတဒိဋ္ဌိမှ ဖြာထွက်သော နောက်ဆက်တွဲ အကျိုးဖြစ်သည့် သဿတနှင့် ဥစ္ဆေဒနှစ်ခု ပေါင်းလျှင် သက္ကာယဒိဋ္ဌိဖြစ်သည် ဟူသောစကားသည် ကြောင်း-ကျိုးပြောင်း ပြန်လှန်နေသည်။ ဥပမာ- သစ်စေ့မှ (၀ါ) သစ်စေ့ကြောင့် အပင် အကိုင်း အရွက် အပွင့် အသီးတွေ ဖြစ်ပေါ်ကြရာတွင် အပင် အကိုင်း အရွက် အပွင့် အသီးတွေကို စုပေါင်းလိုက်လျှင် သစ်စေ့ဖြစ်လာသည်ဟု ပြောင်းပြန် ပြောသည်နှင့် တူနေသည်။ ဤကား စိတ်မဲ့ဥပမာတည်း။ မိဘနှစ်ပါးမှ (၀ါ) မိဘနှစ်ပါးကြောင့် သားသမီး တွေဖြစ်ပွားလာကြသဖြင့် သားသမီးတွေကို စုပေါင်းလိုက်လျှင် မိဘနှစ်ပါး ဖြစ်လာသည်ဟု ပြောသည်နှင့်မခြားပေ။ ဤကားစိတ်ရှိ ဥပမာတည်း။ ထို့ကြောင့် သဿတဒဋ္ဌိ-ဥစ္ဆေဒဒိဋ္ဌိ နှစ်ခုပေါင်းရင် သက္ကာယဒိဋ္ဌိ ဖြစ်သည် ဟူသော ပြောင်းပြန်လှန်စကားကို ပယ်ထားကြ၍ သက္ကာယဒိဋ္ဌိကို အရင်းခံပြုကာ နောက်ဆက်တွဲ သဿတဒိဋ္ဌိနှင့်ဥစ္ဆေဒဒိဋ္ဌိတို့ နှစ်ဖြာကွဲထွက်လာသည်၊ ယင်းသို့ ဖြစ်လာသောကြောင့် အရင်းခံ သက္ကာယဒိဋ္ဌိ ပြုတ်ပြုတ်ပြိုးအောင် လုပ်ဖို့ အရေး ကြီးသည်ဖြစ်၍ ရင်ဝလှံစူး ထိပ်ဦး မီးလောင်ခြင်းခံနေရသူသည် စူးနေသော လှံ-လောင်နေသောမီးကို အရေးတကြီး မထားဘဲ၊ ထိုအချိန်တွင် သက္ကာယ ဒိဋ္ဌိကိုသာ အရေးတကြီးထား၍ ပယ်သတ်ရန် မြတ်ဗုဒ္ဓကိုယ်တော်တိုင် ညွှန်ကြား ထားပါသည်ဘုရားဟူသော စုဒိတက၏ သောဇနာပါ စကားအတိုင်း မြတ်ဗုဒ္ဓက သက္ကာယဒိဋ္ဌိကို ပယ်သတ်ရန် ဟောညွှန်တော်မူသည်။ အရင်းခံ ဖြစ်သော

http://www.dhammadownload.com

သဏ္ဌာယဒိဋ္ဌိပြုတ်လျှင် နောက်ဆက်တွဲ သဿတဒိဋ္ဌိ-ဥစ္ဆေဒဒိဋ္ဌိလည်း ပြုတ်အောင် ထပ်လုပ်စရာမလို၊ ဧကန်ပြုတ်ပြီး ဖြစ်တော့သည်ဟု မြတ်ဗုဒ္ဓ၏ ဟောတော်မူလိုရင်းကို ရှင်းရှင်းလင်းလင်း သိကြရာသတည်း။

ငြင်းခုံချက်။ ၄ ။

စောဒက။ ။ သူ့အသက်သတ်တာ အကုသိုလ်မဖြစ်ဟု စုဒိတက စွဲယူထားသည်။ သတ်တဲ့ခဏလေးမှာတော့ အကုသိုလ်ဖြစ်တယ်၊ ဒါယောဂီတို့ ယူတဲ့အယူကို ပြောတာအစရှိသော စုဒိတက ဟောချက် (၃/၂(ဂ) ကို ထောက်ပြကြသည်။

စုဒိတက။ ။ ဗုဒ္ဓဘာသာဝင်တိုင်း၏ အသိတွင် သူ့အသက်သတ်လျှင် အကုသိုလ်ဖြစ်သည်ဟု ယူပြီးသောကြောင့် ဒါယောဂီတို့ အယူဟု ပြောခြင်းသာ ဖြစ်ပါသည် (သောခနာ (ချေပ) လွှာ-၃/၃ (ယ)။

စီစစ်ချက် ။၄ ။

(က) (၁) စုဒိတက၏ သောခနာ(ချေပ)လွှာအရ ဗုဒ္ဓဘာသာဝင်တိုင်း၏ အသိတွင် သူ့အသက်သတ်လျှင် အကုသိုလ်ဖြစ်သည်ယူပြီး ဖြစ်သောကြောင့် ဟူသော အကြောင်းပြချက်နှင့်အညီ ဗုဒ္ဓဘာသာဝင်တိုင်း သိပြီး ယူပြီးဖြစ်သော ထိုအချက်သည် အနည်းငယ်မျှ ထူးဆန်းမှုမရှိသဖြင့် 'ဒါယောဂီတို့ ယူတဲ့အယူကိုပြောတာ' ဟု ထည့်စွက်ပြောရန်မလိုပေ၊ မပြောရလျှင် မနေနိုင်ပါ ဆိုခဲ့သော် 'ဒါအားလုံးသိပြီးသား' စသည်ဖြင့် ရှင်းရှင်းရိုးရိုးပြောသင့်သည်၊ ယင်းသို့ ရှင်းရှင်းရိုးရိုးမပြောပဲ' ဒါယောဂီတို့ ယူတဲ့အယူကို ပြောတာ'ဟု ရှုပ်ထွေး ထူးဆန်းစွာပြောခဲ့သည်။

(၂) စုဒိတက သင်တန်းပေးရာ၌ 'ယောဂီတို့၊ ဘုန်းကြီးတို့'၊ 'ယောဂီတို့ ဘုန်းကြီးတို့'ဟူ၍ ပြောလေ့ရှိသည်ကို အကြိမ်များစွာ ကြားသိရသည်၊ ဤနေရာ၌ 'ဘုန်းကြီးတို့' ဟူသော စကားလုံးမပါခြင်းသည် ထူးခြားချက် တစ်ရပ်ပင် ဖြစ်သည်။

(၃) ရှိ-တရား၊ မရှိတရား (ပရမတ်-ပညတ်) ခွဲခန်း စောဒနာလွှာ-၁/၉(ဂ)၌ ကုသိုလ် အကုသိုလ် တကယ် ရှိတာလား၊ အရိပ်ထင်တာလား (အရိပ်ထင်တာပါ ဘုရား)ဟူသော စုဒိတကဟောချက်အရ ကုသိုလ် အကုသိုလ်တို့သည် တကယ်

http://www.dhammadownload.com

မရှိ၊ အရိပ်ပမာ ပညတ်တရားတွေသာ ဖြစ်ကြသည်ဟု စုဒိတက ဟောချက် ရှိသည်။

(၄) ပြခဲ့ပြီး အကြောင်းသုံးရပ်ကြောင့်လည်း "အတ္တာတိ ဂဟိတံ နတ္ထိ" အရ မရှိသော အကုသိုလ်ကို တကယ်ရှိတယ် ဟု ယူခဲ့သော် သဿတဒိဋ္ဌနှင့် ဥစ္ဆေဒဒိဋ္ဌ အစွန်းနှစ်ဖက် ငြိနေမည်ဟု စုဒိတက ယူစွဲထားသောကြောင့် 'ဒါ ယောဂီတို့ယူတဲ့ အယူကို ပြောတာ' ဟူသော ရှုပ်ထွေးထူးဆန်းသည့် စကားဖြင့် စုဒိတကသည် သူ့အသက် သတ်တာ အကုသိုလ်မဖြစ်ဟု ယူစွဲထားသည်ဟူသော စောဒကတို့ စွဲချက်အတိုင်း ဟုတ်မှန်သည်ဟု ရုံးတော်က သဘောတူသည်။

(ခ) (၁)စောဒနာ-၁/၉ (ဂ) စုဒိတကဟောချက်တွင် အကုသိုလ်သည် မရှိတရား၊ အရိပ်ပညတ်ဟု ဆိုထားချက်ကို လည်းကောင်း (၂) စောဒနာ-၃/၁ (က) စုဒိတကဟောချက်တွင် မရှိတာကို ရှိတယ်လို့ယူတာ "အတ္တ"ဟု ဆိုထား ချက်ကိုလည်းကောင်း (၃) စောဒနာ-၃/၁ (ဂ) စုဒိတကဟောချက်တွင် "သတ်ဆဲ ခဏမှာတော့ အကုသိုလ်ဖြစ်တယ်၊ ရပ်သွားတော့ ဒီအကုသိုလ် နောက်ထပ် ဖြစ်သေးလား (မဖြစ်တော့ပါဘုရား) မဖြစ်တော့ဘူး"ဟူသော ဝါကျများနှင့် တစ်ဆက်တည်း "ဒီသဿတ ဥစ္ဆေဒ ယူထားတဲ့ပုဂ္ဂိုလ်က"ဟူသော နောက်ဝါကျ ကို စုဒိတက ဆိုထားသည် ကိုလည်းကောင်း ဆက်စပ်လိုက်လျှင် သူ့အသက် သတ်ဆဲခဏမှာ အကုသိုလ်ဖြစ်တယ်ဟု ယူသော် အတ္တစွဲသဿတဒိဋ္ဌဖြစ်သည်။ ရပ်သွားတော့ ဒီအကုသိုလ် နောက်ထပ် မဖြစ်တော့ဘူးဟု ယူသော် အတ္တစွဲ ဥစ္ဆေဒဒိဋ္ဌဖြစ်သည်ဟူ၍ စုဒိတက ဆိုလိုချက် အဓိပ္ပါယ်မှန်သည် အလွန်ထင်ရှား ပေါ်လွင်သည်။ ထို့ကြောင့် စုဒိတက ၏ ဝါဒသည် မြတ်ဗုဒ္ဓလက်ထက်တော်၌ မြတ်ဗုဒ္ဓသာသနာ၏ ဆန့်ကျင်ဖက် ဖြစ်သည့် အရည်းကြီး အဇိတ၏ ကုသိုလ် အကုသိုလ်မရှိဟူသော နတ္ထိကဝါဒဟောင်းကို အဓိပ္ပါယ်အကျယ်ဖွင့်ဆိုကာ ပြန်လည်ရှင်သန် ကြီးထွားလာအောင် ဗုဒ္ဓဝါဒယောင်ယောင် ကြောင်တောင် တောင် လုပ်၍ မြေတောင်မြှောက်ပေးနေသည့် နတ္ထိကဝါဒ စစ်စစ်ဖြစ်သည်။ ယင်းသို့ဖြစ်သောကြောင့် စောဒနာအမှတ် ၃၊ ငြင်းခုံချက်-၃၊ သောဓနာ (၃) (ဂ)တွင် "သဿတဒဋ္ဌ ဥစ္ဆေဒဒိဋ္ဌ အစွန်း နှစ်ဖက်နှင့် အလုပ်လုပ်တိုင်း ငြိနေ သည်"ဟူသော ဟောချက်သည် အသုတဝါ ပုထုဇဉ်ကို ရည်ညွှန်းပြောပါသည် အစရှိသော စုဒိတက၏ ချေပချက်မှ စုဒိတက အတွက် ကောင်းကျိုးထွက်မှု

http://www.dhammadownload.com

တစ်စုံတစ်ရာမရှိ၊ အမှန်မဟုတ်သည့် ချေပချက်သာ ဖြစ်နေကြောင်း ပေါ်လွင်လာသည်။

ငြင်းခုံချက်။ ၅ ။

စောဒက။ ။ စုဒိတကသည် မြတ်စွာဘုရားကို ဆဲရေးသူဖြစ်သည်။ မွေးရာပါ ခန္ဓာကိုယ်ကြီးမဟုတ်တာကို ရှိတယ်ဟု ယူလျှင် အတ္တဒိဋ္ဌိဟု "အတ္တာတိ ဂဟိတံ နတ္ထိ" လုပ်ပါဠိဖြင့် ဓမ္မနီတိက ဟောပြောနေသောကြောင့် ပါ ဘုရား ဟူ၍ တင်ပြကြသည်။ (စောဒနာ ၃/၁၁)။

စုဒိတက။ ။ အပိုဒ်ငယ် (ခ)သောဓနာဖြင့်ပင် ပြေလည်လောက်ပြီ။ (သောဓနာ-၃/၃ (ဂ)ကိုကြည့်)။

စိစစ်ချက်။

မြတ်ဗုဒ္ဓက ကုသိုလ် အကုသိုလ်တို့သည် တကယ်ရှိ ပရမတ်တရားများ ဖြစ်ကြသည်ဟု ဟောတော်မူသည်။ စုဒိတကပုဂ္ဂိုလ်က ကုသိုလ် အကုသိုလ်တို့သည် တကယ်မရှိ၊ ပညတ်တရားများဆိုသည်။ (စောဒနာ-၁၊ ပရမတ်ပညတ် ခွဲပုံ (ဂ)ကိုကြည့်) ယင်းသို့ ကွဲလွဲကြရာတွင် စုဒိတကပုဂ္ဂိုလ်က "တကယ်မရှိတာကို တကယ်ရှိတယ်ဟုယူလျှင် "အတ္တာတိ ဂဟိတံ နတ္ထိ"အရ အတ္တဒိဋ္ဌိ"အရ အတ္တာဒိဋ္ဌိ သဿတဒိဋ္ဌိ သတ္တာယဒိဋ္ဌိ အထင်အစွဲ ဥပါဒါန်ဟူဆိုသည်၊ (စောဒနာ-၃၊ စွဲချက် ၁+၂ ကြည့်)။ ထိုစကားသည် မြတ်ဗုဒ္ဓကို အတ္တဒိဋ္ဌိ စွဲယူသူဟူ၍ စုဒိတကပုဂ္ဂိုလ်က စွပ်စွဲဆဲရေးရာရောက်သည်။ ယင်းသို့ဖြစ်၍ စုဒိတကသည် "အတ္တာတိ ဂဟိတံ နတ္ထိ"ဖြင့် မြတ်စွာဘုရားကို ဆဲသူဖြစ်သည်ဟု စောဒကများ၏ စွဲဆိုချက်ကို ဤရုံးတော်က သဘောတူညီသည်။

"အတ္တာတိ ဂဟိတံ နတ္ထိ"သည် စုဒိတက၏ လုပ်ပါဠိမဟုတ်ပေ၊ အနက်သည်သာ အဓိပ္ပါယ် ပြောင်းပြန်လှန်နေအောင် စုဒိတက လိုရာဆွဲထားသော အနက်လွဲဖြစ်သည်၊ စိစစ်ချက်အကျယ်ကို စောဒနာ-၃၊ စွဲဆိုချက်-၂ စိစစ်ချက်-၂-၌ ပြခဲ့ပြီးပြီ။

သုံးသပ်ချက်

စွဲဆိုချက် (၁) ၌ အထင်၊ အစွဲ၊ ဥပါဒါန်ဟူသော စုဒိတက၏ စကားတွင် အတ္တဝါဒ ဥပါဒါန်ကိုသာ ဆိုလိုပါသည် ဟူသော

http://www.dhammadownload.com

စုဒိတက၏ ဆိုချက်မှန်သည်။ ဥပါဒါန်-၄-ပါး လုံးကို ယူသင့်သည်ဟူသော စောဒကတို့၏ဆိုချက် မှားယွင်းသည်။

စွဲဆိုချက် (၂) ၌ "အတ္တာတိ ဂဟိတံ နတ္ထိ"သည် စုဒိတက၏ လုပ်ပါဠိ ဟူသော စွဲချက်မှားသည်၊ အနက်ပေးရာ၌ အဓိပ္ပါယ်မှန်ကို ပြောင်းပြန်လှန်အောင် စုဒိတက လိုရာဆွဲထားသည်။ စုဒိတက၏ အနက်ပေး အဓိပ္ပါယ်ယူဆပုံ မှားသည်။

စွဲဆိုချက် (၃) ၌ စုဒိတက၏ဝါဒသည် နတ္ထိက မိစ္ဆာဝါဒ ဖြစ်သည်။

စွဲဆိုချက် (၄) ၌ သူ့အသက်သတ်လျှင် အကုသိုလ်မဖြစ်ဟု စုဒိတက ယူစွဲထားသည်ဟူသော စွဲဆိုချက် ဟုတ်မှန်သည်။

စွဲဆိုချက် (၅) ၌ စုဒိတကသည် မြတ်စွာဘုရားကို အတ္တဒိဋ္ဌိ ယူစွဲသူ ဟု စွပ်စွဲ ဆဲရေးရာရောက်သည်၊ ဤသို့ ဝိနည်းဓိုရ် ဆရာတော်များ သုံးသပ်တော်မူကြသည်။

စောဒနာအမှတ် (၄) သုံးသပ်ချက်

အငြင်းပွားချက်။

(က) အဘိဓမ္မာဒေသနာတော်ကို သေးနုပ်သိမ်ဖျင်းအောင် ဘေးဖယ်ခြင်း၊

(ခ) ခုနစ်ဝါအတွင်း ရုပ်နာမ်ကို ဘုရားမဟောဟု ငြင်းဆိုခြင်း တို့နှင့် ပတ်သက်၍ စောဒနာတင်ကြသည်၊ စုဒိတက ပုဂ္ဂိုလ်က သောဓနာသည်။

ငြင်းခုံချက်။ ၁။

စွဲဆိုချက်။ ။ အဘိဓမ္မာဒေသနာတော်ကို ပုတ်ခတ်စော်ကားထားပါသည်၊ စုဒိတကဟောချက် (က) မှတ်ပြတွင် "နောက်ပိုင်း ရုပ်နာမ်တွေပေါ်ပြီးမှ ကျွတ်တန်းဝင်တဲ့သူ ခပ်ရှားရှား ဖြစ်သွားတယ်" ဟူသော ဟောချက်ကို ထောက်ပြကြသည်။

ချေပချက်။ ။ အဘိဓမ္မာတရားကို မပုတ်ခတ်မပယ်ရှားပါ။ အဘိဓမ္မာ တရားကို ပုတ်ခတ်လို၍ မဟုတ်ကြောင်း၊ အကယ်၍

http://www.dhammadownload.com

တိပ်ခွေတွင် စကားပြည့်စုံအောင် မပါသော်လည်း ဦးတည်ချက် အမှန်ဖြင့် စေတနာကောင်းထား၍ ပြောခြင်းသာ ဖြစ်ပါသည်။ (သောဓနာ-၃/၂)။

စိစစ်ချက်

(က) စုဒိတကဟောချက်များတွင် "(၁) ခုခေတ်ဗုဒ္ဓဘာသာတွေက ရုပ်ကလေး နာမ်ကလေးပါမှ တရားရမယ်လို့ထင်နေကြတယ်။ (၂) ခုနစ်ဝါ မတိုင်ခင်-၆-နှစ် ကျော်ကျော်လောက် ဘာနာမ် ဘာရုပ်တရားမှ ပါစရာမရှိဘူး၊ အဲဒီတုံးက ကျွတ်တန်းဝင်တဲ့ပုဂ္ဂိုလ်တွေဟာ ပိုလဲများတယ်၊ နောက်ပိုင်း ရုပ်နာမ်တွေပေါ်ပြီးမှ ကျွတ်တန်းဝင်တဲ့သူ ခပ်ရှားရှားဖြစ်သွားတယ် "ဟူသော ဟောချက်များနှင့် စုဒိတက၏ သောဓနာလွှာ ၄/၂ ၌ အဘိဓမ္မာတရားကို ပုတ်ခတ်လို၍ မဟုတ်ကြောင်း၊ --ပ-- စေတနာကောင်းထား၍ ပြောနေခြင်းသာ ဖြစ်ပါသည် ဟူသော ချေပချက်တို့ကို နှိုင်းယှဉ်ကြည့်ပါလျှင် ဆင်သေကောင်ကြီး အပုပ်နံ့ ထောင်းထောင်းထွက်ခါမှ ဇီးရွက်ငယ်ဖြင့် ဖုံးသကဲ့သို့ အပြစ်ကြီးကို ကျူးလွန်ပြီးမှ စေတနာကောင်းထား၍ ဟူသော စကားမျှဖြင့် ဖုံးနေခြင်းသာ ဖြစ်သည်။

(ခ) စုဒိတကသည် ရုပ်နာမ်ကိုသာ အဓိကဦးတည်ချက်ပစ်မှတ် အဖြစ်ထား၍ ပုတ်ခတ်ပြောကြားပြီး သူ၏ရုပ်နာမ်လွတ်သော အဘိဓမ္မာက ပုံပေါ်လာအောင် နည်းပေါင်းစုံဖြင့် ဖော်တင်၍ ရုပ်နာမ်လွတ်သော ဝိပဿနာသင်တန်း၏ အကျိုးကျေးဇူး အထူးများပုံတို့ကိုအသားပေး ဖော်ပြလိုရင်းဖြစ်သည်၊ ထိုကြောင့်ပင် ရုပ်နာမ်တရားတို့၏ အပြစ်အနာတွေ 'မကောင်းတာတွေပေါ်လွင်အောင် ရုပ်နာမ်တရားမဟောခင်အချိန်မှာ အကျိုးကျေးဇူးထွန်းကား၍ ကျွတ်တန်းဝင်သူတွေ ပိုများသည်၊ ရုပ်နာမ်ကိုဟောပြီးချိန်မှာ ရုပ်နာမ်ဝင်ရှုပ်သောကြောင့် အကျိုးကျေးဇူး ဆုတ်ယုတ်၍ ကျွတ်တန်းဝင်သူ ခပ်ရှားရှားဖြစ်သွားသည်ဟု နှိုင်းယှဉ်ပြသည်။

(ဂ) ရုပ်နာမ်ကို ဦးတည်ချက်ထား၍ ထောင်းထုချေဖျက်ရာတွင် အဘိဓမ္မာ ဒေသနာတော်၌ ရုပ်နာမ်အကြောင်းအရာများစွာ ပါသောကြောင့် ရုပ်နာမ်နှင့် ဆက်နွယ်နေသော ဘိဓမ္မာဒေသနာတော်ကိုလည်း ထောင်းထု ချေဖျက်အပြစ်တင်ချက်စကား ပြောကြားတော့သည်၊ အဘိဓမ္မာဒေသနာတော် အားလုံးကို ထောင်းထုချေဖျက် ပုတ်ခတ်လိုသော စေတနာအရင်းခံမရှိ သော်လည်း ကြက်သွန်သန့်သန့်နေလျှင်-လွတ်ကြီး၊ ငရုတ်သီးနှင့် ပေါင်းတာကြောင့်

http://www.dhammadownload.com

ထောင်းသကွဟု ဆိုသကဲ့သို့တည်း။ မြတ်ဗုဒ္ဓသည်လည်း အဘိဓမ္မာ ဒေသနာတွင် ရူပ်နာမ်ကို ထည့်သွင်း ဟောတော်မူသောကြောင့် "ရူပ်နာမ်ကို ထည့်ဟောပါက ကျွတ်တန်း ဝင်သူတွေ ခပ်ရှားရှားဖြစ်သွားမည်" ဟု ကြိုတင်မသိ၊ ရူပ်နာမ်တွေထည့်ဟောပြီး နောက်မှာ ရူပ်နာမ်မဟောခင်-၆-နှစ်ကျော်ကျော် ရူပ်နာမ်ကို မထည့်ဘဲ တရား ဟောတုံးကလောက် ကျွတ်တန်းဝင်သူမများ ခပ်ရှားရှား ဖြစ်ကုန်ပြီဟု ပရိနိဗ္ဗာန် ဝင်စံတော်မူချိန်ထိ-၃၉-နှစ် တိတိ လုံးဝမသိ၊ တိတ်တိတ်သား မသိဟူ၍ အဝုတ္တ သိဒ္ဓိ (တိုက်ရိုက်မပြောဘဲ၊ ကိစ္စပြီးသော) နည်းဖြင့်၊ စုဒိတက၏ အပြစ်တင်ခြင်းမှ မလွတ်ချေ။ ရူပ်နာမ်တွေပေါ်ပြီး နောက်မှာ ကျွတ်တန်းဝင်သူတွေ ခပ်ရှားရှား ဖြစ်သွားသည်ဟု စုဒိတကက သိသကဲ့သို့ မြတ်ဗုဒ္ဓသိတော်မူပါလျှင် ရူပ်နာမ်တရားကို နည်းအမျိုးမျိုးဖြင့် ဆက်လက်ဟောတော်မူမည်မဟုတ်ပေ၊ ယင်းသို့မသိ၍ ရူပ်နာမ်တရားကို ဆက်လက် ဟောတော်မူသောကြောင့် စုဒိတကလောက်မျှ အသိဉာဏ်မရှိတဲ့ ဘုရားအဖြစ်သို့ ရောက်တော်မူသွားရသည်။ စုဒိတကသည် လည်း မြတ်ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်တော်ထက်ပင် သာလွန်သိစွမ်းနိုင်သော ဉာဏ်ရှိသူ ဖြစ်သွား တော့သည်၊ ဤသည်စကား၏ အဓိပ္ပါယ်မှန်ကို ဖော်ရာ၌ ပိဋကကျမ်းဂန်တို့၏ မူလစဉ်လာ ဓမ္မတာပေတည်း။

(ခ) စေတနာကောင်းထား၍ ပြောနေခြင်းသာ ဖြစ်ပါသည်ဟူသော စုဒိတက၏ ချေပချက်ရှိသည်၊ ခ်ီပါသားနဲ့ ပခန်းသား ထမ်းပိုးပြိုင်သလို၊ ဝါဒပြိုင်ပွဲမှာ အသုံးချတဲ့အဘိဓမ္မာဟု (၂၀/၃၂ (ခ ခ) တိတ်-၁၆-အော့) ဟောချက်များ ရှိသောကြောင့် စုဒိတက၏ ထိုချေပစကားမမှန်ကြောင်း ပေါ်လွင်သည်။ စုဒ္ဓိတက၏ စေတနာကောင်းထားခြင်းသည် အဖေအပေါ် စေတနာကောင်းထား ၍ အဖေ၏ နဖူး၌ ကိုက်နေသောခြင်ကိုကျည်ပွေ့ကြီးဖြင့် ထုသတ်သကဲ့သို့ ဖြစ်နေသည်၊ ယင်းသို့ဖြစ်သောကြောင့်-

အဘိဓမ္မံ ပဋိဘာဟေန္တော ဣမသ္မိံ ဇိနစက္ကေ ပဟာရံ ဒေထ၊

အဘိဓမ္မာတရားတော်ကို ပုတ်ခတ်ဖယ်ရှားသူသည် ဤမြတ်စွာ ဘုရား၏ သာသနာတော်၌ ပုတ်ခတ်ဖျက်ဆီးမှုကို ပေးသူဖြစ်သည်၊ သဗ္ဗညုတ ဉာဏ်ပဋိဘာဟတိ-မြတ်ဗုဒ္ဓရဲ့ သဗ္ဗညုတဉာဏ်တော်ကို တားမြစ်သူဖြစ်သည် စသည်ဖြင့် အဋ္ဌသာလိနီအဋ္ဌကထာ-၃၀-နှာ၌ ပြဆိုထားကြောင်းကို စောဒကတို့က တင်ပြထားကြသည်။

http://www.dhammadownload.com

ခြင်းခုံချက်။ ၂ ။

စွဲဆိုချက်။ ။ ခုနစ်ဝါအတွင်းမှာ ရုပ်နာမ်ကို ဘုရားမဟောဟု စုဒိတက ခြင်းဆိုပါသည်။

စုဒိတကဟောချက်များတွင် "ဘုရားပွင့်စ မူလပထမဟောကြားတဲ့တရား ဒေသနာတွေမှာ ဘာရုပ်ဘာနာမ်တွေမှပုံကြီးချဲ့မပါပါဘူး၊ဓမ္မစကြာတရားမှာဆို အလျှင်း မပါသေးပါဘူး" ဟူသော ဟောချက်ကိုထောက်ပြကြသည်။

ချေပချက်။ ။ ပုံကြီးချဲ့ပြီးမပါပါဘူး" ဟူသော စကားလုံးဖြင့် ပြေလည်လောက်ပြီဟု ယူဆပါသည်။

စိစစ်ချက်။ ၂ ။

(က) စောဒနာများစွဲချက်များကို အပိုဒ်အလိုက် ခွဲခြားမပြသောကြောင့် စောဒနာချက်ကို တိတိကျကျသိဘို့ အခက်အခဲပိုလာသည်ဟု စောဒနာ အမှတ်-၃/၁တွင် စုဒိတကတင်ပြခဲ့သည်၊ ဤအမှတ်-၄-စောဒနာ၌ စောဒကတို့က စောဒနာချက်နှစ်ချက်ကို စောဒနာလွှာ တတိယကြောင်းရေအစ၌ နံပါတ် မတပ်ဘဲ တစ်ကြိမ်၊ စောဒနာတို့၏ သုံးသပ်ချက်အရ အစတတိယစာ ကြောင်း၌ နံပါတ်တပ်၍ တစ်ကြိမ် တိတိပပ ဖော်ပြထားကြသည်။

(ခ) စုဒိတကသည် စောဒကတို့က သေသေချာချာတင်ပြထားသော နံပတ် (၂) စောဒနာချက်ကို လုံးဝမပယ်ဖြုတ်၍ (ခ) ခုနှစ်ဝါမြောက်ရောက်မှ အဘိဓမ္မာ ဒေသနာတော်ပေါ်လာသည်ဟု ဟောခြင်းတို့ဖြစ်ပါသည်ဟု (သောဓနာလွှာ၄/ ၁ (ခ) ကြောင်းရေ-၇) ရှင်းရှင်းပြောင်ပြောင်ပင် အကြံအဖန် လုပ်အစားထိုးကာ ဖော်ပြခဲ့ပြီးလျှင် မိမိဖန်တီးထားသော ထိုစောဒနာချက် ကိုသာ နံပါတ်ခုန်ကျော် အကျယ်ချဲ့ကာ သောဓနာ (ချေပ) ခဲ့သည်။

(ဂ) ဤရုံးတော်၌ စောဒကတို့၏ စောဒနာလွှာအပြည့်အစုံရောက်နေသည်ကို စုဒိတကကိုယ်တိုင်မျက်မြင်တွေ့ပြီးဖြစ်ပါလျက် မသိဟန်ပြုကာ စောဒကတို့၏ စွဲချက်နံပါတ် (၂) စာသားများကိုလည်းမမြင် ကြောင်တောင် လုပ်၍ အစားထိုးစောဒနာချက်ကို တင်ပြခြင်းဖြင့် ရှင်းရှင်းပြောင်ပြောင်ပင် မျက်လှည့်ပြခဲ့ကြသည်၊ ထို့ကြောင့်လည်း စုဒိတက၏၊ ဩတ္တပ္ပအတိုင်းတာမှန်နှင့် သမာဓိ စွမ်းရည် တည်မြဲခိုင်မှု၏ အတိုင်းအတာမှန်တို့သည် ပင်ကိုယ်သဘာဝ အတိုင်း

http://www.dhammadownload.com

သာလျှင် အလွန်ထင်ရှားပေါ်လွင်လာသည်။ စုဒိတကသည် မိမိ (စုဒိတက) ကိုယ်တိုင် ဤရုံးတော်သို့ တင်သွင်းသော သောဓနာလွှာစာအုပ် နိဒါန်း စာမျက်နှာ (ဃ) ပုဒ် (၆) ၏ အဆုံးခ်ီ စောဒကတို့၏ ပြုလုပ်ပုံကို ရည်ညွှန်းတင်ပြခဲ့သော "ထိုသို့သော ဖြစ်ရပ်မှန်များ ထင်ရှားနေပါလျက် သီးခြားဝိနည်းဓိုရ် ဆရာတော်ကြီးများ ရှေ့မှောက်တွင် လိမ်လည်လှည့်ဖြား၍ မဟုတ်မမှန်လုပ်ကြံပြီး တင်ပြသွားရဲသည်မှာ အလွန်ပင် အံ့ဩစရာကောင်းလှပါသည်ဘုရား" ဟူသော မိမိ (စုဒိတက)၏ စာများကိုမေ့လျော့တာ လွယ်လှ မြန်လှသည်ဟု ဆိုဖွယ်ဖြစ်နေသည်။

(ဃ) (ပုံကြီးချဲ့ပြီး မပါပါဘူး) ဟူသော စကားလုံးဖြင့် ပြေလည်လောက်ပါပြီဟု ယူဆပါသည်ဘုရား"အစရှိသော စုဒိတက၏ သောဓနာ) (ချေပ) ချက်သည် (၁) ဗုဒ္ဓဂေါတမသည် ခုနစ်ဝါရောက်တော့မှ ဒီနာမ်ရူပ်တရားတွေကို ဟောကြားထားပါတယ်၊ ခုနစ်ဝါမြောက်ရောက်တော့မှ ဟောကြားတာ။ (၂) ဒီခုနှစ်ဝါ မတိုင်ခင် ခြောက်နှစ်ကျော်ကျော်လောက်က ဘာနာမ် ဘာရူပ် တရားမှ ပါစရာ မရှိဘူး"ဟူ၍ စုဒိတက၏ ယတိပြတ်ပြောထားခဲ့သော သင်တန်းပေးစကားများကို ချေဖျက်နိုင်စွမ်းမရှိချေ၊ ထို့ပြင်စုဒိတက၏ သောဓနာ-၄/၁ (ခ) ဒုတိယပုဒ်၌ "ထိုသို့ ရူပ်နာမ်တရားခန္ဓာငါးပါးတို့ကို" အစချီသော ချေပချက်ကပင် အဘိဓမ္မာဒေသနာကို မဟောခင်အချိန်၌ ရူပ်နာမ်ကို မြတ်ဗုဒ္ဓဟောတော်မူကြောင်း စုဒိတကကိုယ်တိုင်ဝန်ခံထားရာရောက်သည်။

(ဂ) သောဓနာ (ချေပ) လွှာ-၄/၁ (ခ) တတိယပုဒ်၌ ဤနေရာတွင် အစချီ၍ "ထိုထိုအဘိဓမ္မာအကြောင်းအရာတွေကို အာရုံမပြန့်စေရန် ရည်သန်ပြောကြားခြင်း ဖြစ်ပါသည်" ဟူသော စကားသည် ယုံကြည်ဖွယ် မရှိသော စကားဖြစ်သည်။ ထိုထိုအဘိဓမ္မာအကြောင်းအရာတွေကို အာရုံမပြန့်စေရန် ရည်သန်ရိုးမှန်လျှင် ခုနစ်ဝါအဘိဓမ္မာအကြောင်းကို ပြောရန်လုံးဝမလိုချေ၊ အာရုံမပြန့်စေရန် ယင်းသို့ အဘိဓမ္မာဒေသနာအကြောင်းကို အကျယ်တဝင့် ပြောရသည်ဆိုချက်ကို ဖြောင့်မတ်သူတိုင်းက ယုံကြည်မည်မဟုတ်ပေ။

(စ) သောဓနာ (ချေပ) လွှာ-၄/ (ခ) စတုတ္ထပုဒ်၌ "(အနိစ္စ၊ ဒုက္ခ လက္ခဏာတို့ပင်) ဘုရားပွင့်ခြင်း၏ အဓိကပန်းတိုင်မဟုတ်သေးပါ" ဟူသော စုဒိတက စကားသည် ရှေ့-နောက်စကားစပ်မရှိသောကြောင့် အလွဲအချော် မတော်မလျော် ကတ်သီးကတ်သတ်လုပ်တတ်သူတို့၏ သဘာဝမ္မတာဆိုးနှင့် အညီ

http://www.dhammadownload.com

ဟိတ်ဟန်ကြီးထွား မျက်လှည့်ပြ စကားမျှသာဖြစ်သည်၊ ဟိတ်ဟန်ကြီးထွား ထိုအပိုစကားနှင့် အဆက်အစပ်မမှန်ပဲ နောက်ဆက်တွဲဆိုထားသော "အနတ္တ လက္ခဏာသည်သာ ပရိယတ် ပဋိပတ်အားလုံးတို့၏ အနှစ်သာရဖြစ်ပါသည်" ဟူသော စုဒိတကစကားသည်လည်း အနတ္တလက္ခဏာမှ အခြားကုန်သော မြတ်ဗုဒ္ဓဟောကြား တရားတော်များအားလုံးကို အနှစ်သာရဘာမျှမရှိ၊ အကာ အတိတရားတွေဟု ထိပါးပုတ်ခတ်ဖျက်ဆီးသည့် စကားဖြစ်နေပါသည်၊ "သာ" ဟူသော စကားလုံးနှင့် အဝုတ္တသိဒ္ဓိနည်း အတ္ထာပန္နနည်းဟူသော ပိဋကစည်းမျည်းတို့ကို သတိပြုလေ။ အနတ္တလက္ခဏာသည်သာ ပရိယတ်-ပဋိပတ်အားလုံးတို့၏ အနှစ်သာရဖြစ်ပါသည်ဟူသော ထိုမျက်လှည့်ပြစကားကို သာသနာဖျက် လက်နက်တစ်ရပ်အဖြစ် ဖန်တီးကိုင်စွဲ၍ အနိစ္စ,ဒုက္ခ, ဟု ဝိပဿနာရှုခြင်းတို့သည် အနတ္တလောက်တန်ဘိုး မရှိကြဟု ကွေကောက်ချိုးဖဲ့ မျက်လှည့်ပြကာ နိဗ္ဗာန်လမ်းမှန်၌ အနိစ္စ ဒုက္ခ လက္ခဏာယာဉ်တို့ကို "အနတ္တ မရှုလျှင် မဝင်ရဟု ပြကာပိတ်ဆို့တော့သည်။

(ဆ) သံယုတ္တနိကာယ် (သံ၊ ၂၊ ၂၃၆၊ ၇-နှာ)နှင့် အင်္ဂုတ္တရနိကာယ် (အံ၊ ၂၊ ၃၈၄၊ ၄၀၅၊ ၆-နှာ)ပါဠိတော်တို့၌ အနိစ္စသုတ်၊ ဒုက္ခသုတ်၊ အနတ္တ သုတ်ဟူ၍ တစ်သုတ်စီ ခွဲကာ မြတ်ဗုဒ္ဓဟောတော်မူထားသောကြောင့် အနိစ္စလက္ခဏာ ရှု၍ လည်း နိဗ္ဗာန်ရနိုင်သည်၊ ဒုက္ခလက္ခဏာ ရှု၍ လည်း နိဗ္ဗာန်ရနိုင်သည်၊ အနတ္တ လက္ခဏာရှု၍လည်း နိဗ္ဗာန်ရနိုင်သည်၊ လက္ခဏာနှစ်ပါးရှု၍လည်း နိဗ္ဗာန် ရနိုင်သည်၊ လက္ခဏာသုံးပါးစုံ ရှု၍လည်း နိဗ္ဗာန်ရနိုင်သည်ဟူ၍ မှတ်ယူခြင်းသည် မြတ်ဗုဒ္ဓဝါဒမှန် ဖြစ်ကြောင်း အလွန်ထင်ရှားပေါ်လွင်သည်၊ ထိုကြောင့် ဘုရားပွင့်တော်မူပြီးမှ အနတ္တပွင့်လန်းလာသည်ဟု ပြောခွင့်ရှိသည်၊ အနတ္တကို ဟောဘို့ဘုရားလာသည်ဟူ၍လည်းကောင်း အနတ္တမှဗုဒ္ဓသာသနာ တော် အစစ်စသည်ဖြင့်လည်းကောင်း အဆန်းထွင်ကာ အမှားတွေကို မပြောသင့်ကြပေ။ ပြောခဲ့သော် အနတ္တလက္ခဏာမှ အခြားကုန်သော တရားတို့ကိုလည်း ဟောတော်မူ သောကြောင့် ဘုရားရှင်သည် ဘုရားမပီသသူဟူ၍ စွပ်စွဲရာသို့လည်းကောင်း အနတ္တမှဘုရား သာသနာအစစ်၊ အနတ္တမှ ကျန်တာအားလုံး ဘုရားသာသနာ အတု တွေဟု မြတ်ဗုဒ္ဓတရားတော်များကို ထိပါးပုတ်ခတ်ဖျက်ဆီးသူ အဖြစ် သို့လည်းကောင်း၊ အဝုတ္တသိဒ္ဓိနည်း အတ္ထာပန္နနည်းတို့နှင့်အညီ ဧကန် ရောက်ကြရမည်ဟူ၍ အထူးသတိပြုကြပါလေ။

http://www.dhammadownload.com

(၈) ဘုရားပွင့်တော်မူခြင်း၏ အဓိကပဓာန ပန်းတိုင်အမှန်သည် သတ္တဝါတွေကို အရဟတ္တဖိုလ်ရသည်တိုင်အောင် ပို့ဆောင်ဖို့ တစ်ခုတည်း တစ်ချက်တည်း တစ်မျိုးတည်းသာဖြစ်သည်၊ ထို့ကြောင့် နိဗ္ဗာန်မြင်ဖို့ အထောက်အကူဖြစ်ကုန်သော ဒါန သီလ သမထ ကုသိုလ် လုပ်ငန်း စဉ်ကောင်းများနှင့်တကွ အနိစ္စ ဒုက္ခ အနတ္တဟူသော ဝိပဿနာရှု နည်းမှန် သုံးမျိုးတို့ကိုလည်း မြတ်ဗုဒ္ဓ ဟောညွှန် တော်မူထားသည်၊ ယင်းသို့ ဖြစ်၍ အနိစ္စလက္ခဏာဖြစ်စေ၊ ဒုက္ခ-လက္ခဏာဖြစ်စေ တင်၍ ဝိပဿနာ ရှုနည်းတို့သည်လည်း အနတ္တလက္ခဏာ ကဲ့သို့ပင် ဘုရား သာသနာအစစ် တွေသာဖြစ်ကြသည်၊ အတုတွေ မဟုတ်ကြ ကုန်ဟူ၍ စွဲစွဲမြဲမြဲ မှတ်ထား ကြရာသည်။

(၈၂) ပရိယတ်ပဋိပတ်အားလုံးတို့ကို အဆီညစ် အနှစ်သာရ ရှာယူလျှင် သရဏဂုံသုံးပါးနှင့် အနိစ္စ ဒုက္ခ အနတ္တဟူ၍ (၆)ပါးကို ဧကန်ရသည်၊ အနတ္တ တစ်မျိုးတည်းကိုသာ ဘုရားသာသနာအစစ် အနှစ်သာရအဖြစ် ရယူသူတိုင်းသည် ဘုရား တရား သံဃာ သရဏဂုံသုံးဖြာ အမြတ် ရတနာ တို့နှင့်တကွ အနိစ္စ ဒုက္ခဝိပဿနာရှုနည်းမှန်တို့ကို ဖယ်ရှားခြင်းကြောင့် ဘုရားသာသနာတော်နှင့် ကြုံရခြင်း၏ အကျိုးကျေးဇူး တို့ကို ကောင်းစွာမရကြဘဲ ဘုရားပယ် တရားပယ် သံဃာပယ် ကုသိုလ် ပြုလုပ်တတ်ကြသည်၊ ငါသည်ဘုရား၊ ငါ့မှတရား၊ ငါ့သည် သံဃာဟု နေရာလုကြတော့သည်။

သုံးသပ်ချက်

စောဒကများတင်ပြထားသော စောဒနာအမှတ်-၄-ပါ စုဒိတက၏ ဟောချက်များသည်-

(၁) မြတ်ဗုဒ္ဓ၏ အဘိဓမ္မာဒေသနာတော်ကို ကျွတ်တန်းဝင်သူ ခပ်ရှားရှားဖြစ်အောင် ကောင်းကျိုးဆုတ်ယုတ်စေသော ဒေသနာတော် ဖြစ်သည်ဟူ၍ မမှန်သောအကြောင်းတို့ဖြင့် ထိပါးပုတ်ခတ် ဖျက်ဆီးကြသည်။

(၂) မြတ်ဗုဒ္ဓ၏ ရှုပ်နာမ်ပရမတ်နှင့်စပ်သော တရားတော်များကို ကျွတ်ဘန်းဝင်သူခပ်ရှားရှားဖြစ်အောင် ကောင်းကျိုးဆုတ်ယုတ်စေသော တရားများဖြစ်သည်ဟု မမှန်သောအကြောင်းတို့ဖြင့် ထိပါးပုတ်ခတ် ဖျက်ဆီးကြသည်။

(၃) အဘိဓမ္မာဒေသနာတော်နှင့်တကွ ရှုပ်နာမ်ပရမတ်နှင့်စပ်သော တရားတော်များကို ဟောညွှန်တော်မူသော မြတ်ဗုဒ္ဓကိုလည်း သဗ္ဗညုဗုဒ္ဓ

http://www.dhammadownload.com

မဟုတ်ဟူ၍ အများအထင်မှားအောင် မမှန်သောအကြောင်းတို့ဖြင့် ထိပါးပုတ်ခတ် စွပ်စွဲကြသည်ဟု ဝိနည်းဓိုရ်ဆရာတော်များ သုံးသပ်တော်မူကြသည်။

စောဒနာအမှတ်-၅၊ သုံးသပ်ချက်

အငြင်းပွားချက်။ (၁) အပါယ်လေးပါးဆိုတာ လက်ရှိဘဝပါပဲဟု ဟောချက်များ၊

စုဒိတုကတ်၏ (၂) ၃၁-ဘုံကိုပယ်သော ဟောချက်များသည် ပိဋကတ် ကျမ်းဂန်များနှင့် မညီပါဟု စောဒနာကြသည်။ စုဒိတက-ပုဂ္ဂိုလ်က သောဓနာ (ချေပ)လွှာတင်၍ ဖြေရှင်းသည်။

ငြင်းခုံချက်။ ၁ ။

စွဲဆိုချက်။ ။အပါယ်လေးပါးဆိုတာ လက်ရှိလူ့ဘဝပါဘဲဟူသော ဟောချက်ဖြင့် စုဒိတကသည် ဗုဒ္ဓဝါဒကို အယုံအကြည် မရှိ အဆိုတင်သည်။ (၅/၁၁) အပါယ်လေးပါးဆိုတာ သီးသန့်ရှိနေတာမဟုတ်ပါဘူး၊ အဝီစိဆိုတာ လက်ရှိ ဘဝဟာ အဝီစိပါဘဲ (တိတ်ခွေအမှတ်-၈၊ အေ၊ စောဒနာ၊ ၅/၅)စသော စုဒိတကဟောချက်တို့ကို ထောက်ပြကြ သည်။

ချေပချက်။ ။ "ဧဝမေတသ္မ ကေဝလသ္မ ဒုက္ခက္ခန္ဓသ္မ" အရ ဒုက္ခအစု၊ ဒုက္ခ အတုံးကို ဥာဏ်ဖြင့်မြင်လာအောင် အပါယ်လေးပါးနှင့် နှိုင်းယှဉ်ပြခြင်းသာဖြစ်ပါသည် စသည်ဖြင့် သဠာယတ နှ ဝဂ္ဂသံယုတ်၊ ဒေဝဒဟဝဂ်၊ ခဏသုတ်ပါဠိတော်မှ လိုရင်းချက်ကို သာဓကတင်ပြသည်။

စိစစ်ချက်။ ၁ ။

ဓမ္မနီတိ၏ အာဘိဓမ္မာ

(က) စုဒိတကဟောချက်နှင့် ချေပချက်တို့၌ "အစ္ဆ၊ ကိလေသဝဋ်၊ သမုဒယ၊ အကြောင်းသစ္စာ" ဟူသော စကားလုံးတို့ကို တွဲ၍လည်းကောင်း၊ ခွဲ၍ လည်းကောင်း ပြန်ကြွေရွှမ်ထွေးစွာ သုံးစွဲထားသည်။ ထိုစကားလုံးတို့ကို ဗုဒ္ဓအာဘိဓမ္မာအတိုင်း မဟုတ်ဘဲ သူလိုရာဆွဲကာ ပုံစံဖျက်၍ သုံးစွဲထား သည်၊ မျက်လှည့်ပြထားသည်။

(ခ) ထမင်းစားတာကို သရုပ်ခွဲကြည့်ကြစို့၊ ပါးစပ်က သမုဒယသစ္စာ၊ စားတာက ဒုက္ခသစ္စာဟူ၍ (စောဒနာ၊ ၅/၁ (က) စုဒိတကဟောချက်

http://www.dhammadownload.com

၌) သင်တန်းပေးထားသည်၊ "ဆွမ်းလောင်းတာ၏ကို သရုပ်ခွဲကြည့်ကြ စို့၊ လက်က အကြောင်း သမုဒယသစ္စာ၊ ဆွမ်းလောင်းတာက အကျိုး ဒုက္ခသစ္စာ "--ပ--ဆွမ်းလောင်းတာ အဝိစိရောက်နေတာ"ဟူ၍ (စောဒနာ၊ ၅/၂-(ခ) စုဒိတက ဟောချက်၌)သင်တန်းပေးထားသည်၊ ထို့ကြောင့် မိမိခန္ဓာကိုယ်ရှိ လက်၊ ခြေ၊ နား နှာခေါင်း၊ မျက်စိ၊ ပါးစပ်အစရှိကုန်သော အစိတ်အပိုင်းများကို အစွဲကိလေသဝင်္ဂ သမုဒယ အကြောင်းသစ္စာဟူ၍ စုဒိတကဆိုနေကြောင်း ပေါ်လွင်သည်။

မြတ်ဗုဒ္ဓ၏ အဘိဓမ္မာ

(ဂ) မြတ်ဗုဒ္ဓ၏ အဘိဓမ္မာ၌ (၁) ကိလေသဝင်္ဂဟူသည် အဝိဇ္ဇာ၊ တဏှာ ဥပါဒါန်။ (၀ါ) မောဟ၊ လောဘ၊ ဒိဋ္ဌိဟူသော အကုသိုလ်နာမ်တရား (၃)မျိုးတည်း။ (၂)အကြောင်းသမုဒယသစ္စာဟူသည် တဏှာ (ခေါ်) လောဘ အကုသိုလ်နာမ်တရားတည်း။

ထို့ကြောင့် သဗ္ဗီဟက်ကျမ်း၌-

(၁) အဝိဇ္ဇာတဏှာ ပါဒါနာစ ကိလေသဝင်္ဂံ၊ (၂) တဏှာသမုဒယော ဘဝေ၊

ဘာသာပြန်။ (၁) အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်တို့သည် ကိလေသဝင်္ဂ ဖြစ်ကြသည်။ (၂) တဏှာ (လောဘ) သည် သမုဒယသစ္စာ ဖြစ်သည်။

ဝါဒနှစ်ရပ်ကွဲလွဲပုံ

(ဃ) မြတ်ဗုဒ္ဓဝါဒနှင့် ဓမ္မနီတိ (စုဒိတက)၏ ဝါဒတို့ ကွဲလွဲချက်ကို သိလွယ်အောင် နှိုင်းယှဉ်ပြမည်။

မြတ်ဗုဒ္ဓဝါဒ။ ။ ကိလေသဝင်္ဂသည် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်တို့တည်း။

ဓမ္မနီတိဝါဒ ။ ။ (၁) ကိလေသဝင်္ဂသည် မိမိ၏ တလဲမျှသောခန္ဓာကိုယ်ရှိမျက်စိ၊ နား၊ နှာခေါင်း၊ ပါးစပ်၊ လက်၊ ခြေ စသော အစိတ်အပိုင်းတို့ကို ဆိုသည်။

(၂) ဗုဒ္ဓအဘိဓမ္မာ၌ ဆိုထားသော အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်-(ခေါ်) အကုသိုလ်နာမ်တရားတို့သည်ရှိ-တရား ပရမတ်များ မဟုတ်ကြကုန်။ မရှိ-တရား၊ အရိပ်၊ ပညတ်၊ သမုတိသစ္စာတို့သာ ဖြစ်ကုန်၏၊ ထိုအကုသိုလ်

http://www.dhammadownload.com

နာမ်တရားတို့ကို ရှု-တရားပရမတ်များ ဟု ယူစွဲလျှင် အတ္တာတိ ဂဟိတံ နတ္ထိ (ဘုရားဟောပါဋ္ဌ) အရ အတ္တ ဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ၊ အထင်၊ အစွဲ၊ ဥပါဒါန်တွေကို လက်ထဲ ဆုပ်ကိုင် ထားသူ တို့၏ မိစ္ဆာဝါဒဖြစ်သည်။ (စောဒနာ၊ ၂၊ ၃ ပြန်ကြည့်)။

မြတ်ဗုဒ္ဓဝါဒ။ ။ သမုဒယသစ္စာဟူသည် တဏှာ (ခေါ်) လောဘ အကုသိုလ်တည်း။

ဓမ္မနီတိဝါဒ ။ ။ (၃) အကြောင်းသမုဒယသစ္စာဟူသည် မိမိ ခန္ဓာကိုယ်ရှိ မျက်စိ၊ နာ၊ နှာခေါင်း၊ ပါးစပ်၊ လက်ခြေစသော အစိတ် အပိုင်းတို့တည်း။

(၄) ဗုဒ္ဓအာဘိဓမ္မာ၌ ဆိုထားသော တဏှာ (ခေါ်) လောဘ အကုသိုလ်နာမ်တရားသည် ရှု-တရား ပရမတ်မဟုတ်။ မရှိတရား၊ အရိပ်၊ ပညတ်၊ သမုတိ သစ္စာ ဖြစ်သည်။ ထိုတဏှာ (ခေါ်)လောဘအကုသိုလ် နာမ်တရားကိုရှု-တရား ပရမတ်ဟုယူမှားလျှင် အတ္တာဟိ ဂဟိတံ နတ္ထိ (ဘုရားဟောပါဋ္ဌ) အရ အတ္တဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ၊ အစွဲ၊ ဥပါဒါန် တွေကို လက်ထဲ ဆုပ်ကိုင်ထားသူတို့၏ မိစ္ဆာဝါဒ ဖြစ်သည်။ (စောဒနာ-၂၊ ၃ ပြန်ကြည့်)။

(ဂ) ဤဝိဝါဒနှစ်ရပ်ကွဲလွဲချက်အမှန်ကို သိမြင်လျှင် ၃၁-ဘုံ၊ ကုသိုလ်၊ အကုသိုလ်တွေဟာ တကယ်မရှိ၊ အရိပ်ပညတ်တွေပါဟု ပြောနေသော ဓမ္မနီတိ သည် မြတ်ဗုဒ္ဓရှင်တော်ကိုပင် အတ္တဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ၊ အထင်၊ အစွဲ၊ ဥပါဒါန်ကို လက်ထဲ ဆုပ်ကိုင်ထားသူ မိစ္ဆာဝါဒီဟု နည်းပရိယာယ်ကြွယ်ကြွယ်ဖြင့် သွယ်ဝိုက်လှည့်ပတ်ဆဲရေးတတ်သူ အမှန်စင်စစ် ဖြစ်နေကြောင်းကို ထင်ရှားသိနိုင်ကြပြီးဖြစ်ပေသည်။

(စ) စောဒကတို့က အပါယ်လေးပါးဆိုတာ လက်ရှိလူဘဝပါပဲဟု စုဒိတကဟောချက် မှားယွင်းကြောင်း အပါယ်လေးပါး သီးခြားရှိနေကြောင်းကို ပါဋ္ဌိတော် အဋ္ဌကထာ ဋီကာ သာဓကများစွာ ထုတ်ပြထားကြသည်မှာ မှန်ကန် သင့်မြတ်သည်။ မြတ်ဗုဒ္ဓကိုယ်တော်တိုင်က ယင်းသို့ အပါယ်လေးပါး သီးခြားရှိကြောင်း ဟောတော်မူသည်မှာလည်း မရှိသည်ကိုအရှိလုပ်၍ ဟောတော်မူသည် မဟုတ်ချေ၊ မြတ်ဗုဒ္ဓကိုယ်တော်တိုင် မှန်စွာသိမြင်တော်မူ၍ အပါယ်ဘေးဆိုးကြောက်မက်ဖွယ် အမျိုးမျိုးတို့နှင့် မတွေ့ကြုံကြစေရန် အကုသိုလ်မှုတို့ကို မပြုဘဲ ရှောင်ကြဉ်ခြင်းဖြင့် ကောင်းကျိုးရကြစေရန် မဟာကရုဏာ တော်အရင်းခံဖြင့် ဟောညွှန်တော် မူခြင်းဖြစ်သည်။

http://www.dhammadownload.com

(ဆ) (၁) ဒုက္ခအစု၊ဒုက္ခအတုံးကို ဉာဏ်ဖြင့်မြင်လာအောင် အပါယ်လေးပါးနှင့် ယှဉ်ပြရခြင်းမှာ (ပမတ္တသ ဟိနာမ စတ္တာရောအပါယာ သကဂေဟသဒိသာ) မမ့်မလျှော့လျှော့ ပျေါ်ပျေါ်ဆဆနေသူများအား အပါယ်လေးပါးသည် မိမိအိမ်နှင့် ထပ်တူထပ်မျှဖြစ်၏ဟူသော ဒေသနာတော်များနှင့် အညီ ဖြစ်ပါသည်ဟု (သောဓနာ ၅/၁၊ ၌) စုဒိတကဆိုချက်ရှိသည်။ ပမတ္တသ စသော ထိုပါဠိသည် စက္ခုပါလ (ခေါ်)မဟာပါလိတမထေရ်မြတ်က အတူ တရားကျင့်ဖော် ရဟန်းတော် (၆၀)တို့အား နှိုးဆော်ချက်စကားဖြစ်သည်။

(၂) မဟာပါလိတမထေရ်နှင့် ရဟန်း (၆၀)တို့သည် မြတ်စွာဘုရားထံတော်မှ ရဟန္တာဖြစ်သည်ထိ ကျင့်စဉ်မှန်ကို နာခံမှတ်သား ကြပြီးလျှင် သာဝတ္ထိမြို့မှ ယူဇနာ(၁၂၀)ဝေးကွာသော ရွာကြီးအနီး တောကျောင်းတို့တွင် သီတင်းသုံးကြစဉ် ဝါဆိုမည့်နေ့၌ စုရုံးကြ၍ ဝါတွင်း၌ တရားကျင့်ရန် စည်းမျဉ်းကို ဆွေးနွေးကြသည်၊ ရဟန်း(၆၀)တို့က ဣရိယာပုတ်လေးပါးလုံးဖြင့် နေထိုင်လျက် တရားကျင့်ကြမည်ဟု လျှောက်ထားချက်ကို ခေါင်းဆောင်ဖြစ်သော မဟာပါလိတမထေရ်မြတ်က မကျေနပ်၍ ငါ့ရှင်တို့ ဒီဝါတွင်းမှာ ဣရိယာပုတ်လေးပါးလုံးဖြင့် နေထိုင်ကာ တရားကျင့်ကြမည်ဆိုတာ မသင့်တော်ပါ၊ မမ့်မလျှော့သူတွေ ဖြစ်သင့်ကြတယ်မဟုတ်ပါလား၊ ငါတို့သည် သက်တော်ထင်ရှား မြတ်ဘုရားထံတော်မှ ကမ္မဋ္ဌာန်းကို တောင်းခံမှတ်သားခဲ့ကြတယ်၊ မမ့်မလျှော့လျှော့ ပျေါ်ပျေါ်တန်တန် နေခြင်းဖြင့် ဘုရားရှင်၏ စိတ်တော်ကို နှစ်သက်ရစေဖို့ မသင့်တော်ကြကုန်၊ ထိုဘုရားရှင်တို့ကို ကောင်းကျိုးဆောင်ရန် ဦးတည်ချက်အမှန်ဖြင့် နှစ်သက်စေသင့်ကုန်၏။ ပမတ္တသစ နာမ စတ္တာရောအပါယာ သကဂေဟသဒိသာ၊ အပမတ္တာ ဟောထာဝုသောတိ (ဓမ္မပဒ၊ ၅၂ ပတ္တဝ-နှာ-၆) ကုသိုလ်လုပ်ငန်းကောင်းတို့၌ မမ့်လျှော့ပျေါ်ဆသူအတွက် အပါယ်လေးပါးတို့သည် မိမိနေအိမ်နှင့်တူကြသည်၊ ကုသိုလ်လုပ်ငန်းကောင်းတို့၌ မမ့်မလျှော့ မပျေါ်ဆသူတွေ ဖြစ်ကြပါစေ ငါ့ရှင်တို့ဟု တိုက်တွန်းတော်မူသည်။

(၃) ထိုမဟာပါလိတမထေရ်မြတ်၏ တိုက်တွန်းစကားတွင် ကုသိုလ်လုပ်ငန်းတို့၌ မမ့်လျှော့ပျေါ်ဆသူအတွက် အပါယ်လေးပါးတို့ဟာ မိမိအိမ်နှင့် တူကြသည်ဟူသော စကား၏ အဓိပ္ပါယ်မှန်မှာ ကုသိုလ်လုပ်ငန်းတို့၌ မမ့်မလျှော့ မပျေါ်ဆခဲ့သောကြောင့် ယခုဘဝ ကုသိုလ်ကံ အကျိုးပေးနေခိုက်တွင် လူ့ဘဝကို ရနေကြသော်လည်း ကုသိုလ်လုပ်ငန်းတို့၌ မမ့်လျှော့ပျေါ်ဆကြလျှင် အပါယ်

http://www.dhammadownload.com

လေးပါးသို့ ရောက်ရမြဲဖြစ်သည်၊ အပါယ်လေးပါး ကိုယ့်အိမ်သဖွယ်ပင် ဖြစ်သည်၊ ထို့ကြောင့် ကုသိုလ်လုပ်ငန်းတို့၌ မပေါ့ဆကြပါနှင့် ငါ့ရှင့်တို့ဟု ဆိုလိုသည်။ ဤလူ့ဘဝသည်ပင် အပါယ်လေးပါးဟု ဆိုလိုသည် မဟုတ်ချေ။ စုဒိတကသည် အမှန်သိဉာဏ်မရှိသောကြောင့် ဆွမ်းလောင်းခြင်း၊ ပုတီးစိပ်ခြင်း၊ ဘုရားရှိခိုးခြင်း သီလဆောက်တည်ခြင်း အစရှိကုန်သော ကုသိုလ်လုပ်ငန်းကောင်းတို့ကို မမေ့မလျော့ကြဘဲ စွမ်းနိုင်သမျှ ပြုလုပ်နေကြသူတွေကို အဝီစိကျနေသည်ဟု ပြောသည်၊ သာသနာဖျက် ဦးတည်ချက်သက်သက်ကိုသာ ထားရှိစွဲယူနေသူ ဖြစ်သည်။

(၈) (၁) သဠာယတနဝဂ္ဂသံယုတ်၊ ဒေဝဒဟဝဂ်၊ ခဏသုတ်၊ နှာ(၃၄၁)၌ ဟောကြားသည့်နှင့်အညီ အပါယ်လေးပါးနှင့် နှိုင်းယှဉ်ပြပါသည်။ ပ--မျက်စေ့ဖြင့် တစ်စုံတခုသော အဆင်းကို မြင်သောအခါ ကျေနပ်နှစ်သက်ခြင်းမရှိခဲ့သော် ငရဲတို့သာ ဖြစ်သည်၊ ကျေနပ်နှစ်သက်သည်ရှိသော် နတ်ပြည်တို့သာဖြစ်၏ဟု ဟောကြားထားပါသည်ဟု စုဒိတကချေပချက်ရှိသည်။

(၂) ထိုချေပချက်ပါ လိုရင်းအဓိပ္ပါယ်သည် မူရင်းပါဠိတော်နှင့် အဋ္ဌကထာဋီကာတို့၌မရှိဘဲ စုဒိတက၏ ထင်မြင်ချက်သာဖြစ်၏၊ ထိုထင်မြင်ချက်မှားမှန်ကိုစိစစ်သော် လူတွေဆွမ်းလောင်းလှူကြသည်ကို စုဒိတကမြင်သောအခါ ကျေနပ်နှစ်သက်ခြင်းမရှိသောကြောင့် ငရဲကြီးသည်၊ ငရဲကျနေသည်ဟု တိုက်ရိုက်အဓိပ္ပါယ်ထွက်နေသည်၊ ယင်းသို့ လူတွေ ဆွမ်းလောင်းလှူနေမှုကို မြင်နေရခြင်းကြောင့် စုဒိတက ငရဲကျနေသည်ကို ပရိယာယ်အားဖြင့် လိုးလွှဲ ဆိုလိုသဖြင့် ဆွမ်းလောင်းတာ အဝီစိကျသည်ဟူ၍ စုဒိတကဖက်က ကြည့်၍ စုဒိတကအတွက်သာ ပြောနေခြင်း ဖြစ်သည်မှာ အလွန်ထင်ရှားသည်။ သင်တန်းဆရာစုဒိတကနှင့်တကွ ထိုစုဒိတက စကားကို လေးစားလိုက်နာကြသူ သင်တန်းသားသည် အခြားသူတွေ မမေ့မလျော့ ကုသိုလ် ပြုနေကြသည်ကို မြင်တွေ့ကြားသိ ရသောအခါ အဝီစိသို့ ကျနေကြသည်။ အခြားသူတွေ ကုသိုလ်ကောင်းမှု မပြုကြသောအခါ ကျေနပ်နှစ်သက် နတ်ပြည်ရောက် နေကြသည်ဟု စုဒိတက သင်တန်းပေးနေကြောင်းလည်း ပေါ်လွင်လာသည်။

(၃) ထိုသို့ စုဒိတက (ဓမ္မနီတိ)နှင့်တကွ သင်တန်းသားတပည့်တစ်စုတို့ ယခု လူ့ဘဝမှာပင် မသင့်လျော် မမှန်သော နှလုံးသွင်းမှု (အယောနိသောမနသိကာရ) ကြောင့် အဝီစိရောက်လိုက်၊ နတ်ပြည်ရောက်လိုက် ဖြစ်နေကြသည်ကိုပင် မြတ်ဗုဒ္ဓ ရှင်တော်က လာဘာ ဝတ-သင်တို့သည် လူ့ဘဝကို အရ

http://www.dhammadownload.com

တော်လေစွ၊ ကောင်းလေစွ၊ သင်တို့သည် အကျင့်မြတ်ကို ကျင့်သုံးခြင်းငှာ အခွင့်အလန်း ရရှိလေစွဟူ၍ ခိုးမွမ်းတော်မူသည်ဟူ၍လည်း စုဒိတက ပြောဆို နေကြောင်း ပေါ်လွင်သည်။

(၄) ခဏသုတ်ပါဠိတော်ကို လိုရင်းချုပ်မျှ ဘာသာပြန်မည်-

ရဟန်းတို့ သင့်တို့သည် လာဘ်ကောင်းကြီးကို ရကြပါပေသည်၊ လူဘဝ ရဟန်း ဘဝနှင့် မြတ်သောသာသနာတော်ကို ထိုက်ထိုက်တန်တန် ရကြပါ ပေသည်၊ အသင်တို့သည် မြတ်သောအကျင့်ကို ကျင့်သုံးကြဘို့ အခွင့်ကောင်း အချိန်ကောင်း ကို ရနေကြလေပြီ။ အကြောင်းကား ဖဿဖြစ်ကြောင်း တရားမျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဟူသော (ဖဿာယတနိက) ခြောက်ပါးတို့ဖြင့် မကောင်းဆိုးဝါးအာရုံများကို ခံစားနေကြရကုန်သော အဝိဇ္ဇာ တို့ကို ငါဘုရားမြင်ရကုန်၏၊ ထိုအဝိဇ္ဇာတရဲတို့၌ မလိုလားအပ်၊ မနှစ်သက်အပ်၊ စိတ်နှလုံးကို ချမ်းသာမှုဖြင့် မတိုးပွားစေတတ်ကုန်သော အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ သိစရာအာရုံဆိုးတို့ကိုသာ မြင်ကြရ၊ ကြားကြရ၊ နမ်းရှူကြရ၊ စားသောက်ကြရ၊ တွေ့ထိကြရ၊ သိကြရကုန်၏၊ လိုလားအပ်၊ နှစ်သက်အပ်၊ စိတ်နှလုံးကို ချမ်းသာမှုဖြင့် တိုးပွားတတ်ကုန်သော အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ သိစရာအာရုံကောင်းတို့ကို မမြင်ကြရ၊ မကြားကြရ၊ မနမ်းရှူကြရ၊ မစားသောက် ကြရ၊ မတွေ့ထိကြရ၊ မသိကြရကုန်။

ရဟန်းတို့ သင်တို့သည်--ပ--မြတ်သောအကျင့်ကို ကျင့်ဘို့အခွင့်ကောင်း အချိန်ကောင်းကို ရနေကြလေပြီ။ အကြောင်းကား-မျက်စိအစရှိကုန်သော ခြောက်မျိုးကုန်သော ဆဖဿာယတနိကတို့ဖြင့် အကောင်းစားအာရုံတို့ကိုသာ ရရှိခံစားနေကြရကုန်သော နတ်ပြည်တို့ကို ငါဘုရား မြင်တော်မူရသည်။ ထို နတ်ပြည်တို့၌ လိုလားအပ်--ပ--အာရုံကောင်းတို့ကိုသာ မြင်ကြရ၊ ကြားကြရ၊ နမ်းရှူကြရ၊ စားသောက်ကြရ၊ တွေ့ထိကြရကုန်၏၊ သိကြရကုန်၏။ မလို လားအပ်--ပ--အာရုံ ဆိုးတို့ကို မမြင်ကြရ၊ မကြားကြ၊ မနမ်းရှူကြရ၊ မစားသောက်ကြရ၊ မတွေ့ထိကြရ၊ မသိကြရကုန်။

တရားကျင့်ရန် အခွင့်အရေးကောင်း၊ အချိန်ကောင်းကို ဖော်ပြသော ထိုခဏ သုတ်တော်ကို ဟောညွှန်တော်မူသော မြတ်ဗုဒ္ဓရှင်တော်ဘုရား၏ ဆိုလိုရင်း ရည်ရွယ်ရင်း အဓိပ္ပာယ်မှန်မှာ--ငရဲဘုံ၌ အမြဲမပြတ် ဒုက္ခနှင့်သာ တွေ့ကြုံနေကြ ရ၏၊ သက်တောင့်သက်သာ အနည်းငယ်မျှသော ချမ်းသာကို ဘယ်အခါမျှ မကြုံ

http://www.dhammadownload.com

ကြရသောကြောင့် နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းကို ကျင့်ခွင့်မရနိုင်ကြကုန်။ နတ်ပြည်နတ်ဘုံတို့၌ စည်းစိမ်ချမ်းသာတွေချည်းကိုသာ ခံစားနေကြရသောကြောင့် သံဝေဂဖြစ်စရာ ဒုက္ခနှင့်တစ်ခါမျှ မဆုံကြရ၊ ယင်းသို့ဖြစ်၍ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းတို့ကို ကျင့်ရန်သတိမေ့လျော့ ပျေါ်ဆနေကြသည်။ ဤလူပြည်၌ကား ဆင်းရဲနှင့်လည်း မကြာခဏကြုံတွေ့ကြရ၊ ချမ်းသာနှင့်လည်း မကြာခဏ ကြုံတွေ့နေကြ၏။ အိုနာသေဆင်းရဲတွေကို မိမိနှင့်တကွ ပတ်ဝန်းကျင်မှာ မကြာခဏ တွေ့ကြုံနေကြသည်၊ ချမ်းသာကြုံခိုက်တွင် တရားကျင့်ရန် အခွင့်ကောင်း အချိန်ကောင်းကို မကြာခဏရရှိနိုင်သည်၊ ထို့ကြောင့် သင်ရဟန်းတို့သည် လူဘဝကို အရတော်လှသည်၊ သာသနာနှင့် တွေ့ကြုံသဖြင့်လည်း အခွင့်ကောင်းကြုံနေသည်၊ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းကျင့်ရန် ရရှိသည့် အခွင့်ကောင်း အချိန်ကောင်းကို လက်မလွှတ်ကြဘဲ မမေ့မလျော့ တရားများ ကျင့်ကြကုန်ဟု မိန့်ကြားတော်မူလိုရင်း ဖြစ်သည်။

ခဏသုတ်ပါဠိတော်ကိုထောက်၍ မြတ်ဗုဒ္ဓ၏ ရည်ရွယ်ချက်ကောင်း ရည်ရွယ်ချက်မှန်ကို သိနိုင်သော ပရိယတ္တိဉာဏ်မရှိသောကြောင့် စုဒိတကသည် ဤလူဘဝကိုပင် အဝီစိဝရဲဟု မြတ်ဗုဒ္ဓက ဟောညွှန်တော်မူသယောင်ယောင် အကြောင်ရိုက်ကာ မသိသူတွေကို သာသနာဖျက် သင်တန်းပေးနေခဲ့သည်။ မသိမှုသည် အပြစ်ကြီးလွန်းသည်တကား။

ခြင်းခုံချက်။ ၂ ။

စွဲဆိုချက်။ ။စုဒိတက၏ ၃၁-ဘုံတကယ်မရှိဟုပယ်သော ဟောချက်များသည် ဝိဋ္ဌကတ်တော် ကျမ်းဂန်များနှင့် မညီပါဟု ယမကပါဠိတော် သာဓကတင်ပြ၍ စောဒနာကြသည်။ တိတ်ခွေ၊ ၅-အေ-ဘီ၊ စောဒနာ။ ၅/၁၀ စုဒိတက ဟောချက် က-ခ-ဂ-ဃ တို့ကို ထောက်ပြကြသည်။

ချေပချက်။ ။ ၃၁-ဘုံ လူနတ်ပြဟ္မာ၊ အကြောင်းဖြစ်သော (၂၉) ပါး ကံတရားတို့သည် အဓိကကြောက်ရမည့် တရားခံများ မဟုတ်ပါ။ သမုတိသစ္စာအရ ခေါ်ဝေါ်သုံးစွဲရုံမျှ မိတ်ဆွေ များဖြစ်ပါသည်။ ပဟာတဗ္ဗ ဓမ္မအနေဖြင့် ယူလည်းမယူ၊ ဟောလည်းမဟောပါဟု ချေပဖြေရှင်းသည် (သောဓနာ၊ ချေပလွှာ ၅/၂-ခ-ကြည့်)။

စီစစ်ချက်။ ။ (က) (၁) ၃၁-ဘုံတကယ်ရှိကြောင်း ဘုရားဟောသည်ဟု စောဒကတို့က သာဓကအဖြစ်တင်ပြသော ယမိုက်ပါဠိတော်သည် ခိုင်လုံ

http://www.dhammadownload.com

သော ဘုရားဟောပါဠိတော် ဖြစ်သောကြောင့် လူပ်ချောက်ချားအောင် မည်သူမျှ မစွမ်းနိုင်ရာသော သာဓကဖြစ်သည်။

(၂) ချစ်သားသာရိပုတ္တရာ၊ ငါ ဘုရားသည် ငရဲကိုလည်းတစ်ကယ်ရှိ၏ဟု ကောင်းစွာ သိတော်မူ၏။ ငရဲရောက်ကြောင်း လမ်းစဉ်ကိုလည်း ခွဲခြားသိတော်မူ၏။ ငရဲရောက်ကြောင်း မကောင်းမှုအကျင့်ဆိုးကိုလည်း ကျွန်သေချာ သိတော်မူ၏။

နိရယဗ္ဗာဟံ သာရိပုတ္တ ပဇာနာမိ၊ နိရယဂါမိဉ္စ မဂ္ဂံ၊ နိရယဂါမိနိဉ္စပဋိပဒံ အစရှိသော မူလပဏ္ဏာသ သီဟနာဒသုတ်ပါဠိတော်။ နှာ-၁၀၆ တို့ကို လည်းကောင်း၊

လုလင်ငယ် သတ္တဝါတို့သည် ကံသာလျှင် ကိုယ်ပိုင်ဥစ္စာမှန်ရှိကြ၏။ --ပ-- ယုတ်နိမ့်သောဘုံ၌ဖြစ်သော သတ္တဝါနှင့်မြင့်မြတ်သောဘုံ၌ဖြစ်သော သတ္တဝါ ဖြစ်ရန် ကံသည်သာ သတ္တဝါတွေကို ခွဲခြားစိမ်း၏ဟူ၍ ဥပရိပဏ္ဏာသပါဠိတော် စူဠကမ္မ ဝိဘင်သုတ်၊ နှာ-၂၄၄ ၌ "ကမ္မဿကာ မာဏဝ သတ္တာ--ပ--ကမ္မံ သတ္တေ ဝိဘဇတိ၊ ယဒိဒံ ဟီနပဏီတတာယ" ဟုလည်းကောင်း၊ ၃၁-ဘုံသို့ ရောက်စေ တတ်ကုန်သော ကုသိုလ် အကုသိုလ်ကံတို့ကို ပဌာန်း နာနာက္ခဏိက ကမ္မပစ္စည်း စသော ထိုထိုပါဠိတော်တို့ကို လည်းကောင်း မြတ်ဗုဒ္ဓဟောညွှန်တော်မူခဲ့သည်။ ပြခဲ့ပြီး သာဓကများ ထင်ရှားရှိနေပြီးဖြစ်သောကြောင့် ၃၁-ဘုံသီးခြားရှိနေသည် ဟု မြတ်ဗုဒ္ဓဟောညွှန်တော်မူသည်ဟူ၍ ယုံကြည်သင့်ပေပြီ။ မြတ်ဗုဒ္ဓ မဟောပါဟု စုဒိကတပုဂ္ဂိုလ်ကလည်း မငြင်းဆိုချေ။ တကယ်မရှိ ဟူ၍သာ ဆိုပေသည်။

(၃) ယခုလူ့လောက၌ ပကတိမျက်စိဖြင့် မမြင်နိုင်ကုန်သော ဝမ်းရောဂါပိုး စသည်တို့ကို မြင်နိုင်စွမ်းရှိသော စမ်းသပ်ကိရိယာမှန်ဘီလူးဖြင့် ကြည့်မြင်ကြပြီး လျှင် ဝမ်းရောဂါပိုးရှိသည်ဟု ပြောခြင်း၊ လက်တွေ့ကာကွယ်ခြင်း၊ ကုသခြင်းတို့ ကြောင့် ကိုယ်တိုင်မမြင်ရသူတွေကလည်း လက်ခံယုံကြည်နေကြသည်။ သာမန် မှန်ဘီလူးဖြင့် မမြင်ရကုန်သော ရောဂါပိုးတို့ကို အနုစိတ် မှန်ဘီလူးဖြင့် ကြည့်မြင်ပြီးလျှင် ထိုရောဂါပိုးတို့ ရှိသည်ဟု ပြောခြင်း၊ ကြိုတင်ကာကွယ်ခြင်း၊ ကုသခြင်းတို့ကြောင့် ကိုယ်တိုင်မမြင်ရသူတွေကလည်း လက်ခံယုံကြည်ကြသည်။ မယုံလျှင် ကြောင်တောင်တောင် ရူးပေါပေါ အယူသည်းသောသူဟု ကဲ့ရဲ့ရှုတ်ချကြသည်။

http://www.dhammadownload.com

(၄) ထို့အတူပင် သာမန်မျက်စိဖြင့် မမြင်နိုင်ကုန်သော နတ်ပြဟ္မာ ငရဲသတ္တဝါတွေကို မြင်နိုင်သောကြိယာ ဒိဗ္ဗစက္ခုအဘိညာဉ် လောကီသမာဓိ လမ်းစဉ်ကို မြတ်ဗုဒ္ဓကိုယ်တိုင် သိမြင်ပြီးလျှင် ဟောညွှန်တော်မူထားသည်၊ နတ်ပြဟ္မာငရဲသတ္တဝါတွေ၏ အသံကိုကြားနာသော ဒိဗ္ဗသောတအဘိညာဉ်၊ လောကီ သမာဓိ လမ်းစဉ်ကို မြတ်ဗုဒ္ဓကိုယ်တိုင်ရပြီးလျှင် ဟောညွှန်တော် မူထားသည်၊ ယင်းသို့မြင်သူတွေ ကြားသူတွေများစွာ ရှိသည်ဟုလည်း သက်သေထူပြတော်မူခဲ့သည်။ ထိုဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတအဘိညာဉ်တန်ခိုးအစစ်တို့ကို ရယူနိုင်ရန် မြတ်ဗုဒ္ဓ ဟောညွှန်တော်မူထားသော နည်းလမ်းကောင်းမှန်တို့သည်လည်း ဝိဋ္ဌကတော်တွင် ထင်ရှားသိလွယ် ပါသေးသည်ဖြစ်ပါလျက် ကိုယ်တိုင်ကျင့်လျှင် ရနိုင်သော အခွင့်အခါလည်း ရှိနေပါလျက် ကိုယ်တိုင်ကျင့်လျှင် ရနိုင်သောအခွင့်အခါလည်း ရှိနေပါလျက် ထိုအဘိညာဉ်တို့ကို ရအောင်မလုပ်ကြဘဲ ၃၁-ဘုံတကယ်မရှိပါဘူး၊ စိတ်ကူးယဉ် သက်သက်ပါဟုပြောနေကြသူတွေကိုလည်း ကြောင်တောင်တောင် ရှုးပေါပေါ အယူသည်းသော သူများဟူ၍သာ ဧကန်ဆိုရတော့မည်။

(၅) ရုပ်နာမ်လွတ် ဝိပဿနာသင်တန်းဆရာ စုဒိကတ၏ပရမတ်ပညတ်ခွဲခြားနည်း(၀၊) တကယ်ရှိတရား တကယ်မရှိတရားခွဲခြားနည်းသည် မြတ်ဗုဒ္ဓဝါဒမှန်နှင့် မညီ ဖီလာဆန့်ကျင်ကာ အရည်းကြီးအဇီတ၏ နတ္ထိကဝါဒ နောက်လိုက်ပါဟူ၍ မင်ြင်းနိုင်အောင် ခိုင်မာမြဲမှန်ကန်သော အချက်အလက်တို့ဖြင့် လွန်ခဲ့ပြီးစောဒနာချက်တို့တွင် စိစစ်ဆုံးဖြတ်ခဲ့ပြီးဖြစ်သည်။ ထို့ပြင်စုဒိတကကိုယ်တိုင်လည်း ထိုပရမတ်ပညတ်ခွဲခြားနည်းသည်ပရမတ်ဧကန်အမှန်ဟု တရားသေဆုပ်ကိုင်ထားခြင်း မဟုတ်သေးပါ။ ယာယီမျှသာ ဖြစ်ပါသည်ဟု ဝန်ခံချက်ကို သောခနာ၊ ၁/၃ (ခ)တွင် အတိအလင်းဖော်ပြထားပြီး ဖြစ်သည်။

ခ။ (၁) ၃၁-ဘုံ လူနတ်ပြဟ္မာ၊ အကြောင်းဖြစ်သော (၂၉)ပါး ၊ ကံတရားတို့သည် အဓိကကြောက်ရမည့်တရားခံများ မဟုတ်ပါဟူသော စုဒိတကချေပချက်နှင့်ပတ်သက်၍ ဝိပဿနာအတွက်ကြောက်ရမည့် တရားခံသည် ကုသိုလ်ကံဟူ၍ စောဒနာ ၁၂/၆ (စ) (ဆ) စုဒိတကဟောချက်များရှိနေသည်ဟုသာ ညွှန်ပြလိုကြသည်။

(၂) သမုတိသစ္စာအရ ခေါ်ဝေါ်သုံးစွဲရုံမျှ မိတ်ဆွေများ ဖြစ်ကြပါသည်ဟူသော စုဒိတကချေပချက်အရ စုဒိတကသည် တကယ်ရှိမရမတ်မဟုတ်ပါဟု

http://www.dhammadownload.com

ငြင်းချက်ထုတ်နေဆဲပင်ဖြစ်သည်၊ ၃၁-ဘုံတို့သည် အဌကကလာပ်ရုပ် ပရမတ် တကယ်ရှိတရားများ ဖြစ်သည်ဟု စောဒနာ (၅၂-၅၃)၌ ညွှန်ပြခဲ့ပြီး ဖြစ်သည်၊ ရုပ်နာမ်လွတ်ဝိပဿနာဆရာဖြစ်၍ ရုပ်ကိုလက်မခံ မယုံကြည်လျှင် ဗုဒ္ဓဝါဒမဟုတ်သည်ကို သတိပြုမိပါက ရှင်းနေပြီဖြစ်သည်။

(၃) ပဟာတဗ္ဗဓမ္မအနေဖြင့်ယူလည်းမယူ-ဟောလည်းမဟောပါဟူသော စုဒိတကငြင်းဆိုချက်ကို တင်ခဲ့သည်။ စောဒကတို့က စုဒိတကသည် ပဟာတဗ္ဗဓမ္မအနေယူသည်၊ ဟောသည်ဟု စွဲဆိုထားကြသည် မဟုတ်၊ တကယ်ရှိတရား ပရမတ်မဟုတ်ဟု အမှားအလွဲ ဟောပြောချက်ဖြင့် ငြင်းပယ်သည်ဟုသာ စွဲဆိုထား ကြသည်။ စုဒိတကသည် စောဒကတို့၏ ထိုစွဲဆိုချက်ကိုမဖြေဘဲ မသက်ဆိုင်သည့်စကားကို ဤရုံးတော်သို့တင်ပြနေသည်။ အရည်းကြီးအဇိတသည် ကုသိုလ် အကုသိုလ်ကံများနှင့် ကံ၏အကျိုး ၃၁-ဘုံ စည်းစိမ်အာရုံတွေ့မရှိ ဟူ၍ ပြောခဲ့သည်၊ စုဒိတကသည်လည်း တကယ်ရှိတရားများမဟုတ်ဟူ၍သာ သင်တန်းပေးခဲ့သည်။ ထိုကံနှင့် ကံ၏အကျိုးတို့ကို ပဟာတဗ္ဗဓမ္မအနေဖြင့် ယူသည်ပြောသည်ဟုစွဲဆိုချက်လည်း မည်သူကမျှ မတင်ကြပေ။ ထို့ကြောင့် စုဒိတက၏ ထိုငြင်းဆိုချက်သည် အကျိုး မထင်နိုင်သော စကားဖြစ်သည်။

ပြခဲ့ပြီးအကြောင်းတို့ကြောင့် စောဒနာအမှတ် ၅-ပါ စုဒိတက၏ ဟောပြောချက်တို့သည် အလွဲအမှားတွေသာ ဖြစ်ကြသည်ဟူ၍ ရုံးတော်က သုံးသပ်သည်။

စောဒနာအမှတ်(၆) သုံးသပ်ချက်

အငြင်းပွားချက်

(၁) ဆွမ်းလောင်းခြင်း ဘုရားရှိခိုးခြင်း၊ ပုတီးစိပ်ခြင်းတို့ကြောင့် အဝိစိရောက်သည်။

(၂) ဘုရားပန်းကပ်လှူခြင်း သပိတ်သွပ်ခြင်းတို့ကို ပြောင်လျှောင်သည်။

(၃) အရဟတ္တဓဇသက်နှိုးနှင့် ပုဆိုးထမီတူညီသည်ဟု ဓမ္မနီတိ၏ ဟောပြောခြင်းတို့သည် အဓမ္မဝါဒသာ ဖြစ်ပါသည်ဟု စောဒနာတင်ပြကြသည်။

စုဒိတကပုဂ္ဂိုလ်က သောဓနာ(ချေပ)လွှာ တင်သည်။

http://www.dhammadownload.com

ငြင်းခုံချက်။ ၁။

စွဲဆိုချက်။ ။ ဆွမ်းလောင်းခြင်း ဘုရားရှိခိုးခြင်း ပုတီးစိပ်ခြင်းကြောင့် အဝီစိရောက်သည်ဟု စုဒိတကဟောပြောပါသည်။

စုဒိတက ဟောချက်တိတ်ခွေတို့ကို ထောက်ပြကြ၍ ယင်းကုသိုလ်တို့ကို ပြုခြင်းကြောင့် နိဗ္ဗာန်ထိ ကောင်းကျိုးရကြောင်းကို ပါဠိတော်အဋ္ဌကထာ သာဓကများနှင့်တကွ တင်ပြကြသည်။

ချေပချက်။ ။ထိုသို့ မိမိမဟောပါ၊ အစွဲသမုဒယအကြောင်းသစ္စာ ရှိသူတို့အဖို့၊ အဝီစိဟူသောဆင်းရဲဒုက္ခအကျိုးသစ္စာကို စားသောက် လှူပ်ရှား တိုင်းမှ ရှောင်လွှဲ၍မရနိုင်ကြောင်း ပုံပေါ်အောင် သရုပ်ခွဲပြနေခြင်းသာ ဖြစ်ပါသည်။

စိစစ်ချက်။ ၁။(က) စုဒိတကပုဂ္ဂိုလ်က ထိုသို့မိမိမဟောပါဟု ငြင်းဆိုပြီးလျှင် အစွဲသမုဒယ အကြောင်းသစ္စာရှိသူတို့အဖို့ အစချီသော (သောဒနာ လွှာ-(က) အမှတ်ပြ)စကားတို့ဖြင့် ဝန်ခံထားသည်၊ ထို့ကြောင့် စုဒိတက ထိုသို့ ဟောခဲ့ကြောင်း ခိုင်လုံသည်။

(ခ) စုဒိတကပြောထားသော အစွဲသမုဒယအကြောင်း သစ္စာဟူသည် မိမိသည် မြတ်ဗုဒ္ဓဝါဒမှန်တော်နှင့် ဖီလာဆန့်ကျင် အလွှဲဝါဒပင် ဖြစ်သည်ဟု စောဒနာ အမှတ်၅-တွင် စိစစ်ဆုံးဖြတ်ခဲ့ပြီးဖြစ်သည်၊ ထို့ပြင် လက်ခြေစသော ကိုယ်အစိတ်အပိုင်း ဟူသမျှ လှူပ်ရှားတိုင်းမှာ အဝီစိသို့ ရောက်နေရသည်ဟု ဆိုချက်သည် ကြောင်းကျိုးမဟပ် ဆက်စပ်မမှန်သော ကြောင့် ရှုပ်ခွဲပုံအလွှဲသာ ဖြစ်သည်ဟု ပညာရှင်တိုင်း သိနိုင်သော အချက် ဖြစ်သည်။ ယင်းသို့ အလွှဲသရုပ်မှား ခွဲပြနေ ခြင်းကြောင့် ဆွမ်းလောင်းဘုရားရှိခိုး ပုတီးစိပ်မှု ကုသိုလ်အစုစုကိုမပြုကြရန် သွယ်ဝိုက်ပြောဆို တိုက်တွန်းရာသို့ ရောက်နေသည်။

ငြင်းခုံချက်။ ၂ ။

စွဲဆိုချက်။ ။ စုဒိတကသည် ဗုဒ္ဓဘာသာဝင်တို့၏ ဘုရားပန်း ကပ်လှူခြင်း ကွယ်လွန်သူအတွက် သပိတ်သွပ်ခြင်း ကုသိုလ်လုပ်ငန်းတို့ကို ပြောင်လှောင်သည်။

http://www.dhammadownload.com

ဘုရားပန်း ကပ်လှူခြင်းကြောင့် နိဗ္ဗာန်အထိ ကောင်းကျိုးဒကန်ရကြောင်း၊ ကွယ်လွန်သူအတွက် သပိတ်သွပ်ခြင်းကြောင့် ကျန်ရစ်သူနှင့် ကွယ်လွန်သူနှစ်ဦး လုံးတို့ ကောင်းကျိုးရနိုင်ကြောင်းကို ပါဠိတော်ကျမ်းဂန် သာဓက တင်ပြကြသည်။

ချေပချက်။ ။ (က) ကိုယ့်မျက်စိအကြိုက်သာ ဘုရားပန်းကပ်နေကြသည် ဟူသောစကားမှာ ဘုရားအကြိုက် မပါသေးပါ။ ထိုသို့ပါအောင် ထည့်သွင်း မဟော မိတာ တော်သေးရဲ့ဟု မှတ်ထင်မိပါသည်။

(ခ) ပန်းနံ့သာ စသည်တို့ဖြင့် ပူဇော်ခြင်းသည် ငါ ဘုရားအား ပူဇော်သည်မမည်။ လောကမှ လွန်မြောက်သောတရားနှင့် ထိုတရားအား လျော်သောအကျင့်ကို ကျင့်ခြင်းဖြင့်သာ ငါဘုရားကို ပူဇော်သည်မည်၏ဟု ဟောကြား ထားပါသည်။

(ဂ) သို့သော် ထိုတရားကျင့်သူများသည် ဗုဒ္ဓ ဓမ္မ သံဃ ဝတ္ထုရား များကို မပျက်စေသင့်ပါဟု ယုံကြည်ပါသည်။

စိစစ်ချက်။ ၂ ။

(က) စုဒိတကတင်ပြသော မြတ်စွာဘုရား၏ မိန့်ကြားချက်သည် ပန်း ပူဇော်ခြင်းထက် ပူဇော်သူအတွက် ပို၍ ကောင်းကျိုးဖြစ်ထွန်းနိုင်သော ပူဇော်မှု ဖြင့် ပူဇော်စေလို၍ မိန့်ကြားတော်မူခြင်းဖြစ်သည်၊ စုဒိတကသည် ထိုဘုရား ဟောတော်မူချက်ကို ထည့်သွင်းရှင်းပြလျက် ထိုကောင်းကျိုး တိုးတက်မည့် အချက်ကို ထည့်မပြောဘဲ ပြောင်လျှောင်သည့်စကားကိုသာ ပြောကြားရပ် ထားခဲ့ သောကြောင့် အပြောင်ဟောချက်အဖြစ် အပြစ်ဖြစ်ခဲ့ရသည်။

(ခ) ဝရုဏနှင့် ဝါရဏမည်သော နတ်တို့သည် ဘုရား အလောင်း တော် ပဋိသန္ဓေတည်နေမည့်နေ့၌ ပူဇော်မည်ဟု ရည်ရွယ်၍ ပန်းကုံးသီကြရာ ပန်းကုံးကကြီးလွန်း၍ အချိန်မှီမပြီးသဖြင့် ပဋိသန္ဓေနေရမည့် ရက်၌ မပူဇော် နိုင်ကြကုန်။ ဖွားတော်မူရာနေ့၌ ပူဇော် ကြမည်ဟု ရည်စူးသီကုံးကြသော်လည်း အချိန်မှီ မပြီးသောကြောင့် မပူဇော်နိုင်ခဲ့ကြ၊ ဤနည်းဖြင့် တောထွက်တော်မူရာနေ့၊ ဘုရားဖြစ်တော်မူရာနေ့၊ တရားဦးဟောရာနေ့ စသည်ဖြင့် နေ့ရပ်တွေပြောင်းရွှေ့ ပြောင်းလာခဲ့ကြသော်လည်း ပန်းကုံးကြီးလွန်း၍ အပြီးမသတ်နိုင်သဖြင့် ဘုရား ပရိနိဗ္ဗာန်စံမည့်နေ့သို့ တိုင်အောင်ပင် မပြီးနိုင်သောကြောင့် ထိုမပြီးသေးသော ပန်းကုံးဖြင့်ပင် ပူဇော်ကြရတော့သည်ကို မြတ်စွာဘုရားက ကဲ့ရဲ့ရှုတ်ချစကား

http://www.dhammadownload.com

မိန့်ကြားခြင်းမပြုခဲ့ပေ။ (မဟာပရိနိဗ္ဗာနသုတ် အဋ္ဌကထာ-နှာ-၁၆၇)။ သဟံပတိ ပြဟ္မာကြီးသည်လည်း ဓရာမကြီးမားလှသော ပန်းကုံးဖြင့် မြတ်စွာဘုရားအား ပူဇော်ပြီးမှ တရားဟောတော်မူရန် တောင်းပန်ခဲ့သည်။ ဤသို့လျှင် မြတ်စွာ ဘုရားအား ပန်းပူဇော်ခြင်းသည် ပစ္စုပ္ပန် သံသရာနှစ်ဖြာ ချမ်းသာကို ရလိုကြ ကုန်သော နတ်လူ သူတော်ကောင်းတို့၏ မွန်မြတ်သောလုပ်ငန်း ဖြစ်ပါလျက် ထိုလုပ်ငန်းကို ကောင်းကျိုးတိုးတက်အောင် မည္ဆန်ပြဘဲ ပျက်ရယ်ပြောင်လှောင် စကားတွင် အဆုံးသတ်ထားသော စုဒိတကသည် ပစ္စုပ္ပန် သံသရာနှစ်ဖြာ စီးပွားကို ဆီးတားပိတ်ပင်သူ ဖြစ်နေသည်။ ထို့ပြင် ကုသိုလ် အကုသိုလ်သည် မရှိတရား ဖြစ်သည်၊ ရှိသည်ဟုယူစွဲခဲ့လျှင် အတ္တဒိဋ္ဌိ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ သက္ကာယဒိဋ္ဌိ စွဲယူသူဖြစ်သည်ဟူ၍ စုဒိတက၏ ရှေ့ပိုင်း၌ ဟောပြောချက်တို့ကလည်း စုဒိတကသည် ပစ္စုပ္ပန် သံသရာနှစ်ဖြာ စီးပွားဖြစ်ကြောင်း ကုသိုလ်လုပ်ငန်း ကောင်းတို့ ဆီးတားပိတ်ပင်သူဟူ၍ ဖော်ပြနေကြသည်။

(၇) ကွယ်လွန်သူအတွက်ရည်စူး၍ သပိတ်သွပ်ခြင်းသည် မြတ်စွာ ဘုရား ခွင့်ပြုတော်မူထားသော လုပ်ငန်းကောင်းဖြစ်သည်၊ ကျန်ရစ်သူ အင်တ် ပြေအောင် သပိတ်သွပ်မှုဖြင့် အစားထိုးသည်ဟု စုဒိတကဟောချက်သည် ဘုရား ဟော တရားတော်ကို အရွဲ့တိုက် ဟောကြားခြင်းသာဖြစ်ပါသည် စသည်ဖြင့် စောဒကများ၏ ကျမ်းဂန်အခိုင်အမာ တင်ပြကြသည်။

စုဒိတကပုဂ္ဂိုလ်က ဤအခန်းကဏ္ဍသည် ဒုက္ခဖြစ်သော ပြိတ္တာ ဘဝကို သရုပ်ဖော်ခြင်းသာဖြစ်ပါသည်၊ မည်သည့်အလှူဒါနကိုမျှ အဓိကတိုက်ခိုက်ရန် မရည်ရွယ်ပါ။ မိမိကိုယ်တိုင် သပိတ်သွပ်ပေးနေခြင်းကပင် သက်သေခံ ထင်ရှား နေပါသည်ဟု ချေပသည်။

စုဒိတကသည် ကုသိုလ် အကုသိုလ်နှင့် ၃၁-ဘုံသည် တကယ်မရှိ၊ အရိပ်အထင် သက်သက်မျှသာဖြစ်သည်ဟု ယူစွဲထားသူဖြစ်သောကြောင့် ကျန်ရစ်သူ ဒုက္ခဖြစ်နေသော ပြိတ္တာဘဝကို သရုပ်ဖော်ကာ ဘုရားဟော တရား တော် မှန်ကို အရွဲ့တိုက် ဖျက်ဆီးနေသည်ဟူသောအချက်ကို စုဒိတက၏ ချေပ ဖြေရှင်းချက်က ပြေလည်အောင် မရှင်းနိုင်ခဲ့ချေ။ မည်သည့် အလှူဒါန ကိုမျှ အဓိကတိုက်ခိုက်ရန် မရည်ရွယ်ပါဟူသော စုဒိတက၏စကားသည် ယုံကြည် ထိုက်သော စကားမဟုတ်ကြောင်းမှာ အလွန်ထင်ရှားနေပြီ ဖြစ်၍ ထပ်မံရှင်းပြရန်

http://www.dhammadownload.com

မလိုတော့ဟု ဤနည်းတော်က ယုံကြည်သည်။ ကုသိုလ် အကုသိုလ်နှင့် ၃၁-ဘုံ တကယ်မရှိ၊ အရိပ်အထင် သက်သက်သာဖြစ်သည်ဟု စုဒိတက၏ ဟော ပြောထားသော စကားတို့က စုဒိတကကိုယ်တိုင် သပိတ်သွပ်ပေးနေခြင်းသည် စားသာ၍ သွတ်ပေးနေခြင်းမျှသာဖြစ်ကြောင်းကို ကောင်းစွာမြင်အောင် ဖော်ပြ နေကြသည်။

ငြင်းခုံချက်။ ၃ ။

စွဲဆိုချက်။ ။အရဟတ္တဓေသက်နှင့် ပုဆိုးထမီ တူညီသည်ဟု စုဒိတက ဟောပြောပါသည်။ ရဟန်းတို့၏ အသုံးအဆောင် သက်နှင်းသည် လူတို့၏ပူဇော်ရာ စေတီထိုက်ပါသည် စသည်ဖြင့် ကျမ်းဂန်သာဓကပြ၍ စောဒနာ ကြသည်။

ချေပချက်။ ။(က) သမုတိသစ္စာနယ်တွင် ဖန်ဝါသက်နှင်းနှင့် ပုဆိုး ထမီသည် တူညီသည်ဟု မည်သည့်ဗုဒ္ဓဘာသာဝင်ကမျှ ပြောမည်မဟုတ်ပါ။

(ခ) ပရမတ္ထသစ္စာကို ဖော်ထုတ်ရာ၌ကား တူနေကြောင်း ကို မည်သူငြင်းနိုင်အုံနည်း၊ (သောဓနာ၊ ၆/၂ (ခ)ကိုကြည့်)။

စိစစ်ချက်။ ၃ ။

(က) သက်နှင်းနှင့် ပုဆိုးထမီ တူညီသည်ဟု စုဒိတကဟောကြောင်းကို ခိုင်လုံသောသက်သေခံအဖြစ် တင်ပြထားသည့် (စောဒနာ၊ ၆/၇-စ-မှတ်ပြ) စုဒိတကဟောချက်များကို စုဒိတကကိုယ်တိုင်က ငြင်းဆိုခြင်းမရှိသောကြောင့် လည်းကောင်း၊ ရဟန်းတို့၏ အသုံးအဆောင်သက်နှင်းသည် လူတို့၏ပူဇော်ရာ စေတီထိုက်ကြောင်းနှင့် ပူဇော်ခြင်းကြောင့်လည်း ကောင်းကျိုးများစွာ ဖြစ်ပွား ကြောင်း စောဒကတို့တင်ပြထားသော ကျမ်းဂန် သာဓကများသည်လည်း ခိုင်လုံ သောကြောင့်လည်းကောင်း အထူးစိစစ်ဖွယ်မရှိချေ။ ထိုပြင် သိဒ္ဓတ္ထမင်းသား တောထွက်တော်မူ၍ ဖန်ရည်ဆိုးသက်နှင်းကို ဝတ်ရုံပြီးချိန်တွင် လူသူတော်စင် အဖြစ်ဖြင့် နောက်ဆုံးဝတ်ဆင်ခဲ့သော ဝတ်လဲပုဆိုး အဝတ်တို့ကို သဟံပတိ ပြဟ္မာ ကောင်းမွန်ရှိသေစွာ ယူဆောင်ပြီးလျှင် ပြဟ္မာပြည်တွင် ဒုဿစေတီအမည် ဖြင့် စေတီတည်ထား၍ ပြဟ္မာများ ကုသိုလ်ဖြစ်ပွားအောင် ပူဇော်နေကြသည် ဟူသော ကျမ်းဂန်စကားကို အမျှားသိပြီးဖြစ်သည်။

(ခ) စုဒိတက၏ သောဓနာ (ချေပ)လွှာ၊ ၆/၂ (ခ)၌ သမုတိသစ္စာ နယ်တွင် ဖန်ဝါသက်နှင်းနှင့် ပုဆိုးထမီတူညီအောင် မည်သည့် ဗုဒ္ဓဘာသာဝင်

http://www.dhammadownload.com

ကမ္ဘ ပြောမည်မဟုတ်ပါဟူသော ဖြေရှင်းချက်စကားကို စောဒနာ၊ ၆ (စ)မှတ်ပြ စုဒိတကဟောချက်များနှင့် ယှဉ်တွဲစိစစ်လျှင် ထိုချေပဖြေရှင်းချက် စကားသည် ဝစီသစ္စာမြောက်သော စကားမဟုတ်ကြောင်း အလွန်ထင်ရှားသည်။ ထို စောဒနာ၊ ၆ (စ) မှတ်ပြစုဒိတကဟောချက်ကပင် ယင်းသို့ ဖန်ဝါသက်နှိုးနှင့် ပုဆိုးထမီတူညီအောင် ပြောသူမှာ စုဒိတကခမ္ဘနိတိပါဟု ထင်းကနဲမြင်အောင် ဖော်ပြထားသည်။ ကုသိုလ် အကုသိုလ်တကယ်မရှိဟု ယတိပြတ် ဟောပြော ခဲ့သော စုဒိတကသည် ထိုချေပလွှာ၊ ၆/၂ (ခ) ပုဒ်အစတွင် သမုတိသစ္စာ နယ်တွင် ကုသိုလ်ကောင်းမှုတို့၏ တည်ရာဟူ၍ သုံးစွဲထားသည်ကိုလည်း ထူးဆန်းစွာ တွေ့မြင်ကြရသည်။

(ခ) (၁) ပရမတ္ထသစ္စာကို ဖော်ထုတ်ရာ၌ကား ပညတ်အရာတွင် ပညတ် ခြင်းတူ၍ ပရမတ်အရာတွင် ပရမတ်ခြင်းတူနေကြောင်းကို မည်သူ ငြင်းနိုင်အုံ့နည်းဟု ကြုံးဝါးစကားကို စုဒိတက ပြောကြားထားသည်၊ (သောခနာ၊ ချေပလွှာ၊ ၆/၂-ခ-ကို ကြည့်) ။ ထိုကြုံးဝါးစကားကို မည်သူမှ မငြင်းနိုင်ပါချေ။ ငြင်းစရာလည်း မဟုတ်ပေ။ ရှင်းဦးအုံ့။ ပညတ်အရာတွင် သက်နှိုးပညတ်၊ ပုဆိုးပညတ်၊ ထမီပညတ်ဟု ပညတ်ခြင်းတူကြသည်။ စုဒိတက၏ ရှုပ်နာမ် လွတ်သော အဘိခမ္ဘာနည်း၌ ပရမတ်ပညတ်ခွဲနည်း အလွဲများအရ မိမိခန္ဓာကိုယ် အတုံးကြီးသာလျှင် ပရမတ်ဟု ဆိုထားသောကြောင့် သက်နှိုးပုဆိုး ထမီတို့သည် ပရမတ္ထသစ္စာနယ်တွင် မပါဝင်ကြချေ။ တူညီနေကြပေသည်။ ကုသိုလ် အကုသိုလ်ကံများနှင့် ကံ၏အကျိုး-ခုဝ-ဘုံတို့သည် တကယ်မရှိ စိတ်ကူးယဉ် အရိပ်ပညတ်တွေဟူ၍ ယူစွဲထားသူ စုဒိတက၏စိတ်၌ သက်နှိုးနှင့် ထမီတန်ဘိုးတူညီနေသည်မှာ သဘာဝသစ္စာမှန်ဖြစ်သည်၊ အရိယသစ္စာမှန်ကား မဟုတ်ပါချေ။

ပြခဲ့ပြီးအကြောင်းတို့ကြောင့် စောဒနာအမှတ် ၆-ပါ စုဒိတက၏ ဟောပြော ချက်တို့သည် အလွဲများတွေသာ ဖြစ်ကြသည်ဟူ၍ ရုံးတော်က သုံးသပ်သည်။

စောဒနာအမှတ် (၇) သုံးသပ်ချက်

အငြင်းပွားချက်

> စောဒနာအမှတ် (၇) တွင် အဓိကအားဖြင့် အောက်ပါအငြင်းပွား ချက်များ ပေါ်ထွက်နေသည်။

http://www.dhammadownload.com

(၁) အသိညာဏ်သည်သာလျှင် ဗုဒ္ဓ (ဘုရား) ဟုတ်သည်၊ ခန္ဓာဒြပ်တော်ကား ဗုဒ္ဓ (ဘုရား) မဟုတ်ဟု ဟောခြင်း၊

(၂) မိမိခန္ဓာမှာသာ ဘုရားရှိသည်၊ အပြင်မှာ ဘုရားမရှိဟု ဟောခြင်း၊

(၃) မိမိ (စုဒိတက) နှင့် တပည့်တွေကို ဘုရားနှင့် တန်းတူရည်တူ ထားခြင်း၊

(၄) အနတ္တနှင့်သစ္စာလေးပါးတို့ကို တပြေးညီထားခြင်း၊ (စောဒနာ ၇၁၆နှင့် ၇၂၇ ၌ ကြည့်)

(၅) မဇ္ဈိမဒေသသည် မိမိခန္ဓာမှာသာရှိသည် အပြင်မှာမရှိဟုဟောခြင်း၊

ခြင်းခုံချက်။ ၁ ။

စွဲဆိုချက်။ ။သစ္စာလေးပါးကို (ဝါ) အနတ္တပရမတ်ကို သိသောဉာဏ်သာ ပရမတ်ဘုရား။ခန္ဓာတော်အသားတော်များကား ပရမတ် မဟုတ် ဘုရား မဟုတ်ဟု စုဒိတက၏ ဟောချက်များသည် ကျမ်းဂန်များနှင့် မညီပါ (အကျယ်ကို စောဒနာလွှာ၌ကြည့်) ။

ချေပချက်။ ။ ဘုရားဖြစ်ပြီးချိန်မှစ၍ဗုဒ္ဓ၏ခန္ဓာပဋ္ဌကဒြပ်တော်သည်ကိုးကွယ်ခံကြည်ညိုခံ ဗုဒ္ဓအမှန်ဖြစ်ပါသည်။ သစ္စာတရားကို သိပြီးမှသာ ဗုဒ္ဓဖြစ်ခြင်းကြောင့် ဉာဏ်တော်သည်သာ မုချဗုဒ္ဓ ဖြစ်ပါသည်။ ဝက္ကလိ ထေရဝတ္ထု၌ ခန္ဓာပဋ္ဌကဒြပ်သည် အပုပ်တုံးသာ ဖြစ်သည်၊ ဗုဒ္ဓမဟုတ်ကြောင်းကို ကိုယ်တော်တိုင် ညွှန်ပြထားတော်မူပါသည်။ (အကျယ်ကို သောဓနာလွှာ၌ ကြည့်) ။

စီစစ်ချက်။ ၁ ။

(က) စောဒကတို့က စုဒိတက၏ (က) (ခ) (ဂ) ဟောချက်များကို မကျေနပ်ကြ၍ လယ်တီဆရာတော်ကြီး၏ သာသနဝိသောဓနီ (သာသနာတော်သန့်ရှင်းရေး) စကားကို သာဓကပြုကြလျက် ခန္ဓာ ပဋ္ဌကဒြပ်တော်သည် ဘုရားဟု တင်ပြကြ

သည်။ စုဒိတက၏ ဟောချက် (ဂ) မှတ်တွင် ဗုဒ္ဓ ဘုရား။ သစ္စာတရားကို သိသူ-ဟူသောစကားဖြင့် အသား (ဝါ) ခန္ဓာ ငါးပါး ဘုရားဟုဆိုသည်။ ဒီပရမတ်တရားကို သိသော ဉာဏ်ကဒီမှာ ပရမတ်ဘုရားဖြစ်လာတယ် ဟူသောစကားဖြင့်

http://www.dhammadownload.com

ဉာဏ်ဘုရားဟုဆိုသည်။ ယင်းသို့ ဘုရားနှစ်မျိုးဆိုထားပြီး ဖြစ်ပါလျက် စုဒိတက သည် "ခန္ဓာပဋ္ဌကဖြစ်တော်သည် ကိုးကွယ်ခံ ကြည်ညိုခံ ဘုရားအမှန်ဖြစ်၍ ဉာဏ်တော်သာ မုချဘုရားဖြစ်ပါသည်ဟူ၍ စောဒကတို့တင်ပြသော သာသနဝိသောဓနီ၌ ခန္ဓာဘုရားလား၊ ဉာဏ်ဘုရားလားဟူသော မင်းကင်းပုစ္ဆာကို လယ်တီဆရာတော်ကြီးသည် မဟာနိဒ္ဒေသပါဠိတော်၊ ပဋိသမ္ဘိဒါမဂ် ပါဠိတော်၊ သီလက္ခန်ဋီကာ၊ သာရတ္ထဒီပနီဋီကာ၊ မဏိသာရ မဇ္ဇူသာဋီကာ၊ ဇိနာလင်္ကာရကျမ်းအစရှိသော ထိုထိုကျမ်းဂန်တို့ကို ထောက်ထားပြု၍ ကျယ်ဝန်းပြည့်စုံစွာ ဖြေတော်မူသည်။ ထိုအဖြေတွင် အတိုချုပ်မှတ်ရန်မှာ မြန်မာ ဘာသာ၌ 'ဘုရား' ၊ ပါဠိဘာသာ၌ 'ဗုဒ္ဓဟူသောစကားလုံး (သဒ္ဒါ) သည် ဗုဓ (ဓါတ်) နှင့် တ (ပစ္စည်း) တို့ကို တွဲစပ်ထားသော စကားလုံး (သဒ္ဒါ) ဖြစ်သည်၊ ဗုဓ (ဓါတ်) က သဗ္ဗညုတဉာဏ်တော်(၀ါ) အရတ္တမဂ်ဉာဏ်တော်ကို ဖော်ပြသည်။ တ-(ပစ္စည်း) က ဉာဏ်တော်၏တည်ရာ ခန္ဓပဋ္ဌကဖြစ်တော်ကို ဖော်ပြသည်။ ဗုဒ္ဓဟူသော စကားတွဲ (သဒ္ဒါ) က ဉာဏ်တော်ကို အစွဲပြု၍ (၀ါ) အကြောင်းရင်းပြု၍ ခန္ဓာငါးပါးဖြစ်ကို ဖော်ပြသည်၊ ထိုသုံးမျိုးတွင် ဗုဓ (ဓာတ်) အရ ဉာဏ်တော်သည် ဘုရားဟုခေါ်ရန် အကြောင်းဂုဏ်တော်သာ ဖြစ်သည်၊ ဘုရားမဟုတ်။ တ (ပစ္စည်း) အရ ခန္ဓာငါးပါးဖြစ်တော်သည် ဉာဏ်တော်၏ အကျိုး (၀ါ) ဉာဏ်ရှိသူ ဘုရားဖြစ်သည်၊ အကြောင်းဂုဏ်ဉာဏ်တော်မဟုတ်။ ဗုဒ္ဓဟူသော စကားလုံးတွဲ (သဒ္ဒါ) အရ ဉာဏ်တော်ကို အကြောင်းအနေဖြင့် ဖော်ပြ၍ ဉာဏ်တော်၏တည်ရာရှိရာ ခန္ဓာငါးပါးဖြစ်တော်ကိုသာ မုချအားဖြင့် ဖော်ပြသည်။ ထိုကြောင့် သဒ္ဒတ္ထဘေဒစိန္တာကျမ်း၌-

နေမိတ္တောတွပ္ပဓာနေန၊ တဗ္ဗိသေသော ပဓာနတော။

ဘာသာပြန်။ ။ အကြောင်းဖြစ်သော အနက်ကိုမူကား သဒ္ဒါသည် အပဓာနအားဖြင့် ဟောအပ်၏။ (၀ါ) ဖော်ပြ၏။ ထိုအကြောင်းသည် အထူးပြုအပ်သော ဖြစ်အနက်ကိုသာလျှင် မုချအားဖြင့် ဟောအပ်၏ (၀ါ) ဖော်ပြ၏။

ထိုကြောင့် ဘုရားဖြစ်ကြောင်း သဗ္ဗညုတဉာဏ်တော်ကို ရရှိထားသူ (၀ါ) ဉာဏ်တော်ပိုင်ရှင် (ခေါ်) ခန္ဓာငါးပါးဖြစ်အစဉ်ကိုသာ ဘုရားဟုဆိုရသည်ဟု သိမှတ်ကြရာသည်။

http://www.dhammadownload.com

(ခ) အကယ်၍ အသားက ဗုဒ္ဓ (ဘုရား) ဖြစ်သည်မှန်လျှင် မယ်တော်မာယာ၏ ဝမ်းကြောတိုက်၌ပင် ဗုဒ္ဓဖြစ်ပြီးသားဟု ဆိုရ မည်။ ဤသို့ကား ဆိုနိုင်မည်မဟုတ် ဟူ၍လည်းကောင်း၊ 'သစ္စာတရားကို သိပြီးမှသာ ဗုဒ္ဓဖြစ်ခြင်းကြောင့် ဉာဏ်တော်သည်သာ ဗုဒ္ဓဖြစ်သည် ဟူ၍လည်းကောင်း စုဒိတကထိုစကားနှစ်ရပ်တွင် အကယ်၍ --ပ--ဆိုနိုင်မည် မဟုတ်ဟူသော ရှေ့စကားဖြင့် အသားသည် ဘုရား မဟုတ်ဟု ခိုင်မြဲစွာဆိုသည်။ သစ္စာတရားကို --ပ---မုချ ဗုဒ္ဓဖြစ်သည် ဟူသော နောက်စကားဖြင့် ဉာဏ်သာလျှင် ဘုရားဟု ခိုင်မြဲစွာ ဆိုသည်။

(ဂ)မြတ်ဗုဒ္ဓဝါဒတော်-တရားတော်တို့၏ မူလပင်ကိုယ်အခြေခံ အရင်းခံ "ကြောင်း+ ကျိုးဆက်" စနစ်အရ စဉ်းစားဆုံးဖြတ်မှသာ အမှန်ဖြစ်နိုင်သည်။ ထိုဝါဒနှစ်ရပ်တွင်လယ်တီဆရာတော်ကြီး၏ စကားသည် မဟာနိဒ္ဒေသပါဠိတော်၊ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ သီလက္ခန်ဓိကာ စသော၊ ကျမ်းဂန်ကြီးတို့၏ စကားနှင့်လည်း ညီညွတ်သည်။ ဉာဏ်တော် သက်သက်လည်း ဗုဒ္ဓမဖြစ်၊ ဗုဒ္ဓသာဖြစ်သည်။ အသား(ခေါ်) ခန္ဓာတော်သက်သက်လည်း ဗုဒ္ဓမဖြစ်တရားသာဖြစ်သည်။ ဉာဏ်တော်နှင့် ခန္ဓာ. ဒြပ်ပေါင်းစပ်မှ ဗုဒ္ဓဖြစ်သည်၊ (ဝါ) ဘုရားဖြစ်သည်။ ထိုတွင်ဉာဏ်တော်သည် အပဓာနအမှုချုဖြစ်သော အကြောင်း-ဂုဏ်ဖြစ်၍ ခန္ဓာဒြပ်သည် ပဓာနန- မုချုဖြစ်သော အကျိုး-ဂုဏီ (ဂုဏ်ရှိသည်) ဖြစ်သည်ဟု ဗုဒ္ဓ (ဘုရား) ဟူသော သဒ္ဒါ၏ကြောင်း-ကျိုးဆက်ကို ဂုဏ်နှင့် ဒြပ်ဆက်စပ်အောင် ဖော်ပြထားသည်။

စုဒိတက၏စကားသည် ကျမ်းဂန်သာဓကလည်းမရှိ၊ ကြောင်း-ကျိုးဆက်ကိုလည်း ဂုဏ်နှင့် ဒြပ်စပ်အောင် ဆက်မပြချေ။ ထိုပြင် လောကဥပမာအားဖြင့် ရွှေငွေစသော ဥစ္စာပစ္စည်းများစွာ ရှိသောကြောင့် သူဌေးဟု ခေါ်ဝေါ်ကြရာ၌ လူဟုခေါ်ကြသော ခန္ဓာကိုယ်ဒြပ်သည် သူဌေးမဟုတ်၊ ရွှေငွေစသော ပစ္စည်းဥစ္စာတွေသာ သူဌေးဖြစ်သည်၊ အကယ်၍ လူက သူဌေးဖြစ်သည်မှန်လျှင် အမှေ့ဝမ်းကြားတိုက်မှာပင် သူဌေးဖြစ်ပြီးသားဟု ဆိုရမည်ဟူ၍ ပြောသည်နှင့်တူနေသည်။ ကျောင်းဆရာဟုခေါ်ဝေါ် ပြောဆိုကြရာ၌ ကျောင်းသားတွေကို သင်ပြတတ်သော အသိဉာဏ်ပညာ သည်သာ ကျောင်းဆရာဖြစ်၍ လူသည် ကျောင်းဆရာမဟုတ်။ အကယ်၍ လူသည် ကျောင်းဆရာဖြစ်သည်မှန်လျှင် အမှေ့ဝမ်းဗိုက်ထဲမှာပင် ကျောင်းဆရာ ဖြစ်ပြီးသားဟု ဆိုရမည်ဟူ၍

http://www.dhammadownload.com

ပြောသည်နှင့် လည်းတူနေသည်။ ယင်းသို့ပြောလျှင် အဘယ်သူက မှန်ပေသည်ဟု သဘောတူမည်နည်း အသိဉာဏ် ကျွမ်းမပြည့်သူ တချို့ကသာ သဘောတူပေမည်။

(ဃ) စုဒိတကသည် ဝတ္ထလိထေရဝတ္ထုကို သာဓကထုတ်ပြရာတွင် "ယောခေါ်ဗ္ဗလိ-ဓမ္မံပဿတိ၊ သောမံပဿတိ။ ယောမံပဿတိ၊ သော ဓမ္မံ ပဿတိ"။ ပါရှိရာတွင် ယောမံပဿတိ၊ သောဓမ္မံ ပဿတိ။ အကြင်သူသည် ငါဘုရားကိုမြင်၏၊ ထိုသူသည်လောကုတ္တရာ (လောကလွန်) တရားကိုမြင်၏ဟု မြတ်ဗုဒ္ဓမိန့်တော်မူသော နောက်ဆက် ပါဠိတွေကို စုဒိတကချန်ထားခဲ့သည်။ ယင်းသို့ချန်ထားခြင်းကြောင့် စုဒိတက သန္ဓာန်၌ တကယ်အမှန်ကို တင်ပြ လိုစိတ်ရှိ- မရှိ၊ တကယ်အမှန်ကို သိအောင် ဆွေးနွေးလိုစိတ်ရှိ-မရှိ ပေါ်လွင်ပြီဖြစ်သည်။ အကြင်သူသည် သစ္စာလေးပါး တရားကိုမြင်၏ဟူ၍လည်း ကျမ်းဂန်ကိုမထောက် စိတ်ပေါက်သလို ဘာသာ ပြန်ထားသည်။ ဤမျှ လောက်ဖြင့် အသိဉာဏ်သည်သာ မုချ ဗုဒ္ဓဖြစ်ကြောင်း ထင်ရှားပါသည်ဟု ဆိုရင်းချက်အကျိုးပြ စကား(လဒ္ဓဂုဏ) ကို ထုတ်ပြထားသည်။ အကြင်သူသည် **သစ္စာလေးပါးတရားကို မြင်၏၊ ထိုသူသည်သာ** ငါဘုရားကို မြင်၏ဟူသော စုဒိတက၏ ဘာသာပြန်ချက်တွင် ရှေ့ဝါကျ၌ ကံပုဒ် (မြင်စရာ) သည် "ငါဘုရား" ဖြစ်သည်။ ဝါကျနှစ်ခုလုံး၌ အသိဉာဏ်ဟူသော စကား လုံးမပါမရှိ။ ရှေ့+နောက်ဝါကျ (စကား) နှစ်ရပ်ကို ဆက်စပ်လိုက်လျှင် "သစ္စာ လေးပါး တရားသည် ငါဘုရား" ဟူ၍သာ အဓိပ္ပာယ် မှန်ထွက်သည်၊ အသိဉာဏ် သည် ဗုဒ္ဓ (ဘုရား) ဟု စုဒိတကဆိုသော အဓိပ္ပာယ် မထွက်ချေ။ ထို့ကြောင့် ဤမျှဖြင့် အသိဉာဏ်သည်သာ မုချဗုဒ္ဓဖြစ်ကြောင်း ထင်ရှားပါသည်ဟူသော စုဒိတက၏ လိုရင်းချုပ်အကျိုး (လဒ္ဓဂုဏ) ပြစကားသည် သစ္စာလေးပါးနှင့် အသိဉာဏ်တို့ တရားကိုယ်တူကြသည်ဟု စုဒိတကအလွဲပြော နေကြောင်းကို တိတိပပ သေသေ ချာချာ ပြောပြနေပြန်သည်။ စုဒိတက တင်ပြသော ဝတ္ထလိထေရဝတ္ထုလာ မြတ်ဗုဒ္ဓ၏ စကားတော်သည် ဉာဏ်တော်နှင့် ခန္ဓာတော် ဖြင်တို့ကွဲစပ်မှ ဗုဒ္ဓ (ဘုရား) ဖြစ်သည်၊ ဉာဏ်တော်သည် ဘုရားမဟုတ် ဟူသော လယ်တီ ဆရာတော်ကြီး၏ စကားကို ခိုင်မြဲစေသည်။

(c) ထိုပြင်လည်း စုဒိတက၏ ရှုပ်နာမ်လွတ်သော ဝိပဿနာနည်းအရ ပညတ်-ပရမတ်သရုပ်ခွဲလျှင် မိမိမွေးရာပါ ခန္ဓာကိုယ်အတုံးကြီးသာ အရှိတရား၊

http://www.dhammadownload.com

မူလအိမ်ရှင်၊ ပရမတ်ဖြစ်၍ အနတ္တသိဉာဏ်သည် တကယ်မရှိတရား၊ နောက်မှပေါ်လာသော ဧည့်သည်၊ အရိပ်၊ ပညတ်ဖြစ်သည်ဟု သိမှတ်ပါမှ စုဒိတက၏ ကုသိုလ်၊ အကုသိုလ်၊ မရှိ နောက်ဘဝမရှိ၊ သီလမရှိ၊ သူအသက်မရှိ စသည်ပြောစဉ်က အကြောင်းပြချက်နှင့် ညီညွတ်ပေမည်။ ယင်းသို့ဖြစ်လျှင် တကယ်မရှိတာကို တကယ်ရှိတယ်ဟု ယူစွဲလျှင် " အတ္တာတိ ဂဟိတံ နတ္ထိ"၊ အရအထင်အစွဲ၊ ဥပါဒါန်၊ အတ္တဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိဖြစ်သည်ဟု တိတ်ခွေ၊ ဂ/ဘိ၌ စုဒိတကအပြစ်ပြထားချက်နှင့် ညီအောင် ပြန်ညှိကြည့်ပါက အသိဉာဏ်သည်သာ ဗုဒ္ဓ (ဘုရား) ဟု စုဒိတက ဆိုချက်သည် အတ္တဒိဋ္ဌိမပြုသေး၊ ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ ကပ်မ္ဘား- ဖြတ်မှား အစွန်းနှစ်ဖက်နှင့် ငြိနေသည်ဟု ဆိုဖွယ်ရှိသည်။ အတ္တဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိတွေကို "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" ဟုကိုးကွယ်ဆည်းကပ်နေဖို့ စုဒိတက ညွှန်နေသည်ဟုလည်း ဆိုဖွယ်ရှိသည်။ စုဒိတက၏အမှားလက်စ မသတ်နိုင်ပြီ။ ပြခဲ့ပြီး အကြောင်းတို့ကြောင့် အသိဉာဏ်သာလျှင် မုချဗုဒ္ဓ (ဘုရား) ဖြစ်သည်ဟူသော စုဒိတကဝါဒသည် နောက်ဆက်တွဲ အပြစ်များလွန်းသော အမှားလွဲသာ ဖြစ်သည်ဟု ရုံးတော်က သုံးသပ်သည်။

ငြင်းခုံချက်။ ၂ ။

ဒီပရမတ်တရားကို သိတဲ့ဉာဏ်သည် သပ်သပ်အပြင်မှာ ရှိသလား၊

စွဲဆိုချက်။ ။ ခန္ဓာမှာလား။ အဘယ်တော့မှ အကြည်ငြိုမပျက်နိုင်တဲ့ ကိုယ်ပိုင် ဘုရား ဒါလဲ အပြင်မှာရှာရမှာလား၊ ခန္ဓာမှာရှာရမှာလား (ဃ) (င) ဟောချက် တို့ဖြင့် အပြင်မှာဘုရားမရှိ၊ မိမိခန္ဓာမှာသာ ဘုရား ရှိသည်ဟုပြော၍ ယခုကာလ စေတီလေးပါးမျှမက သက်တော် ထင်ရှားဘုရာရှင်ကိုပါ ပယ်လိုက်ပါတော့သည်။ (၇/၂ ၌ကြည့်)

ချေပချက်။ ။ ဤစောဒနာကို ရည်ညွှန်းချေပချက်မရှိ။

စိစစ်ချက်။ ၂ ။ စောဒကတို့၏ ဤစောဒနာချက်ကို စုဒိတက ပုဂ္ဂိုလ်က စောဒနာချက်တရပ်ဟု ယူမှတ်ခြင်းမရှိသောကြောင့် ချေပချက်ကို မတင်ပြခဲ့။ ထို့ကြောင့် ဤစောဒနာချက်ကို သဘောသွားချင်း တူညီနေသော စောဒနာ အမှတ်-ဂ-၌ ပူးတွဲ စိစစ်ဆုံးဖြတ်မည်။

http://www.dhammadownload.com

ခြင်းခုံချက်။ ၃။

စွဲဆိုချက်။ ။စုဒိတက၏ (ဃ) မှတ်ပြဟောချက်အရ သစ္စာလေးပါးသိသူ မှန်သမျှ ဗုဒ္ဓဖြစ်နေပါသည်၊ ထိုဗုဒ္ဓမှာ သဗ္ဗညု မြတ်စွာဘုရားနှင့် တန်းတူ ဗုဒ္ဓဖြစ်နေပါသည်၊ သမ္မာသမ္ဗုဒ္ဓမပြောရဲသော်လဲဟူသော စကားဖြင့် မပြောရဲသော် အနုဗုဒ္ဓ၊ သာဝကဗုဒ္ဓဟုပြော၊ ပြောရဲလျှင် သမ္မာသမ္ဗုဒ္ဓဘဲပြောဟု စုဒိတကပြောလို၍ "အမှန် ကတော့ သစ္စာလေးပါးသိသူမှန်ရင် အကုန်လုံးဗုဒ္ဓချည်းရယ်ဟု သုံးခြင်းဖြစ်ပါသည်။) (အကျယ်ကို စောဒနာလွှာ၌ ကြည့်)

ချေပချက်။ ။ အထွတ်အထိပ်ဖြစ်တော်မူခြင်းကြောင့် ဘုရားဟု တင်စားပြောရန် မဆိုထားဘိ စိတ်ကူးထဲတွင်ပင် မထားဝံ့ပါ။ သမ္မုတိဗုဒ္ဓနှင့် ပရမတ္ထဗုဒ္ဓကို ပိုင်းခြားနေခြင်းသာ ဖြစ်ပါသည်။ (သဗ္ဗညုဗုဒ္ဓဟု မပြောရဲတောင်) ဟူသော စကားမှာ ဗုဒ္ဓဟူသော သစ္စာသိသူ၏ နာမကို မိမိကိုယ်ပိုင်ဉာဏ်ဖြင့် တွေးကြံရဲအောင် ပို့ပေးလိုက် ခြင်းသာဖြစ်ပါသည်။ (အကျယ်ကို သောဓနာ-စာမျက်နှာ (၇/၁) ၌ ကြည့်)

စီစစ်ချက်။ ၃ ။ (က) စုဒိတက၏ (ဃ) (၈) ပြဟောချက်တို့ကို အကြောင်းရင်းပြ၍ ဤခြင်းခုံချက်ဖြစ်ပေါ်လာသည်။ (၈) မှတ်ပြ၍ ဗုဒ္ဓဘုရား၊ သစ္စာတရားကိုသိသူ၊ (ဃ) မှတ်ပြ၍ အမှန်ကတော့ သစ္စာတရားသိသူမှန်ရင် အားလုံးဗုဒ္ဓချည်းရယ်ဟူသော စကားသုံးခွန်းတို့ဖြင့် စုဒိတကပြောလိုသော သရဏဂုံအရ ကိုးကွယ်ထိုက်သော "ဘုရား" ကို ပုံဖော်ထားသည်။ (၁) ဗုဒ္ဓဘုရား ဟူသော စကားဖြင့် ဗုဒ္ဓ(ပါဠိစကား) နှင့်ဘုရား (မြန်မာစကား)တို့ အဓိပ္ပာယ် တူကြသည်။ ဗုဒ္ဓဟုပြောလျှင် ဘုရားဟူ၍ ဘုရားဟုပြောလျှင် ဗုဒ္ဓသိမှတ်ကြရန် ဖော်ပြသည်။ (၂) သစ္စာတရားသိသူဟူသောစကားဖြင့် ဗုဒ္ဓဘုရား၏ သဘာဝနှင့် တရားတို့ကို ထုတ်ပြသည်။။ သစ္စာတရားသိသူကို ဗုဒ္ဓဘုရားဟု သိမှတ်ကြဖို့ ဖော်ပြသည်။ ဤဖော်ပြချက်အရ ဉာဏ်ဘုရားမဟုတ်၊ ခန္ဓာဘုရားဟု စုဒိတက၏ ဆိုချက်ကို မြစ္စာသိမှတ်ထားကြရာသည်။ ဤသို့ သိမှတ်ထားကြရာသည်။ ဤသို့ သိမှတ်မြဲပါမှ စုဒိတက၏ လှည့်ကွက်မာယာကို လျှင်မြန်စွာ သိနိုင်မည်။ (၃) အမှန်ကတော့ သစ္စာသိသူမှန်ရင် အားလုံးဗုဒ္ဓချည်းရယ်ဟူသောစကားဖြင့် ဗုဒ္ဓဘုရားတို့၏ အရေအတွက်ကို ဖော်ပြသည်၊ ဗုဒ္ဓဘာသာဝင်အားလုံးတို့က "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" အရဘုရားဟု သိမှတ်ထားကြပြီး ဖြစ်သောသဗ္ဗညုတ ဉာဏ်တော်သခင်

http://www.dhammadownload.com

ဘုရားရှင်တစ်ဦးတည်းကိုသာ ဗုဒ္ဓဘုရားဟု ခေါ်ဝေါ်ရသည် ဟူ၍ အလွဲ မမှတ်ကြနှင့်၊ သစ္စာတရားသိသူယောဂျီး မိန်းမအားလုံးကိုပင် ဗုဒ္ဓ ဘုရားဟု သိမှတ်ခေါ်ဝေါ်ပြောဆိုကြရမည်ဟု စုဒိတကဖော်ညွှန်းသည်။ ဗုဒ္ဓ ဘုရားတို့သည် မရေတွက်နိုင်အောင် များသည်ဟုသိစေလိုသည်။ စုဒိတက၏ ထိုဖော်ညွှန်း ချက်နှင့် သိစေလိုချက်တို့သည် သစ္စာလေးပါးသိသူမှန်သမျှ သဗ္ဗညု မြတ်စွာဘုရား နှင့် တန်းတူထားသော ဗုဒ္ဓဖြစ်နေပါသည်၊ စုဒိတကသည် မိမိနှင့်တကွ တပည့်တွေကို သဗ္ဗညုဗုဒ္ဓနှင့် တန်းတူရည်တူထားပါသည်ဟူသော စောဒကတို့ စောဒနာ (စွဲဆို) ချက်ကို ထောက်ပံ့ခိုင်မြဲစေသည်ကြသည်။ ယင်းသို့ ဖြစ်၍ အထွဋ်အထိပ် ဖြစ်သောကြောင့် ဘုရားဟုတင်စားပြောရန်မဆိုထားဘိ စိတ်ကူးထဲတွင်ပင် မထားဝံ့ပါဟူသော စုဒိတက၏ ချေပချက်စကားသည် မိမိ၏ အပြစ်ကို ဖုံးကွယ်သောလှည့်ကွက် မာယာစကားသာဖြစ်သည်မှာ အလွန် ထင်ရှားသည်။ ထို့ကြောင့် သမ္မာသမ္ဗုဒ္ဓ မပြောရဲသော်လည်း အနုဗုဒ္ဓ၊ သာဝက ဗုဒ္ဓတော့ပြော၊ ပြောရဲလျှင် သမ္မာသမ္ဗုဒ္ဓပဲပြောဟု စုဒိတကဟောပြောပါသည် ဟူသော စောဒနာ တင်ချက်သည် ဟုတ်မှန်သော စောဒနာတင်ချက် ဖြစ်ကြောင်း လည်း ပေါ်လွင်သည်။ ထိုစောဒနာချက်ကို (သဗ္ဗညုဗုဒ္ဓဟု မပြောရဲတောင်) ဟူသောစကားမှာ ဗုဒ္ဓဟူသော သစ္စာတရားသိသူ၏ နာမကို မိမိ ကိုယ်ပိုင် ဉာဏ်ဖြင့် တွေးကြံ ရဲအောင် ပို့ပေးခြင်းသာဖြစ်ပါဟု စုဒိတကချေပသည်၊ ထိုချေပချက်ဖြင့် ပြောရဲလျှင် သဗ္ဗညုဗုဒ္ဓလို့ဘဲ ပြောပါဟု တွန်းပို့ခဲ့ကြောင်းကို စုဒိတကကိုယ်တိုင် ဝန်ခံနေသည်။ စုဒိတကကိုယ်တိုင်အဖို့မှာ စတုတ္ထပါရာဇိက (ခေါ်) သေဒဏ် အပြစ်ကို ကျူးလွန်သူအဖြစ်ဖြင့် သန့်ရှင်းရေးတွင် ပါဝင်သွားမည်ကို ကြောက် သောကြောင့် အဝုတ္ထသိဒ္ဓိ (တိုက်ရိုက်မပြောဘဲပြော လိုရင်းကိစ္စပြီးသော) နည်းအရ မြှုပ်ကွက်လုပ်ထားလိုက်ရရှာသည်။

(ခ) ဘုရားတစ်ဆူ၏ သာသနာတော်တစ်ခေတ်တွင် ဗုဒ္ဓဘုရားသည် သဗ္ဗညုတညာဏ်တော်သခင်စစ်စစ် တစ်ဆူတည်းရှိသည်ဟု ထေရဝါဒ ကျမ်း များ၌ ဆိုထားသည်၊ ကမ္ဘာအရပ်ရပ်ရှိ ထေရဝါဒ ဗုဒ္ဓဘာသာဝင် အားလုံး တို့သည်လည်း ထိုအတိုင်းပင် ယုံကြည်သိမှတ်ထား ကြသည်။ စုဒိတက၏ ရှုပ်နာမ်လွယ်သော ဝိပဿနာနည်းအရ သစ္စာတရား သိသူတွေဖြစ်ကြသော စုဒိတကနှင့် တပည့်တို့သည် ယင်းသို့ စုဒိတက၏ တွန်းပို့ ပေးချက်အရ 'ငါသဗ္ဗညုဗုဒ္ဓ' ဟူ၍ ဖော်ပြောဖို့မဝံ့ရဲကြသေးသောကြောင့် တိတ်တိတ်ပုံး သဗ္ဗညု

http://www.dhammadownload.com

ဗုဒ္ဓတွေ ဖြစ်နေကြလေပြီ၊ တိတ်တိတ်ပုံး မိန်းမသဗ္ဗညုဗုဒ္ဓတွေလည်း ရှိနေကြပေပြီ။ စုဒိတကသည် မိန်းမတွေကိုပင် သဗ္ဗညုဗုဒ္ဓဖြစ်အောင် လုပ်ပေးနိုင်စွမ်းရှိသူ ဖြစ်နေလေပြီ၊ ဂဂ်ါဝါ၊ ဗျူသဲစုမျှမက ပွင့်ထွန်းတော်မူကြပြီးသော သဗ္ဗညုဗုဒ္ဓအစစ်တို့ထက် စွမ်းရည်သာလွန်သူ ဗုဒ္ဓဘုရားဖြစ်နေလေပြီးမှ ဆိုဖွယ်ဖြစ်နေတော့သည်။

(ဂ) စာပေအရ မှတ်သားထားကြသူများပင် သုတဗုဒ္ဓအခေါ်ခံ ရသော် အမှတ်တရားအားထုတ်နေသူနှင့် အမှန်တရားသိသူ အဖို့ သာဝကဗုဒ္ဓဟုဆိုရမည်သာဖြစ်ပါသည်။ စုဒိတက၏ သောဓနာလွှာ(၇/၂) ၌ ဆိုချက်ရှိသည်။ ထိုဆိုချက်အရ သစ္စာတရားသိသူမှန်ရင် အားလုံး ဗုဒ္ဓချည်းရယ်ဟူသော သင်တန်းပေးစကားထက်များစွာပိုကဲ၍ အမှန်တရား အားထုတ်နေသူအားလုံး ဗုဒ္ဓဘုရားဖြစ်သည်ဟု ဖော်ပြသည်။ စုဒိတကသည် ရှုဖ်နာမ်လွတ်သော ဝိပဿနာသင်တန်းသား/သင်တန်းသူအားလုံးပင် ဗုဒ္ဓဘုရားဖြစ်ကြအောင် ဗုဒ္ဓဘုရား၏အရည်အချင်းကို လျှော့ချလိုက်သည်၊ ဗုဒ္ဓ ဘုရားတွေ ပေါကုန်အောင် အရေအတွက်ကို တိုးမြှင့်လိုက်သည်။ သင်တန်းတက်သူတိုင်းကို ဗုဒ္ဓဘုရားဖြစ်စေမည်ဟု ရည်မှန်းချက်ထားဟန်ရှိသည်။

စုဒိတတ၏ ဆိုချက်တွင် 'အခေါ်ခံရသော်' ဟူသောစကားအရ ငါဗုဒ္ဓ ဘုရားဟု စာပေသုတရှိသူတို့က ယူစွဲမှု-ဝန်ခံမှုမရှိဟူ၍ သိကြရာသည်။ မြန်မာ့ယဉ်ကျေးမှု အသုံးအနှုန်းတွင် (၁) သဗ္ဗညုဗုဒ္ဓနှင့်သက်ဆိုင်ရာ၌ ပြောသော 'ဘုရား' (၂) သဗ္ဗညုဗုဒ္ဓနှင့်သက်ဆိုင်ခြင်းမရှိရာ၌ ပြောသော 'ဘုရား'ဟူ၍ သုံးရိုးစဉ်လာနှစ်မျိုးရှိသည်။ ထိုတွင် (၁) ဗုဒ္ဓေါ-ဘုရား၊ ဒသဗလော-ဘုရား၊ သဗ္ဗညုဘုရား၊ ဘုရားဟောပါဠိ၊ ဘုရားဖူးမယ်၊ ဘုရားရှိခိုး၊ ဘုရားပန်းကပ် စသောစကားမျိုး၌ ဘုရားဟူသောစကားလုံးသည် သဗ္ဗညုဗုဒ္ဓနှင့်သက်ဆိုင်ရာ၌ ပြောသောစကားဟုအားလုံးက သိမှန်ပြောဆိုနေကြသည်။ (၂) ဘုရားကျွန်တော်မျိုး၊ ဘုရားတပည့်တော်၊ အရှင်ဘုရားဆရာတော်ဘုရား၊ လျှောက်ထားပါသည်ဘုရားစသော စကားမျိုး၌ ဘုရားဟူသသောစကားလုံးသည် သဗ္ဗညုဗုဒ္ဓနှင့်သက်ဆိုင်ခြင်းမရှိရာ၌ ပြောသောဘုရားဟု အားလုံးက သိမှတ်ပြောဆိုနေကြသည်။ ထိုကြောင့် သုတဗုဒ္ဓဟုသာပြောကြသည်၊ သုတဘုရား/သုတဗုဒ္ဓ ဘုရားဟု မပြောကြ၊ သာဝကဗုဒ္ဓဟူသောစကားလုံးကို သာဝကဗုဒ္ဓဘုရား/

http://www.dhammadownload.com

သာဝကဘုရားဟူ၍ အဘယ်ပညာရှင်ကမျှ လူတွေအသိရှုပ်ထွေးအောင် အသုံးမပြုခဲ့ကြ၊ နည်းမညွှန်ပေ။
၁-ဒီ၊ ၃။ ၉၅။ မ၊ ၃။ ၁၁၀။ အံ၊ ၁၊ ၂၉။ အဘိ၊ ၂။ ၃၄၈။ နေတ္တိ၊ ၇၈။ မိလိန္ဒ၊ ၂၃၁-ရှာ

စုဒိတကသည်သာလျှင် စောဒနာ-၇ (ဂ) မှတ်ပြတွင် 'ဗုဒ္ဓဘုရားဟူသော ဟောချက်ဖြင့် ဗုဒ္ဓဘုရားဟု တွဲစပ်သုံးရန် (သို့မဟုတ်) ဗုဒ္ဓ (ပါဠိ) ဟူသမျှကို ဘုရားဟုဘာသာ ပြန်ရန် နည်းညွှန်ထားသည်။ သင်တန်းသားတွေ အသိမှား အယူမှားဘဝင်မြင့်အောင် သဗ္ဗညုဗုဒ္ဓမပြောရဲသော်လဲ အနုဗုဒ္ဓ၊ သာဝကဗုဒ္ဓ လောက်တော့ ပြောရဲတာပေါ့ စသည်သင်တန်းပေးသည်၊ ရုံးတော်သို့ ချေပ လွှာတင်ရာ၌ စိတ်ကူးထဲတွင်ပင် မထားဝံ့ပါဟု လှည့်ကွက်မာယာစကားကို သုံးသည်၊ စုဒိတက၏ သင်တန်းပေးဟောချက်များသည် စိတ်ပေါက်သလို ပြောဆိုထားသူ၏ စကားများဖြစ်ကြောင်း တရိပ်ရိပ်ထင်ပေါ်လာကြသည်။

အရှင်သာရိပုတ္တရာမထေရ်မြတ်သည် သဗ္ဗညုတညာဏ်ပိုင်ရှင်ဘုရားသခင်နှင့် တန်းတူထား၍ ဗုဒ္ဓဘုရားဟူသောအမည်ကို မခံပါပေဟူ၍ စောဒကတို့တင်ပြ ထားသော သာသနာ့ယဉ်ကျေးမှုကို သိမှတ်ကြ၍ သတိမြဲစွဲအောင် ခဲကြရာသည်။

(ဃ)(၁) သမ္မုတိဗုဒ္ဓနှင့် ပရမတ္ထဗုဒ္ဓကို ဤအခန်းတွင် ပိုင်းခြားနေခြင်း သာဖြစ်ပါသည် (၂) ပရမတ္ထဗုဒ္ဓကို ခန္ဓာမှာပုံပေါ်လာအောင် သယ်ဆောင် ပြောကြားရပါတော့မည်။ (၃) သမုတ်ကို သမုတ်ဟု သိရုံသာ ပိုင်းခြားခြင်းဖြစ်၍ ပယ်ထားခြင်းမဟုတ်ပါ။ (၄) ပရမတ်ကို ပရမတ်ဟု သိရုံသာဖြစ်၍ မည်သည့်နာမ ပညတ်နှင့်မျှ သမုတ်၍ အသုံးချ၍ မရပါဟု သောဓနာ၊ ၇/၂တွင် စုဒိတက ဆိုသည်။

(၁) သမ္မုတိဗုဒ္ဓနှင့် ပရမတ္ထဗုဒ္ဓကို ပိုင်းခြားနေခြင်းသာဖြစ်ပါသည်ဟူသော စုဒိတက၏စကားသည် ထွင်လုံးမာယာ အလွဲစကားသာဖြစ်သည်။ စုဒိတကဟော ချက်(စ)မှတ်ပြတွင် အတိတ်ကယောဂီတို့သိတဲ့ဘုရားဟာ ဘုံဆိုင်ဘုရားခေါ်တယ်၊ ဘုံဆိုင်ဆိုတာ ကုန်သွယ်ရေးကိုပြောတာဟူ၍၊ (စောဒနာ-၇/၂) (ဂ)မှတ်ပြဟော ချက်တွင် ဒီပရမတ်တရားကိုသိတဲ့ဉာဏ်က ဒီမှာပရမတ်ဘုရားဖြစ်လာတယ်ဟူ၍ စောဒနာ၊ ၇/၃တွင် ဒါကြောင့်မို့ ဘယ်တော့မှအကြည်ဿိုမပျက်နိုင်တဲ့ ကိုယ်ပိုင် ဘုရားဟူ၍ တွေ့ကြရသည်။ ထိုဟောချက်များအရ သင်တန်းပေးစကားတွင်

http://www.dhammadownload.com

ဘုံဆိုင်ဘုရား၊ ကုန်သွယ်ရေးဘုရား၊ ပရမတ်ဘုရား၊ ကိုယ်ပိုင်ဘုရားဟု လေးမျိုးခွဲ ဆိုထားသည်။ သောဓနာချေပလွှာတွင် သမုတိဗုဒ္ဓနှင့်ပရမတ္ထဗုဒ္ဓဟု နှစ်မျိုးသာ ခွဲခြားဖြေရှင်းသည်။ ဟောချက်တွင်ပါသော ဘုံဆိုင်ဘုရား၊ ကုန်သွယ်ဘုရားတို့ကို သောဓနာတွင် မထည့်သွင်း၊ မဖြေရှင်းပဲ ဟောချက်တွင်မပါသော သမုတိဘုရား ကို သောဓနာတွင်ထည့်သွင်းဖြေရှင်းသည်၊ ဘုံဆိုင်ဘုရား၊ ကုန်သွယ်ရေးဘုရားဟု သင်တန်းပေးစဉ်မှာ နင့်သီးစွာပြောထားသောစကားသည် အပြစ်လွတ်သော စကားဖြစ်ကြောင်းကို စုဒိတကသည် ရှင်းမပြနိုင်သောကြောင့် လှည့်ကွက်မာယာ ထွင်ကာသောဓနာခဲ့သည်၊ ထို့ကြောင့် မြတ်စွာဘုရားကို မမှန်သောအကြောင်း ပြချက်များဖြင့် ဘုံဆိုင်ဘုရား၊ ကုန်သွယ်ရေးဘုရားဟု ကဲ့ရဲ့မှုအပြစ်မှ စုဒိတက သည် မလွတ်ပေ။

(၁) (ခ)ပရမတ္ထဗုဒ္ဓဟူသောစကားသည်လည်း စိတ်ဖောက်သလိုဆိုထားသော အလွဲအမှားသာဖြစ်သည်၊ တိတ်ခွေ-၅/အေ၌ အစဉ်အမြဲရှိခြင်း၊ ထင်ထင်ရှားရှား ရှိခြင်း အဂ်ါနှစ်ရပ်နှင့်ညီမှသာ ပရမတ်ဟုဆို၍ မွေးရာပါပကတိခန္ဓာကိုယ် အတုံး ကြီးသာ အရှိတရားပရမတ်ဖြစ်သည်၊ ကျန်အားလုံးသည် မရှိတရား ပညတ် ဖြစ်သည်ဟုစုဒိတကကိုယ်တိုင် ဆိုထားသောကြောင့် ပရမတ် တရားကိုသိတဲ့ ဉာဏ်က ပရမတ်ဘုရားဖြစ်လာတယ်ဟူသော စုဒိတက၏ သင်တန်းပေး စကား သည် မျက်လှည့်ပြထားသော အလွဲအမှားသာဖြစ်သည်။ ပရမတ်တရားကို သိတဲ့ဉာဏ် သည် တိတ်ခွေ၊ ၅/အေ၌ စုဒိတကဖော်ပြထားသည့်အစဉ် အမြဲ ရှိခြင်း၊ ထင်ထင် ရှားရှားရှိခြင်းဟူသော ပရမတ်အဂ်ါရပ်နှင့်မညီသဖြင့် ပရမတ်မဟုတ်ဘဲ ပညတ် သာဖြစ်နေသောကြောင့်တည်း။ ကုသိုလ်၊ အကုသိုလ်၊ (၃၁)ဘုံသည် မရှိတရား ပညတ်ဟု စုဒိတကသတ်မှတ်ချက်ကို သတိပြုလျှင် ပရမတ္ထဗုဒ္ဓဟူသော စုဒိတက၏စကားသည် လှည့်ကွက်မာယာသာလျှင် ဖြစ်ကြောင်း ငြင်းကွယ် မရအောင် ပေါ်လွင်သည်။

(၃) သမုတိကို သမုတိဟုသိရုံသာ ပိုင်းခြားခြင်းဖြစ်၍ ပယ်ထားခြင်းဟုတ် ပါဟု စုဒိတကဆိုချက်နှင့်ပတ်သတ်၍ သဗ္ဗညုတဉာဏ်တော် သခင် ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးသော ဘုရားရှင်သည် မိမိ၏ ခန္ဓာကိုယ် အတုံးကြီးတွင် မပါဝင်သောကြောင့် (ဝါ)မရှိသောကြောင့် ပညတ်ဘုရား၊ မရှိဘုရား၊ သရဏဂုံမထိုက်သောဘုရား၊ ကိုးကွယ်စရာ မဟုတ်သောဘုရား၊ ဘုံဆိုင်ဘုရား၊ ကုန်သွယ်ရေးဘုရားဟု ပြောစကားဖြင့်ကိုးကွယ်ရာ (သရဏ)အဖြစ်မှ ပယ်ခြင်းကိစ္စလည်း ပြီးပြီဖြစ်ရာ ပယ်ထားခြင်းမဟုတ်ပါဟူသော စကားသည်

http://www.dhammadownload.com

တန်ဘိုးမထွက် လှည့်ကွက်မာယာ သက်သက်သာဖြစ်သည်။ လူ့လောကၦ ပြင်ဆင်ထားပုံကကွာ လှလဲမလှဘူးဟု အပြစ်ပြောလျှင် အပြစ်ပြောသူသည် ပြင်ဆင်ထားပုံကို မနှစ်သက်၍ စိတ်ထဲမှာ ပယ်ထားပြီးသားဟု လူ့ယဉ်ကျေးမှုအရ သိကြပြီး ဖြစ်သည်၊ ဘုံဆိုင်ဘုရားခေါ်တယ်၊ ဘုံဆိုင်ဘုရားဆိုတာ ကုန်သွယ်ရေးကို ပြောတာဟု စုဒိတကအပြစ် ဆိုချက်သည် ပယ်သောစကားမဟုတ်ပါဟု ငြင်းဆိုချင်စိတ်ပေါက်လျှင် ငါသည် လူ့ယဉ်ကျေးမှုရှိသူ ဟုတ်ပါဦးမည်လော၊ ငါသည်လူ့ ယဉ်ကျေးမှုရှိသူ ဟုတ်ပါသေး၏လောဟု မိမိကိုယ်ကို ပြန်လှန် စဉ်းစားရန် ဧကန်လိုအပ်နေသည်ဟု သတိပြုရာသည်။

(၄) ပရမတ်ကို ပရမတ်ဟုသိရုံသာဖြစ်၍ မည်သည့်နာမပညတ်နှင့်မျှ သမုတ်၍ အသုံးချ၍ မရပါဟူသော စုဒိတက၏စကားသည်လည်း ထင်ထင်ပေါ်ပေါ် မတော်မလျော် ကဗျစ်ကညစ်ပတ်ရစ်လှည့်ဖျား မာယာစကားသာ ဖြစ်သည်၊ အနတ္တတရားကို သိတဲ့ဉာဏ်၊ ပရမတ် ဘုရား၊ ပရမတ္ထဗုဒ္ဓ ကိုယ်ပိုင်ဘုရားဟူသော အမည်နာမပညတ်များနှင့် သမုတ်၍ စုဒိတကကိုယ်တိုင် အသုံးချနေသည်မှာ ပေါ်လွင်လွန်းနေသောကြောင့်တည်း။

ပြခဲ့ပြီး အကြောင်းတို့ကြောင့် မိမိ(စုဒိတက)နှင့် တပည့်တွေကို ဘုရားနှင့် တန်းတူရည်တူထားသည်ဟူသော စောဒကတို့၏ စွဲဆိုချက်သည် မှန်ကန်သည်ဟု ရုံးတော်က သုံးသပ်သည်။ ။

ငြင်းခုံချက်။ ၄ ။

စွဲဆိုချက်။ စုဒိတက၏ (က)၊ (ခ) (ဂ) မှတ်ပြဟောချက်တို့၌ အနတ္တသိလျှင် သစ္စာလေးပါးသိသည်ဟု သစ္စာတရားနှင့် အနတ္တတရားကို တပြေးညီထားပါသည်၊ အနတ္တသိရုံမျှ သစ္စာလေးပါးသိသည်မဟုတ်ပါ။ အတ္တဒိဋ္ဌပယ်ခွာနိုင်သော ဒိဋ္ဌိဝိသုဒ္ဓိ (အနတ္တ) ဉာဏ်အမြင်သည်ပင်လျှင် သစ္စာလေးပါးကိုသိဖို့ရာ ဝိပဿနာကိုယ်ထည် အစမျှရှိပါသေးသည်။ ဓမ္မနီတိဝိပဿနာကား ပရမတ်ပညတ်ကိုသာခွဲပြီး ကျမ်းလာမဟုတ် ဓမ္မနီတိလုပ်ထားသော အနတ္တအခြေခံမှုဖြင့် သစ္စာတရားကို အဘယ်သို့ သိနိုင်ပါမည်နည်းဟု ဝိသုဒ္ဓိမဂ် ကျမ်းလာ ဗုဒ္ဓဝိပဿနာတွင် အောက်ဆုံးအဆင့် နာမရူပပရိစ္ဆေဒဉာဏ်ဖြင့် အတ္တဒိဋ္ဌိ ကင်းစင်ပုံကို အကျယ်ပြ၍ စောဒနာကြသည်၊

http://www.dhammadownload.com

ချေပချက်။ ။အနတ္တတရားနှင့် သစ္စာလေးပါးတရားမှာ စင်စစ်မတူပါ၊ ဆက်နွယ်၍ကား နေပါသည်၊ အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိ ပြုတ်အောင်သိသော အနတ္တဉာဏ်သည် မဂ္ဂသစ္စာတွင်ပါဝင်သော ကြောင့် စကားအသုံးအနှုန်းတွဲလျက် ဟောပြောပါသည်။ စောဒကကို တင်ပြသော အနတ္တတရားမှာ အတ္တဒိဋ္ဌိ ပါးသွားအောင် တိုက်ထုတ်နေဆဲကာလပင်ဖြစ်သည်။

စိစစ်ချက်။ ၄ ။

(က) စုဒိတကဟောချက် (၈)မှတ်ပြတွင် ဗုဒ္ဓဘုရား၊ သစ္စာတရားသီသူ၊ ဒါဖြင့် အနတ္တတရားက ပရမတ်တရားက အသိခံပစ္စည်းဟူ၍ ဆိုထားသောကြောင့် သစ္စာတရာ၊ အနတ္တတရား၊ ပရမတ်တရားဟူသော သုံးရပ်တူကြသည်ဟု စုဒိတကပြောထားချက်ပေါ်ထွက်နေသည်၊ ဤ၌ သစ္စာတရားနှင့်အနတ္တတရား တူသည်-မတူသည် အငြင်းပွားမှုဖြစ်သောကြောင့် ထိုအငြင်းပွားချက်ကိုသာ ပမာနပြု၍ စိစစ်ဆုံးဖြတ်မည်။

အနတ္တသိလျှင် သစ္စာလေးပါးသိသည်ဟု သစ္စာတရားနှင့်အနတ္တတရားကို တပြေးညီထားခြင်းသည် လွဲမှားပါသည်၊ အနတ္တသိကာမျှဖြင့် သစ္စာလေးပါး သိသည်မဟုတ်ပါဟု စောဒကတို့ စွဲဆိုချက် (စောဒနာ-၇/၆နှင့် ၇/၇တွင်ကြည့်) ထိုအနတ္တတရားနှင့် သစ္စာလေးပါးမှာ စင်စစ်မတူပါ။ ဆက်နွယ်၍ကား နေပါသည်ဟု စုဒိတကချေပသည်။ စွဲချက်နှင့် ချေပချက် အံမဝင်ဘဲ ဖြစ်နေသည်။ အနတ္တ သိကာမျှဖြင့် သစ္စာလေးပါးသိသည် မဟုတ်ဟူသော ဘောဒကတို့ အကြောင်းပြချက်သည် ကျမ်းဂန်များနှင့်ညီသည်။

နာမရူပဝဝတ္ထာနေန သက္ကာယဒိဋ္ဌိယာ ပဟာနံ ဟောတိ၊ (မ၊ ၁၊ ၄၊ ၂၄)

ဘာသာပြန်။ ။ နာမ်ရူပ်တို့ကို ခွဲခြားသိသောဉာဏ်ဖြင့် သက္ကာယဒိဋ္ဌိကို (ဝါ) အတ္တဒိဋ္ဌိကို ပယ်ခြင်းသည်ဖြစ်၏။

နာမရူပဝဝတ္ထာနဉာဏ်ကိုပင် နာမရူပရိစ္ဆေဒဉာဏ်ဟူ၍ သင်ကြားကျမ်း၌ ဆိုထားသည်။ ထိုဉာဏ်သည် ဝိပဿနာလုပ်ငန်း၌ အောက်ဆုံးဉာဏ်လည်းဖြစ်သည်၊ နာမ်ရူပ်ကို အနတ္တဟု သိမှတ်သောဉာဏ်လည်း ဖြစ်သည်၊ အနတ္တကို သိသောဉာဏ်ဟု ရှုပ်ထွေးအောင် မပြောသင့်ပေ။ ပညတ်သည်လည်း အနတ္တ တရားဖြစ်သောကြောင့် ပညတ်ကိုသိသော ဉာဏ်သည်လည်း အနတ္တတရားကို သိသော ဉာဏ်ပင်ဖြစ်သောကြောင့်တည်း။

http://www.dhammadownload.com

(ခ) အနတ္တတရားနှင့်သစ္စာလေးပါးမှာ စင်စစ်မတူပါ၊ ဆက်နွယ်၍ကား နေပါသည်ဟု စုဒိတကဆိုသောကြောင့် စုဒိတကသည် အနတ္တတရားမှန်နှင့် သစ္စာလေးပါးတရားမှန်တို့ကို တကယ်သိသူမဟုတ်သေးကြောင်း ထင်ရှားပေါ်လွင်လာသည်။ အနတ္တတရားနှင့် သစ္စာလေးပါးတရားတို့ကို မှန်အောင်မသိဘဲ အနတ္တတရားသစ္စာလေးပါးတရားသိဖို့ ဝိပဿနာသင်တန်းဆရာလုပ်နေသည်မှာ ရှက်မှုကြောက်မှုဟူသော လူယဉ်ကျေးမှု၏ အခြေခံတရားမျှမရှိသူဖြစ်ကြောင်းလည်း ပေါ်လွင်လာသည်၊ ထိုကြောင့် အနတ္တသိလျှင် သစ္စာလေးပါးသိသည်ဟု အလွဲတွေကို ပြောနေခဲ့သည်၊ တကယ်အမှန် ဝိပဿနာရှုကွက် တချက်မျှ မပြောနိုင်ဘဲ စွဲမြဲပြုလုပ်နေသော ပညတ်-ပရမတ်ခွဲမှုကိုလည်း မှန်အောင်မခွဲတတ် အလွဲလွဲ အထပ်ထပ် ပုံနေအောင် သင်တန်းပေးထားသည်။

အတ္တမဟုတ်ဟု သိမြင်သော (ဝါ) အနတ္တဟုသိမြင်သော ထိုနာမရူပပရိစ္ဆေဒ ဉာဏ်နှင့် ဝိပဿနာဉာဏ်အားလုံးသည် ရူပ်နာမ်ဟူသော ဒုက္ခသစ္စာတရားနှင့် သမုဒယသစ္စာတရားတို့ကိုသာ အာရုံပြုကြသည်၊ (ဝါ) သိမြင်ကြသည်။ လောကုတ္တရာ တရားဖြစ်ကုန်သော မဂ္ဂသစ္စာနှင့် နိရောဓသစ္စာတရားတို့ကို မျက်မှောက်ထင်ထင် အာရုံပြုနိုင်စွမ်းမရှိကြ (ဝါ) မသိမြင်ကြပေ။ မဂ်ဉာဏ်သည်လည်း နိရောဓသစ္စာ ကိုသာ အာရုံပြုသည် (ဝါ)သိမြင်သည်၊ ကျန်သစ္စာတို့ကို အာရုံမပြု (ဝါ)မမြင်မသိနိုင်၊ ယင်းသို့ဖြစ်၍ အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိပြုတ်အောင် သိသော အနတ္တဉာဏ်သည် မဂ္ဂသစ္စာ၌ ပါဝင်သောကြောင့်ဟူသော စုဒိတက၏ အကြောင်းပြစကားသည် ဓမ္မသဘာဝမှန်နှင့် အနည်းငယ်မျှ မနီးစပ်သော စကားသာဖြစ်သည်။

သစ္စာတရားနှင့် အနတ္တတရား

(ဃ) သစ္စာလေးပါးမှ လွတ်ကုန်သော မဂ္ဂင်ရှစ်ပါးမှတပါး မဂ်စိတ္တုပ္ပါဒ်၊ ဖိုလ်စိတ္တုပါဒ်တို့ကို သခီါရဒုက္ခဖြစ်သောကြောင့် ဒုက္ခသစ္စာသို့သွင်းယူလျှင် သစ္စာတရားဟူသည် သမုတိသစ္စာ (ခေါ်) ပညတ်အမှန်တရားနှင့် ပရမတ္ထသစ္စာ (ခေါ်) စိတ်၊ စေတသိက်ရုပ်၊ နိဗ္ဗာန်ဟု ပရမတ်အမှန်လေးရပ်ရှိသည်။ သစ္စာနှစ်မျိုးပေါင်းလျှင် အဘိဓမ္မတ္ထ (အဘိဓမ္မာပိဋကဋ္ဌ ဟောအပ်သောတရား) ဟူသောစိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်၊ ပညတ်ဟု သစ္စာတရားအကျဉ်း ၂-ပါး, အကျယ်ငါးပါးဖြစ်သည်၊ ပညတ်ကို ဝိပဿနာမရှုရ။ အနတ္တတရားသည်လည်း ယင်းငါးပါး

http://www.dhammadownload.com

ပင်ဖြစ်၍ သစ္စာတရားနှင့် အနတ္တတရားတို့ တရားကိုယ်တူသည်ဟု ထေရဝါဒ ကျမ်းဂန်များ၌ ဆိုသည်။ ပညတ်တရားသည် ဝိပဿနာလုပ်ငန်းနှင့်မသက်ဆိုင်သောကြောင့် သစ္စာလေးပါးအနတ္တတရားဟုသာ စတ္တာရိ သစ္စာနိ စသည်ဖြင့် ဟောရိုးစဉ်လာရှိသည်။

စုဒိတကသည် ဘဝအစ ကလလရေကြည်ကို နဂိုတုံးက မရှိတဲ့အနတ္တဟု တိတ်ခွေ၊ ၁၅ (ဘီ)တွင် ပြောထားသည့်ပြင် ထိုကလလရေကြည်က ဒီခန္ဓာကိုယ် အတုံးကြီးကို ဖန်တီးသည်ဟု ယူဆထားသူဖြစ်သောကြောင့် အနတ္တတရားနှင့် သစ္စာလေးပါးမှာ စင်စစ်မတူပါ။ ဆက်နွယ်ကား နေပါသည်အစရှိသော သောဝနာ (ချေပ)လွှာတွင် ဆိုပါသည်။

ဤမျှဖြင့် စုဒိတက၏စကားသည် ထောက်တည်ရာမရှိတော့ပြီးဖြစ်ရာ အနတ္တနှင့် သစ္စာလေးပါးကို တပြေးညီထား၍ ဟောပြောချက်များသည် အလွဲ အမှားစစ်သာဖြစ်သည်ဟု ရုံးတော်က သုံးသပ်သည်။

ငြင်းခုံချက်။ ၅။

စုဒိတကသည် အိန္ဒိယရှိဘုရားပွင့်ရာ မဇ္ဈိမဒေသကို ပယ်ပါသည်။

စွဲဆိုချက်။ ။"စာအရ ရမ်းပြီးတော့" ဟူသောစကားဖြင့် ဘုရားဟောပိဋကတရားတော်များကို မယုံကြည်ကြောင်းပြလိုက်ပါသည်၊ ဘုရားဟော တရားတော်များကို မယုံကြည်သောကြောင့် ဘုရားကို သဗ္ဗညုတညာဏ်တော်ရှင်ဟု ယုံကြည်မှုမရှိကြောင်း ပြလိုက်ပါသည်၊ 'ဘယ်နှယ့်သူများခေါ်တိုင်း ရမ်းပြီးတော့' ဟူသောစကားဖြင့် ဘုရားရှင်ကို တိုက်ရိုက်ပုတ်ခတ်စော်ကားပါသည်။

မဂ်ဉာဏ်၏ အပွနာစွမ်းဟုန်

(ဂ) စောဒကပုဂ္ဂိုလ်တို့ တင်ပြသွားသော (နာမရူပပရိစ္ဆေဒဉာဏ်ဖြင့် အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိတို့ကို ပယ်သော) အနတ္တမှာ အပြီး တိုင် ပယ်သတ်နိုင်သော အနတ္တအသိဉာဏ်မျိုးမဟုတ်ပါ။ အတ္တစွဲများကို ပါးသွားအောင် တိုက်ထုတ်နေဆဲကာလပင်ဖြစ်ပါသည်ဟု သောဝနာလွှာ၊ ၇/၃ (ဂ)မှတ်တွင် စုဒိတကဆင်ခြေတက်ထားသည်။ မိစ္ဆာဒိဋ္ဌိနှင့်တကွသော ကိလေသာတို့ကို ပယ်သတ်၏ ဟူသည် တချက်တည်းဖြင့် အပြီးတိုင်ပယ်သတ်သည်ဟု

http://www.dhammadownload.com

အယူမလွဲနှင့်၊ အဆင့်ဆင့် ပယ်သတ်သည်ဟု သိမှတ်ပါလေ။ ဖြစ်နေဆဲ ရှိနေဆဲ ကိလေသာတွေကို ပယ်သတ်သည်ဟုလည်း အယူမလွဲလေနှင့်၊ဖြစ်နေဆဲ ရှိနေဆဲ မဟုတ်ကုန်သော ကိလေသာတို့၏ မျိုးစေ့အနုသယဓာတ်စွမ်းဟုန် ကုန်ခန်းသွားခြင်းသာ ဖြစ်သည်ဟု သိမှတ်ပါလေ။ အတ္တဒိဋ္ဌိအပါအဝင် ကိလေသာတို့၏ ဖြစ်မှုစွမ်းဟုန်သည် (၁) ဝိတိက္ကမ (၂) ပရိယုဋ္ဌာန (၃) အနုသယဟူ၍ သုံးမျိုးရှိသည်။ ထိုတွင် (၁) ဒါန သီလကုသိုလ်တို့ကို ထပ်တလဲလဲ ပြုနေခြင်းကြောင့် ကိလေသာတို့၏ ဝိတိက္ကမ (သောင်းကြမ်းမှု (၀၊) ကိုယ်နှင့် ပါးစပ်တို့ဖြင့် လွန်ကျူးမှု)စွမ်းဟုန်သည် တဒင်ပဟာန်ဖြင့် အလိုအလျောက် ပျက်စီး ခမ်းခြောက်သည်။ (၂) သမထအားထုတ်သောကြောင့် (သို့မဟုတ်) ဝိပဿနာ ဉာဏ်အဆင့်ဆင့်တို့ဖြင့် ရုပ်-နာမ်တခုခုကို ဝိပဿနာရှုနေခြင်းကြောင့် ကိလေသာတွေ၏ ပရိယုဋ္ဌာန (စိတ်ထဲမှာသာ ဖြစ်နိုင်သည့်) စွမ်းဟုန်သည် အထူးပယ်သတ်ဖို့ မလိုတော့ပဲ ဝိက္ခမ္ဘနပဟာန်ဖြင့် အလိုအလျောက် ခန်းခြောက်သည်၊ အနုသယ စွမ်းရည်မျိုးစေ့ဓာတ်ကျန်သေးသည်။ စိတ်ထဲမှာ ကိလေသာတွေ ယခု ဖြစ်နေဆဲ၊ ရှိနေဆဲမဟုတ်သော်လည်း နောင်အကြောင်းညီလျှင် ပြန်ဖြစ်လာမည့် စွမ်းရည်ကို အနုသယဓာတ်ဟု ခေါ်ကြသည်။ (၃) အမြင့်ဆုံး ဝိပဿနာ ဉာဏ်အားသန်သောကြောင့်သာလျှင် ဖြစ်ပွားလာသော မဂ်ဉာဏ်က နိဗ္ဗာန်ကို အာရုံပြုနေချိန် (၀၊) မဂ်ဉာဏ်ဖြစ်နေချိန်၌ ကိလေသာတို့ ထိုအနုသယမျိုးစေ့ ဓါတ်တို့သည် ပတ်သက်မှုအထူးမပြုရဘဲ၊ သမုစ္ဆေဒပဟာန်ဖြင့် အလိုအလျောက် ခန်းခြောက်ပျက်စီးကုန်သည်။ ကိလေသာတို့၏ မဖြစ်မှုသည်လည်းကောင်း၊ ဒါနကုသိုလ်၊ သီလကုသိုလ်၊ သမထကုသိုလ်၊ ဝိပဿနာကုသိုလ်တို့၏ ယခင်က မခိုင်မြဲသော စွမ်းရည်တို့သည်လည်းကောင်း၊ ခိုင်မြဲကြပြီး၊ တည်မြဲကြပြီး။ ယင်းသို့ မဂ်သည် မိမိနှင့်တကွ လောကီကုသိုလ်တို့၏ စွမ်းရည်များကို ခိုင်မြဲအောင် တည်မြဲအောင် ပြုသောကြောင့် မဂ်ဉာဏ်ကို အပွနာအာရုံထဲသို့ စူးဝင်နေသကဲ့သို့ ခိုင်မြဲအောင် လုပ်သောတရားဟု ကျမ်းဂန်တို့၌ အမည်တပ်ကြသည်။ ဤသို့လျှင် လောကုတ္တရာ (လောကလွန်) မဂ်ဉာဏ်သည် ဝိပဿနာအဆင့်ဆင့် ကုသိုလ်တို့၏ အထောက်အကူမရှိဘဲ (၀၊) အထောက်အကူမယူဘဲ ဖြစ်ပေါ်နိုင်စွမ်းရှိသည် မဟုတ်ပေ၊ ဝိပဿဉာဏ်အဆင့်ဆင့်ဖြင့် အတ္တဒိဋ္ဌိအပါ အဝင် ကိလေသာတွေ၏ စွမ်းရည်ပါးသွားအောင် ပြုလုပ်ပြီးမှသာလျှင် မဂ်ဉာဏ်ဖြစ်နိုင်သည်။

http://www.dhammadownload.com

ထို့ကြောင့် နာမရူပ ပရိစ္ဆေဒဉာဏ်ဖြင့် အနတ္တဟု သိမြင်ပြီးသော်လည်း စိတ်ထဲမှာ အတ္တဒိဋ္ဌိ ဖြစ်နေသေး၊ ရှိနေသေးသယောင်ယောင် အဓိပ္ပါယ်ဖော်ဆောင်၍ အတ္တဒိဋ္ဌိ ပါးသွားအောင် တိုက်ထုတ်နေဆဲ ကာလပင် ဖြစ်ပါသည်ဟု တန်ဘိုးမဲ့ စကားကို မဆိုသင့်ဟု သိမှတ်ရာသည်။

ချေပချက်။ ပရမတ္ထနယ်တွင် ရပ်တည်ချက်ခိုင်မာအောင် ဟောပြောခြင်းသာ ဖြစ်ပါသည်။ သမုတိနယ်မှ သတ်မှတ်ထားသော မဇ္ဈိမဒေသ ပါဝစနတို့ကို ဖယ်ရှားရန် ရည်သန်ခြင်းမရှိကြောင်းပါဘုရား။ သမ္မုတိသည် ချမ်းသာအောင် လွယ်ကူအောင် သုံးစွဲသွားရမည့် သဘောတရားဟုသာ ခံယူထားခဲ့ကြောင်းကို အထပ်ထပ် လျှောက်ထားပြီးဖြစ်ပါသည်။

စိစစ်ချက်။ ၅ ။

(က) စုဒိတကသည် မိမိ၏ ဟောပြောချက်များနှင့် စောဒကတို့၏ အပြစ်ဆိုချက်တို့ကို အပြစ်လွတ်အောင် ဟုတ်မှန်သော အကြောင်း ပြချက်တို့ဖြင့် ဖြေရှင်းနိုင်စွမ်းမရှိပေ၊ ကျမ်းဂန်လာမဟုတ်သော ပရမတ္ထနယ် သမုတိနယ်ဟု မဖွယ်မရာ အလွဲအမှား စကားကိုသာ လက်စွဲပြုကာ တကယ့်မိစ္ဆာဒိဋ္ဌိဥပါဒါန်းစွဲ ကြီးစွာဖြင့် လိပ်ခဲတင်းလင်း ငြင်းဆိုနေသည်၊ တိတ်ခွေ၊ ၁၅ (ဘီတွင်) ပြောထားသော ဘဝအစ ကလလရေကြည်ကဖန်တီးလိုက်သော မိမိ၏မွေးရာပါ ခန္ဓာကိုယ် အတုံးကြီးကိုသာ ပရမတ်နယ်၊ ကျန်တာအားလုံး ပညတ်နယ်ဟု မဖွယ်မရာ လှည့်ကွက် မာယာဖြင့် စိတ်ပေါက်သလို တီထွင်သည်။ ယင်း တီထွင်ချက်ကို အသိဉာဏ် ကျပ်ပြည့်သူတို့က ယုံကြည်ဖို့အကြောင်း တစိမရှိပေ။ စိတ်ပေါက်သလို ကျမ်းဂန်လွတ်ဆိုထားသော ထိုစကားဖြင့် ကုသိုလ် အကုသိုလ် တကယ်မရှိ စိတ်ကူးယဉ်ဟူ၍ ပယ်ခဲ့ပြီးလျက် ဤစောဒနာချက်၌ အပြစ်လွတ်အောင် ငြင်းဆိုနေပြန်သည်။ အစွန်းလွတ်မှ မဇ္ဈိမဒေသဟု စိတ်ပေါက်သလို ကျမ်းဂန်မှ လွတ်နေသော စကားကိုမူတည်လျက် သဗ္ဗညုမြတ်ဘုရားနှင့်တကွ သာသနာတော်ကို ဖျက်ဆီးပစ်သည်။

မဇ္ဈိမဒေသ အဓိပ္ပါယ်

(ခ) မဇ္ဈိမဒေသဟူသည် အကျင့်ဖြူစင်သူများနှင့် ပညာရှင်များ ဖြစ်ထွန်းရာအရပ်ဟု အဓိပ္ပါယ်ထွက်သည်။

http://www.dhammadownload.com

လောကေ ဥပ္ပဇ္ဇတိတိ ဧတ္ထပန--ပ ---ပရိကေ္ခပတော နဝယောဇနသတေ မဇ္ဈိမ မဒေသေ ဥပ္ပဇ္ဇတိ။ နေ ကေဝလဉ္စ တထာဂတော၊ ပစ္စေက ဗုဒ္ဓါ အဂ္ဂသာဝကာ အသီတိမဟာထေရာ ဗုဒ္ဓမာတာ ဗုဒ္ဓပိတာ စက္ကဝတ္တိ ရာဇာစ အညေစသာ ရပ္ပတ္ထာ ဗြာဟ္မဏဂဟပတိကာ ဧတ္ထေဝုပ္ပဇ္ဇန္တိ (ဒီ၊ ၁၊ ၆၊ ၁၅၆)။

ဘာသာပြန်။ ။ မြတ်စွာဘုရားသည် လောကဌ် ပွင့်ထွန်းတော်မူ၏ ဟူသော စကားဌ် ပ--- အဝန်းယူဇနာကိုးရာရှိသော မဇ္ဈိမဒေသဌ် ဖြစ်ပေါ်ပွင့်ထွန်းတော်မူသည်။ ဘုရားရှင်သာလျှင် ဖြစ်ပေါ်ပွင့်ထွန်းတော်မူသည် မဟုတ်သေး၊ ပစ္စေကဗုဒ္ဓါများ၊ အဂ္ဂသာဝက (ဘုရားရှင်၏ တန်းအမြင့်ဆုံး တပည့်) များ၊ ရှစ်ဆယ်သော မဟာသာဝက (ဘုရားရှင်၏ အထက်တန်းတပည့်)များ၊ ဘုရားမယ်တော်၊ ဘုရားခမည်းတော်၊ စကြာမင်း၊ လူအများတို့က သတိရ လေးစားထိုက်သူဟု သိမှတ်ထားခံရသော အခြားသူများ တို့သည်လည်း ဤဒေသဌ်သာ ဖြစ်ကြကုန်၏ (ယေဘုယျနည်းဟု မှတ်ကြလေ)။

ထို့ကြောင့် ထိုဒေသကို မဇ္ဈိမဒေသဟု သိမှတ်လေးစားကြသည်၊ အစွန်းလွတ်သောကြောင့် မဇ္ဈိမဒေသဟူ၍ စုဒိတက ဖော်ပြထားသော စကားသည် စိတ်ပေါက်သလို ဆိုထား၍ကျမ်းဂန်မှ လွတ်နေသည် စကားသာဖြစ်သည်။

(ဂ) သဗ္ဗညုမြတ်စွာဘုရားသခင်သည် မဇ္ဈိမဒေသမှာ ပွင့်ထွန်းတော်မူသည်ဟု ညွှန်ပြထားသည့် ဗုဒ္ဓပိဋ္ဌ ကတ်တော် ကျမ်းဂန်စကားတို့သို့ အတုလိုက်၍ မိမိ၏မွေးရာပါ ခန္ဓာကိုယ်တုံးကြီးဌ် ပေါ်ထွန်းလာသော ဘုရား၊ ဘုရားစစ်၊ ဘုရားမှန်ဟုပြောရန် အိန္ဒိယနိုင်ငံရှိ သဗ္ဗညုတ မြတ်စွာ ဘုရား ပွင့်ထွန်းတော်မူရာဌ် မဇ္ဈိမဒေသကို သမုတိနယ်က မဇ္ဈိမဒေသဖြစ်သည်၊ ပရမတ်နယ်က မဇ္ဈိမဒေသ မဟုတ်ဟူ၍ အပြစ်ဆိုကာ ပယ်ဖျက်တော့သည်။ ဘယ်ပေတံနဲ့ တိုင်းလို့ ထားသလဲ၊ စာအရ ရမ်းပြီးတော့ ဒီနေရာမဇ္ဈိမဒေသပါလို့ သတ်မှတ်ချင်တိုင်း သတ်မှတ်လို့ မရဘူး၊ ခုခေတ်က လက်မခံတော့ဘူး ဟူသောစကားဖြင့် မြတ်စွာဘုရား၏ မဇ္ဈိမဒေသပြ စကားတော်ကို ခုခေတ်က လက်မခံဟု မဟုတ် မမှန်ပယ်လိုက်သည်၊ ဝိနည်းတော်ဌ် မြတ်ဗုဒ္ဓ ပညတ်တော်မူထားသော မဇ္ဈိမဒေသနှင့် သက်ဆိုင်သည့် ပဒေသသိက္ခာပုဒ်တော်တွေကိုလည်း ယုတ္တိမတန် ခုခေတ်လက်မခံဟု ပယ်လိုက်သည်။ ပရမတ်ဘုရားဟု ပြောခဲ့သော မိမိ၏ စကားအဓိပ္ပါယ်ကိုလည်း တစ်လံမျှလောက်သော ခန္ဓာရဲ့အပြင်ဘက်မှာ ဘုရားမရှိနဲ့လို့ ပြောတဲ့စက

ဟု ပြတ်ပြတ်သားသား ဖွင့်ဆိုလိုက်သည်။ ယင်းဖွင့်

http://www.dhammadownload.com

ဆိုချက်ဖြင့် မိမိ၏ မွေးရာပါ ခန္ဓာကိုယ်တုံးကြီးရဲ့ အပြင်ဘက်မှာ ဘုရားမရှိ 'ဗုဒ္ဓံ သရဏံ ဂစ္ဆामိ' ဟု ကိုးကွယ် ဆည်းကပ်နေကြသည့် သဗ္ဗညုတ-ဘုရားရှင်သည် ဘုရားမဟုတ်ဟု ပယ်ခြင်းကိစ္စလည်း ပြီးသွားတော့သည်။ ယင်းသို့ သဗ္ဗညု မြတ်စွာဘုရားရှင်တော်ကို ဘုရားမဟုတ်ဟု ပယ်ထားခြင်းဖြင့် ထိုဘုရားရှင် ဟောညွှန်တော်မူထားသော တရားတော်များနှင့်တကွ ထိုဘုရားရှင် တည်ထောင်-တော်မူထားသည့် သာသနာတော်၊ ထိုသာသနာ့ဝန်ကို ထမ်းဆောင်ကြသော သံဃာတော်များ၊ ထိုသဗ္ဗညု ဘုရား၊ တရား၊ သံဃာနှင့် သာသနာတော်ကို ယုံကြည်အားထား လေးစားကိုးကွယ်သူ တွေကိုဘုရား မဟုတ်သူ၏ တရား၊ တရားမဟုတ်သူ၏ သာသနာ၊ ဘုရား မဟုတ်သူ၏ တပည့် သံဃာ၊ ဘုရားမဟုတ်-သူကို ယုံကြည်အားထား လေးစားကိုးကွယ်နေသူများဟူ၍ ပစ်ပယ်ထားခြင်း-ကိစ္စလည်း ပါဝင်ပြီးစီးသွားတော့ သည်။ စုဒိတက ဦးဆောင်ကာ ယောက်ျားမိန်းမ-တွေကို အားလုံးဘုရား ဖြစ်အောင် ဖန်တီး၍ ဘုရားသစ်၊ တရားသစ်၊ သာသနာ-သစ်ကို ထူထောင်ရန် ရည်မှန်းချက်အမှန်သည်လည်း ဖုံးကွယ်မရအောင် ပေါ်လွင်နေတော့သည်ဟု စုဒိတက၏ တင်ပြချက်ရှိသည်။ ချမ်းသာအောင် လွယ်ကူအောင် သုံးစွဲသွား ရမည်ဟု စိတ်ထဲတွင် တကယ် ခံယူချက်ရှိသည်-မရှိသည်ကိုသိရန် ပြောစကားနှင့် လုပ်ငန်းကို ကြည့်ရာသည်၊ သောဓနာလွှာ၌ တင်ပြသည့်အတိုင်း တကယ် ခံယူချက်ရှိခဲ့ပါလျှင် သဗ္ဗညုဗုဒ္ဓနှင့် ပတ်သက်၍ ဤမျှအပြစ်ပြောမည် မဟုတ်ချေ။ အပြစ်ပြောခြင်း၏ ရည်ရွယ်ချက်မှန်သည် ချမ်းသာအောင် သုံးစွဲသွားရန် မဟုတ်နိုင်ကြောင်း သိလွယ်လွန်းသည်။ "တစ်လံမျှလောက်သော ခန္ဓာ၏ အပြင်ဘက်မှာ ဘုရားမရှာနဲ့" ဟူသောစကားဖြင့် သဗ္ဗညုမြတ်စွာဘုရားသည် သမုတိနယ်က ဘုရား (၀ါ) တကယ်မရှိသောဘုရား၊ ပရမတ်ဘုရားမဟုတ်၊ ပရမတ်ဘုရား မဟုတ်၍ သရဏဂုံ မထိုက်သောဘုရား-စသည် အဖြစ်ဆိုးသို့ဆိုက် ရောက်သွား အောင် မဟုတ်မမှန်စကားတို့ကို ပြောဟောခြင်းဖြင့် တကယ်ဘုရား ဖြစ်ကြောင်း ဂုဏ်တော်စစ်စစ် သဗ္ဗညုတဉာဏ်တော်ကိုပါပစ်ပယ်၍ သဗ္ဗညု ဘုရားစစ် ဘုရားမှန် အရှင်မြတ်စွာ-သခင်ကို ကိုးကွယ်ရာအဖြစ်မှ ပယ်စွန့်ကြရန် ဟောပြောခြင်းဖြင့် နိဗ္ဗာန်တိုင်ရောက် ချမ်းသာအမျိုးမျိုးကို မရနိုင်အောင် ပျောက်ပျက်အောင် ပြောထားသောကြောင့် သမုတိသည် ချမ်းသာအောင် လွယ်ကူအောင် သုံးစွဲရမည့် တရားဟု ခံယူထား-ပါသည်ဟူသော စုဒိတက၏ သောဓနာလွှာပါစကားသည် တန်ဖိုးမရှိ လှည့်ကွက်-မာယာသုညစကားသာဖြစ်ကြောင်း ပေါ်လွင်နေလေပြီ။

http://www.dhammadownload.com

(c) ပြခဲ့ပြီးအကြောင်းတို့ကြောင့် စုဒိတကတ၏ မဇ္ဈိမဒေသနှင့် စပ်သော စကားတို့သည် မှားချက်ကြီးမားနာလွန်းသည်၊ "တလံမ္ပလောက်သော ခန္ဓာ၏ အပြင်ဘက်မှာ ဘုရားမရှာနဲ့"ဟူသောစကားဖြင့် စုဒိတကသည် သာသနာတော်တည်ထား သဗ္ဗညုမြတ်စွာဘုရားကို သရဏဂုံအရာတွင် ထည့်သွင်းကိုးကွယ်ထိုက်သော ဘုရားမဟုတ်ဟူ၍ စွန့်ပယ်ထားသူဖြစ်သောကြောင့်လည်းကောင်း "စာအရ ရမ်းပြီးတော့ မဇ္ဈိမဒေသရမှာလား"ဟူသော မေးခွန်းဖြင့် မြတ်ဗုဒ္ဓ၏ မဇ္ဈိမဒေသပြစကားတော်နှင့် ဝိနည်းတော်ရှိ ပဒေသပညတ်သိက္ခာပုဒ်များကို ပယ်စွန့်သူဖြစ်သောကြောင့်လည်းကောင်း၊ စုဒိတကသည် မြတ်ဗုဒ္ဓ၏ သာသနာတော်ကို ဖျက်ဆီးသူဖြစ်သည်၊ မြတ်ဗုဒ္ဓ၏ သာသနာတော်အတွင်း၌ ရှင်အဖြစ်၊ ရဟန်းအဖြစ်ဖြင့် ရှိနေထိုက်သူ မဟုတ်ဟု သတ်မှတ်ရန် အကြောင်းအင်္ဂါပြည့်စုံလုံလောက်သည်ဟူ၍ ရုံးတော်က သုံးသပ်သည်။

စောဒနာအမှတ် ၈- သုံးသပ်ချက်

အငြင်းပွားချက်။

ဤအမှတ်-၈-စောဒနာတွင် အငြင်းပွားချက် နှစ်ရပ်ရှိသည်။

(၁) စေတီလေးပါး ကိုးကွယ်မှုကိုဖျက်ဆီးခြင်း။

(၂) အနေကဇာတင်ခြင်းကိုပျက်ရယ်ပြောင်လှောင်ကာ တကာ တကာမ တို့၏ စစ်မှန်သောသဒ္ဓါတရားကို ဖျက်ဆီးဟောပြောခြင်း။

ငြင်းခုံခြင်း။ ၁ ။

စွဲဆိုချက်။ ။ ဓမ္မနီတိသည် အဘယ်မျှလောက် သာသနာတော်၏ အယူဝါဒ ယဉ်ကျေးမှုများကို တိုက်ဖျက်နေသည်ဟု သိနိုင်ပါသည်၊ ဘယ်ဓာတ်တော်တို့ မွေတော်တို့ဆိုတာ ထည့်မစဉ်းစားနဲ့၊ ဆံတော်တို့ ဘာတို့ မလာနဲ့နော် ဟူသောစကားဖြင့် ဘုရားရှင်၏ ဓါတုစေတီတော် (၀ါ) သာရီရိကစေတီတော်ကို ပယ်ပါသည်။ ဘုရားတရားတော်ကပင် ပယ်သယောင်ယောင်ဖြစ်အောင် "စာက ဘုရားမဟုတ်ပါဘူးလို့ရေးထားရင် "ဟု ဘုရားမဟောသည်ကို ဘုရားဟော လုပ်ခဲ့ပါသည်။ စေတီတော် ရုပ်ပွားတော်ကို ကိုးကွယ်ဆည်းကပ်ခြင်းကြောင့် "ထုံးရှိ၊ ထုံးရမယ်၊ သဲရှိ-သဲရမည်"ဟု သုံး၍ ဘာမျှအကျိုးမရဟု သွယ်ဝိုက်သော နည်းကို

http://www.dhammadownload.com

သုံးပါသည်။ ကျေးလူးရှင်တို့၏ ကိုယ်စားထားခြင်းသည် အသိ ဉာဏ်ရှိ ယဉ်ကျေးသောလူမျိုးတိုင်းက ပြုလုပ်ခြင်းဖြစ်ကြောင်း ကို ဗိုလ်ချုပ်အောင်ဆန်း၏ ကြေးရုပ်ထုကို ဥပမာပေးတင်ပြကြ သည်။ စေတီလေးပါးကို ကိုးကွယ်ထိုက်သည်ဟု ဘုရားရှင် ကိုယ်တော်တိုင် မိန့်ကြားတော်မူကြောင်းနှင့် ကိုးကွယ်ခြင်း ကြောင့် ကောင်းကျိုးရပုံတို့ကို ပါဠိတော်သာဓက တင်ပြ စောဒနာကြသည်။

ချေပချက်။ ။ သမုတိနယ်၊ ပညတ်နယ်က ဘုရားများကို မိမိကိုယ်တိုင်လည်း မပယ်ပါ။ ပယ်ရန်စေခိုင်းခြင်းလည်းမပြုပါ။ အနတ္တသဘောကို ပန်းတိုင်ထား၍ တရားသင်တန်းတခုလုံးမှာ အစွဲသမုဒယ ရန်သူကို ဦးတည်တိုက်နေခြင်းဖြစ်ပါသည်။ စေတီလေးပါး ကိုးကွယ်ခြင်းကြောင့် အကျိုးမရဟု ဟောလိမ့်မည်မဟုတ်ပါ။ သမုတိသည် အဓိကမုဟုတ်၊ ပရမတ်သည်သာ ပဓါန်အနှစ် သာရဖြစ်အောင် ဖော်ထုတ်ရာတွင် အစွန်းမလွတ်စကားများ ပါတတ်သော်လည်း လက်တွေ့ကိုးကွယ်ရာတွင် သမုတိကိုမင် ရှေ့တန်းတင်ရမည်မှာ မုချဇကန်ဖြစ်ပါသည်။ (အကျယ်ကို သောဓနာလွှာ၌ကြည့်)

စိစစ်ချက်။ ၁။ (က) စုဒိတကသည် သမုတိနယ် (ဝါ) ပညတ်နယ်ဟု မဖွယ် မရာ ခွဲခြားအမှားအလွဲကို မစွန့်နိုင်သေးချေ။ ယင်းသည် တန်ဖိုး မရှိ၊ လှည့်ကွက်မာယာဟု စိစစ်ဆုံးဖြတ်ခဲ့ပြီးပြီ။

ရုပ်နာမ်လွတ်သော ဝိပဿနာ၏သရုပ်မှန်

အနတ္တသဘောကို ပန်းတိုင်ထား၍ တရားသင်တန်းတခုလုံး အစွဲသမုဒယ ရန်သူကို ဦးတည်တိုက်နေခြင်းသာ ဖြစ်ပါသည်ဟု စုဒိတကပုဂ္ဂိုလ်ကချေပချက်ကို တင်ပြသည်။ ထိုချေပချက်စကားဖြင့် ပန်းတိုင်သည် အနတ္တသဘောဖြစ်၍ ဦးတည်ချက်သည် အစွဲသမုဒယရန်သူကို တိုက်ရန်ဖြစ်သည်ဟု ရုပ်နာမ်လွတ် သော ဝိပဿနာ၏သရုပ်မှန်ကို စုဒိတက ထုတ်ဖော်ပြောသည်။ "ကိုင်လိုက်ပြီ၊ ကိုင်တဲ့တည့်တည့်မှာ **အနတ္တပရမတ်တရား** ပေါက်ဖွားလာကာ" (တိတ်ခွေ ၊၁၊ စောဒနာ၊ ၇/၁ (ခ) မှတ်ဟောချက်တွင်ကြည့်)။ "ဗုဒ္ဓဘုရား၊ သစ္စာ

http://www.dhammadownload.com

တရားသိသူ၊ ဒါဖြင့် အနတ္တတရားက၊ ပရမတ်တရားက၊ အသိခံပစ္စည်း" (တိတ်ခွေ၊ ၂၁၊ စောဒနာ၊ ၇/၁ (ခ) မှတ်ဟောချက်တွင်ကြည့်)။ စုဒိတက၏ ထိုသင်တန်းပေးစကားများကို ထောက်လျှင် စုဒိတက၏ ပန်းတိုင်ဖြစ်သော အနတ္တသဘောဟူသည် ပရမတ်ဖြစ်သည်ဟု ထင်ရှားပေါ်လွင်သည်။ ပရမတ်ဟူသည်လည်း မိမိ၏ မွေးရာပါ ခန္ဓာကိုယ်အတုံးကြီးသာဖြစ်သည်ဟု တိတ်ခွေ၊ ၅ (အေ)၌ ဆိုထားသည် (စောဒနာ၊ ၁/၄။ ၂ (ဂ) မှတ်၌ကြည့်)။

အစွဲသမုဒယရန်သူ။ ။ အတ္တာတိ ဂဟိတံ နတ္ထိ-မရှိတာကို ရှိတယ်လို့ ယူစွဲတာ အတ္တဟူ၍ တိတ်ခွေ၊ ဂ (ဘီ)၌ ဆိုထားသည် (စောဒနာ၊ ၃/၁ (က) မှတ်၌ကြည့်)။ မရှိတာကို ရှိတယ်လို့ ယူစွဲမှုအတ္တသည် အစွဲသမုဒယရန်သူဖြစ်တော့သည်။ အနတ္တ၏ဆန့်ကျင်ဘက်အစွဲသမုဒယရန်သူကို အပြုတ်တိုက်နည်းမှာ မရှိတာကို မရှိဟု သိမှတ်အောင် ရှိတာကို ရှိတယ်ဟု သိမှတ်အောင် လုပ်သောနည်းဖြစ်သည် (တိတ်ခွေ၊ ဂ (ဘီ)၊ စောဒနာ ၃/၁ (ဂ)မှတ် ကြည့်)။ မဇ္ဈိမပဋိပဒါဖြစ်အောင် အလွယ်ဆုံးနည်း (ဝိပဿနာ)မှာ မိမိ၏ မွေးရာပါ ခန္ဓာကိုယ်အတုံးကြီးသည်သာလျှင် ရှိတရား-ပရမတ်ဖြစ်၍ ကျန်တာ အားလုံး မရှိတရား-ပညတ် (၀ါ) သမုတိဟု ပညတ်ချက်ထားကာ ပရမတ်ပညတ်ခွဲသော ဝိပဿနာနည်းဖြစ်သည်။ ယင်းသို့ ပရမတ်-ပညတ်ခွဲခြင်းသည်သာလျှင် စုဒိတက၏ မဇ္ဈိမပဋိပဒါ ဝိပဿနာလုပ်ငန်းဖြစ်သည်။ (တိတ်ခွေ၊ ၅ (အေ)၊ စောဒနာ ၁/ဂ။ ၃ (ဂ)၌ကြည့်)၊ မိမိမွေးရာပါ ခန္ဓာကိုယ်အတုံးကြီးသာလျှင် ပရမတ်၊ အနတ္တဖြစ်သည်ဟု စွဲမြဲသိမှတ်ဖို့ (၀ါ) အနတ္တမဂ္ဂင်္ဂါမှာ ခိုင်မာစွာ ရပ်တည်ဖို့ (၀ါ) အနတ္တပရမတ်ကို လက်ထဲမှာ ဆုပ်ကိုင်ထားဖို့မှာ မိမိ၏မွေးရာပါ ခန္ဓာကိုယ်အတုံးကြီးမဟုတ်တာ အားလုံးကို ရှိသည်ဟုအလွဲ သိမှတ်မှုဟူသမျှကို အစွဲသမုဒယရန်သူဟု စွဲစွဲမြဲမြဲ သတ်မှတ်ထား၍ သဲသဲမဲမဲ တိုက်ဖျက်ရမည်ဟု စုဒိတကခံယူထားသည်။ ယင်းခံယူချက်အရ "တိုက်တိုင်းအောင်"ဖြစ်ရန် မိမိ၏ မွေးရာပါ ခန္ဓာကိုယ်အတုံးကြီးမဟုတ်တာ အားလုံး၏ အပြစ်အမျိုးမျိုးကို ကြုံလာသမျှ အချိန်တိုင်းမှာ နည်းအမျိုးမျိုးဖြင့် သယ်ဆောင်ကာ ဟောပြောပြသ သင်တန်းပေးရမည်။ မိမိ၏မွေးရာပါ ခန္ဓာကိုယ်အတုံးကြီး မဟုတ်တာ အားလုံးကို လေးစား မှုမပြုတော့ဘဲ သုံးစွဲရုံသာဟု သိမှတ်ထားလျှင် ဝိမုတ္တိရသ(လွတ်လပ်ရေးအရသာ) ကို ရပြီဟု စုဒိတကခံယူချက်စွဲမြဲ ထားသည်။ ယင်းသို့ ဝိမုတ္တိရသ (လွတ်လပ်ရေးအရသာ)ကို ရရှိခံစားနိုင်ရန် သဗ္ဗညုမြတ်ဗုဒ္ဓ၏ ရှုပ်နာမ်ကို

http://www.dhammadownload.com

အနတ္တဟုသိမှတ်သော ဝိပဿနာနည်းဖြင့် "တိုက်တိုင်းအောင်" မဖြစ်နိုင်၊ (၈၊) ဝိမုတ္တိရသ (လွတ်လပ်ရေးအရသာ) ကို ရရှိခံစားဖို့ မဖြစ်နိုင်ဟု စုဒိတက ခံယူချက်မြစ်ခဲ့သောကြောင့် ရူပ်-နာမ်သည် မရှိတရားပညတ်၊ သမုတ္တိသစ္စာ မျှသာဖြစ်သည်ဟု သတ်မှတ်လျက် ရူပ်နာမ်လွတ်သော ဝိပဿနာ၊ ရူပ်နာမ်လွတ်သော အဘိဓမ္မာဟု တီထွင်ကြွေးကြော်ကာ သဗ္ဗညုမြတ်ဘုဒ္ဓ၏ ရူပ်နာမ်ရှိသော ဝိပဿနာ၊ ရူပ်နာမ်မလွတ်သော အဘိဓမ္မာမှ လမ်းခွဲသည်။ သဗ္ဗညုမြတ်ဘုဒ္ဓ၏ တရားစကားတော်ကို ဖယ်ရှား၍ လမ်းခွဲပြီ ဖြစ်သောကြောင့် သဗ္ဗညုမြတ်ဘုဒ္ဓနှင့်တကွ မြတ်ဘုဒ္ဓ၏ တရားတော်တည်းဟူသော ဘုဒ္ဓသာသနာတော်ကို အစွဲသမုဒယရန်သူဟူ၍ သတ်မှတ်သည်၊ ပြတ်ပြတ်သားသားတိုက်ဖျက်သည်။ သဗ္ဗညုမြတ်ဘုဒ္ဓ၏ ရူပ်နာမ်ရှိသော အဘိဓမ္မာ တရားတော်၏ အစဖြစ်သည့် ကုသလာဓမ္မာ၊ အကုသလာဓမ္မာ၊ အဗျာကတာ ဓမ္မာ-ကုသိုလ်တရားရှိသည်၊ အကုသိုလ်တရားရှိသည်၊ အဗျာကတ (ခေါ်) ကုသိုလ်-အကုသိုလ်တို့မှ တစ်ခြားတစ်ပါးတရားရှိသည်ဟူသော မြတ်ဘုဒ္ဓ၏ ဟောတော်မူချက်ကို ကုသိုလ်၊ အကုသိုလ်၊ (၃၁) ဘုံမရှိ ရှိတယ်ဟုယူစွဲလျှင် အတ္ထဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ၊ အစွဲ၊ ဥပါဒါန်၊ သမုဒယဟု (တိတ်ခွေ၊ ၅) ဟောပြောချက်မှစ၍ ယှဉ်ပြိုင်တိုက်ခိုက်တော့သည်။ တိတ်ခွေ၊ ၂၁ ဟောချက်သို့ ရောက်သည့်အခါ သဗ္ဗညုဘုဒ္ဓကိုပင်ကိုးကွယ်ရာ (သရဏ) အဖြစ်မှ ဖယ်ရှားလေတော့သည်။ သရဏဂုံအရာတွင် ပါဝင်သောဘုရားဟု စွဲကြေစေရန် တလံမျှလောက်သော ခန္ဓာရဲ့အပြင်မှာ ဘုရားမရှာနဲ့ဟု ပြတ်ပြတ်သားသား ပြောဟော တိုက်ဖျက်တော့သည်။ (တိတ်ခွေ၊ ၁၀ (အေ)၊ စောဒနာ၊ ရ/ဇ (ခ) မှတ်ဟောချက် အဆုံးသတ်၌ကြည့်) စုဒိတက၏ ဝိပဿနာသင်တန်း သရုပ်မှန်သည် စောဒနာ အမှတ်၊ (၁) မှ (၇) အထိ စောဒကများတင်ပြထားသော စုဒိတက၏ သင်တန်းပေးဟောချက်များနှင့် စုဒိတက၏ ချေပလွှာတို့ကို တွေ့မြင် လေ့လာချက်ဖြစ်သည်။

စုဒိတကသည် ယင်းသို့ သဗ္ဗညုမြတ်ဘုဒ္ဓနှင့်တကွ သာသနာတော်ဆိုင်ရာ အားလုံးကို မဟုတ်မမှန်သောအပြစ်တွေကိုပြကာ တိုက်ဖျက်ခြင်းဖြင့် အပြစ်အကြီးဆုံးထိအောင် ကျူးလွန်ပြီးလျှင် အပြစ်ဒဏ်မခံရစေရန် သမုတိနယ်နှင့် ပရမတ်နယ်ခွဲ၍ သမုတိနယ်မှ သတ်မှတ်ထားသည်တို့ကို မပယ်ပါဟု လှည့်ကွက်မာယာစကားကို အထပ်ထပ်သုံးခြင်းဖြင့် အပြစ်ဟူသမျှကို ဖုံးကွယ်နေသည်။

http://www.dhammadownload.com

ဤအခန်းကဏ္ဍတွင်လည်း "ဘယ်ဓာတ်တော်တို့ မွေတော်တို့ဆိုတာ ထည့်မစဉ်းစားနဲ့၊ ဆံတော်တို့ ဘာတို့မလာနဲ့" ဟု သင်တန်းပေးချိန်၌ တိုက်ရိုက်ပြောကာ ဓာတုစေတီတော်များကို ဖယ်ပစ်ထားပြီးလျှင် ချေပလွှာတွင် သမုတိနယ် ပညတ်နယ်ဘုရားများကို မပယ်ပါ၊ ပယ်ရန်မခိုင်းပါဟု လှည့်ကွက်မာယာစကားကို ဆိုလေသည်။

မြတ်ဗုဒ္ဓသာသနာတော်၏ပန်းတိုင်

(ခ) မြတ်ဗုဒ္ဓသာသနာတော်၏ ပန်းတိုင်အမှန်သည် အရဟတ္တဖိုလ် (၀၊) အနုပါဒါ ပရိနိဗ္ဗာန် (အစွဲလွတ်ငြိမ်းအေးမှု) ဖြစ်သည်။

အနုပါဒါပရိနိဗ္ဗာနတ္ထं ခေါ အာဝုသော ဘဂဝတိ ဗြဟ္မစရိယံ ဝုသတိ။ (မ၊ ၁၊ ပါ၊ ၂၀၀၄၊ ပုဒ်-၂၅၉)

ဘာသာပြန်။ ။ ငါ့ရှင်၊ အနုပါဒါပရိနိဗ္ဗာန် (အစွဲလွတ်ငြိမ်းအေးမှု) အကျိုးငှာ သာလျှင် ဘုန်းတော်ကြီးသခင် သမ္ဗညုဘုရားရှင်ထံတော်၌ မြတ်သောအကျင့်ကို ကျင့်သုံးနေသည်။

ဤသည် အဘယ်ကိုးကို မျှော်ကိုး၍ ဘုရားရှင်ထံ အကျင့်မြတ်ကို ကျင့်သုံးနေထိုင်ပါနည်းဟု အရှင်သာရိပုတ္တရာမထေရ်မြတ်၏ မေးခွန်းကို အရှင်ပုဏ္ဏမထေရ်မြတ်က ဖြေကြားသောစကားဖြစ်သည်။

အနတ္တဉာဏ်သည်အောက်ဆုံးအဆင့်

စုဒိတကတ်၏ ပန်းတိုင်အဖြစ် (၈၊) အမြင့်ဆုံး အဆင့်အဖြစ် သတ်မှတ်ထားသော အနတ္တသဘောမှန်ကို တကယ်သိရန်မှာ မြတ်ဗုဒ္ဓ၏ဝိပဿနာလုပ်ငန်း၌ ဝိပဿနာဉာဏ်မဖြစ်သေးခင် အောက်ဆုံးအဆင့်အခြေတည်ကာစတွင် ရူပ-နာမ်ကို ပိုင်ပိုင်နိုင်နိုင်ခွဲခြားသိလျှင် အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိ တဒင်ပဟာပန်ဖြင့် ပြုတ်သည်၊ အနတ္တဟုသိမြင်သည်၊ အနတ္တမြင်ပြီဟု နာမရူပဝဝတ္ထာနေန သက္ကာယဒိဋ္ဌိယာ ပဟာနံ ဟောတိ (မ၊ ၁၊ ၄၊ ၂၄) နှင့်အညီ စောဒနာ၊ ၇/၉၌ ဆုံးဖြတ်ပြီးပြီ။ ဤသို့လျှင် မြတ်ဗုဒ္ဓ၏ဝိပဿနာလုပ်ငန်း၌ ဝိပဿနာဉာဏ်မဖြစ်နိုင်သေးခင် အောက်တန်းအကျဆုံး အခြေခံအဆင့်မှာပင် အနတ္တဟုသိဉာဏ်ဖြစ်သည်၊ ဝိပဿနာဉာဏ်အစမျှပင် မဖြစ်သေးပေ၊ ပန်းတိုင်မဟုတ်သေးသော နိဗ္ဗာန်ကို ပထမအကြိမ်မြင်ဖို့ (၀၊) သောတာပန်ဖြစ်ဖို့ ဝေးလွန်းနေ

http://www.dhammadownload.com

ဖေးသည်။ ယင်းသို့စုဒိတကတ်၏ ဝိပဿနာလုပ်ငန်း၌ ပန်းတိုင် (၀၊) အမြင့်ဆုံး အဆင့်သည် မြတ်ဗုဒ္ဓ၏ ဝိပဿနာလုပ်ငန်း၌ ဝိပဿနာဉာဏ်မျှ မဖြစ်သေးခင် ဖောက်တန်းအကျဆုံးအဆင့် အခြေတည်ကာစမျှသာ ဖြစ်သောကြောင့် အနုတ္တပန်းတိုင်ရောက်ဖို့ ၁၅-ရက်တိုင်တိုင် တစ်နေ့ နှစ်နာရီခန့် ပညတ်-ပရမတ် ခွဲခြမ်းမှုဖြစ်သော စုဒိတကတ်လုပ်ငန်းသည် ဝိပဿနာ မဖြစ်နိုင်ပါ။ စုဒိတကတ်၏ ထိုလုပ်ငန်းသည် မြတ်ဗုဒ္ဓနှင့်တကွ သာသနာတော်ဆိုင်ရာအားလုံးကို ဖျက်ဆီးပစ်ရေး လုပ်ငန်းဆိုးကြီးစစ်စစ် ဖြစ်နေသည်မှာလည်း ထင်ရှားပေါ်လွင်ပြီ။ ယောက်ျား-မိန်းမအားလုံးတို့သည် တိတ်တိတ်ပုံးဘုရားဖြစ်နေကြကာ အရှက်နှင့် အကြောက်တရားတို့မှ လွတ်လပ်နေသောကြောင့် လူယဉ်ကျေးမှု အားလုံးကို လည်း ဖျက်ဆီးပစ်ပယ်ကြမည်မှာ တကယ်သေချာနေတော့သည်။ ကုသိုလ်အကုသိုလ်မရှိဟူသော တာတေလ်အောင် ဆိုးညစ်သည့် အရည်းကြီးဝါဒ ပြန့်လည်ဆန်းသစ် ထွန်းကားရေးကိုသာ ဦးတည်နေသည်။

စေတီလေးပါးကို ကိုးကွယ်ခြင်းကြောင့် ဘာမျှအကျိုးမရဟု မည်သည့် နည်းနှင့်မျှ ဟောကြားလိမ့်မည်မဟုတ်ပါဟု စုဒိတကချေပသည်။ ဟောကြား လိမ့်မည်မဟုတ်ဟု ဆိုသည်၊ ဟောကြားခဲ့ပြီး မဟုတ်ဟုမငြင်းချေ။ ရနိုင်သော အကျိုးကို စုဒိတကဟောခဲ့သည်မှာ "မြေဖြူဘဲရမယ်၊ သစ္စာလေးပါး ရသေးလား။ ထုံးရှိ ထုံးရမယ်၊ သဲရှိ သဲရမယ်" ဟူသည်တည်း။ စေတီလေးပါးကို ကိုးကွယ်ခြင်းကြောင့် လူ၊ နတ်၊ နိဗ္ဗာန်ဟူသော သုံးတန်ကောင်းကျိုးတွေကို ရနိုင်ကြောင်း၊ ရပြီးဖြစ်ကြောင်း အထောက်အထားအဖြစ် စောဒကများတင်ပြထားသော ဝိဋ္ဌကတော်လာတရားတော်များကို စုဒိတကသည် "မြေဖြူ ရမယ်၊ ထုံး ရမယ်၊ သဲ ရမယ်" ဟု မဖွယ်မရာ မဟုတ်မမှန်အပြစ်ပြောကာ ပြောင်လျှောင်ပယ်ဖျက်ခဲ့သည်။ ဆိုးညစ်လွန်းပါဘိ။ စုဒိတကတ်၏ သောဓနာလွှာပါကျန်သော ချေပချက်တို့သည် လှည့်ကွက်မာယာတွေသာဖြစ်သောကြောင့် စိစစ်ဖွယ် မရှိတော့ပြီ။

သမေစိတ္တေ သမံဖလံ။

စိတ်တူလျှင်-အကျိုးတူသည်။

ရွှေတိဂုံ၊ ဗိုလ်တထောင်၊ ဆူးလေအစရှိကုန်သော စေတီတော်တို့သည် ဓာတ်တော်ကျောင်း ဖြစ်ကြသည်၊ ဘုရားကျောင်းတော်သဖွယ် ဖြစ်ကြသည်။ ထိုကျောင်းတော်တွင်းရှိ ဓာတ်တော်ဆံတော်မြတ်တို့၏ အရင်းမူလဖြစ်တော်မူသော သဗ္ဗညုမြတ်စွာဘုရားအားရှိခိုးပါ၏၊ ဤပန်းကိုပူဇော်ပါ၏၊ ဤဆွမ်းကို

http://www.dhammadownload.com

ပူဇော်ပါ၏၊ ဤရေကို ပူဇော်ပါ၏စသည်ဖြင့် ရှိခိုးနည်းမှန်၊ ပူဇော်နည်းမှန်ကို သင်ပြပေးသင့်သည်။ ။ရှုပ်ထုတော်ဖြစ်လျှင် ဤရှုပ်ထုတော်၏ အရင်းမူလ ဖြစ်တော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် ဇကန်ရှိခဲ့ဘူးသည်။ ထိုသဗ္ဗညု မြတ်စွာဘုရားအား ရှိခိုးပါ၏၊ ဤပန်းကို ပူဇော်ပါ၏ စသည်ရှိခိုးနည်းမှန်ကို သင်ပြပေးသင့်၏။ ဒီဘုရားကိုးကွယ်ရင် မြေဖြူရမယ်၊ ထုံးရမယ်၊ သဲရမယ်ဟု မဖွယ်မရာ ကဲ့ရဲ့ပြစ်ဆို မလိုတမာ စကားတွေကိုသာ ပြောကြားပြီး ရှိခိုးနည်းမှန် ပူဇော်နည်းမှန်ကို မပြောခဲ့သော စုဒိတကသည် လိမ္မာယဉ်ကျေးသော သပ္ပုရိသ ဆရာတစ်ဦးမဟုတ်ချေ။

"သူ့သွားပေါင်းလိုက်ရော၊ ကိုယ်ဘာရမလဲ၊ သစ္စာလေးပါး ရသေးလား" ဟု (တိတ်ခွေ၊ ၂၀၊ ဘီ၊ စောဒနာ၊ ၈/၁(၈) ဟောချက်၌) စေတီလေးပါးကို ကိုးကွယ်ခြင်းကြောင့် သစ္စာလေးပါး မရနိုင်ဟု အပြစ်ဆိုပြီးလျှင် အနတ္တသိညာဏ်ဘုရားကို ကိုးကွယ်ခြင်းကြောင့် သစ္စာလေးပါးကို ရပြီးသာဖြစ်သည်ဟု အဓိပ္ပာယ် ထွက်ပေါ်အောင် "ဗုဒ္ဓဘုရား၊ သစ္စာလေးပါးသိသူ၊ ဒါဖြင့်အနတ္တတရားက၊ ပရမတ်တရားက အသိခံပစ္စည်း၊ ပရမတ်တရားကို သိတဲ့ဉာဏ်က ဒီမှာ ပရမတ်ဘုရား ဖြစ်လာတယ်ဟု မဟုတ်မမှန်ပြောခဲ့သည်၊ (စောဒနာ၊ ရ/၃၊ ၈- မှတ် ဟောချက်၌ကြည့်) ယင်းသို့ မဟုတ်မမှန်ဟောခဲ့ကြောင်းကိုလည်းသစ္စာလေးပါးနှင့် အနတ္တတရားမှာ စစ်စစ်မတူပါဟူ၍ သောဓနာလွှာ၊ ၇/၃ (ဂ) မှတ်၌ စုဒိတကကိုယ်တိုင် ဝန်ခံထားသည်။

ဤမျှဖြင့် စုဒိတကသည် စေတီလေးပါးကို ကိုးကွယ်ခြင်းကြောင့် ကောင်းကျိုး၏ မရနိုင်၊ စေတီလေးပါးကို ကိုးကွယ်မှုမပြုသင့်ဟု ဟောပြောသူဖြစ်သည်မှာ ထင်ရှားပေါ်လွင်သောကြောင့်စေတီလေးပါးကိုကိုးကွယ်ကြရန် မြတ်ဗုဒ္ဓ၏ ဟောတော်မူပေသော စကားတော်မြတ်ကိုလည်းကောင်း၊ စေတီလေးပါးကို ကိုးကွယ်ခြင်းကြောင့် ကောင်းကျိုးရပုံပြ ဝိဋ္ဌကတော်များကို လည်းကောင်း ဆန့်ကျင်တိုက်ဖျက်သူဖြစ်သည်၊ စေတီလေးပါးနှင့် ပတ်သက်သော စုဒိတက၏ ဟောပြောချက်များသည် အလွဲအမှားတွေသာဖြစ်ကြသည်ဟု ရုံးတော်က သုံးသပ်သည်။

ခြင်းခုံချက်။ ၂ ။

ဓမ္မနီတိသည် အနေကဇာတင်မှုကို ပျက်ရယ်ပြောင်လှောင်ပါသည်၊

http://www.dhammadownload.com

စွဲဆိုချက်။ ။"ဒီကျောက်တွေ၊ အုင်္ဂတွေ၊အင်္ဂါတေတွေကို ဒီစာကလေး ရွတ်လို့ဘုရားဖြစ်တာမှန်ခဲ့သော်" ဟု သုံးထားပုံကို စဉ်းစားပါလျှင် စေတီ၊ ပုထိုး၊ ရှုပ်ပွား၊ဆင်းတုတော်များမဟုတ်၊ ကျောက်တွေ၊ အုင်္ဂတွေ၊ အင်္ဂါတေတွေ ဟူ၍ မယဉ်မကျေးသုံးရာ ရောက်ပါသည်။ ဓမ္မနီတိပြောသကဲ့သို့ ဘုရားဖြစ်ဖို့ အနေကဇာတင်သည် မဟုတ်ပါ။ တကာ တကာမတို့၏သဒ္ဓါတရားတိုးပွားအကျိုးများစေရန်သာ ဖြစ်ပါသည်။ သာသနာတော်၌ အကျိုးရှိမည့်အလုပ်တွေကို ဘုရားရှင်လည်း ချီးကျူးအားပေးတော်မူပါသည်ဟု သာဓကပါ၍ တင်ပြကြသည်။

ချေပချက်။ ။အနေကဇာတင်ခြင်းကြောင့် အကျိုးမရှိဟု မဟောဘူးပါ။ တပည့်တော်ကိုယ်တိုင်တပတ်လျှင် အနည်းဆုံးနှစ်ကြိမ်မျှကြွရောက်၍ အနေကဇာတင်ပေးနေပါသည်။ လူသားများသည် အနေကဇာတင်မှုဘုရားဖြစ်သည်၊အနေကဇာတင်ခြင်းကို ဘုရားအသက်သွင်းသည်ဟု ထင်မှတ်နေကြ၍ ထိုအထင်ကို ပြောင်လှောင်သည့် စကားသာ သုံးခဲ့ပါသည်။ ကုသိုလ်ကောင်းမှုပြုခြင်းနှင့် ဗုဒ္ဓါနုဿတိ အာရုံပွားများခြင်းကို မဆန့်ကျင်ခဲ့ဘူးပါ။

စိစစ်ချက်။ ၂ ။(က) လူသားများသည် အနေကဇာတင်မှ ဘုရားဖြစ်သည်၊ အနေကဇာတင်ခြင်းကို ဘုရားအသက်သွင်းသည်ဟု ထင်မှတ်နေကြ၍ ထိုအထင်ကို ပြောင်လှောင်သည့် စကားသာ သုံးခဲ့ပါသည်ဟူ၍ ချေပလွှာ၌ ယင်းသို့ ပြောင်လှောင်ခဲ့သည်ဟု စုဒိတကဝန်ခံထားသည်။ "စောဒနာ၊ ဂ/ဇ (က) မှတ်ပြတွင် ဘယ်ဓါတ်တော်တို့၊ ဘယ်မွေတော်တို့ဆိုတာ ထည့်မစဉ်းစားနဲ့တော့။ ဆံတော်တို့ ဘာတို့ မလာနဲ့နော်" ဟုသင်တန်းပေးစကား နှင့် အနေကဇာတင်မှုကို ပြောင်လှောင်သော ဤစကားတို့သည် တိတ်ခွေအမှတ် (၂၁) တခုတည်းတွင် ဖြစ်သည်။ ထိုအချက်ကြောင့် လူတွေ၏အထင်မှားခြင်းကို ပြောင်လှောင်ပါသည် ဟူသောစုဒိတက၏စကားမှန် မဟုတ်ပဲလျှည့်ကွက် မာယာသာလျှင် ဖြစ်သည်မှာ အလွန်ထင်ရှားသည်။ ကုသိုလ် အကုသိုလ် မရှိဟု တိတ်ခွေ၊ ၅ တွင် စုဒိတကဟောချက် ထင်ရှားရှိပြီးဖြစ်သော

http://www.dhammadownload.com

ကြောင့် အနေကဇာတင်မှုကို ပြောင်လျှောင်ခြင်းနှင့် သက်ဆိုင်သော စုဒိတကတ်၏ ချေပချက်အားလုံးသည် လှည့်ကွက် မာယာ စကားများသာ ဖြစ်သည်မှာလည်း ငြင်းကွယ်မရ ထင်ရှားသည်။

ယင်းသို့ဖြစ်၍ စေတီပုထိုးရုပ်ပွားတော်၊ ဆင်းတုတော်များကို "ဒီကျောက်တွေ၊ အုင်္ဂတွေ၊ အင်္ဂါတေတွေ" ဟူ၍ လူယဉ်ကျေးမှုကင်းမဲ့စွာ မဟုတ်မမှန် အပြစ်ပြောခဲ့ခြင်းကြောင့် စုဒိတကလည်း မြတ်ဗုဒ္ဓသာသနာတော်ဆိုင်ရာ ကိုးကွယ်မှုနှင့် ယဉ်ကျေးမှုတို့ကို ဖျက်ဆီးသူဖြစ်သည်၊ အနေကဇာတင်မှုနှင့်ပတ်သက်၍ စုဒိတက၏ ဟောပြောချက်များသည်လည်း အလွဲအမှားတွေသာ ဖြစ်ကြသည်ဟု ရုံးတော်က သုံးသပ်သည်။

စောဒနာအမှတ် (၉) သုံးသပ်ချက်

ဤစောဒနာအမှတ် (၉) တွင် အောက်ပါအငြင်းပွားချက်များ ထွက်ပေါ်နေသည်။

အငြင်းပွားချက်။

ဓမ္မနီတိသည်-

(၁) ကံကိုပယ်သူဖြစ်ပါ၍ ဗုဒ္ဓဘာသာဝင်မဟုတ်။

(၂) ဆုတောင်းလျှင် အကျိုးမရနိုင်ဟု ဟောပြောသောကြောင့် ဗုဒ္ဓဝါဒမှန်ကို ဆန့်ကျင်သူဖြစ်ပါသည်။

(၃) ဗုဒ္ဓအဘိဓမ္မာကို ဦးစောက်ပြောင်းပြန် ပယ်လှန်ဟောသူဖြစ်ပါသည်။

ငြင်းခုံချက်။ ၁။

ဓမ္မနီတိသည် (က) (ခ) (ဂ) ဟောချက်တို့ဖြင့် ကံကို ပယ်ပါသည်၊

စွဲဆိုချက်။ ။ကံကိုပယ်လျှင် ကံ၏အကျိုးကိုလည်း ပယ်ပြီးဖြစ်ပါသည်။ ကံနှင့် ကံ၏အကျိုးကို ပယ်ပြီးဖြစ်သောကြောင့် ဗုဒ္ဓဘာသာဝင်မဟုတ်တော့ပါ၊ ဗုဒ္ဓကိုဆန့်ကျင်သူသာဖြစ်ပါသည်။

ချေပချက်။ ။စောဒနာလွှာအမှတ် (၁) အပိုဒ် (၁) ရှင်းလင်းချက်ဖြင့်ချေပပြီးဖြစ်ပါသည်၊ ဝိဝဋ္ဋနိဿိတကုသိုလ်နှင့် လောကုတ္တရာ စေတနာကိုသာဦးတည်၍ (သို့မဟုတ်) ရစေလိုရာ ဘဝဂါမိကံများကို ငြီးငွေ့အောင် ဟောပြောခြင်းဖြစ်ပါသည်။ (အကျယ်ကို သောဓနာလွှာတွင် ကြည့်)။

http://www.dhammadownload.com

စီစစ်ချက်။ ။ (က) စုဒိတကညွှန်းသော သောဓနာလွှာအမှတ် (၁) **အပိုဒ် (တ)** သည်မရှိ၊ တိတ်ခွေ၊ ၅၊ အေ၊ စောဒနာ ၉ (ဂ) မှတ်တွင် "ကုသိုလ် အကုသိုလ်တကယ်မရှိ ဟူ၍လည်းကောင်း၊ တိတ်ခွေ၊ ဂ/ဘီ (စောဒနာ၊ ၃) တွင် ကုသိုလ် အကုသိုလ် ရှိတယ်ဟု ယူစွဲလျှင် အတ္တဒိဋ္ဌိ သဿတဒိဋ္ဌိ သက္ကာယဒိဋ္ဌိဟူ၍လည်းကောင်း **စုဒိတက၏** ဟောချက်များရှိသောကြောင့် ကံပယ်သူမဟုတ်ပါဟု **စုဒိတက** ချေပချက်များသည် လှည့်ကွက်မာယာစစ်စစ်တို့သာ ဖြစ်ကြသည်မှာ ငြင်းကွယ် မရပြီ။ (၃၁) ဘုံမရှိဟူသော ဟောပြောချက်ဖြင့်လည်း ကံ၏ အကျိုးကိုပယ်ပြီး ဖြစ်ကြောင်းထင်ရှားသည်၊ ယင်းသို့ ကံနှင့် ကံ၏အကျိုးကို ပယ်ပြီးဖြစ်သောကြောင့် ကမ္မသကတာ သမ္မာဒိဋ္ဌိ အမြင်မှန် မရှိသူဖြစ်၍ ဓမ္မနီတိသည် ဗုဒ္ဓဘာသာဝင် မဟုတ်၊ ဗုဒ္ဓကို ဆန့်ကျင်သူဖြစ်ပါသည်ဟုသော စောဒကတို့၏ စွဲဆိုချက်သည် ခိုင်လုံမှန်ကန်သည်ဟု ရုံးတော်က သုံးသပ်သည်။

ငြင်းခုံချက်။ ၂။

စွဲဆိုချက်။ ။ဓမ္မနီတိသည် ဆုတောင်းလျှင် အကျိုးမရဟုဟောပြောသောကြောင့် ဗုဒ္ဓဝါဒကို ဆန့်ကျင်သူဖြစ်ပါသည်။

ဓမ္မနီတိသည် (ခ) အမှတ်ပြဟောချက်ဖြင့် ကုသိုလ်ပြုပြီး ဆုတောင်း၍ မရနိုင်ဟုဆိုပါသည်၊ ပေးထားသော ဥပမာမှာ မသိနားလည် သူများ ဝိုးတဝါးဖြစ် စေရန် ပေးထားသော ဥပမာဖြစ်ပါသည်၊ ထိုဟောချက်မှားပါသည်ဟု ကျမ်းဂန် သာဓကတင်ပြကြသည်။

ချေပချက်။ ။ မရှိ။

စီစစ်ချက်။ ၂။(က) ဆုတောင်းခြင်းသည် စေတောပဏိဓိ (စိတ်၏ တောင့်တ ရချင်မှုကို ပါးစပ်ဖြင့်လည်း ဖော်ပြသော လုပ်ငန်းကောင်း ဖြစ်သည်။ ငါတို့ဘုရားရှင်ကိုယ်တိုင် ဘုရားလောင်းဘဝတွင် ရှေးဘုရားရှင်တို့ထံ၌ ဆုတောင်းခဲ့ကြောင်းကို မိန့်တော်မူ ခဲ့သည်။

အဟမ္ပိ ပုဗ္ဗဗုဒ္ဓေသု၊ ဗုဒ္ဓတ္တ မဘိပတ္ထယိ။ (အပဒါန်၊ ၁/၁)

http://www.dhammadownload.com

ဘာသာပြန်။ ။ငါဘုရားသည်လည်း ရှေးဘုရားရှင်တို့ထံ၌ ဘုရားဆုကို တောင်းခဲ့ပြီ။အရှင်သာရိပုတ္တရာမထေရ်မြတ်သည်လည်း အနောမဒဿီ ဘုရားရှင်ထံမှာ အဂ္ဂသာဝက ဆုတောင်းခဲ့သည်။

> **အနာဂတေ ပန အယံ နိသဘတ္ထေရော၀ိယ ဧကဿအဂ္ဂသာ၀ကော ဘ၀ေယျန္တိ။**(အံ၊ ၆၊ ၁/၁၁၆)

ဘာသာပြန်။ တပည့်တော်သည် နောင်အခါ၌ ဤနိသဘထေရ်ကဲ့သို့ တစ်ဆူသော ဘုရားရှင်၏ အဂ္ဂသာ၀ကဖြစ်ရပါလို၏ဟု ဆုတောင်းခြင်းကို ပြုခဲ့လေပြီ။

အခြားကုန်သော ဧတဒဂ်ဘွဲ့ထူးရသူရဟန်းများ၏, ရဟန်းမများ, ဒါယကာများ, ဒါယိကာမများသည်လည်း ယင်းသို့ပင် ဆုတောင်းခဲ့ကြသည်ဟု ဝိဋ္ဌက ကျမ်းဂန်များ၌ ဆိုသည်။

(ခ) မဂ်၊ ဖိုလ်၊ နိဗ္ဗာန်၊ ဈာန်၊ အဘိညာဉ်တည်းဟူသော ကောင်းသော အရာကို ဆုတောင်းလျှင် အဘိဓမ္မာနည်းအရ ကောင်းသော ဆန္ဒစေတသိက်ကို အရကောက်၍ မကောင်းသည့်အရာကို ဆုတောင်းလျှင် လောဘစေတသိက်ကို အရကောက်ရသည်။ ထိုကြောင့် ကောင်းသောအရာကိုသာ ဆုတောင်းဆုယူပြုရမည်၊ မကောင်းသောအရာကို ဆုမတောင်းသင့်ဟုသာ သင်ပြဟောကြားရာသည်၊ ဆုတောင်းလို့ ၄က်ပျောသီးတလုံးတောင်မျှ မရ စသည်ဖြင့် တကယ့်အလွဲအမှားကို မပြောကြရာပေ။

ခြင်းခုံချက်။ ၃။

ဓမ္မနီတိသည် ဗုဒ္ဓအဘိဓမ္မာကို ဦးစောက်ပြောင်းပြန်ပယ်လှန် ဟောပြောသူဖြစ်ပါသည်။

စွဲဆိုချက်။ ။ဓမ္မနီတိသည် စောဒနာ၊ ၉/၁၁အမှတ် (က) မှ (စ)အထိ ဟောချက်များဖြင့် ဗုဒ္ဓအဘိဓမ္မာကို ပြောင်းပြန်လှန်လိုက်ပါသည်။ မည်သူကမျှ အပြစ်မဆိုလျှင် သတ်ခြင်း၊ ခိုးခြင်းစသည်တို့ကြောင့် အကုသိုလ်မဖြစ်ဟု အလွဲပြောထားပါသည်၊ အဘိဓမ္မာနည်းအရ အကုသိုလ် အပြစ်သည် ပြုလုပ်သူနှင့်မဆိုင်၊ မြင်၍ အပြစ်ဆိုသူ နှင့်သာဆိုင်သည်၊ (၀ါ) ပြောသူ၏ အပြစ်သာဖြစ်သည်။ ပြုလုပ်သူ၏ အပြစ်မဟုတ်ဟု ဆိုထားသောကြောင့် တကာ တကာမတို့၏မကောင်းမှုမလုပ်တို့ကို အပြစ်ပြဆုံးမတော်မူကြ

http://www.dhammadownload.com

သော ဘုရားရှင် အားလုံးတို့သည်လည်းကောင်း၊ အဘိဓဇ, အဂ္ဂမဟာပဏ္ဍိတ, သံဃမဟာနာယကအစရှိသော ရဟန်း ကောင်းတို့သည်လည်းကောင်း၊ ဓမ္မနီတိ၏အဆိုအရ အကုသိုလ်တွေဖြစ်ပွားနေကြပါပြီ၊ ဓမ္မနီတိသည် ပစ္စုပ္ပန်ဘဝ တစ်ခုကိုသာ စွဲယူ၍ ကျွန် နတ္ထိကဝါဒ (၉) မျိုးလုံးကို စွဲယူထားသူ မိစ္ဆာဝါဒသမားဖြစ်နေပါသည်။

ချေပချက်။ ။ ပုံသဏ္ဌာန်ကို အဓိကထားလျှင် သုတ္တန်နည်း၊ လက္ခဏာ သဘောကို အဓိကထားလျှင် အဘိဓမ္မာနည်းဟု ခွဲခြား၍ ဟောပါသည်၊ လောက နယ်၌ တရားလိုရှိလျှင် အကုသိုလ်ဝင်သည်၊ အပြစ်သည် မြင်သူ၏ လက်ထဲ၌သာရှိနေသည်ဟု ပြောစကားမှာ လောကဥပဒေပြစ်မှု သဘောကိုသာ ရည်ရွယ်ပါသည်၊ သံသရာခရီးသွားရာ၌ လည်းကောင်း၊ လွတ်မြောက်အောင် ရုန်းကန်ရာ၌ လည်းကောင်း၊ အထက်ပါ စကားကို အသုံးချ၍ မရပါ။ ဥပမာ၊ ယနေ့ ဤရုံတော်သို့ အပြစ်တင်သူများရှိ၍ တပည့်တော် (ဓမ္မနီတိ) သည် အပြစ်ရှိသူ တစ်ယောက် အဖြစ်မှန်သိမှတ်ခြင်း ခံနေရ ပါသည်။

စီစစ်ချက်။ ၃။

(က) ပုံသဏ္ဌာန်ကို အဓိကထားလျှင် သုတ္တန်နည်း၊ လက္ခဏာသဘောကို အဓိကထားလျှင် အဘိဓမ္မာနည်းဟု ခွဲခြားဟောပါသည်ဟူသော စုဒိတက၏ စကားသည် အလွဲအမှားသာ ဖြစ်သည်။ အမှန်မှာ တရားနာသူတို့၏ အလို, စရိုက်, အသိဉာဏ် စွမ်းရည်စသည်တို့နှင့် ထိုက်တန်အောင် ချိန်ဆ၍ တရားထူး ရသွားအောင် မြတ်ဗုဒ္ဓဟောတော်မူသောနည်းသည် သုတ္တန်နည်း ဖြစ်သည်၊ တရားနာသူတို့၏အလို, စရိုက်အသိဉာဏ်စွမ်းရည် စသည်တို့ကိုမကြည့်၊ ဓမ္မသဘာဝရှိသလောက် မြတ်ဗုဒ္ဓဟောညွှန်တော်မူသော နည်းသည် အဘိဓမ္မာ နည်းဖြစ်သည်။ (ဒီ၊ ၆၊ ၁၊ ၂၀-နှာ)

(ခ) တရားလိုရှိလျှင် အကုသိုလ်ဝင်သည်၊ အပြစ်သည် မြင်သူ၏ လက်၌သာ ရှိသည်ဟု ပြောစကားသည် လောကနယ်၌ လောကဥပဒေသဘောကို ရည်ရွယ်ဆိုပါသည်၊ သံသရာခရီးသွားရာ၌လည်းကောင်း၊ လွတ်မြောက်အောင် ရုန်းကန်ရာ၌လည်းကောင်း၊ အထက်ပါစကားကို အသုံးချ၍ မရပါဟု စုဒိတက၏ ချေပချက်တွင် လောကနယ်၌ သံသရာခရီးတို့အည် အတူတူသာ ဖြစ်ကြသည် ကိုမျှ စုဒိတကမသိချေ။ ဤမျှ အရည်အသွေးမရှိသူ စုဒိတက၏ စကားတို့

http://www.dhammadownload.com

လွဲချော်နေခြင်းသည် အံ့ဖွယ်မဟုတ်သော်လည်း တရားနာသူတွေ လွဲမှားဖွယ် ဖြစ်နေသောကြောင့် ကဲ့ရဲ့ရှုတ်ချဖွယ်ဖြစ်နေသည်၊ အပြစ်သည် မြင်သူ၏ လက်ဦးသာ ရှိသည်ဟု စုဒိတက၏ ပြောစကားအရ လုပ်သူ၌ ဘာအပြစ်မှမရှိဟု အဓိပ္ပါယ်ထွက်သည်၊ တရားသဘောမှန်အရ မြင်သူရှိသည်ဖြစ်စေ၊ မရှိသည် ဖြစ်စေ မကောင်းလုပ်လျှင် အပြစ်ရှိ၍ ကောင်းမှုလုပ်သူများမှာ အပြစ် ကင်းစင်သူသာ ဖြစ်ကြသည်။ လုပ်သူမှာ အပြစ်မရှိ၊ မြင်သူမှာသာ အပြစ်ရှိသည်ဟူသော စုဒိတက၏ စကားသည် (က) အခြားသူမမြင်အောင် လုပ်ချင်တာလုပ်။ (ခ) အပြစ်မပြောတမ်း စည်းကမ်းသတ်ကာ စိတ်တူ ကိုယ်တူလုပ်ချင်တာကို ဝိုင်းဖွဲ့ လုပ်လျှင် ဘာအပြစ်မှမရှိဟု မမှန်သော နည်းလမ်း၊ မကောင်းသော နည်းလမ်းကို ညွှန်ပြတိုက်တွန်းသော စကားဖြစ်သည်။ စုဒိတက ကိုယ်တိုင်လည်း ထိုအတိုင်းပင် မတော်တာ၊ မလျော်တာ၊ ဝိနည်းတော်ကို မရိုမသေ ချိုးဖောက်ကာ အလုံးစုံကို ကမ်းကုန်အောင် လုပ်နေခဲ့သည်မှာ ထင်ရှားပေါ်လွင်သည်၊ "စကား စကား ပြောပါများ၊ စကားထဲက ဇာတိပြ"ဟူသော ဗမာစကားပုံရှိပြီးဖြစ်သည်။

(ဂ) ဓမ္မနီတိ ဤရုံးတော်သို့ အပြစ်ရှိသူအဖြစ် ရောက်လာခြင်းမှာ အလွဲအမှား သင်တန်းပေးခဲ့မှုကြောင့် ရောက်လာခြင်းသာ ဖြစ်သည်၊ အမှန် တရားဟောကြားသူတွေ မြန်မာနိုင်ငံမှာ များစွာ အထင်အရှားရှိကြသည်၊ အမှန် တရားဟောကြားပါလျက် တရားစွဲခံရသူ ယနေ့အထိတဦးမျှ မရှိချေ။

တရားလိုရှိမှ အပြစ်ရှိသည်ဟု ပြောသည်မှာ လောကဥပဒေသဘောကို ရည်ရွယ်ဆိုပါသည်ဟု စုဒိတက၏ ချေပချက်သည် "တရားလိုမရှိရင် ဘယ်အလုပ်ကိုမှ အပြစ်ရှိတယ်လို့ ဘုန်းကြီးတို့ တရားဟောပြောလို့မရဘူး၊ ဒါအဘိဓမ္မာစကား ပြောနေတာ"ဟု စုဒိတကဟောချက် ထင်ရှားရှိနေသောကြောင့် ထိုစုဒိတက၏ ချေပချက်သည် ပရိယာယ်မာယာ မုသာဝါဒမျှသာ ဖြစ်ကြောင်း အလွန်ပေါ်လွင်သည်၊ ထိုချေပချက်သည် စုဒိတက၏ ပကတိမူလပင်ကိုယ်သဘာဝမှန်ကို အထင်အရှား ဖော်ပြသည့် ချေပချက်သာဖြစ်သည်။ ဤမျှဖြင့် စုဒိတက၏ ယင်းဟော ပြောချက်များသည် ဗုဒ္ဓအဘိဓမ္မာကို စောက်ထိုးပြောင်းပြန်ပယ်လှန်သော နတ္ထိက ဝါဒဟောချက်များသာ ဖြစ်ကြောင်း ပေါ်လွင်လေပြီ။

ပြခဲ့ပြီးအကြောင်းတို့ကြောင့် ဤစောဒနာအမှတ် (၉)ပါ စောဒကတို့၏ စွဲဆိုချက်သည် ဟုတ်မှန်ခိုင်လုံသည်ဟု ရုံးတော်က သုံးသပ်သည်။

ဓမ္မနီတိ (ဂ)

http://www.dhammadownload.com

စောဒနာအမှတ် (၁၀) သုံးသပ်ချက်

ဤစောဒနာအမှတ် (၁၀)၌ အငြင်းပွားချက်များ အောက်ပါအတိုင်း ထွက်သည်။

အငြင်းပွားချက်။

(၁) ဓမ္မစက္ကကို ထင်ရာမြင်ရာ လွဲမှားစွာ ဟောခြင်း။
(၂) ဓမ္မစကြာလည်ပုံကို လွဲမှားစွာ ဟောခြင်း။
(၃) အရိယာတို့၏ လမ်းကြောင်းမှာ ရပ်တည်ပုံကို လွဲမှားစွာဟောခြင်း။
(၄) အယုတ်တရားနှစ်ပါးအဓိပ္ပာယ်ကို လွဲမှားစွာ ဟောခြင်း။

ငြင်းခုံချက် ။ ၁ ။ ဓမ္မစက္ကကို ထင်ရာမြင်ရာလွဲမှားစွာ ဟောခြင်း။

စွဲဆိုချက် ။ ။ ဓမ္မနီတိသည် ဓမ္မစကြာ၌ ဓမ္မ၏အရ မိမိ၏ မွေးရာပါခန္ဓာကိုယ် အတုံးကြီးကိုယူ၍ စက္ကအရ ယောက်ျား မိန်းမပုဆိုးထမီအစရှိသော ပညတ်တွေကို ယူပါသည်။ ထိုဟောချက်များသည် ဓမ္မစက္ကအရ မြတ်ဘုရား၏ ရင်တော်တွင်း၌ ဖြစ်သော ပဋိဝေဓ (ထိုးထွင်းသိဉာဏ်တော်)နှင့် ဒေသနာ (တရားဟောဉာဏ်တော်) ဟူသော ဉာဏ်တော်နှစ်ပါးကို ယူရမည်ဟု ဖော်ပြထားသောကျမ်းဂန်များကို ဖီလာဆန့်ကျင်ပါသည်ဟု ကျမ်းဂန်သာဓကတင်ပြကြသည်။

ချေပချက် ။ ။ အကြမ်းစား (သြဠာရိက) ပရမတ်ပေါ်၌ ရပ်တည်၍ ကျရောက်လာသောအာရုံ ကာမဂုဏ်ကိုမှီပြီး ရာဂစသော မီးများ မတောက်လောင်စေရန် အဓိကရည်သန်ပါသည်။ ရှေ့အခန်းများ၌ ဟောကြားသောသစ္စာလေးပါးသည်သာ ဓမ္မအမှန်ဖြစ်ပါသည်။ ပရိယာယ်ဟောချက်ကို အငြင်းပွား၍ အကျိုးမရှိပါ။

စိစစ်ချက် ။ ၁ ။

(က) စုဗိတကသည် မိမိ၏ ဟောချက်ကို မှန်သည်ဟုတာဝန်မယူ၊ လွဲပါသည်ဟု ဝန်ခံချက်လည်းမပေး၊ ကလေးကလားစကားများဖြင့် ချေပနေသည်။ ရှေ့အခန်းများ၌ ဟောကြားသောသစ္စာလေးပါးသည်သာ ဓမ္မအမှန်ဖြစ်ပါသည်ဟု

http://www.dhammadownload.com

ဆိုချက်အရ ဤအခန်းမှာ အလွဲတွေကိုသာ ပြောကြားထားပါသည်ဟု ဆိုရာ ရောက်သည်။ သို့သော် မှားကြောင်းဝန်မခံပဲ ရာဂစသော မီးများမတောက်လောင်စေရန် အဓိကရည်သန်ပါသည်ဟု ဆင်ခြေတက်သည်၊ အလွဲအမှားဟောချက်များဖြင့် ရာဂစသောမီးများ တောက်လောင်စေရန် အဓိကရည်သန်ချက်ထားသည်မှာ စုဒိတကသည် လိမ္မာသူတစ်ဦးဟူ၍ ယုံကြည်ထိုက်သူမဟုတ်ကြောင်းကို ဖော်ပြသည်။

(ခ) ဓမ္မစက္ကအရ စောဒကတို့တင်ပြသည်အတိုင်း မြတ်ဗုဒ္ဓ၏ပဋိဝေဓဉာဏ်တော်နှင့် ဒေသနာဉာဏ်တော်ကို ယူရသည်။

ဓမ္မစက္ကံ ပန ဒုဝိဓံ ဟောတိ ပဋိဝေဓဉာဏဉ္စ ဒေသနာဉာဏဉ္စာတိ။

(ဗုဒ္ဓဝံ၊ ၆၊ ၇၆နှင့်ပဋိသံ၊ ၆၊ ၂။ ၂၃၃)။

ထိုတွင် ပညာတော်ဖြင့် ထုံထားအပ်သော ဘုရားရှင်၏ အရိယာဖိုလ်လေးပါးကို ဖြစ်လာအောင် ဆောင်ရွက်သော မဂ်ဉာဏ်လေးပါးသည် ပဋိဝေဓ (ထိုးထွင်းသိသော) ဉာဏ်မည်၏။ ထိုသည် ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော ဝိတက်ဝိစာရကင်းသော လောကုတ္တရာကုသိုလ်စိတ်၌ယှဉ်သော မဂ်ဉာဏ် (ခေါ်) သမ္မာဒိဋ္ဌိပေတည်း။ မြတ်ဗုဒ္ဓ၏ ကရုဏာတော်ဖြင့် ထုံထားအပ်သော တရားနာ တပည့်တို့၏ အရိယာဖိုလ်လေးပါးကို ဖြစ်လာအောင် ဆောင်ရွက်သောတရား ဟောကြောင်း ဉာဏ်တော်သည် ဒေသနာဉာဏ်မည်၏။ ထိုသည်ကာမာဝစရ မဟာ-ကြိယာစိတ်၌ ယှဉ်သောအဗျာကတဉာဏ် (ခေါ်) သမ္မာဒိဋ္ဌိပေတည်း။ ဤဉာဏ်နှစ်ပါးသည် သဗ္ဗညုမြတ်ဘုရားမှ အခြားသူတို့နှင့် မသက်ဆိုင်သော (ဝါ) အခြားသူတို့၌ မဖြစ်နိုင်သောဉာဏ်တော်တည်း။

(ဗုဒ္ဓဝံ၊ ၆၊ ၇၆နှင့် ပဋိသံ၊ ၆၊ ၂။ ၂၃၃)။

ပဋိဝေဓဉာဏ်တော်သည် မဟာသက္ကရာဇ် (၁၀၃)ခုနှစ်၊ ကဆုန်လပြည့် အာရုံတက်ခါနီးချိန်တွင် ဗောဓိပင်ရင်း၌ ထိုင်နေတော်မူစဉ်မှာဖြစ်၍ ဒေသနာဉာဏ်တော်သည် ထိုမဟာသက္ကရာဇ်-၁၀၃-ခုနှစ်၊ ၀ါဆိုလပြည့် နေဝင်လုနီးချိန်တွင် မိဂဒါဝုန်တောင်၌ တရားဟောတော်မူစဉ်မှာဖြစ်သည်။ ဤဓမ္မစက္ကသုတ်တော်၌ ဒေသနာဉာဏ်တော်ကို ယူရမည်။

(သံ၊ ၆၊ ၃/၃၂၈/ပဋိသံ၊ ၆၊ ၂။ ၂၁၇၊ သာရတ္ထ၊ ၃။ ၁၈၁)။

http://www.dhammadownload.com

(ဂ) ဗုဒ္ဓဝင်အဋ္ဌကထာနှင့် ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာတို့၌ ဓမ္မစကြာမည်သော ထိုဥာဏ်တော်နှစ်ပါးသည် သဗ္ဗညုမြတ်ဘုရား၏ သီးသန့်ဥာဏ်တော်တည်း၊ အခြားသူတို့နှင့် မသက်ဆိုင်ဟု ဆို၏။ သံယုတ်အဋ္ဌကထာနှင့် သာရတ္ထဒီပနီဋီကာတို့၌ သဗ္ဗညုမြတ်ဘုရား၏ ရင်တော်၌ဖြစ်သော ဥာဏ်တော်တည်း၊ အခြားသူတို့၌ မဖြစ်နိုင်ဟုဆိုကြ၏။ ထို့ကြောင့် လူယောကျ်ားမိန်းမ တိရစ္ဆာန်တွေပါမကျန် အားလုံး၌ အချိန်မရွေး ဓမ္မစကြာလည်သည် (၀၊) ဓမ္မစကြာဖြစ်နေသည်ဟု စုဒိတက၏ ဆိုချက်သည် ဓမ္မစကြာရတနာတော်မြတ်ကို ကချလာဖြစ်အောင် ယုတ်ညံ့အောင် ဂုဏ်နိမ့်အောင် နှိမ့်ချဖျက်ဆီးသော စကားဖြစ်သည်။ ထို့ကြောင့် စုဒိတကသည် မြတ်ဗုဒ္ဓ၏ ဓမ္မစကြာ (ခေါ်) ဥာဏ်တော်တရားကို မလေးမစား ကလေကချေ ကလေကဝ စကားတို့ဖြင့် ဖျက်ဆီးသူဖြစ်သည်၊ အဝိဇ္ဇာကြီးလွန်းလေစွတကား။ အဝိဇ္ဇာကို မိုက်ထာဟု စုဒိတက ဘာသာပြန်ထားသည်။

(ဃ) ဓမ္မစက္ကာ (ဓမ္မစကြာ) ဥာဏ်တော်ဖြစ်ချိန်ကို မဟာသက္ကရာဇ်၊ ၁၀၃-ခုနှစ်၊ ကဆုန်လပြည့်နေ့နှင့် ဝါဆိုလပြည့်နေ့ဟု ဖော်ပြခဲ့ပြီးသော အဋ္ဌကထာကြီးများနှင့် ဋီကာကျမ်းကြီးများ၌ဆိုထားသည်။ နေ့တိုင်းပင် ဓမ္မစကြာ နေ့ဟု စုဒိတကဆိုသည်။ ယင်းသို့ဆိုခြင်းသည် ဓမ္မစကြာတရားတော်ကိုကြည်ညိုလွန်း၍ အချိန်ပြည့် ဓမ္မစကြာနေ့ချည်းဖြစ်အောင် ပို့ဆောင်ဟောကြားခြင်း ဖြစ်ပါသည်ဟု ပြောင်ပြောင်ရှင်းရှင်းပင် စိတ်ကူးပေါက်သလို ပြောဆိုလှည့်ပတ် မဟုတ်မဟပ် မစပ်ကား မာယာများဖြင့် အရှက်အကြောက်ကင်းစွာ ချေပသည်။ အကုသိုလ်သည် မရှိတရားဟု ယူမှားစွဲသူ ပီသပါပေသည်။ ယင်းသို့ အကုသိုလ်သည် မရှိတရားဟု ယူမှားစွဲထားသူက အကုသိုလ်(ခေါ်) ရာဂစသော မီးတွေ့မတောက်လောင်စေရန် အဓိက ရည်သန်ဟောပြောပါသည်ဟု ဆိုချက်သည် ပညာရှိများအတွက် ရယ်ဖွယ်သာဖြစ်သည်။ အကုသိုလ်တရားနှင့် ရာဂဒေါသစသော ကိလေသာတရားတို့ကို တခြားစီ တမျိုးစီဟူ၍ (၀၊) ကိလေသာသည် အကုသိုလ်တရားမဟုတ်သယောင်ယောင် ကြောင်တောင်တောင် ပြောနေသောကြောင့်လည်း ရယ်ဖွယ်ပင်ဖြစ်နေသည်။ ပရိယာယ် ဟောချက်ကိုအငြင်းပွားမှ ကျိုးမရှိပါဟူသော စကားအတွက် စုဒိတက၏ ပရိယာယ်သည် အကြောင်းမှန် ပရိယာယ်မဟုတ်၊ လှည့်ပတ်မာယာကြွယ်သော ပရိယာယ်သာ ဖြစ်သည်ဟု စီစစ် သုံးသပ်ခဲ့ပြီးပြီ။

http://www.dhammadownload.com

ငြင်းခုံ ချက်။ ၂

ဓမ္မစကြာလည်ပုံကို လွဲမှားစွာဟောခြင်း

စွဲဆိုချက် ။ ။ လည်တာ ဓမ္မစကြာ၊ မရပ်မနားတာ ဓမ္မစကြာ ဟူသော (က)အမှတ်ပြ ဟောချက်ဖြင့် ဓမ္မနီတိသည်၊ ဗုဒ္ဓ၏ ဓမ္မစကြာ တရားတော်ကို မရပ်မနားလည်တာ သံသရာဟု အဓိပ္ပါယ် လွဲချော် ကလော်ထားပါသည်၊ ခန္ဓာကိုယ်ပေါ် သို့ အာရုံအမျိုးမျိုးတို့ ကျရောက်တိုင်း ဓမ္မာစကြာ လည်နေသောကြောင့် ရေဒီယိုနားထောင်တာ ရုပ်ရှင်ကြည့်တာ မဟုတ်ဘဲ ဓမ္မစကြာလည်နေပါသည်ဟု ဓမ္မနီတိ ဆိုပါသည်။ မြတ်ဗုဒ္ဓ၏ သန္တာန်တော်၌ ပဋိဝေဓ (ထိုထွင်းသိသော) ဉာဏ်နှင့်ဒေသနာ (တရားဟောသော) ဉာဏ်တို့ကိုသာ ဓမ္မစကြာဟု အမှန်သဘောကို ဆိုရပါမည်ဟု ကျမ်းဂန်သာဓက တင်ပြကြသည်။

ချေပချက်။ ။နားလည်သိလွယ်အောင် သြဋ္ဌာရိက ပရမတ်ခန္ဓာက ယာယီတည်ကိန်းပြု ၍ ဘဝိတလက္ခဏာစကြာ သဘောနှင့် တွဲစပ်လျက် ဓမ္မစကြာကို ပုံဖော်ထားပါသည်၊ (မရပ်မနား လည်တာ သံသရာ)ဟု ဘုရားတပည့်တော် (ဓမ္မနီတိ) အပြောဖြစ်အောင် လည်ဆယ် ကြံဆောင်၍ တပည့်တော်၏ ဆိုလိုရင်း ဓမ္မစကြာကို လွဲချော်အောင် လုပ်ဆောင်ခြင်းသာ ဖြစ်ပါသည်။

စိစစ်ချက်။ ၂ ။ (က) အကုသိုလ် (ခေါ်) ကိလေသာ ရန်သူတို့ကို ပယ်သတ်သောကြောင့် ဓားစက်နှင့် တူသဖြင့် စက်ဟူ၍ (ဝါ) စကြာဟူ၍ ဆိုရပါသည်။ ပဋိဝေဓ (ထိုးထွင်း သိသော) ဉာဏ်တော်သည် ဘုရားလောင်းသန္တာန်၌ ဖြစ်လေ့ရှိကုန်သော အကုသိုလ် (ခေါ်)ကိလေသာတို့ကို ဓားစက်နှင့် တူစွာ ခုတ်ဖြတ်, ရှင်လင်းပယ်သတ်သည်။ ဒေသနာ (တရားဟောသော) ဉာဏ်တော်သည် တရား နာသူတို့၏ သန္တာန်၌ ဖြစ်လေ့ရှိကုန်သော အကုသိုလ် (ခေါ်)ကိလေသာတို့ကို ဓားစက်နှင့်တူစွာ ခုတ်ဖြတ်, ရှင်းလင်းပယ်သတ်သည်၊ ထို့ကြောင့် ဓမ္မစက္က (တရားစက်)ဟု ဆိုသည်။ ပန်းကာ (ခေါ်)ရဟတ်တို့ကဲ့သို့ လည်းကောင်း၊ မော်တော်ကားဘီး အင်ဂျင်စက်ဘီးတို့ကဲ့သို့လည်းကောင်း မပြတ်ဆက်ကာ လည်နေသော တရားတော်မဟုတ်ပေဟု သေချာစွာ ဖော်ပြသည်။ တခဏအတွင်းမှာ ကိစ္စပြီးပြတ်အောင် စွမ်းဆောင်နိုင်သော တရားတော်ဖြစ်သော

http://www.dhammadownload.com

ကြောင့်စက်ဟုခေါ်သည်။ လည်နေသောကြောင့် (၀၊)မရပ် မနားသောကြောင့် 'စက်'ခေါ်သည်မဟုတ်ဟု သိစေလိုသည်။

စကြာမင်း၏ စက်ရတနာသည် မင်းကြီး၏ စစ်တိုက်ရေးအစရှိကုန်သော လိုရာကိစ္စများစွာတို့ကို တခဏအတွင်းမှာ ပြီးစီးအောင် ဆောင်ရွက်သကဲ့သို့ မြတ်စွာဘုရား၏ ပဋ္ဌိဝေ (သစ္စာလေးပါးကို သိတော်မူသော) ဉာဏ်နှင့် ဒေသနာ (တရားဟောသော) ဉာဏ်တို့သည် ကိလေသာရန်သူကို ပယ်သတ်ရှင်းလင်းရာ၌ တခဏတွင်းမှာ ကိစ္စပြီးစီးအောင် ဆောင်ရွက်သောကြောင့် ဉာဏ်စက်ရတနာ (၀၊) တရားစက်ရတနာဟု ဆိုရသည်ဟူ၍ ပြောလျှင်လည်း ကျမ်းဂန်တို့အဆိုနှင့် မညီစေကာ ဂုဏ်ဖျက်ရာမရောက်ပါချေ။ ဂုဏ်တင်ရာသို့သာ ရောက်သောကြောင့် ပညာရှိများလက်ခံနိုင်ပေမည်။

(ခ) စုဒိတကဏ်၏ (က) အမှတ်ဟောချက်၌လည်တာ မရပ်မနားတာ လည်ပတ်နေတာ ရပ်နားလို့မရတာ ချုပ်ကိုင်ထားလို့မရတာကို စကြာလို့ ခေါ်တယ်ဟု ဆိုစကားတို့သည် ။မပြတ်လည်တာ-သံသရာဟု ဗုဒ္ဓဘာသာဝင်တို့၏ ပြောရိုးစဉ်လာ စကားနှင့် အဓိပ္ပါယ်ချင်းတူညီသည်ဟု စောဒကတို့က အပြစ်တင်သည်။ ဘဝိတလက္ခဏစကြာသဘောနှင့် တွဲစပ်ပြောပါသည်ဟူသော စုဒိတကဏ်၏ ချေပချက်တွင် ဘဝိတဟူသော ပါဠိသည် ဘဝဓါတ် ဣဿာဂုံ၊ တပစ္ဆည်းတို့ကို တွဲစပ်ထားသောပါဠိဖြစ်သည်။ ဘဝ အနဝဌာနေ ဘဝဓါတ်သည် မနားမရပ်ချားရဟတ်ပမာလည်နေခြင်းအနက်၌ ဖြစ်သည်ဟု ဓါတ်ကျမ်းများ၌ ဆိုထားသောကြောင့် ဘဝိတ ချားရဟတ်ပမာ မပြတ်လည်နေသောတရားဟု အနက်ထွက်သည်။ မပြတ်လည်လျက် သံသရာစက်ဟူသော စကားနှင့် အဓိပ္ပါယ်တူညီနေသည်။ ယင်းသို့ ဖြစ်ပါလျက် (မရပ်မနားလည်တာ)သံသရာ)ဟု လည်ဆယ်ကြီးဆောင်၍ တပည့်တော်၏ ဆိုလိုရင်းဓမ္မစကြာကို လွဲချော်အောင် စောဒကတို့ လုပ်ဆောင်ပါသည်ဟု စုဒိတကပုဂ္ဂိုလ်က စွပ်စွဲလိုက်သေးသည်။ နှစ်ခွဲနှင့်တတင်းသည် မတူပါဟုငြင်းဆိုနေသော သူပါတကား။

(ဃ) ရေဒီယိုနားထောင်တာလား၊ ဓမ္မစကြာလည်တာလား၊ ရုပ်ရှင်ကြည့်တာလား၊ ဓမ္မစကြာလည်တာလားဟူသော (စ) အမှတ်ပြ စုဒိတကဟောချက်စကားသည် ကိလေသာ မီးမတောက်လောင်အောင် အဓိကရည်သန်ချက်ထား၍ ဟောသောစကားဟု အဘယ်အသိဉာဏ်ရှိသူတွေက ယုံကြည်မည်နည်း၊ မိန်းမယျိုကိုမြင်၊ ယောက်ျားယျိုကိုမြင်၊ လက်ထပ်ပွဲကျင်းပ၊ မေထုန်မှိုဝဲကြ

http://www.dhammadownload.com

သားသမီးတွေ မွေးကြတာတွေလည်း ဓမ္မစကြာလည်သည်ဟု မဖွယ်မရာ ပြောကြလေအောင် နည်းညွှန်သော စကားသာဖြစ်သည်။ ကျောင်းအစ်မကြီး ဝိသာခါဟာ သောတာပန်တည်ပြီးမှ သားဆယ်ယောက်၊ သမီးဆယ်ယောက်၊ မြေးလေးရာ၊ မြစ်ရှစ်ထောင်ရနေတာသည် ဓမ္မစကြာလည်လို့ပါဟု ဟောပြော ချက်ရှိသည်၊ ယင်းသို့ မြတ်ဗုဒ္ဓ၏ ဓမ္မစကြာတရားတော်မြတ်ကို မဟုတ်မဟပ် လည်ဆယ်ကြဲဆောင်သူ စုဒိတကသည် ယုတ်ညံ့ဖျင်းချာလွန်းစွာ သာသနာ ဖျက်သူစစ်စစ်ဖြစ်နေတော့သည်။ ရေဒီယိုနားထောင်ရင်း၊ ရုပ်ရှင်ကြည့်ရင်း လောကုတ္တရာတရားရအောင် ရှာနိုင်သည်ဟု မဖွယ်မရာပြောသူ လင်နှင့်မယားတို့ အိမ်ထောင်ရေးကိစ္စဆောင်ရွက်နေကြတာ ဓမ္မစကြာလည်သည်ဟု အဓိပ္ပါယ် ဖော်သူ ယုတ်ညံ့ဖျင်းချာလွန်းသော သာသနာဖျက် တစ်ဦးကို ပထမအကြိမ် တွေ့မြင်ကြရခြင်းဖြစ်သည်။

(c) ဗုဒ္ဓဝံသ အဋ္ဌကထာအစရှိကုန်သော ထိုထိုကျမ်းဂန်ကြီးတို့၌ ဓမ္မစကြာ လည်ပုံကို ဖော်ပြထားသည်မှာ မိဂဒါဝုန်တောင်၌ ဓမ္မစကြာတရားတော်ကို ဟောတော်မူစဉ် ပဉ္စဝဂ္ဂိငါးဦးတို့နှင့် တကွ စကြဝဠာ တစ်သောင်းမှ တရားနာလာ ကြသော (၁၈)ကုဋေသော နတ်ပြဟ္မာတို့၏ စိတ်သန္တာန်အသီးသီး၌ တရား နာရခြင်းကို အကြောင်းရင်းပြု၍ ဖြစ်ပေါ်လာကုန်သော ဗေါဓိပက္ခိယတရားများ နှင့် တကွသော သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်တို့သည် ဓမ္မဖြစ်သည်။ မြတ်ဘုရား၏ စိတ်သန္တာန်တော်၌ တရားဟောနေခိုက်တွင် ဖြစ်ပေါ်နေသော ဒေသနာဉာဏ်တော်သည် စက္ကု(စက်ရတနာ) ဖြစ်သည်။ ဒွေမေ ဘိက္ခဝေ အန္တာအစရှိသော တရားစကားတော်သည် ပဝတ္တနဖြစ်သည်။ တရားစကား တော်သည် တရားနာယူသူတို့၏ စိတ်သန္တာန်၌ သောတာပတ္တိမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့ကို ဖြစ်အောင်ဆောင်တော်မူသည်ဟု ဆိုလိုသည်။ သောတာပတ္တိ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့ဖြစ်နေချိန်၌ လည်းကောင်း ဖြစ်ပြီးချိန်၌လည်းကောင်း ပဝတ္တနဟုပင် ပြောရသည်။

ဓမ္မစက္ကသ ပဝတ္တနံ ဓမ္မစက္ကပဝတ္တနံ။ ပဝတ္တနန္တိစ ပဝတ္တမာနံ
ပဝတ္တိတံတိ ပစ္စုပ္ပန္နာတီတဝသေန ဒ္ဝိမာ အတ္ထော။
(သာရတ္ထ၊ ဋီ/၃/၁၈၁။ ဒီ၊ ၁၊ ဋီ /၃၅) ပြည်ကြီး)

http://www.dhammadownload.com

ဘာသာပြန်။

ဓမ္မစက်တော်ကို ဖြစ်စေသော" ဒွေမေဘိက္ခဝေအန္တာ" အစရှိသော တရားစကားတော်သည် ဓမ္မစက္ကပဝတ္တနဖြစ်သည်၊ ပဝတ္တနပါဠိသည်လည်းဖြစ်စေ နေသည်၊ ဖြစ်စေပြီးပြီဟု ပစ္စုပ္ပန်နှင့်အတိတ်အချိန်ကို ဖော်ပြသည်အစွမ်းဖြင့် အနက်နှစ်မျိုးဖြစ်သည်။

(စ) စုဒိတကတ်၏ စိတ်ကူးပေါက်သလိုဆိုထားသည်မှာ မိမိ၏မွေးရာပါခန္ဓာ ကိုယ်အတုံးကြီးသည် ဓမ္မဖြစ်သတဲ့၊ တရားဟောသံ၊ ရေဒီယိုသီချင်းသံ၊ ရုပ်ရှင်၊ ယောက်ျား မိန်းမ၊ သား သမီး အစရှိကုန်သော ကာမဂုဏ်အာရုံ (ပညတ်) ပေါင်းစုံသည် စက္ကု (စက်ရဟတ်)ဖြစ်သတဲ့၊ ထိုကာမဂုဏ်အာရုံတွေ တခုပြီးတခု မရပ်မနားပြောင်းလဲဖြစ်ပေါ်နေတာ၊ လည်ပတ်နေတာသည် ပဝတ္တနဖြစ်သတဲ့၊ ဤမျှလွဲချော် မတော်မလျော်ဖြစ်နေသည်မှာ "နားလည်လွယ်အောင် သြဠာရိက ပရမတ်ခန္ဓာကို ယာယီတည်ကိန်းထား၍ ပရိယာယ်အားဖြင့် ပြောကြားထားပါ သည်" ဟု သောဓနာလ္ဘာ၊ ၁၀/၁ (က)တွင် စုဒိတကချေပထားသည်။ နားလည် လွယ်အောင်ဟူသောစကားမှာ မာယာပရိယာယ်တွင်ထားသည့် လွဲမှား လွန်း သော ပလီပလာစကားဖြစ်သည်။ နားလည်လွယ်လျှင် လိုရင်းကိစ္စပြီးသည်၊ လွဲမှားလျှင်လည်းအပြစ်မရှိဟု ယူစွဲထားသူ အဖျင်းအချာ ဝိပဿနာ သင်တန်း တရားဖြစ်ကြောင်းကို ထိုစကားကဖော်ပြနေသည်။ လွဲမှားစွာပြောကြားချက် ကြောင့် တရားနာသူတွေ အလွဲသိကြပြီး နိဗ္ဗာန်လမ်းပိတ်အပါယ်တံခါးပွင့်အောင် မတရားပြောသူ သာသနာဖျက်သူ မြတ်ဘုရားကို မမှန်စကားကို ဆဲသူအဖြစ်သို့ ရောက်နေသည်ကိုလည်း အလေးမထားသူ ဖြစ်သည်။ သာသနာတော်နှင့် သက် ဆိုင်သောအရာတို့၌လည်းကောင်း လူ့ယဉ်ကျေးမှုနှင့်သက်ဆိုင်သော အရာ တို့၌လည်းကောင်း သိလွယ်လျှင်ပြီးရော ဟူသော သဘောဆိုးဖြင့် အလွဲအမှားကို မပြောသင့်ချေ။

စုဒိတကသည် ရှိတရား-မရှိတရား (၀၊) ပရမတ်-ပညတ်ခွဲခြားတာဝိပဿနာ ဟု မဟုတ်မမှန်ပြောကာ မိမိ၏မွေးရာပါခန္ဓာကိုယ်တုံးကြီးသာပရမတ်ဟု အတ္တ ပရမတ်ကို ယာယီတည်ကိန်းပြုလျက် ဗုဒ္ဓသာသနာတော်ဆိုင်ရာ မြတ်ဘုရားနှင့် တကွအားလုံးကို သိမ်းကြုံးဖျက်ဆီးခဲ့သည်။ ပရိယာယ်ဟောချက်ကို အငြင်းပွားရ၍ သာသနာမှာအကျိုးမရှိပါဟု မဖွယ်မရာချေပသည်၊ သိလွယ်အောင်ဟု မမှန်သော အကြောင်းပြချက်ဖြင့် သာသနာတော်ဆိုင်ရာ အားလုံးကိုမတော်မလျော်ဖျက်ဆီး

http://www.dhammadownload.com

ပြီးမှ သာသနာမှာ အကျိုးမရှိပါဟု သာသနာကျိုးကို လိုလားသူယောင်ယောင် ကြောင်တောင်တောင်လုပ်သည်။ နောက်ဆက်တွဲ ကြီးကြီးကျယ်ကျယ်ပြောပုံမှာ အရိယာတို့၏လမ်းကြောင်း ဘယ်လိုနေရမလဲဟူသတည်း။

ဓမ္မနီတိ၏ အရိယာလမ်းကြောင်း

ငြင်းခုံချက်။ ၃။အရိယာတို့၏လမ်းကြောင်းမှာ ရပ်တည်ပုံကို ထွဲမှား စွာဟောခြင်း

စွဲဆိုချက်။ ။ဓမ္မနီတိပြောထားသည့် အရိယာလမ်းကြောင်းသည် မြတ်ဗုဒ္ဓ၏ ဓမ္မစကြာတရားတော်သည် ဖော်ပြသော လမ်းကြောင်းမှန် မဟုတ်ပါ။ ဓမ္မနီတိ စိတ်အလိုအရဖော်ပြသော လမ်းကြောင်းသာ ဖြစ်ပါသည်။ ဓမ္မနီတိနှင့် တပည့်များ အရိယာတွေဖြစ်ကုန်ကြ ပါပြီ။

ချေပချက်။ ။ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ ၁၂။နှာ (၂၃၃)နှင့်အညီ ရာဂဒေါသ စသော ကိလေသာရန်သူတို့ကို ပယ်သတ်နိုင်သောလက္ခဏာ၊ ပဟာရဏာစကြာကို အသုံးချခြင်းသာဖြစ်ပါသည်။

စိစစ်ချက်။ ၃။

(က) စုဒိတကဖော်ပြသော အရိယာတို့ရဲ့လမ်းကြောင်းမှာ "ကိုယ့်နေရာ ကိုယ့်ပရမတ်ပေါ်မှာ ရပ်တည်ပြီး မှန်မှန်ကန်ကန်နေသွားရင် ကျန်အာရုံတွေ အားလုံးကို သုံးလဲသုံးရတယ်၊ ကြည့်လဲကြည့်ရတယ်၊ ကြားလဲကြားရတယ်" ဟူသော (ဟောချက် (ဆ) မှတ်ကိုကြည့်) စုဒိတက၏ ဝိပဿနာနည်းမှာ မိမိမွေးရာပါခန္ဓာကိုယ်တုံးကြီးသာ ပရမတ်အရှိတရားဖြစ်၍ ကျန်အားလုံးမရှိ တရားပညတ်ဟု သိမှတ်ကာ မိမိခန္ဓာကိုယ်တုံးကြီးကို စောင့်ထိန်းရမည်၊ ကျန်တာ အားလုံးဟာ သုံးဖို့ပစ္စည်းတွေ၊ သုံးရုံသာဟူသဘောထားရမည်ဟူသော တကိုယ် ကောင်းဝါဒဖြစ်နေသည်။ ယင်းတကိုယ်ကောင်းဝါဒကို 'အတ္တဆန်သည်'ဟု ယခုခေတ်လူတွေလည်း ကဲ့ရဲ့ကြသည်၊ ယုတ်ညံ့ဖျင်းချာလွန်းသောကြောင့် လူအဖွဲ့အစည်းနှင့် မထိုက်တန်သော ဝါဒဆိုးအဖြစ် သတ်မှတ်ထားကြသည်။ လူ့လောကၦ တကိုယ်ကောင်းပြောသူလုပ်သူကို အကြောင်းသိလူတွေက အပေါင်းအသင်းမလုပ်ပဲ ဖယ်ကြဉ်ထားကြသည်။ ထိုတကိုယ်ကောင်းဝါဒသည် မြတ်ဗုဒ္ဓ၏ ဝါဒမှန်မဟုတ်ချေ။

http://www.dhammadownload.com

ဓမ္မနီတိ၏ ရပ်ပြစ်ရှစ်ပါး

ကုသိုလ်တွေ၊ အကုသိုလ်တွေ၊ အနိမ့်တွေ၊ အမြင့်တွေ၊ အဝေးတွေ၊ အနီးတွေ၊ အကြီးတွေ၊ အငယ်တွေ တကယ်ရှိတယ်လို့ ချုပ်ကိုင်ထားတဲ့လူ ဘယ်တော့မှ နိဗ္ဗာန်မရောက်ဘူး၊ ဘယ်တော့မှတရားမရဘူး၊ တရားသံကို တောင်မှ မကြားနိုင်တဲ့ ပစ္စန္တရစ် အရပ်ပဲ၊ ပစ္စန္တရစ်ဆိုတာ ရပ်ပြစ်ရှစ်ပါးထဲမှာ ပါတယ် (တိတ်ခွေ၊ ၄/ဘီ)

ဤမျှဖြင့် စုဒိတက၏ ဦးတည်ချက်အမှန်သည် သာသနာတော်ကိုဖျက်ရန် သာဖြစ်ကြောင်း ပေါ်ထွက်လေပြီဟု သိကြရာသည်။

အရိယာလမ်းကြောင်းမှန်

(ခ) အရိယာလမ်းကြောင်းမှန်သည် လောကုတ္တရ (လောကလွန်) မဂ်ဉာဏ်တို့ပေတည်း။

(၁) အရိယမဂ္ဂေါ လောကုတ္တရမဂ္ဂေါ (သံ၊ ၆၊ ၁/၃၄)။

(၂) အရိယမဂ္ဂေါတိ သောတာပတ္တိမဂ္ဂေါဒိနံ စတုန္နံအရိယာမဂ္ဂါနံ (မဟာနိပါ၊ ၇၁)

ဘာသာပြန်။

(၁) အရိယာတို့၏ လမ်းကြောင်းဟူသည် လောကုတ္တရ (လောကလွန်) လမ်းကြောင်းတည်း။

(၂) အရိယာတို့၏ လမ်းကြောင်းတို့ဟူသည် သောတာပတ္တိမဂ် အစရှိကုန်သော လေးပါးကုန်သော အရိယာလမ်းကြောင်းမှန်တို့၏ဟု ဆိုလိုသည်။ အချို့အနည်းငယ်သောနေရာ၌ လောကီဝိပဿနာနှင့် လောကုတ္တရာမဂ်တို့ကို အရိယာလမ်းကြောင်းမှန်ဟု ဆိုထားသည်။

(၃) အရိယမဂ္ဂေါတိ လောကိယလောကုတ္တရမဂ္ဂေါ (သံ၊ ၆၊ ၁/၃၄)။

(၄) အရိယမဂ္ဂံသမာနယီတိ ဗုဒ္ဓါဒီဟိ အရိယေဟိ ဂတမဂ္ဂံသမာနယီသမ္မ ဒေဝဥပနယိ (ထေရီ၊ ၆၊ ၅/၂၁၂)။

ဘာသာပြန်

(၃) အရိယာလမ်းကြောင်းဟူသည် လောကီဝိပဿနာမဂ်နှင့် လောကုတ္တရာမဂ်လေးပါးတည်း။

http://www.dhammadownload.com

(၄) **အရိယာတို့၏ လမ်းကြောင်းသို့ ကောင်းစွာဆောင်ပြီဟူသည် ဘုရား အစရှိကုန်သော အရိယာစစ်စစ်တို့သည် သွားအပ်ခဲ့ပြီးသော လမ်းကြောင်းသို့ ကောင်းစွာသာလျှင် စိတ်တွင်စွဲကပ်ဆောင်ပို့လက်ပြီ။**

အထူးမှတ်ရန်။ ။ဝိပဿနာသက်သက်ကို အရိယာတို့လမ်းကြောင်းဟု ဆိုသော ကျမ်းဂန်စကားကို မတွေ့ဘူးသေးချေ။

(ဂ) ယင်းသို့မြတ်ဗုဒ္ဓ၏ ရုပ်နာမ်ရှုဝိပဿနာနည်းမှန်တော်ကိုပင် အရိယာတို့၏ လမ်းကြောင်းမှန်ဟု ပြဆိုထားသော ကျမ်းဂန်စကားမရှိ၊ ဓမ္မသဘာဝကိုတည်ကိန်းပြုကာ ပရမတ်-ပညတ်ခွဲခြားသည့် မြတ်ဗုဒ္ဓညွှန်လုပ်ငန်းမှန်သည်ပင် ဝိပဿနာလမ်းစဉ်မှန်မဟုတ်သေး။ ဝိပဿနာလမ်းစဉ်မှန်သို့ရောက်ဖို့ဝေးနေသေးသည်ဖြစ်ရာ ဗုဒ္ဓဘာသာဆိုင်ရာမဟုတ်ကုန်သော အတ္တဝါဒကျမ်းစာတို့မှ ယူ၍ စုဒိတက၏ပရမတ်-ပညတ်ခွဲပုံလွဲမှိုင်းစုံသည် မြတ်ဗုဒ္ဓဝါဒဝိပဿနာဝါဒလမ်းကြောင်းမှန်သို့ ဘယ်တော့မျှ ဘယ်နည်းနှင့်မျှ ဘယ်လိုဖာထေးလို့မျှရောက်မည်မဟုတ်ပေ။ လောကုတ္တရအရိယာလမ်းကြောင်းမှန်သို့ ရောက်ဖို့မျှော်လင့်နေလျှင် သဗျက်သီးချဉ်သည်ဟူသော စကားမျိုးဖြင့် အဆုံးသတ်ရမည်ဧကန်ပင်တည်း။ ယင်းသို့အရိယာတို့ရဲ့လမ်းကြောင်း ဘယ်လိုနေရမလဲအစရှိသော စကားတို့ဖြင့် စုဒိတကသည် မိမိကို လူတွေအထင်ကြီးအောင် မဂ်ဖိုလ်နှင့် စပ်သောစကားတို့ဖြင့် ဝါကြွားပလွှားလိမ်ညာပြောသည်မည်၏။ ရဟန်းတော်များမပြောအပ်သော စကားမျိုးကို ပြောသည်မည်၏။ ပါရာဇိက (ခေါ်) သေဒဏ်နှင့် နီးစပ်လှသည်။

ငြင်းခုန်ချက်။ ၄။ အယုတ်တရားနှစ်ပါးအမိပွါယ်ကိုလွဲမှားစွာဟောခြင်းစွဲဆိုချက်။ ။ဓမ္မနီတိ၏ ကာမသုခလွှိကာနုယောဂကို ဘာသာပြန်ချက်သည်သာ သာသနာတော်၌ အသုံးပြုသော အနက်မဟုတ်ပါ။ လိုရာ ဆွဲထားသည့် အလွဲအနက်သာ ဖြစ်ပါသည်။ အတ္တကိလမထာနုယောဂ အနက်သည်လည်း သာသနာတော်၏ အခြေခံဖြစ်ကုန်သော ဒါန သီလ ဘာဝနာစသော တရား ကောင်းတို့ကို အမြစ်ဖြုတ်ပယ်ဖြုတ်ရန် ရည်သန်ထားခြင်း သာ ဖြစ်ပါသည်။ သာသနာတော်၌ ပုတီးစိပ် ဘုရားရှိခိုး၊ သီလစောင့်၊ ဘာဝနာပွား၊ တရားအားထုတ်လျှင် အတ္တကိလမထာနုယောဂ ဥစ္ဆေဒဒိဋ္ဌိ လူယုတ်မာတွေ ဖြစ်သည်ဟူ၍ ဟောပြောပါသည်။

http://www.dhammadownload.com

ပေါ့ပချက်။ ။ ကာမသုခလွှဲ-ကာနုယောဂပုဒ်ကို ဘာသာပြန်ရာတွင် ကျမ်းဂန်နှင့်အညီသာဖြစ်ပါသည်၊ ဆရာတော်ကြီး ဦးဗုဒ်မူနှင့်လည်း အဓိပ္ပါယ်မဆန့်ကျင်ပါ။ တကယ်မရှိသော ပညတ် အာရုံ ကာမဂုဏ်တို့၌ (၀ါ) ၃၁-ဘုံ အာရုံတို့၌ ကိလေသာ ရာဂဖြင့် ချမ်းသာကို ရှာကြံနေကြသူတို့၏အမှားကို ထုတ်ဖော်ပြခြင်းသာ လိုရင်းဖြစ်ပါသည်။ အတ္တကိလမထာ-နုယောဂ အခန်းတွင် ဒါန၊ သီလ၊ ဘာဝနာစသော တရားတို့ကို အမြစ်ဖြုတ် ပယ်ဖြုတ်ရန် ရည်သန်ခြင်း လုံးဝမရှိပါ၊ တကယ်မရှိသော အာရုံ ကာမဂုဏ်တွေကို အရှိထားရ၍ ပယ်ဖြတ်နေခြင်းကိုသာ ဤအခန်း၌ လိုအပ်ပါသည် (အကျယ်ကို သောခနာလ္ဘာတွင် ကြည့်)။

စိစစ်ချက်။ ၄ ။

(က) ကာမသုခလွှဲကာနုယောဂပုဒ်ကို ဆရာတော်ကြီး ဦးဗုဒ်မူ၏ ဘာသာပြန်သည် (ပဋိသံ၊ ၆၊၂ ၂၁၅၊ သံ၊ ဋီ ၂ ၅၄၀၊ သာရတ္ထ၊ ၃။ ၁၆၉-နှာ။) ပိဋကကျမ်းဂန်တို့နှင့် ညီသည်ဟု သိမှတ်ထားကြရာသည်။ ထိုဘာသာ ပြန်စကားကို လိုရင်းချုပ်ပေါ်အောင် ချုပ်လိုက်လျှင် "ကိလေသာစိတ်ဖြင့် ကာမဂုဏ်ခံစားခြင်း (၀ါ) ကာမဂုဏ်ခံစားမှု"ဟု ဆိုရမည် စုဒိတက၏ ဘာသာပြန်စကားကို "လှုပ်ရှားနေတဲ့ အလုပ်သမား"ဟု ဆိုရမည်။ ထို ဘာသာပြန်ကို ပဗ္ဗဇိတေန----နသေဝိတဗ္ဗာ-ရဟန်းသည်------မမှီဝဲအပ် (၀ါ) မလုပ်ရဟူသော ကတ္တားပုဒ်------ကြိယာပုဒ်တို့နှင့် ဆက်တွဲလိုက်လျှင် ဆရာတော်ကြီးဦးဗုဒ်၏ ဘာသာပြန်စကားသည် "ရဟန်းသည် ကိလေသာ စိတ်ဖြင့် ကာမဂုဏ်ခံစားခြင်း (၀ါ) ကာမဂုဏ်ခံစားမှုကို မလုပ်ရ" စကား အပြည့်အစုံဖြစ်လာသည်။ စုဒိတက၏ ဘာသာပြန်စကားသည်လည်း "ရဟန်း သည် လှုပ်ရှားနေတဲ့ အလုပ်သမားကို မလုပ်ရ"ဟု စကားအပြည့်အစုံ ဖြစ်လာ သည်။ ထိုစကား အပြည့်အစုံ ၀ါကျနှစ်ရပ်ကို ယှဉ်စပ်ဖတ်ကြည့်လျှင် ဆရာတော် ဦးဗုဒ်၏ ဘာသာပြန်စကား မှန်သည်ဟူ၍ အထက်တန်းမြန်မာစာ ကို ကောင်းစွာတတ်သူတိုင်းက ထောက်ခံကြပေသည်။ ဆို့ကြောင့် စုဒိတက၏ ဘာသာပြန်စကားသည် ဓမ္မသဘာ၀မှန်နှင့်ကျမ်းဂန် ယင်းနှစ်တန်းလုံးနှင့် မညီ မလျော် မမှန်သည်မှာ ထင်ရှားပြီ။

http://www.dhammadownload.com

(ခ) စုဒိတကသည် (၁) အတ္တဒိဋ္ဌိဝါဒစွဲ ရှိသူတို့၏ ပရမတ်-ပညတ် ခွဲနည်းကို အလွန်နှစ်နှစ်ချိုက်ချိုက် စူးစူးစိုက်စိုက်စွဲယူ၍ မိမိခန္ဓာကိုယ် အတုံးကြီး ဟူသော ပကတိနှင့် အတ္တသာလျှင် တကယ်ရှိပရမတ်ဟု အလွဲသတ်မှတ်သည်။ (၂) မျက်မှောက်ထင်ရှားရှိနေသော ကာမဂုဏ်ငါးပါးတို့ကို တကယ်မရှိဟု အလွဲသတ်မှတ်သည်။ (၃) ထိုကာမဂုဏ်ငါးပါးကို တကယ်ရှိတယ်ဟု ယူစွဲ လိုက်စားလျှင် ကာမသုခလွန်ကာနုယောဂဖြစ်သည်၊ သဿတဒိဋ္ဌိ ကပ်မှား ဖြစ်သည်ဟု မြတ်ဗုဒ္ဓဟောသည်ဟူ၍ ဆိုသည်။ နံပါတ် (၁) (၂) မှားချက်တို့ကို စိစစ်ခဲ့ပြီးပြီ။ နံပါတ် (၃)တွင် ထိုကာမဂုဏ်ငါးပါးကို တကယ်ရှိတယ်ဟု ယူစွဲ လိုက်စားလျှင် ကာမသုခလွန်ကာနုယောဂ ဖြစ်သည်ဟု ဆိုချက်သည် ထိုကာမ ဂုဏ် ငါးပါးကို တကယ်မရှိဟု ယူစွဲလိုက်စားလျှင် ကာမသုခလွန်ကာနုယောဂ ဖြစ်သည်ဟု အဓိပ္ပါယ်ထွက်သည့် စကားဖြစ်နေသည်။ ယင်းသို့ဖြစ်သော် ကာမဂုဏ်ငါးပါး ခံစားခြင်းကြောင့် အပြစ်မရှိ။ ကာမဂုဏ်ငါးပါး တကယ်ရှိ တယ်ဟု ယူစွဲသောကြောင့်သာ အပြစ်ရှိသည်၊ ကာမဂုဏ်ငါးပါး တကယ်မရှိ ဟု ယူစွဲကာ ခံစားလျှင် အပြစ်မရှိ၊ ကာမသုခလွန်ကာနုယောဂမဖြစ်၊ သဿတ ဒိဋ္ဌကပ်မှား ပြတ်သွားတော့သည်ဟု စုဒိတက၏ ဆိုလိုရင်း ပေါ်ထွက်လာသည်။ မိမိမွေးရာပါ ခန္ဓာကိုယ်အတုံးကြီးသာလျှင် တကယ်ရှိသည်၊ မိန်းမ၏ခန္ဓာကိုယ် သည် တကယ်မရှိ၊ ပညတ်၊ သုံးရုံမျှဟုယူစွဲလျှင် ရဟန်းသည်လည်း မယားယူ နိုင်ခွင့်ရှိသည်၊ အပြစ်လုံးဝမရှိဟု စုဒိတက၏ လိုရင်းချုပ် ပြောဆိုချက် သည်လည်း အထင်းသား အရှင်းသား ပေါ်ထွက်လာတော့သည်။ စုဒိတက သည် ထိုအတိုင်း ယူစွဲပြုလုပ်နေသလားဟု စဉ်းစားစရာပင်တည်း။ "ရဟန်းတွေ မိန်းမ လိုက်စားလျှင် မဂ်ဖိုလ်နိဗ္ဗာန်၏ အန္တရာယ်မဖြစ်"ဟူ၍ မြတ်ဗုဒ္ဓ ဟောတော် မူသည်ဟု ပြောခြင်းကြောင့် မြတ်ဗုဒ္ဓကိုယ်တော်တိုင် သာသနာတော်မှ နှင်ထုတ် လိုက်သော အရိဋ္ဌရဟန်း-ကဏ္ဏကသာမဏေတို့နှင့် စုဒိတကသည် ဘာမျှမခြား ဘဲ တသားတည်းထပ်တူ ဖြစ်နေကြလေပြီ။ စုဒိတက၏ဝါဒသည် အရည်းကြီး ဝါဒဆိုးဖြစ်ကြောင်း မငြင်းနိုင်အောင် ပေါ်လာပြန်လေပြီ။

ကာမသုခလွန်ကာနုယောဂပုဒ်၏ အဓိပ္ပါယ်မှာ စောဒကများတင်ပြထား သော ဆရာတော်ကြီး ဦးဗုဒ်၏ ပိဋကကျမ်းဂန်တို့နှင့် ညီညွတ်သည့်အနက် ဖြင့်ပင် ထင်ရှားပေါ်လွင်ပြီးဖြစ်သောကြောင့် စိစစ်ပြဖို့ မလိုအပ်ပြီ။

(ဂ) ပုတီးစိပ်၊ ဘုရားရှိခိုး၊ သီလစောင့်မှုစသော ကုသိုလ်ပြု သူတွေ ဟာ တကယ်မရှိတဲ့ ကာမဂုဏ်တွေကို တကယ်ရှိတယ်ဟု အလွဲယူစွဲကာ

http://www.dhammadownload.com

ဖြတ်တာကြောင့် ဥဒ္ဓေဒဒိဋ္ဌိ ဖြတ်မှားဟူ၍ စုဒိတကသည် အတ္တကိလမထာနုယောဂ အဓိပ္ပါယ်ကိုလည်း အလွဲအမှား ဖော်ပြထားသည်။ ယင်းအယူသည်သာ ဘုရားဟောဝါဒ အမှန်ဟု မြတ်ဗုဒ္ဓကို မတရားဆဲရေးပြန်သည်။ ထို့ကြောင့် စုဒိတကသည် သာသနာဖျက်သူဟု သတ်မှတ်၍ သာသနာတော်မှ နှင်ထုတ်ထိုက်သော အပြစ်ကြီးကို စိတ်ပါလက်ပါ တကယ်ကျူးလွန်ခဲ့သူဖြစ်ကြောင်း အလွန်ထင်ရှားသည်။ အဓိပ္ပါယ်မှန်ကို စောဒကတို့က ကျမ်းဂန်သာဓကနှင့် တကွ အကျယ်ဖော်ပြထားပြီးဖြစ်သောကြောင့် ပြည့်စုံလုံလောက်ပေပြီ။

စိစစ်ပြီးခဲ့ပြီးအကြောင်းတို့ကြောင့် ဓမ္မစကြာတရားတော်နှင့် ပတ်သက်၍ စုဒိတက၏ ဟောပြောချက်များသည် မြတ်ဗုဒ္ဓသာသနာတော်ကို အရင်းအမြစ်မှစ၍ ဖျက်ဆီးသော အလွဲအမှား ဟောပြောချက်များသာလျှင် ဖြစ်ကြသည်။ စုဒိတကသည်လည်း သာသနာတော်ကို ယင်းသို့ ဖျက်သူဖြစ်သောကြောင့် သာသနာတော်မှ နှင်ထုတ်ထိုက်သူဖြစ်သည်ဟု ရုံးတော်က သုံးသပ်သည်။

စောဒနာအမှတ် (၁၁)သုံးသပ်ချက်

ဘုရားနှင့် ရည်တူမိမိကိုယ်ကို ပုံတူပြုဟောပြောမှုတို့ကို မပြုသင့်ကြောင်း အဆုံးအမပေးပါရန် စောဒကတို့က လျှောက်ထားကြသည်။

ဤအမှတ်-၁၁-စောဒနာတွင် အောက်ပါငြင်းချက်များ ပေါ်ထွက်သည်။

အငြင်းပွားချက်။ ဓမ္မနီတိသည်

(၁) မိမိကိုယ်ကိုဘုရားရှင်တို့နှင့် တန်းတူရည်တူပြုပါသည်။

(၂) မိမိကိုယ်တိုင်ဗုဒ္ဓ (သစ္စာလေးမျိုးသိအောင် လမ်းညွှန်သူ) ဖြစ်သည်ဟုပြောပါသည်။

(၃) မိမိကိုယ်တိုင်အသိဉာဏ်ဝိဇ္ဇာတန်ခိုး ရရှိထားသူ အဖြစ်ကို ပြောပါသည်။

ထူးခြားချက်။

စုဒိတကသည် ယခင်စောဒနာများတွင် လိုရင်းချုပ်စောဒနာများကို ထုတ်၍သောဓနာ(ချေပ)မှုကို ပြုခဲ့မြဲဖြစ်သည်။ ဤစောဒနာအမှတ်(၁၁)၌

http://www.dhammadownload.com

လိုရင်းချုပ်စောဒနာများကိုမထုတ်တော့ဘဲ ။။သပ္ပုရိသဆိုသော စကားတလုံးကို သာ အဓိကထား၍ စွဲဆိုထားကြပါသည်ဟု လုံးပေါင်းဖော်ပြ သောဓနာ (ချေပ) ထားသည်၊ ဤစောဒနာအမှတ်၊ ၁၁/၈ (ည)မှတ်ပြ ဟောပြော ချက်နှင့်ပတ်သက်၍ ဖြေရှင်းရန်တကယ်အမှန်လိုအပ်ပါလျက် အရေးမကြီးသည့် ဟန်ပြုကာ ရှောင်တိမ်းခဲ့သည်။ ယင်းသို့ပင်ထူးခြားသော်လည်း (၁)စုဒိတက၏ ဟောချက်များ၊ (၂)စောဒကတို့၏စွဲဆိုချက်များ (၃)စုဒိတက၏ ချေပချက်များကို နှိုင်းယှဉ် စိစစ်မည်သာ ဖြစ်သည်။

ငြင်းခုံချက်။ ၁။

ဓမ္မနီတိသည် မိမိကိုယ်ကို ဘုရားရှင်တို့နှင့် တန်းတူရည်တူ ပြုပါသည်။

စွဲဆိုချက်။ ဓမ္မနီတိသည်(ခ)အမှတ်ပြဟောချက်ဖြင့် ။။ထိုသို့ဘုရားရှင်တို့ရဲ့ ကိုယ်စားဟူ၍ တန်းတူရည်တူအခွင့်အရေးကို ယူလိုက်ပါသည်။ (၁၁/၄) ဘုရားရှင်တို့သည် ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးသည့် နောက်ကာလအတွက် မည်သူကိုမျှ ကိုယ်စားတော်မထားခဲ့ကြပါ။ (၁၁/၃) ကိုယ်စားဟူသည် အသက်ထင်ရှားရှိကြ သူတို့ကိုယ်တိုင် မိမိကိုယ်စားဆောင်ရွက်ပါရန် အခွင့်အရေး ပေးမှုဖြစ်ရသည်ဟု တပည့်တော်များ ဉာဏ်အမြင်ရှိကြပါသည်။ (၁၁/၃) လောကုတ္တရာ ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသော သပ္ပုရိသဘွဲ့ထူးကို မိမိကိုယ်တိုင် ဆွတ်ခူးယူလိုက်ပါသည် (၁၁/၅) (အကျယ်ကို စောဒနာလွှာ တွင်ကြည့်)။

ချေပချက်။ အမှတ်-၁၁-စောဒနာတခုလုံးတွင် အဓိကအားဖြင့် သပ္ပုရိသ ဆိုသော စကားတစ်လုံးကိုသာ အဓိကထား၍ စွဲဆိုသွားကြပါသည်။ ဓမ္မကို အလိုရှိသူကို မှုချရှာရပါမည်။ ထေရာပဒါန် ပါဠိတော်လာ သပ္ပုရိသဆရာကိုသာ အဓိထားပြောကြားခြင်း ဖြစ်ပါသည်။ သတ္တာ နှင့် သပ္ပုရိသ ပါဠိတို့မှာ အမှန်တရားကို အလိုရှိသူတိုင်း ပဓာနကျ သော မတွေ့တွေ့အောင်ရှာဖွေ ဆည်းကပ်ရမည့် မဏ္ဍိုင်ကို ခိုင်မာစွာပြထားသော စကားများဖြစ်ပါသည်။ ထိုသို့ဘုရားရှင်တို့၏ ဝဋ်ဒုက္ခအပေါင်းမှ ကယ်တင်လိုသော အဓိကပန်းတိုင်ကို မပျောက်

http://www.dhammadownload.com

စေရန် ရည်သန်မှု အရင်းခံ၍ မိမိစွမ်းအား ရှိသမျှဟောခဲ့ပါသည်။ (ဝတ္ထိဋ္ဌာနုပုဗ္ဗိကာ) ပြောသူ၏ အလိုသာ လိုရင်းဖြစ်သောကြောင့် နားထောင်သူ၏ အလိုသည် လုံးဝ တရားဝင်မည် မဟုတ်ပါ။ (အကျယ်ကို သောဓနာလ္ပာတွင်ကြည့်)

စီစစ်ချက်။ ၁။

(က) နိဗ္ဗာန်ရလိုသူ ပုထုဇဉ်သည် သပ္ပုရိသဆရာကို ဇကန်ရှာရမည်ဟု ထေရာပဒါန်ပါဠိတော်၌ မိန့်တော်မူထားသည်၊ မိမိ (စုဒိတက)သည် သပ္ပုရိသ ဆရာဖြစ်သည်။ ထိုထိုဘုရားရှင်တို့ရဲ့ကိုယ်စား တရားသင်တန်းပေးနေသူ ဖြစ်သည်ဟူသော စုဒိတက၏ ဟောချက်များကို အကြောင်းရင်းပြုလျက် ဤစောဒနာချက်များ ပေါ်ထွက်လာသည်။

နိဗ္ဗာန်ရလိုသူ ပုထုဇဉ်အားလုံးသည် သောတာပန်ဖြစ်အောင် ကြိုးစားရမည်။ သောတာပန်ဖြစ်လိုသူတိုင်းသည် သောတာပန်ဖြစ်ကြောင်း အဂ်ါလေးရပ်နှင့် ညီအောင်အားထုတ်ရမည်။ ထိုအဂ်ါလေးရပ်တွင် သပ္ပုရိသဆရာကို ရှေးဦးစွာ ဇကန်ရှာရမည်ဟူသော စုဒိတက၏ဆိုချက်ကို ရုံးတော်က ကျေနပ်နှစ်သက်သည်။

သောတာပန်ဖြစ်ကြောင်းတရား

စတ္တာရိ သောတာပတ္တိယင်္ဂါနိ (၁) သပ္ပုရိသသံသေဝေါ၊ (၂)သဒ္ဓမ္မသဝနံ (၃) ယောနိသောမနသိကာရော၊ (၄)ဓမ္မာနုဓမ္မပဋိပတ္တိ။

(ဒီ၊ ၃/၁၉၀။ ပဋိသं၊ ပါ။ ၃၇၀)

ဘာသာပြန်

သောတာပန်ဖြစ်ကြောင်းအဂ်ါလေးဖြာတို့ကား-

(၁) သပ္ပုရိသဆရာကို ဆည်းကပ်ခြင်း၊

(၂) ဝိဒူရကတော်လာမိမိနှင့်သင့်လျော်သောတရားတော်ကို နာကြားသင်ယူခြင်း၊

(၃) နည်းလမ်းမှန်စွာ နှလုံးသွင်းခြင်း၊

(၄) လောကုတ္တရာတရားနှင့် လျော်စွာ ရှေးဦးဝိပဿနာကို ကျင့်ခြင်း၊

http://www.dhammadownload.com

သပ္ပုရိသဆရာ

သပ္ပုရိသဆရာကို ဆည်းကပ်ခြင်းဟူသော စကား၌ သပ္ပုရိသဆရာဟူသည် သဗ္ဗညူဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓ အရိယာသာဝကတို့ဟူ၍ ဆရာသုံးမျိုးကို ကျမ်းဂန်တို့၌ ဖော်ပြထားသည်။

(၁) သပ္ပုရိသသံ သေဝေါတိ ဗုဒ္ဓါဒီနံ သပ္ပုရိသာနံ ဥပသက်မိတ္တာ သေဝနံ။
(ဒီ၊ ဋ၊ ၃/ ၂၀၃)

(၂) သပ္ပုရိသာတိဇ္ဇာပန ပစ္စေကဗုဒ္ဓါ တထာဂတသာဝကာစ သပ္ပုရိသာတိ ဝေဒိတဗ္ဗာ (ပဋိသံ၊ ဋ၊ ၂/၅၁)

(၃) သန္တကာယသမ္မာဒိတာယသန္တဝမ္မသမန္နာဂမတော, သန္တဝမ္မပဝေဒနတော စ သန္တော ပုရိသာတိသပ္ပုရိသာ။ တတ္ထ ယေသံ ဝသေန စတုသစ္စသမ္ဗုဒ္ဓေ ဝေဓာဝဟံ သဒ္ဓမ္မသဝနံ လဗ္ဘတိ၊ တေဒေဝသေန္တော "ဗုဒ္ဓါဒီနံ သပ္ပုရိသာန" န္တိ အာဟ။ (ဒီ၊ ဋီ၊ ၃/ ၂၃၆)

ဘာသာပြန်

(၁) သပ္ပုရိသသံသေဝဟူသည် ဘုရားအစရှိကုန်သော သူတော်စင်တို့ကို ချဉ်းကပ်၍ မှီဝဲခြင်းတည်း။

(၂) သပ္ပုရိသဟူသောစကား၌ ဘုရား, ပစ္စေကဗုဒ္ဓ, ဘုရားရှင်တို့ကို သပ္ပုရိသဟူ၍ သိမှတ်အပ်ကုန်၏။

(၃) ကိလေသာတွေ့ငြိမ်းအေးပြီးသောကာယက် စသည်ရှိသည် အဖြစ်ဖြင့် ကိလေသာတွေ့ငြိမ်းအေးပြီးသော လောကလွန် တရားနှင့်ပြည့်စုံသောကြောင့် လည်းကောင်း၊ ကိလေသာတွေ့ငြိမ်းအေးအောင် လောကလွန်တရားကို ဟောညွှန်နိုင်သောကြောင့်လည်းကောင်း၊ ကိလေသာတွေ့ငြိမ်းအေးကုန်ပြီးသော ယောက်ျားတို့သည် သပ္ပုရိသမည်ကုန်၏။ ထိုစကား၌သစ္စာလေးတန်ကို မှန်ကန်စွာသိမြင်အောင်စွမ်းဆောင်နိုင်သော တရားကို ဟောပြညွှန်ကြားနိုင်ကုန်သော သူတို့ကိုသာလျှင် ဖော်ပြလိုသော အဋ္ဌကထာဆရာသည် ဗုဒ္ဓါဒီနံ သပ္ပုရိသာနံဟု ဆိုတော်မူသည်။

ယင်းသို့ဆိုထားသော ကျမ်းဂန်စကားတို့သည် ဥက္ကဋ္ဌနည်း (တန်းမြင့်သူတို့ကို ဖော်ပြသည့်နည်း)ဖြင့် ဆိုထားသောကြောင့်လည်းကောင်း၊ "သန္တဝမ္မပ

http://www.dhammadownload.com

ဝေဒနတော၊ ယေသံဝသေန စတုသစ္စိပဋိဝေဓာဝဟံ သဒ္ဓမ္မဿဝနံ လဗ္ဘတိ" ပါဠိတို့ကိုထောက်၍ လည်းကောင်း၊ ဆရာကိုယ်တိုင်ကိလေသာမငြိမ်းသေးသော် လည်း ကိလေသာငြိမ်းအေးအောင် ဟောပြနိုင်စွမ်းရှိသူ ပညာရှင်ကိုလည်း ကမ္မဋ္ဌာန်းဆရာဟူ၍ သိမှတ်ခွင့်ရှိသူဟု ဆိုရပေမည်။ (ဘောန္တော သပ္ပုရိသ အပေါင်း သူတော်ကောင်းတို့)ဟု နိဗ္ဗာန်ဆော်လုပ်ငန်းတွင် အသုံးချနေသော စကားဖြစ်၍ ရေးကြီးခွင်ကျယ် လုပ်နေရန်မလိုပါဟု စုဒိတကချေပချက်သည် အရပ်သားပညာမဲ့တို့၏ စကားကိုအလေး အမြတ်ထားသောကြောင့် ရှက်ဖွယ် လိလိသာ ဖြစ်တော့သည်။ဘောန္တော၊ အိုကြက်သူဦးတို့ဟူ၍ အော်ဟစ်ကြသော နိဗ္ဗာန်ဆော်တွေလည်း ရှိကြသေးသည်ကို သတိပြုရသည်။ ဘောန္တော-သပ္ပုရိသနှယ်ဝင် သူတော်စင်အပေါင်းတို့ ဟူ၍ဆိုရန် နိဗ္ဗာန်ဆော်တွေကို ပြုပြင်ညွှန်ကြားပါလေ။

စုဒိတကဟောချက် (ဃ) မှတ်ပြတွင် "သ-ထင်ရှားရှိသော၊ ပုရိသ-ဘဝ အာမခံချက်ပေးနိုင်သူကို သပ္ပုရိသလို့ခေါ်တယ်"ဟု အဓိပ္ပာယ်ရှင်းပြထားသည်။ ထိုရှင်းပြချက်တွင် သ-ထင်ရှားရှိသောဟု ဆိုထားသောကြောင့် သက်တော်ထင်ရှားမရှိကြတော့သော သဗ္ဗညူမြတ်ဘုရားနှင့် တပည့်များကို ဖယ်ရှားပြီးဖြစ်နေသည်။ စုဒိတကဟောချက် (၈)တွင် "ယောဂိတို့ကိုယ်တိုင် ဒီသံသရာဝဋ္ဋဆင်းရဲကလွတ်ချင်လို့လာတာ၊ လွတ်ရစေ့မယ်လို့ အာမခံချက်ပေးလိုက်မယ်"ဟု ဆိုထားသောကြောင့် သပ္ပုရိသဆရာဟူသည် ဓမ္မနီတိအမည်ခံ ဦးပညာဝံသ (ယခုရုံးတော် ၌ စုဒိတက)ကို ညွှန်ပြလိုကြောင်း ပေါ်လွင်သည်။ စုဒိတကဟောချက် (စ) မှတ်ပြတွင် "တကယ်မီးကို တကယ်သေဘို့ရန်က တကယ့်သပ္ပုရိသဆရာနဲ့ အလုပ်လုပ်မှရတယ်။ ဒါကြောင့် ငါးရက်လောက် ဒီတရား သင်တန်းကလေးကို တက်ရောက်ဘို့နော်"ဟု ဆိုထားသောကြောင့် ဓမ္မနီတိသည် "တကယ့်သပ္ပုရိသ" ဖြစ်သည်ဟု ထပ်ဆင့်တိုးမြှင့် အတည်ပြုလိုက်သည်။ ထိုစကားတို့၌ ဝိဏ္ဏာတ္ထ (စုပေါင်း) အဓိပ္ပာယ်မှာ သင်တန်းဆရာ ဂါဓမ္မနီတိသည် တကယ့်သပ္ပုရိသ ဆရာဖြစ်သည်၊ ၁၅-ရက်၊ နာရီ-၃၀ ပြည့်လို့မှ နိဗ္ဗာန်မရသေးလျှင် ဂါ့ကို သတ်ပြစ်ပါ" ဟူ၍ ဘဝအာမခံချက်ပေးထားသူဖြစ်သည်ဟု စုဒိတကဆိုလိုရင်းဖြစ်သည်။ ယင်းသို့ဆိုခြင်းကြောင့် စုဒိတကသည် ဘုရားရှင်တို့နှင့် တန်းတူရည်တူပြုသည်ဟု စွပ်စွဲပြစ်မရောက်နိုင်ပေ။ ဂဂ်ါဝါဠုသဲစုမျှမက ပွင့်ထွန်းတော်မူပြီးကုန်သော ဘုရားရှင်များနှင့်တကွ တပည့်အပေါင်းတို့သည် "ဂါ့တရားကို နာကြားကျင့်ကြံ

http://www.dhammadownload.com

လို့မှ သင်တို့နိဗ္ဗာန်မရကြလျှင် ငါ့ကိုသတ်ပြစ်ပါ"ဟု ဘဝအာမခံချက်ပေးတော်မူကြဘူးသည်ဟူ၍ မှတ်တမ်းမရှိပါချေ။ ထို့ကြောင့် စုဒိတကသည် ထိုထိုဘုရားရှင်တို့ထက် အရည်အသွေးသာလွန်သော တကယ့်သမ္ဗုဒ္ဓရိသဆရာ ဖြစ်ပါသည်ဟူ၍ စုဒိတကကိုယ်တိုင်က ပြောထားသည်ဟုသာ သိမှတ်ကြရာသည်။

"ထိုထိုဘုရားရှင်တို့၏ကိုယ်စား "ဟူသောစကားဖြင့် ဘုရားရှင်များနှင့် တန်းတူရည်တူ အခွင့်အရေးကို စုဒိတကယူလိုက်ပါသည် အစရှိသော စောဒကတို့၏ စွဲဆိုချက်တို့ကို (ဝတ္ထိစ္ဆာနုပုဗ္ဗိကာ) ပြောသူ၏ အလိုသာအရင်းခံဖြစ်သောကြောင့် ပြောသူ၏ဆိုလိုရင်း အဓိပ္ပာယ်ကိုသာ သိမှတ်စေလိုပါသည်--ပ--နားထောင်သူ၏ အလိုသည် လုံးဝတရားဝင်မည်မဟုတ်ပါ" ဟူ၍ စုဒိတကချေပထားသည်။ စကားပြောရာ၌ ဝတ္ထိစ္ဆာနုပုဗ္ဗိကာ-ပြောသူ၏အလိုသည်သာ ရှေ့သွား ဦးဆောင်အရင်းခံဖြစ်သည်မှန်သော်လည်း ဣဿာ စ ယထာတန္တိ-ပြောသူ၏အလိုသည်လည်း ပညာရှင်များ သတ်မှတ်ထားသော စည်းမျဉ်းနှင့်ညီရမည်ဟု (ဗာလာဝတာရကျမ်း၊ သမာသကဏ္ဍ)၌ စည်းမျဉ်းဘောင်ကို သတ်မှတ်ဆိုထားသောကြောင့် နားလည်လွယ်အောင် စသော မဖွယ်မရာ အကြောင်းပြချက်မျိုးကို အားကိုးတစ်ခုပြု၍ ပြောချင်သလို ပြောဆိုသည်ကို ပညာရှင်အားလုံးက လက်မခံကြဟု အထူးလေးစား သတိမြဲစွာထားရာသည်။ ပြောသူ၏စိတ်အလိုလို စကားတို့ဖြင့်သာ ဖော်ပြထားသောကြောင့်လည်း ပြောထားသော စကားလုံးတို့၏ အဓိပ္ပာယ်ကိုသာ ပဓာနထား၍ စဉ်းစားဝေဘန် ဆုံးဖြတ်ကြရသည်မှာ လောက၏ သဘာဝမှန်ဖြစ်သည်။

အတ္ထပကရဏာလိဂီ၊ ဩစိတျာကာလ ဒေသတော။
သဒ္ဒတ္ထာ ဝိဘဇိယန္တိ၊ နဿ ဿဒ္ဒါယေ ကေဝလံ။
(သဒ္ဒသာရတ္ထဇာလိနီ)

အစရှိသည်ဖြင့် ပညာရှင်များ မိန့်မှာစကားတို့သည် ပြောသူ-နားထောင်သူ နှစ်ဦးလုံးနှင့် သက်ဆိုင်သည်ဟု သိမှတ်သတိကပ်၍ ပြောရပေမည်။ "လက်ကြောင့်ကျေ၊ နှုတ်ကြောင့်သေ။ "ကြမ်းပေါက်ကွဲသော် နှုတ်လို့ရသေး၏၊ စကားကွဲသော် နှုတ်လို့မရပြီ" ဟူသော ရှေးပညာရှင်တို့၏ စကားပုံတို့ကိုလည်း အထူးသတိပြုလိုက်နာပြီးလျှင် မပြောတတ်က မပြောပဲ နေခြင်းသည် အကောင်းဆုံးဖြစ်သည်။ ပြောပြီးမှ ဒီလိုရည်ရွယ်ပြောတာမဟုတ်ပါ၊ ပြောသူ၏ စိတ်အလို

http://www.dhammadownload.com

သာ အဓိကပဓာန၊ နှားထောင်သူ၏အလိုသည် လုံးဝတရားမဝင်ဟု ဆင်ခြေတက်လျှင် ပညာရှင်များ၏ သဘာဝမှန် မဟုတ်ချေ။ ထို့ကြောင့် ပြောထားသော စကားမှ ထွက်လာသော အဓိပ္ပာယ်သည် ပဓာနအကျဆုံးဖြစ်သည်။

ကိုယ်စားဟူသည် အသက်ထင်ရှား ရှိကြသူတို့ကိုယ်တိုင် မိမိကိုယ်စား ဆောင်ရွက်ပါရန် အခွင့်အရေးပေးမှ ဖြစ်ရသည်ဟု တပည့်တော်များ ဥာဏ်အမြင်ရှိပါသည်ဟူသော စောဒကတို့၏ တင်ပြချက်သည် လောကသဘာဝမှန်နှင့်လည်းကောင်း၊ ဓမ္မသဘာဝမှန်နှင့် လည်းကောင်း ညီသည်။ ပြည်သူလူထုက မိမိတို့ကိုယ်စား ဆောင်ရွက်ရန် မဲဆန္ဒပေး ရွေးချယ်တင်မြှောက်ခံရသူသာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဖြစ်သည်၊ သံယာထုက မိမိတို့ကိုယ်စား ဆောင်ရွက်ပါရန် မဲဆန္ဒပေးရွေးချယ်ခံရသူသာ သံယာ့ကိုယ်စားလည်(ဗဟိုဝန်ဆောင်စသည်) ဖြစ်သည်မှာ အလွန်ပင် ထင်ရှားနေသည်။ ကိုယ်စားဆောင်ရွက်ရန် အခွင့်အရေးပေးအပ်ခံရသူမဟုတ်ပဲ ကိုယ်စားပါဟု ပြောလျှင် တစ်ကယ့်လူလိမ်လူညာသာ ဖြစ်သည်။

စုဒိတကသည် ဘုရားရှင်များထံမှ မိမိတို့ကိုယ်စား အဖြစ်ဖြင့် ဆောင်ရွက်ရန် ခွင့်ပြုချက်အမိန့်မရပဲ သဘာဝမှန်ကိုကျော်လွန်၍ "ထိုထိုဘုရား အဆူဆူတို့ရဲ့ကိုယ်စား သာသနာပြုမယ်လို့" ဟူသော စကားကို ပြောခြင်းကြောင့် ဘုရားရှင်တို့နှင့် တန်းတူရည်တူ ပြုသူဖြစ်သည်မှာ အလွန်ထင်ရှားသည်။ အညတိတ္ထိယတို့၏ ဝါဒ၌ အဝတာရ (ဘုရားကိုယ်စား လူ့ပြည်သို့ဆင်း၍ ကယ်တင်သူ) ဟူသောစကား၊ တမန်တော်ဟူသော စကားတို့ကို အတုယူ၍ ဘုရားအဆူဆူတို့ရဲ့ကိုယ်စားဟု စုဒိတက အသုံးပြုခြင်းဖြစ်သည်။

ကုသိုလ်ရရေးအတွက် ရည်ရွယ်၍ ဘုရားကိုယ်စား (၀ါ) ကိုယ်စား ဘုရားအဖြစ်ဖြင့် သတ်မှတ်ပူဇော်ထားကြသော စေတီရုပ်ပွားဆင်းတုတော်များကို **"ဒီဘုရားဟာ သစ္စာလေးပါးကို သိသလား၊ သစ္စာလေးပါးကို ညွှန်ပြပေးနိုင် သလား၊ သူ့သွားပေါင်းလို့ သစ္စာလေးပါးတရား ရသေးလား၊ ထုံးရိုးထုံးရမယ်၊ သဲရိုးသဲရမယ်။"** ဟု တိတ်ခွေ၊ ၂၀/ဘီ (စောဒနာအမှတ်၊ ၈ (ဂ) (ခ) အမှတ်ပြ စုဒိတကဟောချက်) ၌ စုဒိတက စိစစ်ခဲ့သည့်အတိုင်းပင် စုဒိတကကိုယ်တိုင် မိမိကိုယ်ကို စိစစ်ပြီးမှ ငါမမ္ဗနိတိသည် သစ္စာလေးပါးကို သိပြီးသူ၊ သစ္စာလေးပါးကို ပေးနိုင်သူဖြစ်သောကြောင့် ဘုရားကိုယ်စား (၀ါ) ကိုယ်စား ဘုရားဖြစ်သည်ဟူ၍ သင်တန်းသားများကို ပြောဆိုရာ မရောက်ပါ

http://www.dhammadownload.com

သလော။ ဘုရားရုပ်ပွား ဆင်းတုတော်များသည် သစ္စာလေးပါးကို မသိကြ၊ မပေးနိုင်ကြသောကြောင့်၊ ဘုရားကိုယ်စား (၀ါ) ကိုယ်စား ဘုရားများမဟုတ်ကြကုန်ဟု ပလ္လင်တော်ပေါ်မှ ကလော်ချ၍ ငါဓမ္မနီတိသည်သာ ဘုရားကိုယ်စား (၀ါ) ကိုယ်စားဘုရားဖြစ်သည်၊ ဘုရားတစ်ဆူတည်းရဲ့ ကိုယ်စား ဘုရားမဟုတ်သေး၊ (၀ါ) ဘုရားအဆူဆူတို့ရဲ့ကိုယ်စား ဘုရားဖြစ်သည်ဟု ပြောဆိုကာ နေရာလုယူသည်ဟူ၍ ဆိုဖွယ်ဖြစ်နေသည်။ ဤသည်နားထောင်သူက လိုရာဆွဲထားသော အဓိပ္ပာယ်မဟုတ်ပေ၊ စုဒိတကတ်၏ စကားတို့မှ ထွက်ပေါ်လာသော အဓိပ္ပာယ်သာ ဖြစ်သည်မှာ ငြင်းကွယ်မရပြီ။

ပြခဲ့ပြီးအကြောင်းတို့ကြောင့် ဓမ္မနီတိသည် ဘုရားရှင်တို့နှင့်တန်းတူရည်တူ ပြုပါသည်ဟူသော စောဒကတို့၏ စွဲဆိုချက်သည် အကြောင်းယုတ္တိခိုင်လုံမှန်ကန်သည်ဟု ရုံးတော်က သုံးသပ်သည်။

ငြင်းခုံချက်။ ၂ ။

ဓမ္မနီတိသည် မိမိကိုယ်တိုင် ဗုဒ္ဓဖြစ်သည်ဟုပြောပါသည်။

စွဲဆိုချက်။ ဓမ္မနီတိဟောချက် (ဆ) (၆) အမှတ်ပြစကားတို့ဖြင့် အနတ္တအမြင်ပေါက်၍ သစ္စာလေးပါးကိုရသည်အထိ လမ်းညွှန်ပေးနေသူမှာ ဓမ္မနီတိသာဖြစ်နေပါသည်၊ ယောဂီအိတ်ဆောင်စာအုပ်ငယ်၊ နှာ-၂၁-၌ ဘုရား-အမှန်ကိုသိ မိမိ၏လမ်းပြဟူ၍ ဖော်ပြထားပါသည်။ ယောဂီအိတ်ဆောင်စာအုပ်နှာ (၃၅) နှင့် (၈၂) မှတ်ပြ ဟောချက်တွင်လည်း ကိုယ်တိုင်လည်း လောင်းမကြောက်၊ သူ့အောက်မှာလည်းလောင်းမရှိ၊ အဲဒါဗုဒ္ဓရဲ့သတ္တိဟု ဆိုထားပါသောကြောင့် ဓမ္မနီတိသည် ဆရာမရှိ သစ္စာလေးပါးကို အလိုလိုသိ၍ သိအောင်လမ်းညွှန်ပေးနေသူဟု ဆိုရာရောက်သဖြင့် သမ္မာသမ္ဗုဒ္ဓသမ္ဘူရိသဟု မိမိကိုယ်တိုင် ခံယူပြောဆိုနေသူဖြစ်ပါသည်။ ဓမ္မနီတိသည် အုန်းပင်စုကျေးဘင်းဘုန်းကြီးဖြစ်သောကြောင့် (၈၂) မှတ်ဟောချက်တွင် အုန်းပင်ကို ဥပမာပြထားပါသည်။ (အကျယ်ကို စောဒနာလွှာတွင်ကြည့်)

ချေပချက်။ စောဒနာအမှတ်-၇ (ခ)တွင် သောဓနာခဲ့သော စကားရပ်များနှင့်အညီ (ဥတ္တရိမနုဿဓမ္မ)ကို မိမိခန္ဓာကိုယ်ပေါ်၌ လည်း

http://www.dhammadownload.com

ကောင်း၊ တပည့်ယောဂီများ အပေါ် ၌လည်းကောင်း၊ မည်သည့် အခါမျှတင်စားခြင်း၊ သတ်မှတ်ခြင်းမပြုလုပ်ခဲ့ဘူးပါ။ သမ္ဗညုတ ဉာဏ်ရှင် ဘုရားသခင်တို့သည် ကိလေသာတို့၏ ချုပ်ချယ်မှု လက်အောက်မှလွတ်မြောက်ကြသလို ဝေနေယျတို့အားလည်း လွတ်မြောက်စေလိုသော ဗုဒ္ဓ၏ သတ္တိထူးကို ရည်ညွှန်း၍ ရေးသားထားခြင်း ဖြစ်ပါသည်။

စိစစ်ချက်။ ၂ ။

(က) စုဒိတက၏ (ဆ) အမှတ်ဟောပြောချက်တွင် သစ္စာတရားကို လမ်းညွှန်ပေးနေတဲ့သူကို ပါဠိဘာသာနဲ့ ဘာခေါ်သလဲ (ဗုဒ္ဓပါ ဘုရား) ဗုဒ္ဓဆိုတာ ယောဂီတို့ဇယားထဲမှာပါတယ်၊ ဟောထားချက် နှင့် ယောဂီအိတ်ဆောင်စာအုပ် ၈ယ် နှာ-၂၁၊ ၌ ဘုရား-အမှန်ကိုသိ မိမိ၏လမ်းပြဟု ရေးထားချက်တို့ကို ဆက်စပ်လျှင် ဝိပဿနာ သင်တန်း ဖွင့်၍ သစ္စာတရားကို လမ်းညွှန်ပေးနေသူ ဓမ္မနီတိသည် အမှန်ကိုသိ၍ မိမိ(သင်တန်းသား)၏ လမ်းပြသူ ဘုရားဖြစ်သည်ဟု သင်တန်း သားများ မှတ်ယူစေရန် ကြံဆောင်ပြုလုပ်ထားကြောင်း ပေါ်လွင်နေသည်။

(ခ) ယောဂီအိတ်ဆောင်စာအုပ်၊ နှာ(၃၅)၌ "ကိုယ်တိုင်လည်း လောင်းမ ကြောက်၊ သူ့အောက်မှာလည်း လောင်းမရှိ၊ အဲဒါ ဗုဒ္ဓရဲ့ သတ္တိ ဟူသော ရေးသား ချက်နှင့် ပတ်သက်၍ "ဆရာမထား၊ တပည့် မမွေး"ဟု အပြစ်ဘက်သို့ မရောက် ရောက်အောင် အတင်းဆွဲ၍ အဓိပ္ပါယ်ကောက်ယူခြင်းသာ ဖြစ်ပါသည်။ တရား ပြတဉီးအနေဖြင့် တပည့်မမွေးဘူးဟူသော စကားရပ်မှာ ရယ်ဖွယ်သာဖြစ်ပါ သည်ဟု (သောဓနာ၊၁၁/ ၂)စုဒိတက၏ ချေပချက်ရှိသည်။ စောဒနာလွှာရှိ စုဒိတက၏ (ဈ) အမှတ်ပြဟောချက်တွင် တပည့်လဲမမွေးဘူး၊ သူများ ကိုလည်း တပည့်မခံဘူး"ဟု ပါရှိနေသည်။ ယင်းသို့ သက်သေခံအထောက်အထား ဟောချက်စကား ထင်ရှားရှိနေသော ကြောင့် အပြစ်ဘက်သို့ မရောက်ရောက်အောင် အတင်းဆွဲ၍ အဓိပ္ပါယ်ကောက်ယူခြင်းသာ ဖြစ်ပါသည် အစရှိသောစုဒိတက၏ ချေပချက်တို့သည် တရားမဲ့ချေပချက် ရယ်ဖွယ်ရာချေပချက်တို့သာ

http://www.dhammadownload.com

ဟု ပေါ်လွင်နေသည်။ ထို(ဒျ)မှတ် ဟောချက်တွင်ပင် "ကျွန်ဘဝ ကလွတ်ချင်လို့တရား ရှာတာ၊ တရားရှာရတာ ဘယ်သူ့တပည့်မှ အောက်ကျနောက်ကျခံနေစရာ မလိုဘူး"ဟူသော စုဒိတ္တာက၏ စကားအရ စုဒိတကသည် သဗ္ဗညုမြတ်ဘုဒ္ဓကိုပင် ဆရာမတင်ခဲ့၊ ဝိဌကကျမ်းဂန်လာကျင့်စဉ်နည်းတွေကို မလေးစားမလိုက်နာဘဲ သယမ္ဘူ့ဉာဏ်တော်ဖြင့် သစ္စာလေးပါးကို သိမြင်လာသူ သမ္မာသမ္ဗုဒ္ဓတစ်ဆူ ဖြစ်ပြီးသူဟု ဆိုလိုရင်း အဓိပ္ပါယ်ထွက်ပေါ်လာသောကြောင့် "ဓမ္မနီတိသည် သမ္မာသမ္ဗုဒ္ဓသပ္ပုရိသ" ဟု မိမိကိုယ်တိုင် ခံယူပြောဆိုနေသူဖြစ်ပါသည်ဟူ၍ စောဒကတို့၏ (စောဒနာ၊ ၁၁/၇)၌ စွဲဆိုချက်သည်ဟုတ်မှန်ခိုင်မာသော စွဲဆိုချက်ဖြစ်သည်မှာ ထင်ရှားပေါ်လွင်သည်။ ထိုစွဲဆိုချက်ကို ချေပသော စုဒိတက၏ စကားတို့သည် လှည့်ကွက်မာယာ အလွဲအမှားတွေသာဖြစ်ကြောင်းလည်း ထင်ရှားပေါ်လွင်သည်။

ငြင်းခုံချက်။ ၃ ။

ဓမ္မနီတိသည် မိမိကိုယ်တိုင်အသိဉာဏ် ဝိဇ္ဇာတန်ခိုးရရှိသူ အဖြစ်ကို ပြောပါသည်။

စွဲဆိုချက်။ ဓမ္မနီတိ၏ (ဍ) အမှတ်ပြဟောချက်များဖြင့် ဘုရားရှင်တို့ပင် သုံးခွင့်မပြုသော ဝိဇ္ဇာဉာဏ်ကိုရသော သူများအလား ပြောဆိုထားပါသည်။ ဝိပဿနာသင်တန်းပေးသောနေ့မှစ၍ မြတ်ဘုဒ္ဓ၏ အယူဝါဒများ၊ ရဟန်းတော်တို့၏ သီလသိက္ခာများသည် ဓမ္မနီတိ၏ သန္တာန်ဝယ်ရှိပါသေး၏ လောဟ တွေးတောဆင်ခြင်မိပါသည်။ ဓမ္မနီတိသည် ဘုရားလက်ထက်တော်ကတိတ္ထိဘုရားများကဲ့သို့ မြတ်ဘုဒ္ဓကို ယှဉ်ပြိုင်၍ စင်ပြိုင်ဝါဒဖြန့်နေပါသည်။ ဗုဒ္ဓသာသနာတော်ထွန်းကားနေသည့် ဒေသဖြစ်၍သာ ငါဘုရားပါဟု ဝါဒမဖြန့်မရဲဘဲ တိတ်တိတ်ပုန်း ဘုရားလုပ်နေပါသည်။

(အကျယ်ကို စောဒနာလွှာတွင်ကြည့်)။

စုဒိတက၏ ငြင်းဆိုချက်၊ ဝန်ခံချက်၊ တိုက်ရိုက်ချေပချက်မရှိချေ။

http://www.dhammadownload.com

စိစစ်ချက်။ ၃ ။

(က)ဤ(ည)အမှတ်ပြဟောချက်အတွက် စုဒိတကတ်၊ ငြင်းဆိုချက်တို့ကို လည်းကောင်း၊ အခိုင်အမာသောဓနာချက်တို့ကိုလည်းကောင်း မတွေ့ကြရပေ၊ သောဓနာ၊ ၁၁/၂ တွင် အမှတ်-၇ (ခ) အစခြီသည့် သာမန်လုံးပေါင်း ချေပချက်ကိုသာ တွေ့ကြရသည်။ ထို(ည) အမှတ် ပြစုဒိတကတ်၊ ဟောချက်တွင် "ဆရာဟာ ယောဂီတို့အတွက် အာရုံသာပြုလိုက်၊ အချိန်မရွေး ယောဂီပါးစပ်ဖျားမှာ အသင့်လာပြီးစောင့်နေပါမယ်"ဟူသော စကားတို့သည် စေတော ပရိယ၊ ဣဒ္ဓိဝိဓ အဘိညာဉ်ဝိဇ္ဇာတန်ခိုး ရရှိထားသူဟု ဝန်ခံကြောင်းကို အလွန်ထင်ထင်ရှားရှား ဖော်ပြနေကြသည်။ သင်တန်းသား သင်တန်းသူ အားလုံးသည်လည်း စုဒိတကကို ယုံကြည်ကြည်ညိုကြသူများသာ ဖြစ်ကြသောကြောင့် စုဒိတကကို ယင်းတန်ခိုး အမှန်ရှိသူဟု ယုံကြည်ကြမည်ဧကန်တည်း။ ထိုအသိဉာဏ် ဝိဇ္ဇာတန်ခိုးသည် ဥတ္တရိမနုဿဓမ္မကို ဖော်ပြသော ဝိနည်း ပါဠိတော်တွင် မပါဝင်ဟု ဆိုဖွယ်ရှိသည်။ ပါဠိတော်တွင် မပါလျှင် အဋ္ဌကထာကို ကြည့်ကြရပေမည်။

အမ္ဘဋ္ဌသုတ္တာဒီသု ဝုတ္တာသုအဋ္ဌသု ဝိဇ္ဇာသု ဝိပဿနာဉာဏ မနောမယိဒ္ဓိဣဒ္ဓိဝိဓ ဒိဗ္ဗသောတ စေတောပရိယ ဉာဏဘေဒါပဋ္ဌဝိဇ္ဇာ နာ အာဂတာ တာသု ဧကာဝိပဿနာဝ ပါရာဇိကဝတ္ထု နာ ဟော်တိ၊ သေသာ ဟောန္တိတိဝေဒိတဗ္ဗာ။ ပ။ အဘိညာနာမ စတုတ္ထဇ္ဈာန ပါဒကာဝ မဟဂ္ဂ တဓမ္မော ဈာနေ နေဝဣ္ဌဇ္ဈတိ ။ တသ္မာ မနောမယသ လာဘီမှိတိ ဝါ ယထာ ဝါ တထာ ဝါ ဝဒတု၊ ပါရာဇိကမေဝါတိ။ (ဝိ၊ ဋ္ဌ၊ ၂/၈၆)

ဘာသာပြန်

အမ္ဘဋ္ဌသုတ် (ဒီ၊ ပါ။ ၁/၇၂) စသည်တို့၌ ဟောကြားအပ်ကုန်သော ရှစ်ပါးကုန်သော ဝိဇ္ဇာတို့တွင် ဝိပဿနာဉာဏ်၊ မနောမယိဒ္ဓိအဘိညာဉ်၊ ဣဒ္ဓိဝိဓ အဘိညာဉ် ဒိဗ္ဗသောတအဘိညာဉ်၊ စေတောပရိယအဘိညာဉ်အားဖြင့် ကွဲပြားကုန်သော ငါးမျိုးကုန်သော ဝိဇ္ဇာတန်ခိုးတို့သည် ဝိနည်းပဒဘာဇနီပါဠိတော်၌ မလာကြကုန် (ဝါ) မပါဝင်ကြကုန်။ ထိုဝိဇ္ဇာငါးမျိုးတို့တွင် ဝိပဿနာဉာဏ် တစ်ခုသာလျှင် ပါရာဇိကအပြစ်ဒဏ် သင့်ရောက်ကြောင်း တရားမဟုတ်ပေ၊ ကျန်အဘိညာဉ် တံခါးလေးပါးတို့သည် ပါရာဇိက အပြစ်ဒဏ် သင့်ရောက်ကြောင်းဖြစ်ကြကုန်၏။ --ပ--အဘိညာဉ်ဟူသည် စတုတ္ထဈာန်ကို အခြေခံသော

http://www.dhammadownload.com

မဟာဂ္ဂုတ်တရားပေတည်း။ ထို့ကြောင့် "ငါသည် မနောမယိဒ္ဓိကို ရရှိထားသူ ဖြစ်၏။ဟူ၍ သော်လည်းကောင်း "အခြားတစ်နည်းနည်းဖြင့်သော်လည်းကောင်း ပြောဆိုလတ်သော် ပါရာဇိကအပြစ်ဒဏ် သင့်ရောက်ပြီးသာလျှင်ဖြစ်၏။

ဤအဋ္ဌကထာဖွင့်ဆိုချက်အရ အဘိညာဉ်ငါးမျိုးတွင် တစ်မျိုးမျိုးကို ရရှိထားသူဟု တစ်နည်းနည်းဖြင့် သိအောင်ပြောလျှင် ပါရာဇိက အာပတ်သို့ ရောက်ပြီးသူဖြစ်သည်ဟု မှတ်ယူရတော့သည်။ ဤသည်ကား ဝိနည်းမကျွမ်း ကျင်ကြဘဲ ကမ္မဋ္ဌာန်း ဆရာလုပ်နေသူများ စာလွတ်ပေလွတ် အရမ်းကာရော မပြောမိကြစေရန်လည်း ရည်သန်လျက် စီစစ်ပြထားချက်ဖြစ်သည်။

စုဒိတကသည် (ဆ) (ဇ) (စျ) အမှတ်ပြ ဟောချက်တို့ဖြင့် သဗ္ဗညုမြတ်ဗုဒ္ဓ နှင့်တကွ မည်သူကိုမျှ ဆရာမတင်ဘဲ သစ္စာလေးပါးကို သိပြီးသူ သမ္မာသမ္ဗုဒ္ဓ တသီးဟု အဓိပ္ပါယ်သက်ရောက်အောင် ပြောခဲ့သူဖြစ်သည်ပြင် (ည) အမှတ်ပြ ဟောချက်များဖြင့် ဣဒ္ဓိဝိဓနှင့် စေတောပရိယအဘိညာဉ် ဝိဇ္ဇာတန်ခိုးတို့ကို ရရှိထားသူဖြစ်သည်ဟု ပြောဆိုထားသူလည်း ဖြစ်သည်မှာ အလွန်ထင်ရှားသည်။ ယင်းသို့ ပြောကြားခြင်းတို့သည် ဥတ္တရိမနုဿဓမ္မကို မိမိ၌တင်၍ ပြောကြား သည်မည်သောကြောင့် စုဒိတကသည် စတုတ္ထပါရာဇိက အာပတ်နှင့် ငြိစွန်းသူ ဖြစ်သည်ဟု ရုံးတော်က သုံးသပ်သည်။

စောဒနာအမှတ် (၁၂) သုံးသပ်ချက်

အငြင်းပွားချက်။ စုဒိတကသည် ရှစ်ဖြာမဂ္ဂင် သုံးအင်သိက္ခာအဖြာဖြာ၌ ဖောက်ပြန်ဟောကြားပါသည်ဟု စောဒနာတင်ကြသည်။ စုဒိတကပုဂ္ဂိုလ်က ချေပသည်။ ။

ငြင်းခုံချက်။

စွဲဆိုချက်။ မြတ်ဗုဒ္ဓဟောထားအပ်သည့် သီလသမာဓိပညာဟူသော ကျင့်စဉ်မှန်တရားကို ပြောင်းပြန်လှန်၍ ပညာက စပြီး ကျင့်ရမည်၊ သီလသည် သမာဓိသို့ သမာဓိသည် ပညာကို မဖြစ်စေနိုင်ဟု စုဒိတကဟောချက်များသည် ဗုဒ္ဓဝါဒမှန်တော်နှင့် ဆန့်ကျင်ပါသည်ဟူ၍ ကျမ်းဂန်သာဓကတင်ပြလျက် စောဒနာကြသည် (အကျယ်ကို စောဒနာလွှာ၌ကြည့်)။

http://www.dhammadownload.com

ချေပချက်။ သမုတိနယ်တွင် သီလသမာဓိပညာအစဉ် မှန်သော်လည်း လောကုတ္တရာနယ်သို့ ဝင်သောအခါ ပညာကစမှ မှန်ပါသည်၊ (အကျယ်ကို သောခနာလွှာတွင်ကြည့်)။

စိစစ်ချက်။

(က) စောဒနာချက်များမှာ ပြန့်ကြဲနေသည်၊ သောခနာချက်များ ကလည်း မရှင်းချေ။ ထို့ကြောင့် လိုရင်းချက်ကိုသာ မူတည် စိစစ်မည်။

(ခ) (၁) နေယျပုဂ္ဂိုလ်တို့ မဂ်ဖိုလ်ရာတို့ ဝိပဿနာလုပ်ငန်း၌ သီလကို ရှေးဦးအားထုတ်၍ ထိုသီလအထောက်အကူကြောင့် သမာဓိကိုရသည်၊ ထိုသမာဓိအထောက်အကူကြောင့် ဝိပဿနာပညာကို ရသည်၊ ယင်းသို့ သီလသမာဓိပညာကျင့်စဉ်သည်သာ ဝိဌကကျမ်းဂန်တို့နှင့် ညီပါသည်၊ စုဒိတကသင်တန်းပေးထားသော ပညာသီလသမာဓိကျင့်စဉ်သည် ကျမ်းဂန်နှင့် မညီပါဟူ၍ ကျမ်းဂန်သာဓက အခိုင်အမာပြလျက် စောဒကတို့က တင်ပြကြသည်။

(၂) "သမုတိနယ်တွင် ဤအစဉ်အတိုင်းတက်လှမ်းမှသာ မှန်ကန်သည်ဟု ယုံကြည်ပါသည်။ လောကုတ္တရာနယ်သို့ဝင်သောအခါ မဂ္ဂင် (၈)ပါး တသားတည်း တည်ရှိနေပုံကို သရုပ်ဖော်ရာတွင် ပညာကစ၍ မှန်ကန်ပါသည်။ သီလနှင့် သမာဓိသည် ပညာ၏ နောက်လိုက်များသာ (သို့မဟုတ်) ကျင့်ပြီးသားသာဖြစ်သွားပါတော့သည်" ဟု စုဒိတကချေပသည်၊ ကျမ်းဂန်သာဓက မပြခဲ့ချေ။

(ဂ) စောဒကများ တင်ပြထားသော ကျမ်းဂန်သာဓကများနှင့် စောဒကတို့ဆိုချက်ကို စုဒိတကသည် မငြင်းနိုင်ခဲ့၊ မငြင်းခဲ့ချေ။ သမုတိနယ်တွင် ထိုအစဉ်အတိုင်း မှန်ကန်ပါသည်ဟု ဝန်ခံသည်၊ သို့သော် ဖြောင့်ဖြောင့်စင်းစင်း ဝန်မခံပဲ သမုတိနယ်တွင်ဟု လှည့်ချက်ကို ထည့်စွက်ဆိုလျက် ဝန်ခံသည်။ လောကုတ္တရာနယ်သို့ ဝင်သောအခါစသည်ကို ဆက်၍ဆို

http://www.dhammadownload.com

ပြန်သည်။ စုဒိတကသည် သမုတိနယ်- လောကုတ္တရာ နယ်ဟု မဖွယ်မရာ ခွဲခြားသည်။ ခွဲနည်းမှန်မှာ (က) လောကနယ်-လောကုတ္တရာနယ်ဟုလည်းကောင်း၊ (ခ) သမုတိနယ်-ပရမတ်နယ်ဟူ၍လည်းကောင်း ဆီလျော်အောင်ခွဲရမည်။ သမုတိနယ်- လောကုတ္တရာနယ်ဟု ခွဲခြားခြင်းသည် အဓမ္မဝါဒီလူပလီတို့၏ မမှန်သောလုပ်ရပ်ကတ်သီးကတ်သတ် ခွဲခြင်းပေတည်း။ ။သမုတိနယ်နှင့် လောကနယ်တို့အတူတူပင်၊ ပရမတ္ထနယ်နှင့် လောကုတ္တရာနယ်တို့အတူတူပင်ဟူ၍ နားထောင်သူတွေလွဲမှားအောင် ကြောင်တောင်တောင်လုပ်ခြင်းပေတည်း၊ ဤနည်းမျိုးဖြင့် တရားနာသူတွေ လျှောက်လှမ်းရမည့် နိဗ္ဗာန်လမ်းမှန်ကို တူးဖြိုဖျက်ဆီးနေကြသည်။ နားထောင်သူတွေ အသိဉာဏ်မှန်ရရှိရေးအတွက် ပဓာနထားကာ တရားဟောကြသင်တန်းပေးကြပြီးလျှင် ဝိနိစ္ဆယရုံးတော်သို့ ရောက်သောအခါ ပြောသူ၏ အလိုသာ ပဓာန၊ နားထောင်သူ၏အလိုသည် ပဓာနမဟုတ်ဟု အူကြောင်ကြောင် ရှောင်လွဲကြသည်။

(ယ) (၁) သီလအစ သမာဓိအလယ် ပညာကို နောက်ဆုံးထားတယ်၊ဒါလောကခရီးလမ်းကြောင်း။ (၂) သံသရာဝဋ်ဆင်းရဲက လွတ်မြောက်အောင် အလုပ်လုပ်တော့ သီလကမစရဘူး၊ ပညာကစရမယ်။ (၃) လောကထဲမှာ ကျင့်သုံးတဲ့အပိုင်းကျတော့ သီလကစ သံသရာလွတ်မြောက်အောင် အလုပ်လုပ်မယ်ဆိုရင် ပညာကစရမယ်ဟု သင်တန်းပေးချိန်၌ ပြောခဲ့သည် (စောဒနာ၊ ၁၂/၁ (က)မှ စုဒိတကဟောချက်ကိုကြည့်) ဤရုံးတော်သို့ ချေပလွှာတင်ချိန်၌ "လောကုတ္တရာနယ်သို့ ဝင်သောအခါ မဂ္ဂင် (၈)ပါး တသားတည်း တထပ်တည်း တည်ရှိနေပုံကို သရုပ်ဖော်ရာတွင်" ဟူ၍ ချေပချက်ပေးထားသည်။ သင်တန်းပေးခဲ့စဉ်က "သံသရာမှ လွတ်မြောက်အောင် အလုပ်လုပ်မယ်ဆိုရင်

http://www.dhammadownload.com

ပညာကစရမယ်ဟူ၍ **ကျင့်ခန်း လုပ်ငန်းနှင့် ကျင့်နည်းစဉ်အဖြစ်** ပြောခဲ့သည်။ ဤရုံးတော်ရှေ့ ချေပချက်၌ "လောကုတ္တရာနယ်သို့ ဝင် သည့်အခါ သရုပ်ဖော်ရာတွင်" ဟူ၍ **ကျင့်ခန်းလုပ်ငန်း** မဟုတ်တော့ပဲ **သရုပ်ဖော်ခန်းနှင့် ဖော်နည်းစဉ်အဖြစ်** တင်ပြသည်။ စုဒိတက၏ ဦးတည်ချက်သဘောထားသည် မဖြောင့်မဖြူး ကွေ့ကွေ့ကောက်ကောက် မာယာဆူးငြောင့်တွေသာ ပွားများနေသည်မှာ ဖုံးကွယ်မရ ပေါ်လွင်လှသည်။

(c) မိမိ၏ ခန္ဓာကိုယ်အတုံးကြီးသာလျှင် ပရမတ် ရှိ-တရား။ ကျန်တာအားလုံး ပညတ် မရှိ-တရားဟု သိမှုပညာ။ မိမိ၏ခန္ဓာကိုယ်အတုံးကြီးပရမတ်ကို မပျက်အောင် စောင့်ရှောက်မှုသီလ။ မိမိခန္ဓာကိုယ်အတုံးကြီးပရမတ်ပေါ်၌ စိတ်တည်မြဲအောင်ထားမှု **သမာဓိ**။ ဤကျင့်စဉ်သုံးရပ်တထပ်တည်းကျအောင် လုပ်ခြင်းသည်သာ မဏ္ဍိမပဋိပဒါဟု (တိတ်ခွေ၊ ဂ-အေ၊ စောဒနာ၊ ၁၂ /(ပ)၌) စုဒိတက သင်တန်း ပေးစကားများသည် မိမိခန္ဓာကိုယ် အတုံးကြီးကို တည်ကိန်းပြု ၍ ပရမတ်-ပညတ်ခွဲပုံ အလွဲမှ သီလသမာဓိ ပညာ အလွဲ တိုင်အောင် အလွဲတွေကိုသာ ထပ်ဆင့် ကဲကာ ကဲကာ လွဲသည်ထက်လွဲအောင် တွဲဆက်ထားသောကြောင့် လွဲချက်ကြီးလွန်းသော စကားတွေသာဖြစ်ကြသည်။

(စ) လောကမှ လွန်မြောက်၍ လောကုတ္တရာသို့ သွားသည့် အခါ သီလသည် သမာဓိသို့ မပို့နိုင်၊ သမာဓိသည် ပညာသို့ မပို့နိုင်၊ လောကုတ္တရာအလုပ်လုပ်လျှင် ပညာက စရသည် ဟူ၍ (တိတ်ခွေ ၅ (မ) အေ၊ စောဒနာ-၁၂/၁ (ခ)၌) စုဒိတက၏ဟောချက်သည် လောကုတ္တရာနယ်တွင် သီလနှင့် သမာဓိတို့သည် ပညာ၏နောက်လိုက်များသာဖြစ်ကြ၍ တန်ဘိုးမရှိဟု အဓိပ္ပါယ်ထွက်သည်၊ သီလ သမာဓိကို လုပ်ဘို့ မလိုဟု စုဒိတကရည်ညွှန်းချက် ပေါ်လွင်သည်။ စုဒိတက၏ ယင်းသို့ ဟောချက်များ လွဲမှားကြောင်းကို

http://www.dhammadownload.com

စောဒကများတင်ပြထား သော ပိဋကကျမ်းဂန်သာဓကများ ခိုင်လုံပြည့်စုံချက်အရ ယုံကြည်လောက်ပြီဖြစ်သည်။ ထိုပြင် ယခုခေတ်လူပြည်တွင် နေယျပုဂ္ဂိုလ်ပဒပရမ ပုဂ္ဂိုလ်တွေ သာ ရှိနေကြလေရာ သီလမရှိလျှင် သမာဓိမရနိုင်၊ သမာဓိ မရလျှင် အောက်ထစ်ဆုံး ဝိပဿနာဉာဏ်ကိုမျှပင် မရနိုင်၊ မဂ်ဖိုလ်ဈာန်ဗွာန်မြင်ဘို့ မျှော်လင့်ချက်လုံးဝမရှိကြောင်းကို ထိုစောဒကတို့ တင်ပြထားသော ကျမ်းဂန်သာဓကတို့က အမှန်လမ်းကို ညွှန်ပြနေကြသည်။

(ဆ) လူဆံပင်တွေကို ခန္ဓာကိုယ် အဝတ်သဖွယ်ပတ်ထားသော နတ္ထိကဝါဒီ အရည်းကြီး အဇိတ၏နောက်သို့လိုက်၍ ကုသိုလ် အကုသိုလ်တကယ်မရှိ။ အထင်အစွဲ အလွဲမျှသာ ဟု အလွဲယူစွဲထားကာ "အတ္တာတိ ဂဟိတံ နတ္ထိ" ဖြင့်၊ မြတ်ဗုဒ္ဓကိုပင် ဆဲရေးနေခဲ့သူ စုဒိတကသည် သီလကုသိုလ်, သမာဓိကုသိုလ် လောကုတ္တရာမဂ်ကုသိုလ်တွေကို အမြစ်ပြုတ်အောင် နှုတ်ပစ်လျက် အလွဲတွေကိုသာ သင်တန်းပေးခဲ့သည်၊ ပေးနေမည်မှာ မြေကြီးလက်ခတ် မလွဲချေ။

(ဇ) သစ္စာနုလောမိက သမ္မာဒိဋ္ဌိ၊ သစ္စာနုလောမိကဉာဏ် (လောကုတ္တရာ သစ္စာမှန်ကိုသိရန် မှန်ကန်သင့်တော်သည့် ဉာဏ်) ဟု ပိဋကကျမ်းဂန်တို့၌ ခေါ်ဝေါ်ထားသော ဝိပဿနာဉာဏ်ဆိုင်ရာလုပ်ငန်း (ပဋိပတ်)ကျင့်စဉ်သည် လောကီနယ်တွင်သာရှိသည်။ ဝိပဿနာလုပ်ငန်း အောင်မြင်ပြီးမြောက်ချိန်၌ ရအပ်သော အကျိုးပဋိဝေဓသည် လောကုတ္တရာခေါ် မဂ်ဖိုလ်နိဗ္ဗာန်ဖြစ်သည်။ ထို့ကြောင့် အကျိုးသက်သက်မျှဖြစ်သော လောကုတ္တရာနယ်တွင် ဝိပဿနာ လုပ်ငန်းမရှိ။ ဤသို့ ကြောင်းကျိုးစပ်သဘာဝမှန်ကို သိနိုင်သည့် ပရိယတ်ဉာဏ်မျှ မရှိကြသေးသော သင်တန်းသားများကို ကရုဏာပွားသော စုဒိတကသည် မိမိကိုယ်တိုင်က တကယ်မရှိဟု ယူစွဲထားသော ကုသိုလ်တွေကို သင်တန်းသားများလည်း

http://www.dhammadownload.com

မရကြောင့် အထူးကြိုဆောင်၍ အလွဲသင်တန်း ပေးထားခဲ့သည်။

(ဈ) (၁) လောကုတ္တရာနယ်တွင် ဝိပဿနာလုပ်ငန်း မရှိသောကြောင့် သောတာပန်ဖြစ်ပြီး သူသည် ရဟန္တာဖြစ်သည်အထိ အဆင့်ဆင့်တက်လိုလျှင် လောကနယ်မှ ဝိပဿနာလုပ်ငန်းကို ပင် ပြန်လုပ်ရသည်။ လော်ကီတရားတွေကို စိတ်ဖြင့် အာရုံပြုနေချိန်ကို လောကီနယ် (၀ါ) လောကနယ်ဟု စကားတင်စား ဆိုခွင့်ရှိသည်၊ လောကုတ္တရာတရား (မဂ်ဖိုလ်နိဗ္ဗာန်)တွေကို စိတ်ဖြင့် အာရုံပြုနေချိန်ကို လောကုတ္တရာနယ်ဟု စကားတင်စားပြောခွင့်ရှိသည်၊ ပိဋကတော်ကျမ်းဂန်များတွင် ယင်းသို့ လောကနယ် လောကုတ္တရာနယ်ဟူ၍လည်းကောင်း၊ ပရမတ်နယ် ပညတ်နယ် ဟူ၍လည်းကောင်း သုံးစွဲရိုးစဉ်လာမရှိချေ။ ပရမတ်တရားဟူသမျှအားလုံး လောကုတ္တရာချည်းဟု အမှတ်မလွဲကြစေနှင့် လောကီပရမတ်-လောကုတ္တရာပရမတ်ဟု နှစ်မျိုးရှိသည်၊ တိကျသေချာ မြဲမြဲစွဲ မှတ်ထားကြလေ၊ ပရမတ်ကောင် လူယောင်ယောင်တွေက ပရမတ်နှင့် လောကုတ္တရာအားလုံး တူသယောင်ယောင် ကြောင်တောင်တောင် လိမ်ညာပြောလေ့ရှိကြသည်။ ထို့ကြောင့် ပရမတ်တရားကိုသိလျှင် လောကုတ္တရာနယ် ရောက်ပြီဟု မဖွယ်ဈရာမပြောသင့်၊ မယူစွဲသင့်၊ ပြောခဲ့သော် ယူစွဲခဲ့သော် ပရမတ်တရား အကုသိုလ်နှင့် အပါယ်လေးပါးတို့သည်လည်း လောကုတ္တရာနယ်တွင် ပါဝင်သွားမည်ဖြစ်၍ အလွဲစစ်စစ်ဟု သိမှတ်ကြပါလေ။

နယ်နှင့် နယ်သားခွဲခြားနည်းမှန်

(ည) ပိဋကကျမ်းဂန်တို့တွင် ခေါ်ဝေါ်သတ်မှတ်ချက် မရှိသော်လည်း ယခုခေတ်သစ်တွင် ဝိပဿနာသမားတို့က နယ်နှင့်နယ်ခြားခွဲခြား ပြောလေ့ရှိကြသောကြောင့် နယ်နှင့်နယ်ခြား ခွဲခြားနည်းမှန်ကို ကျမ်းဂန်အဆိုနှင့် ဓမ္မသဘာဝတို့ကို ထောက်ညှိ၍ ဖော်ပြမည်။

http://www.dhammadownload.com

(၁) တရားနှင့်စပ်၍ နယ်ခွဲခြင်း

(က) ပရမတ်တရား (လောကီလောကုတ္တရာ ရူပ်နာမ်များ)ကို ပရမတ်နယ်ဟု ခေါ်ဝေါ်ကြသည်။

(ခ) ပညတ်တရား (ရူပ်နာမ်မှ လွတ်တာတွေအားလုံး)ကို ပညတ်နယ်ဟု ခေါ်ဝေါ်ကြသည်။ သမုတိနယ်ဟုလည်း ခေါ်ဝေါ်ကြသေးသည်။

(ဂ) လောကုတ္တရာတရား (မဂ်၊ ဖိုလ်၊ နိဗ္ဗာန်)တို့ကို လောကုတ္တရာနယ်ဟု ခေါ်ဝေါ်ကြသည်။

(ဃ) လောကီတရား (မဂ်၊ ဖိုလ်၊ နိဗ္ဗာန် မဟုတ်တာအားလုံး)ကို လောကီနယ်ဟု ခေါ်ဝေါ်ကြသည်။ (သမုတိနယ်ဟု မဖွယ်မရာ အူကြောင်ကြောင် အလွဲမလုပ်နှင့်)။

(၂) အချိန်နှင့်စပ်၍ နယ်ခွဲခြင်း

(က) ပရမတ်ကို အာရုံပြုနေသမျှ သိနေသမျှအချိန်ကို ပရမတ်နယ်ဟု ခေါ်ကြသည်။

(ခ) ပညတ် (ရူပ်နာမ်မဟုတ်တာအားလုံး)ကို အာရုံပြုနေသမျှ သိနေသမျှ အချိန်ကို ပညတ်နယ်ဟု ခေါ်ဝေါ်ကြသည်၊ သမုတိနယ်ဟုလည်း ခေါ်ကြသေးသည်။

(ဂ) လောကုတ္တရာတရား (မဂ်၊ ဖိုလ်၊ နိဗ္ဗာန်)ကို အာရုံပြုနေသမျှ သိနေသမျှ အချိန်ကို လောကုတ္တရာနယ်ဟု ခေါ်ဝေါ်ကြသည်။

(ဃ) လောကီတရား (မဂ်၊ ဖိုလ်၊ နိဗ္ဗာန် မဟုတ်တာအားလုံး)ကို အာရုံပြုနေသမျှ သိနေသမျှအချိန်ကို လောကီနယ် လောကနယ်ဟု ခေါ်ဝေါ်ကြသည်။ (သမုတိနယ်ဟု မဖွယ်မရာ အူကြောင်ကြောင် အလွဲမလုပ်နှင့်)။

(၃) တရားနှင့်စပ်၍ နယ်သားခွဲခြားခြင်း

(က) ပရမတ် (ရူပ်နာမ်)ကို အာရုံပြုနေသူ သိနေသူကို ပရမတ်နယ်သားဟု ခေါ်ဝေါ်ကြသည်။

(ခ) ပညတ်ကို အာရုံပြုနေသူ သိနေသူကို ပညတ်နယ်သားဟု ခေါ်ဝေါ်ကြသည်။ သမုတိနယ်သားဟုလည်း ခေါ်ဝေါ်ကြသေးသည်။

http://www.dhammadownload.com

(ဂ) လောကုတ္တရာတရား (မဂ်၊ ဖိုလ်၊ နိဗ္ဗာန်)ကို အာရုံပြုနေသူ သိနေသူကို လောကုတ္တရာနယ်သားဟု ခေါ်ဝေါ်ကြသည်။

(ဃ) လောကီတရား (မဂ်၊ ဖိုလ်၊ နိဗ္ဗာန် မဟုတ်တာတွေ)ကို အာရုံပြုနေသူ သိနေသူကို လောကီနယ်သား လောကနယ်သားဟု ခေါ်ဝေါ်ကြသည်။ (သမုတိနယ်သားဟု မဖွယ်မရာ အူကြောင်ကြောင် အလွဲမလုပ်နှင့်)။

(၄) အချိန်နှင့်စပ်၍ နယ်သားခွဲခြင်း

(က) မည်သူမဆို ပရမတ်ကို အာရုံပြုနေသမျှ သိနေသမျှ အချိန်တွင် ပရမတ်နယ်သား ဖြစ်နေသည်။

(ခ) မည်သူမဆို ပညတ်ကို အာရုံပြုနေသမျှ သိနေသမျှအချိန် တွင် ပညတ်နယ်သားဖြစ်သည်၊ သမုတိနယ်သားဟုလည်း ခေါ်ကြသေးသည်။ အမြဲ ပရမတ်နယ်သားမရှိ၊ အမြဲ ပညတ်နယ်သားရှိသည်။

(ဂ) လောကုတ္တရာတရားကို အာရုံပြုနေသမျှ သိနေသမျှ အရိယာပုဂ္ဂိုလ် ၈-ယောက်တို့သည် လောကုတ္တရာနယ်သား ဖြစ်နေသည်။

(ဃ) မည်သူမဆို လောကီတရားကို အာရုံပြုနေသမျှ သိနေသမျှ လောကီနယ်သား လောကနယ်သားဖြစ်နေသည်။ (သမုတိနယ်သားဟု မဖွယ်မရာ အူကြောင်ကြောင် အလွဲမလုပ်နှင့်)။

ထို့ကြောင့် မြတ်ဗုဒ္ဓနှင့် ဖိုလ်ပုဂ္ဂိုလ် ၄-ဦး (သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ)တို့သည် လောကုတ္တရာတရားတို့ကို အာရုံပြုနေသမျှ သိနေသမျှ လောကုတ္တရာနယ်သား ဖြစ်နေကြသည်၊ လောကီတရား (လောကီရုပ်၊ နာမ်များနှင့် ပညတ်)တို့ကို အာရုံပြုနေသမျှ သိနေသမျှအချိန်တွင် လောကီနယ်သား လောကနယ်သား ဖြစ်ကြသည်။ မည်သူမျှ အမြဲ လောကုတ္တရာနယ်သား ဖြစ်ခွင့်မရှိပေ၊ မဖြစ်နိုင်ချေ။ သို့သော် လောကုတ္တရာနယ်သို့ ဝင်ခွင့် (ဝါ) လောကုတ္တရာနယ်သား ဖြစ်ခွင့်ရှိသောကြောင့် ဂုဏ်ပြုတင်စား၍ အချိန်နှင့် မစပ်၊ အာရုံတရားနှင့်မစပ်ပဲ လောကုတ္တရာနယ်သားဟု ဆိုခွင့်ရှိသည်၊ ဆိုကြသည်။

http://www.dhammadownload.com

ဝိပဿနာသမား ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ပုထုဇဉ်အားလုံးသည် လောကုတ္တရာတရားကို အာရုံမပြုနိုင် မသိနိုင်သောကြောင့် အမြဲ လောကီနယ်သား လောကနယ်သားသာလျှင် ဖြစ်ခွင့်ရှိသည်၊ ဖြစ်နေကြသည်၊ လောကုတ္တရာနယ်သို့ ဝင်ခွင့်မရှိသေး၊ မရောက်နိုင်သေး၊ ထို့ကြောင့် လောကုတ္တရာနယ်သား မဖြစ်သေး မဟုတ်သေးချေ။ ပရမတ်ကိုသိရုံမျှဖြင့် လောကုတ္တရာနယ်ရောက်ပြီ၊ လောကုတ္တရာနယ်သားဖြစ်ပြီဟု အထင်မလွဲနှင့်၊ မပြောကြလေနှင့်၊ ရဟန်းဖြစ်သူကပြောလျှင် စတုတ္ထပါရာဇိက အာပတ်နှင့် နီးစပ်လှသည်။ အထူးသတိပြုကြလေ။

(၄) သိစိတ်ဟူသော နာမ်တရားမရှိခိုက်တွင် အသေကောင်ဖြစ်နေသည်၊ မသေလျှင်လည်း နိရောဓသမာပတ် ဝင်စားနေ သည်၊ အနာဂါမ် ရဟန္တာ ပုဂ္ဂိုလ်သည် အသေကောင်နှင့် ဘာမျှမခြား၊ ဘာကိုမျှမသိ။ ထိုအချိန်တွင် လောကုတ္တရာတရား ရထားပြီးသူဖြစ်လျှင် လောကုတ္တရာနယ်သားဟု ဂုဏ်တင်ပြောရသည်၊ လောကုတ္တရာတရားကို မရသေးသူဖြစ်လျှင် လောကီနယ်သား လောကနယ်သားဟု ပြောရသည်။

(၅) မဂ္ဂင်ရှစ်ဖြာ သိက္ခာသုံးရပ်နှင့်စပ်၍ စုဒိတကဟောချက်များသည် ခန္ဓာကိုယ်အတုံးကြီးကို တည်ကိန်းပြု၍ ပရမတ်-ပညတ်ခွဲပုံမှစ၍ ယောစတတ္ထ ဒသံန တ္ထောအစရှိသောပါဠိတို့၌ တတ္ထ-ထိုအမှန်တကယ်ထင်ရှားရှိသော ပရမတ္ထ တရား၌ဟု အနက်ပေးလွဲမှားမှု အဝင်အပါအမှား စစ်စစ်တွေ ချည်းသာဖြစ်ကြသည်၊ စောဒကတို့ ဖော်ပြထားသော အနက်များသည် ကျမ်းဂန်နှင့်ညီသည်။

(၃) ထို့ကြောင့် လောကုတ္တရာနယ်တွင် အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ-ဟု အဓိသဒ္ဒါထပ်လောင်း၍ ထည့်ထားပါသည်၊ ထိုအဓိသဒ္ဒါ ထည့်ထားခြင်းအားဖြင့် သမုတိနယ်မှ သီလ- သမာဓိ- ပညာတို့နှင့် မည်မျှကွာဟသည် ဆိုတာ သိလောက်ပါပြီ- စုဒိတကဆိုချက်သည် ရဟန်းဟူသမျှ ဧကန်သင်ယူမှတ်သားကျင့်ကြရသော ဘိက္ခုပါတိမောက်နံပါတ် (၁) သိက္ခာပုဒ်တွင် သိက္ခာသာဇီဝသမာပန္နောဟူသော နံပါတ် (၂) ပုဒ်၏ ပါတိမောက္ခသံဝရသီလ တည်းဟူသော အဓိသီလသိက္ခာ ဟူသောအနက်ကို ပထမယယ်တန်း ဝင်ဖြေကြမည့် သာမဏေယကလေးများပင်လျှင် နှုတ်တက်ရ သိရှိကြပါလျက် ဝါ (၂၀)ကျော်ရပြီး ဝိပဿနာသင်တန်းပြ ဆရာကြီးလုပ်နေသူ စုဒိတက

http://www.dhammadownload.com

မသိသည်မှာ စုဒိတက၏အရည်အချင်းကို ထင်ထင်လင်းလင်းဖော်ပြသည့် ချေပချက်ဖြစ်နေသည်။

သမ္ဘောဟဝိနောဒနီ-ဉာဏဝိဘင်းနှာ-၃၉၆ ၌ သီလနှင့်အဓိသီလ၊ စိတ္တနှင့် အဓိစိတ္တ၊ ပညာနှင့် အဓိပညာဟု-၆-ဖြာရှိသည်တွင် ထီးငယ်ကိုထောက်၍ ထီးကြီးကို အတိဆတ္တဟူ၊ အောင်လံငယ်ကိုထောက်၍ အောင်လံကြီးကို အတိဓဇဟု ခေါ်ကြသကဲ့သို့ လူတွေအမြဲစောင်းထိန်းသင့်သော ငါးပါးသီလ၊ သာမဏေများအမြဲစောင့်ထိန်းရသော ဆယ်ပါးသီလတို့ကိုထောက်၍ ရဟန်းဟူသမျှ စောင့်ထိန်းကြရသောပါတိမောက္ခသံဝရသီလကို အဓိသီလဟု ခေါ်ကြရသည်။ လောကုတ္တရာသီလမဟုတ်၊ လောကီသီလသာတည်း။

ပြဟ္မာ့ဘုံရောက်ဖို့ရည်ရွယ်ကာ အားထုတ်ရရှိဝင်စားသော ဈာန်သမာပတ်ရှစ်ပါးသည် စိတ္တဖြစ်၍၊ ထိုစိတ္တကိုထောက်၍ ဝိပဿနာအားထုတ်ဖို့ အခြေခံသမာဓိအဖြစ်ဖြင့် အားထုတ်ရရှိဝင်စားသော ဈာန်သမာပတ်ရှစ်ပါးကို အဓိစိတ္တဟု ခေါ်ကြရသည်။

ဝိပဿနာဉာဏ်မျှမဖြစ်သေးသောကြောင့် လောကီသမာဓိ စစ်စစ်သာဖြစ်သည်၊ လောကုတ္တရာ သမာဓိဖြစ်ဖို့ ဝေးလွန်းနေသေးသည်။ ကမ္မဿကတပညာ (ကုသိုလ်၊- အကုသိုလ်ကံနှင့်အကျိုးကို ယုံကြည်သော သမ္မာဒိဋ္ဌိ) သည် ပညာသာဖြစ်၏။ စုဒိတကသည် ကုသိုလ် အကုသိုလ် (၃၁) ဘုံမရှိဟုအလွဲယူစွဲ ထားသူဖြစ်သောကြောင့် ထိုကမ္မဿကတ ပညာမျှရှိသူမဟုတ်၊ အဓိပညာရဖို့ မျှော်လင့်ချက်ရှိသူဖြစ်ဖို့ ဝေးလွန်းနေသေးသည်။ ထိုပညာကို ထောက်၍ ဝိပဿနာပညာ မဂ်ပညာ ဖိုလ်ပညာထိ အဓိပညာဟု ခေါ်ကြရသည်။ ထိုတွင် ဝိပဿနာပညာသည် လောကီပညာစစ်စစ်ဖြစ်၏။ အနတ္တဟု သိသောဉာဏ်သည် ဝိပဿနာအဆင့်သို့မရောက်သေးချေ။ လောကုတ္တရာဖြစ်ဖို့အလွန်ဝေးနေသေးသည်၊ စုဒိတကသည် အနတ္တဟုသိလျှင် လောကုတ္တရာဟု ပြောနေခြင်းကား မြတ်ဗုဒ္ဓ၏ တရားတော်မှန်နှင့်မညီ၊ ပလီပလာ လှည့်ကွက်မာယာထွင်ကာ ယောဂီတွေ၏ နိဗ္ဗာန်လမ်းမှန် ဝိပဿနာနည်းမှန်ကို ပိတ်ဆို့ ဖျက်ဆီးနေခြင်းသာဖြစ်သည်။

အဘိညေယ္ယ အဘိဇာနန္တော တိသော သိက္ခာ သိက္ခတိနာမ-ဟူ၍ မည်သည့်ပါဠိတော် အဋ္ဌကထာဋီကာများ၌ မရှိသော လုပ်ပါဠိ-ဟု စောဒနာ-၁၂/၁၂ ၌ စောဒကတို့၏ ဆိုချက်ကို စုဒိတကသည် ကျမ်းဂန်မှန်ကို ထုတ်မပြ

http://www.dhammadownload.com

နိုင်ပေ။ ယင်းသို့ပင် ကျမ်းဂန်သာဓကမှန်အောင်မပြပဲ စိတ်ပေါက်သလို အနက်မှား အဓိပ္ပါယ်မှားကို မဆီမဆိုင် ဆိုနေသူသာဖြစ်သည်။

မျက်ကန်းတစ္ဆေ မကြောက်ဟူသကဲ့သို့ ကုသိုလ် အကုသိုလ်တကယ်မရှိဟု အလွဲယူစွဲကာ ကမ္မသကတပညာ မျက်စိကန်းနေသူဖြစ်သောကြောင့် အကုသိုလ်ကို အနည်းငယ်မျှ မကြောက်ပဲ အလွဲအမှားတွေကို ဘုရားဟောအမှန်တရားပဲဟု ရဲရဲကြီးပြောဝန့်သူ ပြောနေသူသာဖြစ်သည်မှာလည်း ငြင်းကွယ်မရ ဖုံးကွယ်မရ တရိပ်ရိပ်ပေါ်လွင်သည်ထက် ပေါ်လွင်လာလေပြီ။

ပြဲခဲ့ပြီးအကြောင်းတို့ကြောင့် ဆင်မဲကြီးကို ဆင်ဖြူဖြစ်အောင်ကြံဆောင်ရေခိုးပေးနေသူ စုဒိတက၏ ကျမ်းဂန်မှန်မပြ ဓမ္မသဘာဝနှင့်မညီ စိတ်ကူးပေါက်သလို ကြံစည်ဆိုထားသော ပညာသီလ သမာဓိဟု ပြောင်းပြန် ကျင့်နည်းဟောပြောချက် အသီးသီးတို့သည် အလွဲအမှားတွေချည်းသာ ဖြစ်ကြသည်ဟု ရှုံးတော်ကသုံးသပ်ကြသည်။

စောဒနာအမှတ်- ၁၃ - သုံးသပ်ချက်

အငြင်းပွားချက်။

စုဒိတကသည်(၁) ဒါနသီလကုသိုလ်ကိုပြုလုပ်လျှင် သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိဖြစ်သည်ဟု ဟောပြောပါသည်။

(၂) ကံသည်အပါယ်မချနိုင်၊ အပါယ်က လွတ်အောင်မကယ်နိုင်ဟု ဟောပြောပါသည်။

(၃) ကံကို မယုံကြည်၊ ကံကိုပယ်သူဖြစ်ပါသည်။

ငြင်းခုံချက်။

စွဲဆိုချက်။ (၁) ဥပုသ်သည်တစ်ယောက် ညစာထမင်း စားသင့်-မစားသင့် မေးခွန်းဆန်းထုတ်ကာ တိတ်ခွေအမှတ်-၈/ဘီပါ စုဒိတက၏ ဟောချက်များအရ ဒါနသီလကုသိုလ်တို့ကို ပြုလျှင် သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိဖြစ်သည်ဟု စုဒိတက ဟောပါသည်၊ ထို ဟောချက်များသည် သီလစောင့်ထိန်းရန် မြတ်ဗုဒ္ဓ ဟော ညွှန်တော်မူထားသော တရားတော်များကို ဆန့်ကျင် တိုက်ဖျက်ပါသည်ဟု ကျမ်းဂန်သာဓက ပါဠိတော်များ တင်ပြ၍ စောဒနာကြသည်။

http://www.dhammadownload.com

ချေပချက်။ ကပ်မှား၊ ဖြတ်မှား၊ အစွန်းနှစ်ပါးနှင့် လွတ်ပြီးသင်တန်းသားများသည် မိမိသိထားသော ပရမတ္ထမမှအပေါ်၌ မည်မျှခိုင်စွာ ရပ်တည်နိုင်ကြသည်ကို စူးစမ်းရန်သာအဓိက ဖြစ်ပါသည်။ သီလကိုမပယ်ပါ။ (အကျယ်ကို သောဓနာလွှာ၊ ၁၃၁ (က)၌ ကြည့်)။ ။

စိစစ်ချက်။ ၁ ။

(က) စောဒကများက သက်သေခံအဖြစ် တင်ပြထားသော စုဒိတက၏ ဟောချက်များအရ (၁) သီလနှင့်သီလကုသိုလ်သည် မရှိတရားပညတ်ဖြစ်သည်၊ (၂) နောက်ဘဝသည်လည်း မရှိတရားပညတ်ဖြစ်သည်။ (၃) ဒါနနှင့် ဒါနကုသိုလ်သည်လည်း မရှိတရားပညတ်ဖြစ်သည်။ (၄) ထိုမရှိတရားတွေကို တကယ်ရှိတယ်ဟု ထင်မှတ်၍ ကြိုးစားပြုလုပ်ရမှ စိတ်ကျေနပ်ခြင်းကြောင့် သဿတဒိဋ္ဌိဖြစ်သည်။ (၅) မလုပ်တော့ပါဘူးဟု ပယ်ဖြတ်လိုက်ခြင်းကြောင့် ဥစ္ဆေဒဒိဋ္ဌိဖြစ်သည်။ (၆) မိမိခန္ဓာကိုယ်အတုံးကြီးသာ ရှိတရားပညတ်ဖြစ်သည်ဟု သိပါမှ မဖ္ဆီမပဋိပဒါကျင့်စဉ်မှန်ဖြစ်၍ ကပ်မှားဖြတ်မှား အစွန်းနှစ်ပါးမှ လွတ်သည်ဟု စုဒိတကဟောကြောင်းထင်ရှားသည်၊ စုဒိတကပုဂ္ဂိုလ်ကလည်း မငြင်းဆိုခဲ့ပေ။ သင်တန်းသားများသည် စုဒိတက သင်တန်းပေးထားသော ပရမတ္ထမမှ၌ မည်မျှခိုင်မြဲစွာ ရပ်တည်နိုင်ကြသည်ကို စူးစမ်းရန်သာ အဓိက ဖြစ်ပါသည်ဟု စုဒိတက ချေပသည်။ ဥပုသ်သည် ညစာထမင်းစားသင့်-မသင့်မေးခွန်း၏ အဖြေသည် သင်တန်းသားများ၏ အဖြေမဟုတ်ဘဲ သင်တန်းဆရာ စုဒိတက၏ အဖြေ သက်သက်ဖြစ်နေသည်။ ထိုဖြေချက်ဖြင့် ကုသိုလ် အကုသိုလ် တကယ်မရှိ၊ အရိပ်ပညတ်မျှဖြစ်သည်ဟု (တိတ်ခွေ၊ ၅/ အောက်၌) ပြောထားသော စကားကို ခိုင်မြဲစေရန်နှင့် ဒါနသီလကုသိုလ်တို့ကို လုပ်လျှင် ကပ်မှားဖြတ်မှား အစွန်းနှစ်ပါးနှင့် ငြိနေသည်ဟု အပြစ်ကြီးကိုပြခြင်းဖြင့် သင်တန်းသားတို့၏ ဒါနသီလကုသိုလ်လုပ်ချင်စိတ်ကို ဖျက်ဆီးရန်နှင့် ယင်းသို့

http://www.dhammadownload.com

ဒါနသီလကုသိုလ် တို့ကို မရှိဟု မှတ်ကာ မလုပ်ချင်ပါမှ ကျင့်စဉ်မှန် ဖြစ်သည်ဟု ထပ်ဆင့် ညွှန်ပြရန် အဓိကထားကာ ထိုသို့ ဟောပြောခြင်းဖြစ်ကြောင်း ပေါ်လွင်သည်။

"သမုတိသစ္စာအရ ဥပုသ်သည်သာမှန်လျှင် ညစာထမင်းမစားသင့်ဟု ပြောကြားထားသော စကားကပင် သီလကို မပယ်ကြောင်း သက်သေခံနေပြီး ဖြစ်ပါသည်" ဟု စုဒိတကဖြေရှင်းသည်။ သမုတိသစ္စာအရ ဟူသော စကားသည် သင်တန်းပေးဟောပြောချက်၌ မပါမရှိ၊ ချေပလွှာတွင်သာ ပါရှိလာသည် (ဟောပြောချက် (ဃ) ကိုကြည့်) "ပရမတ္ထနယ်တွင် ညစာ စားမစား အဓိကမထားတော့ဘဲ အသိဉာဏ်ရပ်တည်မှုခိုင်မြဲသည်ထက် ခိုင်မြဲရန် ရည်သန်၍ ပြောကြားပါသည်"ဟု စုဒိတကချေပသည်။ မေးခွန်းမှာ ညစာထမင်းစားသင့် မစားသင့်သာ အဓိကဖြစ်နေ၍ အဖြေမှာ ပရမတ္ထနယ်တွင် ဥပုသ်သည်မဟုတ် ဥပုသ်သည်မရှိဟု အဓိကဖြစ်နေသည်၊ ယင်းသို့ ဖြစ်ပါလျှက် "ပရမတ္ထနယ်တွင် ညစာ စားမစားကို အဓိကမထားတော့ဘဲ" ဟု ချေပချက်တွင် ကြီးမားသော မာယာဝင်လာသည်။ "သမုတိ သစ္စာနယ်တွင် သီလတရားကို မဆိုထားဘိ, သေးငယ်သော လူ့ယဉ်ကျေးမှုများကိုပင် လေးစားလိုက်နာ စောင့်စည်းလျက် ရှိပါသည်"ဟု(သောဓနာ ၁၃/ ၁ (က) တွင်) စုဒိတကသည် မိမိ၏ ဂုဏ်ထူးကိုပြကာ ဖြေရှင်းသည်။ ထိုဖြေရှင်းချက်၌ "သမုတိသစ္စာနယ်တွင်" ဟု တိတိပပနယ် ခွဲခြားသတ်မှတ်ထားသောကြောင့် ပရမတ္ထနယ်တွင် ဘာသီလကိုမျှ ဘာယဉ်ကျေးမှုကိုမျှ အနှစ်သာရအားဖြင့် ထိန်းသိမ်းစောင့်စည်းမှု မရှိတော့ဘဲ အားလုံး သုညသာဖြစ်နေသည်ဟု အဓိပ္ပါယ်မှန်ထွက်သည်။

ထို့ကြောင့် မိမိ စုဒိတကသည် ရဟန်းသီလမရှိသူဖြစ်၍ ရဟန်းအမည်ခံ သက်နိုးဝတ်တဦးစစ်စစ်ဖြစ်နေပါပြီ။ ရဟန်းစစ်စစ်မဟုတ်တော့ပါဟု စုဒိတကကိုယ်တိုင်က ထုတ်ဖော်ဝန်ခံနေသည်။ သမုတိသစ္စာဟူသည် အသုံးသစ္စာသာ ဖြစ်သည်၊ ပြောဆိုသုံးစွဲရာ၌ လွယ်ကူအောင် ချမ်းသာအောင် သုံးစွဲရုံမျှ သုညသာဖြစ်သည်၊ တကယ်ရှိတယ်ဟု စွဲယူကာ လိုက်နာကျင့်ကြံပြု လုပ်ရန် မဟုတ်ဟူ၍ စုဒိတက ယူစွဲထားကြောင်းသည် သင်တန်းစကားများနှင့် သောဓနာချက်များအရ ထင်ရှားပေါ်လွင် နေပြီး ဖြစ်သောကြောင့်လည်းကောင်း, ကုသိုလ် အကုသိုလ် (၀၊) ကောင်းသော အလုပ်မလုပ်

http://www.dhammadownload.com

ကောင်းသော အလုပ်ဟူသည် တကယ်မရှိ၊ အရိပ်မျှသာ စိတ်ကူးယဉ်မျှသာ ဖြစ်သည်ဟု စုဒိတကဟောချက် သည် တိတ်ခွေ အမှတ် ၅/အေ၌ ရှိသော ကြောင့်လည်းကောင်း (စောဒနာအမှတ် ၁/၉ (ဂ) မှတ် ဟောချက်ကိုကြည့်) ယင်းသို့ မရှိတာကို ရှိတယ်ဟု စွဲယူလျှင် အထင်၊ အစွဲ၊ ဥပါဒါန်၊ အတ္တဒိဋ္ဌိ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိဖြစ်သည်ဟု (အတ္တာတိ ဂဟိတံ နတ္ထိ) ကို အားကိုးကြီးပြု၍ ပြောထားချက်သည် တိတ်ခွေ ဂ/ဘီ၌ ရှိသော ကြောင့်လည်းကောင်း (စောဒနာ၃၊ စုဒိတက ဟောချက်များကိုကြည့်) စုဒိတက၏ သောဓနာ ၁၃/ ၁ (က) ပါ "သမုတိသစ္စာနယ်တွင်" အစချီ ထားသည့် ထိုဖြေရှင်းချက်ဖြင့် စုဒိတကသန္တာန်၌ ရဟန်းဖြစ်ကြောင်း အကျင့် မှန်ကောင်း အဓိသီလဟူသမျှ အားလုံးကုန်ခမ်းချုပ်ငြိမ်း ဇာတ်သိမ်း နေကြ ပြီဟု စုဒိတကကိုယ်တိုင် ထုတ်ဖော်ဝန်ခံနေကြောင်း ပေါ်လွင်ထင်ရှားသည်။

(ခ) သောဓနာ (ချေပ) လွှာ အမှတ်၊ ၁/၁၊ ဦးတည်ချက် အမှတ် (က) ရှင်းလင်းချက် ဝဋ္ဋနိဿိတ၊အတွက် သင်တန်းပေးနေသည်မဟုတ်ကြောင်းကို အတိအလင်းဖော်ပြထားပြီး၊ဖြစ်သောကြောင့် လည်းကောင်း, သောဓနာလွှာ၊ ၁၄/၁ (က) အဆုံးပုဒ်၌ ဝဋ္ဋ-ဝိဝဋ္ဋခွဲခြားပြီးမပြောသည့်အတွက်ဟု စောဒကများက ဆင်ခြေတက်ထားသော်လည်း "တရားသင်တန်း အစအဆုံး နားထောင်ရန်မလိုပါ၊အစတိတ်ခွေကိုနားထောင်ကြည့်ရုံမျှဖြင့် နားလည် လောက်ပါပြီ"ဟူသော စုဒိတက၏ ချေပချက်ကြောင့်လည်းကောင်း ဤနေရာ၌ ဝဋ္ဋနိဿိတဒါနသီလကုသိုလ်တို့ကို ရည်ရွယ်ဆိုပါ သည်ဟု ဆင်ခြေတက်ဖွယ် မရှိတော့ပြီ။ မြတ်ဗုဒ္ဓဟောညွှန်တော်မူထားသော ကုသလာဓမ္မာ၊ အကုသလာဓမ္မာ (ဓမ္မသင်္ဂဏီပါဠိတော်) နှင့်အညီ ကုသိုလ် တကယ်ရှိသည်၊ အကုသိုလ်တကယ်ရှိသည်ဟု ယုံကြည်လျှင် အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိဖြစ်သည်၊ သဿတဒိဋ္ဌိ-ဥစ္ဆေဒဒိဋ္ဌိအစွန်းနှစ်ပါးနှင့် ငြိသည်ဟု ဥပုသ်သည်ကို နမူနာပြု၍ စုဒိတကပုဂ္ဂိုလ်က အလွန်အပြစ်ကြီးစွာ တင်ထားပြီးဖြစ်သောကြောင့် စုဒိတက၏ ဟောပြောချက်များသည် မြတ်ဗုဒ္ဓ၏ ဝါဒမှန်တော်ကို ကန့်နှင့် ကန်၏ အကျိုးရှိသည်ဟု ယုံကြည်မှုတည်း ဟူသော အမြစ်အခြေခံကစ၍ တူးဖြိုဖျက်ဆီးသော အရည်းကြီး-အဇိတ၏ နတ္ထိက (ခေါ်) မရှိဝါဒကို ဦးကာဖွင့်နေခြင်းသာ ဖြစ်သည်မှာ ငြင်းကွယ် မရအောင် ပေါ်လွင်ထင်ရှားခိုင်မြဲနေပြီဖြစ်သည်။

http://www.dhammadownload.com

ငြင်းခုံချက်။ ၂ ။

စွဲဆိုချက်။ အကုသိုလ်ကံသည် အပါယ်သို့ ချနိုင်သည်၊ ကုသိုလ်ကံသည် အပါယ်မှ လွတ်အောင် ကယ်နိုင်သည်ဟူသော မြတ်ဗုဒ္ဓဝါဒ တော်ကို ပယ်လှန်၍ ကံသည် အပါယ်သို့မချနိုင်၊ ကံသည် အပါယ် ကလွတ်အောင် မကယ်နိုင်ဟု စုဒိတကဟောပါသည်။

ချေပချက်။ (အကုသိုလ်ကံသည် အပါယ်သို့ကျစေနိုင်၏) ထိုစကားမှာ တပည့် တော်များလည်း ယုံကြည်ပါသည်၊ ထိုကံကို ချယ်လှယ်နေ သော ကိလေသာဝဋ်ကို သရုပ်ဖော်လိုရ်ု သက္ကာယဒိဋ္ဌိသမုဒယကို ပြစ်မှားထားပြီး နည်းပရိယာယ်များဖြင့် ဆောင်ယူပြသခြင်း ဖြစ်ပါသည် (အကျယ်ကို သောဇနာ၊ ၁၃/၁ (ခ) ၌ ကြည့်) ။

စိစစ်ချက်။ ၂ ။

(က) ဤအခန်း၌ စုဒိတကသည် အလွန်ခေတ်မှီစွာဖြင့် အဝိစိငရဲသား ပြဇာတ်ကို ဖန်တီးထားသည်။ (စောဒနာ-၁၃/၅-၆ ကြည့်) ထိုပြဇာတ်အရ စုဒိတကသည် အကုသိုလ်ကြောင့် အပါယ်ကျသည် ဟူသော ဘုရားရှင်တော်၏ စကားကို မယုံကြည်ဖယ်ရှားလျက် အစွဲသမုဒယကြောင့် အဝိစိရောက်သည်ဟူသော ငရဲသား၏ ပြော စကားကိုသာ ယုံကြည်သူဖြစ်နေသည်ဟု စောဒကများက တင်ပြကြ သည်။ ယင်းသို့ဖြစ်လျှင် စုဒိတကအတွက် ဘုရားထက် မျှားစွာဖိုမို ယုံကြည်လေးစားရသော ထိုငရဲသားသည် စုဒိတက၏ ပရမတ္ထ သစ္စာနယ်က ငရဲသားဖြစ်သည်ဟု ဆိုဖွယ်ဖြစ်နေသည်။

(ခ) အကုသိုလ်ကံသည် အပါယ်သို့ကျစေနိုင်၏ဟူသောစကားကို ယုံကြည် ပါသည်ဟု စုဒိတက၏ သောဇနာလွှာ (၁၃/၁ (ခ) ၌ ဆိုချက်သည် တိတ်ခွေ၊ ၅/အေ) (စောဒနာ၊ ၁/ဇ)င) ဟောချက် အရ ကုသိုလ်-အကုသိုလ် (၃၁)ဘုံမရှိဟူ၍ လည်းကောင်း၊ စောဒနာ-၅-၌ ပြထားသော တိတ်ခွေများအရ လက်ရှိလူ့ဘဝသည်ပင် အပါယ်လေးပါးဖြစ်၍ အပါယ်လေးပါး သီးခြားမရှိ ဟူ၍လည်းကောင်း၊ စုဒိတက၏သင်တန်း ပေးစကားများ ထင်ရှားရှိနေပြီးဖြစ်သောကြောင့် ယုံကြည်ဖွယ် အနည်း ငယ်မျှမရှိ၊ ချွတ်ယွင်း ဖောက်ပြန် မမှန်ဆိုချက်သာ ဖြစ်သည်။ ထိုကံကို

http://www.dhammadownload.com

ခြယ်လှယ်နေသော ကိလေသာဝဋ်ကို သရုပ်ဖော်လို၍ သက္ကာယဒိဋ္ဌိ သမုဒယကို ပစ်မှတ်ထားပြီးမသိ၊ သိအောင်နည်း ပရိယာယ်များဖြင့် ဆောင်ယူပြသသွားခြင်းဖြစ်ပါသည်ဟု စုဒိတကဆိုသည်။ သရုပ်ဖော်လိုတာက ကိလေသာဝဋ်၊ ပစ်မှတ်က သက္ကာယဒိဋ္ဌိ သမုဒယ တကယ် ပစ်ထည့်လိုက်တာက အကုသိုလ်ကြောင့် အပါယ်ရောက်တာမဟုတ်ဟူသော အလွဲစကား၊ ယင်းသို့ စုဒိတက ပစ်ထည့်လိုက်မှုကြောင့် တကယ်ထိခိုက်တာက စုဒိတကပုဂ္ဂိုလ်က စာအုပ်ဟု ညွှန်ပြထားသော ထေရဝါဒဝိဋ္ဌကတ်တော်များ အပါအဝင် မြတ်ဗုဒ္ဓတရားတော်များ အားလုံးနှင့်တကွ မြတ်ဗုဒ္ဓ ရှင်တော်ပါမကျန် သာသနာတော်ဆိုင်ရာ အကောင်းအမွန် အားလုံးဖြစ်နေသည်။ အဝီစိငရဲသား၏ စကားသာ လျှင် အမှန်တရား ပရပတ္ထသစ္စာအဖြစ်ဖြင့် ကျန်ရှိနေတော့သည်။ စုဒိတကသည်လည်း အဝီစိငရဲသား၏ စကားကိုသာ ယုံကြည်၍ သဗ္ဗညုဘုရားရှင်တော်၏ စကားကို မယုံကြည်သူ မလေးစားသူအဖြစ်သို့ သက်ဆင်းသွားတော့သည်။ "မောဃပုရိသ အမ္မေစဝ အဘ္ဘာစိက္ခသိ၊ အတ္တာနဉ္စ ခဏသိ၊ မဂ်ဖိုလ် လမ်းကြောင်းမှန်ကို ဖယ်ရှား ဟယ် အလကား ယောက်ျားသင်သည် ငါဘုရား တို့ကို လည်း မမှန်စကား တို့ဖြင့် မတရားစွပ်စွဲဆဲရေး၏၊ မိမိကိုယ်ကိုလည်း ကောင်းကျိုးပျက်စီး အခ်ိုးအနှိုး ဖြစ်အောင် တူးဖြိုဘိ၏" ဟု မြတ်ဗုဒ္ဓ မိန့်ကြားတော်မူထားသော စကားတော် သည် (ဝိ၊ ၂။ ၁၁၇။ မ၊ ၁၊ ၁၈၅-နှာ) သဘာဝမှန်နှင့် တကယ် ညီညွတ်ကြောင်းကို အဝီစိငရဲသားလောက်မှ မြတ်ဗုဒ္ဓအား မလေးစား မယုံကြည်သူ စုဒိတက၏ လုပ်ရပ်များက ထောက်ခံဖော်ပြနေသည်။

(ဂ) သောဓနာ (ချေပလွှာ)၊ ၁၃/၁၀၊ ကြောင်းရေ-၉-) ၌ အစွဲဥပါဒါန်မှန် သမျှ သမုဒယမဟုတ်ကြောင်းကို စောဒကပုဂ္ဂိုလ်များက တင်ပြထားသည့် အတွက်ဝိနည်းဓိုရ်ဆရာတော်ကြီးများ၏ သုံးသပ်ချက်တွင် ဖြည့်စွက်ဖော်ပြပေးပါရန် စုဒိတက၏ အသနားခံချက်ရှိသည်။ ထိုစကားတွင် (၁) အစွဲ (၂) ဥပါဒါန် (၃) သမုဒယတို့၏ မူလတရားကိုယ်မှန်ကို ဖော်ထုတ်ပြရန်လိုအပ်သည်။ မြတ်ဗုဒ္ဓ၏တရားမှန်တော်အရ အနတ္တ လက္ခဏာစသော ထိုထိုသုတ်တော်များစွာတို့၌ ဧတံ မမ (ဒါငါ့ဟာ

http://www.dhammadownload.com

ငါ့ပစ္စည်းဟု စွဲယူခြင်း-တဏှာစွဲ၊ ဧသောဟမသ္မိ (ငါဖြစ်သည်၊ ဒါငါဘဲ) ဟု စွဲယူခြင်း-မာနစွဲ၊ ဧသော မေအတ္တာ (ဒါငါ့အတ္တ) ဟု စွဲယူခြင်း ဒိဋ္ဌိစွဲဟူ၍ အစွဲသုံးမျိုးရှိသည်။

(ဃ) ဥပါဒါန်သည် ကာမဥပါဒါန်၊ ဒိဋ္ဌဥပါဒါန်၊ သီလဗွတဥပါဒါန်၊ အတ္တဝါဒဥပါဒါန်ဟူ၍-၄-မျိုးရှိသည်၊ (ဒီ၊ ၃၊ ၁၉၂။ အဘိ၊ ဝိ၊ ၁၄၃။ သင်ဟ သမုစ္စည်းပိုင်း၌ကြည့်) ထိုတွင်ကာမဂုဏ် (စွဲမက်စရာ+နှောင်ကြိုး) ငါးမျိုးကို ပြင်းပြင်းထန်ထန်စွဲမက်မှုလောဘသည် ကာမဥပါဒါန် ဖြစ်သည်။ အင်တော်သမားတို့က ကျေးဇူးတင်ဂုဏ်ပြုသောကြောင့် ကာမဂုဏ် ခေါ်သည်ဟု စုဒိတက တိတ်ခွေအမှတ်-၆အေ) ၌ ပြောထားသော ပေါက်ကရစကားကို အနှစ်သာရအားဖြင့် မမှတ်ယူကြနှင့်။ ခွေးတွေ နွားတွေကဲ့သို့ လွတ်လပ်စွာ စား၊ သောက်၊ နေ၊ အိပ်၊ ကျင်ငယ်စွန့်၊ ကျင်ကြီးစွန့်၊ လွတ်လပ်စွာမိတ်လိုက်၊ စိတ်ကြိုက်နေရခြင်း အလေ့အကျင့်သည် လွတ်သောဘဝဖြစ်သည်ဟု ထင်မှားမှုသည် သီလဗွတဥပါဒါန် ဖြစ်သည်။ အတ္တရှိသည်(ဝါ) စွဲစရာရှိသည်ဟု ယူစွဲမှုဒိဋ္ဌိ အတ္တမရှိ (ဝါ) စွဲစရာမရှိဟု ယူစွဲမှုဒိဋ္ဌိနှစ်မျိုးသည် အတ္တဝါဒဥပါဒါန် ဖြစ်သည်။ အနတ္တ-အတ္တမဟုတ်ဟု ယူစွဲမှုသာ ဗုဒ္ဓဝါဒမှန်သည်ဟု အထူးသတိပြုကြလေ။ သီလတဗွနှင့် အတ္တဝါဒတို့မှ အခြားကုန်သော ကုသိုလ် အကုသိုလ်မရှိ၊ ငရဲနတ်ပြဟ္မာမရှိ၊ (၃၁)ဘုံ မရှိ၊ နောက်ဘဝမရှိ စသည် အမှားအလွဲ ယူစွဲမှုသည် ဒိဋ္ဌဥပါဒါန်ဖြစ်သည်။ မူလတရားကိုယ်အားဖြင့် တူရာ စုပေါင်းလိုက်လျှင် လောဘနှင့် ဒိဋ္ဌိဟူ၍ အကုသိုလ်နာမ်တရား နှစ်မျိုး တည်းသာ ဖြစ်သည်။

(c) ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ၊ ယာယံတဏှာ (ပ) ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ(ဓမ္မစက္ကာပါဠိတော်)အရ တဏှာ (ခေါ်) လောဘအကုသိုလ် နာမ်တရားကိုသာ သမုဒယဟု မြတ်ဗုဒ္ဓဟောညွှန်တော်မူထားပါသည်။ ဒိဋ္ဌိကို သမုဒယဟု မဟောထား ချေ။ လောဘနှင့် ပဟာတဗွဓမ္မအဖြစ်ဖြင့် တူသောကြောင့် ကိလေသာ အားလုံးကို သမုဒယဟု သစ္စဝိဘင်း ၁၁၃-နှာ၌ မြတ်ဗုဒ္ဓ ဟောတော်မူ ချက်သည် သာမည(အများဆိုင်ဟော) ဒေသနာတော်ဖြစ်၍ ဓမ္မစက္ကာ သည် ဝိသေသ(ခွဲခြားဟော) ဒေသနာတော် ဖြစ်သည်။

http://www.dhammadownload.com

စုဒိတက၏ အစွဲဥပါဒါန် သမုဒယ

(စ) စုဒိတက၏ သင်တန်းပေးဟောချက်များနှင့် သောခနာလွှာ၌ ဖော်ပြချက်များအရ(၁) တိတ်ခွေအမှတ်-၁ ဘီ သောခနာ ၃/၁ ၌အတ္တဝါဒ ဥပါဒါန်ကို အထင်၊ အစွဲ၊ ဥပါဒါန်၊ အတ္တဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိဟူ၍ အမည်(၇)မျိုးဖြင့် ဆိုထားသည်။ (၂) သောခနာ။ ၅/၂ (ခ)၌ သမုဒယကိလေသဝဋ္ဋဟု ဆိုထားသည်။ (၃) သောခနာ၊ ၁၃/၁(ခ)၌ သက္ကာယဒိဋ္ဌိသမုဒယကို ပစ်မှတ်ထားပြီးဟု ဆိုထားသည်။ (၄) သောတာပတ္တိမဂ်၏ ပဟာတဗ္ဗဖြစ်သော သက္ကာယဒိဋ္ဌိ ကိလေသဝဋ္ဋဟု ဆိုထားသည် (၅) တိတ်ခွေ၊ ၁၄/အေ၌ ကိလေသ ဘာသာပြန်က အစွဲ။ သစ္စာစကားနဲ့ပြောတော့ သမုဒယ သစ္စာဟု ဆိုပြန်သည်။ (၆) တိတ်ခွေ၊ ၁၃/အေ (စောဒနာ ၁၈/၃ (ဂ)၌ ဒီခန္ဓာတတုံးလုံးသမုဒယတုံးကြီးလို့ မှတ်ရမယ်ဟု ဆိုပြန်သည်။ ဤမျှ ရှုပ်ထွေးပွေလီနေအောင် စိတ်ပေါက်သည့်အတိုင်း ပေါက်ကရ ပြောဆိုနေသော စုဒိတကသည် "ဓမ္မနီတိသည် တရားသေဝါဒသမား မဟုတ်ကြောင်းကို ရိပ်မိလောက်ပြီ" ဟု သောခနာလွှာ-၁၃/၂ ၌ ဂုဏ်ယူလိုက်သေးသည်။

(ဆ) စုဒိတက၏ ထိုပေါက်ကရစကားများအရ အထင်။ အစွဲ၊ ဥပါဒါန်၊ (အတ္တဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ၊ ကိလေသဝဋ္ဋ၊ သမုဒယ) သစ္စာဟူ၍ နာမည် (၉) မျိုးရှိသောတရား၏ မူလတရားကိုယ်မှာ တိတ်ခွေ၊ ၁၃/အေ။ စောဒနာ၊ ၁၈/၃ (ဂ) မှတ်ဟောချက်၌ ဒီခန္ဓာတတုံးလုံး သမုဒယတုံးကြီးပါလား ဆိုတာမှတ်ထားရမယ်ဟု စုဒိတက သင်တန်းပေးစကားအရ မိမိ၏ခန္ဓာကိုယ်အတုံးကြီးဖြစ်သည်။ ခါးကိုက်သည်ဆိုရာ၌ ခါးက အစွဲသမုဒယ၊ ကိုက်တာက ဒုက္ခသစ္စာဟု စုဒိတက သရုပ်ဖော်ထားသည်။ ။

(ဇ) ရှင်းလင်းသိလွယ်သော နှိုင်းယှဉ်ပြမည်။

မြတ်ဗုဒ္ဓဝါဒ၌-

(က) မာနသည် အစွဲသာမည်၍ ဥပါဒါန် သမုဒယသစ္စာမမည်။

(ခ) ဒိဋ္ဌိသည် အစွဲ ဥပါဒါန်ဟု နှစ်မည်ရ၍ သမုဒယသစ္စာမမည်။

http://www.dhammadownload.com

(ဂ) လောဘသည် အစွဲ ဥပါဒါန် သမုဒယသစ္စာဟူ၍ သုံးမည် ရသည်။ ။

စုဒိတကဝါဒ၌----မြတ်ဗုဒ္ဓက ရှိတရားဟုဟောတော်မူထားသော အကုသိုလ်သည် မရှိတရား၊ အရိပ်၊ ပညတ်၊ သမုတိသစ္စာ၊ သုံးရုံမျှသာ ဖြစ်သောကြောင့် မိမိခန္ဓာကိုယ်အတုံးကြီးသည်သာ အစွဲ၊ ဥပါဒါန်၊ ကိလေသဝဋ်၊ သမုဒယသစ္စာဖြစ်သည်။ မိမိ၏ ခန္ဓာကိုယ်အတုံးကြီးမဟုတ်တာ အားလုံးကို ရှိတရားဟု ယူမှားလျှင် အထင်၊ အစွဲ၊ ဥပါဒါန်၊ အတ္တဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ၊ ကိလေသဝဋ်၊ သမုဒယဟူ၍ (၉) မည်ရသည်။

မြတ်ဗုဒ္ဓဝါဒ၌----ကိလေသဝဋ်သည် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ဟူ၍ အကုသိုလ်နာမ်တရားသုံးမျိုးဖြစ်သည် (အဝိဇ္ဇာတဏှာဥပါဒါနာစ၊ ကိလေသဝဋ္ဋံ (သမ္မောဟ၊ ၁စဂ-နှာ (သင်ဟပါဠိ) ရှိ၏။)

စုဒိတကဝါဒ၌----အကုသိုလ်နာမ်တရားသည် မရှိတရားဖြစ်သောကြောင့် ကိလေသဝဋ်သည် သက္ကာယဒိဋ္ဌိ၊ အစွဲ၊ သမုဒယ (ခေါ်) မိမိခန္ဓာကိုယ်အတုံးကြီးဖြစ်သည်။ ကျမ်းဂန်သာဓကမပြ။

ဤမျှဖြင့်လည်း စုဒိတက၏ ရူပ်နာမ်လွတ်အဘိဓမ္မာ၊ အရည်းကြီးအဇိတ၏ နတ္ထိကဝါဒဋ္ဌိကာသည် ရူပ်နာမ်မလွတ်သော ဗုဒ္ဓအဘိဓမ္မာကို ဆန့်ကျင်တိုက်ဖျက်နေကြောင်း ပေါ်လွင်ပြီဖြစ်သည်။

(ဃ) စင်စစ်မူ ဓမ္မနီတိသည် ရောက်ရာအခန်း၌ ပေါ်အောင်သာ ဖော်ပြသွားပြီဖြစ်ခြင်းကြောင့် တရားသေဝါဒသမားမဟုတ်ကြောင်းကို ရိပ်မိလောက်ပြီဟု သောခနာလွှာ၊ ၁၃/၂ ၌ စုဒိတကကဆိုသည်။ အခြားသူတို့က အကြောင်း-အကျိုးမှန်စွာပြကာ ကျမ်းဂန်သာဓက ခိုင်လုံစွာထုတ်ပြပြောကြပါလျက် ပညာရှိပီပီ ကြောင်း-ကျိုးညီအောင်လည်းပြန်မပြောနိုင်၊ ကျမ်းဂန်သာဓက မှန်ကိုလည်းမပြနိုင်ပဲ ဝါဝါဒသာ အမှန်မခံ လိပ် ခဲတင်းလင်းစွဲယူထားခြင်းကို တရားသေဝါဒဟု ပညာရှင်များက သတ်မှတ်ထားကြသည်။ ဒုပ္ပဌိနိဿဂ္ဂိဟု သလ္လေခသုတ် (မ၊ ၁၊ ၅၃-နှာ) တော်၌ မြတ်ဗုဒ္ဓဟော ညွှန်တော်မူထားသည်။ ထိုတရားသေဝါဒကို လက်ဆုပ်လက်ကိုင် စွဲယူထားသူတွေကိုသာ တရားသေဝါဒ

http://www.dhammadownload.com

သမားဟု ပညာရှင်များက သတ်မှတ်ထားကြသည်။ ရောက်ရာအခန်း၌ ပုံပေါ်လာအောင် မိမိကိုယ်တိုင်ဇာတ်ဆောင်သူလုပ်ကာ လူ ဖြစ်လိုက်၊ ရဟန္တာဖြစ်လိုက်၊ ဘုရားဖြစ်လိုက်၊ ငရဲသားဖြစ်လိုက်၊ တိရစ္ဆာန်ဖြစ်လိုက်၊ ပြိတ္တာဖြစ်လိုက်၊ အသုရကာယ်ဖြစ်လိုက်စသည် အမျိုးမျိုးပြောင်းလဲ နေခြင်းကို "ကချေသည်ဝါဒ"ဟု ဆိုကြရပေမည်။ ။မှတ်ချက်---အသုရကာယ်ဟူ၍ တချောင်းငင်ဖြင့်ရေးမှ ပြောမှ၊ မှန်သည်၊ နတ်နှင့် တူသူဟု အဓိပ္ပါယ်ထွက်သည်။ သ၌ နှစ်ချောင်းငင်ဖြင့် ရေးပြော၍ မရဲသူ၊ စိတ်မချသူဟု စုဒိတကအဓိပ္ပါယ် ဖော်ပြထားခြင်းသည် ကျမ်းဂန်လွတ် စကားသာဖြစ်သည်ဟု သတိပြုကြရာသည်။

မြတ်ဗုဒ္ဓဝါဒအမှန်ကို အမှန်အတိုင်း ဟောပြောသူများသည် ကချေသည်ဝါဒ အရ ပြဇာတ်သရုပ်ဆောင်သူ မဖြစ်စေရ။ လူ့လောက၌ သရုပ်ဆောင်ကောင်းလျှင် "အကယ်ဒမီရှော့စင်ရုပ်"ဆုလာဘ်ကို ရနိုင်သော်လည်း မြတ်ဗုဒ္ဓတရားတော်၌ ရဟန္တာအဖြစ် ဘုရားအဖြစ် အတုအယောင်သရုပ်ဆောင်မိလျှင် ပါရာဇိက အာပတ်တည်းဟူသော သေဒဏ်ထိုက်သည့်အပြစ်ကြီးနှင့် ငြိနေသူဖြစ်သည်။

စောဒကများတင်ပြထားသော ကျမ်းဂန်သာဓကများ ခိုင်လုံသောကြောင့်လည်းကောင်း စိစစ်ခဲ့ပြီးအကြောင်းအရာတို့ကြောင့်လည်းကောင်း ကံသည် အပယ်မချနိုင်၊ ကံသည် အပါယ်ကလွတ်အောင် မကယ်နိုင်ဟူသော စုဒိတက၏ ဝါဒသည် ပိဋကကျမ်းဂန်များနှင့်လည်းမညီ၊ အကြောင်း-အကျိုးလည်းမလျော်သည့်ပြင် မြတ်ဗုဒ္ဓဝါဒမှန်ကောင်းကို ဖြောင်းဆန်အောင် ကလော်ပစ်သော အရည်းကြီးအဇိတ၏ နတ္ထိက (မရှိ) ဝါဒသာဖြစ်ကြောင်းသည် အလွန်ထင်ရှားပြီ ဖြစ်သည်။ ။

ငြင်းခုံ ချက်။၃။

စွဲ ဆို ချက်။ စုဒိတကသည် ကံကို မယုံကြည်၊ ကံကို ပယ်သူဖြစ်ပါသည်။ အဂ္ဂိလိမာလ အရိယာဖြစ်သွားသဖြင့် ယခင်ကပြုလုပ်ထားသော အကုသိုလ်ကံတွေက အပါယ်သို့မချနိုင်ခြင်းသည် သက္ကာယဒိट्ठि ပြုတ်သွားသောကြောင့်သာ မချနိုင်ခြင်းဖြစ်သည်၊ ထို့ကြောင့် သက္ကာယဒိट्ठिကသာ အပါယ်သို့ချနိုင်သည်၊ ကံသည် မရှိတရားဟု စုဒိတကဟောချက်များကို ထောက်ပြ၍ စောဒနာ တင်ကြသည်။ ။

http://www.dhammadownload.com

ချေပချက်။ သောဓနာ၊ ၁၃"(ခ) မှတ်ပြစကားတွင် လျှောက်ထားခဲ့သည့် အတိုင်း မည်သည့်ကံကိုမျှ ပယ်ရန်ကြိုးစားနေသည်မဟုတ်ပဲ၊ ပဟာတဗ္ဗဖြစ်သော ကိလေသဝဋ်ကိုပုံပေါ်လာစေရန် ဟောပြောပြသခြင်းသာဖြစ်ပါသည်"။ သောဓနာလွှာ၊ အမှတ်-၃/ အပိုဒ် (ဂ)တွင် ပါဠိကျမ်းအကိုးအကားများဖြင့် ဖြေဆိုထားပြီးဖြစ်ပါသည်။ ။

စီစစ်ချက်။၃။

(က) စုဒိတကသည် ကံပယ်သူမဟုတ်ပါဟု ငြင်းဆိုသည်။ တိတ်ခွေ၊ ဂ/ဘီ (စောဒနာ၊ ၃ (ဃ) ၌ ကုသိုလ်ကံ အကုသိုလ်ကံ ရှိတယ်ဟုယူစွဲလျှင်၊ "အတ္တာတိဂဟိတံနတ္ထိ"အရ အတ္တဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိဖြစ်သည်ဟု အလွဲဟောပြောချက်ကိုလည်း မစွန့်လွှတ်ချေ။ မြတ်ဗုဒ္ဓကိုပင် သက္ကာယဒိဋ္ဌိစွဲယူသူဟု ဆဲရေးရာရောက်သော သက္ကာယဒိဋ္ဌိယူစွဲပုံအလွဲကို ခိုင်မြဲသည် ထက်ခိုင်မြဲအောင် အကြောင်းအမျိုးမျိုးပြကာ ဆက်လက်သောဓနာ (ချေပ) လွှာတင်နေသည်။ ထို့ကြောင့် စုဒိတကသည် ထိုအလွဲကို တသက်လုံးစွန့်တော့မည့်သူမဟုတ်ဟု ဤရုံးတော်က ယုံကြည်သည်။

(ခ) သောတာပတ္တိမဂ်ကိုရပြီးလျှင် (၀၊) သောတာပန်ဖြစ်ပြီးလျှင် အပါယ်တံခါးပိတ်ပြီ၊ အပါယ်သို့ မကျတော့ပြီဟု စောဒကများနှင့် စုဒိတကတို့က လက်ခံယုံကြည်ကြသည်။ သောတာပတ္တိမဂ်သည် အပါယ်တံခါးပိတ်အောင် အဘယ်တရားတို့ကို အပြီးအပြတ်ပယ်သနည်းဟု ရှာကြည့်သော် ဒဿနေန ပဟာတဗ္ဗာ (ဓမ္မသင်္ဂဏီပါဠိတော်)အရ သောတာပတ္တိမဂ်သည် သက္ကာယဒိဋ္ဌိ၊ သီလဗ္ဗတပရာမာသဒိဋ္ဌိ၊ ဝိစိကိစ္ဆာဟူသော သံယောဇဉ် သုံးမျိုးနှင့်တကွ ထိုသံယောဇဉ်တို့နှင့် ပူးတွဲဖြစ်လေ့ရှိကုန်သော ဒိဋ္ဌဂတသမ္ပယုတ်စိတ်လေးခု၊ ဝိစိကိစ္ဆာသဟဂုတ်စိတ်တစ်ခုဟူသော အကုသိုလ်စိတ်-ငါးခုနှင့်စေတသိက်တို့ကို အပြီးသတ်နောက်ထပ် မဖြစ်အောင်ပယ်သည်၊ ကျန်အကုသိုလ်စိတ် (၇) မျိုးနှင့် စေတသိက်တို့ကို အပြီးသတ်မပယ်နိုင်၊ ထိုမပယ်နိုင်

http://www.dhammadownload.com

သော အကုသိုလ်စိတ် (၇) မျိုးတို့တွင် ဥဒ္ဓစ္စသဟဂုတ်စိတ်သည် ပဋိသန္ဓေအကျိုးကို မပေးနိုင်သော်ကြောင့်၊ ယင်းကိုချန်၍ ကျန် အကုသိုလ်တရား-၆-မျိုးတို့ကြောင့် အပါယ်သို့ ဧကန် ရောက်ရမည်၊ (၀၊) ကျန်အကုသိုလ်တရား (စိတ်+စေတသိက်) တို့က အပါယ်သို့ကျစေဦးမည်၊ ဧကန်ဖြစ်သည်။ သို့သော် သောတာ-ပတ္တိမဂ်သည် ထိုကျန်သော အကုသိုလ်တရား၆-မျိုးတို့၏ အပါယ်သို့ကျစေနိုင်သော စွမ်း ရည် (မျိုးစေ့)ကို အပြီးသတ်-ပယ်လိုက်သည် ယင်းသို့ပယ်သည်ဟူ၍ အနုသယယမိုက်၊ ပဇဟနဝါရပါဠိတော် (ယမက၊ ၂ ၁၄၈)တွင် ဒိဋ္ဌာနုသယမူလီ နှင့် ဝိစိကိစ္ဆာနုသယမူလီအားလုံး၌ တဒေကဋ္ဌ ပဇဟတိ (တပေါင်းတည်းပယ်သည်)ဟု မြတ်ဗုဒ္ဓ ဟောညွှန် တော်မူထား သည်၊ (အကျယ်ကို ယမိုက်အရကောက်၌ကြည့်)။ ဤသို့လျှင် အကုသိုလ်တရားအားလုံးတို့၏ အပါယ် သို့ကျစေ နိုင်သော စွမ်းရည် (ပဋိသန္ဓေမျိုးစေ့)ကို သောတာပတ္တိမဂ်က အပြီးသတ် ပယ်လိုက်သောကြောင့် သောတာပတ္တိမဂ်က မပယ်နိုင်ပဲကျန် နေသော လောဘမူစိတ်-၄+ဒေါသမူ စိတ်-၂-ဟူသော အကု-သိုလ် တရား-၆-မျိုးတို့ ဆက်လက်ဖြစ်နေကြသော်လည်း အပါယ်သို့မကျပြီ၊ အပါယ်တံခါးပိတ်ပြီ။ ထိုကြောင့် ဥဒ္ဓစ္စ ကိုချန်၍ ကျန်အကုသိုလ်တို့ကြောင့် အပါယ်သို့ရောက်ရသည်၊ (၀၊)အကုသိုလ်ကံတို့က အပါယ်သို့ချနိုင်သည်မှာ မှန်ကန်သည်။ သက္ကာယဒိဋ္ဌိစွဲဖြင့် အကုသိုလ်ပြုမိသောကြောင့် အပါယ်ရောက်၍ သက္ကာယဒိဋ္ဌိစွဲဖြင့် ဝဋ္ဋနိဿိတကုသိုလ်ကို ပြုမိခြင်းကြောင့် အပါယ်မရောက်ဘဲ လူပြည်နှတ်ပြည် ပြဟ္မာပြည် ဟူသော သုဂတိဘဝတို့သို့သာ ရောက်ခြင်းကြောင့်လည်း သက္ကာယဒိဋ္ဌိ သည် အပါယ်သို့ချနိုင်သောစွမ်းရည် (ပဋိသန္ဓေ မျိုးစေ့) ရှိသော တရားမဟုတ်ကြောင်းမှာ အလွန်ထင်ရှား သည်။ ယင်းသို့ဖြစ်၍ အကုသိုလ်ကံတို့ကြောင့်သာ အပါယ်ရောက်သည်၊ သက္ကာယ ဒိဋ္ဌိကြောင့် အပါယ်ရောက်သည်မဟုတ်ဟူသော စောဒကများ

http://www.dhammadownload.com

၏ စကားသည်မှန်သည်။ အကုသိုလ်ကံကြောင့် အပါယ်
မရောက်၊ သဗ္ဗာယဒိဋ္ဌိကြောင့် အပါယ်ရောက် သည်ဟူသော
စုဒိတက၏စကားကည် အမှားစစ်စစ်သာ ဖြစ်သည်ဟု
သိမှတ်ကြရာသည်။ စုဒိတကသည် နတ္ထိသုကဋ-ဒုက္ကဋာနံ
ကမ္မာနံ ဖလံ ဝိပါကော-ကောင်းကံ မကောင်းကံတို့၏ ကျိုးရင်း-
ကျိုးဆက်မရှိ။ နတ္ထိပရောလော ကော-နောက်ဘဝ မရှိ။ နတ္ထိ
သတ္တာ သြပပါတိကာ-ခန္ဓာကိုယ် အပြည်အစုံ တကြိမ်တည်း
ဖြစ်ကြကုန်သော (ငရဲ၊ နတ်၊ ဗြဟ္မာ) သတ္တဝါတွေ မရှိကုန်
အစရှိသည်ဖြင့် ပြောဆိုသင်တန်းပေးသူ အရည်းကြီး အဇိတ၏
မရှိဝါဒ (နတ္ထိက) ကို ယူစွဲ၍ မြတ်ဗုဒ္ဓဝါဒ မှန်ကို ဖျက်ဆီး
တိုက်ခိုက်လျှက် ကံနှင့် ဘုံဘဝတကယ်မရှိ။ ရှိသည်ဟု ယူစွဲ
လျှင် သဗ္ဗာယဒိဋ္ဌိဖြစ်သည်၊ ထို သဗ္ဗာယဒိဋ္ဌိကြောင့်သာ
အပါယ်ရောက်သည်၊ အပါယ်လေးပါးမရှိဟု ယူစွဲထားလျှင်
ရောက်စရာအပါယ်မရှိ၊ အပါယ်မရောက်တော့ဟု အလွဲအမှား
သင်တန်းပေးသည်။ ထိုဟောချက်သည် လွဲမှားချက်ကြီးမား
လွန်းသည်။ တိရစ္ဆာန်ရှိနေသည်ကို မိမိကိုယ်တိုင်မြင်နေပါလျှက်
တိရစ္ဆာန်အပါအဝင် အပါယ်လေးပါးမရှိ၊ စိတ်ကူးယဉ်မျှသာ
ဖြစ်သည်ဟုလည်းကောင်း မျက်စိဖြင့် မြင်နေရသော ဤလူ့ဘဝ
အပါအဝင် ၃၁-ဘုံမရှိ၊ စိတ်ကူးယဉ်မျှသာ ဖြစ်သည်ဟု လည်း
ကောင်း စုဒိတကပြောစကား မမှန်ကြောင်းကို အသိဉာဏ်
မှန်အနည်းငယ်မျှရှိသူတိုင်း သိလွယ်လွန်းလှပေသည်။ ငရဲ၊
ပြိတ္တာ၊ အသူရကာယ်နှင့်နတ်၊ ဗြဟ္မာတွေကို ဒိဗ္ဗစက္ခု
အဘိညာဉ် (ခေါ်) သမာဓိဉာဏ်မျက်စိဖြင့် ဧကန်မြင်နိုင်သည်၊
ငါမြင်သည်ဟု မြတ်ဗုဒ္ဓဟောညွှန်တော်မူထားသည်။ ဒိဗ္ဗ-
စက္ခုရဖို့ နည်းလမ်းသည်လည်း မြတ်ဗုဒ္ဓ ဟောညွှန်တော်မူထား
သည့်အတိုင်း အပြည့်အစုံရှိသည်၊ ဒိဗ္ဗစက္ခုရဖို့အတွက်
လကမ္ဘာသို့ သွားရသလောက် ဒုက္ခ မရောက် မခက်ခဲပဲ၊
ငွေလည်းမကုန်ပေ။ မယုံသူတွေ ဒိဗ္ဗစက္ခုကို ရအောင်လုပ်ပြီး
ကြည့်ကြလေ။

http://www.dhammadownload.com

(ဂ) သောခနာလ္ဘာ၊ အမှတ်၊ ၃/အပိုဒ် (ဂ)တွင် ပါဠိကျမ်း အကိုးအကားများဖြင့် ဖြေဆိုထားပြီး ဖြစ်ပါသည်ဟူသော စုဒိတက၏ စကားအရ ကျမ်းအကိုးအကားများမှာ သက္ကာယဒိဋ္ဌိ ပြုတ်အောင် အားထုတ်ဖို့ မြတ်ဗုဒ္ဓည္ဆန်ကြားတော်မူချက် များသာ ဖြစ်သည်။ သက္ကာယဒိဋ္ဌိကိုမျှ ဘယ်ဟာဟု မှန်ကန်အောင် မသိဘဲ အလွဲစကားတို့ဖြင့် သက္ကာယဒိဋ္ဌိကို ဖော်ထုတ်သော ကြောင့် မြတ်ဗုဒ္ဓကိုပင် သက္ကာယဒိဋ္ဌိစွဲနေသူဟု ဆဲရေးနေသူ စုဒိတကအဖို့ ယင်းသို့ သက္ကာယဒိဋ္ဌိကိုပယ်ရန် မြတ်ဗုဒ္ဓ ဟောညွှန်တော်မူချက် တရားတော်သည် ဘာမျှတန်ဖိုးမရှိ၊ ဟိတ်ဟန်ထုတ်သည့် စကားမျှသာ ဖြစ်နေတော့သည်။

အကုသိုလ်ကံသည် အပါယ်မချနိုင်၊ သက္ကာယဒိဋ္ဌိကသာ အပါယ်ချနိုင်သည်ဟု စုဒိတကဟောချက်များ မှားယွင်းပါသည်၊ စုဒိတကသည် ကံကို မယုံကြည် ကံပယ်သူဖြစ်သည်ဟူ စောဒကများ၏ စွဲဆိုချက်သည် ကျမ်းဂန်များနှင့် ညီသည်။ ကြောင်း-ကျိုးလည်း ဆက်စပ်သည်ဟု ရုံးတော်က စိစစ်သုံးသပ်တော်မူကြသည်။

စောဒနာအမှတ်-၁၄-သုံးသပ်ချက်

အငြင်းပွားချက်

စုဒိတက၏ အောက်ပါတို့နှင့် စပ်သော ဟောချက်များသည် ပိဋကတ ကျမ်းဂန်များနှင့်တကွ ဗုဒ္ဓ၏ တရားတော်မှန်များကို ဆန့်ကျင် တိုက်ခိုက်ပါသည်။

(၁) ဧကောဓမ္မော အဘိဓမ္မာဆိုတာ တလုံးတည်ရှိရတာ၊ နှစ်ခွမရှိဘူး၊

(၂) ရူပ်နာမ်လွတ်သောအဘိဓမ္မာ၊ ရူပ်နာမ်လွတ်သော ဝိပဿနာ၊

(၃) ဓမ္မမည် ပုံနှင့် ဓမ္မသရုပ်များ၊

(၄) (က) သန္ဓိဋ္ဌိက အဓိပ္ပါယ်နှင့် သရုပ်။ (ခ) အကာလိက အဓိပ္ပါယ်နှင့် သရုပ်၊

ငြင်းခုံချက်။၁။

စွဲဆိုချက်။ ဧကောဓမ္မော-အဘိဓမ္မာဆိုတာတလုံးတည်းရှိရတာ၊နှစ်ခွမရှိရဘူး ဟူသော ကျမ်းဂန်များနှင့်မညီသော ဟောပြောချက်ဖြင့် ရူပ် နာမ်

http://www.dhammadownload.com

နှစ်တန်၊ ကုသိုလ်-အကုသိုလ်နှစ်လီ၊ အပါယ်လူနတ်ပြဟ္မာဟု သတ္တဝါလေးဖြာဘုံ-၃၁ စသည်တို့ကို ဆန့်ကျင်တိုက်ခိုက် ဖျက်ဆီးပါသည်ဟု စုဒိတကဏ် ဟောချက်များကို တင်ပြစောဒနာကြသည်။

ချေပချက်။ မိမိအားထုတ်၍ရရှိထားသော စွဲစရာရှာမရ အနတ္တသဘာဝကို ဧကော ဓမ္မောဟု ဆိုလိုရင်း ဖြစ်သည်။

စီစစ်ချက်။ ၁ ။

(က) စုဒိတကပုဂ္ဂိုလ်သည် အဝိဇ္ဇာကို မိုက်ထာဟု ဘာသာပြန်ခြင်းအတွက် အဓမ္မဝါဒမဖြစ်ပါဟု အကျယ်ရှင်းပြ ချေသည်၊ ထိုသို့ ဘာသာပြန်သည် အတွက် အဓမ္မဝါဒဖြစ်သည်ဟု စောဒကများက စွဲဆိုချက်မတင်ပေ။ အဖုံးအကာဟု ယဉ်ကျေးစွာ ဘာသာပြန်မှုကိုဖျက်၍ အဝိဇ္ဇာဆိုတာ မိုက်တာဟု ဘာသာ ပြန်လိုက်သည်၊ "ကံတွေကို များများဖက်တာ အမိုက်ပိုပြီး ထူးကဲလို့" ဟု ဓမ္မနီတိက နှက်ထဲ လိုက်ပါသည်ဟူ၍သာ တင်ပြကြ သည်။ (စောဒနာ၊ ၁၄/၅ ၌ကြည့်)။ ယင်းသို့ဖြစ်၍ ထိုအချက်ကို အကယ်စီစစ်ရန် မလိုအပ်ချေ။ ဗာလော ကရောတိ သခ်ါရေ-တိဝိဓေ ဒုက္ခဟေတုကေ အစရှိသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာ စကားဟု စုဒိတက တင်ပြသည်၊ ထိုဂါထာသည် ပရမတ္ထ သရူပ-ဘေဒနီပ-၃၃၇ ၌မဟာဝိသုဒ္ဓါရဲ့ ဆရာ တော်ကြီး ရေးစီသော ဂါထာ ဖြစ်သည်၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာတွင် မရှိပေ။ ။

(ခ) (ဒွယနိဿိတော ခေါအယံ လောကော) စသော ကစ္စာန ဂေါတ္တသုတ်နှင့် အညီ နှစ်ခွဖြစ်သော ဒွယလောကမှ လွတ်မြောက်အောင်ဟူသော စုဒိတကဏ် ချေပလွှာတွင် ဒွယနိဿိတော ခေါအယံလောကော စသော ကစ္စာန ဂေါတ္တသုတ်နှင့် အညီဟူသော စကားသည် ဒွယလောကကို ဖော်ပြသည့်စကားမျှသာ ဖြစ်သည်၊ ကစ္စာန ဂေါတ္တသုတ်တော်သည် ဧကော ဓမ္မောကို ဖော်ပြသော သုတ်တော်ဟု အယူမလွဲကြစေနှင့်။ ဒွယလောကကို ဖော်ပြသော ကစ္စာန ဂေါတ္တသုတ်သည် ဧကော-ဓမ္မောနှင့် ဘာမျှမသက်ဆိုင်ပေ။

(ဂ) 'စိတ်ဆိုလျှင် စိတ်တလုံး၊ ရုပ်ဆိုလျှင် ရုပ်တလုံး၊ ဝေဒနာဆိုလျှင် ဝေဒနာတလုံးပေါ်မှာသာ အဓိကစူးစိုက်ပြီး ရပ်တည်မှုခိုင်မြဲအောင်

http://www.dhammadownload.com

အားထုတ်၍ ရရှိထားသော စွဲစရာရှာမရ အနတ္တ သဘာဝကို ဧကော ဓမ္မောဟု ဆိုလိုရင်း ဖြစ်ပါသည်' ဟု စုဒိတကချေပချက်တွင် 'စိတ်တလုံး၊ ရူပ်တလုံး၊ ဝေဒနာတလုံးပေါ်မှာသာ အဓိကခိုင်မြဲအောင် အားထုတ်၍ ရရှိထားသော 'ဟူသည့် စကားတို့သည် စုဒိတက၏ ဧကောဓမ္မောနှင့် လည်းကောင်း၊ ရူပ်နာမ်လွတ်သော ဝိပဿနာနှင့်လည်းကောင်း အနည်းငယ်မျှ မဆက်စပ် မသက်ဆိုင်ပဲ စုဒိတကဖယ်ကြဉ်ထားသော ဝိပဿနာရှုနည်းတွေကို ဆွဲထည့်ထားခြင်းသာ ဖြစ်သည်၊ စုဒိတကသည် မိမိခန္ဓာကိုယ်အတုံးကြီးသာ တကယ်ရှိပရမတ်ဖြစ်သည်၊ ကုသိုလ်၊ အကုသိုလ်၊ (၃၁)ဘုံတို့သည် တကယ်မရှိ-အရိပ်၊ ပညတ်များ ဖြစ်ကြသည်ဟုလည်းကောင်း၊ ထိုမရှိတရားတွေကို တကယ်ရှိတယ်ဟုယူလျှင် အတ္တဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိဖြစ်သည်ဟုလည်းကောင်း ပယ်ပယ်နယ်နယ်အပြစ်ကြီးပြ၍ ဖယ်ထားပြီး ဖြစ်သည် (စောဒနာ၊ ၁နှင့် ၃ ရှိ စုဒိတက ဟောချက်များကိုကြည့်)။ ထို့ကြောင့် တကယ်မရှိ၊ အရိပ်၊ ပညတ်ဟု သတ်မှတ်ဖယ်ကြဉ်ထားခဲ့သောစိတ်၊ ရူပ်၊ ဝေဒနာတို့ကို ရူပ်နာမ်လွတ်သော ဝိပဿနာသင်တန်း၌ ဝိပဿနာရှုသယောင် ယောင် ကြောင်တောင်တောင် ပြောနေခြင်းသာ ဖြစ်သည်။ စုဒိတက၏ ဝိပဿနာ သည် မိမိခန္ဓာကိုယ်အတုံးကြီးကိုသာ ရှိတရား-ပရမတ်ဟု မှတ်၍ ထိုပရမတ် -မဏ္ဍိုင်ပေါ်၌ ခိုင်မြဲစွာရပ်တည်ခြင်းနှင့် မိမိခန္ဓာကိုယ်အတုံးကြီး မဟုတ်တာ အားလုံးကို မရှိတရား-ပညတ်ဟု မှတ်၍ သုံးရုံးမျှသာဟု သိခြင်းမျှ ဖြစ်သည်။ မြတ်ဗုဒ္ဓဟောညွှန်တော်မူထားသော တကယ့်ဝိပဿနာရှုမှု ပါရှိသည်ကို မတွေ့ရပေ။ ရူပ်-နာမ်ဝိပဿနာရှုမှုကို ကဲ့ရဲ့ပြစ်တင်သည်။ ရူပ်-နာမ်ကို တကယ်ရှိသည်ဟူ၍မျှ လက်မခံပဲ ပယ်ပစ်ထားသည်။ 'ရူပ်ကဘယ်လို နာမ်က ဘယ်သို့၊ ဝိထိကဘယ်သင်း၊ ပစ္စည်းချင်းဘယ်လို ဆက်စသော အချက်အလက်တွေကို တရားရှာသူအတွက် အဓိကအချက်အနေဖြင့် မဟောဘဲ' သောဓနာလွှာတွင် ရှေ့စကားနှင့်တဆက်တည်း ဆိုထားသည်တွင် 'ရူပ်ကဘယ်လို၊ နာမ်က ဘယ်သို့' ဟူသော စကားလုံးတို့ကို အဓိက

http://www.dhammadownload.com

အချက်အနေနှင့် မဟောဘဲ ဟူသော ပဓါန ဆက်တွဲ စပ်ရာပုဒ်နှင့် စာစပ်နည်းအရ ဆက်တွဲလိုက်လျှင်စုဒိတက၏ဝိပဿနာ၌ ရူပ်-နာမ်ကို ပယ်ထားကြောင်းမှာ ထင်ထင်ရှားရှားပေါ် လွင်သည်။ စုဒိတကသည် ယင်းသို့ယောင်တောင်တောင် ကြောင်တောင်တောင် မဆိုင်ရာ အကြောင်းတွေပြု၍ စွဲစရာရှာမရ အနတ္တသဘာဝကို ဧကောဓမ္မောဟု ဆိုလိုရင်း ဖြစ်ပါ သည်ဟု နိဂုံးချုပ်ထားသည်။အနိစ္စသဘာဝ၊ဒုက္ခ သဘာဝတို့ကိုလည်း ဝိပဿနာရှုမှုအဖြစ်ဖြင့် မြတ်ဗုဒ္ဓဟောညွှန်တော်မူ ထားသည်ကို ထည့်မစဉ်းစားပဲ ပယ်ပစ်၍ အနတ္တသဘာဝ တခု တည်းကိုသာ ယူစွဲ ကာဧကောဓမ္မောဟု စုဒိတက ဆိုထားသည်။

(ဃ) ဧကောဓမ္မော- အဘိဓမ္မာဆိုတာ တလုံးတည်းရှိရတာ၊ နှစ်ခွမရှိရဘူး ဟူသော စုဒိတက၏ပေတံသည် ဟုတ်မှန်ကြောင်းကို ကျမ်းဂန်သာဓက လည်းမပြနိုင်စရာလည်းမရှိ၊ ကြောင်း-ကျိုးမှန်သဘာဝ ဆိုက်အောင် လည်း မတင်ပြနိုင်သောကြောင့်လည်းကောင်း၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ဝိပဿနာရှုနည်းမှန် သုံးရပ်ကို မြတ်ဗုဒ္ဓဟောညွှန်တော်မူထား သောကြောင့်လည်းကောင်း၊ အနတ္တ တမျိုးသာ ဘုရားဟောသယောင် ယောင် ကြောင်တောင်တောင် လုပ်ထားမသောကြောင့်လည်းကောင်း၊ ရူပ်-နာမ်တို့ကို အနတ္တမဟုတ်သယောင် ဘေးဖယ် ထားသောကြောင့် လည်းကောင်း ထိုပေတံကိုလက်စွဲပြု၍ ဗုဒ္ဓအဘိဓမ္မာသည် မစင်ပုံ အဘိဓမ္မာစသည်ဖြင့် တိုက်ခိုက်သောကြောင့် လည်းကောင်း၊ ကွဲပြားတာ-သုတ္တန်၊ တူညီတာ အဘိဓမ္မာ၊ မတူမျှက မူလပြန်ရှာ စသည် ဖြင့် ဗုဒ္ဓပိဋကက ကျမ်းဂန်များနှင့် တရားမှန်တော်များကို တိုက်ခိုက် ဖျက်ဆီးသောကြောင့် လည်းကောင်း စုဒိတကအသုံးပြုရာ၌ ထိုပေတံ သည်သာသနာဖျက် လက်နက်ပေတံသာ ဖြစ်သည်၊ ထိုပေတံဖြင့်တိုင်း၍ ဗုဒ္ဓသာသနာတော်ဆိုင်ရာ ကျမ်းဂန်များ တရားတော်မှန်များကို စုဒိတက ဖျက်ဆီးချက်တို့ကို သက်ဆိုင်ရာ စောဒနာခန်းများ၌ အထူးအားဖြင့် စောဒနာအမှတ် (၂၀) ၌ စီစစ်ကြကုန်အံ့။

ပြင်းခုံချက်။ ၂ ။

စွဲဆိုချက်။ စုဒိတကသည် ဧကောဓမ္မော စမ်းသပ်ကြိယာ၏စွမ်းဟုန် ထက် မြတ်ပုံကို ပေါ် လွင်ထင်ရှား လူကြိုက်များစေရန် ရူပ်နာမ်လွတ်သော

http://www.dhammadownload.com

အဘိဓမ္မာ၊ ရူပ်နာမ်လွတ်သော ဝိပဿနာဟု အော်ဟစ်ခဲ့ပါသည်။ သစ္စာလေးပါး အနတ္တ မြတ်တရားဟူသော စကားကို ဗုဒ္ဓအဘိဓမ္မာမှ ယူထားသော်လည်း အဓိပ္ပါယ်မှန်ကို ဗုဒ္ဓအဘိဓမ္မာမှ မယူဘဲ ရူပ်နာမ်လွတ်သော အဘိဓမ္မာအရ သိပ္ပံနည်းကျဟု ပြောနေပါသည်။

ချေပချက်။ ။ ထိုထိုရူပ်နာမ်တရားတို့မှ လွတ်သောချုပ်ငြိမ်းပြီးသောအမည်နာမဘာကိုမျှရှာမရသော အနတ္တသဘောကို ရူပ်နာမ်လွတ်သော ဝိပဿနာ၊ ရူပ်နာမ်လွတ်သော အဘိဓမ္မာဟု သုံးနှုန်းထားခြင်းဖြစ်ပါသည်။

စီစစ်ချက်။ ၂ ။

(က) (၁) စုဒိတကဏ္ဍ၀ါဒ၌ ဝိပဿနာနှင့်အဘိဓမ္မာသည် အနတ္တသဘာ၀ကို ဆိုလိုသည်ဟု အဓိပ္ပါယ်ထွက်သည်။ ထို့ကြောင့် ဝိပဿနာ၊ အဘိဓမ္မာ၊ အနတ္တသဘာ၀ဟူသော သုံးမျိုးတို့သည် နာမည်ကွဲ-တရားကိုယ်တူ၊ သရုပ်လည်းတူသည်ဟု ပိဏ္ဍတ္ထပေါ်လာသည်။

(က) (၂) စုဒိတကဏ္ဍ၏ချေပချက်တွင် ဝိသေသနပုဒ်တို့ကို ဝိသေသျပုဒ်နှင့် အသီးသီး စာစပ်နည်းအတိုင်း တွဲစပ်လိုက်လျှင် (၁) ရူပ်နာမ်တရားတို့မှ လွတ်သောအနတ္တသဘော (၂) ချုပ်ငြိမ်းပြီးသော အနတ္တသဘော၊ (၃) အမည်နာမဘာကိုမျှ ရှာမရသော အနတ္တသဘောဟု အစုသုံးစု ဖြစ်လာသည်၊ အနတ္တအဂ်ါသုံးရပ်လည်း ပေါ်လာသည်။

ရူပ်နာမ်တရားတို့မှ လွတ်သောအနတ္တ

(၁) မြတ်ဗုဒ္ဓ၏အဘိဓမ္မာတွင် ပထမကျမ်းစာကို ဓမ္မသင်္ဂဏီ (တရားစု) ဟုလည်းကောင်း၊ မာတိကာ (တရားမိခင်) ဟုလည်းကောင်း ခေါ်ဝေါ်ကြသည်။ ထိုကျမ်းစာ၌ အဘိဓမ္မာသဘာ၀အရ ပရမတ္ထတရားအားလုံးတို့ကို သုံးစုခွဲနည်း (တိက်) နှစ်စုခွဲနည်း (ဒုက်) ဟုသတ်မှတ်၍ဟောကြားတော်မူသည်၊ ထိုမာတိကာ (တရားမိခင်) ကျမ်းစာတွင် အဘိဓမ္မမာတိကာ၌ ရူပိနောဓမ္မာ (ရူပ်တရားများ) အရူပိနောဓမ္မာ (နာမ်တရားများ) ဟု ဟောတော်မူသည်၊ သုတ္တန္တိကမာတိကာ၌ နာမဋ္ဌ (နာမ်တရားလည်းကောင်း) + ရူပဋ္ဌ (ရူပ်တရားလည်းကောင်း) ဟူ၍

http://www.dhammadownload.com

ဟောတော်မူသည်။ စိတ်၊ စေတသိက်တို့သည် မိမိကအာရုံသို့ ညွှတ်တတ်သော ကြောင့်လည်းကောင်း အာရုံဟူသော မိမိသို့ညွှတ်စေတတ်သောကြောင့် လည်းကောင်းနာမ်မည်၏။ နိဗ္ဗာန်သည်အာရုံဟူသော မိမိသို့ စိတ်စေတသိက်တို့ ကို ညွှတ်စေတတ်သောကြောင့် နာမ်မည်၏ (အဘိ၊ ၁-၅၊ ၄၂၂ ကိုကြည့်) ထို့ကြောင့် ရူပီဓမ္မ+ အရူပီဓမ္မဟူသော ခွဲပုံအရလည်းကောင်း၊ နာမဇ္ဇ ရူပဇ္ဇ (၉) နှင့်အညီ နာမ်ရူပ်ဟူသော ခွဲနည်းအရလည်းကောင်း တပုဒ်ပုဒ်၌ ပါဝင်သောတရားတို့ကို ပရမတ်ဟုယူ၍ ပရမတ်မှလွတ်သောတရားတို့ကို ပညတ်ဟုယူရသည်။ ထိုသို့ဖြစ်၍ ဗုဒ္ဓအဘိဓမ္မာ၌ ပရမတ်တရားသည် ရူပ် (သို့မဟုတ်) နာမ်ဖြစ်သည်။ ရူပ်နာမ်မှ လွတ်သော ပရမတ်တရား မရှိချေ။ ရူပ်နာမ်မှလွတ်လျှင် ပရမတ်မဟုတ်၊ ပညတ်ဟုသတ်မှတ်သည်။ ထို့ကြောင့် ပရမတ်-ပညတ် (၀၊) ရှိတရား-မရှိတရားသိရန် နာမ်တရားလား-ရူပ်တရားလားဟု ခွဲခြားရသည်။ နာမ်-ရူပ်မဟုတ်လျှင် မရှိတရားပညတ်ဟု သိမှတ်သည်၊ ဤကားဗုဒ္ဓ အဘိဓမ္မာအရ ဝိပဿနာအားထုတ်ရန် အခြေခံအဖြစ်ဖြင့် ရူပ်နာမ်ခွဲရခြင်း၏ အကြောင်းတရပ်ပေတည်း။ ရူပ်နာမ်သဘာဝမသိသေးသူတွေကို အဘိဓမ္မတ္ထ သင်ဟကျမ်းဆရာကြီးက-

> တတ္ထ ဝုတ္တာ ဘိဓမ္မတ္ထာ၊ စဏ္ဍာ ပရမတ္ထတောဝ။
> စိတ္တံ စေတသိကံ ရူပံ၊ နိဗ္ဗာနမိတိ သဗ္ဗထာ။ ။

အဘိဓမ္မတ္ထ (အဘိဓမ္မာ၌ ဟောထားသောတရား)အရ ပရမတ်နှင့် ပညတ်ကိုပြု၍ ပရမတ္ထ (မူလသဘာဝမှန်မှ မပြောင်းလဲသောတရား) အရ စိတ်၊ စေတသိက် ရူပ်၊ နိဗ္ဗာန်ဟု ပြသည်။ အကျဉ်းချုပ်အားဖြင့် ရူပ်-နာမ်ဟု ပညာရှင်များက သတ်မှတ်ကြသည်၊ နည်းပြကြသည်။

(ဂ) စုဒိတကသည် ထိုဗုဒ္ဓအဘိဓမ္မာနည်း ထိုထိုပညာရှင်တို့၏ နည်းတို့ ကို စွန့်လွှတ်ဖယ်ထား မစဉ်းစားပဲရူပ်နာမ်လွတ်သော အနတ္တသဘော ရူပ်-နာမ်လွတ်သော ဝိပဿနာ၊ ရူပ်နာမ်လွတ်သော အဘိဓမ္မာဟု ဆန်းသစ်တီထွင် လိုက်သည်။ ထိုတီထွင်ချက်အရ ရူပ်နာမ်လွတ်သော အနတ္တသဘောဟူသည် ဗုဒ္ဓအဘိဓမ္မာအရ မရှိတရား-ပညတ်မျှသာ ဖြစ်သည်၊ ထို့ကြောင့်စုဒိတက၏ အနတ္တသည် ပရမတ်အနတ္တမဟုတ်ပဲ ပညတ်အနတ္တ အရိပ်အနတ္တဖြစ်နေတော့ သည်၊ အရိပ်၊ ပညတ်ကို ဝိပဿနာလုပ်လို့ ပရမတ်ဖြစ်သော နိဗ္ဗာန်ကို ဘယ်တော့မှ မြင်ရမည် မဟုတ်ချေ။ ယင်းသို့ဖြစ်၍ စုဒိတကအနတ္တဝိပဿနာ

http://www.dhammadownload.com

အနတ္တအဘိဓမ္မာသည် ကျမ်းဂန်လွတ်၊ သဘာဝလွတ်၊ ဝိပဿနာမျှသာ ဖြစ်နေသည်။ အရိပ်ဖမ်းဝိပဿနာ၊ အရိပ်ဖမ်းအဘိဓမ္မာသာဖြစ်နေသည်။ ဒွယ လောကမှမလွတ်ပဲ နတ္ထိတ (မရှိသဘော) အစွန်းတစ်ဖက်သို့ ကျရောက်နေသည်။

ချုပ်ငြိမ်းပြီးသောအနတ္တ

(ဃ) (၁) ချုပ်ငြိမ်းပြီးသောဟု ဆိုရာ၌ ဘာတွေချုပ်ငြိမ်းပြီးဟု တိတိပပ မဖော်ပြခဲ့၊ သို့သော် ရူပ်နာမ်တရားတို့မှ လွတ်သောဟု ဆိုထားပြီးသည့် ရှေ့ဝါကျမှ အဓိကာရနည်းဖြင့် ရူပ်နာမ်တို့မှ ဟူသောပုဒ်ကို လိုက်စေ၍ ရူပ်နာမ်တရားတို့ ချုပ်ငြိမ်းပြီးသော အနတ္တဟု ယူရမည်မှာ ဝိဌကကျမ်းဂန်လာ အဓိပ္ပာယ်ဖော်နည်းမှန်အရ ဖြစ်သည်။ (သို့မဟုတ်) ဒုက္ခတို့မှ ချုပ်ငြိမ်းပြီးသောအနတ္တဟု ဆိုလျှင်လည်း အဓိပ္ပာယ်အတူတူပင် ဖြစ်သည်။ ရူပ်နာမ်ဒုက္ခတို့မှ ချုပ်ငြိမ်းပြီးသော အနတ္တတရားသည် နိဗ္ဗာန်ဖြစ်သည်။ ယင်းနိဗ္ဗာန်သည် ဝိပဿနာစိတ်တို့၏ အာရုံမဟုတ်၊ ဒုက္ခဖြစ်သော ရူပ်နာမ်တို့သည်သာ ဝိပဿနာစိတ်၏ အာရုံဖြစ်သည်။ ဝိပဿနာသည် ပဋိပတ် (ခေါ်) လောကီတရားလုပ်ငန်းဖြစ်၍ မဂ်၊ ဖိုလ်နိဗ္ဗာန်သည် ပဋိဝေဓ (ခေါ်) အဓိကအကျိုးတရားလောကုတ္တရာ ဖြစ်သည်။ ဝိပဿနာမဟုတ်တော့ပဲ ဝိပဿနာလုပ်ငန်း လောကီစခန်းမှ လွန်ပြီးဖြစ်၍ ပါဠိ၌ လောကုတ္တရ (လောကလွန်) တရားဟု ဆိုသည်။ ထို့ကြောင့် ချုပ်ငြိမ်းပြီးသော အနတ္တသဘောကို (၀ါ) နိဗ္ဗာန်ကို ရူပ်နာမ်လွတ် ဝိပဿနာဟု ဆိုအပ်သော စုဒိတက၏ စကားသည် ကျမ်းဂန်လွတ်သဘာဝလွတ်ဖြစ်၍ အလွဲအမှားသာ ဖြစ်သည်။

(ဃ) (၂) ချုပ်ငြိမ်းပြီးသော အနတ္တသဘောဟူသည် မရှိတော့သော အနတ္တ သဘောဟုဆိုလိုပါသည်ဟူ၍ ပြောလျှင် မရှိတော့ သော အနတ္တဟူသည်ပညတ်သာဖြစ်သည်။ ပညတ်ကိုလည်း မြတ်ဗုဒ္ဓက အနတ္တဟုပင် ဟောညွှန်တော်မူသည်ကို သတိပြုကြရာသည် ပညတ်ကို ဝိပဿနာရှုလို့ ဘယ်တော့မှ နိဗ္ဗာန်ပရမတ်ကို ရမည်မဟုတ်ဟု ပြောခဲ့ပြီ။ ထို့ကြောင့် ချုပ်ငြိမ်းပြီးသော အနတ္တ သဘောဟူသည် မရှိတော့သော အနတ္တသဘောဟု ဆိုလိုပါသည်ဟူ၍ ပြောလျှင်လည်း အလွဲအမှားစစ်စစ်သာ ဖြစ်သည်ဟု သိကြလေသည်။

http://www.dhammadownload.com

အမည်နာမဘာကိုမျှ ရှာမရသောအနတ္တ

(c) အနတ္တသဘော၏ အမည်နာမကို ရှာမရသူသည် နိရုတ္တိ (ပြောဆို) ဉာဏ်မရှိသူ ဖြစ်သည်။ (သို့မဟုတ်) အဝိဇ္ဇာ(မသိမှု) တိမ်သလာ မစင်သေး၍ ပညာမဲ့သူဖြစ်သည်။ အနတ္တဟူသော ဩပပါတိက (ဆက်လက် တည်မြဲနေသော) အမည်နာမဖြင့် မိမိကိုယ်တိုင် ခေါ်ဝေါ်ပြောဆိုနေပါလျက် အမည်နာမ ဘာကိုမျှ ရှာမရဟု ဆိုနေ လေသောကြောင့်တည်း။ (နာမကရဌေနစ နာမ်၊ အဘိ၊ ၆-နာ၄၂ ကိုကြည့်)။ ။ထို့ပြင် အမည်နာမကိုမျှ ရှာမရသော အနတ္တသဘောကို ရူပ်နာမ်လွတ်သော ဝိပဿနာ၊ ရူပ်နာမ်လွတ်သော အဘိဓမ္မာဟု သုံးနှုန်း ထားပါသည်ဟူသော စုဒိတကတ၏စကားတွင် အနတ္တ၊ ဝိပဿနာ၊ အဘိဓမ္မာဟု နာမည် သုံးမျိုးပါရှိနေပြီးဖြစ်သည်ကိုမျှ စုဒိတကမသိဟု ဆိုဖွယ်ဖြစ်နေသည်။ ယင်းသို့ ဖြစ်၍ အမည်နာမ ဘာကိုမျှရှာမရသော အနတ္တ သဘောဟူသော စကားသည် ပညာမဲ့သူ၏ အလွဲအမှားစကားသာဖြစ်သည်။ ပညာကို အဘိ၊ ၆-၁၆၅၆ အောက်ပါအတိုင်း ပြဆိုထားသည်။

> ပဇာနာတီတိပညာ၊ ကိ$ပဇာနာတိ$၊ ဣဒံ ဒုက္ခန္တိ အာဒိနာ နယေန အရိယ သစ္စာနိ၊ အဋ္ဌကထာယံ ပန ပညာပေတိတိပညာတိဝုတ္တံ၊ ကိန္တိ ပညာ-ပေတိတိ အနိစ္စံ ဒုက္ခံ အနတ္တာတိ ပညာပေတိ။

ဘာသာပြန်။ ။ ကွဲကွဲပြားပြား(ဝါ) တိတိပပသိသောကြောင့် ပညာမည်၏။ ဘာကို ကွဲကွဲပြားပြား (ဝါ) တိတိပပ သိသနည်းဟုမေးသော် ဤရူပ်နာမ်ဓမ္မသည် ဒုက္ခမည်၏ အစရှိသောနည်းဖြင့် အရိယသစ္စာ(အရိယတို့သိအပ်သော အမှန်တရားလေးပါး)ကို ကွဲကွဲပြားပြား (ဝါ) တိတိပပသိ၏ဟု ဖြေရာ၏။ မဟာ အဋ္ဌကထာ၌ကား ကွဲကွဲပြားပြား(ဝါ) တိတိပပ သိစေသော သဘောဖြစ်သော ကြောင့် ပညာမည်၏ဟုဆိုအပ်၏။ (ဝါ) ဆိုထား သည်။ ဘယ်လို ကွဲကွဲပြားပြား (ဝါ) တိတိပပသိစေသနည်းဟုမေးလျှင် အနိစ္စ ဒုက္ခ အနတ္တဟု ကွဲကွဲပြားပြား (ဝါ) တိတိပပ သိစေပေသည်ဟု ဖြေရာ၏။

(စ) ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၊ နိဗ္ဗိဒါဗဟုလသုတ်၊ နာ-၁၄၇ကို သာဓက ထုတ်ကာ စုဒိတကတင်ပြထားသည်၊ ထိုသာဓက၏ သာဓက တစ်လုံးတလေမျှ တိတိပပ မဆိုခဲ့ချေ၊ ထိုသုတ်တော်၌ ရူပ်ဝေဒနာ စသောတရားတို့မှ လွတ်၏ ဟူသော စကားကိုယူစွဲ၍ ရူပ်နာမ်လွတ်သော ဝိပဿနာ၊ ရူပ်နာမ်လွတ်သော

http://www.dhammadownload.com

အဘိဓမ္မာဟု သုံးနှုန်းထားပါသည်ဟူ၍ စုဒိတကတ်ဆိုလိုရိပ်ထင်သည်။ဒုက္ခသွာတိ ဝဒါမိ-ဆင်းရဲမှု လွတ်၏ဟု ငါဘုရားမိန့်တော်မူ သည်ဟူ၍နောက်တွဲစကားကို မိန့်တော်မူသော မြတ်ဗုဒ္ဓ၏ ပြောတော်မူလိုရင်း (အဓိပ္ပာယ်)ကို စုဒိတကသည် သိလည်းမသိ၊ သတိလည်းမပြုခဲ့ပေ။ မြတ်ဗုဒ္ဓ၏ မိန့်တော်မူရင်းကို သဘောမမိ၊ ကောင်းစွာမသိ၊ သတိမပြုသောကြောင့် ယင်းသို့ ရူပ်နာမ်လွတ်ဟု စုဒိတက ဆိုမှားပေသည်။

(စ) (၂) ရူပမှာ ပရိမုစ္စတိ-ရူပ်ဝေဒနာ စသော တရားတို့မှ လွတ်၏ဟူ သည် ရူပ်ဝေဒနာ စသောတရားတို့ကို ပိုင်းခြားသိသောပုဂ္ဂိုလ်တို့သည် ရူပ်ဝေဒနာ စသည်တို့မှ တသီးတခြားဖြစ်၍ ရူပ်ဝေဒနာ စသော တရားတို့သည်လည်း ပိုင်းခြား သိသောပုဂ္ဂိုလ်မှ တသီးတခြားဖြစ်ကာ ကင်းလွတ်ဝေးကွာနေကြသည် (ဝါ) ရူပ်ဝေဒနာစသည်တို့ ချုပ်ငြိမ်းပျက်စီး မရှိကြတော့ပြီ။ ပုဂ္ဂိုလ် သက်သက်သာ ကျန်ရှိနေသည်ဟု အလွဲအမှား မှတ်သားမှုမပြုကြနှင့်။ ထို ရူပ်ဝေဒနာ စသော တရားတို့ကြောင့်ဖြစ်သော(ဝါ) ထို ရူပ်ဝေဒနာ စသောတရား တို့ကို မှီတွယ်ဖြစ် သော ပဋိစ္စသမုပ္ပါဒ် ဝဋ် ဆင်းရဲမှုလွတ်သည်(ဝါ) သံသရာဝဋ်ဆင်းရဲ မရှိပြီ။ ထို ရူပ်ဝေဒနာ စသောတရားတို့ကား ရှိမြဲပင်တည်းဟု ဆိုလိုသည်ဟူ၍ ဒုက္ခသွာတိ ဝဒါမိ၊ နောက်ဆက်တွဲ အဆုံးသတ် စကားတော်ဖြင့် မြတ်ဗုဒ္ဓ၏ ဆိုလိုရင်း (အဓိပ္ပာယ်)ကို အမှန်အတိုင်း သိကြယူကြရာသည်။ ကိုယ်လိုရာသို့ဆွဲကာ စောင်းစောင်းစွေစွေ မလုပ်သင့်ကြပေ။

(ဆ) ဒီနေ့ ဓမ္မနီတိ ဝိပဿနာသင်တန်း သုံးပုံ ပုံရင် နှစ်ပုံပြီးသွားပြီ။ ဒီနေ့ထိ ရူပ်တစ်လုံး နာမ်တစ်လုံးပါသလား၊ ဒါကြောင့်မို့လို့ ဘုန်းကြီးတို့ ဓမ္မဂီတ တွေမှာ 'ရူပ်နာမ်လွတ်သော အဘိဓမ္မာ၊ ရူပ်နာမ်လွတ်သော ဝိပဿနာ' ဒါ ထူခြားချက်ကလေးတွေတော့ ဘုန်းကြီးကျေညာလိုက်တယ်။ နောက်တစ်နည်း ပြောရမယ်ဆိုရင်တော့ ဓမ္မနီတိကိုယ်တော်က ရူပ်တွေ နာမ်တွေကို ဖယ်ပစ်တယ်၊ ပယ်ပစ်တယ်လို့ သူများပြောစရာမဖြစ်အောင် ဘုရားစူးလွတ်ရုံ လောက်တော့ ထည့်ပြောလိုက်မယ်၊ ရူပ်နာမ်အကြောင်းကလေးတော့ဟူ၍ (တိတ်ခွေ၊ ၁၄/ ဘီ)၌ စုဒိတက၏ သင်တန်းပေးစကားများ ထင်ရှားရှိနေသောကြောင့် ရူပ်နာမ် လွတ် အဘိဓမ္မာ၊ ရူပ်နာမ်လွတ် ဝိပဿနာဟူသော စကားဖြင့် စုဒိတကသည် ရူပ်နာမ်ကို ဖယ်ထား၊ ပယ်ပစ်၊ စွန့်လွတ်၊ မစဉ်းစားသူဖြစ်နေသည်မှာ ငြင်းကွယ် မရနိုင်ပြီ။ ဤရုံးတော်ရောက်မှ ရူပ်နာမ်ကို မပယ်ပါဟု မဖွယ်မရာ အကြောင်းပြ

http://www.dhammadownload.com

မမှန် အကျိုးမဲ့ငြင်းဆန်ချေပချက်ကို တင်သွင်းသည်။ ဤမျှဖြင့် စုဒိတက၏ အနတ္တသဘောနှင့်တကွ ရူပ်နာမ်လွတ်သော ဂိပသနာ၊ ရူပ်နာမ်လွတ်သော အဘိဓမ္မာဟူသော ဆန်းသစ်တီထွင်ချက်သည် ကျမ်းဂန် သာဓကလည်း မခိုင်၊ ကျမ်းဂန်များနှင့်လည်း မညီ၊ စုဒိတက၏ ပလီပလာ အလွဲအမှားစကားသာ ဖြစ်သည်ဟု ဤရုံးတော်က သုံးသပ်သည်။

ငြင်းခုံချက်။ ၃။

စွဲဆိုချက်။ ။စုဒိတက၏ ဟောချက်များတွင် သရဏဂုံအရာ၌ သံသရာဝဋ္ဋက လွတ်အောင် ကယ်နိုင်မှ တရားဟု ဓမ္မမည်ပုံပြုစကားသည်လည်းကောင်း၊ သစ္စာ လေးပါး အနတ္တမြတ်တရားသည် သံသရာဝဋ္ဋ ဆင်းရဲက လွတ်တဲ့တရားဟု တရားသရုပ် ထုတ်ခြင်းသည် လည်းကောင်း အပါယ်သို့မကျအောင် ကယ်တင်နိုင်သောကြောင့်တရားမည်၏။ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ပရိယတ်ဟု တရားမြတ်ဆယ်ပါး ဟူသော ဒီ၊ ၌-၂၀၅၊ မ၊ ၌၊ ၁၊ ၁၃၆) စကားကို ဆန့်ကျင်ပါသည် စသည်ဖြင့် စုဒိတက ဟောချက်များနှင့် ကျမ်းဂန်သာဓကများကို တင်ပြစောဒနာကြသည်။

ချေပချက်။ ။ပရိယတ္တိနှင့်တကွ နဝလောကုတ္တရာ ဓမ္မအားလုံး ပါဝင်သော်လည်း တရားရှာသူတို့အတွက် ဤအခန်းတွင် သူတို့သဘော ပေါက်ထားသော အနတ္တတရားကိုသာ အဓိကထား၍ ပြောကြားခြင်းဖြစ်ပါသည်။ စောဒကပုဂ္ဂိုလ်တို့ စွပ်စွဲသလို မွေးရာပါ ကိုယ်ခန္ဓာမဟုတ်တော့ပါ။ ဆံဖျားကစ ခြေမအထိ စွဲစရာ လုံးဝမရှိသော အနတ္တသဘာဝကိုသာ ဓမ္မဟု ဟောကြားပါသည်။

စိစစ်ချက်။ ၃ ။

(က) သရဏဂုံအရာ၌ သံသရာဝဋ္ဋက လွတ်အောင်ကယ်နိုင်မှ တရားဟု စုဒိတက၏ ဓမ္မမည်ပုံပြုစကားသည် အပါယ်သို့မကျအောင် ကယ်တင်နိုင်သောကြောင့် တရားမည်၏ဟု (ဒီ၊ ၌၊ ၁၊ နှာ-၂၀၅) စကားကို ဆန့်ကျင်ပါသည်ဟူသော စောဒနာတင်ချက်ကို စုဒိတကသည် ဖြေရှင်းချက် မတင်ပြပေ။ စုဒိတကဟောချက် (က)၌ ပါဠိသည် အဘိဓမ္မတ္ထ ဝိဘာဝနီ (ဋီကာကျော်) ဆရာ၏စကားဖြစ်ကြောင်း စောဒကတို့က ဖော်ပြသည်၊ ထို ပါဠိ၌ စတူသုအပါယေသုနှင့် ဝဋ္ဋဒုက္ခေသုဟု နှစ်မျိုးရှိသော်လည်း စုဒိတက၏ ဟောချက် (ခ)၌ "တရားဘာသာပြန်လိုက်တော့-သံသရာက လွတ်အောင် ကယ်တင်နိုင်တာ တရားတဲ့"ဟု တစ်မျိုးတည်းကိုသာ အဓိကထားကာ ဟော

http://www.dhammadownload.com

ပြောရ၍ အပါယ်လေးပါမှ ကယ်တင်နိုင်သော ဒါန သီလစသော ကုသိုလ်တရား တို့ကို အပြစ်ပြထားသည်ကို တွေ့ကြရသည်။ စုဒိတကသည် မိမိတင်ပြသည့် ပါဠိတွင်ပါဝင်သော စတူသုအပါယေသုကို မမြင်မသိမစဉ်းစားဘဲ ဖယ်ထား လိုက်သည်။ စုဒိတကသည် ဒါနသီလစသော ကုသိုလ်တရားတွေဟာ တကယ် မရှိ၊ အရိပ်၊ ပညတ်၊ သုံးရုံမျှသာဟု အလွဲအမှား ကဲ့ရဲ့စကားကို အကြိမ်များစွာ ပြောခဲ့ပြီးဖြစ်၍ ဤအခန်း၌လည်း ထိုကုသိုလ်တွေကို အပြစ်တင်စကား ပြောကြားသည်မှာ ထူးဆန်းသည်ဟု မဆိုသာတော့ချေ။ အဓိကရည်ရွယ်ချက် မှာ ဒါန သီလ ဘာဝနာ ကုသိုလ်ဟူသမျှ ဝဋ္ဋ-ဝိဝဋ္ဋ ခွဲစရာမလို၊ အားလုံး တန်ဘိုးမဲ့အရိပ်တွေ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ အစွဲပြိုနေသူတွေရဲ့ လက်ထဲမှာရှိတဲ့ တရားတွေဟု အပြစ်ကြီးပြလိုရင်းသာ စုဒိတက၏ အဓိက ဦးတည်ရည်ရွယ်ချက် အမှန်ဖြစ်နေကြောင်းမှာ ငြင်းကွယ်မရပြီ။ စုဒိတက၏ ထိုအယူမှားကြောင်းကို အောက်စောဒနာတို့၌ ဆုံးဖြတ်ခဲ့ပြီးပြီ။

(ခ) တရားသရုပ်ထုတ်ရာ၌ ဒီ၊ ၆၂၊ ၁၊ နှာ-၂၀၅၊ မ၊ ၆၂၊ ၁၊ ၁၃၆။ အရလည်းကောင်း စုဒိတကပြ ဋီကာကျော်ပါဠိအရလည်းကောင်း၊ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်၊ ပရိယတ်ဟု တရားမြတ်ဆယ်ပါးဟူ၍ စောဒကတို့က ဆိုသည်။ ထိုအဆိုကို စုဒိတကပုဂ္ဂိုလ်က "မှန်သည်ဟု ဝန်ခံသည်၊ သို့သော် ဤအခန်းတွင် တရား ရှာသူတို့အတွက် သူတို့ကိုယ်တိုင် သဘောပေါက်ထားသော အနတ္တကိုသာ အဓိကထား၍ ပြောကြားပါသည်ဟု စုဒိတက ချေပသည်။ "မွေးရာပါ ခန္ဓာကိုယ် အတုံးကြီး မဟုတ်တော့ပါ၊ ဆံဖျားကစ ခြေမအထိ စွဲစရာ လုံးဝမရှိသော အနတ္တ သဘာဝကိုသာ ဓမ္မ"ဟု ပြောကြားပါသည်ဟု စုဒိတက ရှင်းပြသည်။ ထိုစကားတွင် ဆံဖျားကစ ခြေမအထိ"ဟူသော စကား သည် မိမိ၏ မန္ဓာကိုယ်အတုံးကြီးကိုပင် ဖော်ပြနေသည်။ ထိုခန္ဓာကိုယ်အတုံးကြီး၏ စွဲစရာ လုံးဝမရှိသော အနတ္တ သဘာဝကို ဓမ္မဟု စုဒိတကဆိုချက်အရ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်၊ ပရိယတ်ဟူသော ကျမ်းဂန်လာ ဓမ္မမဟုတ်ဘဲ ကျမ်းဂန်အလွတ်ကို စုဒိတက ဖော်ပြသည်။ ဤမျှဖြင့် စုဒိတကဓမ္မသည် ကျမ်းဂန်လာ ဓမ္မမဟုတ်ကြောင်းမှာ ပေါ်လွင်ထင်ရှားပြီဖြစ်၍ ဆက်လက်စိစစ်ဖွယ် မရှိသင့်ပြီ။ မွေးရာပါ ခန္ဓာကိုယ် အတုံးကြီးသာ ရှိတရား၊ ပရမတ်ဖြစ်၍ ကျန်အားလုံး မရှိတရား ပညတ်ဟု အရင်းခံ အခြေခံမူလ တည်သည်ကစ၍ လွဲမှားနေသော စုဒိတကဝါဒ၌ အမှားတွေသာ နောက်ဆက်တွဲ ပေါ်လာကြသည်မှာ ဓမ္မတာ သဘာဝမှန်ဖြစ်သည်" စွဲစရာလုံးဝမရှိသော

http://www.dhammadownload.com

အနတ္တသဘာဝဟူသော စကားစသည်လည်းမရှိ အတ္တစွဲကို ဖော်ပြသော အလွဲအမှားစကားသာ ဖြစ်ကြောင်းကို စောဒနာ အမှတ်(၁)၌ စိစစ်ပြီးပြီ။ ဤ၌ ဓမ္မအမှန်ကို စောဒကတို့ ပြသည့် အတိုင်း မဂ်၊ ဖိုလ်၊ နိဗ္ဗာန်၊ ပရိယတ်ဟူ၍ သိမှတ်ကြရာသည်ဟု သုံးသပ်ကြသည်။

ငြင်းခုန်ချက်။ ၄ ။

စွဲဆိုချက်။ (က) စုဒိတကသည် ဗုဒ္ဓတရားမှန်ရင် လက်တွေ့စမ်းသပ်လို့ရမယ်၊ ဟု သန္ဓိဋ္ဌိကကို ဘာသာပြန်ပြီးလျှင် ၂၉-ပါးသော ကံမှန်သမျှ ဝဋ္ဋ-ဝိဝဋ္ဋ ခွဲဘို့မလို၊ ၃၁-ဘုံမှာ ရောက်မည်ဖြစ်သောကြောင့် သိပ္ပံနည်းကျ လက်တွေ့စမ်းသပ်မရသဖြင့် ပယ်လိုက်သည်၊

(ခ) ပညတ်-ပရမတ်ကိုသိသော အနတ္တဉာဏ်သာလျှင် ခန္ဓာကိုယ်တွင် လက်တွေ့စမ်းသပ်လို့ရသည်၊ ဒီခန္ဓာကိုယ်မှာ မှတ်ကျောက်တင် ရှာဖွေတွေ့ရှိမှ တရားမည်သ့ဲည်ဟု ပြထားပါသည်၊ စုဒိတက၏ ထိုဟောချက်များသည် ဝိသုဒ္ဓိမဓ်လာ စကားများကို ဆန့်ကျင်ပါသည်ဟု သာဓကပါဠိ တင်ပြစောဒနာကြသည်။

ချေပချက်။ (က) အမှန်ရှိသော အနတ္တ ပရမတ္ထဓမ္မကို တည်ကိန်းပြု၍ သန္ဓိဋ္ဌိက အကာလိကဂုဏ်တော်များကို သဘောပေါက်လာသည့်အခါ ဖြစ်သောကြောင့် သဘောပေါက်အောင် ရှင်းလင်းဟောပြောပါသည်။

(ခ) ဗုဒ္ဓတရားဟာ သိပ္ပံနည်းကျရမယ်၊ လက်တွေ့ စမ်းသပ်လို့ ရရမယ်ဟူသော စကားမှာ (အတ္တပစ္စက္ခ) မျက်မှောက်ထင်ထင် ဉာဏ်မျက်စိဖြင့် မြင်ခြင်းကို ဆိုလိုပါသည်။

(အကျယ်ကို သောဓနာ ၁၄/၂+၃၅ ကြည့်)

စိစစ်ချက်။ ၄ ။

(က) စုဒိတက၏ သန္ဓိဋ္ဌိက (ပါဠိ)ကို ဗုဒ္ဓတရားမှန်ရင် လက်တွေ့စမ်းသပ်လို့ ရရမယ်ဟု ဘာသာပြန်ချက်၊ ဒီခန္ဓာကိုယ်မှာ မှတ်ကျောက်တင် ရှာဖွေတွေ့ရှိမှ တရားဟု အဓိပ္ပါယ်ဖော်ချက် ထိုအဓိပ္ပါယ်ဖော်ချက်ဖြင့် ကုသိုလ်၊

http://www.dhammadownload.com

အကုသိုလ်ကံနှင့် (၃၀)ဘုံတွေ မရှိဟု ပယ်ချက်တို့ကို မကျေနပ်သောကြောင့် စောဒနာတင်ကြသည်။ သိပ္ပံနည်းကျ ရမယ်၊ လက်တွေ့စမ်းသပ်လို့ရမယ်ဟူသော ဘာသာပြန်ချက်မှာ (အတ္တပစ္စက္ခ) မျက်မှောက်ထင်ထင် ဉာဏ်မျက်စိဖြင့် မြင်ခြင်း ကို ဆိုလိုပါသည်ဟု စုဒိတက ချေပသည်၊ ကျန်စောဒနာတင် နှစ်ချက်ကို မချေပ၊ မဖြေရှင်းပေ။

(ခ) အတ္တပစ္စက္ခ-မျက်မှောက်ထင်ထင်, ဉာဏ်မျက်စိဖြင့် မြင်ခြင်း ဟူသော စုဒိတက၏စကားသည် ဉာဏသပစ္စက္ခဘူတော (ဝိဘင်းအနုဋ္ဌိကာ၊ နှာ (၆၀)နှင့် ညီညွတ်သည်၊ မှန်ကန်သည်။ယင်းစကား၏ တားမြစ်ချက်မှာ စက္ခုပစ္စက္ခ-မဲ့သမျက်စိဖြင့် မြင်ရသည်မဟုတ်၊ ဟတ္ထပစ္စက္ခ-လက်ဖြင့် စမ်းသပ်လို့ ရသည်မဟုတ်၊ သောတပစ္စက္ခ-ပြောသံကြား ဖြင့် သိရသည်မဟုတ်ဟု သိမှတ်ရာ သည်။ "ဗုဒ္ဓတရားမှန်ရင် လက်တွေ့စမ်းသပ် လို့ ရရမယ်" ဟူသော စုဒိတက၏ ဘာသာပြန်ချက်တွင် "ဗုဒ္ဓတရားမှန်ရင်" ဟူသော စကား၏အဓိပ္ပါယ်မှာ၊ လက်တွေ့စမ်းသပ်လို့မရလျှင် ဗုဒ္ဓတရားမမှန်၊ ဗုဒ္ဓတရားမဟုတ်ဟု ဆိုလိုချက် ထွက်သည်၊ လက်တွေ့စမ်းသပ်ပုံကို စောဒနာ၊ ၁၄/၉ (စ) မှတ်ပြတွင် "ယနေ့ ယောဂိတို့ ဒီခန္ဓာကိုယ်နဲ့ရင်းပြီးတော့ တရားရှာတယ်၊ ရင်း ဒါကတော့ ဒီခန္ဓာ နောက်ဘဝကျမှ အကျိုးပေးမယ်၊ အရိမေတ္တယျ ဘုရားပွင့်မှ တရားရမယ်ဆိုရင် သန္ဓိဋ္ဌိက ဟုတ်သေးရဲ့လား--ပ----ခန္ဓာကိုယ်မှာ မှတ်ကျောက်တင်ကြည့် လိုက်လို့ သိပ္ပံနည်းကျ လက်တွေ့ရှိ နေရမယ်"ဟု စုဒိတကဆိုသည်၊ စုဒိတက၏ ရှေ+နောက်စကား နှစ်ရပ်ကို ဆက်စပ်ကြည့်လျှင် ဒီခန္ဓာမှာ အကျိုးပေးပါမှ ဗုဒ္ဓတရားမှန်ဖြစ်သည် ဒီခန္ဓာ မှာ (၀ါ) ဒီဘဝမှာ အကျိုးမပေးလျှင် ဗုဒ္ဓတရားမှန် မဟုတ်၊ တရားအတု အယောင်၊ အလွဲအမှားဟု စုဒိတက၏ ဆိုလိုချက် ပေါ်ထွက်နေသည်။ ထိုစကား ဖြင့် ဒိဋ္ဌဓမ္မ အကျိုးပေးကုန်သော တရားတွေသာ ဗုဒ္ဓတရားမှန်ဖြစ်ကြသည်၊ အပရာ ပရိယာဝေဒနီယ (ဘဝအဆက်ဆက် အကျိုး ပေးကုန်သော) ဒါန၊ သီလ၊ သမထ ဝိပဿနာ အစရှိသော လောကီကုသိုလ် တွေကို ဒီခန္ဓာမှာ (၀ါ) ဒီဘဝမှာ အကျိုးပေးကြမည်မဟုတ်သောကြောင့် ဗုဒ္ဓတရား မမှန်၊ ဗုဒ္ဓတရား မဟုတ်၊ အလွဲအမှားတွေကို စုဒိတကပယ်သည်။ ယင်း ပယ်ချက်သည် ပဌာန်းပါဠိတော်၌ နာနာက္ခဏိတကမူပစ္စည်း (ကံဖြစ်ချိန်နှင့် အကျိုးပေးချိန် ကာလရှည်စွာ ကွာဝေးသော ကံတရား၏စွမ်းဟုန်) အဖြစ်ဖြင့် ဗုဒ္ဓဟောညွှန်တော်မူထားသော ဒါန၊ သီလ၊ ဝိပဿနာ အစရှိကုန်သော

http://www.dhammadownload.com

လောကီကုသိုလ်တရားတို့ကို ဗုဒ္ဓတရားတို့ကို ဗုဒ္ဓတရားမှန်မဟုတ် (၀၊) ဗုဒ္ဓ ဟောညွှန်တော်မူသော တရားမဟုတ်၊ အလွဲအမှား၊ အတုအယောင်တွေဟု ပုတ်ခတ်ဖျက်ဆီးရာ ရောက်သည်၊ မိမိ၏မွေးရာပါ ခန္ဓာကိုယ်ကြီးသာလျှင် လက်တွေ့ စမ်းသပ်လို့ရသည့် ရှိတရား ပရမတ်ဖြစ်၍၊ ကုသိုလ်သည် မရှိတရား၊ အရိပ်၊ ပညတ်ဟု တိပ်ခွေ၊ ၅/အေ ၌ စုဒိတကဟောခဲ့သည်ကို ထောက်ကြည့်လျှင် ယင်းသို့ဖျက်ဆီးရန် ဦးတည်ချက်အမှန်ဖြင့် စုဒိတက ပြောနေသည်ကို အလွန်ထင်ရှားစွာ ဉာဏ်မျက်စိဖြင့် မြင်သိနိုင်သည် သန္ဓိဋ္ဌကနှင့် တဆက်တည်း စုဒိတကဟောထားသော အကာလိ-ကော ဟောချက်တွင်လည်း 'ထန်းညက် လောက်တောင် အကျိုးပေးမသန်ဘူး' စသော စကားများကိုထောက်လျှင် စုဒိတက၏ ယင်းသို့ဖျက်ဆီးရန် ဦးတည်ချက် အမှန်ကို လွယ်လွယ်ပင် မြင်သိနိုင်သည်။

(ဂ) ဗုဒ္ဓတရားမှန်လျှင် လက်တွေ့စမ်းသပ်လို့ရရမယ်ဟူသော၊ စုဒိတက၏ ဘာသာပြန်ချက်တွင် 'လက်တွေ့'ဟူသော စကားလုံးသည် 'လက်ဆုပ် လက်ကိုင်' ဟု လည်းကောင်း၊ 'လက်ထဲမှာ' ဟုလည်းကောင်း စုဒိတက အကြိမ်များစွာ သုံးစွဲထားသောစကားတို့နှင့် အဓိပ္ပါယ်တူသည်ဟု မှတ်ယူစရာ ဖြစ်နေသည်။ လက်ဆုပ်လက်ကိုင် ပါတာလား၊ နိဗ္ဗာန်ဟာ လက်ထဲပါလာမယ်၊ အပါယ်လေးပါးဟာ စွဲသူရဲ့လက်ထဲမှာ၊ ကုသိုလ် အကုသိုလ်နှင့် နောက်ဘဝတို့သည် စိတ်ကူးယဉ်၊ အရိပ်၊ ပညတ် အစွဲရှိသူရဲ့လက်ထဲမှာသာရှိတယ်ဟု စုဒိတက ပြောခဲ့သောစကားများသည် ယင်းသို့ထင်မှတ်စရာ နမူနာများဖြစ်ကြသည်။

(ဃ) လက်ဖြင့် ဆုပ်ကိုင်စမ်းသပ်လို့မရပဲ ဉာဏ်မျက်စိဖြင့်သာ မြင်သိရသော ကုသိုလ်၊အကုသိုလ်၊ နောက်ဘဝတွေကို ပရမတ်မဟုတ်၊ တကယ်မရှိ၊ အရိပ်၊ ပညတ်ဟု တိတ်ခွေ၊ ၅/အေ၌ ပယ်ခဲ့သော စုဒိတကသည် လက်ဖြင့်ဆုပ်ကိုင်စမ်းသပ်လို့မရဘဲ ဉာဏ်မျက်စိဖြင့်သာ မြင်သိရသော အနတ္တသဘာဝကို ပရမတ်စစ်စစ် ဖြစ်သည်၊ အရိပ်ပညတ်မဟုတ်ဟု ယူစွဲပြောဆိုသည်။ အတ္တပစ္စက္ခ-မျက်မှောက်ထင်ထင် ဉာဏ်မျက်စိဖြင့် မြင်သိရသည် ဟု အကြောင်းပြချက်ထုတ်သည်။ ကုသိုလ် အကုသိုလ်နှင့် နောက်ဘဝတို့ကို ဉာဏ်မျက်စိဖြင့် မြင်သိရသော တရားမဟုတ်သည့်နှယ် အရိပ်၊ ပညတ်၊ တကယ်မရှိ၊ စိတ်ကူးယဉ်တွေဟု ပုတ်ထုတ်ခဲ့၊ ပယ်ထုတ်ခဲ့သည်၊ ကုသိုလ် အကုသိုလ် နောက်

http://www.dhammadownload.com

ဘဝတို့နှင့် အနတ္တသဘာဝတို့သည် ဉာဏ်မျက်စိဖြင့် မြင်သိရသော လက္ခဏာ အချင်းအရာ ရှိကြသည်ချည်း ဖြစ်ကြပါလျက်၊ ကုသိုလ် အကုသိုလ် နောက်ဘဝ တို့ကို သမုတိသစ္စာဟုပြော၍ အနတ္တသဘာဝကို သမုတိသစ္စာဟု မပြောပဲ ပရမတ္ထသစ္စာဟု ပြောသည်။ ထို့ကြောင့် စုဒိတကသည် ဓမ္မတို့၏ သဘာဝမှန်ကို မထောက်၊ သဘာဝမှန်ကို ဉာဏ်မျက်စိဖြင့် တကယ်မမြင်၊ ပြောချင်သလို ပြောသူ၊ စိတ်ပေါက်သလို ပြောသူဖြစ်နေသည်၊ မရှိဟုပယ်လိုစိတ်ပေါက်လျှင် လက်ဆုပ် လက်ကိုင်မဟုတ်၊ အရိပ်၊ ပညတ်၊ စိတ်ကူးယဉ်ဟု ပြော၍ ရှိတယ်ဟု ယူဆလိုစိတ် ပေါက်လျှင် အတ္တပစ္စက္ခ-မျက်မှောက်ထင်ထင် ဉာဏ်မျက်စိဖြင့် မြင်ရသောကြောင့် ပရမတ်ဟု ပြောတော့သည်။ ကုသိုလ် အကုသိုလ်နောက်ဘဝတွေကို မရှိတရား၊ အရိပ် ပညတ်ဟု ပြောစဉ်က သြဠာရိက (အကြမ်းစား) ခန္ဓာကိုယ်ကို တည်ကိန်း ပြုသည်ဟု စကားပလွင်ခံထားသည်၊ အနတ္တသဘာဝကို ပရမတ်ဟု ပြောချိန်မှာ သုခုမ (အနုစား) အနတ္တပရမတ္ထဓမ္မကို တည်ကိန်းပြုသည်ဟု စကားပလွင် ခံထားပါသည်ဟူ၍ စိတ်ပေါက်သလို အကြောင်းပြချက် ချေပသည်။ ဤမျှဖြင့် **စုဒိတက၏ သင်တန်းအစမှ အဆုံးထိ စုဒိတက စိတ်ပေါက်သလို ပြော ဆိုထားသည်ဟုသာ သိမှတ်ကြရာသည်။**

(စ) သောဓနာ၊ ၁၄/၂ အဆုံး၌ 'အကယ်၍လိုလျှင် လိုသလို၊ မလိုလျှင် မလိုသလို တရားစွဲမြည်ဆိုပါက မျက်မှောက်မြင်ဆိုသော စကားကိုပင် မွေးရာပါ မံသမျက်စိနှင့် မြင်ရမှဟု စွဲဆိုစရာ ဖြစ်ပါသည်ဟု ချေပချက်ကို စုဒိတက ဆိုသည်။ အနတ္တသဘော်နှင့် ကုသိုလ် အကုသိုလ်တို့သည် မံသမျက်စိဖြင့် မမြင်ကြဘဲ ဉာဏ်မျက်စိဖြင့်သာ မြင်သိကြရသောတရားအဖြစ်ဖြင့် သဘော ချင်းတူညီနေကြပါလျက်၊ အနတ္တသဘောသည် ပရမတ်၊ တကယ်ရှိတရားဟု လိုလျှင်လိုသလိုဆို၍ ကုသိုလ် အကုသိုလ်တို့သည် အရိပ်၊ ပညတ်၊တကယ်မရှိ တရားဟု မလိုလျှင်မလို ဆိုသူမှာ စုဒိတက ကိုယ်တိုင်ဖြစ်နေသည်။ ကုသလာဓမ္မာ၊ အကုသလာဓမ္မာ၊ အဗျာကတာဓမ္မာ (ဓမ္မသင်္ဂဏီပါဠိတော်) ကုသိုလ်တရား တကယ်ရှိတယ် အကုသိုလ်တရားတကယ်ရှိတယ်၊ ထိုကုသိုလ်အကုသိုလ်တို့မှ တခြားတပါး (အဗျာကတ) တရားတကယ်ရှိတယ်ဟု ဟောတော်မူသော သဗ္ဗညု မြတ်စွာဘုရားကိုပင်လျှင် တကယ်မရှိတာကို ရှိတယ်ဟု အလွဲယူစွဲသောကြောင့် အတ္တဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ၊ အစွဲ၊ ဥပါဒါန်ရှိသည်အဖြစ် ရောက်အောင် 'အတ္တာတိ ဂဟိတံ နတ္ထိ' ပါဠိကို အဓိပ္ပါယ်လိုသလို အလွဲစွဲယူ၍

http://www.dhammadownload.com

မလိုလျှင်မလိုသလို စုဒိတကစိတ်ပေါက်သလို မြတ်စွာဘုရားအား ဆဲရေးထား သောစကားသည် တိတ်ခွေ၊ ဂ/ဘီ၌ အထင်အရှားရှိသည်။ ဤသည်စုဒိတက၏ ပင်ကိုယ်သရုပ်မှန် ပေါ်ရုံမျှ အနည်းငယ်သာ ဖော်ပြချက်ဖြစ်သည်။

(ဆ) သောဓနာ (ချေပ)လွှာ၊ ၁၄/၃တွင် 'စောဒကပုဂ္ဂိုလ်တို့သည် ရူပ်ကြမ်းဝါဒ၊ သိပ္ပံဝါဒ၊ မွေးရာပါခန္ဓာတုံးစသော စကားအသုံးအနှုန်းတို့ကို နေရာတကာတွင် လက်ကိုင်ပြုပြီး ရန်ငိုင်သမျှနည်းဖြင့် တရားစွဲဆိုကြသည်ကို နောက်ကလိုက်၍ ပြေလည်အောင်သောဓနာနေရခြင်းမှာ စိတ်မရှည်ဘွယ်ရာသာ ဖြစ်ပါတော့သည်'ဟု စုဒိတက၏ တင်ပြချက်ရှိသည်။ စုဒိတက၏ ဝိပဿနာသင်တန်းအစမှာ ယခုအထိ မွေးရာပါခန္ဓာတုံးကြီးသာရှိတရားပရမတ်ဖြစ်သည်၊ ကုသိုလ်အကုသိုလ် (၃၁)ဘုံ နောက်ဘဝစသည်တို့သည် မရှိတရား၊ အရိပ်၊ သမုတိသစ္စာဟု မဖွယ်မရာအမှားအလွဲ စုဒိတကစိတ်ပေါက်သလို ထပ်တလဲလဲပြောခဲ့သည့် စကားများနှင့် ခန္ဓာကိုယ်မှာ မှတ်ကျောက်တင်ထိုက်လို့ သိပ္ပံနည်းကျလက်တွေ့ ရှိနေရမယ်ဟူသော စကားတို့ကို အကြောင်းအရင်းပြုကာ မြစ်ဖျားခံလျက် ယင်းသို့ စောဒကတင်မှုရေစီးကြောင်း ပေါ်ထွက်လာသည်ဟူ၍ သိမှတ်ကြရာသည်။

(ဇ) မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ဟူသော လောကုတ္တရာတရားကိုးပါးသည် ရရှိထားသူကိုယ်တိုင်ပင် တကယ်အမှန်မြင်သိထိုက်သောကြောင့် သန္ဓိဋ္ဌကမည် သည်ပြောသံကြားဖြင့် မှန်းဆသိရသော တရားမျိုးမဟုတ်ဟူ၍ သရုပ်မှန်၊ အဓိပ္ပါယ်မှန်ကို ရှင်းရှင်းပြောသင့်ပါလျက် မပြောဘဲအလွဲ သရုပ်ဖော် အလွဲအဓိပ္ပါယ်ဖော်သောကြောင့် ဗုဒ္ဓတရားမှန်ရင် လက်တွေ့စမ်းသပ်လို့ရရမယ် ဟူသော စုဒိတက၏ ဘာသာပြန်ချက်ကို 'မှန်သည်'ဟု ယူဆရန် မသင့်လျော်ပေ။

ငြင်းခုံချက်။ ၄ ။(ခ)

စွဲဆိုချက်။ ။စုဒိတက၏ အကာလိကအဓိပ္ပါယ်မှာ လိုရာဆွဲပြောထားပါသည်၊ ဘုရား၏တရားတော်ကို ထန်းညက်ခဲလောက်မျှ အကျိုးပေးမသန်ဘူးဟု ဥပမာပြသွားခြင်းမှာ ရူပ်ကြမ်းဝါဒ၊ သိပ္ပံနည်းကျ စွဲယူထားကြောင်း ထင်ရှား ပါသည် စသည်ဖြင့် စောဒနာ ကြသည်။

ချေပချက်။ ။ဥပရိပဏ္ဏာသပါဠိတော် ဘဒ္ဒေကရတ္တသုတ်အရ မျက်မြင်ပစ္စုပ္ပန်၌ပင် စွဲစရာဘာမျှမရှိသော သဘောကိုသာ ကာလသုံးပါးမှ လွတ်သောတရားဟု ဆိုလိုပါသည်။ (အကျယ်ကို သောဓနာလွှာ၊ ၁၄/၃၌ ကြည့်)

http://www.dhammadownload.com

စိစစ်ချက်။ ၄ (ခ)

(ဃ) တရားကိုယ်မှန်ကို ရှေးဦးသိပြီးမှ အနက်မှန်၊ အဓိပ္ပါယ်မှန်တို့ကို သိနိုင်ပြောနိုင်သည်။ ဤသည်ဗုဒ္ဓ ဝိဌကတော်ကို သင်ယူနည်းမှန်ဖြစ်သည်။ ဤနည်းမှန်ကို မလိုက်နာဘဲ ပစ်ပယ်ထားလျှင် အနက်မှား၊ အဓိပ္ပာယ်မှားတွေသာ ဖြစ်ဖို့မြေကြီးလက်ခတ်မလွဲပြီ။ ,ထိုကြောင့် အကာလိကပုဒ်အရတရားကိုယ်မှန်မှာ 'လောကုတ္တရမဂ်ဉာဏ်လေးပါးသာ ဖြစ်သည်'ဟု ဝိသုဒ္ဓိမဂ်စသော ကျမ်းဂန်များ၌ ဆိုသည်။ စွဲစရာရှာမရ အနတ္တသဘာဝဟု စုဒိတကဆိုသည်။ ထိုအနတ္တသဘာဝကို ဇကောခမ္မောဟူ၍လည်းကောင်း၊ သစ္စာလေးပါးအနတ္တတရားဟူ၍လည်းကောင်း စုဒိတကပုံဖော်သည်။ (စောဒနာ၊ သောဝနာအမှတ်-၇-တွင်ကြည့်)။ ဤသို့လျှင် စောဒကတို့ သာဓကတင်ပြထားသော ဝိသုဒ္ဓိမဂ်စသော ထိုထိုပိဋကကျမ်းဂန်များ၌ လောကုတ္တရမဂ်ဉာဏ် (၀ါ) မဂ္ဂသစ္စာဟုဆို၍ စုဒိတကပုဂ္ဂိုလ်က သစ္စာလေးပါးဟု ဆိုထားသည်ဟူ၍ ကွဲပြားချက် ထင်ရှားလာသည်။ စုဒိတကသည် အကာလိကတရားကို ကျမ်းဂန်များနှင့်အညီ သရုပ်မှန်အောင် မသိသူဟုလည်း ထင်ရှားလာသည်။ ယင်းသို့ အကာလိကတရားကို သရုပ်မှန်အောင် မသိသောကြောင့် အကာလိကော ကာလသုံးပါးက လွတ်ရမယ်ဟူသော စုဒိတက၏ နံပါတ် (၁) ဘာသာပြန်ချက်နှင့် အဓိပ္ပါယ်ဖော်ချက် (စောဒနာ၊ ၁၄/၉ (စ) မှတ်ပြ) တို့သည်လည်း တက်တက်စင် လွဲမှားကြတော့သည်ဟု သိမှတ်ကြရာသည်။

(ည) ဥပရိပဏ္ဏာသပါဠိတော်၊ ဘဒ္ဒေကရတ္တသုတ်ကို သာဓကထုတ်၍ "ပစ္စုပ္ပန်ဖြစ်ပေါ်ဆဲခဏ၊ ရူပ်နာမ်သဘာဝတရားကို အနတ္တမျှသာဟု မြင်အောင်ရှုသော ယောဂီများအတွက် မျက်မြင်ပစ္စုပ္ပန်၌ပင် စွဲစရာ ဘာမျှမရှိသော သဘောကိုသာ ကာလသုံးပါးမှ လွတ်သောတရားဟု ဆိုလိုခြင်း ဖြစ်ပါသည်" ဟူ၍ (သောဝနာ၊ ၁၄/ ၃၊ အကာလိကောအရ၌) စုဒိတက ချေပထားသည်။ ထိုချေပချက်တွင် "ပစ္စုပ္ပန်ဖြစ်ပေါ်ဆဲခဏ၊ ရူပ်နာမ်သဘာဝ တရား" မျက်မြင်ပစ္စုပ္ပန်၌ပင်ဟု ကုန်သော စကားနှစ်ခွန်းတို့ဖြင့် အနတ္တ သဘာဝ ၏ ဖြစ်ရာအချိန် ပစ္စုပ္ပန်ကာလကို စုဒိတက ကိုယ်တိုင်ထင်ရှား ဖော်ပြထားသည်ကို တွေ့မြင်ကြရသည်။ ပစ္စုပ္ပန်ဖြစ်ပေါ်ဆဲခဏ ရူပ်နာမ် သဘာဝတို့သည်သာ ပစ္စုပ္ပန်ကာလမှ မလွတ်ကြပါ။ ထိုပစ္စုပ္ပန် ရူပ်နာမ်သဘာဝ တရားတို့၏ အနတ္တ သဘာဝသည်ကား ပစ္စုပ္ပန်ကာလမှလည်း လွတ်ပါသည်။ (၀ါ) ကာလသုံးပါးမှ လွတ်ပါသည်ဟူ၍ ဆင်ခြေ

http://www.dhammadownload.com

တက်လျှင် ဓမ္မသဘာဝမှန် မဟုတ်ချေ။ စုဒိတကတ်၏ ပစ္စုပ္ပန်ဖြစ်ပေါ်နေသော ရူပ်နာမ်မမှ(ခေါ်) ခန္ဓာကိုယ်ပေါ်ရှိ သက်နိုးသည်လည်း ပစ္စုပ္ပန်သာလျှင် ဖြစ်နေသကဲ့သို့တည်း။ ထိုကြောင့် စုဒိတကပြသာဓက (ပစ္စုပ္ပန်ဟု ထင်ရှားပြသော ဘဒ္ဒေကရတ္တသုတ်) နှင့် စုဒိတကတ်၏ သာရေ (ကာလသုံးပါးမှ လွတ်သည်ဟု ဆိုချက်) တို့သည် အဓိပ္ပါယ် မတူ၊ ကွဲပြားနေကြသည်မှာ အလွန်ပင် ပေါ်လွင်သည်။ ထိုကြောင့် အကာလိကော= ကာလသုံးပါးမှ လွတ်ရမည်ဟူသော စုဒိတကတ်၏ဘာသာပြန်ချက် အနတ္တသဘာဝဟု တရားကိုယ်သရုပ်ထုတ်ချက် အဓိပ္ပါယ်ဖော်ပြချက်တို့သည် အလွဲအမှား စစ်စစ်တွေသာ ဖြစ်ကြသည်။

(၄) စုဒိတကတ်၏ ထိုချေပချက်တွင် "ပစ္စုပ္ပန်ဖြစ်ပေါ်ဆဲခဏ၊ ရူပ်နာမ်သဘာဝတရားကို အနတ္တမျှသာဟုမြင်အောင် ရှုကြည့်အောင် ယောဂီများအတွက်"ဟူသောစကားသည် စုဒိတကတ်၏ ရူပ်နာမ်လွတ်သော ဝိပဿနာနှင့် အနည်းငယ်မျှ မသက်ဆိုင်ပေ။ စုဒိတကသည် ရူပ်နာမ်ဝိပဿနာရှုမှုကို အနည်းငယ်မျှ မနှစ်သက်၊ အပြစ်ကြီးစွာ ပြဆိုထားချက်ရှိသည်ဟု သတိချပ် သိမှတ်ကြရာသည်၊ ထိုချေပချက်ကြောင့် စုဒိတကသည် ရူပ်နာမ်ဝိပဿနာရှုမှုကို မလိုလျှင် မလိုသလို ပယ်၍ လိုလျှင် လိုသလို အားကိုးစရာသဏ္ဌာဝကအဖြစ်ဖြင့် ယူစွဲကာ စိတ်ပေါက်သလို ပြောဆိုနေသူဖြစ်သည်မှာ ငြင်းကွယ်မရပြီ။ အကာလိကော= ကာလသုံးပါးမှ လွတ်မယ်ဟူသော စုဒိတကတ်၏ဘာသာပြန်ချက် သည် နတ္ထိအယ်လောကော=ပစ္စုပ္ပန်လောက (ခေါ်) ပစ္စုပ္ပန်ဘဝမရှိ။ နတ္ထိပရော လောကော= အခြားလောက (ခေါ်) အတိတ်ဘဝနှင့် နောက်ဘဝမရှိဟူသော အရည်းကြီးအဇိတတ်၏ မရှိဝါဒ (နတ္ထိက) အယူမှားနှင့် တသားတည်း၊ တထပ်တည်း ဖြစ်နေသော ဘာသာပြန်ချက်သာဖြစ်သည်ဟု သိမှတ်ကြရာသည်။

(၅) စုဒိတက ဟောချက် (ဆ) အမှတ်ပြတွင် အကာလိကော= အခါမလင့်အကျိုးပေးရမယ်ဟူသော ဘာသာပြန်ချက်သည် စောဒကတို့ တင်ပြသော ဝိသုဒ္ဓိမဂ်ကျမ်းလာစကားနှင့် ညီညွတ်မှန်ကန်သည်။

အဓိပ္ပါယ်ဖော်ချက်တို့တွင် ဒါနသီလဘာဝနာတရားတို့မှာ ထန်းညက်ခဲလောက်တောင် အကျိုးပေးမသန် စသော အပြစ်ဆိုချက်မှာ ပဌာန်းပါဠိတော် အစရှိသော ထိုထိုပိဋကတော်တို့၌ ကုသိုလ်မမှတို့၏ သဘာဝမှန်နှင့်အညီ မြတ်ဗုဒ္ဓညွှန်တော်မူထားသော နာနာကွဏ္ဍကကမ္မပစ္စည်း တရားတော်မှန်ကို အရည်း

http://www.dhammadownload.com

ကြီး အဇိတ၏ (နတ္ထိက) ဝါဒအရ တိုက်ခိုက်ဖျက်ဆီးသော အလွဲအမှား စကား များဟူ၍ ဤရုံးတော်က သုံးသပ်တော်မူကြသည်။

စောဒနာအမှတ် (၁၅) သုံးသပ်ချက်

အငြင်းပွားချက် ။ဤစောဒနာအမှတ် ၁၅ တွင် အဓိကစောဒနာချက် ၃-ရပ် ပေါ်ထွက်သည်။

၁။ သံယာသရုပ်ဖော်ထုတ်ပုံ လွဲမှားပါသည်။

၂။ လူကို သံယာဟု ဓမ္မနိတိဟောပြောပါသည်။

၃။ သမုတိသံယာသည် အလျှုံခံပုဂ္ဂိုလ်မဟုတ်ဟု ဟောပါသည်။

ငြင်းခုံချက် ။ ၁။

စွဲဆိုချက် ။

ဓမ္မနိတိသည် (ခ) ဟောချက်ဖြင့် ရှင်သာရိပုတ္တရာ ရှင်မောဂ္ဂလာန်တို့က အစ ခုကာလ ရဟန်းတော်တွေ အကုန် သံယာမဟုတ်ဟုပယ်ပါသည်။ (ဂ) အမှတ်ပြဟောပြောချက်ဖြင့် သမုတိသံယာသည် သံယာစစ် မဟုတ်ဟု ဆိုပါ သည်။ (ဃ) အမှတ်ဟောပြောချက်ဖြင့် ပရမတ္ထသံယာဟူသည် ပုံသဏ္ဌာန်မရှိ အစွဲသမုဒယကို ပယ်သတ်မှု အနတ္တပရမတ်သာ ဟူ၍ ဆိုထားပါသည်။ (င) (စ) ဟောချက်တို့ဖြင့် ယခုခေတ်သံယာကို လှုံ့၍ အကျိုးမရှိဟု သွယ်ဝိုက် ထားပါသည်။ (အကျယ် စောဒနာလွှာကို ကြည့်)။

ချေပချက် ။ သမုတိသံယာနှင့် ပရမတ္ထသံယာ (၀ါ) ပညတ်သံယာနှင့် ပရမတ်သံယာကို ပိုင်းခြားအောင်မြင် ပြောသောအခန်းဖြစ်ပါသည်။သမုတိ သံယာကို မံသစက္ခုဖြင့် မြင်နိုင်သော်လည်း ပရမတ္ထသံယာကို နတ်မျက်စိနှင့် သော်မှ မမြင်နိုင်ပါ။ သမုတိ သံယာတို့အား ပယ်ဖျက်ပုတ်ခတ်လိုသော စေတနာ မဟုတ်၊ ပရမတ္ထ သံယာ အဖြစ်သို့ ဉာဏ်အမြင်ဖြင့် တက်လှမ်းနိုင်စေရန် ရည်သန်ပြောကြားပါသည်။

စောဒနာလွှာ(က) အမှတ်တွင် (ရန်သူကိုသတ် အမြတ်ကိုပယ်) လို သံယာပုဒ် ကို ဓမ္မနီတိဘာသာပြန်ထားကြောင်း စောဒကပုဂ္ဂိုလ်တို့က တင်ပြထားသော စကားမှာ တိတ်ခွေမျှားအပေါ်၌ သံသယဝင်စရာဖြစ်လာပြန်ပါသည်။ သက်သေခံ တင်ပြထားသော ယောဂီအိတ်ဆောင် စာအုပ်ငယ်နှာ (၁၅) တွင်

http://www.dhammadownload.com

(ရန်သူကိုသတ် အမြတ်ဆုံးကိုသုံး)ဟု အခိုင်အမာရေးထားပါလျက် (အမြတ်ကို ပယ်)ဆိုထားသောကြောင့် မူမမှန်သော တိတ်ခွေများကို စိစစ်ရန် အမှန်လိုအပ်ပါသည်။ (အကျယ် သောဓနာလွှာ၌ကြည့်)

စိစစ်ချက်။ ၁။

(က) စုဒိတကတ်၏ သံယာသရုပ်ကို ဖော်ထုတ်သောစကားမှာ (ဂ) အမှတ်ပြ ဟောချက်တွင် **ဒီအနတ္တတရားကိုသိလို့ အတ္တဆိုတဲ့ သမုဒယတရားကို ပယ်နိုင်သော. သံယာပဲ** ဟူသောစကားဖြစ်သည်။ ထိုစကားဖြင့် အရိယာမဟုတ်သူသည် (၀ါ) ပုထုဇဉ်သံယာသည် သံယာမဟုတ်ဟု အလွဲအမှားအဓိပ္ပါယ်ဖော်ထားသည်၊ သမုတိသံယာဟု ဝိဌကကျမ်းဂန်တို့၌ သတ်မှတ်ထားသော ပုထုဇဉ်သံယာအားလုံးကို သံယာမဟုတ်ဟု ပယ်ထုတ်ထားသည်။ ပုတ်ခတ်ထားသည်။ သမုတိသံယာအားလုံးကို ထိပါးပုတ်ခတ်လိုသောကြောင့် (ဂ)အမှတ်ပြဟောချက်တွင် "ဒါဘုန်းကြီးတွေကိုယ်တိုင်က ပြောနေတာ၊ သမုတိသံယာကိုမျက်မှောက်ထား၍ ပရမတ္ထသံယာကို အာရုံပြု လှုဒါန်းကြပါလို့" ဟူသော စကားကို ပြောထားသည်။ ထိုစကားသည် ပညာရှင်ဆရာတော် သံယာတော်များက ပြောရိုးစကားမဟုတ်ပေ။

သမုတိသံယောတိအဝိသေသေန ဘိက္ခုသမူဟော (ကခ၊ ၂။ ၈၅) သမုတိသံယာဟူသည် အရိယာပုထုဇဉ်ဟု မခွဲခြားသဖြင့် (၀ါ) အရိယာပုထုဇဉ်ဟု နှစ်ပါးလုံးပါ၀င်သဖြင့် ရဟန်းတို့၏ အပေါင်းအစုတည်းဟု ကျမ်းဂန်စကားကို လွယ်လွယ်ကူကူ ထင်ထင်ရှားရှားသိထားသောကြောင့်ပေတည်း။ သမုတိသံယာ အဓိပ္ပါယ်နှင့် သရုပ်မှန်ကိုမျှ မသိသူရဟန်းအည့ဲအဖျင်းတို့သာ "သမုတိသံယာကို မျက်မှောက်ပြု၍ ပရမတ္ထသံယာကို အာရုံပြုကြပါလို့"ဟု ပြောကြပေမည်။ စုဒိတကသည် လည်း သမုတိသံယာဟူသည် အရိယာရဟန်းနှင့် ပုထုဇဉ်ရဟန်းဟူသော ရဟန်းအားလုံးပါ၀င်သော အစုအပေါင်းဖြစ်သည်ဟု သိမှတ်ထားဟန်မရှိပေ။ ထို့ကြောင့် "သမုတိသံယာနှင့်ပရမတ္ထသံယာကို ပိုင်းခြားမြင်အောင် ဟောသော အခန်းဖြစ်ပါသည်"ဟု သောဓနာလွှာတင်ပြ၍ ဟောချက်များတွင်လည်း ယင်းနှစ်မျိုးကို ခွဲခြားပြောနေသည်။ ထို့ပြင် ပရမတ္ထသံယာကို သရုပ်ဖော် ရာ၌ လည်း (၁) ဟောချက်၊ (ဃ) တွင် အမှန်ရှိသော ပကတိအနတ္တမါတ် ပရမတ်ပေါ်တွင်သာတွေ့ရတဲ့ ပရမတ္ထသံယာအစစ်"ဟုပြော၍ (၂) ဟောချက် (ဂ)တွင် မိမိခန္ဓာအတုံးက ပရမတ်အတုံးအစစ်ဖြစ်မှ ပရမတ္ထသံယာဖြစ်မယ်"ဟု ပြောပြန်

http://www.dhammadownload.com

သည်။ တောင်ရောက်မြောက်ရောက် ပေါက်ကရစိတ်ပေါက်သလို သရုပ်ဖော်နေခြင်းသာဖြစ်သည်။ ဤသို့ အဓိကအချက်ဖြစ်သော သံယာသရုပ်ဖော်ချက်သည် ကျမ်းဂန်နှင့်မညီ လွဲမှားနေကြောင်းပေါ်လွင်နေပြီဖြစ်ရာ ကျန်အချက်များကို ဆက်လက်စိစစ်ဖွယ် မရှိတော့ပြီ။

(ဂ) သံယပုဒ်ဘာသာပြန်ချက်တွင် "ရန်သူကိုသတ်၊ အမြတ်ကိုပယ်"နှင့် "ရန်သူကိုသတ်၊ အမြတ်ကိုသုံး"ဟု ကွဲလွဲချက်အတွက် တိတ်ခွေအသံကိုနားထောင်ကြရာ၌ "ရန်သူကိုသတ်၊ အမြတ်ကိုသုံး"ဟု စုဒိတက၏အသံထွက်နေသည်။ တိတ်ခွေအသံကို နားထောင်၍ စာဖြင့်မှတ်တမ်းတင်သူ၏ လွဲမှားချက်ကို အရင်းခံပြု၍ ဤရုံးတော်ထိအောင် အငြင်းပွားလာခြင်းဖြစ်သည်ကို တွေ့ကြရသည်။ ယင်းသို့ (အမြတ်ကိုပယ်)ဟု ဘာသာပြန်မှုကိုအကြောင်းပြု၍ နောက်ဆက်စွပ်စွဲချက်အနည်းငယ်ကိုမျှ စောဒကတို့က တင်ပြထားခြင်းမရှိပ။ ယင်းသို့ပင် စွပ်စွဲချက်မတင်သော်လည်း နောင်အခါမှာ စွပ်စွဲစရာဖြစ်နေသောကြောင့် "အမြတ်ကိုပယ်"ဟူသော စကားလုံးကို "အမြတ်ကိုသုံး"ဟု အမှန်အတိုင်းပြင်ဆင်ရန် ဤရုံးတော်ကဆုံးဖြတ်သည်။ နောင်အခါတွင် ဤကဲ့သို့မမှားစေရန် အထူးသတိပြုဂရုစိုက်ကြဖို့ စောဒကများကိုလည်း ရုံးတော်က ညွှန်ကြားသည်။

ငြင်းခုံ ချက်။ ၂။

စွဲ ဆို ချက်။ လူကိုသံယာဟု ဓမ္မနီတိဟောပါသည်။ (ဂ) (စ) အမှတ်ပြု ဟောချက်များဖြင့် "မိမိ၏တရားအရ မိမိ၏တပည့် များသည် ပရမတ္ထသံယာတော်ဖြစ်သည်"ဟု လူကိုသံယာယူပြီး ထို ပရမတ္ထသံယာ အားလှူလျှင် အကျိုးကြီးမြတ်မှုကို ပြထားပါသည်။ (စောဒနာ ၁၅/ ၂တွင်ကြည့်)

သံယာသည် ရဟန်းတို့၏အပေါင်းသာဖြစ်သောကြောင့် လူသည်သံယာမဟုတ်ပါဟု ကျမ်းဂန်သာဓကပြု၍ စောဒနာကြသည်။

ချေပ ချက်။ ။လူကိုသံယာဟုမဟောပါ။ တပည့်ဟော်မဟောဘဲ ဟောသည်ဟု စွပ်စွဲသောကြောင့် အဓမ္မစောဒကပုဂ္ဂိုလ်များဖြစ်ကြပါသည်။ သို့သော် လူဝတ်ကြောင်အနေဖြင့် ပရမတ္ထသံယာအဖြစ်သို့ရောက်နိုင်သည်ဟု ယူဆပါသည်။ သန္တတိအမတ်ကြီးသည် လူဝတ်ကြောင်ဖြင့် ပင်သော်လည်း အမှန်သစ္စာကိုသိမြင်ပါက ဘိက္ခု၊ သမဏာရဟန်းဟု

http://www.dhammadownload.com

အမည်ရသည်ဟူ၍ ဓမ္မပဒပါဠိတော် ဂါထာအမှတ် (၁၄၂)ကို တင်ပြသည်။

စီစစ်ချက်

(က) စုဒိတကသည် (ဂ)(စ) အမှတ်ပြဟောချက်တို့ဖြင့် လူကိုသံယာဟု ပြောသည်ဟူ၍ စောဒကတို့ကစွပ်စွဲသည်။ မဟောပါဟု စုဒိတကပုဂ္ဂိုလ်ကငြင်းဆို၍ ယင်းသို့ မဟောဘဲ ဟောသည်ဟုစွပ်စွဲသော်ကြောင့် အဓမ္မစောဒကများဖြစ်ကြပါသည်ဟု ပြန်လှန်စွပ်စွဲထားသည်။

(ခ) စုဒိတက၏ (ဂ) အမှတ်ပြဟောချက်တွင် "ယနေ့ယောဂီတို့ ခန္ဓာသည်လဲ အတ္တတည်းဟူသော အစွဲသမုဒယတွေ့ပြုတ်ကြလို့ အနတ္တပရမတ်တုံးသာမှန်ရင် မိမိခန္ဓာသည်လဲ သံယာထဲမပါဖူး လား။ပါသလား"ဟူသော စုဒိတကဟောချက်စကားထင်ရှားရှိနေသောကြောင့် လူကိုသံယာဟု စုဒိတကဟောခဲ့ကြောင်းထင်ရှားပေါ်လွင်နေသည်။ ခန္ဓာကိုယ်သာ သံယာဟုပြောပါသည်၊ လူကိုသံယာဟုမပြောပါဟူ၍ မငြင်းဆန်သင့်ပေ။ လူနှင့်ခန္ဓာအတူတူထား၍ စုဒိတကဟောပြောသောကြောင့်တည်း။ သန္တတိအမတ်ကြီးသည် လူဝတ်ကြောင်ဖြင့်သော်လည်း ဘိက္ခုသမဏရဟန်းအမည်ရသည်ဟု သာဓကတင်၍ လူသည် ပရမတ္ထသံယာအဖြစ်သို့ ရောက်နိုင်သည်ယူဆပါသည်ဟူသော စုဒိတက၏သောဓနာလွှာပါစကားကို လည်းထောက်လေ။ သန္တတိအမတ်ကြီးသည် လူဝတ်ကြောင်နှင့်ပင် ပရိနိဗ္ဗာန်ပြုသွားသည်ဟုဆိုသောကြောင့်လည်းကောင်း၊ သောဇဝရူပေါ ဗာဟိတပါပတ္တာ ဗြဟ္မဏောတိပိ သမိတပါပတ္တာ သမဏောတိပိဘိန္နကိလေသတ္တာ ဘိက္ခုတိပိ ဝတ္တ ဗြောယေဝါတိဟု (ဓမ္မပဒ ၆ ၂/၅၃)၌ ဆိုထားသောကြောင့်လည်းကောင်း၊ သန္တတိအမတ်ကြီးသည် (သံယာ)အမည်ကို မရသည်မှာထင်ရှားသည်။

လူသည်သံယာမဟုတ်၊ သံယတွင်လူမပါဝင်ဟုသိရာသည်။ လူသည်သံယာတွင်ပါဝင်လျှင် သံယဥပုသ်ကံစသော သံယာကံတို့ကို ဆောင်ရွက်ရာ၌ အရိယာဖြစ်နေသောလူကို ဖယ်ကြဉ်ထားရန်မလိုပေ၊ ဖယ်ကြဉ်ထားသောကြောင့်လည်း လူသည်သံယာတွင် ပါဝင်ခွင့်မျှပင် မရှိဟုထင်ရှားသည်။

စောဒကတို့က စောဒနာလွှာ ၁၅/၃တွင် တင်ပြထားသော သမ္မောဟဝိနောဒနီအဋ္ဌကထာ (၄၈၉)၌ ရဟန်းတစ်ပါးကို မရှိသေမလေးစားလျှင် သံယာခေါ် ရဟန်းအပေါင်းကို မရှိသေမလေးစားရာရောက်သည်ဟု ဆိုထားသောကြောင့်

http://www.dhammadownload.com

လူဝတ်ကြောင်သည် သံယာမဟုတ်သည်မှာ အလွန်ထင်ရှားသည်။ ပရမတ္ထ သံယာအသုံးအနှုန်းကို ခုဒ္ဒကပါဠ၊ ၆၊ ၁၀၊ ဝိမာန၊ ၆။ ၁၄၀နှာ၌ အောက်ပါအတိုင်း တွေ့ရသည်-

အယံ ဟိ ပရမတ္ထသံယော သရဏန္တိ ဂမနီယော။
ဒိဋ္ဌိသီလသမ္ပန္နော၊ ပ။ ပရမတ္ထသံယ မေထိဘာဝေတိ။

မြန်မာပြန်-မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ် ၄ ယောက်၊ ဖလဋ္ဌာန်ပုဂ္ဂိုလ် ၄ ယောက်၊ ပေါင်းရှစ်ယောက်သော ဤသံယာကို ပရမတ္ထသံယာကိုးကွယ်ရာဟု မှီဝဲဆည်းကပ်သင့်၏။

ဤ၌ "သံယံ သရဏံ ဂစ္ဆာမိ"ဟုဆိုရ၍ ကိုးကွယ်ဆည်းကပ်ရမည့် သံယာသည် အရိယပုဂ္ဂိုလ်ရှစ်ယောက်တည်းဟူသော ပရမတ္ထသံယာပါဟု ဤအဖွင့်အရ ထင်ရှား၏။ ၎င်းရှစ်ယောက်သည် လူနတ်ဗြဟ္မာပုဂ္ဂိုလ်လား၊ သို့မဟုတ် ရဟန်းပုဂ္ဂိုလ်လားဟု မထင်ရှားသေး။

ဝိနည်းမဟာဝါ ဒွေ ဝါစိက သရဏဂုံခန်း၌ တဖုဿနှင့်ဘလ္လိက ညီနောင်တို့ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ" ဒွေဝါစိက သရဏဂုံဆောက်တည်ပုံကို ထောက်၍ အရိယာနတ်ဗြဟ္မာကြီးများရှိသော်လည်း သံယံ သရဏံ ဂစ္ဆာမိ၌ ထည့်မဆိုရကာ နတ်ဗြဟ္မာများသံယာအရ မပါဝင်ကြောင်း ထင်ရှားသည်။ လူအရိယာများအတွက် စိစစ်ရန်ရှိသည်။

သုတ်မဟာဝါ ဝိပဿီဘုရားရှင်၏ တပည့်ရှစ်သောင်းလေးထောင်သော လူပရိသတ်သည် တရားနာပြီးသောအခါ အားလုံးသောတာပန် တည်ကြသည်။ ၎င်းတို့ သရဏဂုံဆောက်တည်သောအခါ ဒွေဝါစိက သရဏဂုံသာ ဆောက်တည်ကြသည်။ ဧတေ မယံ ဘန္တေ ဘဂဝန္တံ သရဏံ ဂစ္ဆာမ ဓမ္မဉ္စ (ဒီ၊ ၂။ ၃၇-နှာ)

ထိုအချိန်၌ အရှင်ခဏ္ဍနှင့် အရှင်တိဿရဟန္တာ ၂-ပါးရှိ ငြားသော်လည်း သံယာ အရေအတွက် ၄-ပါး မပြည့်သေး၍ သံယံသရဏံ ဂစ္ဆာမိ-(ဘိက္ခုသံယဉ္စ) ဟု မဆိုရကြောင်း ၎င်းအဋ္ဌကထာနှင့် ဋီကာဆရာများဖွင့်ကြသည်။

သံယပွဟောနကာနံ ဘိက္ခူနံ အဘာဝါ "သံယသ အပရိပုဏ္ဏတ္တာ"တိဝုတ္တံ။ ဒွေအဂ္ဂသာဝကာ ဧဝ ဟိ တဒါ အဟေသုံ။ ဒီ၊ ဋီ၊ ၂။ ၇၃-နှာ။

ဤပါဠိတော်အဋ္ဌကထာ ဋီကာများကို ထောက်ဆ၍ လူအရိယာပုဂ္ဂိုလ်ရှစ်သောင်းလေးထောင်ပင် ရှိငြားသော်လည်း သံယံ သရဏံ ဂစ္ဆာမိ၌ မပါဝင်၍

http://www.dhammadownload.com

တေဝါစိက သရဏဂုံ မဆောက်တည်ရ။ လူရဟန်း (၁)ပါး၊ (၂)ပါး (၃)ပါး ရှိသော်လည်း သံယာမလုံလောက်သေးလျှင် သံယံ သရဏံ ဂစ္ဆामि-ဟု မဆိုရ။ လူအရိယာရဟန်း (၄)ပါး၊ (၄)ပါး အထက်ရှိလျှင်ကား သံယံ သရဏံ ဂစ္ဆामि-ဟုဆိုရ။ ကိုးကွယ်ဆည်းကပ်နိုင်ပေပြီ။ အချုပ်မှာ လူအရိယာပုဂ္ဂိုလ်များသည် "သံယံ သရဏံ ဂစ္ဆामိ"ဟု မပါဝင်ဟု ဝိနည်းဓိုရ်ဆရာတော်များ သုံးသပ်တော်မူကြသည်။

ဝိနည်းဓိုရ်ဆရာတော်များ၏ သုံးသပ်ချက်

ပြင်းခုံချက်။ ၃ ။

စွဲဆိုချက်။ ။သမုတိသံယာသည် အလျှုခံပုဂ္ဂိုလ်မဟုတ်ဟု ဟောပါသည်။ သမုတိသံယာက အလျှုခံအစစ်ဖြစ်ဖို့ မလွယ်ဘူးဟူသော ဓမ္မနီတိ၏စကားသည် ပရိယာယ်သုံးခြင်း ဖြစ်ပါသည်။ အလျှုခံအစစ် မဖြစ်ဘူး၊ ဒက္ခိဏေယျဂုဏ် မထိုက်ဘူးဟု ပြောခြင်းသာ ဖြစ်ပါသည်။ ဓမ္မနီတိသည် အလျှုမှန်သမျှ၊ ကောင်းမှုမှန်သမျှ ပယ်ထားပါလျက် ယခု သံယာနှင့်စပ်မှ ဒက္ခိဏေယျဂုဏ်ထိုက်သည် မထိုက်သည်ကို စိစစ်နေပြန်ပါသည်။ မှန်ကန်သောစေတနာ၊ သာသနာအတွက် အကျိုးထွက်မည့် စိစစ်ချက်မဟုတ်ပါ။ (အကျယ်ကို စောဒနာလွှာ၌ ကြည့်)။

ချေပချက်။ ။သမုတိသံယာသည် အလျှုခံပုဂ္ဂိုလ်အစစ်ဖြစ်ဖို့ မလွယ်ဘူး၊ ဒက္ခိဏေယျဂုဏ်ထိုက်ဖို့ မလွယ်ဘူးဟု ဟောခဲ့တာ မှန်ပါသည်။ ဒက္ခိဏေယျ၏ ဘာသာပြန်မှာ မြတ်သောအဲလျှုကို ခံထိုက်သူဟု ဆိုထားရာ စောဒကများတင်ပြထားသော အဋ္ဌကထာပါဠိဖြင့်ပင်ရှင်းနေပြီ ဖြစ်ပါသည်။ (ယေပုဂ္ဂလာအဋ္ဌသတံ ပသတ္ထာ)စသော ရတနသုတ်ပါဠိတော်ကြီး၌ အရိယာပုဂ္ဂိုလ်ရှစ်ယောက် ဒက္ခိဏေယျဖြစ်သည်ဟု ဗုဒ္ဓကိုယ်တော်တိုင် ဟောထားပါသည်။ သမုတိ သံယာများလည်း သုပ္ပဋိပန္နစသော အကြောင်းဂုဏ်အင်္ဂါလေးပါးနှင့် ပြည့်စုံပါက ဒက္ခိဏေယျအလျှုခံထိုက်သူများ ဖြစ်ပါတော့သည်။ (အကျယ်သောဓနာလွှာကြည့်)။

စိစစ်ချက်။ ဤ၌ သမုတိသံယာကို ပီပီပြင်ပြင်ဖော်ပြရန် လိုရင်းချက် ဖြစ်သည်။ သမုတိသံယောတိ အဝိသေသေန ဘိက္ခုသမူဟော (ကခ်ီ၊ ၆၊ ၅၇)၌ (က) သောတာပန်စသော အရိယာရဟန်းဖြစ်စေ(ခ) ပုထုဇဉ်စသော ရဟန်း ဖြစ်စေ (ဂ)နှစ်ပါးအရောဖြစ်စေ သီးခြားမခွဲဘဲ သာမညရဟန်းတို့၏အပေါင်းကို သမုတိသံယာဟု ခေါ်ဆိုရမည်ဟု မိန့်ဆိုသောကြောင့် လည်းကောင်း၊ ဥတ္တိ

http://www.dhammadownload.com

စတုတ္ထကမ္မဝါစာဖြင့် သမုတ်အပ်၏ဟု ဗုဒ္ဓရှင်တော်မြတ် ခွင့်ပြုချက်အရ သမုတ်သတ်မှတ်အပ်သော (၀၊) ကံမြောက်စေတတ်သော သံယာမှဖြစ်လာသော သံယာဖြစ်သောကြောင့် လည်းကောင်း၊ သမုတိသံယာဟု ခေါ်ဆိုရပါသည်။ အရိယာရဟန်းအပေါင်းသည်လည်း သမုတိသံယာတွင် ပါဝင်ပါသည်။ သမုတိသံယာတွင် မပါဝင်သောရဟန်းဟူ၍ မရှိ။ သမုတိသံယာတွင် မပါဝင်လျှင် ရဟန်းမဟုတ်ဟု သိကြရာသည်။ ထို့ကြောင့်-

(၁) အရိယာသံယာသည် သမုတိသံယာ ဒက္ခိဏေယျသံယာဟု အမည်နှစ်မျိုး ရှိသည်။

(၂) ပုထုဇဉ်သံယာသည် သမုတိသံယာဟု အမည်တစ်မျိုးသာ ရှိသည်ဟု ခွဲခြားသိမှတ်ရာသည်။ ယင်းသို့ အရိယာပုထုဇဉ်ခွဲခြားမှု မပြုလိုလျှင် သမုတိသံယာဟူ၍ ပြောကြရာသည်။ ရဟန်းသိက္ခာရှိသူဟူသမျှ သမုတိသံယာတွင် ပါဝင်သည်ဟု သိကြရာသည်။ စုဒိတကသည် သက်နှံးဝတ်ထားလျှင် သမုတိသံယာဖြစ်သည်။ အနတ္တကိုသိလျှင် သက်နှံးဝတ်သူဖြစ်စေ၊ မဝတ်သူဖြစ်စေ ပရမတ္ထသံယာ ဖြစ်သည်။ မိမိ၏ မွေးရာပါ ခန္ဓာကိုယ်အတုံးကြီးသာ သံယာဖြစ်နိုင်သည်။ ပြင်ဘက်မှာ သံယာမရှိဟု အလွဲအမှားပြောသည်။ ထိုစကားဖြင့် မိမိ၏ မွေးရာပါ ခန္ဓာကိုယ်အတုံးကြီး၏ အပြင်ဘက်ရှိ အရိယာဖြစ်နေကြသော ပရမတ္ထသံယာတို့ကို "သရဏဂုံ မထိုက်သူများ"ဟု ပယ်ပစ်ရန် လမ်းလွှဲညွှန်သည်။

ယင်းသို့ အရိယာသံယာ ပုထုဇဉ်သံယာ(၀၊) ပရမတ္ထသံယာ ပညတ်သံယာ နှစ်မျိုးလုံးပင် သမုတိသံယာဖြစ်သောကြောင့် သမုတိသံယာသည် အလျှုခံ အစစ်ဖြစ်ဖို့ မလွယ်ဘူးဟူသော စုဒိတက၏စကားသည် အစမှအဆုံးအထိ အားလုံးပင်မှားသည်။ သောဓနာချေပလွှာ ၁၅/၃ တွင် အထက်ပါ သုပ္ပဋိပန္နစသော အကြောင်းဂုဏ်အင်္ဂါလေးပါးတို့နှင့် ပြည့်စုံပါက ဒက္ခိဏေယျအလျှုခံထိုက်သူ ဖြစ်လာပါတော့သည်ဟု စုဒိတက၏ တင်ပြချက်လည်း ရှိသည်။ စုဒိတကသည် ဝိပဿနာသင်တန်း၌ ယင်းအချက်ကို ထည့်စွက်၍ မပြောခဲ့ခြင်းကြောင့် လည်းကောင်း ကုသိုလ်မရှိ၊ ကုသိုလ်ကံရှိသည်ဟု ယူစွဲထားသူသည် နိဗ္ဗာန်မရ၊ တရားမရ၊ ရပ်ပြစ်ရှစ်ပါးထဲမှာနေသည်ဟု အလွဲအမှားကြီးယူစွဲထားသူ ပြောကြား

http://www.dhammadownload.com

ထားသူဖြစ်သောကြောင့် လည်းကောင်း၊ ပရမတ်သံယာပညတ် သံယာခွဲခြား ပြုရုံတွင် မရပ်တန့်ဘဲ အလျှုခံထိုက် မထိုက် စိစစ်ပြနေခြင်းသည် စေတနာကောင်း ထား၍ စိစစ်သူဟု ယုံကြည်ဖွယ်ရန် ထိုက်တန်သူမဟုတ်သောကြောင့်လည်းကောင်း၊ ဤစောဒနာချက် ပေါ်ထွက်လာခြင်း ဖြစ်သည်။ သမုတိသံယာသည် ဒကွိုကောယျ ဂုဏ်ထိုက်ဖို့ မလွယ်ဘူးဟူသော စုဒိတဂ၏ စကားသည် ပုထုဇဉ်သံယာအတွက် ဟုတ်မှန်၍ အရိယာသံယာအတွက် မဟုတ်မမှန်သောကြောင့် ထက်ဝက်မှန် ထက်ဝက်မှား ဟောချက်စကား ဖြစ်သည်။

ပြခဲ့ပြီးသော အကြောင်းတို့ကြောင့် စုဒိတက၏သံယာနှင့်ပတ်သက်သော ဟောချက်များသည် အမှန်အနည်းငယ်မျှ အမှားတွေများလွန်းသော ဟောချက်သာ ဖြစ်သည်ဟု ရုံးတော်က သုံးသပ်သည်။

စောဒနာအမှတ်-၁၆-သုံးသပ်ချက်

အခြင်းပွားချက်။

(၁) စုဒိတကသည် သုတ္တန်ပိဋကတော်ကို ဖျက်ဆီးသူ ဖြစ်သည်။

(၂) စုဒိတကသည် သုတ္တန်တရားသည် မုချသံသရာမှ ကယ်နိုင်သော တရားမဟုတ်ဟုပြောလျက် မတရားစော်ကားသူ ဖြစ်သည်။

(၃) စုဒိတကသည် မြတ်စွာဘုရားကို မမှန်စကားဖြင့် စွပ်စွဲ ဆဲသူ ဖြစ်သည်ဟူ၍ စုဒိတကဟောချက်များနှင့် ကျမ်းဂန်သာဓက တင်ပြစောဒနာကြသည်။

စုဒိတကပုဂ္ဂိုလ်က ကျမ်းဂန်သာဓကတင်ပြချေပသည်။

ငြင်းခုန်ချက်။ ၁ ။

စွဲဆိုချက်။ စုဒိတကသည် ကွဲပြားတာမှန်သမျှသုတ္တန်ဖြစ်သည်၊ သုတ္တန်သည် ကန်းသူတွေအတွက်သာ ဖြစ်သည်ဟု မဟုတ်မမှန် ဟောလျက် သုတ္တန်ကို ဖျက်ဆီးပါသည်။ ၄၅-ဝါတိုင်တိုင် လူပြည်မှာ မြတ်စွာဘုရားဟောကြားတော်မူသော တရားတော် အားလုံးသည် သုတ္တန်တွေချည်းသာ ဖြစ်ပါသည်။ သုတ္တန်သည်

http://www.dhammadownload.com

ပညာ မျက်စိရှိသူတွေအတွက် မှန်-မှားတိုင်းစရာ၊ မလွဲအောင် တိကျအောင် မျှင်းကြိုးသားသည့် သဖွယ်ဖြစ်ပါသည်၊ အကန်း တွေအတွက် မဟုတ်ပါဟူ၍ သာဓကတင်ပြကြသည်။

ချေပချက်။ အဘိဓမ္မာ၏ ဝိသဒ္ဒဂုဏ်ထူးကို ချီးမြှင့်ရန်၊ ပေါ်လွင်စေရန် သုတ္တန်နှင့် နှိုင်းယှဉ်ပြပါသည်၊ အဘိဓမ္မာပေါ်၌ ထင်ဟပ်လာသော အရောင်အရိပ်နိမိတ်သဏ္ဌာန် ကွဲပြားမှု မှန်သမျှကို သုတ္တန်ဟု သတ်မှတ်ပါသည်။ သာသနာတော်မှ သတ်မှတ်ထားသော သုတ္တန္တ နိကာယနှင့် အဘိဓမ္မာသဘာဝပြ ခုဒ္ဒက နိကာယကို မရည်ညွှန်းပါ။ သာဓကပါဠိ တင်ပြခြင်းမရှိ။ (အကျယ်ကို သောဓနာ-အမှတ်၊ ၁၆-၌ကြည့်)

စိစစ်ချက်။၁။

(က) (၁) စောဒကတို့၏ တင်ပြချက်သည် ကျမ်းဂန်သာဓကပြည့်စုံ ခိုင်လုံသည်။ စုဒိတကပုဂ္ဂိုလ်က အဘိဓမ္မည၏ ဝိသိဋ္ဌ ဂုဏ်ပေါ်လွင်စေရန် သုတ္တန်နှင့် နှိုင်းယှဉ်ပြပါသည်ဟု ဖြေရှင်းသည်။ အဘိဓမ္မာဂုဏ်ထက်စေရန် အတွက် သုတ္တန်၏ ဂုဏ်တော်မှန်ကို နှိမ့်ချခြင်းသည် ပညာရှိသူတော်ကောင်း တို့၏ အလုပ်မဟုတ်ချေ။ လူလောကဌ် တစ်ဦးဂုဏ်တက်စေရန် တစ်ဦး၏ဂုဏ်ကို နှိပ်ချဖျက်ဆီးခြင်းကို ယဉ်ကျေးသော အမျိုးများပင် မပြုကြချေ။ စုဒိတကသည် ရဟန်းတပါး သင်တန်းပြဆရာတစ်ဦးလည်း ဖြစ်ပါလျက် အဘိဓမ္မာဂုဏ်တက် စေရန် သုတ္တန်ကို အမှန်မဟုတ်သောစကားတို့ဖြင့် ဂုဏ်ဖျက်သည့်ယုတ်ညံ့သော အလုပ်ကို လူယဉ်ကျေးမှုမျှ မရှိသူပီသစွာ လုပ်ခဲ့ပေသည်။ ထို့ပြင် ခုနစ်ဝါ အဘိဓမ္မာ ချီပါသားနဲ့ ပခန်းသားထမ်းပိုးချင်းပြိုင်ကြသလို ပြိုင်ပွဲမှာ အသုံးချတဲ့ အဘိဓမ္မာ စသည်ဖြင့် အဘိဓမ္မာ၏ ဂုဏ်များကို ချီးဖွဲ့ဖျက်ခဲ့သူ စုဒိတကသည် အဘိဓမ္မာ၏ ဝိသိဋ္ဌဂုဏ်ထူးပေါ်လွင်စေရန်ဟု ရည်သန်ချက်ကို တင်ပြသည်မှာ ယုံကြည်မည့်သူ ရှိပါမည်လားဟု စဉ်းစားဉာဏ်အနည်းငယ်မျှ မရှိသူ ဖြစ်နေ ကြောင်းကို စုဒိတက၏ စကားပင် ဖော်ပြထားသည်။

(၂) သင်တန်းသားတွေ သိထားသော ပရမတ်တလုံးတည်းကို တူတာ အဘိဓမ္မာဟု သတ်မှတ်ပေးထားပါသည်၊ ထိုအဘိဓမ္မာပေါ်၌ ထင်ဟပ်လာသော အရောင် အရိပ်နိမိတ်သဏ္ဌာန် ကွဲပြားမှုမှန်သမျှကို သုတ္တန်ဟု သတ်မှတ်ပေးထား

http://www.dhammadownload.com

ပါသည် ဟု စုဒိတကချေပသည်။ အဘိဓမ္မာ၏ ဝိသိဋ္ဌ ဂုဏ်ထူးပေါ်လွင်စေရန် သုတ္တန်နှင့် နှိုင်းယှဉ်ပြခြင်းသာ ဖြစ်ပါသည်ဟူသော စုဒိတက၏ ပထမချေပချက် အရ ထေရဝါဒသာသနာတော်ကသတ်မှတ်ထားသော အဘိဓမ္မာပိဋကတ်၏ ဝိသိဋ္ဌ ဂုဏ်ထူးပေါ်လွင်စေရန်ဟု ထင်မှတ်စရာ ဖြစ်နိုင်သော်လည်း ယခုဒုတိယ ချေပချက်အရ သင်တန်းသားတို့အား စုဒိတကအလွဲ အမှား သင်တန်း ပေးထား သော တလုံးတည်းသော အဘိဓမ္မာဂုဏ်တက်အောင် ဗုဒ္ဓပိဋကတ သုတ္တန်၏ ဂုဏ်တို့ကို ဖျက်ခဲ့ကြောင်း ထင်ရှားလာသည်။ စုဒိတက အလွဲအမှား သင်တန်း ပေးထားချက်အရ "အဘိဓမ္မာဆိုတာ တစ်လုံးတည်းရှိရတယ်" ဟု အလွဲ အမှားသိမှတ်ထားကြသော သင်တန်းသားများသည် ရူပ်နှင့် နာမ် ကုသိုလ်နှင့် အကုသိုလ်စိတ်နှင့် စေတသိက် ဝေဒနာကွန္ဓာ၊ သညကွန္ဓာ၊ သခါရကွန္ဓာ စသည် ထိုထိုများစွာ ဗုဒ္ဓအဘိဓမ္မာစကားတို့ကို အခြားသူတို့ ထံမှကြားရ စာအုပ်တွင် ဖတ်ရသောအခါ ရူပ်-နာမ်လို့နှစ်ခုကွဲပြားနေတယ်၊ အဘိ ဓမ္မာတရားမဟုတ်၊ သုတ္တန်စကားတွေ စသည်ဖြင့် သင်တန်းသားတွေ အမှတ် အယူလွဲအောင် ကြိုဆောင်၍လည်းကောင်း အခြားဆရာတို့၏ အဘိဓမ္မာစကား တွေကို ဒါတွေဟာ နှစ်မျိုးသုံးမျိုးကွဲပြားနေတာကြောင့် အဘိဓမ္မာစကားမဟုတ်၊ အနတ္တတစ်လုံးထဲပြောမှ အဘိဓမ္မာစကားဟု အထင်လွဲမှား မလေးစားအောင် အထူးကြုံစီ၍လည်းကောင်း ပြောထားသော သုဘန်၊ အဘိဓမ္မာခွဲခြားချက် ဖြစ် နေကြောင်းလည်း ပေါ်လွင်လာသည်။

(၃) စုဒိတကသည် ကုသိုလ် အကုသိုလ်တကယ်မရှိ၊ အထင်အစွဲအရိပ် ဥပါဒါန်အလွဲဟူ၍ စိတ်စွဲနေသူဖြစ်သောကြောင့် အကုသိုလ်ဖြစ်မှာ မကြောက် လျှင် လည်း သုတ္တန်ပိဋကတော်လာ စကားတွေကို များများအသုံးပြုကာ သင်တန်း ပြစား၊ တရားဟော စားနေရသည့်ကျေးဇူးဂုဏ်ကို ထောက်ဘို့တော့ အောက်ထစ်ဆုံး လူယဉ်ကျေးမှု အဖြစ် သတ်မှတ်လိုက်နာ သင့်ပေသည်၊ လူဆံပင်တွေကို အဝတ်သဖွယ် ခန္ဓာကိုယ်မှာ ပတ်ထားသော နတ္ထိကဝါဒီ အရည်းကြီးအဇိတ၏ နောက်လိုက် ဝိသလွန်းလှသူပါတကား။

(၄) သာသနာတော်ဟု သတ်မှတ်၍ထားသော သုတ္တန္တနိကာယနှင့် အဘိဓမ္မာ သဘာဝကို ဖော်ပြသော ခုဒ္ဒက နိကာယကို မည်သို့မျှ မရည်ညွှန်းပါဟု စုဒိတကချေပသည်။ သင်တန်း၌ ပြောခဲ့သော ပဋ္ဌာစာရိဝတ္ထုနှင့် သုဝဏ္ဏာသျှ ဇာတ်ထုပ်တို့ကို သာသနာတော်မှ သတ်မှတ်ထားသော သုတ္တန္တနိကာယမှ

http://www.dhammadownload.com

ယူခဲ့သည်ကို စုဒိတကမခြင်းနိုင်၊ မခြင်းခဲ့ပေ၊ ထိုသုဝဏ္ဏသျှဲ ဇာတ်ထုပ်ကို ပဏာဒ အကြောင်းပြုလျက် "သုတ္တန်ဆိုတာ အကန်းတွေ အတွက်ပါ" ဟု မြတ်ဗုဒ္ဓ ဟောကြား သာသနာတော်မှ သတ်မှတ်၍ ထားသော သုတ္တန္တနိကာယ၏ ဂုဏ်တွေကို ပယ်ပယ်နယ်နယ် ဖျက်ဆီးခဲ့ကြောင်း ပေါ်လွင်လာချိန်ရောက်မှ သာသနာတော်မှ သတ်မှတ်ထားသော သုတ္တန္တနိကာယကို မရည်ညွှန်းပါဟု ပြောင်ပြောင် ရှင်းရှင်းပင် မဟုတ်မမှန်စကားတွေကို တင်ပြနေသည်။ အဘိဓမ္မာ သဘာဝကို ဖော်ပြသော ခုဒ္ဒကနိကာယကို မည်သို့မျှ မရည်ညွှန်းပါဟု ပူးတွဲထည့်လိုက်သေးသည်၊ ရဟန်းတို့၏ အသက်ဖြစ်သောသီလသဘာဝတွေကို အဓိကထား၍ နိဗ္ဗာန်သို့ ပို့ဆောင်သော ဝိနည်းအားလုံးသည် ခုဒ္ဒကနိကာယတွင် အဓိသီလအမည်ဖြင့် ပါဝင်နေသည်ကို စုဒိတက သိထားပြီးဖြစ်သည်၊ ယင်းသို့ သိသောကြောင့် မိမိ၏ ခန္ဓာကိုယ် အတုံးကြီး ပရမ်တ်ကိုသာ ရွေးချယ် စောင့်ရှောက်သည် မဟုတ်သော အဘိဓမ္မာမဟုတ်သော အဓိသီလဝိနည်းတော် ကိုလည်း ဖျက်ဆီးရာတွင် ချွင်းချက်မပေးလိုသဖြင့် "အဘိဓမ္မာသဘာဝ ဖော်ပြသော"ဟူသည့် အလွန်ထူးခြားကန့်သတ်ထားသော ဝိသေသနပုဒ်ကို ထည့်ထားသည်။ အဘိဓမ္မာသဘာဝချည်းသန့်သန့်ကို ဖော်ပြသော ခုဒ္ဒက နိကာယကိုသာ လေးစားသူ ဖြစ်ကြောင်းကိုလည်း ထိုဝိသေသနပုဒ်ဖြင့် ဖော်ပြထားသည်။ ခုဒ္ဒကနိကာယ၌ ပါဝင်၍ အဘိဓမ္မာမဟုတ်သော ထိုဝိနည်း တော်လာ စကားတို့ကို လေးစားလိုက်နာပါမည်ဟု ဥပဇ္ဈာယ် ဆရာတော်ထံ ဝန်ခံပေးခဲ့သောကြောင့်သာ သက်နိုးဝတ်ခွင့် ရဟန်းဟု အမည် တပ်ခွင့်ရသည်၊ ထိုဝိနည်းတော်က ခွင့်ပေးထားသော အသုံးအဆောင် ပစ္စည်းများနှင့် ကျောင်း တို့ကို လွယ်လွယ်ကူကူရသည်၊ ထိုဝိနည်းတော်၏ ခွင့်ပြုချက်အရ သက်နိုးကို ဝတ်ထားသောကြောင့်သာ လူတွေလေးစားရှိခိုး ပစ္စည်းအမျိုးမျိုး လျှုဒါန်းသည်ကို ခံယူရရှိသုံးစွဲနေသည်မှာ ထိုဝိနည်းတော် ခုဒ္ဒကနိကာယ ကျမ်းစာတို့၏ ကြီးမား သော အရှိန် အဝါအကျိုးကျေးဇူးတွေပင် ဖြစ်သည်ကို သတိမေ့ကာ "အကန်း တွေ အတွက်ပါ" ဟု ဝိနည်းတော်ကိုပါ ထည့်သွင်း ပြောနေခြင်းသည် လူယဉ်ကျေးမှုသီလမျှ မရှိသူဖြစ်နေကြောင်းကို စုဒိတက၏ စကားတို့က စုဒိတကကို ဖော်ပြနေကြသည်။

ဤမျှဖြင့် စုဒိတကသည် သုတ္တန် ပိဋကတော်ကို ဖျက်ဆီးသူ ဟုတ်မှန်ကြောင်း ပေါ်လွင်ပြီဖြစ်၍ ပရိယတ္တိသာသနာမဇ္ဈာက်အောင် စောင့်ရှောက်ရန်မှာ

http://www.dhammadownload.com

တပည့်တော်များ၏ တာဝန်ဖြစ်ပါသည်ဟူသော ပလိပလာစကားနှင့် တကွမမှန်မကန် တန်ဖိုးမဲ့ ချေပချက်များကို စိစစ်ရာမလိုတော့ပြီ။

ငြင်းခုန်ချက်။ ၂။

စွဲဆိုချက်။ မြတ်ဘုရားသည် လူတွေနိဗ္ဗာန်ရောက်အောင် ၄၅-ဝါလုံးလုံး သုတ္တန်တရားတော်ကိုသာ ဟောကြားတော်မူခဲ့ပါသည်။ ထိုသုတ္တန်တရားတော်ကြောင့် လူတွေသာမက နတ်ပြဟ္မာတွေများစွာ မရေတွက်နိုင်အောင် နိဗ္ဗာန်ရောက်ကြပါသည်။ ထို့ကြောင့် သုတ္တန်တရားသည် သမာဓိရရုံသာ စွမ်းနိုင်တယ်၊ သတ္တဝါတယောက်ကို မုချကယ်တင်နိုင်တဲ့ တရားမဟုတ်ဟု စုဒိတကဟောပြောချက်သည် သုတ္တန်ကို မတရားစော်ကားသော အဓမ္မစကားသာ ဖြစ်ပါသည်။ ။

ချေပချက်။ သုတ္တန်သည် သမာဓိရရုံမျှသာ၊ မုချသံသရာမှ ကယ်တင်နိုင်သော သဘောမရှိကြောင်းကိုသာ ဟောပြောပါသည်၊ မုချ၏ အဓိပ္ပါယ်မှာ ရုပ်နာမ်အဘိဓမ္မာသဘာဝတို့နှင့် မကင်းနိုင်ကြောင်းကို ဖော်ပြပါသည်၊ ပရမတ္ထဒီပနီဋီကာ-နှာ-၁၇၌ သမုတိသစ္စာဝေါဟာရဒေသနာများသည် ပရမတ္ထသစ္စာအဘိဓမ္မာသို့ရောက်သောအခါ သစ္စာပင် မထိုက်တော့ပါ။ (အကျယ်ကို သောဓနာလွှာ၌ကြည့်)။

စိစစ်ချက်။ ၂။

(က) (၁)မြတ်စွာဘုရားသည် လူတွေနိဗ္ဗာန်ရောက်အောင် ၄၅-ဝါလုံးလုံး သုတ္တန်တရားတော်ကိုသာ ဟောတော်မူပါသည်။ ထိုသုတ္တန်တရားတော်ကြောင့် လူတွေနှင့် တကွ နတ်ပြဟ္မာတွေ အရေအတွက်မသိနိုင်အောင်ပင် နိဗ္ဗာန်ရကြပါသည်ဟူသော စောဒကတို့၏ တင်ပြချက်များကို စုဒိတကသည် တစ်လုံးမျှ မငြင်းနိုင်ပေ။ ယင်းသို့ဖြစ်ပါလျှက် စုဒိတကသည် သူ၏အမှားကို မှားသည်ဟု ဝန်မခံ၊ အယူအမှားကို စွန့်ဘို့ရန်ကား မျှော်လင့်ချက်မရှိ။ ။

(၂) ဣမသ္မိဉ္စ ပန ဝေယျာကရဏသ္မိं ဘည်မာနေ အာယသ္မတောရာဟုလသ အနုပါဒါယ အာသဝေတိ စိတ္တं ဝိမုစ္စိ၊ အနေရာနဉ္စဒေ သဟသ္ဿာနံ ဝိရဇံ ဝိတမလံ ဓမ္မစက္ခုံ ဥဒပါဒိ။ (သံ ၂ ၃၂၄)

http://www.dhammadownload.com

ဘာသာပြန်။ ဤရာဟုလောဝါဒသုတ်တော်စကားပြေကို မြတ်စွာဘုရား ဟောတော်မူအပ်သည်ရှိသော် အရှင်ရာဟုလာ၏ စိတ်သည် တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းမူ၍ အာသဝတို့မှ လွတ်ပြီ။ ထောင်ပေါင်းများစွာကုန်သော နတ်တို့ အားလည်း လောဘစသော မြူအညစ်အကြေးကင်းသော သောတာပတ္တိ မဂ်ဉာဏ်မျက်စိသည် ဖြစ်ပြီ။ ဤမျှဖြင့် သုတ္တန်တရားသည် သတ္တဝါတွေကို မုချကယ်တင်နိုင်သည်ဟု ယုံကြည်လောက်ပြီ။

(ခ) စုဒိတကသည် ယင်းသို့ဟောကြားခဲ့ကြောင်း ဝန်ခံသည်၊ မုချဟူသော စကားလုံး၏ အဓိပ္ပါယ်မှာ ရုပ်၊ နာမ်၊ ဓမ္မ၊ အဘိဓမ္မာသဘာဝတို့နှင့် မကင်းနိုင်ကြောင်းကို ဖော်ပြပါသည်ဘုရားဟု ချေပသည်။

မြတ်ဗုဒ္ဓသာသနာတော်၌ ယနေ့အထိ ဝိနည်းသဘာဝ၊ သုတ္တန်သဘာဝ အဘိဓမ္မာသဘာဝဟူ၍ ပညာရှိတို့၏ ပြောရိုးစကားလုံးမရှိသေး။ အဘိဓမ္မာ သဘာဝဟူသောစကားလုံးမှာ စုဒိတက၏လောလောလတ်လတ်ထွင်လုံးသာ ဖြစ်သည်။ သုတ္တန်ပိဋကတော်၌ပါဝင်သော ဟောပြောချက်စကားလုံးများကို အကြောင်းရင်းပြု၍ အသိဉာဏ်ထွား နိဗ္ဗာန်ရသွားလျှင် သုတ္တန်ကြောင့်သာ မုချနိဗ္ဗာန်ရောက်သည်ဟု ပြောရသည်။ မိဘတို့၏လုပ်စာကို မှီခိုအားထားစား နေသူက "ငါ့ကိုမိဘတွေက ထမင်းကျွေးထားတာတကယ်မဟုတ်ဘူး၊ အိမ်ဖော် အဒေါ်ကြီးက ချက်ကျွေးနေတာ"ဟု ပြောစကားနှင့် စုဒိတက၏ ကျေးဇူးစကား တို့ တူညီနေကြသည်။ "နိုင်ငံတော်အစိုးရက ထမင်းကျွေးထားတယ်ဆိုတာ တကယ်မဟုတ်ဘူး၊ ပိုက်ဆံတွေသာ ပေးနေတာ၊ ထမင်းကျွေးတာက ထမင်း ဆိုင်က အဒေါ်ကြီးပါ" ဟု ပြောသူအမှုထမ်းနှင့် စုဒိတကတို့သည် တူညီနေကြ သည်။ ရုပ်နာမ်လွတ်သော အဘိဓမ္မာသင်တန်းပေးနေသူ စုဒိတက၏ ချေပလွှာ၌ "ရုပ်-နာမ်ဓမ္မ"ဟု ဖော်ပြထားချက်သည် "ဒိဋ္ဌိဂတိကဿ ဟိ ဂါဟော ဥမ္မတ္တက ပစ္ဆိ သဒိသော" "မိစ္ဆာအယူစွဲနေသူ၏ အယူစကားသည် အရူးချင်းတောင်းနှင့် တူသည်"ဟု (ဒီ၊ ဌ၊ ၁။ ၁၁၀။ ၉၈၊ သံ၊ ဋီ၊ ၂ ၂၂၆) ရှေးရှေးအဋ္ဌကထာဋီကာ ကျမ်းပြုပညာရှင်များ ပြုထားသော စကားပုံကို လေးလေးနက်နက် ထောက်ခံနေ လေယောင် ဖြစ်နေသည်တကား။

(ဂ) ပရမတ္ထဒီပနိဋီကာ-နှာ (၁၇)၌ ပရမတ္ထသစ္စံ ပန ပတ္တာ တံ သစ္စ မေဝ နေ ဟောတိ။ သမုတိသစ္စာဝေါဟာရဒေသနာများသည် ပရမတ္ထသစ္စာ

http://www.dhammadownload.com

အဘိဓမ္မာသို့ရောက်သောအခါ သစ္စာပင်မထိုက်တော့ပါဟု မိန့်ဆိုထား ပါသည်ဟူ၍ စုဒိတကချေပသည်။

ကသို့ သမ္မုတိသစ္စေ ဌတ္တာ သမ္မာပဋိပဇ္ဇန္တာ သဗ္ဗလောကိယသမ္ပတ္တိယောစ သဗ္ဗဗောဓိသမ္ဘာရဓမ္မေစအာရာဓေန္တိ။ မိစ္ဆာပဋိပဇ္ဇန္တာ အပါယပူရကာဟောန္တိ ဧဝံ မဟန္တံ ဟိ သမ္မုတိသစ္စန္တိ။ ပရမတ္ထသစ္စံ ပန ပတ္တာ တံ သစ္စမေဝ နဟောတိ (ပရမတ္ထဒီပနီဋီကာ)။

မြန်မာပြန်။ ။ထိုသမ္မုတိသစ္စာ၌ တည်၍ ကောင်းစွာကျင့်သူတို့သည် အလုံးစုံ သောလောကီစည်းစိမ်တို့ကိုလည်းကောင်း အလုံးစုံသော သမ္မာသမ္ဗောဓိစသော ဗောဓိဉာဏ်၏ အဆောက်အဦပါရမီတို့ကိုလည်းကောင်း ပြီးပြည့်စုံစေနိုင်ကုန်၏။ မှားယွင်းစွာကျင့်သူတို့သည် အပါယ်လေးပါး၌ ပြည့်စေသူများဖြစ်ကြရသည်။ ဤ သို့လျှင် သမ္မုတိသစ္စာသည် ကြီးမြတ်ပါပေသည်။ သို့သော် ပရမတ္ထသစ္စာ (သဘာ-ဝတ္တအမှန်) တရားသို့ရောက်လျှင် ထိုသမ္မုတိသစ္စာ-(အမည်နာမအမှန်) တရား သည် သစ္စာပင် မမည်တော့ချေ။ (သစ္စာ ၄-ပါးတရား၌ မပါဝင်ချေ။)

ထိုဋီကာပါဠိတွင် စုဒိတကညွှန်းပြသောဝါကျ၏ ရှေ့ဖက်တဝါကျကျော်၌ နီးကပ်စွာတည်ရှိသော မိစ္ဆာပဋိပဇ္ဇန္တာ အပါယပူရကာ ဟောန္တိ-ဖောက်ပြန် ယွင်းမှားကျင့်သူများသည် အပါယ်လေးပါးကို ပြည့်ညပ်ကြပ်တည်းအောင် လုပ်သူ တွေဖြစ်ကြသောဝါကျကို မမြင်ယောင်မပြုလေနှင့်ဟု သတိပေးသည်။

ပထမမဟာလယ်တီဆရာတော်ဘုရားကြီး၏ ဋီကာမော် (ခေါ်) ပရမတ္ထဒီပနီ ဋီကာတွင် စုဒိတကညွှန်းပြထားသောဝါကျ၌ တံ-ထိုသမုတိသစ္စာသည်ဟု အနက် ပေးရန် ရှေ့ဝါကျ၌ "သမုတိသစ္စန္တိ" ဟု တိကျသေချာစွာ ဆိုထားသည်၊ ဝေါဟာရ ဒေသနာဟူသော စကားလုံး မပါမရှိခဲ့ချေ။ စုဒိတကသည် "သူ၏ချေပလွှာတွင် "သမုတိသစ္စာဝေါဟာရဒေသနာ " ဟုလည်းကောင်း၊ "ပရမတ္ထသစ္စာ အဘိဓမ္မာ ဟုလည်းကောင်း မဖွယ်မရာမမှန်မကန် အကောက်ဉာဏ်ဖြင့် ဆက်တွဲလိုက်သည်၊ ယင်းသို့မဖြောင့်မဖြူး စိတ်ထူးပေါက်ကာ မတွဲသင့်သော စကားလုံးတို့ကို တွဲဖက် သုံးထား ထိုစကားသည် ထေရဝါဒ သာသနာတော်ဆိုင်ရာ ပါဠိ-မြန်မာကျမ်းဂန် တို့၌ ယနေ့ထိမရှိသေးပေ၊ နောင်လည်းရှိမည်မဟုတ်ချေ။

အဘိဓမ္မာယမိုက်ပါဠိတော် ပုဂ္ဂလဝါရအားလုံး၌ ပုထုဇဉာနံ (ပုထုဇဉ်တို့အား) သေက္ခာနံ အရဟန္တာနံ ဥပပဇ္ဇန္တာနံ (ပဋိသန္ဓေနေသူတို့အား) စဝန္တာနံ (သေသူ

http://www.dhammadownload.com

တို့အား) ပရိနိဗ္ဗာန် (ပရိနိဗ္ဗာန်စံသူတို့အား) **စသည်တို့ကို ပုဂ္ဂိုလ်ကို အဓိကထား၍** ဘုရားဟောတော်မူသောကြောင့် ပရမတ္ထဒေသနာ (၀ါ) အဘိဓမ္မာမဟုတ်ပေ၊ ဝေါဟာရဒေသနာခေါ် သုတ္တန်သာဖြစ်သည်ဟု သတ်မှတ်ရန် မသင့်မျှ။ **သုတ္တန်ပိဋကတ်များ၌ ရှုပ်ဘိက္ခဝေနိစ္စ**ဝါ **အနိစ္စ**ဝါတိ-**စသည်၌ ဘိက္ခဝေသည် ဝေါဟာရ** ဒေသနာ (ခေါ်) **သုတ္တန်ဖြစ်၍ ရှုပ် နိစ္စ**ဝါ **အနိစ္စ**ဝါတို့**သည်** ဝေါဟာရ ဒေသနာ (ခေါ်) **သုတ္တန်**မဟုတ်ပေ၊ ပရမတ္ထဒေသနာ (ခေါ်) **အဘိဓမ္မာ**သာဖြစ်သည်ဟု **သတ်**မှတ်**၍** မသင့်လျှော်ပေ၊ ဝိနည်းတော်၌ ပါဏောတိ ဝေါဟာရတော သတ္တော၊ ပရမတ္ထတောဇိဝိတိန္ဒြိယ်-**စ**သည်တွင် ပါဏောတိ ဝေါဟာရတော သတ္တောသည် ဝေါဟာရဒေသနာ (ခေါ်) **သုတ္တန်**ဖြစ်**၍** ပရမတ္ထတောဇိဝိတိန္ဒြိယ်သည် ပရမတ္ထ ဒေသနာ **(ခေါ်) အဘိဓမ္မာ**ဖြစ်**၍** ဝိနယပိဋကမဟုတ်ဟု သတ်မှတ်ရန် မသင့် **လျှော်ပေ။ စုဒိတကပြောသည့်**အတိုင်း ယင်းသို့စကားလုံးအလိုက် သမုတိသစ္စာ၊ ဝေါဟာရဒေသနာ၊ ပရမတ္ထသစ္စာ-**အ**ဘိဓမ္မာဟု ခွဲခြားသတ်မှတ်နေလျှင် ဝေါဟာ ရဒေသနာ (ခေါ်) သုတ္တန်ပိဋက၊ ပရမတ္ထဒေသနာ (ခေါ်) **အ**ဘိဓမ္မာပိဋက၊ **အ**ဏာဒေသနာ (ခေါ်) ဝိနယပိဋဟု သီးသန့်ခွဲခြားမှုတွေ မဖြစ်နိုင်ပဲ ရှုပ်ထွေး **လုံ**းထွေးကုန်လိမ့်မည်၊ **အ**ဏာဒေသနာ (ခေါ်) ဝိနယပိဋကတော်လည်း ပျောက်ကွယ်သွားလိမ့်မည်။ ထို့ကြောင့် **စု**ဒိတက၏သမုတိသစ္စာ ဝေါဟာရ ဒေသနာ၊ ပရမတ္ထသစ္စာ **အ**ဘိဓမ္မာဟူတွင် တွဲဆက်ပြောဆိုသော စကားသည် **ဗုဒ္ဓ**သာသနာတော်ဆိုင်ရာ စကားမဟုတ်ချေ။ ဟောပြောချက်**အ**မှား၌ ချေပချက်**အ**လွဲကို ထပ်ကဲဆင့်သည့် မဟုတ်မဟတ်စကားသာဖြစ်သည်။

ယင်းသို့ သုတ္တန်သည်သံသရာမှ မုခ္ဂကယ်တင်နိုင်သော တရားမဟုတ်ဟူ သော **စု**ဒိတက၏**စ**ကားသည်ကျမ်းဂန်သာဓကမှန်လည်းမရှိ **စု**ဒိတက**၏ အ**ကြောင်းပြချက်များသည်လည်း **အ**လွဲတွေသာဖြစ်သောကြောင့် **စု**ဒိတက**၏** **သု**တ္တန်ပိဋကနှင့် **စ**ပ်သောစကားတို့သည် **အ**လွဲ**အ**မှားစစ်စစ် **သု**တ္တန်ပိဋက**၏** ဂုဏ်ကျေးဇူးမှန်တို့ကို ပယ်ဖျက်သောစကားတို့သာ ဖြစ်ကြသည်ဟု ရုံးတော်ကသုံး သပ်သည်။

ငြင်းခုံချက်။၃။

စွဲဆိုချက်။ ဓမ္မနီတိသည် ဘုရားကိုစော်ကား၊ သာသနာတော်**၏** **အ**ခြေခံ တစ်ခုဖြစ်သော **သု**တ္တန်တရားတော်ကို ပယ်ဖျက်၊ **သ**ာသနာတော်ပျက်**စီ**းစေလို သောသဘောဖြင့် ဟောပြောနေပါသည်။ (စောဒနာ-၁၆/၆ကိုကြည့်) ဘုရား

http://www.dhammadownload.com

လက်ထက်တော်၌ အလွဲဟောပြောသူ သာထိရဟန်းအား မြတ်စွာဘုရားအရေးယူပုံကို သာဓကတင်ပြကြသည်။

ချေပချက်။ --မရှိ--

စီစစ်ချက်။ (က) စုဒိတကသည် စောဒကတို့၏ ထင်ရှားပေါ်လွင်စွာ ပြထားသော ဤစောဒကစကားတို့ကို ငြင်းဆိုချက်၊ ချေပချက်တို့ကို မပြုခဲ့ချေ။ သာထိရဟန်းသည် ဝိညာဏကိုစိတ်ဟုအမှန်မယူဘဲ ကုသိုလ် အကုသိုလ်တို့၏ အကျိုးကိုခံစားသော "ဝိညာဉ်"ဟု ယူပြီး ဟောပြောသောကြောင့် မြတ်ဗုဒ္ဓကိုယ်တော်တိုင် သာသနာတော်မှ နှင်ထုတ်ခြင်းကိုခံရသော ရဟန်းဆိုးဖြစ်သည်။ ထို သာထိရဟန်း အကြောင်းအရာအကျယ်ကို စောဒနာ ၂၀/၃၉တွင် စောဒကတို့က တင်ပြထားပြီး မြတ်ဗုဒ္ဓကိုယ်တော်တိုင် သာသနာတော်မှ နှင်ထုတ်တော်မူသော အရိဋ္ဌရဟန်း၏ဇာတ်ကြောင်းကို မကျဉ်းမကျယ်ဖော်ပြမည်။

မြတ်စွာဘုရားသည် သာဝတ္ထိမြို့အနီး ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဌင်းတသတ်သူ၏ သားအရိဋ္ဌရဟန်းသည် အယူဖောက်ပြန်သည်။ မြတ်စွာဘုရားသည် ရဟန်းတို့အား သက်နှံ၊ ခြုံစောင်၊ ခေါင်းအုံးစသည်တို့၏ အပူငွေ့ အတွေ့အထိတို့ကို သုံးစွဲခွင့်ပြုတော်မူသည်။ မာတုဂါမတို့၏ ကိုယ်မှဖြစ်သော အပူငွေ့ အတွေ့အထိတို့သည်လည်း သက်နှံ၊ ခြုံစောင်၊ ခေါင်းအုံးစသည်တို့၏ အပူငွေ့ အတွေ့အထိတို့နှင့် တဇောမာတ်အဖြစ်ဖြင့် တူကြသည်။ ထိုကြောင့် မာတုဂါမတို့ကို ရဟန်းတို့သုံးဆောင်ခြင်းကြောင့် အပြစ်မရှိဟု အလွဲယူစွဲလျက် မြတ်စွာဘုရားက နတ်ပြည် စျာန်မဂ်ဖိုလ်နိဗ္ဗာန်တို့ရောက်ဖို့အတွက် အနှောင့်အယှက် အန္တရာယ်ဟု ဟောထားသောတရားသဘောကို ငါတိတိပပ သိပါသည်။ မာတုဂါမကို ရဟန်းတို့သုံးစွဲခြင်းသည် ဓမ္မအန္တရာယ်မဟုတ်ပေဟု ဟောပြောသည်။ ရဟန်းတို့က မမှန်ကြောင်းကို အကြောင်းအမျိုးမျိုးပြကာ ဆုံးမကြသော် အရိဋ္ဌသည် ယခင်ကထက် စိတ်အားထက်သန် အကြောက်အကန် ငြင်း၍ ပြင်းပြင်းထန်ထန် လွန်လွန် ကဲကဲ သဲသဲမဲမဲ ထပ်တလဲလဲပြောတော့သည်။ ထိုသို့ကြောင်း၊ ကျိုးမှန်ပြ ဆုံးမပါမှပင် ပိုကဲလာသောကြောင့် ရဟန်းတို့သည် မြတ်စွာဘုရားကိုအကြောင်းစုံ လျှောက်ထားကြသည်။ မြတ်စွာဘုရားသည် ရဟန်းတို့ရှေ့မှောက်တွင် အရိဋ္ဌကို စစ်မေးတော်မူသည်။ အရိဋ္ဌလည်း မကွယ်မထောက် အဖြောင့်အတိုင်းပင် လျှောက်တင်သည်။ မြတ်စွာဘုရားလည်း အရိဋ္ဌကို ဒီလိုငါ

http://www.dhammadownload.com

ဘုရားဟောတယ်လို့ ဘယ်သူထံက ဘယ်ဆရာသမားထံက သင်ကြားခဲ့သလဲ၊ သင်သည် ငါဘုရားဟောထားသောတရားတော်ကို အလွဲအမှားသင်ယူလေ့လာချက်ဖြင့် ငါဘုရားတို့ကိုလည်း ဒီလိုဒီလိုဟောတယ်လို့ မတရားစွပ်စွဲဆဲရေးသူဖြစ်သည်။ မိမိကိုယ်ကိုလည်း ကောင်းကျိုးပျက်စီးအောင် တူးဖြိုသူဖြစ်သည်။ မကောင်းကျိုးဖြစ်ကြောင်း အကုသိုလ်တွေကို တပုံတခေါင်းကြီး တိုးပွားအောင် လုပ်သူဖြစ်သည်။ ယင်းသို့ ငါဘုရားကို မမှန်စကား ပျက်စီးဆင်းရဲကြီးစွာ ဖိစီးဖို့သာ ဖြစ်ပေတော့မည်ဟု မိန့်တော်မူ၍-

"ရဟန်းတို့ ဘယ်လိုထင်မြင်ကြသလဲ၊ ဤဌင်းတသတ်သူ၏သား အရိုင်ရဟန်းသည် ငါဘုရားဟောထားသော သုတ္တန်-အဘိဓမ္မာ-ဝိနည်းဟူသော သာသနာ သုံးရပ်၌ ကောင်းကျိုးဖြစ်ပွားရန် အသိဉာဏ်အင္ဂေ့အသက်လောက်တောင်မှ ရှိသူဟုတ်သေးရဲ့လားဟု ရဟန်းတို့ကို မေးတော်မူသည်၊ "ဘယ်မှာရှိပါတော့မလဲ ဘုရား၊ မရှိတော့ပါ"ဟု ရဟန်းတို့က ပြောဆိုကြသည်။ ထိုအခါ အရိုင်ရဟန်းသည် ဌတ်တုတ်ဇက်ကျိုး ကိုးကွယ်ရာမရှိ မှိုင်ငေးတွေဝေ အသိဉာဏ်တွေကင်း၍ ဂုတ်ကျိုးနေသော ကျောက်ရုပ်နှင့်တူစွာ ထိုင်နေရရှာတော့သည်။ အလကားယောက်ျား၊ သင့်ကိုယ်ပိုင်အယူ ယုတ်ညံ့ဖျင်းချာလွန်းသော မကောင်းမှားလွဲ သင့်အယူစွဲဖြင့် သင့်ထင်ရှားပေတော့မည်။ ယခု ရဟန်းတို့ကိုသာ ငါမေးတော့မည်" ဟု မိန့်တော်မူ၍ အလဂဒ္ဒူပမာသုတ်အမည်တွင်သော တရားတော်ကို ရဟန်းတို့အား ဟောတော်မူသည်။

မ၊ ၁၊ ၃-ပင်-နှာ-၁၀၂၁။

ပြခဲ့ပြီး "အလကားယောက်ျား (ပ) ယခုရဟန်းတို့ကိုသာ ငါမေးတော့မည်"ဟူသော စကားတော်ဖြင့် မြတ်စွာဘုရားသည် အရိုင်ရဟန်းအား သာသနာတော်မှ နှင်ထုတ်တော်မူသည်ဟု အဋ္ဌကထာဆရာကြီးများက အဓိပ္ပာယ်ဖွင့်ဆိုကြသည်။ သာထိရဟန်းကိုလည်း ယင်းသို့ပင်သာသနာတော်မှ မြတ်စွာဘုရားကိုယ်တော်တိုင် နှင်ထုတ်တော်မူသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုပြသည်။

တသ္မာတ္ထာ၊ တွံယေဝ မောယပုရိသ ဣမိနာ ပါပကေန
ဒိဋ္ဌိဂတေန နိရယာဒီသု ပညာယိဿတိ၊ မမ သန္တိကာ
တုယ္ဟံ သုဂတောဝါဒေါ နာမ နတ္ထိ၊ နၜ မေ တယာ အတ္ထော
ဣဓာဟံ ဘိက္ခူ ပဋိပုစ္ဆိဿာမိတိ (မ၊ ၁၊ ၆ (ဒု) နှာ-၁၁)

http://www.dhammadownload.com

ဘာသာပြန်။ အလကားယောက်ျား သင့်ကိုယ်ပိုင်အယူ ယုတ်ညံ့ဖျင်းချာလွန်းသော မကောင်း မှားလွဲ သင့်အယူစွဲဖြင့် သင်ထင်ရှားတော့မည်ဟူသော မြတ်စွာဘုရားစကားတော်၏ ဆိုလိုရင်းမှာ- အလကားယောက်ျား၊ သင်သည်သာလျှင် ဤယုတ်ညံ့ဖျင်းချာလွန်းသော မကောင်းမှားလွဲ သင့်အယူစွဲကြောင့် ငရဲစသော အပါယ်လေးပါးတို့နှင့် ထင်ရှားပေမည်။ ငါဘုရားထံတော်မှ သင့်အတွက် ကောင်းကျိုးတိုးတက်ဖို့ ဆုံးမစကားသည် မရှိပြီ။ (ဝါ)သင်သည် ကရုဏာထား ဆုံးမစကားကို ရယူထိုက်သူမဟုတ်ပြီ။ သင့်ကြောင့် ငါ့အတွက် ကောင်းကျိုးမရှိပြီ၊ (ဝါ) သင့်ကို ငါဘုရားအလိုမရှိပြီ။ ယခု ငါသည်ရဟန်းတို့ကိုသာ မေးတော့မည်(ဝါ) မေးမြန်းလျက် တရားဆက်ဟောတော့မည်။ ဟူသတည်း။ ။

အထက်ပါဇာတ်ကြောင်းနှင့် အဌကထာပါဠိအရ အရိဋ္ဌရဟန်းကို မြတ်စွာဘုရားကိုယ်တော်တိုင် သာသနာတော်မှ နှင်ထုတ်တော်မူခဲ့သည်ကိုထောက်၍ မြတ်စွာဘုရားသည် ၄၅-ဝါလုံးလုံး နေ့မနေ ညမနား ဟောကြားတော်မူထားသော သုတ္တန်တရားတော်များသည် မုချသံသရာမှ လွတ်စေနိုင်သော တရားများ မဟုတ်ဟု ဟောပြောလျက် မုချသံသရာမှ မလွတ်စေနိုင်သော တရားတွေကို ဟောကြားခဲ့သောဘုရားဟု မြတ်ဘုရားကို စွပ်စွဲဆဲရေးသူဖြစ်သည်။ သာသနာတော်မှ နှင်ထုတ်ထိုက်သော အပြစ်ကြီးကိုကျူးလွန်သူဖြစ်သည်ဟု ရုံးတော်က သုံးသပ်သည်။

စောဒနာအမှတ်(၁၇) သုံးသပ်ချက်

အငြင်းပွားချက်။

စောဒနာအမှတ်-၁၇-၌ အောက်ပါစွဲဆိုချက်များကို တင်ပြသည်။

(၁) သီလမှန်သမျှမရှိ ပညတ်ဖြစ်၍အပိုအလုပ်ပါဟု ပယ်ထားခြင်း။

(၂) အသက်ဟူသည် ပညတ်၊ ဘာမှမရှိ၊ အထင်စွဲမျှသာဖြစ်သည်၏ဟု ပြောခြင်း၊

(၃) ဝိနယ၏ အနက်အဓိပ္ပါယ်ကို အများနှင့်တည့်အောင်နေတာဟု ပြောခြင်း၊

(၄) ဝိနည်းဒေသနာတော်လာ သိက္ခာပုဒ်တို့ကို သံသရာမှ မလွတ်မြောက်အောင် တုပ်နှောင်ထားသော ကြိုးနှင့်တူသည်ဟု ပယ်ဖျက်ခြင်း၊

http://www.dhammadownload.com

ခြင်းခုံချက်။ ၁ ။

စွဲဆိုချက်။ စုဒိတကသည် သီလမှန်သမျှ ပညတ်ဖြစ်သည်ဟု ပြောရ(ခ)(ဂ)(စ)အမှတ်ပြ ဟောချက်ဖြင့် သီလကိုမစောင့်ကြှနှင့်ဟု ပြောဆိုရာ ရောက်နေပါသည်၊ မြတ်စွာဘုရားက သီလဆောက်တည်ရန်နည်းမျိုးစုံဖြင့် အကြိမ်များစွာ ဟောကြား ဆုံးမတော်မူပါလျက်ဓမ္မနီတိက သီလဆောက်တည်မှု မပြုရန် ပြောခြင်းသည် ဘုရားကိုတော်လှန်ခြင်း၊စွန့်ပယ်ခြင်းဖြစ်ပါသည်ဟု ဣတိဝုတ္တိပါဠိတော် သာဓကတင်ပြ စောဒနာကြသည်။ (စောဒနာ-၁၇/၆၊ ပုဒ်-၁၀)

ချေပချက်။ (သီလမှန်သမျှ မရှိသောပညတ်)ဟူသော စကားကို ပညတ်ပရမတ် ခွဲခန်းတွင် မူလအရှိ တစ်ခုတည်းကိုသာ ဆုပ်ကိုင်နိုင်အောင် သရုပ်ခွဲခြားခြင်းဖြစ်ပါသည်၊ ဝိနယသီလများကို အပိုအလုပ်ပါယ်ရမည့် တရားဟူ၍မယူပါ၊ မဟောပါ။ သမုတိ သစ္စာကို မှန်ကန်စွာ သုံးရမည်ဟူ၍သာ ညွှန်ကြားပါသည်။ (ဝိနည်းဆိုတာ ကိုယ်ကျင့်တရား)ဟု ပြော၍ (ဝိနည်းစကား)ဟု အဓိပ္ပါယ်မရှိသော စကားများကို မသုံးဘဲ၊ သုံးသည်ဟုသက်သေတိတ်ခွေဖြင့် တင်ပြသော ကြောင့်မမှန် သက်သေခံပစ္စည်းအဖြစ် သတ်မှတ်စေလိုပါသည်။ (အကျယ်ကို သောဓနာ-၁၇-၁(က) ကြည့်)။

စိစစ်ချက်။ (ဂ)သီလမှန်သမျှအရိပ် ပညတ်များဖြစ်ပါသည်ဟု စုဒိတကပုဂ္ဂိုလ်က ဝန်ခံသည်၊ ယင်းသို့ သီလမှန်သမျှ ပညတ်ဟုဟောရခြင်း အကြောင်းကို "အရှိတခုတည်းကိုသာ ဆုပ်ကိုင်နိုင်အောင်"ဟု ဖော်ပြသည်။

(ခ)(၁) သီလမှန်သမျှ အရိပ်ပညတ်ဟုစုဒိတက ဟောချက်သည် အလွဲအမှား ကြီးလွန်းသည်၊ နောက်ဆက်တွဲ မကောင်းကျိုးတွေကား စုဒိတကသည် ရဟန်းသီလကို စောင့်ထိမ်း သူမဟုတ် (၀ါ) ရဟန်း မဟုတ်တော့ဟု ဆိုဖွယ်ဖြစ်သည့် အပြင်လူအများ၏ နိဗ္ဗာန်ရောက်ကြောင်း အကျင့်မှန်ကောင်းကို ပုတ်ခတ်ပျက်စီးသူ အဖြစ်သို့လည်း ရောက်ရုံမျှမက မြတ်ဗုဒ္ဓကို အလွဲအမှား တရားတွေဟောပြောသူဟု စွပ်စွဲဆဲရေးသူ အဖြစ်သို့လည်း ရောက်သည့်အထိ အပြစ်လည်း ကြီးလွန်းသည်။ သီလဟူသည် စေတနာ ပညာ အစရှိကုန်သော ပရမတ်စစ်စစ် တရားများဖြစ်သည် မှန်ပါလျက် သီလမှန်သမျှ အရိပ်ပညတ်တွေဟု စုဒိတကက အလွဲအမှားပြော စကားကြောင့် စုဒိတကသည် ရဟန်းကောင်းမှန်သမျှ အသက်သဖွယ် မဖွယ်မရှောင် စောင့်ထိန်းထားရမည့် **သီလကိုမျှ**

http://www.dhammadownload.com

မှန်စွာ မသိသေးဘဲ တဆင့်တက်ကဲ့၍ ဝိပဿနာသင်တန်းဆရာ လုပ်စားနေမှုကို အကြောင်းပြု၍ ပါဝိစ္ဆ၊ ဣဿာပကတ ပုဂ္ဂိုလ် အဖြစ်သို့ရောက်နေအောင် စုဒိကတ၏ ထိုအပြောမှား-အလုပ်မှား တို့ကပင်ဆွဲဆောင်ကြသည်။ ထို့ကြောင့် အလွဲအမှား ကြီးလွန်းသည်မှာ ယုံမှားဖွယ် အနည်းငယ်မျှ မရှိချေ။

ကိ သီလန္တိ။ ပါဏာတိပါတာဒီဟိ ဝါ ဝိရမန္တသ ဝတ္ထုပဋိပတ္တိ ဝါ ပူရေန္တသ စေတနာဒယော ဓမ္မာ။ (ဝိသုဒ္ဓိမဂ်၊ နှာ-၇၊ ပုဒ်-၆)။

ဘာသာပြန်။ အဘယ်သည် သီလမည်သနည်း၊ (ပညတ်လား၊ ပရမတ်လားဟု မေးသည်၊ သူအသက်သတ်မှုအစရှိကုန်သော အကုသိုလ်တရားတို့မှ ကြဉ်ရှောင် သူ၏သော်လည်းကောင်း၊ စေတနာ၊ ပညာ၊ အာလောဘ အာဒေါသ-အစရှိ ကုန်သော ပရမတ်တရားကောင်းတို့ပေတည်း။ (သီလသည် ပညတ်မဟုတ်၊ ပရမတ်တရားဟူ၍ ဖြေသည်။)

(ခ) (၂) မူလအရှိတစ်ခုတည်းကိုသာ ဆုပ်ကိုင်နိုင်အောင် သရုပ်ခွဲပါသည် ဟူသော စုဒိတက၏ ချေပချက်တွင် " မူလအရှိတစ်ခုတည်း" ဟူသည် မိမိ၏ မွေးရာပါ ခန္ဓာကိုယ်အတုံးကြီးကိုသာ ဖုံးကွယ်ရည်ညွှန်းသည်ဟူ၍ စောဒနာ ၁-ရှိ စုဒိတက၏ ဟောချက်များက ဖော်ပြနေကြသည် စုဒိတက၏ ထိုပညတ် ခွဲမှုလွဲမှားကြောင်းကို ဆုံးဖြတ်ခဲ့ပြီးဖြစ်သည် မူလအစရှိ တစ်ခုတည်းကို တိတိပပ ရှင်းရှင်းလင်းလင်း ဖော်ပြသင့်ပါလျှက် ဖုံးဖုံးကွယ်ကွယ် မရေမရာ ဖော်ပြနေသော ကြောင့် စုဒိတက၏ မူလအရှိစိတ်သဘောသည် ဖြောင့်မှန်မှု သန့်ရှင်းမှုမရှိသည့် အချက် ပေါ်ထွက်လာသည်ကို သတိပြုကြရာသည်။ "မူလအရှိ တစ်ခုတည်း၏" သရုပ်အဓိပ္ပာယ်သည် စောဒနာအမှတ်-၂၀-၌ ထင်ရှားလတ္တံ့)။ အကုသိုလ်သည် မရှိတရား၊ အရိပ်ပညတ်ဖြစ်သည်၊ အကုသိုလ်ကိုရှိတရား၊ ပရမတ်ဟူစွဲလျှင် အတ္တဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ ဖြစ်သည်၊ သက္ကာယဒိဋ္ဌိသည် အကုသိုလ်ကံထက် ပို၍ကြောက်ရမည့် တရားခံဖြစ်သည်ဟု စုဒိတက ယူစွဲထား သည်ကိုလည်း မမေ့သင့်ကြပေ။ ဤသို့ စုဒိတက၏ မူလအရှိသဘောကို မှန်စွာ သိထား၊ သတိလည်း မြဲစွာထားပါမှ စုဒိတက၏ ဦးတည်ချက်အမှန်ကိုသိ၍ စကား၏အဓိပ္ပာယ်ကိုလည်း ရှင်းလင်းဖြောင့်မတ်စွာ သိကြပေမည်။

(ဂ) စုဒိတက၏ ဟောချက်(ခ) (ဂ) (စ) အမှတ်ပြတို့ဖြင့် သီလကို မစောင့်ကြနှင့်ဟု ဆိုရာရောက်ပါသည်ဟု စောဒကများက စွဲဆိုကြသည်။ (က) အမှတ်ပြသော သောဓနာချက်တွင် (အပိုအလုပ်ပါဟု ပယ်ထားခြင်း) ဟူသော

http://www.dhammadownload.com

နောက်ဆက်တွဲ စကားကို ဘုရားတပည့်တော် (စုဒိတက)မသုံးဘဲ သုံးသ်ည်ဟု တင်ပြခြင်းက အပြစ်ရှာလိုသောသဘော ထင်ရှားသည်ကို သက်သေခံနေပါသည်ဟု စုဒိတကပုဂ္ဂိုလ်က ပြန်လည်စွဲဆိုလျက် သက်သေထူသည်။ အပိုအလုပ်ပါဟု စုဒိတကသုံးသည်ဟု စောဒကတို့က မဆိုခဲ့၊ အပိုအလုပ်ပါဟု ပယ်ထားခြင်းဟူ၍သာ ဆိုသည်၊ သီလကို မစောင့်ကြှနှင့်ဟု ဆိုရာရောက်ပါသည်၊ သီလကို ပယ်ထားပါသည်ဟု စောဒကများက စွဲဆိုကြသည်။ ယင်းအဆိုကို ချေပသော စုဒိတကသည် "ဝိနယသီလများကို အပိုအလုပ်ဟူ၍လည်းကောင်း၊ ပယ်ရမည့် တရားများဟူ၍လည်းကောင်း၊ ယူလည်းမယူ၊ ဟောလည်း မဟောခဲ့ပါဟု ဆိုထားသည်၊ တိပ်ခွေ၊ ဂ/ဘီ၌ သီလသည် အပိုပစ္စည်းဟု စုဒိတက သင်တန်းပေးထားချက် ရှိသည်၊ (စောဒနာသည်၊ ၁၃/၂(ယ)ကိုကြည့်)။ ယင်းသို့ သီလသည် အပိုပစ္စည်းဟု ပြောစကားဖြင့် သီလသည် အပိုဟုပြောခြင်းကိစ္စ၊ သီလ ဆောက်တည်မှုသည် အပိုအလုပ်ဟု ပြောခြင်းကိစ္စလည်း ပြီးသည်၊ အဝုတ္တသိဒ္ဓိနည်းဟူ၍ စုဒိတက သိမှတ်သုံးစွဲနေမြဲ ဖြစ်သည်။ အနတ္တ (အတ္တမဟုတ်)ဟု မြတ်ဗုဒ္ဓ ဟောတော်မူသည် ထိုဟောချက်အရ အတ္တကို မြတ်ဗုဒ္ဓက မပယ်ပါဟု ပြောလျှင် မှားချက်နာသည်၊ အသိဉာဏ်ကျပ်မပြည့်သူ၏ ပြောစကားသာ ဖြစ်သည်။ အတ္တကို မြတ်ဗုဒ္ဓပယ်တော်မူသည်ဟု ပြောမှသာ တကယ်မှန်သည်ဟု (စောဒနာ အမှတ်-၅ ၌) ဤရှုံးတော်က ဆုံးဖြတ်ပြီးပြီ။ ငါအတ္တကို ပယ်တယ်လို့ မြတ်ဗုဒ္ဓက မဟောသောကြောင့် မြတ်ဗုဒ္ဓက အတ္တကိုပယ်တော်မူတယ်ဟု ပြောလျှင် အမှားစစ်စစ်ဟု မဖြစ်ညစ်ကြယ် ပြောစကားကို အသိဉာဏ် ကျပ်မပြည့်သူတိုင်းက ကပ်သီးကပ်သပ် လူညစ် ယုတ်ဟု ကဲ့ရဲ့ရှုတ်ချကြမြဲဖြစ်သည်။ ဤ၌လည်း သီလ၏ တန်ဘိုးမရှိပုံ၊ အရိပ်ကဲ့သို့- အလေးချိန်မစီးပုံစသည် နည်းမျိုးစုံ မဟုတ်မမှန် လုပ်ကြံကဲ့ရဲ့စကားတို့ကို စုဒိတကပြောကြားသောကြောင့် စုဒိတကသည် သီလကို ပယ်သည်ဟုပြောလျှင် အမှန်စကားဖြစ်သည်မှာ ထင်ရှားပေသည်။

(ယ)စင်စစ် သမုတိသစ္စာကို မှန်ကန်စွာ သုံးရမည်ဟုသာ ညွှန်ကြားပါသည်ဟူသော စုဒိတက၏ ဖြေရှင်းချက်သည် အယောင်ဆောင်သက်သက် လှည့်ကွက်မာယာလည်း ဖြစ်သည်။ သမုတိ-သစ္စာကို တိတိပပမသိပဲ သိသလိုလို ပြောနေသူဟုလည်း မိမိကိုယ်တိုင်က မြတ်ဗုဒ္ဓ၏စကားတော် တရားတော်တွေကို ပယ်ဖျက်ပုန်ကန် ဘုရားကို ရန်လုပ်သူအဖြစ်သို့ရောက်အောင် သမုတိသစ္စာကို သုံးစွဲပြနေသည်ဟုလည်း ဖော်ပြနေသည်။

http://www.dhammadownload.com

သမုတိသစ္စာနှင့် ပရမတ္ထသစ္စာ

သင်္ကေတဝစနံ သစ္စံ၊ လောကသမ္မုတိကာရဏာ။
ပရမတ္ထဝစနံ သစ္စံ၊ ဓမ္မာနံ ဘူတလက္ခဏာ။

(ဒီ၊ ၆၊ ၁။ ၃၁၆။ မ၊ ၆၊ ၁။ ၁၄၂-၃။ သံ၊ ၆၊ ၂။ ၇၂။ အံ၊ ၆၊ ၁။ ၇၄-နှာ၊)

မြန်မာပြန်

ပညာရှိသူ လူတွေက ပြောဆိုကြ၍ အသိအမှတ်ပြုကြသောကြောင့် ဒါန သီလ သမထ ဝိပဿနာကုသိုလ် အကုသိုလ်အနတ္တစသည် မရေမတွက်နိုင်ကုန်သော စကားလုံးများ (၀၊) ပြောသံ ဆိုသံများသည် သမုတိသစ္စာ မည်ကုန်၏။ သဘာဝဓမ္မတို့၏ ဟုတ်မှန်သော သဘောကိုပြခြင်းကြောင့် စိတ်၊ စေတသိက်၊ ရူပ၊ နိဗ္ဗာန်ဟု လေးတန်သော သဘာဝဓမ္မတို့ကို ဟောသောစကားသည် ပရမတ္ထသစ္စာတရားဖြစ်သည်။

စုဒိတကသည် အထက်ပါ သမုတိသစ္စာနှင့် ပရမတ္ထသစ္စာတို့ကို အမှန်အတိုင်းမသိပဲ မိမိ၏ ခန္ဓာကိုယ်အတုံးကြီးသာလျှင် ပရမတ္ထသစ္စာဖြစ်၍ ကျန်အားလုံးသည် သမုတိသစ္စာမျှ၊ ပညတ်မျှဖြစ်ကြသည်ဟု အမှားအလွဲစွဲယူကာ သင်တန်းပေးခဲ့သည်။ ယင်းသို့ သစ္စာနှစ်ပါးကို မှန်အောင်မခွဲနိုင်သောကြောင့် ပင် သမုတိသစ္စာအားလုံးကို မပယ်ပါဟု မဖွယ်မရာ မမှန်မကန် ငြင်းဆိုချက်ကို ထပ်တလဲလဲ သုံးစွဲချေပ အကျိုးမရလုပ်ငန်းကို ဆက်လက်လုပ်နေသည်။ ထို့ကြောင့် သမုတိသစ္စာ အသုံးကိုမပယ်ပါဟူသော စုဒိတက၏ မာယာလှည့်ကွက် ချေပချက်ကို တန်ဘိုးရှိသော ချေပချက်ဟူ၍ ဖြောင့်မတ်သော ပညာရှင်တိုင်းက လက်ခံယုံကြည်ကြမည် မဟုတ်ပေ။

(c) တိပ်ခွေ၊ ၁၁/အေ (စောဒနာ၊ ၁၇ (ယ) မှတ်ပြ)၌ မင်းတို့က ကြံချောင်း အသက်ရှိတယ်လို့ ထင်တယ်တဲ့၊ ထင်တဲ့လူ အသတ်ခိုင်းတဲ့ ဘုရားက။ (ပ) ကပ္ပိယံကရောဟိ ဆိုတာ မင်းသတ်ပေး၊ ငါစားမယ်လို့ ပြောတာဟု မြတ်ဘုရားနှင့် ဝိနည်းတော်၊ သံယာတော်တွေကို မရိုမသေ မတော်မလျော် စကားတွေကို ဝိပဿနာလုပ်ငန်းနှင့် မသက်ဆိုင်ဘဲ ဝိပဿနာသင်တန်းမှာ ထည့်ပြောခြင်းဖြင့် သမုတိသစ္စာကို မှန်ကန်စွာ သုံးတတ်ကြစေရန် စုဒိတက ကြိုက်နှစ်သက်သော နည်းလမ်းကို စုဒိတကကိုယ်တိုင် ရှေ့ဆောင်ညွှန်ပြနေသည်မှာလည်း အရိပ်မဲကြီးအသွင် ထင်ရှားနေသည်။

http://www.dhammadownload.com

(စ) မြတ်ဗုဒ္ဓသည် (မူလပဏ္ဏာသ) အာကခေ်ယျသုတ်တော်ဖြင့် လူချစ်လူခင်ပေါများမှု အကျိုးမှစ၍ နိဗ္ဗာန်ရောက်သည်အထိ ကောင်းကျိုးလိုချင်လျှင် သီလကိုသာ စောင်းထိန်းဖြည့်ကျင့်ပါဟု သီလသွေဝဿ ပရိပူရကာရီ (ပါဠိတော်) ဝါကျတိုင်း၌ ဧဝသဒ္ဒါကို ထည့်စွက်တော်မူလျက် ဟောတော်မူသည်ပြင် အခြားသုတ်တော်ပေါင်းများစွာ၌လည်း သီလစောင့်ထိန်းကြရန် ဟောတော်မူသည်။ ပညတ်သီလ၊ ပရမတ်သီလဟူခွဲခြား၍ မဟောခဲ့၊ ပညတ်သီလ၊ ပရမတ်သီလ ခွဲခြားမှုသည် မြတ်ဗုဒ္ဓ၏ ပိဋကတော်ဆိုင်ရာ ကျမ်းဂန်တို့၌မရှိ။ သီလမှန်သမျှ မရှိသောပညတ်ဟု သတ်မှတ်ဟောပြောခဲ့ကြောင်းကို သောဓနာလွှာ (၁၇) (က) မှတ် ချေပချက်၌ စုဒိတကကိုယ်တိုင် ဝန်ခံထားပြီးဖြစ်သည်၊ ယင်းသို့ဖြစ်ပါလျက် မြတ်ဗုဒ္ဓဟောညွှန်တော်မူထား သောသီလတွေကို ဖျက်ဆီးပယ်ထုတ်ပစ်ရန် မကောင်းဘက်ဖြင့် ပညတ်သီလ၊ ပရမတ်သီလဟု မဟုတ်မမှန်ခွဲခြင်း၊ ပညတ်သီလ တန်ဘိုး မရှိ၊ ပရမတ်သီလ တန်ဘိုးအပြည့်ဟု သင်တန်းသားတွေ အသိအမှတ် လွဲအောင် မမှန်စကားတွေကို ထပ်တလဲလဲဟောခြင်းဖြင့် သင်တန်းဆရာ စုဒိတကကိုယ်တိုင် မိမိ၏ သမုတိသစ္စာကိုမှန်စွာမသုံးဘဲ မြတ်ဗုဒ္ဓ တရားတော်တွေကို ပယ်ဖျက်ပုန်ကန်ဘုရားကို ရန်လုပ်သူအဖြစ်သို့ ရောက်အောင် ရှေ့ဆောင်လမ်းပြနေသည်မှာ ငြင်းကွယ်မရပြီ။

(ဆ) (ဝိနည်းဆိုတာ ကိုယ်ကျင့်တရား) ဟု ပြော၍ (ဝိနည်းစကား) ဟု အဓိပ္ပာယ်မရှိသောစကားများကို မသုံးပါဘဲ၊ သုံးသည်ဟု တိတ်ခွေ သက်သေဖြင့် တင်ပြ ပြောကြားလာပါသောကြောင့် မမှန်သော သက်သေခံပစ္စည်းအဖြစ် သတ်မှတ် ပေးစေလိုပါသည်ဟု စုဒိတကတောင်းဆို သည်။ ၁၃၄၄-ခုနှစ်၊ တပေါင်းလဆန်း (၇)ရက်၊ (၂၀-၃-၈၃) နေ့ ညနေ ၅ : ၃၀ နာရီအချိန်တွင် သက်သေခံပစ္စည်းများ မှန်-မမှန် စုဒိတက ကိုယ်တိုင်စစ်ဆေးပါဟု ဝိနည်းဓိုရ်ရုံးတော်က အမိန့်ရှိသဖြင့် စုဒိတက ကိုယ်တိုင် စစ်ဆေးပြီး သက်သေခံပစ္စည်းမှန်ကန်ပါသည်ဟု စုဒိတက၏ ဝန်ခံလျှောက်ထားချက်အရ တရားဝင်သက်သေခံပစ္စည်းများအဖြစ်ဖြင့် ရုံးတော်က အတည်ပြုထားပြီးဖြစ်သည်။ ၁၃၄၄-ခုနှစ်၊ တပေါင်း၌ သက်သေခံတိတ်ခွေများ တင်ပြရန် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ရုံးတော်က မိန့်ကြားရာ၌ သက်သေခံတင်ပြစရာ တိတ်ခွေများ မိမိ (စုဒိတက)ထံတွင် မရှိပါ၊ လိုချင်သူများက အသံဖမ်းထားကြပါသည်ဟု

http://www.dhammadownload.com

စုဒိတကကိုယ်တိုင် လျှောက်ထားခဲ့သည်။ သောဓနာလွှာ-၈/ပုဒ် (၁)၌ လျှို့ဝှက်တိတ်ခွေဆိုသည်မှာလည်း တစ်ဦးတစ်ယောက်မျှမက အသံသွင်းစက်ပေါင်းများ၏ကူးယူခြင်း ဖြန့်ချီနေခြင်းက သက်သေခံ အထောက်အထားဖြစ်ပါသည်ဟု စုဒိတကတင်ပြထားသည်။ ယင်းသို့ ကူးယူ-ဖြန့်ချီထားသော တိတ်ခွေများကိုပင် သက်သေခံပစ္စည်းအဖြစ်ဖြင့် စောဒကတို့က ရုံးတော်သို့ တင်ပြကြသည်။ စုဒိတကကိုယ်တိုင် စစ်ဆေးပြီး သက်သေခံပစ္စည်းအဖြစ် မှန်ကန်ပါသည်ဟု ရုံးတော်တွင် ဝန်ခံထားပြီး ဖြစ်သည်။ စုဒိတက၏ ခွင့်ပြုချက်အရ ကူးယူဖြန့်ချီနေသော တိတ်ခွေများကို သက်သေခံတိတ်ခွေအဖြစ်ဖြင့် စုဒိတကထံမှလည်း တင်ပြနိုင်စွမ်းရှိရမည်မှာ သဘာဝမမှတာဖြစ်သည်၊ စုဒိတကသည် ထို သဘာဝမမှတာကို ရှောင်လွှဲ၍ သက်သေခံတိတ်ခွေ တင်ပြခြင်းမပြုဘဲ မမှန်သက်သေခံ ပစ္စည်းအဖြစ် သတ်မှတ်ပါရန် တောင်းဆိုချက်အတွက် လိုက်လျောဖွယ်အချက်ကို ရုံးတော်က မတွေ့မြင်ရပေ။

ဤမျှဖြင့် မြတ်ဗုဒ္ဓက စောင့်ထိန်းကြရန် ဟောညွှန်ထားသောသီလကို စုဒိတက ပုဂ္ဂိုလ်က ပယ်ထားသည်မှန်ကြောင်း ကောင်းစွာပေါ်လွင်ထင်ရှားပြီ။ ။

ပြင်းခုံချက်။ ၂ ။

စွဲဆိုချက်။ အသက်သည် ပညတ်၊ ဘာမျှမရှိ၊ အထင်အစွဲသာဖြစ်သည်ဟု စုဒိတကဟောပါသည်၊ (ဃ) (c) အမှတ်ပြဟောချက်များသည် သူတပါးအသက်ဆိုတာ ခန္ဓာအပြင်ဖက်မှာရှိသောကြောင့် ပညတ်ဖြစ်သည်၊ အထင်အစွဲမျှသာ ဖြစ်သည်၊ ယင်းမရှိတရားကို စောင့်ရှောက်နေသည်ဟု စုဒိတကအပြစ်ဆိုခြင်းသည် ဗုဒ္ဓပိဋကကျမ်းဂန်များနှင့် ဆန့်ကျင်ပါသည်ဟူ၍ ပိဋကကျမ်းဂန်သာဓကတင်ပြစောဒနာကြသည်။

ချေပချက်။ (ခ) လောကသားတို့ယူစွဲထားသော အယူကို ဥပါဒါန်-အစွဲမျှသာဟု (ဂ) အမှတ်ပြသောဓနာတွင် ရှင်းလင်းလျှောက်ထားပြီးဖြစ်ပါသည်၊ ဟု စုဒိတကရည်ညွှန်းသည့် သောဓနာချက်မှာ "ထို (ဃ) အမှတ်ပြ ဘုရားတပည့်တော်၏ စကားများမှာ အစချီသော ချေပချက်များသာ ဖြစ်သည်။ (သောဓနာ-၁၇/၁ ကိုကြည့်)။

စီစစ်ချက်။

(ဂ) သူတပါးအသက်ဆိုတာ ပညတ်၊ ဘာမျှမရှိ၊ အထင်အစွဲသာ ဖြစ်သည်ဟု စုဒိတက၏ ဟောချက်သည် ဗုဒ္ဓပိဋကတော်ကျမ်းဂန်

http://www.dhammadownload.com

များနှင့် ဆန့်ကျင်သည်ဟု စောဒကတို့ကတင်ပြသည်။ယနေ့ လူသား အများစုသည် ဤခန္ဓာကိုယ်၌ အသက်၊ လိပ်ပြာ၊ ဝိညာဉ်၊ တကယ်ရှိသည်၊ ဘဝတပါးမှ ဘဝတပါးသို့ ကူးပြောင်းသည်ဟူသော အယူကိုတိုက်ဖျက်ရန် အစွဲဥပါဒါန်ကို သရုပ်ဖော်နေသော အခန်းဖြစ်ပါသည်ဟူ၍ စုဒိတကချေပသည် (သောခနာ၊ ၁၇/၁ ၌ ကြည့်)။ စုဒိတက၏ အစွဲဥပါဒါန်သရုပ်ဖော်ခန်းများ၌ မိမိ၏ မွေးရာပါခန္ဓာကိုယ် အတုံးကြီးသည်သာ တကယ်ရှိတရားပရမတ် ဖြစ်၍ ကျန်အားလုံးသည် တကယ်မရှိ၊ အရိပ်၊ ပညတ်၊ အထင် အစွဲမျှသာဟု သတ်မှတ်ထားသည်။ ဤ၌လိုရင်းချုပ်မှာ ဗုဒ္ဓဝါဒအရ အသက်ဆိုတာ တကယ်ရှိ-မရှိ ဖော်ထုတ်ရမည်ဖြစ်သည်။ ထို အသက်သည် (၁) ဗုဒ္ဓဝါဒ "အသက်"၊ (၂) အတ္တဝါဒ "အသက်" ဟူ၍ နှစ်မျိုးရှိသည်၊ ထိုတွင် (၁) ပါဏာတိပါတာ ဝေရမဏိသီလ တွင် ပါဝင်သော ပါဠိဘာသာအားဖြင့် "ပါဏ"၊ မြန်မာဘာသာ ဖြင့်လိပ်ပြာ၊ ဝိညာဉ်ကောင်ဟုမခေါ်ကြဘဲ "အသက်" ဟူ၍သာ ခေါ်ကြသော အသက်သည် ဗုဒ္ဓဝါဒ၌ သုံးစွဲသော "အသက်" ဖြစ်သည်။ (၂) ပါဠိဘာသာ၊ သတ္တတဘာသာ ဖြင့် ပရမအတ္တ ဇီဝအတ္တ၊ မြန်မာဘာသာဖြင့်လိပ်ပြာ၊ ဝိညာဉ်ကောင် ဟုလည်း ခေါ်ကြသော အသက်သည် အတ္တဝါဒ အသက်ဖြစ် သည်။ ထိုတွင် ပါဏာတိပါတဟူ၍ လည်းကောင်း၊ သူ့အသက်သတ်မှုဟူ၍လည်း ကောင်း၊ ဝိညာဏ်ဟူ၍လည်း ကောင်းပြောလျှင် ဗုဒ္ဓဝါဒဆိုင်ရာ "အသက်"ဟု အများနားလည် သိမှတ်ထားကြသည်။ အသက် လိပ်ပြာ ဟုလည်းကောင်း၊ သူက လိပ်ပြာလှတယ် စသည်ဖြင့်လည်းကောင်း၊ ဝိညာဉ်ကောင်ဟု လည်းကောင်းပြောလျှင် ဗုဒ္ဓဝါဒဆိုင်ရာမဟုတ်၊ အတ္တဝါဒဆိုင်ရာ "အသက်" ဟု အများနားလည် သိမှတ်ထား ပြီးဖြစ်သည်။

(ခ) စောဒနာ၊ ၁၇- (ဂ) မှတ်ပြ စုဒိတကဟောချက်တွင် "ဒီကိုယ်တော် သူများ အသက်တွေသတ်လို့ ပါဏာတိပါတတွေထိုက်ပြီ" ဟူသော စကားအရ ဗုဒ္ဓဘာသာဆိုင်ရာ အသက်ကို ရည်ရွယ် ပြောနေ သည်ဟူ၍ သင်တန်းသားများလည်း နားလည်သိမှတ်ကြသည်။

http://www.dhammadownload.com

စုဒိတကကိုယ်တိုင်ကလည်း ဗုဒ္ဓဝါဒဆိုင်ရာ အသက်ကို ရည်ရွယ်ကာ ပြောနေခဲ့သည်ဟု ထိုသင်တန်းပေးချိန်၌ သိမှတ်ထား ခဲ့သည်။ စောဒနာလွှာတင်ချိန်ရောက်မှ အတ္တဝါဒဆိုင်ရာ အသက်ကို ရည်ရွယ် ပြောခဲ့သယောင်ယောင် လှည့်ကွက်မာယာထုတ်၍ အသက်လိပ်ပြာ ဝိညာဉ်ဟု အူကြောင်ကြောင်တင်ပြနေသည်၊ ထို့ပြင် ဤအခန်းသည် ဗုဒ္ဓဝါဒဆိုင်ရာ သီလနှင့် ပတ်သက်နေသော အခန်းကဏ္ဍဖြစ်သည်၊ သီလမှန်သမျှ အရိပ်၊ ပညတ်၊ အချိန်မစီး၊ အမှားအလွဲဟု စုဒိတက ပယ်ပယ်နယ်နယ်အပြစ် ပြောနေသော အခန်းကဏ္ဍ ဖြစ်သည်။ ထို့ကြောင့် စုဒိတကသည် သင်တန်းပေးချိန်၌ ဗုဒ္ဓဝါဒဆိုင်ရာ ပါဏာတိပါတာ ဝေရမဏိသီလကို စောင့်ထိန်း ခြင်းသည် သက္ကာယဒိဋ္ဌိဖြစ်သည်၊ အရိပ်ကို စောင့်ရှောက်သည်နှင့် တူသည်၊ လက်ဆုပ်လက်ကိုင်မဖြစ် စသည်ဖြင့် ဗုဒ္ဓဝါဒဆိုင်ရာ သီလ၏ အပြစ်တွေကိုဖော်ထုတ်ရန် ဗုဒ္ဓဝါဒဆိုင်ရာ အသက်ကို မူတည်ပြောခဲ့သည်မှာ ငြင်းကွယ်မရ ထင်ရှားလွန်းနေသည်။

(ဂ) ထို (င) မှတ်ပြဟောချက်တွင် "အသက်ရှိတယ်လို့ယူတာဟာ အသက်ကို အမြင်နဲ့ ယူတာလား၊ အထင်နဲ့ယူတာလား။ အသက်ဆိုတာ သူ့ဟာသူရှိတာလား။ ထင်သူရဲ့လက်ထဲမှာလား" ဟူသော မေးခွန်းများဖြင့် တကယ်မရှိသော အသက်သည် ရှိတယ်လို့ ထင်မှုကြောင့်သာ ရှိနေသည်။ တကယ်မရှိဟု အစွဲပြုတ်နေသူမှာ (ဝါ) အမှန်သိနေသူမှာ အသက်ဆိုတာ မရှိဟူ၍ စုဒိတက ပုံဖော်နေသည်။ "သူတပါးအသက်ကို ရှောင်လို့ သတ်လို့ ကုသိုလ်ရတယ်၊ အကုသိုလ်ဖြစ်တယ်လို့ ပြဿနာ ပေါ်ရတာဟာ အသက်ရှိတယ်လို့ မယူလို့လား-ယူလို့လား" ဟူသော နိမိတ်ပြမေးခွန်းများဖြင့် စုဒိတကညွှန်ပြသော အမြင်မှန်အရ အသက်တကယ်မရှိဟု ယူစွဲထားပြီး သူတို့အဖို့ သူတစ်ပါးအသက်ကို ရှောင်လို့ကုသိုလ်မရ၊ သတ်လို့အကုသိုလ်မဖြစ်ဟု စုဒိတက၏ ဆိုလိုချက်ကို သိနိုင်လေတော့သည်။ စုဒိတကသည်လည်း ယင်းသို့ သိစေရန် အလွန်ပေါ်လွင်သော နိမိတ်ပြမေးခွန်းတွေမေးတော့

http://www.dhammadownload.com

အဝုတ္တသိဒ္ဓိနည်းဖြင့် ပြောခဲ့ကြောင်းကို ကောင်းစွာသိသည်။ စုဒိတကသည် ယင်းသို့မသိအောင် ဖျင်းအသူ မဟုတ်ကြောင်းကို သူ၏ သင်တန်းပေးဟောချက်များ၊ သောဓနာလွှာ၌ ဖော်ပြသော လှည့်ကွက်မဟာများကို ကြည့်လျှင် အထင်အရှားပေါ်လွန်သည်။ တိတ်ခွေ-၅/အေ (စောဒနာ၊ ၁/၉ (ဂ) မှတ်) ၌ ကုသိုလ် အကုသိုလ် တကယ်မရှိ၊ အရိပ်ပညတ်ဟု မဟုတ်မမှန်ပြောထားသော စုဒိတက၏ အထက်ပါမေးခွန်းတို့၏ ဦးတည်ချက်အမှန်ကို အရိပ်မဲမဲကြီး အသွင်ဖြင့် တရိပ်ရိပ်လိုက်၍ ဖော်ပြနေသည်။ စုဒိတကသည် ကိုယ့်အရိပ်ကိုမှ ကိုယ်မမြင်သေးချေ။

(ဃ) စောဒနာ၊ ၁၇၊ ပုဒ်-၅၌ အထင်အစွဲပြုတ်လျှင် (၀၊) အသက်တကယ်မရှိဟု အမှန်သိလျှင် သူတစ်ပါးအသက်ကို သတ်ရာ၌လည်း အကုသိုလ်မဖြစ်၊ အာပတ်မသင့်ဟု ဓမ္မနိတိဆိုလိုရင်း ဖြစ်ပါသည်ဟု စောဒကတို့က တင်ပြကြသည်။ သတ်လျှင်အပြစ်မရှိ၊ အကုသိုလ်မဖြစ်၊ အာပတ်မသင့်ဟူ၍ ဟောပြောခြင်းမရှိခဲ့ပါဘူးဟု စုဒိတကချေပသည်။ စုဒိတက၏ (ဂ) အမှတ်ပြဟောချက်ဖြင့် သူတစ်ပါးအသက် သတ်ရာ၌လည်း အကုသိုလ်မဖြစ်၊ အာပတ်မသင့်ဟု ဓမ္မနိတိဆိုလိုရင်းဖြစ်ပါသည်ဟူသော စောဒကတို့၏ တင်ပြချက်နှင့် သတ်လျှင်အပြစ်မရှိ အကုသိုလ်မဖြစ်၊ အာပတ်မသင့်ဟူ၍ ဟောပြောခြင်းမရှိခဲ့ဘူးပါဟူသော စုဒိတက၏ ချေပချက်တို့ကို ယှဉ်တွဲကြည့်လျှင် စုဒိတက၏ ချေပချက်သည် လိုရာကိုမရှင်းဘဲ မလိုရာကိုငြင်းနေကြောင်းတွေ့ရသည်၊ ထို့ကြောင့် စုဒိတက၏ ထိုချေပချက်သည် သုညချေပချက်သာဖြစ်နေသည်၊ ထိုသုညချေပချက်ကို အထောက်အထားပြု၍ (ဂ) အမှတ်ပြဟောချက်တွင် နိမိတ်ပြမေးခွန်းတို့ဖြင့် သူ့အသက်သတ်လျှင် အကုသိုလ်မဖြစ်၊ အာပတ်မသင့်ဟု အဝုတ္တသိဒ္ဓိနည်းအရ စုဒိတကဟောပြောသည် မဟုတ်ဟူ၍ ဆုံးဖြတ်မည့် ဖြောင့်မတ်သည့် ပညာရှင် ရှိလိမ့်မည်ဟု ယူဆဖွယ်မရှိပေ။ ယင်းသို့ ဖြစ်၍ စောဒကတို့၏ တင်ပြချက်သည် ကြောင်း-ကျိုးညီညွတ် ဟုတ်မှန်သည်ဟု ရုံးတော်က သုံးသပ်သည်။

http://www.dhammadownload.com

ခြင်းခုံချက်။ ၃ ။

စွဲဆိုချက်။ ဝိနယသဒ္ဒါ၏ အနက်အဓိပ္ပာယ်ကို အများနှင့်တည့်အောင် နေတာဟု စုဒိတကဟောချက်သည် ဗုဒ္ဓဝိဌကတော်ကျမ်းများနှင့် မလျော်ပါဟု ကျမ်းဂန်သာဓကတင်ပြစောဒနာကြသည်။

ချေပချက်။ ဝိနယကို အများနှင့်တည့်အောင်နေတာဟု ဘာသာပြန်သည်မှာ တရားနာပရိသတ်တို့ နားလည်လွယ်အောင် သမုတိသစ္စာအသုံးကို သဘောပေါက်စေရန် အကျဉ်းစကားဖြင့် ပြန်ဆိုခြင်းဖြစ်ပါသည်။
(အကျယ်ကို သောဓနာ-၁၇ (ဂ) ၌ ကြည့်)

စီစစ်ချက်။ ၃။

(က) ဝိနယကိုအများနှင့်တည့်အောင်နေခြင်းဟုဘာသာပြန်သည်မှာ -

(၁) တရားနာသူတွေသိလွယ်အောင် (၂) သမုတိသစ္စာအသုံးကိုသဘောပေါက်စေရန်ဟူ၍ ရည်ရွယ်ချက်အကျိုးသွားနှစ်ရပ်ကို စုဒိတကတင်ပြသည်။ ထို့တွင် တရားနာသူတွေ သိလွယ်အောင်ဟူသော ရည်ရွယ်ချက်အရ သိလွယ်လျှင်ပြီးရော၊ လွဲမှားနေလျှင်လည်း အပြစ်မရှိဟု မှတ်ယူခြင်းသည် အပြစ်မလွတ်၊ မကောင်းပေ။ အမှန်သည်သာ အဓိကပဓာနဖြစ်သည်ကို အရာရာတွင် အထူးသတိပြု ဂရုစိုက်လိုက်နာကြရသည်။ သိလွယ်သည်-မှန်သည် ဤနှစ်ချက်ညီလျှင်ကောင်း၏၊ အပြစ်မရှိ။ လွဲမှားသော် အနည်းငယ်မျှမကောင်းပေ။ စုဒိတက၏ဘာသာပြန်ချက်သည် စောဒကတို့တင်ပြသော (ဝိ၊ ၆၊ ၁။ ၁၅။ ဒီ၊ ၆၊ ၁။ ၁၇။ အဘိ၊ ၆၊ ၁။ ၁၉-နှာ) ကျမ်းဂန်လာဝိနယ၏ အနက်သုံးချက်တွင် တချက်နှင့်မညီ၊ လွဲမှားသည်ဖြစ်သောကြောင့် အနည်းငယ်မျှ မကောင်းချေ။ အနက်မှန်ကို စောဒကတို့တင်ပြသည် အတိုင်း မှတ်ယူကြရာသည်။

(၂) သမုတိသစ္စာအသုံးကို သဘောပေါက်စေရန်ဟူသော စုဒိတက၏ ရည်ရွယ်ချက်သည် ဝိနည်းတော်ကို ပညတ်တော်မူသော မြတ်ဗုဒ္ဓ၏ ရည်ရွယ်ချက်အကျိုးပြဆယ်ရပ်တွင် တချက်နှင့်မျှမနီးစပ်ပေ။ ဝိနည်းတော်သည် သမုတိသစ္စာ (၀၊) သုံးလိုက သုံးရုံမျှသာဟု စုဒိတက အဓိပ္ပါယ်ဖော်ချက်သည် ကြီးစွာသော အလွဲအမှား၊ အပါယ်တံခါးကို

http://www.dhammadownload.com

ဖွင့်လှစ်ခြင်းသာဖြစ်နေသည်။ မြတ်ဗုဒ္ဓ၏တားမြစ်ချက်ဝိနည်းတော် အရ မေထုန်မှီဝဲမှုမပြုရ၊ သူ့ပစ္စည်းကို ဓားဂုက်လုယက် ဓားပြတိုက်မှု မပြုရ၊ သူ့အသက်ကိုမသတ်ရ၊ အထူးအားဖြင့် လူကိုမသတ်ရ။ ဈာန်၊ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်တို့နှင့် ဆက်စပ်၍ လိမ်ညာမပြောရဟူသော ပါရာဇိကသိက္ခာပုဒ်လေးရပ်ကို လွန်ကျူးသော အကုသိုလ်စေတနာမှ ရှောင်ကြဉ်သောကုသိုလ်စေတနာသည် ပရမတ်စစ်စစ်ဖြစ်သည်၊ သမုတိသစ္စာမဟုတ်၊ ပညတ်မဟုတ်။ စုဒိတကသည် ဗုဒ္ဓသာသနာ တော်ဆိုင်ရာသက်နှံးကို ဝတ်ဆင်ထားသူဖြစ်ပါလျက် အရည်းကြီး အဇိတ၏ နတ္ထိကမိစ္ဆာဝါဒဆိုးသို့လိုက်၍ တိတ်ခွေ၊ ၅/ အေ၌ ကုသိုလ် အကုသိုလ်သည် မရှိတရား။ အရိပ်၊ ပညတ်ဟု ဆိုထားသူ ဖြစ်သည်၊ စောဒကတို့က ကျမ်းဂန်မှန်ပြ၍ ထိုဝါဒသည် ဗုဒ္ဓဝါဒ မဟုတ်၊ မှားယွင်းသည့်မိစ္ဆာဝါဒသာဖြစ်ကြောင်း တင်ပြထား သော်လည်း ထိုနတ္ထိကအရည်ကြီးဝါဒ အယူအမှားကို ယခုအထိ မစွန့်သေးဘဲ သမုတိသစ္စာကိုလည်း အမှားအလွဲသုံးစွဲကာ တန်ဘိုးမဲ့ ချေပချက်တွေကို တင်ပြနေတုံးပင်ဖြစ်သည်။ မွေးရာပါ ခန္ဓာကိုယ် အတုံးကြီးသာရှိတရား-ပရမတ်ဖြစ်၍ ကျန်တာအားလုံးမရှိ ပညတ် သမုတိသစ္စာဟု အလွဲယူစွဲကာ ပြောနေသည်။ ပါးစပ်ထဲရှိ သွားများ သည် မွေးရာပါတစ်ချောင်းမှ မဟုတ်သည်ကိုမျှ စုဒိတကမစဉ်းစား၊ စုဒိတက၏ သင်တန်းပေးစကားအားလုံးသည် သမုတိတွေချည်းသာ ဖြစ်နေသည်ဟုလည်းမစဉ်းစား၊ စုဒိတက၏ပရမတ်ဟု ပြောနေသော စကားသည် သမုတိသစ္စာဖြစ်နေသည်ဟု မစဉ်းစား။ သမုတိသစ္စာ ဟူသောစကားကိုမှား မှား-မှန် မှန် ချေပချက်တင်ရလျှင်ပြီးစတမ်းဟု ပြုလုပ်နေသူဖြစ်သည်။ ဝိနယသိက္ခာပုဒ်တော်အားလုံးကို သိမ်းကြုံး၍ သမုတိသစ္စာဟု အမှားအလွဲဥပါဒါန်စွဲနေသူ စုဒိတကသည် မွေးရာ ပါ မိမိခန္ဓာကိုယ်အတုံးကြီးသာ ဝိနည်းတော်ထက်တန်ဘိုး ဝိုမိုထားနေသူဖြစ်ကြောင်း ပေါ်လွင်သောကြောင့် စုဒိတကသန္တာန်မှာ ဝိနည်းတော်ဆိုင်ရာ သီလတွေ ပျောက်ပျက်ချုပ်ငြိမ်းကုန်ပြီဟု သံသယဖြစ်ဖွယ်ရှိသည်။ ဝိနည်းဆိုတာ အမှားနှင့်တည့်အောင်နေ တာဟု သတ်မှတ်ချက်အလွဲအရ၊ လူမမြင်ကွယ်ရာတွင်ဖြစ်စေ

http://www.dhammadownload.com

သဘောတူအပေါင်းတို့ စုရုံးမိရာတွင်ဖြစ်စေ ဝိနည်းကိုမလေးစား ပစ်ပယ်ထားကာ လုပ်ချင်တာလုပ်ခဲ့ကြလေပြီဟု ဆိုဖွယ်လည်း ဖြစ်နေပေသည်။ ထို့ကြောင့် စုဒိတကတ်၏ ဝိနယကို ဘာသာပြန်ချက် သည် အပြစ်များလွန်းကြီးလွန်းသော အလွဲအမှားသာဖြစ်သည်ဟု သုံးသပ်တော်မူကြသည်။

ခြင်းခုံ ချက်။ ၄။

စွဲဆို ချက်။ ဓမ္မနီတိ၏ (ဆ) (ဇ) (ဈ) (ည) ဟောချက်များကို ကောက်နှုတ်လိုက်ပါက သီလမရှိသူက သီလရှိသူထက်လွတ်လပ်သည်၊လွတ်လပ်ခြင်းသည်သာ အနတ္တသာသနာ၏ နိဗ္ဗာန်ချမ်းသာ ဝိမုတ္တိအရသာ ဖြစ်သည်၊ သီလသည် လွတ်လပ်သော နိဗ္ဗာန်သို့မရောက်နိုင်အောင် ချည်နှောင်ထားသောကြိုးဖြစ်၍ သီလများသလောက်ကြိုးများသဖြင့် ပါတိမောက္ခသံဝရကို စောင့်ထိန်းသောရဟန်းများ သံသရာမှ လွတ်ရန် လမ်းမမြင်ဟုဆိုပါသည်၊ ဓမ္မနီတိ၏ ဝိကာလဘောဇန သိက္ခာပုဒ် အဆုံးအဖြတ်ကား "ပိုက်ကိုမေးပြီးစားခြင်းသာ" ဖြစ်ပါသည်၊ ရဟန်းစစ်ဖြစ်အောင် ဆောင်ရွက်ရာ၌ အသုံးပြုရသော ကမ္မဝါစာများကိုပါ ပြောင်လျှောင်သရော်ထားပါသေးသည်၊အဓိသီလမည်သော ပါတိ-မောက္ခသံဝရသီလကိုပယ်ခြင်းဖြင့် ဘုရားရှင်နှင့် သဗ္ဗညုတ ဉာဏ်တော် အနာဝရဏဉာဏ်တော်ကို ပယ်လိုက်ပါသည်။ ဝိနည်းသည် သံသရာမှ လွတ်မြောက်စေနိုင်သော တရားဖြစ်ပါသည်ဟု ဝိနယ ပါဠိတော်သာဓကများကို တင်ပြစောဒနာ ကြသည်၊ (အကျယ်ကို စောဒနာ၌ကြည့်)။

ချေပချက်။ စောဒနာလွှာ-၁၇/၄(စ) (ဆ) (ဇ) အမှတ်ပြဟောချက်များမှာ ပညတ်သီလ၊ ပရမတ်သီလ၊ အနိယတသီလ၊ နိယတသီလ၊ လောကီသီလ၊ လောကုတ္တရာသီလပိုင်းခြားပြသော အခန်းဖြစ်ပါသည်။ အနိယတသီလ၌သာ မရောင့်ရဲကြပါဘဲနှင့် နိယတသီလသို့ တက်လှမ်းစေလိုသော ဦးတည်ချက်ဖြစ်ပါသည်။ ပါတိမောက္ခသံဝရသီလတည်းဟူသော တဒင်္ဂပဟာန ဝိနည်းမှ နိဿရဏပဟာန ဝိနည်းသို့ တက်လှမ်းနိုင်စေရန် ရည်သန် ပြောကြားခြင်းဖြစ်ပါသည်။

http://www.dhammadownload.com

ကိလေသာကြီးမိုးစုံမှ လွတ်မြောက်သော အကျိုးကျေးဇူးကို ဉာဏ်ဖို့သမျှ ခံစားနိုင်ရေးအတွက် တက်လှမ်းရန် လွယ်ကူစေခြင်းအကျိုးငှါ ပရမတ္ထသီလကို သရုပ်ဖော် ခြင်းဖြစ်ပါသည်။

(အကျယ်ကို သောဓနာ-၁၇-၌ကြည့်)

စီစစ်ချက်။ ၄ ။

(က) စောဒကတို့၏ တင်ပြစွဲဆိုချက်များကို စုဒိတကသည် ပြေလည်အောင် ချေပနိုင်စွမ်းမရှိဘဲ သူ၏ ဓလေ့ထုံးစံအတိုင်း မဆိုင်ရာတွေကိုသာ ချေပလွှာတွင် ရေးသားထား သည်ကို တွေ့ကြရသည်။ စောဒနာအမှတ်-(၁၇/၄ (စ) တွင် (ဘယ်တော့မှ မကောင်းဘူး) ဟူသော စကားကို မိမိကိုယ်တိုင် သုံးလိမ့်မည်မဟုတ်သည့်အတွက် သက်သေခံ တိတ်ခွေများအပေါ်၌ သံသယရှိပါတော့သည်ဟု (သောဓနာလွှာ၊ ၁၇/၂ (က) မှတ်ပြု၌) စုဒိတကဆိုသည်။စုဒိတကသည် မသုံးခဲ့ပါဟူ၍ မငြင်းပဲ သုံးလိမ့်မည် မဟုတ် ဟူ၍ ဝေ့လည်ငြင်းဆိုသောကြောင့်လည်းကောင်း၊ ဝိကာလဘောဇန (အခါမဟုတ်ဘဲ စားသောက်ခြင်း) သိက္ခာပုဒ်၌ "အခါဟုတ်တယ်-မဟုတ်ဘူးဆိုတာ ဗိုက်မေးမှ မှန်တော့မပေါ့" စသည် သင်တန်းပေးချက်နှင့် ရဟန်းစစ်ဖြစ်ရန် မြတ်ဗုဒ္ဓ ပညတ်တော်မူထားသော ကမ္မဝါစာကို ပြောင်လျှောင် သရော် စော်ကားဖျက်ဆီးထားသော စုဒိတက၏ ဟောချက်များ စသည် သာသနာ့ဝန်ထမ်း ရဟန်းနှင့် မတူအောင် ယုတ်ညံ့ ဖျင်းသိမ်လွန်းသော မဟုတ်မမှန် စကားထင်ရှားရှိသောကြောင့်လည်းကောင်း၊ အသိဉာဏ် ကျပ်ပြည့် သူတိုင်းက စုဒိတက၏ ထိုဆိုချက်ကို ယုံကြည်လက်ခံကြမည် မဟုတ်ချေ။

(ခ) ပညတ်သီလ၊ ပရမတ်သီလ၊ အနိယတသီလ၊ နိယတသီလ၊ လောကီသီလ၊ လောကုတ္တရာ သီလဝိုင်းခြား ပြသော အခန်းဖြစ်ပါသည်ဟု စုဒိတက၏ ချေပချက်ရှိသည်၊ ပညတ်သီလ၊ ပရမတ်သီလ၊ အနိယတသီလ၊ နိယတသီလတို့သည် ဗုဒ္ဓပိဋကတော်ဆိုင်ရာကျမ်းဂန်များ၌ မရှိ၊ စုဒိတကတီထွင်သော အလွဲစကားမျှသာဖြစ်သည်။ သီလမှန်သမျှ မရှိသော ပညတ်ဟု စုဒိတက

http://www.dhammadownload.com

၏ဝန်ခံချက်သည် သောခနာ (ချေပ) လွှာ၊ ၁၇ (က) မှတ်၏အစဉ် ထင်ရှားရှိပြီးဖြစ်သည်၊ ယခုမှ ပရမတ်သီလဟု ပြောပြန်သည်။ လောကီသီလဟူသည် ပုထုဇဉ်များနှင့် အောက်ဖိုလ်ပုဂ္ဂိုလ် သုံးဦးတို့၏ လောကီကုံသိုလ် စိတ်ဌာယဉ်သော စေတနာစသည်တို့ တည်း။ လောကုတ္တရာသီလဟူသည် မဂ်စိတ်ဖိုလ်စိတ်တို့ဌ ယှဉ်သော စေတနာစသည်တည်း၊ မဂ်စိတ်ဌ ယှဉ်သော လောကုတ္တရာ သီလသည် နိဗ္ဗာန်သို့ တိုက်ရိုက်ပို့၍ ဖိုလ်စိတ်ဌ ယှဉ်သော လောကုတ္တရာသီလသည် ပစ္စဝေက္ခဏ (ပြန်လည်ဆင်ခြင်သော လောကီ) ဉာဏ်၏အာရုံဖြစ်သည်ဟု မဟာဋီကာ နှာ-၃၄-ဌ ဆိုသည်။ သဗ္ဗမ္ပိသာသဝံသီလံလောကိယံ၊ အနာသဝံ လောကုတ္တရံ။ (ဝိသုဒ္ဓိ၊ ၁။ ၁၃) ။

ဘာသာပြန်။ အားလုံးလည်းဖြစ်သော အာသဝေါတရားတို့၏ အာရုံဖြစ်သည့် သီလသည် လောကီသီလမည်၏။ လောကုတ္တရာမဂ်စိတ်၊ ဖိုလ်စိတ်တို့ဌ ယှဉ်သော အာသဝေါတရားတို့၏ အာရုံမဟုတ်သည့် သီလသည် လောကုတ္တရ သီလမည်၏။

ထို့ကြောင့် မိမိခန္ဓာကိုယ်အတုံးကြီးဟူသော ပရမတ်ကို စောင့်ရှောက်သော သီလသည်(သို့မဟုတ်) အနတ္တကိုသိသောဉာဏ်ကို စောင့်ထိန်းသော သီလသည် လောကုတ္တရသီလမည်၏ဟု အမှားအလွဲယူစွဲ၍ "ငါသည် လောကုတ္တရသီလကို စောင့်ထိန်းသည်"ဟုပြောသောရဟန်းသည် ရဟန်းလိမ်-ရဟန်းညာကြီး ဖြစ်သောကြောင့် ပါရာဇိကအပြစ်ဒဏ် (ခေါ်) သေဒဏ်သင့်ရောက်ပြီးဖြစ်၏။ အခြားသူက အမိန့်ချမှတ်ရန် မလိုတော့ဘဲ ရဟန်းမဟုတ်တော့ပြီ။ ပြခဲ့ပြီး အကြောင်းတို့ကြောင့် အနိယတသီလဌာ မရောင့်ရဲကြဘဲ နိယတသီလသို့ တက်လှမ်းစေလိုသော ဦးတည်ချက်ဖြစ်ပါသည်ဟူသော စုဒိတကဆိုချက်သည် မြတ်ဗုဒ္ဓ သာသနာတော်ဌ မရှိသော သီလမှ မြတ်ဗုဒ္ဓသာသနာတော်ဌ မရှိသော သီလသို့ စုဒိတကဦးတည်ချက်ထားနေသည်မှာ ပေါ်လွင်လေပြီ။

(ဂ) တဒင်ပဟာနဝိနည်းမှ နိဿရဏပဟာနဝိနည်းသို့ တက်လှမ်းနိုင်စေရန် ရည်သန်ပြောကြားခြင်းဖြစ်ပါသည်ဟု စုဒိတက၏ ချေပချက်ရှိ သည်။ ထိုတွင် "ပါတိမောက္ခသံဝရ သီလတည်းဟူသော တဒင်ပဟာနဝိနည်းမှ" ဟူသော စကားမျှဖြင့်ပင် စုဒိတကသည်

http://www.dhammadownload.com

တဒဂ်ပဟာန ဝိနည်းကိုမှ မှန်အောင် မသိဘဲ ယင်းသို့ မဟုတ် မမှန် ချေပသည်ဟု သိလွယ်လွန်းသည်။

တဒဂ်ပဟာနဝိနည်း

မီးရောင်ဖြင့် အမှောင်ကို ပယ်ဖျက်သကဲ့သို့ နာမ်ရူပ်ကို ပိုင်းခြားသိမှု အစရှိကုန်သော ဝိပဿနာဉာဏ်အဆင့်ဆင့်ဖြင့် ထိုထိုအကျိုးမဲ့ဖြစ်ပွား မိစ္ဆာအယူမှားတို့ကို ပယ်ခြင်းသည် တဒဂ်ပဟာနဝိနည်းဖြစ်သည်ဟု အကျဉ်းချုပ် မှတ်ကြရာသည်။

အကျယ်မှတ်စရာကား-- (၁) နာမ်ရူပ်ကို ပိုင်းခြားသိသော ဉာဏ်ဖြင့် သတ္တာယဒိဋ္ဌိ (အတ္တဝါဒစွဲ)ကို ပယ်သည်။ (၂) နာမ်ရူပ်တို့၏ ဖြစ်ကြောင်းမှန် နာမ်ရူပ်ကိုသိသောဉာဏ်ဖြင့် နာမ်ရူပ်သည် အကြောင်းမရှိဘဲဖြစ်သည် (သို့မဟုတ်) တန်ခိုးရှင်ဖန်တီးသောကြောင့် ဖြစ်သည်ဟူသော အလွဲစွဲယူမှုကို ပယ်သည်။ (၃) ကာလသုံးပါးတို့၌ (၀၊) ယခင်ဘဝ၊ ယခုဘဝ၊ နောက်ဘဝတို့၌ ကံစသော အကြောင်းတို့ကြောင့် ရူပ်နာမ် ဖြစ်သည်ဟုသိသော ဉာဏ်ဖြင့် အတိတ်ဘဝ၊ နောက်ဘဝရှိသလား မရှိသလားဟု တွေးကြံမှုကို (၀၊) အတိတ်ဘဝမရှိ နောက်ဘဝမရှိဟူသော မိစ္ဆာအယူမှားကို ပယ်သည် (၄) ရူပ်အနိစ္စ-နာမ်အနိစ္စ စသည် ဝိပဿနာရှုသော (သမ္မသန)ဉာဏ်ဖြင့် ၎င်း ၎်ဟာဟူသော စွဲယူမှုကို ပယ်သည်။ (၅) လမ်းစဉ်မှန် လမ်းစဉ်မှားကို ပိုင်းခြားသိသောဉာဏ်ဖြင့် လမ်းစဉ်မှားကို ဝိပဿနာလမ်းစဉ်မှန်ဟု အလွဲယူစွဲမှုကိုပယ်သည်။

သဗ္ဗောဘာသာဒယော ဓမ္မေ၊ နမဂ္ဂေါတိ ဝိစာရယံ။
မဂ္ဂေါဝိပဿနာဉာဏံ၊ ဣဒ္ဓေ စ ပန ပဏ္ဍိတော။

ဝဝတ္ထပေတိ မဂ္ဂဋ္ဌ၊ အမဂ္ဂဋ္ဌေ ဝ စေတသ (အဘိဓမ္မာ၀တာရ)နှင့်အညီ မဂ္ဂ-ဝိပဿနာလမ်းစဉ်၊ အမဂ္ဂ-အလင်းရောင်စသည်ဟု မဂ္ဂါမဂ္ဂကိုသိကြလေ။ (၆)ရူပ်နာမ်တို့၏ဖြစ်မှုကို ကောင်းစွာသိသောဉာဏ်ဖြင့် ပျက်စီးလျှင် နောက်ထပ် မဖြစ်ပဲ ပြတ်စဲကြသည်ဟု အလွဲယူစွဲမှု (ဥစ္ဆေဒဒိဋ္ဌိ)ကို ပယ်သည်။ (၇) နာမ်ရူပ်တို့၏ ပျက်မှုကိုကောင်းစွာသိမြင်သော ဉာဏ်ဖြင့် ဘယ်တော့မှ မပျက်ဟု အလွဲယူစွဲမှု (သဿတဒိဋ္ဌိ)ကိုပယ်သည်။ (၈)ပျက်ပျက်သွားတာ ကြောက်စရာ ဟုသိသော ဉာဏ်ဖြင့် ခန္ဓာငါးပါးဟာ ကြောက်စရာမဟုတ်ဟု အလွဲယူစွဲမှုကို ပယ်သည်။ (၉) ဗလောင်းဗလဲ ပြောင်းလဲတဲ့သဘောရှိတယ် (အနိစ္စ)စသည်

http://www.dhammadownload.com

အပြစ်မြင်သောဉာဏ်ဖြင့် စွဲမက်နှစ်သက်ဖွယ်ဟု မှတ်ထင်မှုအလွဲကိုပယ်သည်။ (၁၀)ပြီးငွေ့စရာဟု ရှုသိသောဉာဏ်ဖြင့် ဥပါဒါနက္ခန္ဓာတို့၌ နှစ်သက်ပျော်မွေ့မှုကိုပယ်သည်။ (၁၁) သခါရတို့မှ လွတ်မြောက်လိုသောဉာဏ်ဖြင့် သခါရတို့ကို ယူငင်လိုချင်မှုကို ပယ်သည်။ (၁၂)သခါရတို့ကို ရွံ့မုန်းတွယ်တာမရှိ လျစ်လျူရှုသောဉာဏ်ဖြင့် မငြီးငွေ့ခြင်း (၀ါ)စွဲလမ်းခြင်းကိုပယ်သည်။ (၁၃)အနုလောမဉာဏ်ဖြင့်ကြောင်း-ကျိုးဆက် (ပဋိစ္စသမုပ္ပါဒ်ဆိုင်ရာ၌ လည်းကောင်း၊ နိဗ္ဗာန်ဆိုင်ရာ၌ လည်းကောင်း၊ မောဟကိုပယ်သည်။ (၁၄) ဂေါတြဘုဉာဏ်ဖြင့် သခါရကို မစွန့်လွှတ်ကြောင်း ကိလေသာကိုပယ်သည်။ (၀ါ) သခါရအမှတ်ကိုပယ်၍ နိဗ္ဗာန်ကို အာရုံပြုသည်။ ဤသည် တဒင်ပဟာနဝိနည်းတည်း။ (မ၊ ၁၊ ၄-၂၄၊ ဋီ-၆၄ ၆၅ကိုကြည့်)။ ထို့တွင် (၁) နာမရူပပရိစ္ဆေဒဉာဏ်၊ (၂) ပစ္စယပရိဂ္ဂဟဉာဏ်တို့ကို ဝိပဿနာဉာဏ်တို့၏ အခြေခံတည်ရာဖြစ်သောကြောင့် လည်းကောင်း။ (အဓိဋ္ဌာနဘာဝတော-ဋီကာ) (၁၄)ဂေါတြဘုဉာဏ်ကို ဝိပဿနာ အယဉ်၌ ကျရောက်နေသောကြောင့်လည်းကောင်း၊ ဝိပဿနာဉာဏ်သည် ဆယ်ပါးသာဖြစ်သည်ဟု သိမှတ်ကြရာသည်။

ပြခဲ့ပြီး အဋ္ဌကထာ၊ ဋီကာတို့ကိုထောက်၍ ပါတိမောက္ခသံဝရသီလတည်းဟူသော တဒင်ပဟာနဝိနည်းမှဟူသော စကားမျှဖြင့်ပင် စုဒိတကသည် တဒင်ပဟာနဝိနည်းကို အမှန်မသိဘဲ အလွဲချေပချက်တင်သည်ဟု သိလွယ်လွန်းသည်။

(ယ) စောဒနာ၊ ၁၇/၆ (ဈ)အမှတ်ပြ စုဒိတကဟောချက်နှင့်ပတ်သက်၍၊ စောဒနာလွှာ (၁၇/၆)အမှတ်ပြ ဘုရားတပည့်တော် (စုဒိတက)၏ အပြောစကားနှင့်ပြဆိုထားသော မျှဉ်းလိုင်းတားစကားများမှာ တိတ်ခွေအမှတ်လည်းမပြ၊ တပည့်တော်၏ စကားလုံးများနှင့်လည်း မတူ၊ လုပ်ကြံယူထားသော စောဒနာချက်ဖြစ်၍ အမှန်စောဒနာဟု မှတ်သားတော်မူကြပါဘုရားဟု (သောဓနာ၊ ၁၇/၄၅) စုဒိတက၏ တင်ပြချက်ကို (ဇ) အမှတ်တိတ်ခွေ၊ ၂၁-မှဆက်လာသောစကားဖြစ်သောကြောင့်တတ်ခွေ၊ ၂၁-ဟု မှတ်ယူရမည်၊ ရှုံးတော်သို့တင်ပြထားသော စာမူများ၌ (ဈ) အမှတ်ပြဟောချက်အောက်တွင် (၂၁-အေ)ဟူ၍ (ည)အမှတ်ပြဟောချက်အောက်တွင် (၂၁-ဘီ)ဟူ၍ လက်ရေးဖြင့် ရေးသားထားသည်ဟု ရှုံးတော်ကရှင်းပြသည်၊ စုဒိတကသဘောတူသည်။

http://www.dhammadownload.com

(ဂ) (၁) စုဒိတကဟောချက်(ည)အမှတ်ပြုဖြင့် ဝိနည်းတော်၌ ရဟန်စစ်ဖြစ်အောင် ရွတ်ဖတ်ကြရန် မြတ်ဘုဒ္ဓဟောညွှန်တော်မူထားသော ဥတ္တိစတုတ္ထ(ရဟန်းခံ) ကမ္မဝါစာကို ပျက်ရယ်လှောင်ပြောင်ကဲ့ရဲ့ ရှုတ်ချလျက် အယုံအကြည်မရှိသည်ကို အတိအလင်း ဖော်ပြထားသောကြောင့် ထိုကမ္မဝါစာကိုအဓိကအကြောင်းရင်းပြု၍ ဖြစ်လာရသော မိမိ၏ ရဟန်းအဖြစ် ရဟန်းဘဝကိုလည်း အယုံအကြည်မရှိ၊ မိမိကိုယ်ကို ရဟန်းမဟုတ်သူတစ်ဦးဟု စုဒိတကကိုယ်တိုင် သိမှတ်ယူစွဲထားသူဖြစ်သည်မှာလည်း ထင်ရှားပေါ်လွင်လာသည်။

(၂) ဓမ္မနီတိသည် ဝိနည်းဟူသမျှ မလေးစား၊ မရိုသေရုံမျှမရ ဘုရားအာဏာတော်ကို မယုံကြည်ပယ်ဖျက်နေခြင်းသည် ဗုဒ္ဓံ ပစ္စာ-စိက္ခာမိ-ဘုရားကို စွန့်ပါ၏။ ဓမ္မံပစ္စာစိက္ခာမိ-တရားကို စွန့်ပါ၏။ သံဃံ-ပစ္စာစိက္ခာမိ-သမုတိပညတ် သံဃာကို စွန့်ပါ၏ ဟူသောအဖြစ်သို့ ရောက်နေပါသဖြင့် ဓမ္မနီတိသဏ္ဌာန်ဝယ် သီလသိက္ခာ ရှိပါ၏လောဟု တွေးတောဖွယ် ရှိနေပါသည်ဟူသော (စောဒနာ လွှာ၊ ၁၇/၁၂)၌ စောဒကတို့၏ဆိုချက်ကို စုဒိတကသည် ချေပမှု မပြုခဲ့ပေ။ ဝိနည်းတော်သည် သံသရာမှ မလွတ်နိုင်အောင် တုပ်နှောင်သောကြိုး ဖြစ်သည်ဟူသော ဟောချက်ကိုလည်း တစ်လုံးမျှ မငြင်းခဲ့ပေ။

(၃) ဝိနည်းတော်၏ အနက်အဓိပ္ပာယ်ကို ဖောက်ဖောက်ပြန်ပြန်ယူသော အရိဋ္ဌရဟန်းကို မြတ်ဘုဒ္ဓက (ပ)ငါဘုရားအထံတော်မှ သင့်အား ဘုရားအဆုံးအမတရားမည်သည်မရှိပြီ၊ သင့်ကို ငါဘုရားအလိုမရှိပြီဟု မိန့်တော်မူပါသည်ဟူ၍ (မ၊ ၁၊ အလ-ဂဒ္ဒူပမ သုတ်) ပါဠိတော်၌ အဌကထာတို့ကို ဖော်ပြ၍ မြတ်ဘုဒ္ဓ လက်ထက် တော်အခါ၌ အရိဋ္ဌရဟန်းဆိုးကို မြတ်ဘုဒ္ဓကိုယ်တော်တိုင် သာသနာမှနှင်ထုတ်သော ထုံးဟောင်းရှိကြောင်းကို စောဒကတို့က တင်ပြကြသည်။ ထိုတင်ပြချက်အတိုင်း ထုံးဟောင်းသာဓကသည်လည်း ယနေ့အထိတည်မြဲနေသည်။

http://www.dhammadownload.com

(၄) အရိဋ္ဌရဟန်းသည် ရဟန်းတို့အား မြတ်စွာဘုရားခွင့်ပြုတော်မူထားသော သင်္ကန်း၊ အခင်း၊ ခြုံစောင်၊ ခေါင်းအုံးစသည်တို့၏ အင်္ဂေအတွေနှင့် မာတုဂါမတို့၏ ကိုယ်ဌေ အတွေတို့သည် အင်္ဂေအတွေ(ဖဿ)အဖြစ်ဖြင့် တူညီသောကြောင့် မာတုဂါမကို ရဟန်းများ သုံးဆောင်လျှင် အပြစ်မရှိဟူ၍ ဝိနည်းတော်၏ အဓိပ္ပါယ်ကို အလွဲအမှား စွဲယူပြောကြားခဲ့သည်။ ဝိနည်းသိက္ခာပုဒ်တော် အားလုံးကို နှောင်ကြိုးတွေဖြစ်သည်ဟူ၍လည်းကောင်း၊ ရဟန်းစစ်ဖြစ်အောင် ရွတ်ဖတ်ကြရန် မြတ်ဗုဒ္ဓဟောတော်မူထားသော ဥတ္တိစတုတ္ထကမ္မဝါစာကို ပျက်ရယ် ပြောင်လျှောင်ပြစ်တင် ကဲ့ရဲ့ရှုတ်ချ၍လည်းကောင်း၊ ပစ်ပယ်သူ မဟုတ်ပေ။ စုဒိတကသည် (၆) အမှတ်ပြဟောချက်ဖြင့် ဝိနည်းတော်အားလုံးကို သံသရာမှ မလွတ်မြောက်အောင် တုပ်နှောင်သော ကြိုးများဟု ပြစ်တင်ကဲ့ရဲ့ရှုတ်ချ ပစ်ပယ်ထားသည့်ပြင် (ည) အမှတ်ပြဟောချက်ဖြင့် မြတ်ဗုဒ္ဓ၏အာဏာတော်ဖြစ်၍ မိမိ၏ ရဟန်းဖြစ်ရန် အဓိက ရွတ်ဖတ်စရာဖြစ်သော ဥတ္တိစတုတ္ထ (ရဟန်းခံ) ကမ္မဝါစာကို ပြစ်တင်ကဲ့ရဲ့ ပြောင်လျှောင်သရော်လျက် အယုံအကြည်မရှိကြောင်းကို ထုတ်ဖော်ပြောသူ ဖြစ်သည်။ ထို့ကြောင့် အရိဋ္ဌရဟန်းဆိုးထက် အဆပေါင်း မရေတွက် နိုင်အောင် သာလွန် ဆိုးဝါးသူ ဖြစ်သည်။

(စ) ဝိနည်းတော်သည် သံသရာမှ မလွတ်နိုင်အောင် ချည်နှောင်သောကြိုးနှင့်မတူဘဲ သံသရာမှ လွတ်မြောက်စေနိုင်သော အကျင့်ကောင်းမှန်ဖြစ်သည်ဟု စောဒကများတင်ပြထားသော ဝိနည်းပါဠိတော်များအထင် အရှားရှိသောကြောင့်လည်းကောင်း၊ ဝိနည်းတော်ကို ပညတ်တော်မူခြင်း၊ ရဟန်းတို့ ကောင်းမွန်ရှိသေလေးစားစွာ လိုက်နာကျင့်ကြံခြင်းဖြင့် ရနိုင်သောအကျိုးတို့ကို ပျက်ပြားအောင် မရနိုင်အောင် စုဒိတကဖျက်ဆီးသည့်အပြင် သာသနာတော်၏ အသက်ဖြစ်သော ဝိနည်းတော်ကို ဖျက်ဆီးပစ်ပယ်ခြင်းဖြင့် သာသနာတော် ပျက်အောင်ပြုလုပ်သူဖြစ်သော စုဒိတကသည် အရိဋ္ဌရဟန်းဆိုးကဲ့သို့ မြတ်ဗုဒ္ဓသာသနာတွင်းမှ နှင်ထုတ်သော အပြစ်ကြီးများကို ကျူးလွန်သူဖြစ်သည်ဟု ဤရုံးတော်က သုံးသပ်သည်။

http://www.dhammadownload.com

၂၀၄ နိုင်ငံတော် သီးခြားဝိနည်းမိုရ် အဖွဲ့အမှတ်(၆)

စောဒနာအမှတ် (၁၈) သုံးသပ်ချက်

အငြင်းပွားချက်။

စုဒိတကတ်၏ (၁) ဒုက္ခသစ္စာဟောချက်များ၊ (၂) သမုဒယသစ္စာဟောချက်များ၊ (၃) နိရောဓသစ္စာဟောချက်များသည် ဗုဒ္ဓပိဋကကျမ်းဂန်များနှင့်မညီ အဓမ္မဝါဒသာဖြစ်ကြပါသည်ဟု စောဒနာတင်ကြသည်။ စုဒိတကပုဂ္ဂိုလ်ကလည်း ချေပရှေ့ရှင်းသည်။

ငြင်းခုံချက်။ ၁။

စွဲဆိုချက်။ စုဒိတကတ်၏ဒုက္ခသစ္စာဟောချက်သည် တပည့်တော်များ ပုံးတွဲတင်ပြသော ဗုဒ္ဓပိဋကကျမ်းဂန်အဆိုများနှင့် ဆန့်ကျင်ပါသည်ဟု စောဒနာတင် ကြသည် (အကျယ်ကို စောဒနာ-၁၈-တွင်ကြည့်)

ချေပချက်။ ဥပါဒါနက္ခန္ဓာဟူသမျှ ဒုက္ခဖြစ်ကြောင်းကို မြတ်စွာဘုရားဟောကြားခဲ့သလို ဥပါဒါနနှင့် ခန္ဓာဒုက္ခကို သရုပ်ပေါ်အောင် ခွဲပြခြင်းသာ ဖြစ်ပါသည်။ (အကျယ်ကို သောဝနာ-၁၈-တွင်ကြည့်)

စိစစ်ချက်။ ၁။

(က)(၁) ဒုက္ခသစ္စာနှင့် ပက်သက်၍ စောဒကများနှင့် စုဒိတကတို့၏ အငြင်းပွားချက်တွင် လိုရင်းကွဲလွဲမှု ၄-ချက် ပေါ်ထွက်သည်။

စောဒကများအဆို (၁) ဥပါဒါန်တို့၏ အာရုံခန္ဓာဖြစ်သောကြောင့် ဥပါဒါနက္ခန္ဓာဟု ခေါ်တွင်ပါသည်။

စုဒိတကအဆို (၁) အစွဲဥပါဒါန်တို့ရဲ့ စိမ်မှုကိုခံနေရသော ခန္ဓာဖြစ်သောကြောင့် ဥပါဒါနက္ခန္ဓာဟု ခေါ်တွင်ပါသည်။

စောဒကများအဆို (၂) ဥပါဒါန်ခန္ဓာသည် ရူပ်+ဝေဒနာ+သညာ+သင်္ခါရ+စိတ်ဟူ၍ ငါးမျိုးရှိပါသည်။

စုဒိတကအဆို (၂) ဥပါဒါနက္ခန္ဓာဟူသည် မိမိ၏မွေးရာပါ ခန္ဓာကိုယ်အတုံးကြီးသာ ဖြစ်ပါသည်။

စောဒကများအဆို (၃) ကဲ့ရဲ့စက်ဆုတ်ဖွယ်ဖြစ်၍ ခိုင်မြဲ၊ တင့်တယ်၊ ချမ်းသာ၊ အတ္တကောင် မဟုတ်သောကြောင့် ဒုက္ခဟုခေါ်ပါသည်။

http://www.dhammadownload.com

စုဒိတကအဆို (၃)စက်ဆုတ်ရွံ့စရာ ရွံ့ကြောက်စရာဖြစ်၍ ဘာအကျိုး အမြတ်မှ မထွက်သောကြောင့် (ဝါ) ဥပါဒါန် လက်အောက်မှ မလွတ်လပ်သောကြောင့် ဒုက္ခဟုခေါ်ပါသည်။

စောဒကများအဆို (၄) ဒုက္ခဖြစ်အောင် သမုဒယသစ္စာခေါ်တဏှာ (လောဘ) က ဖန်တီးပါသည်။

စုဒိတကအဆို (၄) ဒုက္ခဖြစ်အောင် အစွဲဥပါဒါန်သမုဒယဖန်တီးပါသည်။

စွဲဆိုချက် ၁။ စီစစ်ချက်။

(က) ဥပါဒါနက္ခန္ဓာ (ဝါ) ဥပါဒါန်ခန္ဓာဟူသော ဝေါဟာရသည် အဘိဓမ္မာ ကျမ်းဂန်သုံးဝေါဟာရဖြစ်သောကြောင့် ထိုဝေါဟာရအဓိပ္ပါယ်ကို အဘိဓမ္မာ ကျမ်းဂန်အဆိုနှင့် ညီအောင်ဖွင်ပြသင့်သည်။

ဥပါဒါနက္ခန္ဓာတိ ဇတ္ထ စ ဥပါဒါနဂေါစရာ ခန္ဓာတိ ဇဝ မေတ္ထ အတ္ထော ဒဋ္ဌဗ္ဗော။ (အဘိ၊ ၄၊ ၂-နှာ-၂၉။ ပဋ္ဌိ၊ သံ၊ ၄၊ ၁။ ၁၃၈)။

ဘာသာပြန်။ ။ဥပါဒါနက္ခန္ဓာဟူသော ဤဝေါဟာရ၌ ဥပါဒါန်တို့၏ အာရုံဖြစ်သော ခန္ဓာတို့ဟူ၍ အနက်အဓိပ္ပါယ်ကို မှတ်အပ်၏။ ဤအဘိဓမ္မာ အဋ္ဌကထာ စကားအရ ဥပါဒါန်တို့၏ အာရုံဖြစ်သော ခန္ဓာဖြစ်သောကြောင့် ဥပါဒါန်ခန္ဓာ ခေါ်သည်ဟူသော စောဒကတို့၏ ဆိုချက်သည် ကျမ်းဂန် နှင်ညီသည်၊ "အစွဲ ဥပါဒါန်တို့၏ အစီအမံကိုခံရသော ခန္ဓာဖြစ်သောကြောင့် ဥပါဒါနက္ခန္ဓာဟု ခေါ်သည်" ဟူသော စုဒိတက၏ ဆိုချက်သည်လည်း ကျမ်းဂန် ဥပါဒါနဝိဘေယျာ (ဝါ) ခန္ဓာ ဥပါဒါနက္ခန္ဓာ၊ ယထာရာဇပုရိသော။ ပဋ္ဌိသံ၊ ၄၊ ၂။ ၁၀၃။နှင့် ညီရကား အမှန်ပင်ဖြစ်သည်။

ကွဲလွဲချက် ၂၊ စီစစ်ချက်။

(က) ပဠု ခေါ ဣမေ အာဝုသော ဝိသာခ ဥပါဒါနက္ခန္ဓာ။ ကတမေ ပဠု? ရူပုပါဒါနက္ခန္ဓော၊ ဝေဒနုပါဒါနက္ခန္ဓော၊ သညုပါဒါနက္ခန္ဓော၊ သင်္ခါရုပါဒါနက္ခန္ဓော ဝိညာဏုပါဒါနက္ခန္ဓော။

မူလပဏ္ဏာသပါဠိ-နှာ-၃၇၃ (အဘိ၊ဝိ၊ ၁၀၆)

ဤပါဠိတော်အရ ဥပါဒါနက္ခန္ဓာငါးမျိုးရှိသည်ဟုဆိုသော စောဒကတို့၏ စကားသည် ကျမ်းဂန်နှင့်ညီသည် မိမိ၏မွေးရာပါ ခန္ဓာကိုယ်အတုံးကြီးသည်

http://www.dhammadownload.com

ဥပါဒါနက္ခန္ဓာဖြစ်ပါသည်ဟုဆိုသော စုဒိတကဏ်စကားသည် ကျမ်းဂန်နှင့် ဆန့်ကျင်သည်။ စုဒိတကသည် ကုသိုလ်အကုသိုလ် (နာမ်တရားများ)တကယ်မရှိဟု လွဲမှားကြီးစွာဖယ်ရှားထားသူဖြစ်သောကြောင့် ဝေဒနာ၊ သညာ၊ သင်္ခါရ၊ စိတ်ဟူသော နာမ်တရားများကို ဖယ်ရှားထားသည်။ စုဒိတက၏ ရုပ်နာမ်လွတ် အဘိဓမ္မာသရုပ်မှန်သည် ပေါ်ထွက်နေလေပြီ။

စွဲဆိုချက် ၃၊

စီစစ်ချက်။

(က) စောဒကတို့က ကျမ်းဂန်သာဓကများ တင်ပြကြလျက် ဒုဏ္ဍရဲ့စက်ဆုတ်ဖွယ်ဖြစ်၍၊ ခဏခိုင်မြဲ၊ တင့်တယ်၊ ချမ်းသာ၊ အတ္တကောင်မဟုတဘဲ အချိုးနှိုးဖြစ်သောကြောင့် ဒုက္ခခေါ်သည်ဟု တင်ပြချက်သည် ကျမ်းဂန်နှင့်ညီသည်။

(ခ) စက်ဆုတ်ရွံစရာ ရွံကြောက်စရာဖြစ်၍ ဘာအကျိုးအမြတ်မှ မထွက်သောကြောင့် ဒုက္ခဟု ဒေါ်သည်ဟူသော စုဒိတကစကားသည် ကျမ်းဂန်နှင့်ညီသည်။ (ဝါ) ဥပါဒါန်လက်အောက် ကျွန်သဘောက်အဖြစ်မှ မလွတ်လပ်သောကြောင့် ဒုက္ခဟုခေါ်သည်ဟူသော စုဒိတကစကားသည် ဖော်ပြပြီး ကျမ်းဂန်စကားနှင့် မညီချေ။ ဓမ္မသဘာဝမှန်မှ လွတ်လပ်သော စကားလွဲသာဖြစ်သည်။ ဝိမုတ္တိ နိဗ္ဗာန် (ခေါ်) လွတ်လပ်မှု၏ ပြောင်းပြန်ဆန့်ကျင်ဘက် တရားဖြစ်သောကြောင့် ဆင်းရဲတရား (ဒုက္ခ) ကို မလွတ်လပ်သောတရားဟု မြန်မာဘာသာပြန်ပါသည်ဟု အလွဲကို ထပ်မဆိုသင့်၊ မလွတ်လပ်မှုကို အဝိမုတ္တ (ဝါ) အဝိမုတ္တိဟုသာ ပါဠိစီရသည်၊ ဒုက္ခဟု ပါဠိမစီရပေ။

စွဲဆိုချက် ၄၊

စီစစ်ချက်။

(က) (၁) ဒုက္ခဖြစ်အောင် သမုဒယသစ္စာခေါ်တဏှာ (လောဘ)က ဖန်တီးပါသည်ဟူသော စောဒကတို့၏စကားတွင် အဝိဇ္ဇာစသော အကြောင်းတို့နှင့် ပေါင်းစု၍ ဒုက္ခကိုဖြစ်သောကြောင့် တဏှာကိုသမုဒယဟု ခေါ်ပါသည်ဟူ၍ အဋ္ဌကထာပါဠိသာဓကတင်ပြ၍ စောဒကတို့ကဆိုသည်။ သံ။အဝိဇ္ဇာ၊ ဥပါဒါန်စသောအကြောင်းတို့နှင့် စုပေါင်း၍ (အဝိဇ္ဇာ တဏှာပါဒါနာ စ ကိလေသဝဋ္ဋံ ဟူသော သင်္ဂီဟပါဠိကို သတိပြု)။ ဥ။ဒုက္ခဖြစ်အောင်၊ အယ။ပြုလုပ်သော သဘောတရားဖြစ်သောကြောင့် သမုဒယခေါ်သည်ဟူ၍ စောဒကများ တင်ပြ

http://www.dhammadownload.com

ထားသော သမ္မောဟဝိနောဒနီအဋ္ဌကထာ၌ ဆိုထားသည်။ ထိုပြင် ဗုဒ္ဓဝါဒ အားလုံး၏ အခြေခံကြောင်း-ကျိုးဆက် (ပဋ္ဌိစ္စသမုပ္ပါဒ) သဘာဝမှန်၌ ပဋ္ဌိစ္စ-အကြောင်းတရားများ၏ စုပေါင်းမှုကို အကြောင်းရင်းခံပြု၍၊ သံ-ထင်ထင်ရှားရှား၊ ဥပ္ပါဒ-အကျိုးတရားတွေ၏ ဖြစ်မှုသဘာဝမှန်ဟူသော စကားနှင့်လည်းညီသည်။

(က) (၂) ဣဒံ ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ၊ ယာယံတဏှာ။ ရဟန်းတို့ ဒုက္ခကိုဖြစ်စေသော (၀ါ) ဒုက္ခကိုဖြစ်အောင်လုပ်သော အရိယသစ္စာတရားဟူသည် တဏှာခေါ်လောဘတည်း စသည်ဖြင့် မြတ်ဗုဒ္ဓဟောညွှန်တော်မူထားသော ဓမ္မစကြာတရားတော်နှင့်လည်း ညီသည်။

(ခ) (၁) ဒုက္ခဖြစ်အောင် အစွဲသမုဒယ ဖန်တီးသည်ဟူသော စုဒိတကစကားတွင် သမုဒယဆိုတာ သ-ထင်ထင်ရှားရှား၊ ဥ-ကပ်၍၊ ဒယ-ဖြစ်ပေါ်ပွားများနေတာ၊ အတိုကောက် ဘာသာပြန်လိုက်တော့မယ်၊ ထင်ထင်ရှားရှား တစ်နေ့တစ်ခြား ပွားနေတာကို သမုဒယဟု (စောဒနာ၊ ၁၈/၃၊ သမုဒယသစ္စာခန်း (ခ) စုဒိတကဟောချက်၌) စုဒိတကပုဂ္ဂိုလ်က အဓိပ္ပာယ်ဖွင့်ဆိုထားသည်၊ ထိုဆိုချက်သည် ကျမ်းဂန်များ၏ အဆိုမှန်သို့မဟုတ်ဘဲ စုဒိတကကြိုက်သလို ဆိုထားသော အဓိပ္ပာယ်ဖွင့်ချက်ဖြစ်သည်။ စုဒိတကသည် ယခုလူ့ဘဝ၏အစ ကလလ ရေကြည်က မျက်စိ၊ နား၊ နှာခေါင်း၊ ပါးစပ်၊ လက်၊ ခြေ စသော မွေးရာပါ ခန္ဓာကိုယ်အတုံးကြီးဖြစ်လာအောင် ဖန်တီးသည်ဟု (တိတ်ခွေ-၁၃၊ ဘီ၌) ဟောပြောထားသည်နှင့်ညီအောင် ထင်ထင်ရှားရှား တစ်နေ့တစ်ခြား ဖြစ်ပွားနေတာ သမုဒယဟူ၍ သူကြိုက်သလို အဓိပ္ပာယ်ဖော်ပြီးလျှင် မွေးရာခန္ဓာကိုယ်အတုံးကြီးသည် သမုဒယဟူ၍ သရုပ်ဖော်သည်။

(ခ) (၂) သစ္စာလေးပါးခန်း၌ ဗုဒ္ဓတရားတော်မှ သမုဒယဟူသော စကားလုံးကိုယူသုံးသော်လည်း အဓိပ္ပာယ်မှန်ကိုမူမယူဘဲ သမုဒယသစ္စာဟူသည်တဏှာ လောဘ (နာမ်တရား)ဟူ၍ မြတ်ဗုဒ္ဓဟောညွှန်တော်မူထားသော ဓမ္မစကြာတရားတော်ကိုသွေဖီ မဆီမဆိုင်တာတွေကို သမုဒယပါဟု သရုပ်ဖော်ကာ ဓမ္မစကြာတရားတော်မှန်နှင့်တကွ မြတ်ဗုဒ္ဓဟောထား နိဗ္ဗာန်ရောက်ကြောင်းတရားမှန်ကောင်းတို့ကို ရုပ်နာမ်လွတ်သောအဘိဓမ္မာ ရုပ်နာမ်လွတ်သော ဝိပဿနာသင်တန်းပြုစကားတို့ဖြင့် မကောရားဖျက်ဆီးသူဖြစ်နေကြောင်းမှာ မြင်မကောင်းကြားမကောင်းအောင် ပေါ်လွင်လာသည်။ ကုသိုလ် အကုသိုလ်နှင့် ၃၁-ဘုံတွေ တစ်ကယ်မရှိ၊ ရှိတယ်ထင်သူတွေဟာ အတ္တဒိဋ္ဌိ သဿတဒိဋ္ဌိ သက္ကာယဒိဋ္ဌိ

http://www.dhammadownload.com

အထင်အစွဲဥပါဒါန်တွေကို လက်ထဲဆုပ်ကိုင်ထားသူ မိစ္ဆာဝါဒီတွေပဲဟု စုဒိတက ၏ ပြောထားချက်အလွဲအမှားတို့သည် မငြင်းပယ်နိုင်၊ မပျောက်ကွယ်နိုင် မြဲခိုင်လွန်းသည့် သက်သေခံအဖြစ်ဖြင့် စုဒိတကသင်တန်းတလျှောက် စုဒိတကနောက်သို့ အရိပ်မဲကြီးပမာ တစ်ကောက်ကောက်လိုက်ကာ စုဒိတက၏ ဦးတည်ချက် သဘောမှန်အမဲကို တစ်ခဲနက် ဖော်ပြနေကြသည်။

(ခ) (၃) ဧဝမေတသ္မ ကေဝလသ္မ ဒုက္ခက္ခန္ဓသ္မ သမုဒယော ဟောတိ (ပဋိစ္စသမုပ္ပါဒ အနုလောမပါဠိတော်)၌ ဒုက္ခက္ခန္ဓ၏ 'သမုဒယ' ဟူသော စကားကို ဘုရားဟောထားပါသည်ဟု စကားကန်ဖွယ်ရှိသည်။ ပဋိစ္စသမုပ္ပါဒ်အနုလုံ ဟောတော်မူချက်၏ နိဂုံးရှိ သမုဒယပါဠိသည် "ဖြစ်ခြင်း (ဝါ) ဖြစ်မှု" ဟု မြန်မာပြန်အနက် ထွက်သည်၊ ဗုဒ္ဓအဘိဓမ္မာစကား အများသုံးစွဲနေကျဝိပဿနာစကားဖြင့် ပြောလျှင် "သံသရာ" ဟုဆိုလိုသည်။ အကြောင်းသမုဒယသစ္စာခေါ် တဏှာ လောဘသက်သက် မဟုတ်ချေ။ အဘေဒဘေဒူပစာ (မကွဲပြားသော်လည်း ကွဲပြားသကဲ့သို့ စကားအဖြစ် ကြံဖန်တင်စား ပြောထားသောနည်း) ဖြစ် တရားကိုယ်သရုပ်ဖော်လျှင် ဒုက္ခက္ခန္ဓပါဠိအရဖြစ်သော ဒုက္ခစုပင်တည်း။ ထိုကြောင့် သမုဒယဟူသော စကားလုံးနှင့် အသံတူကြရုံမျှဖြင့် ဓမ္မစကြာပါဠိတော်ရှိ သမုဒယ သစ္စာနှင့် ပဋိစ္စသမုပ္ပါဒ်တရားတော်ရှိ သမုဒယတို့သည် အဓိပ္ပာယ်တူ၊ တရားကိုယ်တူ၊ သရုပ်တူဟူ၍ အယူမလွဲကြစေနှင့်။ ဓမ္မစကြာတရားတော်ရှိ သမုဒယ သစ္စာဟူသောစကားတွင် သမုဒယပါဠိ၏ မြန်မာပြန်အနက်မှန်မှာ "အကြောင်းတရားတို့နှင့် ပေါင်းမိသော် ဒုက္ခကိုဖြစ်စေသော (ဝါ) ဖြစ်အောင်လုပ်သော အကြောင်းတရား" ဟု ဆိုလိုသည်၊ တရားကိုယ်မှာ တဏှာ (ခေါ်) လောဘ စေတသိက် (နာမ်တရား)ဖြစ်သည်၊ ပဋိစ္စသမုပ္ပါဒ် အနုလောမ ဒေသနာတော်၏ နိဂုံးရှိ သမုဒယပါဠိ၏ မြန်မာပြန်အနက်မှန်မှာ "ဖြစ်ပေါ်သောအကျိုးတရား"ဟု ဆိုလိုသည်၊ တရားကိုယ်မှာ ကေဝလဒုက္ခက္ခန္ဓ (ခေါ်) လောကီရုပ်နာမ်အားလုံးတည်း။

ဆောင်ပုဒ်

ပရိယတ်ဉာဏ်မရှိက ပဋိပတ်ဉာဏ်မမီ၊ ပဋိပတ်ဉာဏ် မမီက သဘာဝဉာဏ်မမီ၊ ပဋိဝေဓဉာဏ်မရှိ၊ ပဋိဝေဓဉာဏ်မရှိက မဂ်ဖိုလ် နိဗ္ဗာန်ရခွင့် မရှိတော့ချေ။

အထူးသတိပြုရန်။ ။**နိဗ္ဗာန်လိုလို၊ သင်တန်းတက်၊ ရင်းစားပြန်ဖို့ခက်၊ မဖြစ်ကြပါစေနှင့်။**

http://www.dhammadownload.com

ထို့ကြောင့် ပရိယတ်ဟူသည် စာလုံးတွေပဲ၊ စာအုပ်ပဲဟု အထင်မလွဲကြလေနှင့်၊ စာလုံးတွေ စာအုပ်တွေသည် ပရိယတ်ဉာဏ်ရရေးအတွက် အထောက်အကူ ပစ္စည်းများ ဖြစ်ကြသည်အမှန်ကို သင်ပေးနိုင်စွမ်းရှိသူ (ဆရာကောင်း) နှင့် သင်ယူသူ (တပည့်)တို့၏ အမှန်သိဉာဏ်သည်သာလျှင် လိုရင်းအကျိုးဖြစ်သော ပရိယတ်ဉာဏ်ဖြစ်သည်။

(ခ) (၄) သောခနာ၊ ၁၈/၁ (က) တတိယစာပုဒ်တွင် 'ဥပမာ ခါးကိုက်တာကို ဘုရားတပည့်တော်၏မူအတိုင်း သရုပ်ခွဲသောအခါ-ခါးက အစွဲသမုဒယ၊ ကိုက်တာက ဆင်းရဲဒုက္ခ၊ ဤစကားသည်ပင် ဗျာဓိဒုက္ခကို သရုပ်ဖော်ထားသည်ဖြစ်၍ ဓမ္မစကြာလာတရားတို့ကို အဘယ်သို့ တွန်းလှန်ဖျက်ဆီးသူဟု ဆိုထိုက်ပါမည်နည်းဟု စုဒိတကဆိုထားသည်။ စုဒိတက၏ ထိုစကားကပင် မြတ်ဗုဒ္ဓတရားမှန်တော်ကို ဖျက်ဆီးကြသော အဓမ္မဝါဒီတို့တွင် စက်ဆုတ်ရွံရှာစရာ အများဆုံးအကြီးဆုံး ဖြစ်နေသူမှာ ရုပ်နာမ်လွတ်ဝိပဿနာ သင်တန်းဆရာ ဓမ္မနီတိဖြစ်ပါသည်ဟူ၍ မောက်မာဝင့်ကြွား ဖော်ပြထားသည်။ "ဒုက္ခသမုဒယ် အရိယသစ္စာ၊ ယာယံတဏှာ" ဟူသော ဓမ္မစကြာပါဠိတော်၌ ဒုက္ခသမုဒယ (ဆင်းရဲဖြစ်အောင်လုပ်သောတရား) ဟူသည် တဏှာဟု ထင်ထင်ရှားရှား ဘုရားဟောတော်မူထားပါလျက် ခါးကအစွဲ သမုဒယဟု အရွဲ့တိုက် ဖော်ပြရဲသော စုဒိတက၏ အရှက်အကြောက်တရားကောင်းတို့သည် ဘုရားတပည့်တော်၏ မူအတိုင်းဟူသော စုဒိတကစကားကြောင့် ခမ်းချောက် ပျောက်ကွယ်ကြလေကုန်ပြီတကား။ ။

ဒုက္ခသစ္စာခန်းပြီး၏။

---

http://www.dhammadownload.com

သမုဒယသစ္စာခန်း

အခြင်းပွားချက်။ ၂။

စွဲဆိုချက်။ ။ စုဒိတကတ်သမုဒယသစ္စာနှင့် စပ်သော ဟောချက်များသည် ဗုဒ္ဓပိဋကတော်ကျမ်းဂန်များနှင့် ဆန့်ကျင်ပါသည်။ (အကျယ်ကိုစောဒနာလွှာ၊ အမှတ်-၁၈ တွင်ကြည့်)။

ချေပချက်။ ဤ အခန်းသည် အကြမ်းစားသြဠာရိက ပိုင်းဖြစ်ပါသည်။ သမုဒယကို ပြောသောအခါ သမုဒယတုံးဟု ဉာဏ်နှင့်မြင်အောင်ပြသထားသော အခန်းဖြစ်ပါသည်။ ထို့ကြောင့် သမုဒယ၏ လှုပ်ရှားမှု အမူအရာအားလုံးတို့မှာ --ပ--မလွတ်လပ်သည့်ဘဝ ဒုက္ခတွေကို သိမြင်အောင် ဟောကြားပါသည်။ (အကျယ်ကို သောဓနာ-၁၈-တွင်ကြည့်)။

စိစစ်ချက်။ ၂ ။

သမုဒယသစ္စာနှင့် ပတ်သက်၍ စောဒနာများနှင့် စုဒိတကတို့၏ အခြင်းပွားမှုတွင် လိုရင်းကွဲလွဲချက် ၄-ရပ်ရှိပါသည်။

စောဒကများအဆို(၁) ဒိဋ္ဌိ စေတသိက်သည် သမုဒယမဟုတ်၊ လောဘသည် သာ သမုဒယဖြစ်သည်။

စုဒိတာကအဆို (၁) ဥပါဒါန်အားလုံး သမုဒယဖြစ်သည်။

စောဒကများအဆို(၂) အဝိဇ္ဇာ အစရှိကုန်သော အကြောင်းတို့နှင့် ပေါင်း၍ ဒုက္ခကို ဖြစ်စေသောကြောင့် (တဏှာကို) သမုဒယဟု ခေါ်ပါသည်။
(သမ္မောဟ အဋ္ဌကထာပါဠိ ပူးတွဲတင်ပြသည်)။

စုဒိတကအဆို (၂) ထင်ထင်ရှားရှား တနေ့တခြားပွားများ နေသောကြောင့် သမုဒယဟု ခေါ်ပါသည်။ (သာဓကပါဠိ မပြ)။

စောဒကများအဆို(၃) သမုဒယသစ္စာဟူသည် တဏှာ (ခေါ်) လောဘ (အကုသိုလ်နာမ်တရား) ဖြစ်သည်။

စုဒိတကအဆို (၃) သမုဒယသစ္စာဟူသည် ခန္ဓာကိုယ်အတုံးကြီးဖြစ်သည်။

http://www.dhammadownload.com

စောဒကများအဆို(၄) ယခုဘဝခန္ဓာကိုယ်၏ လှုပ်ရှားမှု အားလုံးကို ပရမတ္ထ သဘာဝ စိတ်က ဖန်တီးသည်။

စုဒိတကအဆို (၄) ယခုဘဝခန္ဓာကိုယ်၏ လှုပ်ရှားမှု (ဒုက္ခ) အားလုံးကို ခန္ဓာ ကိုယ်ဟူသော အစွဲသမုဒယက ဖန်တီးသည်။

ကွဲလွဲချက်။ ၁ ။ စိစစ်ချက်

(က) တဏှာသမုဒယော ဘဝေ (အဘိဓမ္မတ္ထသင်္ဂဟ သမုစ္စည်းပိုင်းတွင်) ဆိုထားသောကြောင့် တဏှာ (ခေါ်) လောဘသည်သာ သမုဒယသစ္စာ ဖြစ်ပါ သည်ဟု စောဒကများက ဆိုသည်။

(ခ) ဒုက္ခကိုးပွားစေတတ်သော သဘာဝဖြစ်၍ ဥပါဒါန်ကိုပင် သမုဒယဟု စုဒိတကပုဂ္ဂိုလ်ကဆိုသည်၊ (စောဒနာ၊ ၁၈/၃ (က) သမုဒယသစ္စာခန်း၊ စုဒိတက ဟောချက်နှင့် သောဓနာ၊ ၁၈/ ၂-ကိုကြည့်)။

စိစစ်ချက်

(က) ယင်းသို့ အဆိုကွဲနေရာတွင် စောဒကတို့၏ အဆိုသည် ကျမ်းဂန်သာဓက ခိုင်လုံပြည့်စုံသည်။ ဣဒံ ခေါပန ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ။ ယာယံ တဏှာ ပေါနောဘဝိကာ--ပ--ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ (ဓမ္မစက္ကာပါဠိတော်) တဏှာသုံးမျိုးသည် သမုဒယ အရိယသစ္စာဟု ဆိုထား သောကြောင့် လည်း စောဒကတို့၏ အဆိုသည် ကျမ်းဂန်များနှင့် ညီသည်။

(ခ) (၁) ဒိဋ္ဌစေတသိက်သည် သမုဒယဖြစ်သည်ဟု ကျမ်းဂန်မပြနိုင်ဘဲ ဥပါဒါန်မှန်သမျှ သမုဒယဟု စုဒိတက သိမ်းကြုံးဆိုသည်။ ထိုသို့ ကျမ်းဂန်သာဓက မပြနိုင် ဒုက္ခသမုဒယကို အကြွင်းမဲ့ဟောကြားသည့် သစ္စဝိဘင်း၌ကား ကိလေသာ အားလုံးသည်လည်း သမုဒယသစ္စာမည်၏ဟု ဟောကြားသည်၊ ကိလေသာ ၁၀-၌ ဒိဋ္ဌပါဝင်ရကား စုဒိတကအဆိုသည် တစိတ်မှန်သည်၊ လုံးဝမမှန်။ တဏှာ စ အဝသေသာ စ ကိလေသာ၊ အယံ ဝုစ္စတိ ဒုက္ခသမုဒယော၊ (အဘိ၊ ဝိ-၁၁၃-နှာ။)

(ခ) (၂) ခန္ဓာကိုယ်ပေါ်မှာ ဥပါဒါန်က အုပ်ချုပ်တော့ ခန္ဓာကိုယ်တလုံးလုံး သမုဒယတုံးကြီးပါလားလို့ မှတ်ထားရမယ်ဟု (စောဒနာ၊ ၁၈/၃ (ဂ) မှတ်ပြု၌) စုဒိတကဟောချက်ရှိသည်။ စုဒိတကသည် ဧကော ဓမ္မော အဘိဓမ္မာဆိုတာ နှစ်ခွမရှိဘူး၊ တခုတည်းရှိရမယ်ဟူသော သူတီထွင်ထားသော စမ်းသပ်နည်းအရ

http://www.dhammadownload.com

ဥပါဒါန်+သမုဒယ+ခန္ဓာကိုယ်အတုံးကြီးဟူသော သုံးမျိုးတို့ကို တခုတည်း ဖြစ်အောင် 'သမုဒယတုံးကြီး' ဟု ခန္ဓာကိုယ်အတုံးကြီးကို အမည်ပေးစွဲယူလိုက်သည်။ ယင်းကို ထပ်ဆင့်မှားချက်ဟု စောဒကတို့က အပြစ်တင်သည်။

မြန်မာနိုင်ငံကို အင်္ဂလိပ်တို့က သိမ်းပိုက်အုပ်ချုပ်ထားခဲ့ကြဖူးသည်၊ ထိုအချိန်၌လည်း အုပ်ချုပ်ခံ မြန်မာသည် မြန်မာစစ်စစ်သာလျှင် ဖြစ်နေသည်၊ အင်္ဂလိပ်မဖြစ်ခဲ့ပေ။ အုပ်ချုပ်သူ အင်္ဂလိပ်သည်လည်း အင်္ဂလိပ်စစ်စစ်သာလျှင် ဖြစ်နေခဲ့သည်၊ မြန်မာမဖြစ်ခဲ့။ နှစ်ဦးသွေးစပ်ပါမှ မြန်မာမစစ်၊ အင်္ဂလိပ်စစ်ဘဲ ကပြားဖြစ်သည်။ မြန်မာဖြစ်ပါလျက် ငါ့ကို အင်္ဂလိပ်အုပ်စိုးထားတယ်၊ ငါအင်္ဂလိပ်ဟု အထင်အစွဲ လွဲကြသူ ဘောင်းဘီဝတ်မြန်မာ တချို့တစုရှိခဲ့သည်။ ထိုသူတို့သည်လည်း အင်္ဂလိပ်မဖြစ်ကြ၊ ဘောင်းဘီဝတ်မြန်မာသာလျှင် ဖြစ်ခဲ့ကြသည်။ ထိုအယူလွဲသူ တစ်စုကို အင်္ဂလိပ်ဖြစ်ပြီဟု အင်္ဂလိပ်တွေလည်း အသိအမှတ်မပြုကြ၊ ခိုင်းကောင်းသည့်ကျိုးနွံသူ မြန်မာကျွန်ဟူ၍သာ မှတ်ယူခဲ့ကြသည်။ အမြင်မှန်သူ အမှန်ကို ကြိုက်သူ မြန်မာတို့က "ဘို-ကြက်ခြီး" ဟု ပြောင်လှောင်ခေါ်ဝေါ်ခဲ့ကြသည်။

ထို့အတူ ဥပါဒါန်က အုပ်ချုပ်ထားမှုကြောင့် ဒီခန္ဓာကိုယ်တုံးလုံး ဥပါဒါန်တုံးသမုဒယတုံးကြီး ဖြစ်သွားသည်ဟု စုဒိတကမျက်လှည့်ပြသည်အတိုင်း ယူစွဲလျှင် သဘာဝလည်း မမှန်၊ ဗုဒ္ဓပိဋကကျမ်းဂန်တို့၌လည်း ယင်းသို့ယူလေ့ မရှိ၊ ဆိုလေ့ မရှိ။ စုဒိတက၏ ဧကော ဓမ္မော အဘိဓမ္မာဆိုတာ နှစ်ခွမရှိဘူး၊ တခုတည်းရှိမယ်ဟူသော စကားသည် ယင်းသို့ သဘာဝ-အာဂမနှစ်မျိုးလုံးနှင့်မညီသောကြောင့် ကြောင်းကျိုးလည်းမဟုတ်၊ လုပ်စပ်ထားသော အဘိဓမ္မာမျှသာ ဖြစ်နေသည်မှာ ထင်ရှားပြန်လေပြီ။ ကုသိုလ် အကုသိုလ်တကယ်ရှိသည်ဟု မြတ်ဗုဒ္ဓ ဟောညွှန်တော်မူထားပါလျက် ကုသိုလ် အကုသိုလ်တကယ်မရှိ၊ ရူပ်နာမ်လွတ် ဝိပဿနာ ဟူသော တကယ့်အလွဲအမှားကြီးက အရိပ်ကြီးပမာ စုဒိတကနောက်သို့ လိုက်နေသေးသည်။ ဆာယာဝ အနပါယတိ=အရိပ်ပမာလိုက်တယ်လို့သာ မြတ်ဗုဒ္ဓက ဟောထားပဲ တကယ်အကောင်အထည်နဲ့ လိုက်တယ်လို့မှ ဘုရားမဟောဘဲ ဟူ၍ ဆိုဖွယ်တော့ရှိသေးသည်။ ယင်းသို့ လိုက်နေသောကြောင့် မြတ်ဗုဒ္ဓဝါဒမှန်တော်နှင့်ညီစွာ သမုဒယသစ္စာဆိုတာ လောဘအကုသိုလ် နာမ်တရားပါဟု မပြောရဲတော့ဘဲ အလွဲတွေကိုသာ ထပ်တလဲလဲ ပေါက်ကရပြောနေရရှာသည်။ မူလကပင်ကိုယ်ဓမ္မ သဘာဝမှန်အရ ဥပါဒါန်သမုဒယ မဟုတ်သော မိမိခန္ဓာကိုယ် အတုံးကြီးကို "ဥပါဒါန်တုံးကြီး" ဟု တကယ်ယူစွဲလျှင် အမြင်မှန်

http://www.dhammadownload.com

သမ္မာဒိဋ္ဌိမဟုတ်၊ အမြင်မှား မိစ္ဆာဒိဋ္ဌိစစ်စစ်သာ ဖြစ်သည်၊ တကယ်မရှိသော အတ္တကို တကယ်ရှိသည်၊ အတ္တက ဒီခန္ဓာကိုယ်ကြီးကို အုပ်ချုပ်သည်၊ ဒါကြောင့် ငါ့ခန္ဓာကိုယ်ကြီး အတ္တတုံးကြီးဖြစ်သည်ဟု အမှားလွဲယူစွဲသော အတ္တဒိဋ္ဌိနှင့် သဘာဝချင်း တူညီနေကြသည်။ အတ္တဒိဋ္ဌိစွဲနှင့် သမုဒယ ဒိဋ္ဌိစွဲဟု နာမည်မျှသာ ကွဲကြသည်။ စုဒိတကသည် မြတ်ဗုဒ္ဓပိဋကျမ်းဂန်တို့မှ မြတ်ဗုဒ္ဓဝါဒ မှတ်တော်နည်းစနစ်ကို မယူဘဲ အတ္တစွဲဝါဒ ကျမ်းစာတို့မှ နည်းစနစ်ကိုယူ၍ ရုပ်နာမ်လွတ် အဘိဓမ္မာ၊ ရုပ်နာမ်လွတ် ဝိပဿနာကို တီထွင်မှားရှာလေသည်။ အတ္တဝါဒစွဲသည် မြတ်ဗုဒ္ဓဝါဒမှန်တော်အရ နိဗ္ဗာန်လမ်းမှန်၏ ဆန့်ကျင်ဖက်ဖြစ်သကဲ့သို့ ကုသိုလ် အကုသိုလ် မရှိဟု ယူစွဲထားသူ အရည်ကြီး အဇိတ၏ နတ္ထိကဝါဒသည်လည်း မြတ်ဗုဒ္ဓဝါဒမှန်တော်အရ နိဗ္ဗာန်လမ်းမှန်၏ ဆန့်ကျင်ဖက်သာ ဖြစ်သည်ကို သတိမမေ့ကြလေနှင့်။

ကွဲလွဲချက်။ ၂ ။ စိစစ်ချက်။

ဒုက္ခသစ္စာခန်းတွင် ကွဲလွဲချက် (၄) (က) (ခ) ၌ကြည့်။

ကွဲလွဲချက်။ ၃။ စိစစ်ချက်။

တဏှာ သမုဒယော ဘဝေ (သင်္ဂဟပါဠိ) အရ တဏှာ (ခေါ်) လောဘစေတသိက်သည် သမုဒယသစ္စာဖြစ်ပါသည်ဟု စောဒကများတို့က ဆိုသည်။ ဥပါဒါန်သမုဒယက အုပ်ချုပ်ထားသောကြောင့် ခန္ဓာကိုယ်အတုံးကြီးသည် သမုဒယသစ္စာဖြစ်ပါသည်ဟု စုဒိတကဆိုသည်။ စိစစ်ချက်အကျယ်ကို သမုဒယသစ္စာခန်း၊ ကွဲလွဲချက် (၁) ၌ ကြည့်ပါ၊ စုဒိတကသည်- ဤအခန်းကဏ္ဍသည် အကြမ်းစားသြဠာရိကအခန်းဖြစ်ပါသည်ဟု သောခနာချက်အစ၌ ဆိုသည်နှင့်အညီ ခန္ဓာကိုယ်ကို တည်ကိန်းပြု၍ ပရမတ်-ပညတ်ခွဲနည်းအတိုင်း ခန္ဓာကိုယ်အတုံးကြီးသည် မူလရှိ အိမ်ရှင်ဖြစ်၍ ပရမတ်၊ ဥပါဒါန်သမုဒယသည် နောက်မှလာသည့် ဧည့်သည်အရိပ်ဖြစ်၍ ပညတ်-မရှိတရားဟုခွဲလိုက်လျှင် လွယ်လွယ်တိုတိုဖြင့်ပြီးသင့်ပါလျက် ပရမတ် ပညတ်မခွဲပဲ အလွဲတွေပြောနေသောကြောင့် ရှုပ်ထွေးနေခြင်းဖြစ်သည်။ ဤမျှဖြင့် စုဒိတကသည် ပြောချင်သလို ပြောနေသူဖြစ်ကြောင်း ထင်ရှားသည်။

ကွဲလွဲချက်။၄ ။ စိစစ်ချက်။

(က) ယခုဘဝ၌ ခန္ဓာကိုယ်၏လှုပ်ရှားမှုအားလုံးကို စိတ်က ဖန်တီးသည်ဟု စောဒကများဆိုသည်၊ ဒုက္ခသစ္စာခန်း (ဒုက္ခသစ္စာခန်း၊ ၁၈/၂ ကြောင်းရေ ၃) ၌ဆိုခဲ့ပြီးဟု ညွှန်းသည်။

http://www.dhammadownload.com

စတ္တာရော ပန ဂေါဏော ယောဇေတွာ ဆေကမှိ သာရတိမှိ ပါဒေန္တေ"သကဋ္ဌံ ဂဏ္ဍတိ၊ သကဋ္ဌံ တိဋ္ဌတိ"တိ ဝေါဟာရမတ္တမေဝ ဟောတိ။ ဧဝမေဝ အဇာနနဋ္ဌေန သကဋ္ဌံ ဝိယ ကာယော။ ဂေါဏာ ဝိယ စိတ္တဇဝါတာ။ သာရထိ ဝိယ စိတ္တံ။ ဂဏ္ဍာမိတိဋ္ဌာမိတိ စိတ္တေ ဥပ္ပန္နေ ဝါယော ခါတု ဝိညတ္တိ ဇနယမာနာ ဥပ္ပဇ္ဇတိ၊ စိတ္တကိရိယဝါယောခါတု ဝိပ္ဖါရေန ဂမနာဒိနိ ပဝတ္တန္တိ။ တတော သတ္တာ ဂဏ္ဍတိ၊ သတ္တော တိဋ္ဌတိ။ အဟံ ဂဏ္ဍာမိ၊ အဟံ တိဋ္ဌာမိတိ ဝေါဟာရမတ္တံ ဟောတိ။

(ဒီ၊ ၄၊ ၂။ ၃၅၈။ မ၊ ၄၊ ၁။ နှာ-၂၅၆)

မြန်မာပြန်။

ဥပမာဆောင်၍ ထင်ရှားအောင်ပြောမည်။ နွားလေးကောင်တို့ကို လှည်း၌ တပ်၍ ကျွမ်းကျင်သော လှည်းမောင်းသူသည် မောင်းနှင်လတ်သော် "လှည်းသွားသည်၊ လှည်းရပ်သည်"ဟု ပြောရုံမျှသာဖြစ်၏။ (နွားမဆွဲ လူမမောင်းဘဲ လှည်းချည်းသက်သက် မသွားဟုဆိုလိုသည်) ။ ဤအတူသာလျှင် သွားဖို့ရန် မသိတတ်သောကြောင့်ကိုယ်သည် လှည်းနှင့်တူသည်၊ စိတ်ကြောင့်ဖြစ်ကုန်သော လေဓါတ်တို့သည် နွားတို့နှင့်တူကုန်သည်။ စိတ်သည်လှည်းမောင်းသူနှင့်တူသည်၊ "သွားမည်/ရပ်မည်"ဟု စိတ်ဖြစ်ပြီးသော် (ဝါ) သွားချင်စိတ်၊ ရပ်ချင်စိတ်ဖြစ်ပြီးသော် ထိုစိတ်ကြောင့်ဖြစ်သော လေဓါတ်သည် ကိုယ်၏လှုပ်ရှားမှုကို ဖြစ်စေသည်၊ (ဝါ) ဖန်တီးသည်၊ သွားချင်စိတ်ကို အကြောင်းရင်းပြု၍ဖြစ်သော ကိုယ်တွင်းရှိ လေဓါတ်၏ ခန္ဓာကိုယ်၌ ပျံ့နှံ့တွန်းကန်မှုကြောင့် ခန္ဓာကိုယ်၏ သွားခြင်းစသည်တို့ သည် ဖြစ်ကြ၏။ ထိုကြောင့် "သတ္တဝါရပ်သည်၊ ငါသွားသည်၊ ငါရပ်သည်"ဟု ပြောရုံမျှဖြစ်၏။ ဤအဋ္ဌကထာစကားကို ထောက်၍ ယခု ဘဝခန္ဓာကိုယ်၏ လှုပ်ရှားမှုကို စိတ်ကဖန်တီးသည်ဟု စောဒကများ တင်ပြ ချက်သည် ကျမ်းဂန်နှင့်ညီသည်။

(ခ) (၁) ရေသောက်တာ ခွဲစမ်းလို့ ဘုန်းကြီးမေးမယ်။ အလုပ်အစိတ် အပိုင်းနဲ့လဲ ပြောလို့ရတယ်၊ မိမိကိုယ်က အစွဲသမုဒယဆိုရင်ရတယ် တည့်တည့် ကလေးပြောစမ်းဆိုရင် ပါးစပ်က အစွဲသမုဒယအကြောင်းသစ္စာ၊ သောက်တာက ဆင်းရဲဒုက္ခအကျိုးသစ္စာ (တိတ်ခွေ၊ ၁၃၊ ဓမ) ။ ။ ဤအဟောချက်ကိုပင် ရည်ရွယ်၍ "လိုရင်းမှာ (ကိလေသဝဋ်) အကြောင်းတရားခံမှန်သော သမုဒယကို ပယ်သတ်မှ (သို့မဟုတ်) သမုဒယပြုတ်မှ အကျိုးဒုက္ခဝိပါကနှင့် လွတ်မည်ဟု

http://www.dhammadownload.com

အဓိကသီစေလိုခြင်းသာ ဖြစ်ပါသည်"ဟု သောဓနာ (ချေပလွှာ၊ ၁၈/ ၂-၅)
စုဒိတကဆိုသည်။

(ခ) (၂) ကုသိုလ် အကုသိုလ်တို့ကို စိတ်ကူးယဉ်၊ လက်ဆုပ်လက်ကိုင် မဟုတ်၊ အရိပ်၊ ပညတ်၊ မရှိ-တရားဟု သိမှတ်ထားသကဲ့သို့ ကိလေသဝဋ်သည် လည်း စိတ်ကူးယဉ် လက်ဆုပ်လက်ကိုင်မရ၊ အရိပ်၊ ပညတ်၊ မရှိ-တရားဟု သိမှတ်လျက် စုဒိတက စိတ်ကူးပေါက်ကာ သင်တန်းမှာ မျက်လှည့်ပြခဲ့သည်။ ပြပုံကား ကိလေသဝဋ်ကို အစွဲဟု စုဒိတက ဘာသာပြန်သည်၊ ထိုကိလေသဝဋ်အစွဲ သည်ပင် ဥပါဒါန်။ ထိုအစွဲဥပါဒါန်သည်ပင် သမုဒယ။ ထို အစွဲဥပါဒါန် သမုဒယသည်ပင် ခန္ဓာကိုယ်အတုံးကြီးကို အုပ်ချုပ်သည်၊ စီမံသည်၊ ခန္ဓာကိုယ် သည် မလွတ်လပ် ဒုက္ခဖြစ်လေတော့သည်။ထို့ကြောင့် ဧကောဓမ္မော အဘိဓမ္မာ ဆိုတာ နှစ်ခွမရှိဘူး၊ တခုတည်းရှိရမယ်ဟု တီထွင်ထားသော စည်းမျဉ်းအရ အစွဲ+ဥပါဒါန်+သမုဒယ+ခန္ဓာကိုယ် အတုံးကြီးဟူသော လေးမျိုးကို တစ်ခုတည်း ဖြစ်အောင်'သမုဒယ' ဟု အမည်တပ်လိုက်သည်။ ထိုခန္ဓာကိုယ်သမုဒယဟူသော စကားခ်ီ ခန္ဓာကိုယ်ဟူသော စကားလုံးကိုဖျောက်၍ သမုဒယဟု စွဲစွဲမြဲမြဲ ပြောသည် မျက်လှည့်ပြသည်။ ထိုသမုဒယသည် ဒုက္ခသမုဒယ အရိယသစ္စာ ဟူသော မြတ်ဗုဒ္ဓဟောညွှန်တော်မူထားသော ဓမ္မစက္ကြာခ်ီ ဒုက္ခကို ဖြစ်စေသော အကြောင်း သမုဒယသစ္စာ ဖြစ်သည်ဟု လှည့်လိုက်ပြန်သည်။ ထိုသမုဒယ ခန္ဓာကိုယ်ကပင် လူပ်ရှားမှုဒုက္ခကို ဖန်တီးသည်ဟု အပြီးသတ်လိုက် သည်။

မြတ်ဗုဒ္ဓလက်ထက်တော်ခ်ီ ရာဇဂြိုဟ်မြို့၊ဝေဠုဝန်ကျောင်းတွင် မေတ္တိယနှင့် ဘူမဇကအမည်ရှိကြသော ရဟန်းတို့သည် အထက်ရှိဆိတ်ထီးကြီးကို ရှင်ဒဗ္ဗဟု အမည်ပေး၍ အောက်ရှိဆိတ်မကို မေတ္တိယဟု အမည်ပေးလိုက်ပြီးလျှင် ရှင်ဒဗ္ဗနှင့် မေတ္တိယဘိက္ခုနီမတို့ မေထုန်မှုပြုနေကြတာကို ဂိစ္ဈကူတ်တောင်ခြေမှာ ငါတို့ကိုယ်တိုင်မြင်ခဲ့ကြသည်ဟု ရဟန်းတွေ့တိုင်းပြောကြသည်၊ မြတ်ဗုဒ္ဓ ကိုယ်တော်တိုင် ရဟန်းတို့ အလယ်မှာ စစ်မေးတော်မူမှ ဒီရဟန်းဒဗ္ဗနဲ့ မေတ္တိယ ဘိက္ခုနီမတို့ကို ပြောတာမဟုတ်ဘူး၊ ဆိတ်ထီးကြီးဒဗ္ဗနဲ့ ဆိတ်မမေတ္တိယတို့ မေထုန်မှုပြုနေကြတာကို ပြောတာပါဟု ဆိုကြသည်။ အဲဒီဆိတ်ထီးကြီးကို ဒဗ္ဗလို့ နာမည်ပေးတာ ဆိတ်မကို မေတ္တိယလို့ နာမည်ပေးတာ ဘယ်သူလဲလို့ ရဟန်း တွေက မေးသောအခါ ငါတို့ နှစ်ဦးသဘောတူ နာမည်ပေးခဲ့တာပါဟု ထိုရဟန်း ဆိုးတို့က ဆိုကြသည်။ ဤ၅ လည်း စုဒိတကသည် မိမိခန္ဓာကိုယ်အတုံးကြီးကို

http://www.dhammadownload.com

အစ္စဥ္ဥပါဒါနိ်သမုဒယ အကြောင်းသစ္စာဟု နာမည်မျိုးစုံတပ်ချင်သလောက် တပ်လိုက်သည်၊ သင်တန်းတွေကို "ပါးစပ်က အစ္စဲသမုဒယအကြောင်းသစ္စာ၊ သောက်တာက ဆင်းရဲဒုက္ခအကျိုးသစ္စာ"ဟု ပြောခဲ့သည်။ ရေကိုတော့ မရှိ-ပညတ်လို့မှတ်ထားလို့ စောစောကပင် ပရမတ် ပညတ်ခွဲပြထားခဲ့သည်။ မျက်လှည့်ပြ ကောင်းလွန်းလှသည်တကား။

(ခ) ယခု အငြင်းပွားနေသော စောဒနာချက်အားလုံးမှ လိုရင်း မဟုတ်သော ပရိယာယ်ပေါ်၌ ငြင်းခုံနေခြင်းသာ ဖြစ်သောကြောင့် "မုချနှင့် ပရိယာယ်"ကို နားလည်သဘောပေါက်မှသာလျှင် ဝိဝါဒအားလုံး ကင်းရှင်းသွားပါ လိမ့်မည်ဟု ယုံကြည်ပါသည် ဘုရားဟူ၍ သောဓနာ (ချေပ) လွှာ၊ ၁၈/၂ (က) နောက်ဆုံးပုဒ်၌ စုဒိတက ဖြေရှင်းသည်။ စုဒိတကသည် မကြာခဏပင် ပရိယာယ်ပါဟု တင်ပြခဲ့သည်။ စုဒိတက၏ ပရိယာယ်သည် မြတ်ဗုဒ္ဓ ဟောချက် ပရိယာယ်ကဲ့သို့ အကြောင်းမှန် ပရိယာယ်မဟုတ်ဟူ၍ စောဒနာ၌ ဤရုံးတော်က စိစစ်ပြခဲ့ပြီ။ မြတ်ဘုရား၏ သုတ္တန်တရားတော်သည် ပရိယာယ်ဒေသနာဖြစ်၍ သမာဓိရရုံမျှသာ စွမ်းဆောင်နိုင်တယ် သတ္တဝါတစ်ယောက်ကို မုချ ကယ်တင်နိုင်မသော တရားမဟုတ်ဟု (စောဒနာ၊ ၁၆/၂ (ဃ) ၌) ပရိယာယ်ဟူသော စကားလုံးကို လက်ကိုင်ပြု၍ သုတ္တန်တရားတော်၏ ဂုဏ်တော် ကျေးဇူးတော် အမှန် တို့ကို စုဒိတကသည် ပယ်ပယ်နယ်နယ် ဖျက်ဆီးစကားကို သင်တန်းပေးခဲ့သည်။ ပရိယာယ်ဟူသော စကားလုံးကိုပင် စုဒိတကအပြစ်လွတ်အောင် ရှေ့တန်းတင် သုံးစွဲတင်ပြပြန်သည်။ ပရိယာယ်ကို သဘောရှင်းကြစေရန် အနည်းငယ် ရှင်းပြမည်။

ဓမ္မပရိယာယ်၊ မာယာပရိယာယ်

ယာယံ တဏှာ (ဓမ္မစကြာသုတ်တော်) အရ တဏှာ(ခေါ်) လောဘ အကုသိုလ်နာမ်တရားသည် သမုဒယသစ္စာဖြစ်သည်ဟူ၍ မြတ်ဗုဒ္ဓ ဟောညွှန်တော်မူချက် အလွန်ထင်ရှားရှိနေပါလျက် ရူပ်နာမ်လွတ်သော အဘိဓမ္မာ၊ ရူပ်နာမ်လွတ်သော ဝိပဿနာဟု ကြွေးကြော်ကာ အကုသိုလ်သည် မရှိတရားဟု ဖယ်ပြစ်လိုက်ပြီးလျှင် "ပါးစပ်က အစ္စဲသမုဒယအကြောင်း သစ္စာ" ဟု မဟုတ်မမှန် ပြောခြင်းမျိုးကို ပရိယာယ်ပါဟု စုဒိတကဆိုသည့်အတိုင်း ခွင့်လွှတ်ရတော့မည်လော၊ "ပရိယာယ ဒေသိတော ခေါ အာနန္ဒ မယာဓမ္မော" (သံ၊ ၂။၄၂၄-နှာ) ဟု မြတ်ဗုဒ္ဓဟောတော်မူချက်ကို" စကားလုံးကွဲ တရားကိုယ်တူ "ပရိယာယ်

http://www.dhammadownload.com

ဟောချက်ဖြစ်သောကြောင့် ပညာရှင်အားလုံးတို့က လေးစားစွာ ယုံကြည်လက်ခံခဲ့ကြသည်" စကားလုံးတူ တရားကိုယ်ကွဲ"လျှင် ပရိယာယ်စကားဟု မြတ်ဗုဒ္ဓပိဋကကျမ်းဂန်တို့၌ သုံးစွဲရိုး မရှိ။ သုံးစွဲလျှင်လည်းပညာရှင်များ လက်မခံကြ။ စကားလုံးတူ တရားကိုယ်ကွဲလျှင် လိမ်ညာစကားဟူ၍ သတ်မှတ်ထားကြသည်။ မြတ်ဗုဒ္ဓဟောညွှန်တော်မူချက်တွင် သမုဒယဟူသည် လောဘ၊ အကုသိုလ်နာမ်တရား ဖြစ်၍ ကိလေသဝဋ္ဋသည် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် ဟူသော အကုသိုလ်နာမ်တရားသုံးမျိုးဖြစ်သည်။ စုဒိတကဟောချက်တွင် သမုဒယနှင့် ကိလေသဝဋ္ဋသည် ခန္ဓာကိုယ်အတုံးကြီး (ခေါ်) ရူပ်တရားဖြစ်နေသည်။ ဤသို့တရားကိုယ်ကွဲနေသည်ကို ပရိယာယ်ဟု ပြောခြင်းမျိုးသည် ဝေဝစန (အသံကွဲ-တရားတူ) ပရိယာယ်မှန်မဟုတ်၊ 'အသံတူ-တရားကွဲ' အလွဲပရိယာယ်၊ မာယာဖြစ်နေသည်။ ဆိတ်ထီးကြီးကို အရှင်ဒဠဟု နာမည်တပ်သော ပရိယာယ်မျိုးသာတည်း။ ယခုပင်လျှင် ရေဒီယိုနားထောင်တာကို ဝိမုတ္တိရသခံစားတယ်၊ ရုပ်ရှင်ကြည့်တာ ဝိမုတ္တိရသခံစားတယ် စသည်မဟုတ်မမှန် ပြောနေကြပြီဖြစ်ရာ စုဒိတက၏အစွဲလက်ထဲရှိပုံ၊ အစွဲပြုတ်ပုံ ပရိယာယ်ကို ခွင့်လွှတ်ပါလျှင် မြတ်ဗုဒ္ဓ၏ တရားတော် အမှန်ရှိတော့သည် မဟုတ်ချေ။ အရည်းကြီးတရားအဖြစ်သို့ နာမည်မပြောင်ဘဲ ဧကန်ရောက်သွားပေလိမ်မည့်။ထို့ကြောင့် ဓမ္မပရိယာယ်နှင့် မာယာပရိယာယ် ထိုနှစ်သွယ်ကို အဓိပ္ပာယ်မှန်သိ သတိရှိရှိဖြင့်သုံးစွဲကြပါလေ။ စကားလုံးကွဲတရားကိုယ်ကွဲ ပရိယာယ်သည်လည်း မြတ်ဗုဒ္ဓပိဋကတော်၌ သုံးစွဲလေ့ အနည်းငယ်ရှိသည်။ ထိုပရိယာယ်မျိုးကို လူ့လောက၌ ပရိယာယ်ဟူ၍ပင် မသိကြ၊ သုံးစွဲမှုမပြုကြချေ။

သမုဒယသစ္စာခန်းပြီး၏။

နိရောဓသစ္စာခန်း။

အငြင်းပွားချက်။ ၃။

(က) စုဒိတက၏ အယူမှာ မွေးရာပါ ခန္ဓာကိုယ်တုံးကြီး သည်ပင် ပရမတ်တုံး

စွဲဆိုချက်။ ။ ဥပါဒါန်တုံး၊ သမုဒယတုံး၊ သုညတုံးနိဗ္ဗာန် ဖြစ်နေပါသည်။

(ခ) အနတ္တနှင့် နိဗ္ဗာန်တူသည်ဟု စုဒိတကဟောပါသည်။

http://www.dhammadownload.com

ထို့ကြောင့်စုဒိတက၏ နိရောဓသစ္စာဟောချက်များသည် ကျမ်းဂန်နှင့် မညီပါဟု ကျမ်းဂန်သာဓက တင်ပြစောဒနာကြသည်။

ချေပချက်။ (က) အကြင်နေရာ၌ ဒုက္ခသည်ဖြစ်၏၊ ထိုနေရာ၌ပင် ဒုက္ခသည် ချုပ်ကြောင်းကို သိစေရန် အနတ္တညာဏ်အမြင်ဖြင့် ပြန်လည် သရုပ်ခွဲ ပြပါသည်။

(ခ) နိဗ္ဗာန်သည် အနတ္တသိသော ညာဏ်၏အာရုံ ဟူ၍သာ ဟောပါသည်။ (အကျယ်ကို သောဓနာလ္ဘာ။ ၁၈-တွင် ကြည့်)

စိစစ်ချက်။ ၃။

(က) စုဒိတက၏ ချေပချက်အရ(၁) ခန္ဓာကိုယ်အတုံးကြီးပေါ်၌ အစွဲသမုဒယ ရှိနေခြင်းသည် (ဝါ) ခန္ဓာကိုယ်တုံးကြီးကို အစွဲသမုဒယက အုပ်ချုပ်နေခြင်းသည် ဒုက္ခဖြစ်ဖို့အကြောင်းတရားရှိနေခြင်းတည်း။ ယင်းသို့ ဒုက္ခဖြစ်ဖို့ အကြောင်း တရားဖြစ်သော အစွဲသမုဒယ ရှိနေသေးလျှင် ဒုက္ခမချုပ်ငြိမ်းသေး။ (၂) ခန္ဓာကိုယ် အတုံးကြီးပေါ်၌ အစွဲသမုဒယမရှိခြင်း(ဝါ) ခန္ဓာကိုယ်အတုံးကြီးကို အစွဲသမုဒယ အုပ်ချုပ်မှုမရှိခြင်း(ဝါ) ချုပ်ငြိမ်းခြင်းသည် ဒုက္ခဖြစ်ဖို့အကြောင်းတရားဖြစ်သော အစွဲသမုဒယ မရှိလျှင် (ဝါ) ချုပ်ငြိမ်းလျှင် ဒုက္ခချုပ်ငြိမ်းပြီ၊ (ဝါ) နိဗ္ဗာန်ရ လွတ်လပ်ပြီ။ထိုကြောင့်ဤခန္ဓာကိုယ်အတုံးကြီးသည် ဒုက္ခဖြစ်ရာလည်းဟုတ်သည်၊ (ဝါ) ဒုက္ခတုံးကြီးလည်းဟုတ်သည်။ ဒုက္ခငြိမ်းရာ နိဗ္ဗာန်လည်း ဟုတ်သည်။ (ဝါ)နိဗ္ဗာန်တုံးကြီးလည်း ဟုတ်သည်ဟူ၍ စုဒိတက ဆိုလိုကြောင်း အဓိပ္ပာယ်ပေါ်လွင်သည်။ ဤ၌ခန္ဓာတုံးကြီးသည် လိုရင်းမဟုတ်၊ ဒုက္ခဖြစ်မှုနှင့် ဒုက္ခချုပ်ငြိမ်းမှုသာ လိုရင်းတည်း။ ယင်းဒုက္ခဖြစ်မှုနှင့် ဒုက္ခချုပ်ငြိမ်းမှုသည်လည်း ဒုက္ခဖြစ်ကြောင်းတရားဖြစ်သော အစွဲသမုဒယ၏ဖြစ်မှုနှင့် ချုပ်ငြိမ်းမှုသာ ပဓာနအကြောင်းရင်းတည်းဟု ဆိုလိုသည်။ ပဓာနအကြောင်းရင်းဖြစ်သော အစွဲသမုဒယဟူသည် အဘယ်နည်းဟု မေးရန်/ ဖော်ထုတ်ရန်လိုအပ်လာသည်။ စုဒိတက၏ သမုဒယသစ္စာခန်းတွင် ဒီခန္ဓာကိုယ်တုံးကြီးသည်ပင် အစွဲသမုဒယ တုံးကြီးဖြစ်သည် ဟုဆိုထားသည် (၁၈/၃-(ဂ) သမုဒယသစ္စာခန်းကိုကြည့်)။ ဒုက္ခဖြစ်ခြင်း၏အကြောင်း ဖြစ်သော အစွဲသမုဒယ တုံးကြီးလည်းဖြစ်သော ဤခန္ဓာတုံးကြီးရှိနေသမျှ ဒုက္ခမချုပ်ငြိမ်းပေ။ ဒုက္ခဖြစ်ခြင်း/ မချုပ်ငြိမ်းခြင်း၏ အကြောင်းရင်း အစွဲသမုဒယဖြစ်နေသော ဤခန္ဓာတုံး မရှိအောင်/

http://www.dhammadownload.com

ချုပ်ငြိမ်းအောင် ဘယ်လိုလုပ်မည်နည်း။ အနတ္တပါဟု သိမှတ်လျှင်လည်း ဤခန္ဓာကိုယ်တုံးကြီးသည် ရှိမြဲ ၊ ရှိနေမည်ဖြစ်သည်။ ဒုက္ခဖြစ်ကြောင်း တရားဖြစ်သော အစွဲသမုဒယ ဤခန္ဓာကိုယ်တုံးကြီးရှိနေသေး၊ ဖြစ်နေသေးလျှင် ဒုက္ခလည်းရှိမြဲ ရှိနေမည်၊ ဖြစ်မြဲဖြစ်နေမည်။ မချုပ်ငြိမ်းတော့ပေ။ ထို့ကြောင့် ဤခန္ဓာကိုယ်အတုံးကြီး(ခေါ်) အစွဲသမုဒယရှိနေသမျှ နိဗ္ဗာန် (ခေါ်) လွတ်လပ်ရေးကို ရတော့မည်မဟုတ်ပေ။ အကြင်နေရာ၌ ဒုက္ခသည်ဖြစ်၏၊ ထိုနေရာ၌ပင် ဒုက္ခသည်ချုပ်၏ဟု ဒုက္ခချုပ်ငြိမ်းရာ နိဗ္ဗာန်သဘာဝကို ရိပ်မိပါလျက် စုဒိတက၏ဝါဒအရ ရောက်အောင်သွားလို့မရပြီ။ မရောက်ပြီ။ (၁)ကုသိုလ် အကုသိုလ်တွေတကယ်မရှိ၊ အရိပ်ပညတ်၊ စိတ်ကူးယဉ်မျှသာ ဟုယူစွဲမှု (၂) ကုသိုလ် အကုသိုလ်ရှိတယ်ဟု ယူစွဲလျှင် အတ္တဒိဋ္ဌိ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ၊ အထင်၊ အစွဲ၊ ဥပါဒါန်ဋ္ဌိနေသူ ဖြစ်သည်ဟု ယူစွဲမှု။ (၃)ပကတိ မျက်စိဖြင့် နေ့ရောညဉ့်ပါ မြင်နေရသောလူ့ဘုံ ဘူ့ဘဝနှင့် တိရစ္ဆာန် တွေကို ထင်ထင်ရှားရှားရှိနေပါလျက် ထိုလူ့ဘုံဘဝ၊ တိရစ္ဆာန်ဘုံဘဝတွေ အပါအဝင် (၃၁)ဘုံမရှိဘူးဟုယူစွဲမှု။ (၄)ရူပ်နာမ်လွတ်သော အဘိဓမ္မာ ရူပ်နာမ်လွတ်သော ဝိပဿနာမှသာ သိပ်ပွနည်းကျသည်ဟုယူစွဲမှု (၅) ဧကောဓမ္မော အဘိဓမ္မာဆိုတာ နှစ်ခွမရှိဘူး၊ ကခုတည်းရှိရမယ်ဟုယူစွဲမှု (၆) အနိစ္စမြင်မှအနတ္တ မြင်လွယ်သည်ဟု အနတ္တလက္ခဏာသုတ်တော်၌ မြက်ဗုဒ္ဓနည်း ညွှန်ပြထားသည်ကို မလေးစားဘဲ အနိစ္စ၊ ဒုက္ခရှုမှုကို အသုံးမပြုဘဲ အနတ္တကို ဟောဖို့ဘုရားပွင့်လာတာ၊ အဘိဓမ္မာတွေဟောဖို့ပွင့်လာတာမဟုတ်ဟု ယူစွဲကာ အနတ္တကိုသာ အသားပေးမှုစသည်တို့က နိဗ္ဗာန်လမ်းကို မရောက်နိုင်အောင် ပိတ်ထားလိုက်ပြီဖြစ်ရာ ဘယ်မှာခိုလှုံကြမည်နည်းဟု စဉ်းစားဖွယ်သာ ကျန်ရှိတော့သည်။

စိစစ်ချက်။ (ခ)

(၁) အနတ္တနှင့်နိဗ္ဗာန်တူသည်ဟု စုဒိတကဟောပါသည်ဟူသော စောဒကများ၏ စွဲဆိုချက်ကို 'ဘာကိုရည်ရွယ်၊ ဘယ်ကိုမျှော်ကိုး၍ ဤစောဒနာမျိုး ပေါ်လာသည်ကို မသိပါဘုရားဟု (သောဓနာ (ချေပ)လွှာ၊ ၁၈/၃(ခ)၌ စုဒိတက၏ ချေပချက်သည် အညေန အညံ ပဋိစရတိ (ဖြေသင့်သည်ကို မဖြေဘဲ ရှောင်လွှဲခြင်း) ပရိယာယ်ပြောချက်ပေတည်း၊ ဤသည်လည်း ပရိယာယ် တစ်မျိုးဖြစ်သည်။ နိဗ္ဗာန်ဟူသည် အနတ္တကိုသိသောဉာဏ်၏ အာရုံဟုသာ တပည့်တော် ဟောပါသည်ဟူ၍ စုဒိတကဖြေရှင်းသည်၊ အပါယ်လေးပါးသို့ တကယ် မသွား

http://www.dhammadownload.com

မရောက်ရဘဲ အာရုံပြုကာ ရောက်ကြရသကဲ့သို့ နိဗ္ဗာန်သို့လည်း တကယ်မသွားရ၊ မရောက်ကြရဘဲ အာရုံပြုကာ ရောက်ကြရသည်ဟု အဓိပ္ပာယ်ထွက်အောင် မရှင်းမလင်းဟောထားသည်။ (စောဒနာ၊ ၁၈/ နိရောဒသစ္စာခန်း၊ စုဒိတကဟောချက်ကိုကြည့်) နိရောဓသစ္စာခန်း(က)မှတ်ပြ စုဒိတကဟောချက် အဆုံး၌ 'ဒါနိုရောဓ၊ နိဗ္ဗာန်ဆိုတာ အတူတူဘဲ' ဟုအောက်၌ မျှဉ်းလိုင်းဆွဲထား သည်ကို လည်းကောင်း (ခ)မှတ်ဟောချက်အဆုံး၌ နိရောဓ ဆိုတာအနတ္တကို ပြောတာဟု အောက်မျှဉ်း၌ မျှဉ်းလိုင်းဆွဲထားသည်ကိုလည်းကောင်း တွေ့နေရသည်။ အနတ္တ တရားနှင့် သစ္စာလေးပါးမှာ စင်စစ်မတူပါ၊ ဆက်နွယ်၍ကား နေပါသည်ဟု သောဓနာ(ချေပ)လွှာ၊ ၇/၃ (ဂ)မှတ်ပြ၌ စုဒိတကဆိုထားခဲ့သည်။ ဤ၌ လည်း အနတ္တနှင့် နိဗ္ဗာန်တို့တူသည် မတူသည်ကိုမျှ ဖြေနိုင်စွမ်းမရှိသောကြောင့် စုဒိတကသည် အနတ္တအကြောင်း အရာအမှန်ကို တကယ်သိဟန်မရှိကြောင်းမှာ ပေါ်လွင်နေသည်။

(ခ) စောဒကပုဂ္ဂိုလ်များက သဗ္ဗညုဘုရားရှင်ကို ဝိဘဇ္ဇဝါဒီအမည်ခံသူ မဟုတ်ဟုရေးသားတင်ပြထားရာ ဗုဒ္ဓဝါဒသည် ဝိဘဇ္ဇဝါဒဟုတ် မဟုတ်ကို သိလိုပါသည်ဟုလျှောက်ထားချက်အရမြတ်ဗုဒ္ဓဝါဒသည် ဝိဘဇ္ဇဝါဒဟုတ်မှန်သည်ဟု ဤရုံးတော်က ဆုံးဖြတ်သည်။ သို့သော် မြတ်ဗုဒ္ဓသည် ဝိဘဇ္ဇဝါဒီ အမည်ခံသူဟုတ်သည်ဟု အယူမစွဲသင့်ချေ။ မြတ်ဗုဒ္ဓသည် ဝိဘဇ္ဇဝါဒီအမည်ခံ ထားသူဖြစ်ခဲ့သော် တတိယသံဂါယနာတင်ခါနီးအချိန်တွင် ရဟန်းစစ်-ရဟန်းတု/ရဟန်းဆိုးတို့ကို သိရှိမမှာသောကမင်းကြီးကိုယ်တိုင်စစ်မေးခဲ့ခြားရာ၌ အရှင်မဟာမောဂ္ဂလိပုတ္တတိဿရဟန္တာအရှင်မြတ်က ရဟန်းစစ် ရဟန်းကောင်း တို့အား 'မြတ်ဗုဒ္ဓသည် ဝိဇ္ဇဝါဒီဖြစ်တော်မူသည်' ဟု ပြောကြဖို့စကားဝှက်အဖြစ် ဖြင့် သတ်မှတ်ပေးရန် မဖြစ်နိုင်သည်ကို သတိပြုရပေမည်။

(ခ) (၃) စောဒကပုဂ္ဂိုလ်တို့တင်ပြထားသော ကေဝဋ္ဋသုတ်တွင်နာမ်-ရူပ်အကြွင်းမဲ့ချုပ်ငြိမ်းသည်ဟု ဆိုလာပြန်ရာ စောဒနာလွှာ (၂/၇)၌ နိဗ္ဗာန်သည် နာမ်တရားဟုတင်ပြထားချက်နှင့်ကွာဟနေပါသည်ဟု စုဒိတက၏ သောဓနာ (ချေပ) လွှာ၊ (၁၈/၄) ၌တင်ပြချက်ရှိသည်။ 'အကြွင်းမဲ့' ဟူသောစကားကို သတိပြုမိအဓိပ္ပါယ်သိလျှင်ရှင်းပေမည်။ ဗဟုသုတအကျိုးငှါ အနည်းငယ် ရှင်းပြမည်။

http://www.dhammadownload.com

(ခ) (၄) အရဟတ္တမဂ်ဖြစ်ချိန်၌ (ရှိနေဆဲမဟုတ်ကြသော) ကိလေသာများ၏ နောက်၌ဖြစ်ခွင့်မရှိကြတော့ဘဲ အနုပ္ပါဒနိရောဓအကြွင်းမဲ့ ချုပ်ငြိမ်းကြသည်ကို ကိလေသပရိနိဗ္ဗာန်ဟု ခေါ်သည်။ သဗ္ဗညုဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓများနှင့် ရဟန္တာတို့၏ စုတိစိတ်ချုပ်ငြိမ်းချိန်၌ (ဖြစ်နေဆဲ၊ ရှိနေဆဲမဟုတ်ကြသော) ခန္ဓာငါးပါး၊ ရူပ-နာမ်နှစ်ပါးတို့၏ နောက်ဆက်ဖြစ်ခွင့်မရှိကြတော့သဖြင့် အပြီးသတ် အကြွင်းမဲ့ ချုပ်ငြိမ်းခြင်းကို ခန္ဓပရိနိဗ္ဗာန်ဟု ခေါ်သည်။ ခန္ဓာဝန်ကိုချတော်မူကြပြီဟုလည်း သုံးစွဲကြသည်။ ဘုရား၊ ရဟန္တာမဟုတ်ကြသေးသူတို့သည် နောက်ဘဝ၌ ခန္ဓာအသစ်ဝန်ထုတ်ကို ဧကန်ထမ်းကြရဦးမည်ဖြစ်သောကြောင့် ထိုသူတို့၏ စုတိကို ခန္ဓာဝန်ချသည်ဟုသုံးစွဲလျှင် အမှားအလွဲစစ်စစ်အပြစ်လည်းကြီးလွန်းလှ သည်။ (သဗ္ဗာသဝသုတ်အဋ္ဌကထာကိုထောက်)။

(ခ) (၅) ယေ ပန ဝတ္တမာနုပ္ပန္နာ၊ တေသံ ပဋိပတ္တိယာ ပဟာနံ နာမ နတ္ထိ။
(မ၊ ၆၊ ၁၊ ၆၉)

ဘာသာပြန်။ ။အကြင်ကိလေသာတို့သည် ဖြစ်နေဆဲရှိနေဆဲ ဖြစ်ကုန်၏၊ ထိုဖြစ်နေရှိနေဆဲ ကိလေသာတို့ကို ပဋိပတ်လုပ်ငန်းစဉ်ဖြင့် ပစ္စုပ္ပန်ကျကျ ပယ်ခြင်းသဘာဝမည်သည် မရှိပါချေ။

ထို့ကြောင့် ကိလေသာကိုပယ်သည်၊ ကိလေသာချုပ်ငြိမ်းသည်ဆိုရာတွင် ဖြစ်ပြီးချုပ်ပြီး (အတိတ်) ကိလေသာများနှင့်ဖြစ်နေဆဲ (ပစ္စုပ္ပန်) ကိလေသာတွေကို ပယ်သည်မဟုတ်။ မဖြစ်သေးသော (အနာဂတ်) ကိလေသာတွေကိုလည်း ပယ်သည်မဟုတ်။ မဂ်ဖြင့်မပယ်ရသေးလျှင် နောင်ဖြစ်ထိုက်ဖြစ်ခွင့်ရှိသည့် ဥပ္ပတ္တိရဟမ္ အနာဂတ်ကိလေသာတွေ၏ ဖြစ်ခွင့်မရှိအောင်ပြုလုပ်ခြင်းကိုပင် ကိလေသာတွေ ကို ပယ်သည်ဟု ဖွင့်ဆိုကြသည်။ (မ၊ ၆၊ ၃။ ၁၇၄။ အဘိ၊ ၆၊ ၂၊ ၂၈၆။ ပဋိသံ၊ ၆၊ ၁၊ ၁၅၈-နှာ) မဖြစ်ခင်ကြိုတင်ကာကွယ်ခြင်းဟု မှတ်ကြလေ။ မဖြစ်သေးခင် ကြိုတင်ကာကွယ်ပယ်နည်းမှန်မှာ ကြောင်း-ကျိုးဆက် (ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်)နည်းလမ်းနှင့်အညီ အကြောင်းတရားအရင်းခံ တဏှာ (သမုဒယသစ္စာ)ကို မရှိအောင် (၀ါ) ဖြစ်ခွင့်မရအောင်ပယ်ရမည် ဖြစ် သည်။ ဒါန၊ သီလ၊ သမထ၊ ဝိပဿနာကုသိုလ်တရားတွေ စိတ်ထဲမှာ အမြဲမပြတ်ဖြစ်နေအောင်ပြုလုပ်ခြင်းဖြင့် တဏှာဖြစ်ခွင့်မရအောင် အခွင့် သင့်သလိုလုပ်ရသည်။ ဝိပဿနာကုသိုလ် အရှိန်အဟုန်အားကောင်း၍

http://www.dhammadownload.com

တဏှာဖြစ်ခွင့်စွမ်းဟုန်ကုန်လျှင် ဝိပဿနာကုသိုလ်အောင်ပွဲခံပြီး လောကုတ္တရာ မဂ်ကုသိုလ်ဟူသော ပဋိဝေဓအကျိုးကိုရသည်၊ အရဟတ္တမဂ်သို့ မဆိုက် ရောက်သေးလျှင်တဏှာမကုန်သေး၊ အကြောင်းညီလျှင် ဖြစ်ဦးမည်ဟုမှတ်၊ အရဟတ္တမဂ်ကိုရလျှင် တဏှာကုန်ပြီဟုမှတ်။ ဤကား မှတ်တိုင်ပေတည်း၊ ယင်းသို့ အကြောင်းရင်းသမုဒယသစ္စာတဏှာ ကုန်ခန်း ချုပ်ငြိမ်းခြင်းကြောင့် ကိလေသာတွေအားလုံးဖြစ်ခွင့်မရ၍ မဖြစ်ကြသည်ကို ကိလေသာအားလုံး ချုပ်ငြိမ်းသည်ဟုဖွင့်ဆိုကြသည်။ မိုယ်းရွာဖို့အကြောင်းမရှိတော့ လျှင် မိုယ်းကုန်ပြီဟု ပြောကြသကဲ့သို့တည်း။ ယင်းသို့ကိလေသာအားလုံး နောက်ထပ် ဖြစ်ခွင့်မရှိ အပြီးသတ်ချုပ်ငြိမ်းသည်ကို အကြွင်းမဲ့ချုပ်ငြိမ်းသည်ဟု ဆိုကြသည်။ ထိုအတူ ဒုက္ခကိုပယ်သည်၊ ဒုက္ခချုပ်ငြိမ်းသည်ဆိုကြရာ၌ ချုပ်ပျောက်ပြီး (အတိတ်) ဖြစ်နေဆဲ (ပစ္စုပ္ပန်)၊ နောက်ဖြစ်လာမည့် (အနာဂတ်) ရုပ်နာမ် ဒုက္ခတွေကို ပယ်ရသည်မဟုတ်၊ ထိုရုပ်နာမ်ဒုက္ခတွေကို နောက်ထပ်ဖြစ်လာ အောင် ဖန်တီးသည့်အကြောင်းတရား (သမုဒယသစ္စာ) တဏှာ ဦးဆောင်သော ကိလေသာတွေစိတ်ထဲမှာ ဖြစ်ခွင့်မရှိအောင်ပြုလုပ်ခြင်းကိုပင် ရုပ်နာမ် ဒုက္ခကိုပယ်သည်ဟု ပြောကြသည်၊ မြတ်ဗုဒ္ဓပစ္စေကဗုဒ္ဓများနှင့် ရဟန္တာများ၏ အရဟတ္တမဂ်စိတ်ဖြစ်ချိန်၌ ရုပ်နာမ်ခန္ဓာတို့၏ နောက်ထပ်ဖြစ်ကြောင်း (သမုဒယသစ္စာ) တဏှာကိလေသာ၏ ဖြစ်ခွင့်မရှိ ချုပ်ငြိမ်းခြင်းကြောင့် ရုပ်နာမ်ခန္ဓာအသစ်တို့သည်လည်း ဖြစ်ခွင့်မရှိကြ၊ မဖြစ်ကြတော့ဘဲ ချုပ်ငြိမ်း ကြသည်။ ယင်းသို့ရုပ်နာမ်ခန္ဓာအသစ်တို့၏ ဖြစ်ခွင့်မရှိသဖြင့် မဖြစ်ကြတော့ဘဲ အပြီးသတ်ချုပ်ငြိမ်းကြသည်ကိုပင် အကြွင်းမဲ့ချုပ်ငြိမ်းသည်ဟု ဖွင့်ဆိုကြသည်။ တိုတိုပြောလျှင် နောက်ထပ်ဖြစ်ခွင့်မရှိအောင်၊ ဖြစ်စရာမရှိအောင် အပြီးသတ် ချုပ်ငြိမ်းသည်ကို အကြွင်းမဲ့ချုပ်ငြိမ်းသည်ဟု မှတ်ကြပါလေ။ ကေဝဋ္ဋသုတ် တော်လာ နိဗ္ဗာန်ချင်းရာပြဂါထာတွင်-

ဝိညာဏသ နိရောဓေန၊ ဧတ္ထေတံ ဥပရုဇ္ဈတိ ပါဠိကို (ဒီ၊ ၁၊ ၂၁၃)။ ဝိညာဏသ ရဟန္တာတို့၏ စုတိစိတ်ခေါ်သံသရာနောက်ဆုံးစိတ်၏။ နိရောဓေန- ဘင်ခဏအနေဖြင့် ချုပ်ပျက်သွားခြင်းကြောင့်။ ဧတ္ထ-ဤနိဗ္ဗာန်၌။ ဧတံနာမရူပံ- ဤနာမ်ရုပ်တရားသည်၊ ဥပရုဇ္ဈတိ-(အနုပ္ပါဒံ ဝသေန နိရုဇ္ဈတိ) ထပ်မဖြစ်ခြင်း၏ အစွမ်းဖြင့် ချုပ်ငြိမ်းလေ၏။

http://www.dhammadownload.com

စရိမကဝိညာဏသာပိ ဟိ နိရောဓေန ဇော္ထေတံ ဥပရုဇ္ဈတိ။
ဒီ၊ ၌၊ ၁။ ၃၂၆။

စရိမကဝိညာဏသာပိ ဟိ အရဟတော စုတိစိတ္တံ အဓိပ္ပေတံ။
ဒီ၊ ဋီ၊ ၁။ ၃၉၄-နှာ။

တစ်နည်း-ဝိညာဏသ၊ လောကီကုသိုလ် အကုသိုလ် ခေါ် အဘိသင်္ခါရ ဝိညာဏ်၏။ နိရောဓေန အနုပ္ပါဒနိရောဓေန၊ မဂ်ဉာဏ်ဖြင့် မဖြစ်ပေါ်စေခြင်း၏အစွမ်းဖြင့်ချုပ်ငြိမ်းခြင်းကြောင့်။ ဇော္ထနိဗ္ဗာနေ၊ ဤနိဗ္ဗာန်၌။ ဇော် နာမရူပ်၊ ဤနာမ်ရူပ်တရားသည်။ ဥပရုဇ္ဈတိ၊ လေ၏။

အဘိသင်္ခါရဝိညာဏသာပိ အနုပ္ပါဒနိရောဓေန အနုပ္ပါဒဝသေန ဥပရုဇ္ဈတိ။
ဒီ၊ ၌၊ ၁၊ ၃၂၆-နှာ။

နိရောဓေနာတိ ပန ဟောတုမ္ပိ။ ဇော္ထာတိ ဇတသ္မိံ နိဗ္ဗာနေ။
ဒီ၊ ဋီ၊ ၁။ ၃၉၄-နှာ။

အဘိသင်္ခါရဝိညာဏသ ကုသလာကုသလစေတနာသမ္မယုတ္တစိတ္တသ။
စူဠနီ၊ ၌၊ ၃-နှာ။

စုတိစိတ်ချုပ်ငြိမ်းပြီးနောက်၌ ယခုဘဝဥတုဇရုပ်ဓါတ်တော်များ ကြွင်းကျန်နေခြင်းသည် ဂဗ္ဘသေယျကပုဂ္ဂိုလ်တို့နှင့်သာ သက်ဆိုင်သည်။ဂဗ္ဘသေယျကပုဂ္ဂိုလ်တို့မှာ ဥတုဇရုပ်က အားကောင်းမောင်းသန်ဖြစ်သောကြောင့် ဥတုဇရုပ်ဓါတ်များ ကြွင်းကျန်ကြသည်။ နတ်ပြဟ္မာတို့မှာ ကမ္မဇရုပ်အားကောင်းမောင်းသန်ဖြစ်သောကြောင့် သေလွန်ပြီးနောက်၌ ရုပ်ကောင်မကျန်ကြချေ။

(ခ) (၆) ရုပ်-နာမ်နှစ်ဖြာ ဒုက္ခသစ္စာချုပ်ငြိမ်းအောင်ပြုလုပ်ရာ၌ ရုပ်-နာမ်နှစ်ဖြာ ဒုက္ခသစ္စာ၏ဖြစ်ကြောင်း သမုဒယသစ္စာတဏှာချုပ်ငြိမ်းအောင်ပြုလုပ်သောနည်းလမ်းကို အောက်ပါသုတ္တန်တရားတော်များမှ ရရှိသည်။

(၁) နန္ဒိ ဒုက္ခသ မူလံ။ (မ၊ ၁။ ၈- နှာ)

(၂) နန္ဒိသမုဒယာ ဒုက္ခသမုဒယော၊ နန္ဒိနိရောဓာ ဒုက္ခနိရောဓော
(သံ၊ ၂။ ၂၈၅)

(၃) ဇော္ထ သာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဇော္ထ နိဝိသမာနာ နိဝိသတိ။
ကိဉ္စိ လောကေ ဒုက္ခသမုဒယံ အရိယသစ္စံ။

http://www.dhammadownload.com

(၄) ဧတ္ထေ သာ တဏှာ ပဟီယမာနာ ပဟီယတိ၊ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ နိရောဓံ အရိယသစ္စံ။

ဒီ၊ ၂။ မဟာသတိပဋ္ဌာနသုတ်ပါဠိတော်၊ ၂၄၆-၉

ဘာသာပြန်။ ။ (၁) ရှေးဘဝ၌ဖြစ်သော တဏှာသည် ခန္ဓာ၅-ပါးဟူသော ဒုက္ခ၏ အကြောင်းရင်းအမှန်အစစေတည်း။

နန္ဒိတိ ပုရိမတဏှာ။ဒုက္ခန္တိ ပဉ္စက္ခန္ဓာ။မူလန္တိ အာဒိ။ မ၊ ၆၊ ၁။ ၅၅-နှာ။

(၂) တဏှာဖြစ်ပွားသောကြောင့် ခန္ဓာ ၅-ပါး ဟူသောဒုက္ခ သစ္စာဖြစ်ပေါ်လာသည်၊ တဏှာချုပ်ငြိမ်းခြင်းကြောင့် ခန္ဓာ ၅-ပါးဟူသော ဒုက္ခသစ္စာ မဖြစ်တော့ဘဲ အကြွင်းမဲ့ ချုပ်ငြိမ်းသည်။

(၃) ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤချစ်ခင်ဖွယ်၊ သာယာဖွယ် (ပိယ, သာတ) အာရုံ၌ဖြစ်၏။ တည်သည်ရှိသော် ဤချစ်ခင်ဖွယ် သာယာဖွယ် (ပိယ, သာတ) အာရုံ၌ တည်၏ ။ပ။ ရဟန်းတို့ ဤတရားသဘောကို အရိယာတို့ သိအပ်သော ဒုက္ခသစ္စာ၏ဖြစ်ကြောင်း အရိယသစ္စာဟူ၍ ဆိုအပ်၏။

(၄) ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤချစ်ခင်ဖွယ် သာယာဖွယ် (ပိယ, သာတ)အာရုံ၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤချစ်ခင်ဖွယ် သာယာဖွယ် (ပိယ, သာတ)အာရုံ၌ချုပ်၏။ ရဟန်းတို့ ဤတရားသဘောကို အရိယာတို့ သိအပ်သော ဒုက္ခသစ္စာ၏ အကြွင်းမဲ့ ချုပ်ရာ အရိယသစ္စာဟူ၍ ဆိုအပ်၏။

ဖော်ပြပါ သုတ္တန်တရားများအရ အကြင်အာရုံ၌ တဏှာဖြစ်၏၊ ထို အာရုံ၌ ဒုက္ခဖြစ်သည်။ အကြင်အာရုံ၌ တဏှာချုပ်၏၊ ထိုအာရုံ၌ ဒုက္ခ ချုပ်သည်ဟူ၍ မြတ်ဗုဒ္ဓက နည်းမှန် ညွှန်ပြတော်မူထားသည်။ စုဒိတကသည် ထို နည်းလမ်းမှန်တော်ကို သွေဖီလျက် သုတ္တန်တရားတော်သည် သမာဓိရရုံသာ အလွဲယူစွဲကာ အကြင်နေရာ၌ ဒုက္ခဖြစ်၏၊ ထိုနေရာ၌ပင် ဒုက္ခချုပ်သည်ကို သိစေရန် အနတ္တ ဉာဏ်အမြင်ဖြင့် ပြန်လည်သရုပ်ခွဲပါသည်ဟု အလွဲအမှား နိဗ္ဗာန်ရောက်ကြောင်း တရားကို တိထွင်သည်။

http://www.dhammadownload.com

စောဒနာအမှတ်(၁၉) သုံးသပ်ချက်

အခြင်းပွားချက်။ စုဒိတကသည် ဘုရားရှင် သာသနာတော်၌ ဗုဒ္ဓဘာသာဝင်တို့၏ သရဏဂုံယူခြင်းကို ပျက်စီးအောင်ဟောပါသည်။

ငြင်းခုံချက်။

စွဲဆိုချက်။ ဘုရားဟောတော်မူသော သရဏဂုံတွင် ကိုးကွယ်စရာ ရတနာမြတ်သုံးပါးသည် သရဏမည်ပါသည်၊ ကြည်ညိုမှုသဒ္ဓါကို အကြောင်းပြု၍ ဖြစ်သော ကုသိုလ်စိတ္တဇပွါဒ်သည် သရဏဂုဏ်ဖြစ်ပါသည်။ သရဏဂုံကို ရဟန်း/ပုဂ္ဂိုလ်/ဂိုဏ်း/သံယာထံတွင် ခံယူဆောက်တည်ရပါသည်။ ဓမ္မနီတိက သရဏဂုံခံယူဘို့ မလိုဟုဆိုသောကြောင့် ဓမ္မနီတိဝါဒသည် သရဏဂုံတည်သောဝါဒ မဟုတ်ပါဟု ကျမ်းဂန်သာဓက တင်ပြစောဒနာကြသည်။

ချေပချက်။ မမြဲသောသရဏဂုံမှ မြဲသောသရဏဂုံသို့ ရောက်စေရန် အနိယတနှင့် နိယတ သဘောတရားများကို သရုပ်ခွဲဟောကြားပါသည်။ အနတ္တတရား သစ္စာလေးပါးကို ဦးဆောင်သိသောဉာဏ်သည် (ဗုဒ္ဓဘုရား)၊ အမှန်ရှိ အသိခံရသော အနတ္တတရား သစ္စာလေးပါးက (ဓမ္မတရား)၊ အစွဲသမုဒယကို ပယ်သတ်တာက (သံယာ)ဖြစ်သည်။ ဘုရား၊ တရား၊ သံယာ တသားတည်း၊ တထပ်တည်းဖြစ်၍ ခံယူရန်မလိုပါ။

(အကျယ်ကို သောဓနာလွှာ-၁၉-၌ကြည့်)

စီစစ်ချက်။

(က) ရတနာမြတ်သုံးပါးသည် သရဏမည်သည်ဟူသော အချက်၌ ကွဲပြားခြားနား ငြင်းခုန်ချက်မရှိပေ။ ရတနာသုံးပါး သရုပ်ထုတ်ရာ စသည်တို့၌ ကွဲပြား ငြင်းခုန်ကြသည်။

(ခ) သရဏမည်သော ကိုးကွယ်စရာ ဘုရား၊ တရား၊ သံယာကို သရုပ်ထုတ်ရာ၌ စောဒကများနှင့် စုဒိတက၏ ငြင်းခုန်ချက်တို့ကို နှိုင်းယှဉ်စီစစ်မည်။

၁။ ဘုရား။ **။စောဒကများအဆို။**-----သဗ္ဗညုတညာဏ်တော်သည် ဂုဏ်၊ ထိုဂုဏ်၏ တည်ရာ ခန္ဓာငါးပါး အပေါင်းဖြစ်သည် ဘုရား။

စုဒိတကအဆို။-----အနတ္တတရားကိုသိသော ဉာဏ်သာ မုချအားဖြင့် ဗုဒ္ဓဟု သတ်မှတ်သည်။

http://www.dhammadownload.com

စိစစ်ချက်။ ၁ ။

(က) စောဒကတို့က ကျမ်းဂန်သာဓကတင်ပြ၍ ဆိုကြသည်။ စုဒိတကပုဂ္ဂိုလ်က ကျမ်းဂန်သာဓက မပြဘဲ ဆိုသည်။ စောဒကတို့၏အဆိုသည် "ဟီတေ ပဝတ္တေန အဟိတေစ နိဝတ္တေန သတ္တာနံ ဘယံ ဟိ သတိ ဗုဒ္ဓေါ"ဟု (ဒီ၊ ၆၊ ၁။ ၂၀၆။ မ၊ ၆၊ ၁။ ၁၃၆-နှာ) ဗုဒ္ဓ၏ သရဏာမည်ပုံကိုပြသော သီလက္ခာန် အစရှိကုန်သော ထိုထို အဋ္ဌကထာဋီကာ ကျမ်းဂန်တို့နှင့်ညီသည်။ စုဒိတက၏အဆိုသည် တင်ပြစရာ ကျမ်းဂန်သာဓကလည်း မရှိ၊ ဗုဒ္ဓပိဋကတော် ကျမ်းဂန်များနှင့် လည်း မညီ။ ထို့ကြောင့်-

စောဒကတို့၏ အဆိုအရ-----ဗုဒ္ဓ-အမှန်လေးတန်၊ သဘာဝအမှန်တရားကို ကိုယ်တော်တိုင်သိ၍ အခြားသူတွေကိုလည်း သိစေတော်မူသော သဗ္ဗညုတ ဉာဏ်တော် သခင် ဘုရားရှင်ကိုဟူ၍ အနက်ပေးရမည်။

စုဒိတကပုဂ္ဂိုလ်၏အဆိုအရ--ဗုဒ္ဓ-အနတ္တသဘာဝကို ကိုယ်တိုင်သိရုံမျှ အခြားသူတွေကို သိစေဖို့ရန် မစွမ်းဆောင်နိုင်သော အနတ္တသိဉာဏ် ဘုရားဟူ၍ အနက်ပေးရမည်။

ယင်းအနက်နှစ်ရပ် ယှဉ်စပ်ကြည့်လျှင် စုဒိတက၏အဆို လွဲမှားကြောင်း သိလွယ်သည်။

(ခ) စောဒကတို့တင်ပြသော သဗ္ဗညုတဉာဏ်တော် သခင် ဘုရာရှင်သည် ထိုဘုရား၏ သာသနာတစ်ခေတ်၌ အတူမရှိ၊ အတုမရှိ၊ အမြင့်မြတ်ဆုံးဖြစ်၍ သစ္စာလေးပါးကို ဟောပြတော်မူသော ဆရာဘုရားဖြစ်သည်။ စုဒိတကတင်ပြသော အနတ္တသိဉာဏ် ဘုရားသည် ဝိပဿနာ မလုပ်သူ၌လည်း ဖြစ်သောကြောင့် အတူမရှိမဟုတ်၊ အတုမရှိမဟုတ်၊ မြင့်မြတ်ဆုံး မဟုတ်၊ သစ္စာလေးပါးကို မဟောပြနိုင်၊ ဆရာဘုရား မဟုတ်ပေ။ ကလျာဏ-ပုထုဇဉ် (ခေါ်) သုတဝါပုထုဇဉ် (ဝိပဿနာ မလုပ်ရသေးဘဲ ပရိယတ္တိစာပေ ဗဟုသုတရှိသဖြင့်

http://www.dhammadownload.com

အနတ္တဟု သိမ္မတ်ထားသူ) သည်လည်း အနတ္တသိဉာဏ် ရှိပြီး သူ၊ သက္ကာယဒိဋ္ဌိ (အတ္တစွဲ) မရှိသူဟူ၍ သောဓနာ-၃/၂ (ဂ) မှတ်၌ စုဒိတကတ်၏ ဝန်ခံချက်ရှိပြီး ဖြစ်သောကြောင့် စုဒိတက တင်ပြသော အနတ္တသိဉာဏ် ဗုဒ္ဓသည် ဝိပဿနာ မလုပ်ရ သေးသူ၌လည်း ဖြစ်သည်၊ သစ္စာလေးပါးကို မဟောပြနိုင်။ ထို့ကြောင့် သစ္စာလေးပါးသိမ္မ သစ္စာလေးပါးကို ဟောနိုင်မှ ဘုရားဟု (စောဒနာ-၇/၁ (ဂ) တိပ်ခွေ-၂၁၊ သရဏဂုံသုံးပါး တကယ်မြဲသလား၌) စုဒိတကပြောစကားနှင့်ပင် မညီဘဲ ပလီပလာ ဖြစ်နေလေပြီ။

(ဂ) စုဒိတကသည် အတုမရှိသော သဗ္ဗညုတဉာဏ်တော်သခင် ဘုရားရှင်ကို ဗုဒ္ဓဟုအသိအမှတ်မပြု၊ အယုံအကြည်မရှိ၊ သမုတိသစ္စာနယ်က မရှိဘုရားဟု ပယ်ထားပြီးလျှင် သဗ္ဗညုတ ဉာဏ်တော်အောက် အတိုင်းအဆမရှိ နိမ့်ကျလွန်းသော အနတ္တသိဉာဏ်ကို ဗုဒ္ဓဟု သိမ္မတ်ပြုကာ နေရာပေးလိုက် သည်။ သဗ္ဗညုတဉာဏ်တော်ရှိသူကိုလည်း သမုတိသစ္စာ နယ်ကဘုရား၊ ပညတ်ဘုရား၊ တကယ်မရှိသော ဘုရား ဟူသော အလွဲစကား တို့ဖြင့် နေရာမှန်မှ မတရားလုပ်ကြံ ဖယ်ရှားလိုက်သည်။ သဗ္ဗညုတဘုရားရှင်ကို တော်လှန် ပုန်ကန်မှုကြီးကို ကျူးလွန် သည်။ အနတ္တသိဉာဏ် ရှိသူကို ပရမတ္တသစ္စာနယ်ရှိ ဘုရား၊

(၂) စောဒကတို့တင်ပြချက်၌ "ဓမ္မနီတ၏တပည့် ယောဂီ ထီး၊ ယောဂီမတို့သည်"ဟု တိတိပပ ရှင်းလင်းစွာ ဆိုထားချက်ကို "သမ္မာသမ္ဗုဒ္ဓ အတုလသခင် ဘုရား ရှင်ကို" ဟု စုဒိတကပုဂ္ဂိုလ်က တင်ပြသည်။ ထို တင်ပြ ချက် နှစ်ရပ်ကို နှိုင်းယှဉ်စိစစ်လျှင် စောဒကတို့ အဆို တွင် "ဓမ္မနီတိ၏တပည့် ယောဂီထီး ယောဂီမတို့" ဟူသော စကားလုံးသည် စုဒိတက၏အဆိုတွင် "သမ္မာ သမ္ဗုဒ္ဓ အတုလသခင် ဘုရားရှင်" ဖြစ်လာသည်၊ ယင်းသို့ဖြစ်ပါ၍ "ဓမ္မနီတိ၏တပည့် ယောဂီထီး၊ ယောဂီမတို့ကို သမ္မာသမ္ဗုဒ္ဓ အတုလသခင် ဘုရားရှင်"

http://www.dhammadownload.com

ဟု ပြောသူသည် စုဒိတကကိုယ်တိုင် ဖြစ်နေသည်မှာ ငြင်းကွယ်မရအောင် ပေါ်လွင်နေသည်။ စုဒိတက၏ အပြစ်သည် သေးသေးငယ်ငယ် မဟုတ်ချေ။

(c) ဘုရားတပည့်တော် (စုဒိတက)၏ တရားသင်တန်း၌--ပ--ဥတ္တရိမနုဿ သဘောကို မိမိတို့ခန္ဓာ၌ တင်စားသမှု မပြုကြပါဟု စုဒိတက၏ ငြင်းဆိုချက် သဘောမမှန်ပုံ တန်ဘိုးမဲ့ပုံတို့ကို စုဒိတက၏ဟောချက် (စောဒနာ ၁၁-(ည) မှတ်ပြ) စကားသည် အထင်အရှား ဖော်ပြထားပြီးဖြစ်သည်။ လောကီသမုတ်တွင်ရှိသော သစ္စာတရားတို့ကိုကား ဖျက်ဆီးသမှုမပြုကြပါ။ ထိုအကြောင်းအရာကို နေရာများစွာ၌ ရှင်းလင်းဖြေဆိုပြီး ဖြစ်ပါသည်ဟု (သောဓနာ၊ ၁၉/၂)၌ လည်းကောင်း၊ သမုတိသစ္စာအသုံးကို မထိခိုက်စေဘဲ မပယ်ရှားဘဲ ပရမတ္ထအသိ သစ္စာလမ်းကြောင်းကို လျှောက်ရန် ညွှန်ပြ ဟောကြားပါသည်ဟု (သောဓနာ၊ ၁၉/၃)၌ လည်းကောင်း၊ စုဒိတကတင်ပြချက်ရှိသည်။ လောကီသမုတိနယ်တွင်ရှိသော သစ္စာ (၀ါ) သမုတိသစ္စာဟူသည် စုဒိတက၏ ဟောချက်တိပ်ခွေ ပါစကားများအရ ပညတ်အရိပ် တကယ်မရှိဖြစ်သည်။ ထို့ကြောင့် စုဒိတက၏ ထိုစကားများအရ သမ္မည္ဟတ ဉာဏ်တော် သခင်ဘုရားရှင်သည် **သမုတိသစ္စာ**၊ ပညတ်၊ အရိပ်၊ တကယ်မရှိသောဘုရား၊ ဘယ်တုန်းကမျှ မရှိသော ဘုရားဟု စုဒိတကဆိုသဖြင့် သဗ္ဗညုတဉာဏ်တော်သခင် ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးသော ဘုရားရှင်ကို ကြည်ညိုလေးစား အားထားမှု မပြုဘဲ သရဏ (ကိုးကွယ်စရာ) အဖြစ်မှ စွန့်ပယ်ထားကာ မိမိ၏ အနတ္တသိဉာဏ်ကိုသာ ဘုရားဟု ယူစွဲထားသည်မှာ ငြင်းကွယ်မရအောင် ထင်ရှားသည်၊ သဗ္ဗညုတဉာဏ်သခင် ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးသော ထိုဘုရားရှင်၏ အမိန့်အာဏာတော်နှင့် တရားတော်တည်းဟူသော သာသနာတော်၏ အရိပ်ကို ခိုလှုံနေသူဖြစ်သော စုဒိတကသည် မိမိ၏ခိုလှုံရာ သာသနာကို တည်ထားတော်မူခဲ့သော သဗ္ဗညုတ ဉာဏ်တော်သခင် ဘုရား

http://www.dhammadownload.com

ရှင်ကို သမုတိသစ္စာ၊ ပညတ်၊ အရိပ်၊ တကယ်မရှိသော ဘုရားဟု သိမှတ် ပြောဆိုမှု မပြုဘဲ စွန့်ပယ်ထားသောကြောင့် ကျေးဇူးတုံ့ပြန်မှု ဟူသော လူ့ယဉ်ကျေးမှု မရှိသူ စစ်စစ်ဖြစ်နေသည်၊ သမုတိသစ္စာ အသုံးကို မပယ်ရှားပါဟူသော စကားမှာလည်း ကောင်းကျိုးမထင် လှည့်ကွက်မာယာသာလျှင် ဖြစ်နေသည်၊ အနတ္တကို မသိသေးခင် အချိန်တွင် သဗ္ဗာညုမြတ်ဘုရားကို ကိုးကွယ်အားထား မြင့်မြတ်သည့်နေရာမှာ သိမှတ်ထားခဲ့သည်၊ ထို သဗ္ဗညုဘုရားက ညွှန်ပြထားသော တရားနည်းလမ်းကို အဓိက အမှီပြု၍ အနတ္တကိုသိဉာဏ် မိမိသန္တာန်မှာ ဖြစ်ပြီး ချိန်တွင် ထိုကျေးဇူးတော်ရှင် သဗ္ဗညုဘုရားကို သမုတိသစ္စာဘုရား၊ ပညတ်ဘုရား၊ ဘယ်တုံးကမျှ တကယ်မရှိသောဘုရားဟု သိမှတ်ပြောကြားကာ ကိုးကွယ်ခံ နေရာမှန်မှဖယ်ရှား၍ ငါဗုဒ္ဓဖြစ်ပြီဟု မိမိကိုယ်တိုင် နေရာယူလိုက်သည်။ ထို့ကြောင့် သမုတိသစ္စာအသုံးကို မပယ်ရှားပါဟူသော စုဒိတကတ်၏ စကားသည် အပြင်ဘက်မှာ ဘုရား မရှိ၊ ကိုယ့်ခန္ဓာမှာသာ ဘုရားရှိသည်ဟုနေရာ လူ့စကား၊ လူ့ယဉ်ကျေးမှုမျှ မရှိသူ၏ စကားအဖြစ်သို့ ဦးတည်ချက် ပေးထားသော စကားလှည့်ကွက် မာယာစကားသာဖြစ်နေသည်၊ မှားချက်နာလွန်းပေသည် တကား။ လွဲချက်လွန်လွန်းချေသည် တကား။

လူ့ယဉ်ကျေးမှုမျှ မကျန်တော့အောင် ဖျက်ဆီးသော ထို အနတ္တတရားသည် မြတ်ဗုဒ္ဓ ညွှန်ပြတော်မူထားသော အနတ္တတရားမဟုတ်ဘဲ အရည်းကြီး အဇိတ၏ ဘုရားမရှိ ဟူသော နတ္ထိကဝါဒတရားကို အနတ္တဟု နာမည်တုတပ်ထားသော အတု အယောင် အနတ္တမျှသာဖြစ်သည်၊ မှန်လှ၏။

"နတ္ထိ ဧလောကေ သမဏာ ဗြာဟ္မဏာ သမ္မဂ္ဂတာ သမ္မာ ပဋိပန္နာ၊ ယေ ဣမဉ္စ လောကံ, ပရဉ္စ လောကံ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေန္တိ" (ဒီ၊ ၁။ ၅၁-နှာ) ဤပစ္စုပ္ပန်လောကကိုလည်းကောင်း၊ တမလွန်လောကကိုလည်းကောင်း၊ ကိုယ်တိုင် ထူးထူးခြားခြားသိ၊ မျက်မှောက်ထင်ထင် ဉာဏ်

http://www.dhammadownload.com

မျက်စိဖြင့် မြင်ကြ၍ ပြန်လည်ဟောကြောင်းနိုင်ကုန်သော ကိုယ်တိုင်မြတ်သူအဖြစ်သို့ ရောက်ကြကုန်သော၊ အကျင့်မှန်ကောင်းကို ကျင့်ပြီးကုန်သော သာမဏ ပြာဟ္မဏတွေ လောကမှာ တကယ်မရှိပေ (၀ါ) လေလုံးထွားကာ ၀ါကြွား လိမ်ညာနေသူတွေသာ ဖြစ်ကြပေသည်"ဟု အရည်းကြီး အဇိတ ပြောခဲ့သည်။ (အဇိတ၏စကားများကို အကျဉ်းချုပ်၍ လိုရင်းသိရုံမျှ ဖော်ပြသည်)။ စုဒိတကသည်လည်း အနတ္တကို သိပြီးမှ သဗ္ဗညုတဉာဏ်တော်သခင် ဘုရားရှင်သည် သမုတိသစ္စာမျှသာ အရိပ်၊ ပညတ်၊ ဘယ်တုံးကမျှမရှိသော ဘုရားဟု ပြောကြား ပယ်ရှားလိုက်သည်၊ ထို့ကြောင့် ဘုရားကို ပယ်ရှားကြောင်း အရင်းခံဖြစ်သော စုဒိတက၏ ပရမတ္ထသစ္စာနယ်က အနတ္တတရားသည် မြတ်ဗုဒ္ဓပိဋကတော်လာ တရားတော်များနှင့်တကွ လူယဉ်ကျေးမှုတွေကိုပါ ဆန့်ကျင် တိုက်ဖျက်သော အတုအယောင် ပရမတ္ထသစ္စာ နယ်ရှိ အနတ္တသုညသာ ဖြစ်သည်၊ မြတ်ဗုဒ္ဓဟောညွှန်ပြတော်မူထားသော အနတ္တ ပရမတ္ထသစ္စာစစ်စစ် မဟုတ်။ အရည်းကြီးအဇိတ၏ ဘုရားမရှိ ဟူ၏သော နတ္ထိကဝါဒကို ဗုဒ္ဓဝါဒ ယောင်ယောင်ဖြစ်အောင် ပုံစံပြောင်းထားသော အနတ္တပရမတ္ထသစ္စာနယ်သာ ဖြစ်သည်မှာ ထင်ရှားပေါ်လွင်ပြီ။

ပြခဲ့ပြီးအကြောင်းအချက်များအရသရဏဂုံအရာ၌ဘုရားကိုပြဆိုသော စုဒိတက၏ စကားတို့သည် ကျမ်းဂန်မှန်မပြနိုင်ဘဲ သဗ္ဗညုတဉာဏ်တော် သခင် ဘုရားရှင်ကို မြင့်မြတ်ဆုံးနေရာမှန်မှ မတရားပယ်ချသော အလွဲအမှား စကားတို့သာ ဖြစ်ကြသည်။

၂။ တရား။

စောဒကများအဆို--မဂ်၊ ဖိုလ်၊ နိဗ္ဗာန်၊ ပရိယတ္တိသည်တရား။

စုဒိတကအဆို--ပရိယတ္တိမမှကို အဆီညစ်ထားသော အနတ္တသဘောသည်သာတရား။

http://www.dhammadownload.com

စီစစ်ချက်။ ၂။

စောဒကတို့ပြထားသော တရားဆယ်ပါးကို သီလက္ခန္ဓ၀ဂ္ဂ (ဒီ၊ ၄၊ ၁။ ၂၀၅။ မ၊ ၄၊ ၁။ ၁၃၅) အစရှိကုန်သော အဋ္ဌကထာဦးကာကျမ်းများ၌ သရဏဂုံအရာတွင် ကိုးကွယ်ရမည့်တရားဟူ၍ မိန့်ဆိုထားကြသည်။ စုဒိတက တင်ပြသောတရားသည် ကျမ်းဂန်သာဓကမပြဘဲ စုဒိတက၏ ယူဆချက်မျှ သာ ဖြစ်သည်။ ဓမ္မအရ ပရိယတ္တိနှင့်တကွ နဝလောကုတ္တရဓမ္မအားလုံး ပါ၀င်သည်ဟု သောဓနာ ၁၄/ ၂တွင် စုဒိတကဆိုခဲ့ပြီးသော စကားရှိသည်။ ထို့ကြောင့် စုဒိတက စကားသည် ရှေ့နောက်မညီ။ နိဗ္ဗာန်ရောက်ရန် တိဟိတ်ဉာဏ်ရှိမှု (၀၊) အသိဉာဏ်စွမ်းဟုန်ထက်သန် ပြည့်စုံမှုသည်လည်း လိုရင်း အချက်တရပ် ဖြစ်သည်။ အသိဉာဏ်စွမ်း ပြည့်စုံရန်မှာ လူ၊ နတ်၊ ပြဟ္မာဟူသော သုဂတိဘ၀ တစ်ခုခု၌သာ ဖြစ်ခွင့်ရှိသည်၊ အပါယ်လေးပါးရောက်နေခိုက်တွင် လုံး၀မ ဖြစ်နိုင်ချေ။ ထို့ကြောင့် ပုထုဇဉ် ဖြစ်နေသူတို့သည် အပါယ်မရောက်ဘဲ သုဂတိဘ၀ကိုရဖို့ ကြိုးပမ်းအားထုတ်ရန် ရှေးဦးလိုရင်းချက်ကြီးဖြစ်သည်။ သုဂတိဘ၀ကိုရဖို့ရန် ကြိုးပမ်းဖို့အတွက် နည်းမှန်ကိုသိဖို့နှင့် နိဗ္ဗာန်လမ်းကို သိဖို့ဘုရားစစ် တရားစစ် သံဃာစစ်ဟူသော ရတနာမွန်သုံးပါးကို ကိုးကွယ်အား ထား ဆည်းကပ်ရန် ရှောင်လွှဲမရ တကယ်လိုအပ်သည်။

ဘုရားနှင့်သံဃာသည် နည်းမှန်ကောင်းတရားတော်ကို ညွှန်ပြတော်မူကြ၍ ကုသိုလ်ပြုသူတို့၏ ကုသိုလ်အကျိုးဖွံ့ဖြိုးအောင် ဆောင်တော်မူကြသည်၊ ထို့ကြောင့် နည်းမှန်ကောင်းတရားကိုသိဖို့ ဘုရားနှင့်သံဃာကို ကိုးကွယ် ဆည်းကပ် ကြရသည်၊ ဘုရားနှင့်သံဃာညွှန်ပြသော နည်းမှန်ကောင်းတရားကို သိဖို့ဘုရားနှင့် သံဃာကို ပရိယတ္တိဟုခေါ်ဝေါ်ကြသည်။ ထို့ကြောင့် ပရိယတ္တိ တရားတော်သည်လည်း အားထားကိုးကွယ်စရာ သရဏဂုံတရားတော်တွင် ပါ၀င်သည်၊ ယင်းနည်းမှန်ကောင်းတရားတော် ပရိယတ္တိနှင့်အညီ ဒါနကထာ သီလဘာ၀နာ ကုသိုလ်တရားတွေကို ပြုကျင့်ပါမှ အပါယ်သို့မရောက်ဘဲ သုဂတိ ဘ၀သို့ရောက်၍ တိဟိတ်ပုဂ္ဂိုလ် (၀၊) အသိဉာဏ်စွမ်းဟုန်ထက်သန် ပြည့်စုံ သူဖြစ်နိုင်သည်၊သုဂတိဘ၀၌ တိဟိတ်ပုဂ္ဂိုလ်ဖြစ်ပြီးမှ နိဗ္ဗာန်ရောက်ရန် ကျင့်နည်းမှန် ဝိပဿနာတရားကို ယေဘုယျအားဖြင့် ဘုရားနှင့်သံဃာထံမှပင် ရယူနိုင်သည်၊ ဘုရားနှင့်သံဃာတို့က ညွှန်ပြသော ဝိပဿနာ ကျင့်နည်းမှန်

http://www.dhammadownload.com

တရားစကားတော်ကိုလည်း ပရိယတ္တိဟုခေါ်ဝေါ်ကြသည်၊ ထိုပရိယတ္တိ တရားတော်အရ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူသော လက္ခဏာယာဉ်တို့ကို စနစ်တကျမှန်အောင် သိပြီးမှ လိုက်နာပြုကျင့်ပါလျှင် မဂ်၊ ဖိုလ်၊ နိဗ္ဗာန် အကျိုးကို ရသည်။ ထို့ကြောင့် ပရိယတ္တိဓမ္မကို အဆီညှစ်လျှင်ဘုရား၊ တရား၊ သံဃာဟူသော ရတနာသုံးပါးနှင့် အနိစ္စ ဒုက္ခ အနတ္တ-ဟူသော လက္ခဏာယဉ်သုံးပါး၊ စုစုပေါင်း ၆-ပါးကျန်မှ သုဂတိဘဝကိုရ၍ နိဗ္ဗာန်ထိအောင် အဆင့်ဆင့်တက်လှမ်းနိုင်မည်။

ပရမတ္ထစက္ခုကျမ်း။

ပရိယတ္တိဓမ္မကို အဆီညှစ်လိုက်သောအခါ အနတ္တသဘောတခုသာ ကျန်လျှင် အဆီကိုအမှန်မသိ၍ လက်ကြားယိုထွက်ကုန်သည်ဟု မှတ်ကြရာ သည်။ ကုသိုလ်အကုသိုလ်၊ (၃၁)ဘုံမရှိဟု အမှားအလွဲ ယူစွဲထားခြင်းသည် ယင်းသို့ ပရိယတ္တိဓမ္မအဆီတွေ လက်ကြားယိုထွက်ကုန်ခြင်း၏-အကြောင်းရင်းတည်း။ ရတနာသုံးပါးမှ မကျန်တော့လျှင် သရဏဂုံ မရှိသူဖြစ်သည်၊ ဗုဒ္ဓဘာသာဝင် မဟုတ်တော့ပြီ။ ရတနာသုံးပါးသည်လည်း အနတ္တပင်ဖြစ်သည် မဟုတ်လောဟု ဆင်ခြေတက်သူကို သင်သည်ရတနာသုံးပါးကို မကိုးကွယ်တော့ပြီလောဟု ပြန်မေးရာ၏၊ အနတ္တဟု မြတ်ဗုဒ္ဓဟောတော်မူခြင်းသည် လောဘနှင့်တကွ အကုသိုလ်တွေကိုပယ်ရန်သာဖြစ်သည်။ ရတနာသုံးပါးကို ပယ်ရန် မကိုးကွယ်ရန် မဟုတ်ချေ။ စုဒိတကသည် သောဓနာ၊ ၁၉/ ၁၊ ပုဒ်-၂ ၌ အမှန်ရှိ အသိခံ ရသော အနတ္တတရားသစ္စာ လေးပါးသည် (ဓမ္မ = တရား) ဟုဆိုခဲ့သည်၊ ၁၉/၂-ပုဒ်- ၂-၌ အနတ္တသဘောသည်သာ တရားဖြစ်ပါသည်ဟု ဆိုပြန်သည်၊ အနတ္တ တရားနှင့် အနတ္တသဘောကိုမျှ မှန်ကန်ကွဲပြားစွာမသိသူ စုဒိတကသည် သရဏဂုံ အရာတွင် တရားတော်ကို ဟုတ်မှန်စွာ သိသူမဖြစ်နိုင်။ ထို့ကြောင့် သောဓနာ ၁၄/၂တွင် ဓမ္မအရ ပရိယတ္တိနှင့်တကွ နဝလောကုတ္တရဓမ္မ အားလုံးပါဝင် သည်ဟု ဆိုခဲ့ပြီးလျှင် ဤ၌အနတ္တသဘောသည်သာ တရားဟု လိပ်ခဲတင်လင်း ဖွတ်ပေြင်းနေပြန်သည်။

၃။ သံဃာ။။စောဒကတို့အဆို--အရိယာတို့၏ အပေါင်းသည်သံဃာ။

စုဒိတကအဆို-အစွဲသမုဒယကို ပယ်သတ်ပြီးသော ပရမတ္ထ သံဃာ နှစ်ဦး တွဲပြားငြင်းခုန်မှုမရှိ၊ အရိယသံဃာနှင့် သီလသမာဓိ ပညာ ပြည့်စုံသော သမုတိသံဃာသည် သံဃာဟုမှတ်လေ။

http://www.dhammadownload.com

၄။ ရတနာသုံးပါး။ တခြားစီဖြစ်သည်ဟု စောဒကတို့ကဆိုသည်။ ပရမတ္ထနယ် တသားတည်း၊ တထုပ်တည်း၊ တခြားစီမဟုတ်ဟု စုဒိတက ဆိုသည်။

စိစစ်ချက်။ ၄။

စုဒိတက၏ပရမတ္ထနယ်အရ မိမိ၏မွေးရာပါခန္ဓာကိုယ်အတုံးကြီး သာလျှင် ပရမတ်ဟုဆိုခဲ့သည်၊ သောဓနာ-၁၉-၌ အနတ္တသည် ပရမတ်ဟု ဆိုပြန်သည်၊ ယင်းသို့တည်ကိန်းပြောင်းတရားကိုယ်သရုပ်လည်းအမျိုးမျိုး ပြောင်းနေခြင်းသည်ပင် ပရမတ်ဟူသောစကားနှင့် မတန်၊ သဘာဝမမှန်၊ အသိဖောက်နေသူ၏ ပရမတ်ဖြစ်သောကြောင့် ပရမတ်သည်လည်း တည်ကိန်းပြောင်းလိုက်၊ တရားကိုယ် သရုပ်ပြောင်းလိုက် ဖြစ်နေတော့သည်။ ယင်းသို့ ပရမတ်ဟု သတ်မှတ်ချက် မမှန်လျှင် ပရမတ္ထနယ်သည်လည်း မှန်ကန်မည်မဟုတ်။ စိတ်ကူး ပေါက်သလို လုပ်ထားသော ပရမတ္ထနယ်သာ ဖြစ်သည်မှာ သဘာဝမမှတာသာဖြစ်သည်။

တသားတည်း၊ တထပ်တည်းဖြစ်လျှင် ရတနာတပါးသာ (၀၊) တစ်မျိုးသာဖြစ်နိုင်သည်၊ သုံးပါး (၀၊) သုံးမျိုးမဖြစ်နိုင်ချေ။ ကလေးငယ်တွေပင် သိလောက်သည်။ အနတ္တကို ဦးဆောင်သောဉာဏ်သည် ဗုဒ္ဓ - ဘုရား၊ အနတ္တသဘောသည် တရားဟု စုဒိတကဆိုထားခဲ့ရာတွင် အနတ္တသည်စုဒိတက၏ နယ်ခွဲချက်အရ ပညတ်နယ်တွင်မဟုတ် ပရမတ္ထနယ်တွင်ဖြစ်သည်၊ ဘုရားကိုသရုပ်ဖော်စကားတွင် အသိခံအနတ္တတရားကား တခြား၊ ဘုရား (ခေါ်) အသိဉာဏ်ကား တခြားဖြစ်သည်၊ တသားတည်း တထပ်တည်းမဟုတ်ပေ၊ ထို့ကြောင့် စုဒိတက၏ ရတနာသုံးပါးတခြားစီမဟုတ်၊ တသားတည်း တထပ်တည်းဟူသော စကားသည် စုဒိတက၏ ဘုရားကိုသရုပ်ဖော်သောစကားနှင့်လည်းမညီ၊ ပါးစပ်ပြောရုံမျှသာ၊ လက်တွေ့တွင် မဖြစ်နိုင်သောကြောင့် သဘာဝနှင့်မှန်နှင့်လည်း မလျော်၊ ကျမ်းဂန်လည်းပြစရာမရှိ၊ ရှိနေသော ဗုဒ္ဓပိဋကတ်တော်ကျမ်းဂန်များနှင့်လည်း လွဲချော်နေသည်၊ အမှားစစ်စစ်သာလျှင်ဖြစ်သည်။ ယင်းသို့ ရတနာသုံးပါးတသားတည်း တဖပ်တည်းဟူသော စကားလွဲမှားသောကြောင့် "တပည့်တော် (စုဒိတက)သည် ဉာဏ်အမြင်လမ်းကြောင်း စင်ကြယ်သည်ထက် စင်ကြယ်အောင် ဟောကြားနေကြောင်း သိသာပါသည်" ဟူ၍တင်ပြသော စုဒိတက၏နောက်ဆက်တွဲစကားသည်လည်း အသိသာရှိ၍ အနှစ်မပါ၊ လွဲမှားစွာကြွားဝါထားသော စကားသာဖြစ်သည်။

http://www.dhammadownload.com

ရတနာသုံးပါးဘယ်မှာလဲ

၅။ စောဒကတို့အဆို--- ရတနာသုံးပါးအပြင် (ဗဟိဒ္ဓ) မှာရှိသည်။

စုဒိတကအဆို----- ရတနာသုံးပါး မိမိခန္ဓာကိုယ်မှာသာရှိသည်။ ရတနာသုံးပါးအပြင်မှာ ရှိသည်ဆိုချက်ကို အပြစ်များစွာ ပြင်းထန်စွာဆိုသည်။

စီစစ်ချက်။ ၅။

(က) ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိကမ္မဋ္ဌာန်းဟူသော သမထအရာ၌ ဂုဏ်တော်ကိုသာ အာရုံပြုရသည်၊ ဂုဏ်တော်၏တည်ရာဖြင်ကို အာရုံမပြုရ။ သရဏဂုံအရာတွင် ဂုဏ်တော်ကို အာရုံပြု၍ ဂုဏ်တော်၏တည်ရာဖြင်ကို ကိုးကွယ်အားထား ဆည်းကပ်ရသည်ဟူသော သဘာဝမှန် နှစ်ရပ်ကို တသန့်စီ ခွဲခြားကွဲပြားအောင် မှတ်သားထားကြရာသည်။ ရောထွေးယှက်တင် မရှိစေရာ။

(ခ) သရဏဂုံအရာတွင် သဗ္ဗညုတညာဏ်တော်သခင် ဘုရားရှင်ကို ဗုဒ္ဓဟု သိမှတ်ပြုကိုးကွယ်ရသောကြောင့် ဗုဒ္ဓသည် အပြင်ဗဟိဒ္ဓမှသာ ရှိတော်မူသည်၊ ကိုးကွယ်သူ၏ ခန္ဓာကိုယ်တွင်း၌ မရှိ။ နိဗ္ဗာန်သည်ဗဟိဒ္ဓါဓမ္မာ (အဘိဓမ္မာ၊ ၁၊)ပါဠိတော်အရ ဗဟိဒ္ဓမှာသာရှိသည်၊ မိမိခန္ဓာကိုယ်တွင်း၌ မရှိ။ မဂ်နှင့်ဖိုလ်သည် မိမိသန္တာန် ခြားသူသန္တာန်နှစ်မျိုးလုံး၌ ရှိနိုင်သောကြောင့် မဂ်တရား၊ ဖိုလ်တရားသည် မိမိခန္ဓာ၌လည်း ရှိသည်၊ အခြားသူခန္ဓာ၌လည်းရှိသည်။ သင်ပေးသူ၏သန္တာန်၊ သင်ယူသူ (မိမိ၏) သန္တာန်တို့၌ ရှိသော ပရိယတ်ကို ကြည်ညိုအားထားရသောကြောင့် ပရိယတ်တရားသည် အဖျတ္တဗဟိဒ္ဓနှစ်မျိုး၌ရှိသည်။ လူများအတွက် သံဃာသည် အပြင်မှာသာရှိ၍ ရဟန်းများအတွက် အဖျတ္တဗဟိဒ္ဓ၌ရှိသည်။

(ဂ) ထို့ကြောင့် ရတနာသုံးပါးအပြင် ဗဟိဒ္ဓမှာသာရှိသည်ဟူသော စောဒကတို့၏ စကားသည်လည်းကောင်း၊ မိမိခန္ဓာမှာသာ ရှိသည်ဟူသော စုဒိတက စကားသည်လည်းကောင်း၊ အမှန်အမှား နှစ်မျိုးလုံး ပါဝင်နေကြသည်။

http://www.dhammadownload.com

သရဏဂုံ (ခေါ်) ကိုးကွယ်မှု

သရဏဂုံ (ခေါ်) ကိုးကွယ်မှုနှင့် ပတ်သက်၍ စောဒနာ၊ ၁၉/၆ တွင် ဗုဒ္ဓဝါဒအရ-ထိုရတနာသုံးပါးလျှင် လဲလျောင်းရာအားဖြင့် စိတ္တုပ္ပါဒ်သည် သရဏဂုံမည်ပါသည်။

ဓမ္မနီတိဝါဒအရ - - ရတနာသုံးပါးကို ကြည်ညြိလေးစားသောအားဖြင့် ကိုးကွယ်လဲလျောင်းရာမရှိသောကြောင့် သရဏဂုံမရှိတော့ပါ။

ဖော်ပြပြီးအတိုင်း စောဒကတို့က နှိုင်းယှဉ်ပြထားချက်ကို စုဒိတကသည် ချေပချက်၊ ဖြေရှင်းချက်ကို တင်ပြခြင်းမပြုခဲ့ပေ၊ ချေစရာ၊ ရှင်းစရာမရှိ၊ နတ္ထိကဖြစ်နေတော့သည်။ သရဏဂုံ (ခေါ်)ကိုးကွယ်မှုဟူသည် ကြည်ညိုမှုသဒ္ဓါဦးဆောင်သော ကုသိုလ်စိတ္တုပ္ပါဒ်ဟု ဗုဒ္ဓဝါဒ (ဒီ၊ ၄၊ ၁။ ၂၀၆။ မ၊ ၄၊ ၁။ ၁၃၆-နှာ) ကျမ်းဂန်များ၌ဆိုသည်၊ စောဒကများတင်ပြသော သာဓကကိုကြည့်။ ကုသိုလ်သည် မရှိတရား အရိပ်၊ ပညတ်၊ ဟု တိတ်ခွေ၊ ၅/အေ၌ စုဒိတက နတ္ထိကဝါဒအရ ဖော်ပြထားသည်၊ (စောဒနာ၊ ၁/၉ (ဂ) ဟောချက်၌ကြည့်)။ ယင်းသို့ "နတ္ထိ သုကဋဒုက္ကဋာ နံ ကမ္မာနံ ဖလံ ဝိပါကော" (ဒီ၊ ၁။ ၅၁) ကုသိုလ် အကုသိုလ်တို့၏ ကျိုးရင်း+ကျိုးရင်းဆက် မရှိဟူသော အရည်ကြီးဝါဒအရ ကုသိုလ်မရှိဟု စုဒိတကယူစွဲထားသောကြောင့် သရဏဂုံ (ကိုးကွယ်မှု) ဟူသော အချက်နှင့် ပတ်သက်၍ စုဒိတကအတွက် ပြောစရာစကားလုံး မထွက်နိုင်တော့ပြီ။ တကယ်ပင် နတ္ထိက ဖြစ်ရရှာတော့သည်။ ထို့ကြောင့် ဓမ္မနီတိဝါဒ၌ သရဏဂုံ မရှိ၊ သရဏဂုံတည်သူလည်းမရှိ၊ ဓမ္မနီတိ၏တပည့်တို့သည် သရဏဂုံအနားသို့ မသီ၊ မိစ္ဆာဝါဒီများ ဖြစ်နေပါသည်ဟူသော စောဒကတို့၏ တင်ပြချက်ကိုလည်း ချေပဖြေရှင်းနိုင်စွမ်းမရှိ၊ နတ္ထိကဝါဒီပီသစွာ တကယ်ပင် နတ္ထိကဖြစ်နေရရှာသည်၊ သောဓနာချက်အစဦး၌ "အနိယတသရဏဂုံမှ (ဝါ) မမြဲသောသရဏဂုံမှ နိယတ=မြဲသောသရဏဂုံသို့ ရောက်စေရန် ရည်သန်၍ ဟောကြားပါသည်ဟု ဆိုခဲ့သော စုဒိတကသည် သရဏ (ကိုးကွယ်စရာ) တိုင်ရုံသာ စောဒကတို့နှင့် ယှဉ်ပြိုင်၍ ပြောဆိုဝံ့သည်၊ သရဏဂုံ(ခေါ်) ကိုးကွယ်မှုအကြောင်းအရာကို တစ်လုံးမျှ မပြောနိုင်၊ မပြောဝံ့ဘဲ စကားမရှိ တကယ်နတ္ထိက ဖြစ်နေသော ကြောင့် စုဒိတကသည် သရဏ (ကိုးကွယ်စရာ)နှင့် သရဏဂုံ(ကိုးကွယ်မှု)ကိုမျှ ကွဲပြားအောင် မသိသူဖြစ်ကြောင်း သရုပ်မှန်ပေါ်လာတော့သည်။

http://www.dhammadownload.com

အနိယတနှင့် နိယတသရဏကုံ

ပုထုဇဉ်တို့၏ ဗုဒ္ဓဘာသာဝင်အဖြစ်သည် မတည်မြဲသောကြောင့် သရဏ (ကိုးကွယ်စရာ) ပြောင်းလဲနိုင်သည်၊ သရဏပြောင်းလဲသွားသောကြောင့် သရဏကုံ (ကိုးကွယ်မှု) စိတ္တုပ္ပါဒ်သည်လည်း ပြောင်းလဲသွားတော့သည်၊ အနိယတ (မမြဲသော) သရဏကုံဟု ဆိုကြသည်။ အရိယာတို့၏ ဗုဒ္ဓဘာသာဝင် အဖြစ်သည် ပြောင်းလဲမရှိ၊ တည်မြဲသည်ဖြစ်သောကြောင့် သရဏ (ကိုးကွယ်စရာ) နှင့် သရဏကုံ(ကိုးကွယ်မှု)သည်လည်း နိယတ (တည်မြဲသည်) ဖြစ်သည်။ နိယတ (တည်မြဲသော) သရဏကုံဟု ဆိုကြသည်။ ထို့ကြောင့် အရိယာ မဖြစ်သမျှ နိယတသရဏနှင့် နိယတသရဏကုံရှိသူ မဖြစ်နိုင်။ အရိယာဖြစ်ပြီးလျှင် နိယတသရဏကုံကိစ္စသည် မဂ်တရားကြောင့် အလိုလိုပြီးစီးသည်။ တည်မြဲအောင် လုပ်နေရန်မလိုပေ။ စုဒိတကသည် အနိယတသရဏကုံမှ နိယတသရဏကုံ ဖြစ်အောင် မဟုတ်မမှန်သော နည်းလမ်းဖြင့် သရဏ (ကိုးကွယ်စရာ) ဘုရားပြောင်းလဲ၊ တရားပြောင်းလဲ၊ သံဃာပြောင်းလဲလုပ်ခြင်းကြောင့် နိယတသရဏကုံလည်း မဖြစ်ဘဲ အနိယတသရဏကုံမျှ မရှိသူအဖြစ်သို့ ကျဆင်းသွားတော့သည်။ အနိယတ-နိယတနှစ်မျိုးလုံး၌ သရဏ (ကိုးကွယ်စရာ ရတနာသုံးပါး) အပြောင်းအလဲမရှိ၊ တူညီသည်ဟု သိရာ၏။

ပြခဲ့ပြီးအကြောင်းတို့ကြောင့် စုဒိတက၏သရဏကုံသည် ကျမ်းဂန်နှင့်လည်း မညီ၊ သဘာဝလည်းမမှန်၊ အလွဲအမှားစစ်စစ်သာဖြစ်သည်။

သရဏကုံခံယူဖို့ လိုသလား

စောဒကတို့က အဇာတသတ်မင်းကြီး သရဏကုံခံယူဆောက်တည်ပုံနှင့် တကွသိလက္ခန်အဋ္ဌကထာစကားကို သာဓကထုတ်၍ သရဏကုံကို ခံယူဆောက်တည်ရမည်ဟု တင်ပြသည်၊ စုဒိတက၏ သောဓနာချက်မရှိ၊ သင်တန်းပေး ဟောချက် (၇)၌ ခံယူဆောက်တည်ရန်မလိုဟု ဆိုထားသည်။

စိစစ်ချက်။ ၇ ။

ဤမြတ်ဗုဒ္ဓ၏ သာသနာတော်တွင် ရှေးဦးဆုံး သရဏကုံတည်ကြကုန်သော-တပုဿနှင့်ဘလ္လိကညီနောင်တို့သည် မြတ်ဗုဒ္ဓထံတော်မှာ ဘုရားနှင့်တရားတို့ကို သာ သရဏ (ကိုးကွယ်စရာ) အဖြစ် ခံယူပြီးမှ ဆောက်တည်ကြသည်။ (ဒွေဝါစိက

http://www.dhammadownload.com

သရဏဂုံတည်း)။ ပဋ္ဌဝဂ္ဂိငါးဦးနှင့် ယသ (ဗာရာဏသီသူဌေးတဦး၏သား)တို့ ရဟန်းဖြစ်ကြပြီးချိန်၌ အရှင်ယသ၏ အဘ သူဌေးကြီးသည် မြတ်ဗုဒ္ဓထံတော်မှာ ဘုရား၊ တရား သံဃာဟု သုံးပါးတို့ကို သရဏ (ကိုးကွယ်စရာ)အဖြစ် ခံယူ၍ ဆောက်တည်သည် (တေဝါစိကသရဏဂုံတည်း)။ ဤ၌ သံဃာဟူသည် ရဟန်းတပါးကို ဆိုလိုသည်မဟုတ်၊ လေးပါး, လေးပါးထက်ပိုလွန်သော ရဟန်းတို့၏ အစုအပေါင်းကို ဆိုသည်ဟု သိမှတ်ရာ၏။

ဓမ္မစကြာနှင့် အနတ္တလက္ခဏာသုတ်ကို ဟောတော်မူသည့် ဝါဆိုလတွင်ပင် ပဋ္ဌဝဂ္ဂိငါးဦး၊ အရှင်ယသ၊ အရှင်ယသ၏ သူငယ်ချင်း ဗာရာဏသီမြို့နေ သူဌေးသားလေးဦး၊ အရှင်ယသ၏သူငယ်ချင်း ဇနပုဒ်နေ အထက်တန်းလွှာလူ-၅၀-စုစုပေါင်း တပည့်သံဃာ ရဟန္တာ(၆၀)တို့ မြတ်ဗုဒ္ဓသာသနာတော်၌ ပေါ်ထွန်းပြီး ဖြစ်သည်။ ထိုအခါ မြတ်ဗုဒ္ဓသည် တပည့်ရဟန္တာသံဃာတော် (၆၀)တို့ကို လမ်းတကြောင်းလျှင် တပါးကျစီ သွားရမည်ဟု စနစ်ပေးတော်မူ၍ ထိုထိုအရပ်တို့သို့ သာသနာပြုရန် စေလွှတ်တော်မူသည်။ ဝါဆိုရန် သတ်မှတ်ချက် မပြုရသေးပေ။ သာသနာပြု ရဟန္တာအရှင်မြတ်တို့သည် ထိုထိုအရပ်တို့မှ ရဟန်းလောင်းတို့ကို မိဂဒါဝုန်ရှိမြတ်ဗုဒ္ဓထံတော်သို့ ရဟန်းပြုပေးရန် ခေါ်လာကြသည်။ မြတ်ဗုဒ္ဓကိုယ်တော်တိုင် "ဧဟိဘိက္ခု" ခေါ်တော်မူ၍ ရဟန်းပြုပေးတော်မူသည်။

ယင်းသို့ ထိုထိုအရပ်တို့မှ ရဟန်းလောင်းကို ဗာရာဏသီမြို့အနီး (၆-မိုင်ကွာ) မိဂဒါဝုန်ရှိ မြတ်ဗုဒ္ဓထံတော်သို့ ခေါ်လာရခြင်းကြောင့် ခရီးဝေးကွာသည့် အရပ်သို့ ရောက်နေကြသော သာသနာပြု ရဟန္တာများနှင့် ရဟန်းလောင်းတို့ ပင်ပမ်းကြသည်ကို မြင်တော်မူသော မြတ်ဗုဒ္ဓသည် သာသနာပြု ရဟန္တာတို့အား "သင်တို့ကိုယ်တိုင် ရဟန်းပြုပေးကြ" ဟူ၍ ခွင့်ပြုတော်မူ၍ ရဟန်းပြုပုံနည်းစနစ်ကိုလည်း သတ်မှတ်ပေးတော်မူသည်။

သရဏဂုံဖြင့် ရဟန်းဖြစ်

ရဟန်းလောင်းကို ဆံပင်ရိပ်၊ သင်္ကန်းဝတ်စေပြီးလျှင် ရဟန်းတို့ကို လက်အုပ်ချီ ရှိခိုးလျက် ရိုရိုသေသေထိုင်ခိုင်းပြီးမှ "ဒီလိုဆိုပါ" ဟု သဏ္ဌာဂုံကို ရဟန်းကဦးဆောင်တိုင်ပေးကာ ခံယူစေရမည်ဟု မိန့်တော်မူသည်။ သရဏဂုံခံယူပုံပါဠိကို လည်း မြတ်ဗုဒ္ဓကိုယ်တော်တိုင် သတ်မှတ်တော်မူသည်။ မြတ်ဗုဒ္ဓသတ်မှတ်တော်မူထားသော သရဏဂုံခံယူပုံပါဠိကား-

http://www.dhammadownload.com

ဗုဒ္ဓံ သရဏံ ဂစ္ဆामိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ။ သံဃံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ - - ။ တတိယမ္ပိ - - ။ ။
(ဝိနယ၊ မဟာဝဂ္ဂ၊ နှာ-၂၉)

ထိုကြောင့် ယခုအခါ သရဏဂုံခံယူနေကြသော ပါဠိသည် ဗာရာဏသီမြို့ အနီး (၆-မိုင်ကွာ) မိဂဒါဝုန်တွင် ပထမဝါ၌ သီတင်းသုံးတော်မူစဉ် မြတ်ဗုဒ္ဓကိုယ်တော်တိုင် သတ်မှတ်ဟောကြားတော်မူထားသော ပါဠိဖြစ်သည်ဟု သိမှတ်ကြရာသည်။

အနက်မြန်မာ။

ဗုဒ္ဓံ၊ ဒုက္ခ သမုဒယ နိရောဓနှင့် မဂ္ဂတဖြာ လေးသစ္စာကို ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် ကိုယ်တိုင်သိ၍ သိထိုက်သူတို့ကိုလည်း မခြားကိုယ်တူ သိစေတော်မူသော အားလုံးသိဉာဏ်တော်သခင် ဘုရားရှင်ကို သရဏံ၊ မကောင်းမြစ်တာ ကောင်းရာတိုက်တွန်းမိန့်ခွန်းစကား ထိုနှစ်ပါးကို ဟောကြား သမျှ အစဉ်ပြုလျက် ပယ်ဖျက်ဘေးဒဏ် ဘေးရန်ကွယ်ကာ မြတ်ဗုဒ္ဓါအစစ် ဧကန်ဖြစ်သည်ဟူ၍။ ဂစ္ဆာမိ၊ သိမှတ်ပြုကာ ဆည်းကပ်ပါသည်ဘုရား။

ဓမ္မံ၊ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်-ပရိယတ် ဆယ်တန်သော တရားတော်မြတ်ကို။ သရဏံ၊ ဒုက္ခဝဲမှ ဆွဲထုတ်ကယ်ကာ သက်သာရာကို မှန်စွာ ပေးလျက် ပယ်ဖျက်ဘေးဒဏ် ဘေးရန်ကွယ်ကာ မြတ်ဓမ္မာစစ် ဧကန်ဖြစ်သည်ဟူ၍၊ ဂစ္ဆာမိ၊ သိမှတ်ပြုကာ ဆည်းကပ်ပါသည်ဘုရား။

သံဃံ၊ မဂ္ဂဌာန်လေးဦး ဖလဌာန်လေးဦး ဤရှစ်ဦးသော အရိယာသံဃာတော် ၄ပေါင်းကို။ သရဏံ၊ ပစ္စည်းလျူဒါန်း ဂုဏ်မှန်းပူဇော် ပြုပါသော်ကား ကြီးမား ကောင်းကျိုး ပွားတိုးစေမှု အစဉ်ပြုလျက် ပယ်ဖျက်ဘေးဒဏ် ဘေးရန်ကွယ်ကာ၊ မြတ်သံဃာစစ်၊ ဧကန်ဖြစ်သည်ဟူ၍။ ဂစ္ဆာမိ၊ သိမှတ်ပြုကာ ဆည်းကပ်ပါသည် ဘုရား။

ဒိဋ္ဌိသီလသံဃာတေန သံဃတောတိ သံယော၊ သော အတ္ထတော အဋ္ဌအရိယ ပုဂ္ဂလသမူဟော။ (ဒီ၊ ၌၊ ၁။ ၂၀၅။ မ၊ ၌၊ ၁။ ၁၃၅။ ခုဒ္ဒက၊ ၌၊ ၁၀-နှာ)

ယင်းသို့ သရဏဂုံခံယူမှုဖြင့် မြတ်ဗုဒ္ဓသာသနာတော်တွင် ရဟန်းတော်တွေ ထောင်ပေါင်းများစွာ ဖြစ်ထွန်းကြပြီးနောက် မထင်ရှားဘဲ ဆင်းရဲလွန်းသော

http://www.dhammadownload.com

ပုဏ္ဏားတစ်ဦးက ရဟန်းပြုပေးပါရန် အနှုံးအညွှတ်အကြိမ်ကြိမ် တောင်းပန်သော်လည်း ရှုဟန်းတော်များက ရဟန်းပြုခွင့်မပေးကြသောကြောင့် ကျောင်းဝင်းအတွင်းမှာပင် ကိုယ်စိတ်ဆင်းရဲစွာ နေထိုင်လျက် ရဟန်းပြုပေးပါရန် နေ့စဉ်မပြတ် အထပ်ထပ်တောင်းပန်သည်။ ရဟန်းဖြစ်ခွင့်မရ စိတ်ဆင်းရဲလွန်းလှသောကြောင့် ကြည့်မကောင်းအောင်ပိန်ခြုံးနေတော့သည်၊ အသားအရေများလည်း ဖျော့တော့ကုန်လျက် အရိုးပေါ်အရေတင် အကြောတွေပြိုင်းပြိုင်းထနေတော့သည်၊ မြတ်ဗုဒ္ဓသည် ထိုပုဏ္ဏားကို မြင်တော်မူ၍ အကြောင်းအချင်းရာကို မေးတော်မူမှ ရဟန်းတို့က အကြောင်းစုံကို လျှောက်တင်ကြသည်။ မြတ်ဗုဒ္ဓက "ရဟန်းတို့-အဘယ်ရဟန်းသည် ထိုပုဏ္ဏား၏ ယခင်ကပြုခဲ့သောကျေးဇူး (အဓိကာရ) ကို သတိရသနည်း" ဟု မေးတော်မူသော်-အရှင်သာရိပုတ္တရာမထေရ်မြတ်က "တပည့်တော်ဆွမ်းခံသွားစဉ် ဒီပုဏ္ဏားက ဆွမ်းတစ်ဇွန်းမျှ လောင်းလှူခဲ့ဘူးသည်ကို သတိရပါသည်"ဟု လျှောက်ထားသည်။ သာဓု၊ သာဓု၊ သာရိပုတ္တရာ၊ သူတော်ကောင်းတို့သည် သူပြုဘူးသောကျေးဇူးကို သိမှတ်ထားကြသူတွေ ဖြစ်ကြပေသည်၊ သင်ကိုယ်တိုင် ရဟန်းပြုပေးလိုက်ပါ" ဟု မိန့်တော်မူသည်။ ရဟန်းပြုပေးရန် နည်းစနစ်ကို အရှင်သာရိပုတ္တရာမေးလျှောက်သောကြောင့် "သရဏဂုံ ခံယူဆောက်တည်စေမှုဖြင့် ရဟန်းဖြစ်ခွင့်ကို ပယ်ဖျက်လိုက်ပြီး ဥ ဏ္ဍိစတုတ္ထ-ကမ္မဝါစာဖြင့် သံယာတော်ထံ ပန်ကြားအဆိုတင်၍ သံယာ၏ သဘောတူမှုရမှ ရဟန်းဖြစ်သည်ဟု သိမှတ်ကြ"ဟု မိန့်တော်မူသည်။ (ဝိနယ၊ မဟာဝဂ္ဂ၊ ပါ၊ နှာ-၇၀) ဤဇာတ်ထုပ်တွင် အရှင်သာရိပုတ္တရာသည် ထိုပုဏ္ဏားက ဆွမ်းတစ်ဇွန်းမျှ လှူသည်ကို သူတော်ကောင်း (သပ္ပုရိသ) ပီသစွာ သိမှတ်ဖော်ပြောသည်။ မြတ်ဗုဒ္ဓသည် ထိုပုဏ္ဏားအလိုရှိသည့်အတိုင်း ရဟန်းပြုပေးခြင်းဖြင့် ကျေးဇူးတုံ့ပြန်ရန် ညွှန်ကြားတော်မူသည်ဟု သိမှတ်ကြရသည်။ သူတော်ကောင်းပီသသူတို့၏ သဘောသည် ကောင်းကျိုးကိုသာဆောင်လိုစိတ် ပြင်းထန်တော်မူကြသည်တကား။

ထို့နောက်ကုသိုလ်-အကုသိုလ်မရှိဟု ယူစွဲထားသော ဘာသာခြားတဦးက ရဟန်းပြုပေးပါရန် တောင်းပန်သောကြောင့် ထိုသူကို ခေါင်းရိပ် သက်နံ့ဝတ်စေပြီးလျှင် "ဗုဒ္ဓံသရဏံဂစ္ဆामि" စသော သရဏဂုံကို ဦးဆောင်တိုင်ပေး ခံယူဆောင်တည်စေ၍ ဗုဒ္ဓဘာဘာဝင်အဖြစ်ဖြင့် ယာယီမျှသိမှတ်ပြုကြကာ ကုသိုလ်အကုသိုလ်ရှိတယ်ဟု တကယ်ယုံကြည်မှုရှိပြီ မရှိသေးဟု သိရန် နည်းအမျိုးမျိုးဖြင့် လေးလတိုင်တိုင် စမ်းသပ်မှုပြုကြရမည်၊ **စမ်းသပ်မှုလေးလပြည့်၍** ကုသိုလ်

http://www.dhammadownload.com

အကုသိုလ်ရှိတယ်ဟု တကယ်ယုံကြည်သူဖြစ်ပြီဟူ၍ ရဟန်းများက သဘောတူလျှင် ရဟန်းပြုပေးကြ။ ကမ္မဝါဒီ- (ကုသိုလ် အကုသိုလ်ရှိတယ်ဟု ယုံကြည်သူ) အခြားဘာသာဝင်များနှင့် ကမ္မဝါဒီမဟုတ်သော သာကီဝင်မျိုးဖြစ်သူများကို လေးလစမ်းသပ်မှု မပြုတော့ဘဲ ရဟန်းပြုပေးကြ"ဟူ၍ မြတ်ဗုဒ္ဓမိန့်တော်မူသည်။ (ဝိ၊ မဟာဝဂ္ဂ၊ နှာ-၉၈-၉၉)

ဗုဒ္ဓဘာသာဝင်မဟုတ်ကြသေးသော ကမ္မဝါဒီ (ကုသိုလ် အကုသိုလ်ရှိသည်ဟု ယုံကြည်သူ)များသည် ကံမှ အခြားသော ဗုဒ္ဓဝါဒများကို မနှစ်သက်ကြသော်လည်း အတုသိုလ်ကို ရှောင်သူများဖြစ်ကြသောကြောင့် ဗုဒ္ဓဝါဒကို ဖျက်ဆီးရန်ကြံစည်မှုမနောက် အကုသိုလ်နှင့် ဗုဒ္ဓဝါဒကိုအပြစ်ပြောမှု ဝစီကံ အကုသိုလ်များကိုပင်မဖြစ်အောင် ရှောင်ကြသည်၊ ဗုဒ္ဓဝါဒကို ရန်ပြုသူများ မဖြစ်နိုင်ကြပေ။ သာကီဝင်မျိုးဇာတ်ရှိကြသူများသည်လည်း ဆွေမျိုးတို့၏ ကောင်းကျိုးဖျက်စီးမှုကို စိတ်ကူးမျှမပြုကြသောကြောင့် ဗုဒ္ဓဝါဒတရားတော်ကို ရန်ပြုသူများ မဖြစ်နိုင်ကြချေ။ ထို့ကြောင့် အတွင်းရန်သူ မဖြစ်နိုင်ကြကုန်သော ထိုသူတွေကို အထူးအခွင့်အရေးပေးတော်မူသည်။

သာကီဝင်မျိုးဇာတ်ရှိသူမဟုတ်ကြကုန်သော ကုသိုလ် အကုသိုလ်မရှိဟုလည်း ယူစွဲထားသူများသည် ဗုဒ္ဓသာသနာအတွင်းသား ရဟန်းဖြစ်ပြီးချိန်၌ အတွင်းရန်သူဖြစ်နိုင်သောကြောင့် လေးလတိုင်တိုင် စမ်းသပ်ကြည့်ရသည်။ မြတ်ဗုဒ္ဓသည် သာသနာ့ရန်စွယ်ကို ကြိုတင်ကာကွယ်ခြင်းနှင့် ထိုသူ၏ ကောင်းကျိုးကို ဖြစ်ပွားစေခြင်းဟူသော ကောင်းကျိုးနှစ်ရပ်ကို လေးလတိတိစမ်းသပ်မှုဖြင့် ဆောင်တော်မူသည်။ မြတ်ဗုဒ္ဓသည် ထိုစမ်းသပ်ရေးလုပ်ငန်းကို မဖြစ်မနေလုပ်ရမည့် အလွန်လိုအပ်သည့် အရေးကြီးသောလုပ်ငန်းဟု မှတ်ယူတော်မူသည်။

ဤရုံးတော်တွင် စုဒိတကဖြစ်နေသော ဓမ္မနီတိအမည်ခံ ဦးပညာဝံသသည် ဗုဒ္ဓသာသနာတော်တွင်းသို့ ရောက်ပြီးနောက်၌လည်း ကုသိုလ် အကုသိုလ်မရှိ၊ အပါယ်လေးပါးသီးခြားမရှိ၊ (၃၁) ဘုံမရှိ၊ အတိတ်ဘဝမရှိ၊ နောက်ဘဝမရှိ၊ သဗ္ဗညူဗုဒ္ဓဆိုတာ သမုတိသစ္စာမျှသာ၊ တကယ်မရှိ၊ အရိပ်၊ ပညတ်ဟု သိမှတ်ယူစွဲမှုကို မပယ်ဖျောက်နိုင်ဘဲ ဗုဒ္ဓပိဋကတော်နှင့်တကွ ဗုဒ္ဓသာသနာတော်ဆိုင်ရာ ယဉ်ကျေးမှုတွေကိုပါ မတော်မလျော် မဟုတ်မမှန်သောအကြောင်းပြချက်များဖြင့် ဝိပဿနာ သင်တန်းပေးကာ တိုက်ခိုက်ဖျက်ဆီးနေသည်မှာ ထင်ရှားသော သက်သေခံအဖြစ် မျက်မှောက်ထင်ထင် မြင်ကြားသိနေကြရပေသည်။

http://www.dhammadownload.com

မြတ်ဗုဒ္ဓနှင့် အရှင်သာရိပုတ္တရာတို့သည် ဆွမ်းတစ်ဇွန်းမျှသာ လျှူဖူးသော ကျေးဇူးသပ္ပုရိသ (သူတော်ကောင်း)တွေပီပီ တုံ့ပြန်ကာ ကောင်းကျိုးဆောင်တော်မူခဲ့ကြသည်ဟု ကုသုလိလ်ဖြစ်ပွားအောင်သာ အာရုံပြုကာ ကြည်ညိုကြရာသည်။

ထို့နောက် ကပိလဝတ်မြို့သို့ ပထမအကြိမ်ရောက်တော်မူစဉ် သားတော်ရာဟုလာ အမွေတောင်းသောကြောင့် မြတ်ဗုဒ္ဓသည် (၇) နှစ်ရွယ် ရာဟုလာသူငယ်ကို ရှင်ပြုပေးလော့ဟု အရှင်သာရိပုတ္တရာကို စေခိုင်းတော်မူရာ အရှင်သာရိပုတ္တရာက ရှင်ပြုနည်းကို မေးလျှောက်သဖြင့် ဆံပင်ရိတ်ပေး၊ သင်္ကန်းဝတ်ပေး၊ ရိုရိုသေသေထိုင်ခိုင်း၍ သရဏဂုံကို ဦးဆောင်တိုင်ပေးလျက် ခံယူဆောက်တည်စေကာ ရှင်ပြုပေးရမည်ဟု မြတ်ဗုဒ္ဓမိန့်တော်မူသည်။ (ဝိနယ၊ မဟာဝဂ္ဂ၊ နှာ-၁၁၅)။

ထိုအချိန်မှစ၍ ယနေ့အထိ သရဏဂုံခံယူမှုဖြင့်သာလျှင် ရှင်သာမဏေဖြစ်ကြရသည်၊ ရှင်သာမဏေဖြစ်ပြီးမှ ကမ္မဝါစာဖြင့်အဆိုတင်၊ သံဃာများက သဘောတူသောကြောင့် ရဟန်းဖြစ်ကြရသည်။ သရဏဂုံ ခံယူဆောက်တည်မှု မပြုသူသည် ရှင်သာမဏေမဖြစ်ပေ။ ဤဇာတ်ထုပ်ကို ထောက်၍လည်း သရဏဂုံခံယူရမည်ဟု သိမှတ်ကြရာသည်။ စောဒကတို့ တင်ပြထားသော သီလကွန်အဌကထာ၌လည်း သရဏဂုံခံယူဆောက်တည်ရမည်ဟု မိန့်ဆိုချက်အထင်အရှားရှိသည်။ စုဒိတကကိုယ်တိုင်လည်း ရှင်သာမဏေပြုစဉ်က ဆရာသမားများ၏ သြဝါဒကိုနာခံ၍ သဗ္ဗညူဗုဒ္ဓနှင့် တရားသံဃာ ဤသုံးဖြာကို ကိုးကွယ်အားထားပါ၏ဟု သရဏဂုံခံယူဆောက်တည်မှုကို ပြုခဲ့ရပေမည်။ ဘာစိတ်ပေါက်၍ အလွဲဆိုသည်၊ အကြိတ်အခဲ ငြင်းနေသည်ကို မသိကြရချေ။ ထူးဆန်းပေသည်တကား။

ထို့ကြောင့် သရဏဂုံခံယူဆောက်တည်ရမည်ဟူသော စောဒကတို့၏ အဆိုသည် ကျန်းဂန်များနှင့် ညီသည်။ သရဏဂုံခံယူဆောင်တည်ရန်မလိုဟူသော စုဒိတက၏ ဝါဒသည် ကျန်းဂန်များနှင့်မညီ၊ အလွဲအမှား စစ်စစ်ဖြစ်သည်ဟု ဝိနည်းခိုရ်ဆရာတော်များ သုံးသပ်တော်မူကြသည်။

စောဒနာ အမှတ်(၂၀) သုံးသပ်ချက်

ငြင်းခုန်ချက်။ ၁ ။ ဓမ္မနီတိသည် ရူပ်-နာမ်ကို ပယ်သည်ဟု စောဒနာတို့က စွဲဆိုသည်။ မပယ်ပါဟု စုတိတကပုဂ္ဂိုလ်က ငြင်းဆိုသည်။

http://www.dhammadownload.com

စိစစ်ချက် ။ ၁ ။ (က) စုဒိတကသည် ရူပ်-နာမ်ကို ပယ်သူဖြစ်ကြောင်း စောဒနာ အမှတ် (၄)တွင် စိစစ်ပြခဲ့ပြီးပြီ။ စောဒနာ၊ ၂၀ (ည) မှတ်ပြဟောချက်တွင် သူတို့ပြောနေတဲ့ ဝေဒနာတွေ၊ သညာတွေ၊ စေတနာတွေ၊ လောဘတွေ၊ ဝိညာဉ်ကလေး၊ စိတ်ကလေးတွေဆိုတာတွေဟာ ဘာမှသပ်သပ်ရှိတာမဟုတ် ဟူသော စကားတို့က နာမ်တရားတို့ကို ပရမတ်အဖြစ်မှ ပယ်ထားကြောင်း အလွန်ထင်ရှား အောင်ဖော်ပြနေကြသည်။

(ခ) ထေရဝါဒပါဠိတော်လာ အဘိဓမ္မာဒေသနာတော်များကို တံပိုးတိုး၍ ကြည်ညိုလေးစားလာအောင် ဟောခဲ့ခြင်းသာဖြစ်ပါသည် ဟူသော စုဒိတက၏ သောဓနာလွှာတွင် တင်ပြချက်ကြီးသည် ကျယ်လွန်းသောပြင် ကျယ်လွန်း မုသားစကားမျှသာ ဖြစ်သည်။ စောဒနာ၊ ၂၀(ခခ) မှတ်ပြဟောချက်တွင် (နာမ်-ရူပ်) အဘိဓမ္မာတွေဟောဘို့ ဘုရားပွင့်လာတာ မဟုတ်ဘူး၊ ချီပါသားနဲ့ ပခန်းသား ထမ်းပိုး ငြင်းသလိုဖြစ်နေတယ်။ ငါက ထမ်းပိုးထဲထိုင်၊ ထမ်းပိုးမပြောနဲ့။ ဆိုင်းထဲ-တောင်ထဲကို ထိုင်လိုက်သွားရသလိုပဲ၊ ဗုဒ္ဓအဘိဓမ္မာက ဒါမျိုး။ 'ရူပ်တရားက ဖောက်ပြန်တယ်လို့ သွားမလုပ်နဲ့၊ ရူပ်တရားက ဖောက်ပြန်တာ မဟုတ်'ဟူသော ဟောချက်စကားအနည်းငယ်မျှကို ကြည့်လျှင်ပင် စုဒိတက၏ ထိုတင်ပြချက်သည် မုသား စကားမျှသာဖြစ်ကြောင်း အလွန်ထင်ရှားသည်။

လိမ်ညာလေ့ရှိသော မကန်း (မကာရ) ငါးသည် ငါးမန်းတို့နှင့် တွေ့သော အခါ ငါဟာ သင်တို့နဲ့ မျိုးတူပါဟုဆိုရ် ဦးခေါင်းပိုင်းကို ဖော်ပြသည် ကင်းပုစွန်တို့နှင့် တွေ့သောအခါ ငါဟာ သင်တို့နဲ့မျိုးတူသူပါဟုဆိုရ် အမြီးပိုင်းကိုသာ ဖော်ပြသည်။ အလစ်တွင် ထိုကင်းပုစွန်တို့ကို ပါးစပ်ပြကြီးနှင့် ဟပ်ရ်ဟပ်ရ် စားသည်။ စုဒိတကသည်လည်း သင်တန်းပေးရာ၌ ဗုဒ္ဓအဘိဓမ္မာ ဒေသနာတော်နှင့်တကွ ထိုအဘိဓမ္မာ ဟောကြား မြတ်ဘုရားကို ထမ်းပိုးအကောင်းပြုင်ကာ ငြင်းကြသော မဟုတ်တာပြောကြသည့် ချီပါသားနှင့်ပခန်းသား ဥပမာဖြင့် ဂုဏ်ဖျက် ထုနှက်ပြီးလျှင် ဤရုံးတော်သို့ သောဓနာလွှာတင်ရာ၌ ထေရဝါဒပါဠိတော်လာ အဘိဓမ္မာ ဒေသနာတော်များကို ဆထက်တံပိုးတိုး၍ ကြည်ညိုလေးစားလာအောင် ဟောခဲ့ပါသည်ဟု တင်ပြသည်။

ငြင်းဆိုချက်။ ၂ ။

ဓမ္မနီတိသည် သုတ္တန်၊ အဘိဓမ္မာတရားတော်များကို ကဲ့ရဲ့ပုတ်ခတ်ပါသည်ဟု စောဒကတို့က စွဲဆိုသည်၊ စုဒိတကပုဂ္ဂိုလ်က မဟုတ်ပါဟု ငြင်းဆိုသည်။

http://www.dhammadownload.com

စိစစ်ချက်။ ၂ ။

(က) စောဒနာ၊ ၂၀/၃ (ခ) မှတ်ပြ စုဒိတကဟောချက်တွင် ယောဂီတို့က တော့ ပထဝီ တေဇော အာပေါ, ဝါယောပြောတာ အဘိဓမ္မာတရား အောင်းမေ့ တယ်။ ဝိပဿနာက ဒါလောက်ထိ လက်မခံဘူး။ စာအဘိဓမ္မာနဲ့တော့ လက်ခံ တယ်၊ စာအုပ်ထဲက အဘိဓမ္မာကတော့ တလုံးထဲရှိတယ်- ဟူသော စကားတို့ဖြင့် သံဂါယနာ-၆-တန်တင်ကာ မှတ်တမ်းပြုထားသော စာအုပ်ထဲရှိ မြတ်ဗုဒ္ဓ ဟောကြားညွှန်တော်မူထားသော အဘိဓမ္မာတရားတော်သည် တစ်သီးတစ်ခြား၊ ဝိပဿနာသမားသုံးတဲ့ အဘိဓမ္မာသည် တစ်သီးတစ်ခြား ဖြစ်သည်။ စာအုပ်ထဲရှိ မြတ်ဗုဒ္ဓဟောညွှန်တော်မူထားသော အဘိဓမ္မာတရားတော်သည် ဝိပဿနာ အတွက် ဘာမျှတန်ဘိုးမရှိ၊ ဝိပဿနာသမား အသုံးမပြုဟူ၍ ဆိုရာရောက်နေ သည်။ ထို့ကြောင့် စုဒိတက၏ (ခ) မှတ်ပြ ထိုဟောချက်စကားတို့သည် မြတ်ဗုဒ္ဓ၏ အဘိဓမ္မာတရားတော်များကို တန်ဖိုးမရှိ ကဲ့ရဲ့ပုတ်ခတ်ကြောင်း ထင်ရှားသည်။

စုဒိတက၏ သုတ္တန်ပိဋကတော်ဖျတ်ဆီးပုံတို့ကို စောဒနာ အမှတ်၊ ၁၆- တွင် စိစစ်သုံးသပ်ပြခဲ့ပြီးပြီ။

(ခ) သောဓနာ (ချေပ) လွှာ၊ ၂၀/၁ (ခ)တွင် 'အတ္တနှင့်အနတ္တပိုင်းခြား၍ မြင်နိုင်အောင် အနတ္တအရှိကို အဘိဓမ္မာဟုသတ်မှတ်၍ ဝေါဟာရဖြစ်သော ကွဲပြားမှုများကို သုတ္တန်ဟုသတ်မှတ်၍ ဟောကြားပါသည်။ မှန်ပါသည်၊ အဘိဓမ္မာ သဘောသည် ပုဂ္ဂလကို အဓိကမထားပါ။ သုတ္တန်၌သာ ဝေါဟာရနှင့် ပုဂ္ဂလတို့ကို အဓိကထားပါသည်'ဟူသော စုဒိတက၏ တင်ပြချက်ရှိပါသည်။ ထိုတင်ပြချက် တွင် အတ္တနှင့်အနတ္တပိုင်းခြား၍-အမြဲမြင်နိုင်အောင် ကြံစည်ခဲ့ခြားရာ၌ အနတ္တ အရှိကို အဘိဓမ္မာဟုသတ်မှတ်၍ဟု တိုက်ရိုက်ပြောထားသောကြောင့် သုတ္တ တရားတို့ကို အတ္တဟု အဝုတ္တသိဒ္ဓိ (တိုက်ရိုက်မပြောဘဲပြီးသော)နည်းဖြင့် စုဒိတက ပြောထားသည်မှာ ငြင်းကွယ်မရအောင် ထင်ရှားနေသည်။ သုတ္တ တရားသည် အတ္တစကားဟု ပုတ်ခတ်မှုမျိုးကို ယခင်က မတွေ့ကြုံခဲ့ကြဖူးပေ။

မှန်ပါသည် အစချီသော စုဒိတက၏ နောက်ဆက်စကားအရ အဘိဓမ္မာ ဒေသနာတော်၏လိုရင်း (အဓိက) အချက်သည် အနတ္တရှိတရားဖြစ်၍ သုတ္တ ဒေသနာတော်၏ လိုရင်း (အဓိက) အချက်သည် ဝေါဟာရနှင့် ပုဂ္ဂလဖြစ်သည် (ဝါ) အတ္တဖြစ်သည် ဟူ၍ စုဒိတက၏ ဆိုလိုချက်ထွက်သည်။ ထိုစကားတို့သည် အလွဲအမှား ကြီးမားလွန်းသည်။

http://www.dhammadownload.com

(ဂ) အဘိဓမ္မာနှင့် သုတ္တဒေသနာတော် နှစ်တန်လုံး၌ပင် အရဟာတ္တဖိုလ်ကိုသာ လိုရင်း (အဓိက) အချက်ထား၍ ပရမတ်တရားလေးပါးဟူသော ရှိ-အနတ္တနှင့် မရှိ အနတ္တ (ပညတ်)တို့ကို ဟောတော်မူထားသည်။

ဝေနေယျတို့၏ အလို၊ အနုသယ (ကိလေသာ)၊ စရိုက်၊ ရည်မှန်းချက်၊ ကြုံတွေ့နေသော အချင်းအရာ၊ ဉာဏ်စွမ်းရည်စသည်တို့ကို ထောက်ချင့်၍ ထိုက်သင့်သလို သုတ္တတရားတော်များကို မြတ်ဗုဒ္ဓ ဟောညွှန်တော်မူသည်။ ထို့ကြောင့် သုတ္တတရားတော်ကို ယထာနုလောမသာသနာဟူ၍ ကျမ်းဂန်ကြီးများ၌ ဆိုထားသည်။

ဝေနေယျတို့၏ အလို၊ စရိုက်စသည်တို့ကို ထောက်ချင့်မှုမပြုဘဲ ဓမ္မသဘာဝ ဆိုက်သလို အဘိဓမ္မာတရားတော်ကို မြတ်ဗုဒ္ဓဟောညွှန်တော်မူသည်။ ထို့ကြောင့် အဘိဓမ္မာတရားကို ယထာဓမ္မသာသနာ-ဟူ၍ ကျမ်းဂန်ကြီးတို့၌ ဆိုထား သည်။

ဒုတိယ အနေကဗျာသယာနုသယ စရိယာဓိမုတ္တိကာ သတ္တာ ယထာနုလောမံ ဇတ္တ သာသိတာတိ ယထာနုလောမသာသနံ။ တတိယ ဓမ္မပုဗ္ဗမတ္တေ အဟံ မမာတိ သညိနော သတ္တာ ဇတ္တ သာသိတာတိ ယထာဓမ္မသာသနန္တိ ဝုစ္စတိ။ (ဒီ၊ ၄၊ ၁။ ၂၀။)။

ပြခဲ့ပြီးကျမ်းဂန် သာဓကစကားတို့ကြောင့် စုဒိတက၏ 'ကွဲပြားတာ သုတ္တန်၊ တူညီတာ အဘိဓမ္မာ' ဟူသော စားပုံ (ဆောင်ပုဒ်) နှင့်တကွ သောဓနာ၊ ၂၀/ (ခ) အမှတ်ပြတွင် 'အနတ္တအရှိကို အဘိဓမ္မာ၊ ဝေါဟာရ ကွဲပြားမှုများကို သုတ္တန်ဟု သတ်မှတ်ချက်တို့သည် တကယ့်အလွဲစစ်စစ်တို့သာ ဖြစ်ကြသည်ဟူ၍ သိကြရာသည်။

(ဃ) မည်သည့်အရာကိုမျှ ပယ်ရန် ဖယ်ရန် ရည်ရွယ်ချက် မရှိပါဟူသော စုဒိတက၏ သောဓနာ (ခ) အမှတ်ပါစကားကို ၂၀/၉ (ည) အမှတ်ပြ ဟောချက်တွင် "ဒီနေ့ ဗမာပြည်ရဲ့ ဝိပဿနာဟာ ဘယ်တော့မှ ပြတ်လတ်တဲ့ ကတဉာဏ်လမ်းဆုံးကို မရောက်တော့ဘူး'ဟူသော စုဒိတက၏ ဟောချက်ကပင် မဟုတ်မမှန် မာယာဉာဏ်နှောက်ကာ ပြောထားသောစကားဟု ဖော်ပြနေသည်။

(င) အလုပ်လုပ်ရင်း ရာဂစသော ကိလေသာ မီးတို့မှ ကင်းဝေးနေစေရန် ဦးတည်ရည်ညွှန်းပါသည်ဟု စုဒိတက၏ ချေပချက်ရှိသည်။ ရေငုတ်၊ မီးလှုံ၊ တုံးခုန်ကျင့်သူတွေ၊ ဆူးခက်ပေါ် အိပ်၊ ပြာပုံပေါ် အိပ်နေသူတွေလည်း ရာဂဆိုသော

http://www.dhammadownload.com

မီးမှ ကင်းဝေးနေစေရန် ဦးတည်ရည်သန်, ကျင့်နေကြခြင်းသာဖြစ်သည်၊ ကျင့်စဉ်နည်းလွဲမှားသောကြောင့် ကိလေသာမီး မဝေးကြဘဲ ကိလေသာမီးလောင်နေသည်ကို ခံနေကြရပေသည်။ မြတ်ဗုဒ္ဓ၏ ရူပ်နာမ်ရှုဝိပဿနာလမ်းမှန်ကို ပယ်စွန့်ထားသော စုဒိတက၏ ရူပ်နာမ်လွတ် ဝိပဿနာနည်းလွဲသည်လည်းရေရှုတ်၊ မီးလှုံ စသည်တို့ကို ပြုလုပ်နေကြသော ထိုသူတို့ကဲ့သို့ပင် ဖြစ်နေသည်။ ရည်မှန်းချက်နှင့် ကျင့်နည်းနှစ်ရပ်လုံး မှန်မှသာ ကောင်းကျိုးရနိုင်သည်ဟု သိမှတ်ကြရာသည်။

ငြင်းခုံချက်။ ။၃။ ဓမ္မနီတိ၏ အခိုင်အမာ ရပ်တည်ရာ အုတ်မြစ်သည် အနတ္တ ဓာတ်သာ၊ သုညခေါ် ဘဝအစ ကလလရေကြည်သာ ဖြစ်ပါသည်ဟု စောဒကတို့က တင်ပြကြသည်။ ထိုစကားသည် မမှန်ပါ၊ ဘဝရယ်လို့ ပြောစရာ၊ ပြစရာ၊ မူလကပင် မပါသော၊ နဂိုပကတိသဘောသာ ဖြစ်ပါသည်ဟု စုဒိတကက ဆိုသည်။

စိစစ်ချက်။၃။

(က) စောဒနာ (ဃ) မှတ်ပြတွင် (ဒီကလလရေကြည်ကလေး မပေါ်ပေါက်ခင်က ယောဂီတို့ ဘုန်းကြီးတို့ ဘဝရယ်လို့ ပြောစရာ၊ ပြစရာရှိသလား) ဟု ဖော်ပြပြီး အဖြေမှာ (မရှိပါဘုရား)ဟု ပါမလာပါဟု စုဒိတကပုဂ္ဂိုလ်ကတင်ပြပြီးလျှင် 'ဓမ္မနီတိ ဝိပဿနာ သင်တန်းတစ်ခုလုံး၏ အဓိကအကျဆုံး တည်ကိန်းမဏ္ဍိုင်မှာ မေးခွန်းတွင် ပါဝင်သော (ဘဝရယ်လို့ ပြောစရာ၊ စွဲယူစရာ၊ မူလကပင်မပါသော၊ နဂိုပကတိသဘောသာ ဖြစ်ပါသည်ဘုရား' ဟူ၍ သောဓနာလွှာ၊ ၂၀/၂ (ဂ) မှတ်ချေပချက်တွင် စုဒိတကက ဆိုသည်။

(မရှိပါဘုရား)ဟူသော ထိုအဖြေစကားပါလျှင်လည်း 'နဂိုပကတိ သဘောဟူသော စုဒိတက၏ ဆိုလိုချက်မထွက်ပေ၊ ကလလရေကြည်ကလေး ပေါ်ပေါက်လာပြီးမှသာ ဘဝရယ်လို့ ပြောစရာ၊ ပြစရာ ရှိလာသည်ဟူသော ဆိုလိုချက်သာ လျှင် ပေါ်ထွက်နေသည်၊ မေးခွန်းတွင် ပါဝင်သောဟု သောဓနာလွှာတွင် ဆိုထားသော စုဒိတကစကားအရလည်း နဂိုပကတိသဘောဟူသော ထိုတည်ကိန်းမဏ္ဍိုင်ကို (မရှိပါဘုရား) ဟူသော အဖြေစကားက မဖော်ပြဘဲ မေးခွန်းစကားက ဖော်ပြသည်ဟု စုဒိတက ဆိုထားသောကြောင့် (မရှိပါဘုရား) ဟူသော ထိုအဖြေ၏ တန်ဘိုးသည် ဘာမျှမရှိကြောင်း ထင်ရှားသည်၊ ယင်းသို့ဖြစ်၍ (မရှိပါဘုရား) ဟူသော အဖြေစကားမပါသည်ကို ရေးကြီးခွင်ကျယ် ပြောနေဖွယ်မလိုပါချေ။

http://www.dhammadownload.com

(ခ) "ဘဝရယ်လို့ ပြောစရာ၊ ပြစရာ၊ စွဲယူစရာ၊ မူလကပင်မပါသော နဂိုပကတိသဘောသည် တည်ကိန်း မရှိရှင်ဖြစ်သည်" ဟု ဆိုချက်သည် စုဒိတက၏ သင်တန်းစကားများတွင် အနည်းငယ်မျှ မပါရှိခဲ့ပေ၊ သောခနာလွှာတွင်သာ ပါရှိလာသည်။ ဤသည်လည်း စုဒိတက၏ လှည့်ကွက်မာယာတစ်ရပ်ပင် ဖြစ်သည်။ (၁) ထို (ဃ) မှတ်ပြဟောချက်တွင် "ဒါကြောင့် စကတည်းက ဘယ်ကစသလဲ၊ **ကလလရေကြည်ကလေးသည်သာလျှင် ဒီဘဝရဲ့မူလအစ** မဖြစ်ဘူးလား၊ ဖြစ်သလား။ **ဘဝရဲ့ မူလအစ ကလလရေကြည်ဟာ**" ဟူသောစကား၊ (၂) (င) မှတ်ပြဟောချက်တွင် 'ကလလရေကြည်က ဒီခန္ဓာအိမ်ကို တည်ဆောက်သည်ဟူသောစကား၊ (၃) (ဆ) အမှတ်ပြဟောချက်တွင် 'တည်ကိန်းကတော့ အနတ္တတစ်လုံးထဲရယ်၊ ဓမ္မနိတိခန္ဓာကတော့ တစ်ခုထဲရယ်၊ အရာဝတ္ထုကတော့ တစ်ခုထဲရယ်ဟူသော စကားတို့ကို ဆက်စပ်လိုက်လျှင် စုဒိတက၏ မူလတည်ကိန်း အနတ္တဟူသည်မှာ ခန္ဓာ၊ အရာဝတ္ထုဟူ၍ ဖော်ပြထားသော ဘဝရဲ့**မူလအစ** ကလလရေကြည်၊ ခန္ဓာအိမ်ကိုတည်ဆောက်သော ကလလရေကြည်သာလျှင် ဖြစ်ကြောင်း ပေါ်လွင်လာသည်။ ထိုကလလရေကြည်ကိုသာ အရာဝတ္ထုဟူ၍ ခေါ်ဝေါ်နိုင်သည်။ 'နဂိုပကတိသဘော'ကို အရာဝတ္ထုဟူ၍ ပြောရန်စဉ်လာ မရှိချေ။

(ဂ) ယင်းသို့ ကလလရေကြည်ကိုပင် အနတ္တဓာတ်သား သုညဟု စုဒိတက ပြောနေကြောင်း လွယ်လွယ်မသိစေရန် ကလလရေကြည်ကို တစ်ကြိမ်နှစ်ကြိမ် မျှသာပြော၍ မူလအနတ္တ၊ မူလပြန်၊ မူလအနတ္တဓာတ်သားဟူသော စကားတို့ကို အကြိမ်များစွာပြောကာ မူလ ကလလရေကြည်ကို တရားနာသူတွေ မမှတ်မိအောင် စုဒိတကလုပ်ထားလိုက်သည်။

စုဒိတက၏ (င) မှတ်ပြဟောချက်တွင် 'ကလလရေကြည်ကလေးက ဒီခန္ဓာအိမ်ကို တည်ဆောက်တယ်၊ မူလကလလရေကြည်လေးထဲမှာ အာရုံကို လှမ်းတဲ့သဘော တစ်ခါတည်း ပါလာတယ်ဟုပြော၍ (၄) မှတ်ပြဟောချက်တွင် 'ဖောက်ပြန်တဲ့ သဘောဟာ မူလအနတ္တမှာ မပါဘူးလား-ပါသလား (ပါပါတယ်ဘုရား)၊ အာရုံကို ကိုင်းညွှတ်တဲ့သဘော မပါဘူးလား၊ ပါသလား (ပါပါတယ်ဘုရား) မှတ်သားတဲ့ သဘောတွေ၊ ခုန စေတနာကလေးတွေ၊ စိတ်လော**ဘတွေ**၊ အကြောင်းတိုက်ဆိုင်ရင် သုံးဆိုတဲ့သဘော၊ **သူက အနတ္တထဲမှာ ရှိပြီးသား။ မူလ ခန္ဓာထဲမှာ** ပါပြီးသား' ဟု စုဒိတက ဟောချက်များကို ကြည့်လျှင် အာရုံကို

http://www.dhammadownload.com

လှမ်းတဲ့သဘောနှင့် ဖောက်ပြန်တဲ့သဘောတို့ပါနေ-ရှိနေသော မူလခန္ဓာ ကလလ ရေကြည်သည်ပင် အနတ္တဓာတ်သား သုညဟု စုဒိတကပြောနေကြောင်း သိလွယ်ပေသည်။

(ဃ) စောဒကပုဂ္ဂိုလ်တို့က ကလလရေကြည်မှစပြီး ဟောကြားထားသော တရားသင်တန်းစကားများကို စာမျက်နှာမြောက်မြားစွာတို့တွင် **ဖတ်၍မရ၊ လိုရင်းကိုမသိ၊ အဓိပ္ပာယ်မရှိသော စကားဝါကျ** ရေးသားဖော်ပြ ထားပါသည်။ စင်စစ်တရားတိတ်ခွေများတွင် ·ပါဝင်သည့်အတိုင်းသာ အမှန်အကန် တင်ပြသင့်ပါသည်ဟု သောဓနာ၊ ၂၀/၂ (ဂ)မှတ်တွင် စုဒိတက တင်ပြသည်။

ဖတ်၍မရသည်မှာ ဖယောင်းရိုက်စာမူကို လှည့်သောစက်၏ ချို့ယွင်းချက် ဖြစ်သည်။ စာမူအားလုံး ထိုသို့ဖတ်မရအောင် ဖြစ်သည်မဟုတ်ပေ၊ ဝိနည်းမိုရ်များသို့ အပ်နှံသော စာမူများသည် ထင်ထင်ရှားရှား ပီပီသသပင်ဖြစ်ကြသည်၊ သမိုင်းမှတ်တိုင်တင်သည့်အခါ ထိုထင်ရှားသော စာမူအတိုင်းဖြစ်အောင် စီစဉ်ပေးမည်ဟု ရုံးတော်က ကာဝန်ယူသည်ဟူ၍ ပြောကြားထားသည်။ ဆိုလိုရင်းကို မသိ၊ အဓိပ္ပာယ်မရှိသည်မှာ သင်တန်းစကားတို့ကို မူလပြောကြားခဲ့သူ စုဒိတကနှင့်သာ သက်ဆိုင်ပေသည်။

(င) သောဓနာလွှာ၊ ၂၀/၂ (ဂ) မှတ်၌ "စောဒနာလွှာ၊ ၂၀/၉ (ဍ) အလယ်ပိုင်းတွင် (ဝိပဿနာသမားရဲ့မျက်လုံးက အတုံးကို မြင်ရတာမျိုး မဟုတ်ဘူး) ဟူ၍ တပည့်တော် စုဒိတက၏ ဟောစကားမှာ အတုံးကိုမြင်လျှင် ဝိပဿနာ မဟုတ်သေးကြောင်းကို ဖော်ပြထားပါသည်ဟု စုဒိတကတင်ပြချက်ရှိသည်။ တိတ်ခွေ၊ ၄-ဘီ၌ 'ဘယ်ဟာကို ဝိပဿနာခေါ်သလဲ၊ "ပညတ္တိ ဌပေတွာ ဝိဝိဓာ-ကာရေန ပဿတီတိ ဝိပဿနာ" -ပ--ဗမာလို တိုတိုပြောကြည့်ကြစို့၊ ပညတ်နဲ့ မရော၊ ပရမတ်သဘောကို မြင်အောင်ကြည့်တာ ဝိပဿနာ'ဟု ဆို၍ တိတ်ခွေ၊ ၅/အေ၌ 'ဒီခန္ဓာကိုယ်ကောင် အတုံးကြီးနဲ့ပဲ ဘုန်းကြီးတို့ စကားပြောသွားမယ်၊ လက်ရှိ ခန္ဓာကိုယ်သည်၊ ခန္ဓာဆိုတာဒီအတုံးကြီးကို ပြောတာနော်၊ ဆံဖျားကစ ခြေဖျားအထိ စုပေါင်းထားတဲ့အတုံးကြီးဟု စုဒိတကဆိုထားသည်။ ထိုဆို ထားသည်အတိုင်းပင် ရှိတရားပရမတ်နှင့် မရှိတရား ပညတ်တို့ကို ခွဲခြားရာ၌ မိမိခန္ဓာကိုယ် အတုံးကြီးကို တည်ကိန်းမဏ္ဍိုင်ပြု၍ ကုသိုလ် အကုသိုလ် (၃၁)ဘုံ အစရှိကုန်သော တရားတို့ကို မ့ရှိပညတ်ဟု သတ်မှတ်ချက်တို့ကို တိတ်ခွေ (၁၄)အထိပြောခဲ့သည်၊ လက်ရှိခန္ဓာကိုယ်အတုံးကြီးဟူသော ပရမတ်မဏ္ဍိုင်မှာ

http://www.dhammadownload.com

ခိုင်မြဲစွာ ရပ်တည်လျှင် အရိယာတို့၏လမ်းကြောင်းမှန်ဟု ဓမ္မစကြာဟောရာတွင် ဆိုခဲ့သည်။ တိတ်ခွေ။ ၁၅၊ ဘီဟောချက်ရောက်မှ 'အတုံးကိုမြင်လျှင် ဝိပဿနာ မဟုတ်သေး 'ဟု စုဒိတက ဆိုပြန်သည်။ စိတ်ပေါက်သလို ဆိုနေသော စုဒိတက ပေတကား။ ထိုကြောင့်မိန္ဓာယူစွဲသူတို့၏ အယူသည်အရှုခြင်းတောင်းနှင့် တူသည်ဟူ၍ "ဒိဋ္ဌိဂတိကသ ဟိ ဂါဟော ဥမ္မတ္တကပစ္ဆိသဒိသော" ဟု(ဒီ၊ ၄၊ ၁။ ၁၁၀)၌ မိန့်ဆိုထားကြသည်။

(စ) သောဓနာလွှာ၊ ၂၀/၂ (ဂ) မှတ်တွင် 'လိုရင်း အနတ္တကို ပန်းတိုင်ထားသဖြင့် အခြားရုပ်နာမ်ဓမ္မ သခ်ါရတို့ကို မပယ်သော်လည်း ပုံကြီးချဲ့ မပြောကြားလိုသည်ကို (လိုရင်းကတော့ အနတ္တပဲ၊ လိုရင်းကတော့ သုညပဲ) ဟူသော စကားဖြင့် ဖော်ပြသည်။ အဓိပ္ပာယ်ထွက်သည့်စကားတို့ကို စုဒိတကတင် မြတ်ဗုဒ္ဓ၏ ပန်းတိုင်သည် အနုပါဒါပရိနိဗ္ဗာန် (ဝါ) အရဟတ္တဖိုလ်ဖြစ်သည်ဟု လည်းကောင်း၊ ရုပ်နာမ်ကို စုဒိတကပယ်သည်ဟု လည်းကောင်း စိစစ်သုံးသပ်ပြခဲ့ပြီးဖြစ်သည်။

ရုပ်နာမ်ကိုမျှ မသိ

မြတ်ဗုဒ္ဓ၏ ရုပ်နာမ်ရှုဝိပဿနာသည် လွဲမှားနေသည်ဟူ၍ စုဒိတက ပုံကြီးချဲ့ ထားသည့် စကားတို့ကို ပေါ်လွင်ရုံမျှဖော်ပြမည်။

ဟောဒနာ၊ ၂၀ (စ) အမှတ်ပြ စုဒိတက ဟောချက်တွင် 'အသား၊ မူလကတည်းက တည်ဆောက်ထားတဲ့ လက္ခဏာဆိုတော့ သူကိုယ်တိုင် အသားမဟုတ်တော့ဘူး၊ အာရုံကိုလှမ်းတဲ့ ပစ္စည်းဖြစ်လာရင် အသားကလှမ်းတာလား၊ နာမ်ဖြစ်သလား--ပ--နားရွက်ဖြစ်နေတာလား၊ နာမ်လား (နာမ်ပါဘုရား)၊ နောက်တုံးက သိခဲ့တဲ့နာမ်နဲ့ မတူဘူးနော်။ ယခုယောဂီတို့ **မြင်နေတဲ့အသားတွေ၊ အရိုးတွေ၊ မျက်စိတွေ၊ အာရုံကိုလှမ်းတဲ့ ပစ္စည်းလို့သိရတယ်။** အဲဒီလက္ခဏာပေါ်လာရင်တော့ နာမ်ဆိုတဲ့အမည်တပ်မြဟု ဆိုထားသည်။ ထိုဟောချက်တွင် နောက်တုံးက သိခဲ့နဲ့ နာမ်နဲ့မတူဘူး နော်ဟူသောစကားဖြင့် ယောဂီတွေ ယခင်ကသိမှတ်ထားသော မြတ်ဗုဒ္ဓအဘိဓမ္မာနာမ်တရားနှင့် မတူ၊ တမူကွဲသည်ဟု တိတိပပ သေသေချာချာ ဖော်ပြောထားသည်၊ အသားတွေ၊ အရိုးတွေ၊ မျက်စိတွေ၊ လက်တွေ၊ နားရွက်တွေကို နာမ်ဟုအမည်တပ်သည်၊ နာမ်နှင့်ရုပ်တို့ တရားကိုယ် မကွဲဘဲ ကူကြသည်ဟု စုဒိတကပြောထားသည်။

http://www.dhammadownload.com

မြတ်ဗုဒ္ဓ၏ (အဘိ၊ဓ၊ ၁၄။ဒီ၊၃။ ၁၇၈။ ခုဒ္ဒက။ ၃-နှာ) ပိဋကတ်တော်တွင် "နာမဠ္ဆ၊ ရူပဠ္ဆ"ဟု ဟောတော်မူထားသဖြင့် နာမ်နှင့်ရုပ်တို့သည် တရားကိုယ် မတူကြချေ။ စိတ်-စေတသိက်၊ နိဗ္ဗာန်တို့ကိုသာ နာမ်ဟု အမည်တပ်၍ အသားတွေ၊ အရိုးတွေ၊ မျက်စိတွေ၊ လက်တွေ၊ နားရွက်တွေကို ရုပ်ဟုသာ အမည်တပ်သည်။ နာမ်ဟု အမည်မတပ်ခဲ့ချေ။

တိတ်ခွေ၊ ၁၄/ဘီ (အမှန်မြင်ရင် ကံမဝင်)၌ 'ရူပွနလက္ခဏာ ရူပ်ဖောက်ပြန်တဲ့ လက္ခဏာကို ရုပ်ခေါ်သည်ဟု နှစ်ကြိမ်ထပ်ဆိုရ၍ တိတ်ခွေ၊ ၁၅/ဘီတွင် 'နမန လက္ခဏာ နာမ် နာမ်ဆိုတာအာရုံကိုလှမ်းညွှတ်တဲ့လက္ခဏာ'ဟု ဆိုထားသည်။ စုဒိတကတ်၏ ထိုစကားတို့က စုဒိတကသည် ရုပ်-နာမ်ကိုမျှ မှန်ကန်အောင်မသိဘဲ အလွဲပြောနေသူဟူ၍ ဖော်ပြကြသည်။

(၁) နာမ် နမနလက္ခဏာ။ (၂) ရူပ် ရူပွနလက္ခဏာ (မ၊ ၄၊ ၁။ ၂၂၆။ သံ၊ ၄၊ ၂။ ၁၆။ အဘိ၊ ၄၊ ၁။ ၉၀၊ ၁၈၂။) စသည် ။

ဘာသာပြန်။ ။

(၁) နာမ်သည် အာရုံသို့ညွှတ်ခြင်း လက္ခဏာရှိသောတရားတည်း။ ပဋိပတ် (ခေါ်) ဝိပဿနာလုပ်ငန်း၌ လောကီစိတ်နှင့် စေတသိက်တို့ကို ယူရသည်။ ပဋိဝေဓ (ခေါ်) လောကုတ္တရာတရားတို့တွင် မဂ်စိတ်၊ ဖိုလ်စိတ်တို့နှင့် စေတသိက်တို့ကို ယူရသည်။ တစ်နည်း-နာမ်သည် စိတ်စေတသိက်တို့ကို မိမိသို့ညွှတ်စေသော တရားတည်း။ နိဗ္ဗာန်ကို ယူရသည်။

(၂) ရုပ်သည် အပူအအေးစသည်တို့ကြောင့် ပြောင်းလဲသည့်လက္ခဏာရှိသော တရားတည်း။

စုဒိတကသည် အမှတ်အသား (လက္ခဏာ)နှင့် အမှတ်အသားရှိတရား (လက္ခဏဝန္တ)တို့ကို ခွဲခြားသိဉာဏ်မျှမရှိသူဖြစ်သောကြောင့် ဖောက်ပြန်တဲ့ လက္ခဏာကို ရုပ်ခေါ်သည်၊ အာရုံလှမ်းညွှတ်တဲ့ လက္ခဏာကို နာမ်ခေါ်သည်ဟု အလွဲပြောခဲ့သည်။ နိသျန်စောင် (သို့မဟုတ်) ဘာသာပြန်စာအုပ်ကို ကြည့်လျှင် ဤမျှမလွဲတန်ရာ။ တတ်ယောင်ကားလုပ်ခြင်းသည် လွဲလက်စ မသတ်နိုင်သူဖြစ်နေအောင် ဆိုးယုတ်လွန်းသည့် အပြစ်ကြီးကို ကျူးလွန်ခြင်းပင်တည်း။ ယင်းသို့ တတ်ယောင်ကား ဘာသာပြန်အလွဲအမှားကို ဥပါဒါန်ဆိုက်အောင် စွဲယူထားသောကြောင့် 'လက္ခဏာပေါ်မှာ အမည်မျိုးစုံတွေ တပ်တယ်၊ လိုရင်းကတော့ အနတ္တပဲ၊ လိုရင်းကတော့ သုညပဲ၊ သူရဲ့လက္ခဏာ အခိုက်အတန့်ကလေးမှာတော့

http://www.dhammadownload.com

အမည်တပ်ပုံကလေးအခုပြောတယ်၊ ဒါတွေဟာ ဖမ်းလို့ဆီးလို့ရတဲ့ တရားတွေ မဟုတ်ဘူး။ ယနေ့ဖြင့် ဝိပဿနာသမားတွေ ရှုလို့ လမ်းဆုံးကို မရောက်တာ အကြောင်းရှာလိုက်တော့ မရှိသော အမည်ပညတ်အရိပ်ကို အရှိထားပြီးတော့ ဝိပဿနာရှုနေကြလို့' စသည်မျှားစွာ အလွဲအမှားစကားတို့ဖြင့် မြတ်ဗုဒ္ဓ၏ ရုပ်နာမ်ရှု ဝိပဿနာနည်းမှန်တော်ကို မတော်မလျော်ကလော် အပြစ်ပြကာ အလွဲအမှားဟု ဖယ်ပစ်လိုက်တော့သည်။ ရုပ်နာမ်လွတ် ဝိပဿနာလမ်းလွဲကို စူးစူးစိုက်စိုက်လိုက်မှားလေတော့သည်။

မြတ်ဗုဒ္ဓ၏ ရုပ်နာမ်ရှု ဝိပဿနာနည်းမှန်တော်တွင် လက္ခဏာ (ခေါ်) အမှတ်အသားနှင့်လက္ခဏာဝန္တ (ခေါ်) အမှတ်အသားရှိရုပ်-နာမ်တရားတို့ကို ခွဲခြားသိမှတ်ထားပြီးလျှင် ပရမတ်စစ်စစ်ဖြစ်ကုန်သော ရုပ်နာမ်တရား (လက္ခဏာဝန္တ) ပေါ်မှာ အာရုံစိုက်ကာ (ရှု) လက္ခဏာဝန္တပရမတ်ရုပ်နာမ်ကိုသာ ဉာဏ်ဖြင့်အရ အမိဖမ်းကာ ထိုရုပ်နာမ်၏ ဖြစ်ပျက်ကိုသိပြီးမှ ဝိပဿနာရှုရသည်။

သဗ္ဗေ သခ်ါရာ အနိစ္စာတိ၊ ယဒါ ပညာယ ပဿတိ။
အထနိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။ ဓမ္မပဒ၊၅၃။နေတ္တိ၊၇-နှာ။

စုဒိတကအလွဲပြောသကဲ့သို့ လက္ခဏာ (ခေါ်) အမည်ပညတ်ကို အရအမိဖမ်းကာ ဝိပဿနာရှုသည် မဟုတ်ချေ။ စုဒိတကသည် အနိစ္စတရားနှင့် အနိစ္စလက္ခဏာ၊ ဒုက္ခတရားနှင့် ဒုက္ခလက္ခဏာ၊ အနတ္တတရားနှင့် အနတ္တလက္ခဏာ ဟူသော ဤ (၆) ဖြာကိုမျှ ကွဲပြား အောင်မသိဘဲ မြတ်ဗုဒ္ဓ၏ ရုပ်နာမ်ရှုဝိပဿနာမှန်တော်ကို အမည်ပညတ်ရှု ဝိပဿနာအမှားဟု အလွဲအပြစ်ပြောကာ စွန့်ပစ်လိုက်သည်။

မြတ်ဗုဒ္ဓလဲ လောဘဒေါသရှိသူပဲတဲ့

တိတ်ခွေ၊ ၁၅/ဘီ (စောဒနာ၊ ၂၀/ဌ အမှတ်ပြ) ဟောချက်တွင် 'ဘယ်သူတွေက ဘယ်လောက်တရားသိပါတယ်ဆိုပြီး ဘယ်လိုပဲပြောပြော၊ လောဘဒေါသဟာ သူ့ဟာသူအကြောင်း တိုက်ဆိုင်ရင်ခန္ဓာကတော့ ပေါ်တာပဲ၊ ထိန်းသိမ်းနေကြဖြစ်လို့သာဟူသော စုဒိတက၏ဟောချက်ဖြင့် သဗ္ဗညုမြတ်ဗုဒ္ဓနှင့် တကွ တပည့်သားရဟန္တာတွေသည်လည်း လောဘဒေါသမကင်းကြသေးဟု ဆိုထားသောကြောင့် စုဒိတကသည် အရိယူပဝါဒကံ (ခေါ်) ဘုရားအစရှိသော အရိယာတို့ စွပ်စွဲဆဲရေးမှု အပြစ်ကြီးကို ကျူးလွန်ထားသူဖြစ်ကြောင်း ပေါ်လွင်သည်။

http://www.dhammadownload.com

တံ ဝါစံ အပ္ပဟာယ တံစိတ္တံ အပ္ပဟာယ တံဒိဋ္ဌိအပ္ပဋိနိသဇ္ဇိတ္တာ ယထာဘတံ နိက္ခိတ္တောဘေ ဧဝံ နိရယေ (မ၊ ၁၊ ၁၁၀-နှာ)

ဘာသာပြန်။ ။

ထိုစကားထိုစိတ် ထိုအယူကို မစွန့်လျှင် ကိုင်ဆွဲကာချထားသူကဲ့သို့ ငရဲမှာ ကျရောက်မည်။

ယင်းသို့ပင် မြတ်ဗုဒ္ဓကိုယ်တော်တိုင်က ဟောညွှန်တော်မူထားသော်လည်း စုဒိတကသည် ကုသိုလ် အကုသိုလ်တကယ်မရှိ၊ ငရဲတကယ်မရှိ၊ စွဲသူရဲ့လက်ထဲမှာ ဟူ၍ အလွဲယူစွဲထားသူဖြစ်သောကြောင့် ထိုအပြစ်ကြီး၏ အပြစ်ဒဏ်ကို ကြောက်မည့်သူ မဟုတ်သည်မှာ တွေးစရာ မေးစရာမလိုတော့ပေ။ အကုသိုလ်ကြောက်သူ ငရဲကြောက်သူတို့သည် စုဒိတက၏ ဝိပဿနာသင်တန်း သာသနာဖျက်လုပ်ငန်းမှ ဝေးကွာရှောင်ကြရာသည်။

ကုသိုလ် အကုသိုလ်မရှိတဲ့

စောဒနာ၊ ၂၀/၁၂ တွင် ကုသိုလ် အကုသိုလ် မရှိတဲ့ဟူ၍ ခေါင်းစဉ်တပ်လျက် တိတ်ခွေ ၁၅/အေ၌ စုဒိတကဟောချက်တို့ကို ဖော်ပြ၍ ရှေ့-နောက် ထောက်ကာ ကြောင်းကျိုးမှန်ပြဝေဖန်ချက်နှင့်တကွ ဓမ္မနီတိသည် အရှုံးခြင်းတောင်းကြီးကို နှစ်ပေါင်း (၂၀)ကျော်အောင် အမြဲသယ်ဆောင်နေသူဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေပါပြီဟူသော စောဒနာတို့၏ တင်ပြချက်ကို စုဒိတကသည် တလုံးမျှပင် ပြန်လှန်ချေပမှု မပြုနိုင်ချေ။ ထိုကြောင့် စုဒိတက၏ စကားလွဲမှားနေကြောင်း ပေါ်လွင်ပြီဖြစ်၍ ရုံးတော်က မှန်-မှား စိစစ်ဖွယ်မရှိပြီ။

ရူပ်နာမ်ဟာ စွဲသူရဲ့လက်ထဲမှာ

တိတ်ခွေ၊ ၁၆/အေ၊ (စောဒနာ၊ ၂၀/မှတ်) ဟောချက်တွင် 'ရူပ်သည်လဲ စွဲသူရဲ့ လက်ထဲမှာ'ဟူသော စကားနှစ်ခွန်းဖြင့် 'ရူပ်နာမ်သည်တကယ်ရှိ ဝရမတ်မဟုတ်၊ ရှိတယ်လို့အလွဲစွဲယူထားသူမှာသာ အတ္တဒိဋ္ဌိစွဲငြိနေတယ်ဟု စုဒိတကဆိုထားသည်၊ ထိုစကားသည် အဘိဓမ္မာ၊ ၁၊ ပါဠိတော်၌ နာမဋ္ဌ၊ ရူပဋ္ဌ-နာမ်နှင့် ရူပ်သည် အမှန်တကယ်ရှိ ပရမတ်တရားဖြစ်သည်ဟူ၍ ဟောညွှန်တော်မူသော သဗ္ဗညုမြတ်ဗုဒ္ဓကိုပင် အတ္တဒိဋ္ဌိစွဲငြိနေသူဟု အပြစ်ဆိုထားသော စကားပေတည်း။ ယင်းသို့ မြတ်ဗုဒ္ဓကိုပင် အတ္တဒိဋ္ဌိစွဲငြိနေသူဟု အပြစ်ပြောနေသော စုဒိတကသည် မြတ်ဗုဒ္ဓ၏ သာသနာတော်ကိုလည်း မယုံကြည်သူဖြစ်၍ မြတ်ဗုဒ္ဓ သာသနာတော်

http://www.dhammadownload.com

တွင်း၌ ဆက်လက်ရှိနေထိုက်သူ ဟုတ်ပါသေး၏'လောဟု စဉ်းစားဖွယ်ရှိသူ ဖြစ်သည်။

ဝိဇ္ဇမာန ပညတ်

တိတ်ခွေ၊ ၁၅/ဘီ (စောဒနာ၊ ၂၀/ည)၌ တချို့ကတော့လဲ စေတနာကလေးကို တကယ်ရှိတယ်၊ သညာကလေးကို တကယ်ရှိတယ်၊ လောဘ ဒေါသတွေကို တကယ်ရှိတယ်၊ စိတ်ဝိညာဉ်ကလေးကို တကယ်ရှိတယ် ဆိုတဲ့အယူနဲ့ အရအမိ လိုက်ဖမ်းနေကြတာပဲ၊ ဒါကိုပဲ တရားအားထုတ်တယ်၊ ဒါပဲ ဝိပဿနာဆိုပြီးတော့ လုပ်နေကြတာပဲ၊ တချို့ကတော့လဲ ရူပ်နာမ်နှစ်ပါးကို ပိုင်းခြားပြီးတော့ ရအောင် လုပ်တာပဲ၊ ဒါဝိပဿနာဆိုလို့--ပ--ပြောတော့၊ ဒို့က ပရမတ္ထတရားတွေကို ခွဲခြမ်း စိတ်ဖြာပြီးတော့ လုပ်နေတာကွလို့ ပြောနေကြတာပဲ။ ဘုန်းကြီး ခုပြောနေတာကတော့ ယောဂီတို့ရဲ့ ခန္ဓာတည်ကိန်းဖြစ်တယ်--ပ--ဒီရူပ်တရား နာမ်တရား ဆိုတဲ့ ပရမတ္ထတရားလို့ စာကဟောထားတဲ့တရားတွေဟာ ပါဠိလိုပြောရင် ဝိဇ္ဇမာန ပညတ်ဟု စုဒီတကဆိုထားသည်။

အမိပွာယ်ဖော် လွှမ်းပုံ

စောဒနာ၊ ၂၀/ဌ မှတ်ပြတွင် နာမ်ရူပ်တရားတွေဟာ ဝိဇ္ဇမာနပညတ်တဲ့ မျက်စိလည်တော့မနော် သတိထားကြ၊ မြန်မာပြန်က **ရှိသောမရှိတရားတဲ့**၊ --ပ--ရှိတယ်လို့လဲ ချုပ်ကိုင်လို့မရဘူး၊ မရှိဘူးလို့လဲ ပယ်ဖျက်လို့မရဘူးလို့ ပြောတဲ့စကား။ (တိတ်ခွေ၊ ၁၆/အေ၊ စောဒနာ၊၂၀/ဌ၌) ရှိတယ်ဆိုတာက တော့ဟုတ်ပြီ၊ အကြောင်းတိုက်ဆိုင်ရင် ရှိမယ်ဆိုတာ။ **မရှိဘူးဆိုတာက ဘာလဲ၊ ဆုပ်ကိုင်လို့ဘယ်တော့မှမရဘူး။ သူဟာလက္ခဏာကလေး**-ပ-ဒါကိုအမိဖမ်းဖို့ မလုပ်လိုက်နဲ့ လက္ခဏာကိုဉာဏ်နဲ့သိတယ်။ ဖမ်းလို့ဆုပ်လို့မရဘူး။ လက္ခဏာကိုတော့ မြင်လို့ရတယ်၊ ဒါကြောင့်မို့လို့ ဒီနာမ်တရားစိတ်တွေ စေတသိက်တွေ၊ ပထဝီတွေ၊ အာပေါတွေဆိုတဲ့ တရားတွေဟာ တကယ် ရှိပါတယ်ဆိုလို့လဲမရ၊ မရှိဘူးဆိုလို့လဲပြစ်ပယ်လို့မရ၊ ဒီတော့ရှိသော မရှိတရား၊ ပါဠိဘာသာနဲ့ ဝိဇ္ဇမာနပညတ်လို့ခေါ်လိုက်တယ်'ဟု စုဒီတကဆိုသည်။

မရှိဆိုတာ ဆုပ်ကိုင်မရတာတဲ့

ရူပ်နာမ်မရှိဟုဆိုရာတွင် ကိုင်လို့ဖမ်းလို့ဆုပ်လို့မရသောကြောင့် မရှိဟု စုဒီတကဆို၍ လက္ခဏာရှိတယ်ဆိုရာတွင် ကိုင်လို့ဆုပ်လို့ ဖမ်းလို့မရသော်လည်း

http://www.dhammadownload.com

ဉာဏ်နဲ့သိရသောကြောင့် ရှိတယ်ဟု စုဒိတကဆိုသည်။ မရှိဘူး-ရှိတယ်ဟု ခွဲခြားရာ၌ စုဒိတကအကြောင်းပြစကားသည် အသိဉာဏ်ကျပ်မပြည့်သူ၏ အကြောင်းပြစကားသာ ဖြစ်နေသည်မှာ သိလွယ်လွန်းသည်၊ ထိုကြောင့် စုဒိတကသည် ပညတ်ဟုဆိုသမျှတကယ်မရှိဟု အလွဲသတ်မှတ်ယူထားသူဖြစ်၍ သဒ္ဒပညတ် (၀ါ) အမည်ပညတ်နှင့် အတ္ထပညတ်(၀ါ)ဒြပ်ပညတ်တို့ကို ခွဲခြားသိဉာဏ်မျှမကပ်သူလည်းဖြစ်သည်၊ ထိုကြောင့် သဒ္ဒပညတ်၊ အမည်ပညတ် ကို သမုတိသစ္စာဟုခေါ်ရသည်။ အတ္ထပညတ်၊ ပရမတ်လေးပါးဒြပ်စင်ကို ပရမတ္ထသစ္စာဟု ခေါ်ရသည်ဟုလည်း အသိဉာဏ်မကပ်သူလည်းဖြစ်သည်။ ထို့ကြောင့် ပင် ရုပ်တရား နာမ်တရား၊ ကုသိုလ်၊ အကုသိုလ်၊ ၃၁-ဘုံတို့ကို မရှိပညတ် သမုတိ သစ္စာဟု အလွဲသတ်မှတ်ပြောဆိုပြီးလျှင် သမုတိသစ္စာအသုံးကို မပယ်ပါဟု မဖွယ်မရာ ပလီပလာရှုပ်ထွေးအောင်ပြောနေသူဖြစ်သည်။

ဝိဇ္ဇမာနပညတ်၏ အဓိပ္ပါယ်အမှန်

လူ့လောကတွင် မွေးဖွားလာသော သားငယ် သမီးငယ်တို့ကို ခေါ်ဝေါ်ပြောဆိုလွယ်ကူစေရန် မောင်ချို မချိုစသည်ဖြင့် နာမည်ပညတ်တပ်ပေးထားရသည်။ မောင်သားငယ် သမီးငယ်ဒြပ်မရှိပဲ နာမည်ပညတ်တပ်လျှင် အရှုံးသာ ဖြစ်သည်ဟု လူမျှားကသတ်မှတ်ထားကြသည်။ မောင်ချို မချိုဟုခေါ်သံ ပြောသံသည်သဒ္ဒပညတ်(၀ါ) အမည်ပညတ်၊ သမုတိသစ္စာဖြစ်၍ မောင်ချို မချိုဟု အခေါ်ခံရသော (၀ါ) မောင်ချို မချိုဟု ခေါ်စရာဖြစ်သော ခန္ဓာငါးပါး၊ (၀ါ) ရုပ်နာမ်နှစ်ပါးဖြစ်သည့် ဝတ္ထုဒြပ်စင်၏အမည်သည် အတ္ထပညတ်၊ ပရမတ္ထသစ္စာဖြစ်သည်။ ထို့အတူ ရူပ-ရုပ်ဟူသော ပြောသံ ဆိုသံစကားသံသည် သဒ္ဒပညတ်၊ အမည်ပညတ်၊ သမုတိသစ္စာဖြစ်၍ ရုပ်ဟု ခေါ်စရာဖြစ်သော တကယ်ရှိ ပရမတ် ဒြပ်စင်၏ အမည်သည် အတ္ထပညတ်၊ ပရမတ္ထသစ္စာဖြစ်သည်။ ပရမတ္ထသစ္စာ (ခေါ်) ပရမတ်ဒြပ်စင်ကိုသာ အမည်ပညတ်တပ်ပါမှ ပရမတ္ထသစ္စာ ဖြစ်နိုင်သည်ဟု အထူးသတိချပ်ရာသည်။ အတ္ထဟုခေါ်စရာ ပရမတ်ဒြပ်စင်မရှိသောကြောင့် အတ္ထသည် ပရမတ္ထသစ္စာမဟုတ်။ တကယ်မရှိသည့်တရားကို ပြောကြသည့်အတွက် အဝိဇ္ဇမာနပညတ်တည်း။

ဒုဝေ သစ္စာနိ အက္ခာသိ၊ သမ္မုဒ္ဒေါ၀ဒတံ ဝရော။
သမ္မုတိ ပရမတ္ထဉ္စ၊ တတိယံ နုပလဗ္ဘတိ။ (ဒီ၊ ၆၊ ၁။ ၃၁၆။
မ၊ ၆၊ ၁၊ ၁၄၂။ သံ၊ ၆၊ ၂။ ၇၂။ အဘိ၊ ၆၊ ၃။ ၁၃၉-နှာ)

http://www.dhammadownload.com

ဝိဇ္ဇမာနပညတ်နှင့် အဝိဇ္ဇမာနပညတ်တို့တွင် ပညတ်ဟူသည် သဒ္ဒပညတ်၊ အမည်ပညတ်၊ သမုတိသစ္စာနှင့် အတ္ထပညတ်၊ ပရမတ္ထသစ္စာအားလုံးကို ယူနိုင်သည် (မဏိမဇ္ဈိသာ၊ ဋီ၊ ၂/၄၇၀ ကိုကြည့်) "ထိုကြောင့် ဝိဇ္ဇမာန ။တကယ်ရှိပရမတ်တရား၏၊ ပညတ်။အမည်ဖြစ်သော စကားသံ၊ (ဝါ) စကားလုံး။ တနည်း။ဝိဇ္ဇမာန။တကယ်ရှိပရမတ်တရားကို၊ ပညတ်။ဖော်ပြသောစကားသံ၊ (ဝါ)စကားလုံးဟု မြန်မာဘာသာပြန်ရသည်၊ တပ္ပါရိသ်သမာသ်ပုဒ်ဟု မှတ်လေ။

ကုသလာကုသလသေဝ သစ္စိကဋ္ဌပရမတ္ထဝသေန ဝိဇ္ဇမာနသ သတော သမ္ဘူတသ ပညာပနာ ဝိဇ္ဇမာနပညတ္တိနာမ (အဘိ၊ ဋ၊ ၃/၂၆)

ဘာသာပြန်။

အမှန်တကယ်ရှိပရမတ်တရားတို့နှင့် ဆက်စပ်သဖြင့် (ဝသသဒ္ဒါ အာယတ္တ-တ္ထော) ထင်ရှားရှိနေဖြစ်နေသောကုသိုလ် အကုသိုလ်ကိုသာ ဖော်ပြသောစကားသံ (ဝါ) စကားလုံးသည် ဝိဇ္ဇမာနပညတ်မည်၏။ (ဝါ) တကယ်ရှိပရမတ်ဒြပ်စင်ကို ဖော်ပြသော စကားလုံးမည်၏။

"ဝိဇ္ဇမာနပညတ်ဆိုတာရှိသောမရှိတရား"ဟု စုဒိတက၏ ကမ္မဓာရည်းသမာသ်ပုဒ်ဟု ထင်မှတ်ကာ ဘာသာပြန်ချက်သည် သဘာဝသိဉာဏ်နှင့် ကျမ်းဂန်သိဉာဏ်မရှိသောကြောင့် လွဲမှားသတည်း။

ဤမျှဖြင့် သောဓနာလ္ကာ၊ ၂၀/၂ (ဂ)မှတ်၌ 'အခြားရူပ်နာမ်ဓမ္မသခ်ါရတို့ကို မပယ်သော်လည်း ပုံကြီးချဲ့၍ မပြောကြားလိုသည်ကို ဖော်ပြထားပါသည်ဟူသော စုဒိတက၏ စကားသည် မှန်သော စကားမဟုတ်၊ ရူပ်နာမ်ပယ်ရှား အလွဲအမှားတို့တွင် ပလီပလာမာယာစကားတွေကို ထပ်ဆင့်ထားခြင်းသာ ဖြစ်သည်ဟု သိလောက်ပေပြီ။ ဤထက်ပို၍သိလိုလျှင် စောဒနာလ္ကာတွင် စုဒိတက၏ ဟောချက်များကို ကြည့်ကြရာသည်။

ရူပ်သဘာဝ၊ နာမ်သဘာဝ

လက္ခဏနှင့် သဘာဝ ဟူသော ပါဠိနှစ်ပုဒ်သည် ဤနေရာ၌ အသံကွဲ-အနက်တူ၊ စာလုံးကွဲ-အဓိပ္ပါယ်တူဖြစ်သည်ဟု သတိပြုရာသည်။ ရူပ်နာမ်တို့သည် မိမိတို့၏ ပင်ကိုယ်၊ နဂိုသဘာဝဘယ်တော့မှ မပြောင်းလဲသော သဘာဝအားဖြင့် ရှိတရားပရမတ်များဖြစ်ကြသည်ဟု ပိဋကကျမ်းဂန်အများ၌ ဆိုထားသည်။

http://www.dhammadownload.com

ရူပွနလက္ခဏာ (ခေါ်)ပြောင်းလဲသောသဘောသည် ရုပ်တရား၏ပင်ကိုယ်ရှိ၊ နဂိုရှိသော ဝိသေသသဘာဝ (ဝါ) သီးသန့်သဘာဝမှန်စစ်စစ်ဖြစ်သည်။ နမနလက္ခဏာ (ခေါ်)အာရုံသို့ညွှတ်ခြင်းသဘောသည် စိတ်စေတသိက်နာမ်တရားတို့၏ ပင်ကိုယ်ရှိ၊ နဂိုရှိသော ဝိသေသသဘာဝ (ဝါ) သီးသန့်သဘာဝမှန်ဖြစ်သည်။ အနိစ္စလက္ခဏာ၊ ဒုက္ခဏာ၊ အနတ္တလက္ခဏာ (ခေါ်) သာမညသဘာဝ (ဝါ) ဘုံဆိုင်သဘာဝသည် ရုပ်တရားနှင့် လောကီစိတ်စေတသိက် (နာမ်) တရားတို့၏ ပင်ကိုယ်ရှိ၊ နဂိုရှိသော သဘာဝမှန်စစ်စစ်ဖြစ်သည်။ ယင်းသို့ နဂိုမူလလက္ခဏာ (ခေါ်) သဘာဝရှိသောကြောင့် ရုပ်နာမ်တို့ကို သဘာဝရှိသောတရားဟူ၍ အတိုချုပ်ပြောလျှင် သဘာဝတရား၊ သဘောတရားဟူ၍ ခေါ်ဝေါ်ကြရသည်။ သဘောနှင့် သဘောတရားတို့ အဓိပ္ပါယ်မတူသည်ကို အထူးသတိမြဲရာသည်။

ဓမ္မာနံ သကော ဘာဝေါ သမာနော စ ဘာဝေါ ဓမ္မသဘာဝေါ၊ တတ္ထ ပဌမေန ကက္ခဋဖုသနာဒိသလက္ခဏံ ဂဟိတံ။ ဒုတိယေန အနိစ္စဒုက္ခ တာဒိသာမည လက္ခဏံ။ တဒုဘယသ္မ စ ယထာဝတော ပဋိဝိဇ္ဈနလက္ခဏာ ပညာတိ ဒ္အာဟ ဓမ္မသဘာဝပဋိဝေဓလက္ခဏာ ပညာတိ။ (ဝိသုဒ္ဓိ၊ ဋီ။ ၂/၇၆)။

ဘာသာပြန်။

ဝိပဿနာဉာဏ်၏ အာရုံဖြစ်ကုန်သော ရုပ်နာမ်တရားတို့၏ နဂိုရှိ၊ ကိုယ်ပိုင်၊ သီးသန့်ဖြစ်ပေါ်မှုသည်လည်းကောင်း၊ အခြားလောကီတရားများနှင့် တူညီစွာဘုံဆိုင်ဖြစ်မှုသည်လည်းကောင်း ဓမ္မသဘာဝမည်၏။ ထိုတွင် သကော ဘာဝေါ-သဘာဝေါ=သီးသန့်ဖြစ်ပေါ်မှုဟူသောပထမစကားဖြင့် ကြမ်းမှု ထိမှု အစရှိသော ကိုယ်ပိုင်လက္ခဏာ၊ သီးသန့်လက္ခဏာကိုယူရမည်။ သမာနော ဘာဝေါ သဘာဝေါ= အခြားလောကီတရားများနှင့် တူညီစွာဖြစ်မှု၊ ဘုံဆိုင်ဖြစ်နေမှုဟူသော ဒုတိယ စကားဖြင့် အနိစ္စ၏အဖြစ် ဒုက္ခ၏အဖြစ်စသော ဘုံဆိုင်လက္ခဏာ ကိုယူရမည်။ ထိုသဘာဝနှစ်မျိုးလုံးကို ဟုတ်မှန်စွာ ဖောက်ထွင်းသိ လက္ခဏာ ရှိသောပညာဟူ၍ ဖော်ပြလိုသော အဋ္ဌကထာဆရာသည် "ဓမ္မသဘာဝပဋိ-ဝေဓလက္ခဏာပညာ"ဟု မိန့်ဆိုသည်။

သကော ဘာဝေါ သဘာဝေါ=နဂိုရှိကိုယ်ပိုင်သီးသန့်ဖြစ်ပေါ်မှုဟူသော စကားဖြင့် ရုပ်နာမ်တရားတို့ကို ပိုင်းခြားခွဲခြားသိဖို့ နည်းလမ်းမှန်ကို ဖော်ပြသည်။ နာမရူပ ပရိစ္ဆေဒပရိဂ္ဂဟအပိုင်းဆိုင်ရာဟု သိမှတ်လေ။ သမာနော ဘာဝေါ သဘာဝေါ=အများနှင့်တူသောဖြစ်နေမှု (ဝါ) ဘုံဆိုင်သဘောဖြစ်နေမှု ဟူသော

http://www.dhammadownload.com

စကားဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု လက္ခဏာသုံးခုတွင် တစ်ခုခုတင်၍ ထင်မြင်နေအောင် ဝိပဿနာရှုနည်းမှန်ကို ဖော်ပြသည်။ သမ္မသနဝိပဿနာ ဉာဏ် ဆိုင်ရာအပိုင်းဟု သိမှတ်ကြလေ။

ဤသည် ပိဋကကျမ်းဂန်နှင့်အညီ မြတ်ဗုဒ္ဓ၏ ရူပ်နာမ်ရှုဝိပဿနာနည်းမှန်တော်တွင် ရူပ်နာမ်တို့ကို နဂိုရှိသဘောတရား (သဘာဝမမ္မ)ဟု ဆိုသောစကားတည်း။

ဓမ္မနီတိပြ သဘာဝ

တိပ်ခွေ၊ ၁၆/အေ (စောဒနာ၊ ၂၀/ဏ)ဟောချက်တွင် မူလဓာတ်သားရဲ့ သဘာဝအားဖြင့်သာ သဘာဝတရားကရှိတယ် ဟု စုဒိတကဆိုထားသောကြောင့် သဘာဝဟူသည် မူလဓာတ်သားရဲ့ လက္ခဏာဖြစ်သည်၊ (၀၊) မူလဓာတ်သားရဲ့ လက္ခဏာကိုသာ သဘာဝဟုခေါ်ရမည်။ရူပ်နာမ်တို့ရဲ့ သဘာဝမဟုတ်၊ (၀၊) ရူပ်နာမ်တို့သည် သဘာဝတရားများမဟုတ်ကြဟူ၍ အဓိပ္ပါယ်ထွက်နေသည်။ 'သဘာဝဆိုတာ၊ သ-မူလအရှိ။ မူလအရှိက အနတ္တသုညဟူ၍ စုဒိတကဆိုထားသောကြောင့် မူလဓာတ်သားဟူသည် မူလအရှိ အနတ္တသုညဓာတ်သားတည်းဟု စုဒိတက၏ ဆိုလိုချက်ထွက်နေသည်။ လက္ခဏာအားဖြင့်သာ ဟူသော စုဒိတက၏ စကားခ်ဉ် လက္ခဏာဟူသည် အဘယ်ပါနည်းဟု စိစစ်သော် တိတ်ခွေ၊ ၁၄/ဘီ ခ်ဉ် (ဖောက်ပြန်တဲ့လက္ခဏာကို ရူပ်ခေါ်တယ်) ဟု ဆို၍ တိတ်ခွေ၊ ၁၅/ဘီ ခ်ဉ် (အာရုံကို လှမ်းညွှတ်နေတဲ့ လက္ခဏာကို နာမ်ခေါ်သည်)ဟု စုဒိတကဆိုထားသောကြောင့် လက္ခဏာဟူသည် ဖောက်ပြန်တဲ့လက္ခဏာနှင့် အာရုံလှမ်းလက္ခဏာပင်တည်းဟု စုဒိတက၏ဆိုလိုချက် ထွက်နေသည်။ ဒီဘဝရဲ့မူလအစသည် ကလလရေကြည်ဖြစ်၍ ထိုဘဝရဲ့မူလအစ ကလလရေကြည်က ဒီခန္ဓာအိမ် ဒီခန္ဓာကိုယ်ကောင်အတုံး ကြီးဟူသော မျက်စိ၊ နားရွက်၊ နှာခေါင်း၊ ပါးစပ်၊ လက်ခြေတို့ကို တည်ဆောက်သည်၊ ထိုဘဝရဲ့ မူလအစ ကလလရေကြည်ထဲမှာ ဖောက်ပြန်တဲ့လက္ခဏာနှင့် အာရုံလှမ်းလက္ခဏာတွေ တခါတည်း ပါလာသည်ဟု စုဒိတက ဆိုထားသောကြောင့် ရူပ်ထုခေါ်ဖို့ ဖောက်ပြန်တဲ့လက္ခဏာနှင့် နာမ်ဟုခေါ်ဖို့ အာရုံလှမ်းညွှတ်လက္ခဏာတို့သည် ဒီဘဝရဲ့မူလအစ ကလလရေကြည်မှ ထွက်လာသော လက္ခဏာများ (၀၊) ကလလရေကြည်ရဲ့ ဖောက်ပြန်တဲ့လက္ခဏာနှင့် အာရုံလှမ်းလက္ခဏာကိုပင် မူလဓာတ်သားရဲ့ လက္ခဏာဟူ၍ စုဒိတကပြောနေသည်ဟု အဓိပ္ပါယ်မှန်ရှင်းချက် ပေါ်ထွက်လာသည်။ ယင်းသို့ဖြစ်သော

http://www.dhammadownload.com

ကြောင့် ဒီဘဝရဲ့မူလအစ ကလလရေကြည်ကိုပင် မူလဓာတ်သား-အနတ္တ-သုညဟူ၍ စုဒိတကအမည်အမျိုးမျိုး တပ်ထားကြောင်းလည်း ပေါ်လွင်လာသည်။ ထိုအချက်သည် ငြင်းကွယ်မရအောင် ဟုတ်မှန်လှသည်၊ ဘဝရဲ့မူလအစ ကလလရေကြည်မှာ ကိုယ်ပိုင်ပုံသဏ္ဌာန်၊ အတိုအရှည်အလုံးအပြား အရိပ်နိမိတ်၊ အရောင်အသွေးမရှိဟု စုဒိတကပြောထားသည်၊ ကလလရေကြည်မှာ စွဲစရာရှာမရ အနတ္တသုညဖြစ်နေသည်ဟု စုဒိတက ပုံဖော်ထားသည်။ "ဧကောဓမ္မော"၏ သရုပ်မှန်လည်း ပေါ်လာလေပြီ။ ဒီဘဝရဲ့မူလအစ ကလလရေကြည်က ဖန်တီးထားသော ခန္ဓာကိုယ်ကောင်အတုံးကြီးသည် တကယ်ရှိအတ္တ ပရမတ်ဖြစ်၍ ဘဝရဲ့အမူအစ ကလလရေကြည်သည် မူလရှိအနတ္တ ပရမတ်ဖြစ်သည်၊ ကျန်အားလုံးသည် မရှိပညတ်များ ဖြစ်ကြသည်။ အတ္တပရမတ်၊ အနတ္တပရမတ်၊ ပညတ်ဟုသာ သုံးမျိုးလုံးသည် သုညဖြစ်သည်ဟု စုဒိတက၏ ဆိုလိုရင်းအဓိပ္ပာယ် မှန်သည်လည်း ပေါ်လွင်လာတော့သည်။ ဤသို့ အမှန်ကိုသိမှသာ "မူလဓာတ်သားရဲ့ လက္ခဏာအားဖြင့်သာ သဘာဝတရားကရှိပါတယ်။ ပယ်တော့မပယ်နဲ့၊ အခု သဘာဝအရှိနဲ့ရှိတာ ဝေဖန်ပြီးတော့ ဘုန်းကြီး ပြောသွားတာ။ ဒါကိုက သဘာဝတရား၊ ဒါကို သိစေချင်လို့လဲ ဘုန်းကြီး၊ ဒါခန္ဓာနဲ့တင်ပြီးတော့ ရှင်းလင်းအောင် ပြောလိုက်တာ"ဟူသော စုဒိတက၏ (ဏ) အမှတ်ပြစကားတို့ကို အဓိပ္ပာယ်ရှင်းပေမည်။

ဓမ္မနီတိ၏ ချေပချက်

စောဒနာလွှာ၊ ၂၀/၁၅တွင် ပြဆိုသော သဘာဝ၏ အဓိပ္ပာယ်မှာ ယထာပစ္စယံ ဟိ ပဝတ္တိမတ္တမေဝ ယဒိဒံ သဘာဝဓမ္မောနာမ)ဟူသော အဘိဓမ္မတ္ထ ဝိဘာဝိနီဋီကာနှင့်အညီ အကြောင်းတိုက်ဆိုင်သည့်အခါ ဖြစ်ပေါ်လာခြင်းကိုသာ သဘာဝဟု ခေါ်ဆိုပါသည်။ မတ္တသဒ္ဒါ ဧဝသဒ္ဒါတို့၏ ဝိသေသလက္ခာကို သတိပြုရန်လိုအပ်ပါသည်။ ထိုထိုရုပ်နာမ်ဓမ္မတို့၏ မူလရှိနှင့်ပြီးမဟုတ်သည်ကိုလည်းကောင်း၊ အကြောင်းတိုက်ဆိုင်သည့်အခါ လက္ခဏာအားဖြင့် အမှည်တပ်ရုံမျှသာ ရှိပုံကိုလည်းကောင်း၊ ဖြစ်ပေါ်ပြီးနောက် အတ္တသာရအားဖြင့် အမာခံ မရပ်တည်နိုင်ပုံကိုလည်းကောင်း ပေါ်လွင်စေရန် သဘာဝဟူသောပါဠိကို ရှင်းလင်းထားခြင်း ဖြစ်ပါသည်ဟူ၍ သောဓနာလွှာ၊ ၂၀/၂(ဂ)မှတ်တွင် စုဒိတကချေပချက်တင်ပြသည်။

http://www.dhammadownload.com

ထိုချေပချက်တွင် ဖော်ပြထားသည့် ပေါ်လွင်စေရန်ရည်မှန်းချက် သုံးရပ်တွင် နံပါတ်(၂) ဖြင့်သာ 'အကြောင်းတိုက်ဆိုင်သည့်အခါ လက္ခဏာအားဖြင့် အမည်တပ်ရုံမျှသာ ရှိပုံကိုလည်းကောင်းဟူသော စကားသည်အလွဲအမှားသာတည်း၊ လွဲပုံကိုစိစစ်ပြခဲ့ပြီးပြီ။ ဤ၌ စုဒိတက၏ နံပါတ် (၃) ရည်မှန်းချက်တွင် 'ဖြစ်ပေါ်လာပြီးနောက်'ဟူသော စကားမျှကိုထောက်လျှင်ပင် လက္ခဏာအားဖြင့် အမည်တပ်ရုံမျှသာ ရှိပုံကိုလည်းကောင်း၊ ဖြစ်ပေါ်လာပြီးနောက်ဟူ၍ စကား ရှေ့+နောက်မညီ အလွဲအချော် ပြောနေသည်။ (၁) ထိုထို ရူပ်နာမ်ဓမ္မတို့၏ မူလရှိနှင့်ပြီး မဟုတ် (၂) အကြောင်းတိုက်ဆိုင်သည့်အခါ ဖြစ်ပေါ်လာသည်။ (၃) ဖြစ်ပေါ်လာပြီးနောက် အမာခံမရပ်တည်ဟုပြောပါမှ စကား ရှေ့+နောက်ညီသည်ဟူ၍ လွယ်လွယ်သိနိုင်ပါလျက် တမင်သက်သက် လှည့်ကွက်မာယာဆင်ထားသည်။

ပဝတ္တိမတ္တမေဝ (ပါဠိ) တွင် မတ္တသဒ္ဒါသည် နိဒ္ဒိဝ (ဘယ်တော့မှမသေမပျက်သော) တရားမျိုးမဟုတ်ဟုသာ တားမြစ်သည်၊ စုဒိတက ပြောသကဲ့သို့ အမည်တပ်ရုံမျှသာ၊ တကယ်ရှိပရမတ်မဟုတ်ဟုသာ တားမြစ်သည်မဟုတ်ချေ။ ပဝတ္တိ(ပါဠိ)၏ 'ဥပါဒ်၊ ဌီ၊ ဘင်၊ (ဝါ) ဖြစ်၊ တည်ပျက်ဟူသော ခဏသုံးချက်ပြည့်စုံစွာ ဖြစ်ပေါ်ခြင်း'ဟူသော အနက်မှန်ဖြင့် ရူပ်နာမ်တရားတို့သည် တကယ်ဖြစ်သော တရားများ၊ တကယ်ရှိသော ပရမတ်တရားများဟူ၍ ဋီကာကျော်ဆရာကြီးက ပြောပြနေသည်ဟု အမှန်သဘာဝပေါ်ထွက်နေပါလျက် စုဒိတကသည် ပဝတ္တိ(ပါဠိ)၏ အနက်ကိုအကောက် ဉာဏ်စွက်ကာ 'လက္ခဏာအားဖြင့်အမည်တပ်ခြင်း'ဟု မတော်မလျော် အလွဲဖော်လိုက်သည်။ ယင်းသို့ ပါဠိ၏အနက်ကို မှန်အောင်မဖော်ဘဲ လိုရာဆွဲအလွဲဖော်ကာ မဖွယ်မရာ အလွဲအမှားတွေပြောခဲ့တာများလွန်းနေလေပြီ။

နဂိုမူလသဘာဝ

မြတ်ဗုဒ္ဓ၏ ရူပ်နာမ်ရှု ဝိပဿနာနည်းမှန်တော်၌ ရူပ်နာမ်တို့၏ နဂိုမူလသဘာဝသည် "ပရမော ဥတ္တမော" အဝိပရိတော အတ္ထော ပရမတ္ထော" (ဋီကာကျော်၊ ၇၄-နှာ၊ စသည်)နှင့် အညီ ဘယ်တော့မှ မပြောင်းလဲသော (ဝါ) မဖေါက်ပြန်သော နဂိုမူလသဘာဝ'ဟု ဆိုလိုသည်။ ဖြစ်နေချိန်၌လည်း နဂိုမူလသဘာဝမှ မပြောင်းလဲ၊ မဖောက်ပြန်၊ ပျက်ချိန်၌လည်း နဂိုမူလသဘာဝမှ မပြောင်းလဲ၊ မဖောက်ပြန်၊ ပျက်ချိန်၌လည်း နဂိုသဘာဝမှ မပြောင်းလဲ၊

http://www.dhammadownload.com

မဖောက်ပြန်ဟု သိမှတ်ကြရာသည်။ မပျက်သော မပျောက်သော ခိုင်မြဲသော သဘာဝ၊ နေရာ ပြောင်းရွှေ့ရုံမျှ ဖြစ်သော သဘာဝဟူ၍ မရှိ၊ ဖြစ်ပြီး ပျက်သွားကြသည်။

အဒဿနတော အာယန္တိ၊ ဘဂိ ဂစ္ဆန္တ၊ ဒဿနံ
ဝိဇ္ဇုပ္ပါဒေါ အာကာသေ၊ ဥပ္ပဇ္ဇန္တိ ဝယန္တိ စ။
(မဟာနိ၊ ၃၃၊၉၁။ ဝိသုဒ္ဓိ၊ ၂။ ၂၆၀-နှာ)

မြန်မာပြန်-သခ်ၦိရတရားတို့သည် **မမြင်ရသည့် (**မရှိသေးသည့်**)** အဖို့မှ ဖြစ်ပေါ်လာကုန်၏။ ချုပ်ပျက်ပြီးသော **သခ်ၦိရတရားတို့သည်လည်း** မမြင်ရခြင်း (လုံးဝမရှိခြင်း)သို့သာလျှင် ရောက်သွားကုန်၏။ **သခ်ၦိရတရားတို့သည်** မမြင်ရ သည့် (မရှိသေးသည့်) အဖို့မှ ဖြစ်ပေါ်လာကုန်၏။ ချုပ်ပျက်ပြီးသော သခ်ၦိရ တရားတို့သည် ကောင်းကင်၌ (ဖြစ်ပေါ်ပြီးလျှင် ပျောက်ပျက်သွားသော) လျှပ်စစ် ရောင် လက်ခြင်းကဲ့သို့ အသစ်လည်းဖြစ်ပေါ်ကုန်၏။

(မဟာနိ၊ ၆၊ ၁၃၁ နှင့် အညီ)။

စုဒိတကတ်၏ သဘာဝဟူသည် သ=မူလအရှိတရားရဲ့၊ သဘာဝဖြစ်ပေါ်တဲ့ လက္ခဏာ (နာမ်-ရူပ်)ဟု ဆိုထားသောကြောင့် မူလအရှိအနတ္တဓာတ်သား သုညသည် ဘယ်တော့မှ မပျက်စီး၊ မပျောက်ကွယ်၊ အမြဲတည်ရှိနေသည်ဟု အဓိပ္ပါယ်ထွက်နေသည်။ ထို့ပြင် စုဒိတကတ်၏ (၄) အမှတ်ပြဟောချက်တွင် အကြောင်းမတိုက်ဆိုင်တဲ့အခါ အနတ္တ-သုည၊ အကြောင်းတိုက်ဆိုင်တဲ့အခါ ဖေါက်ပြန်တယ်၊ လောဘဒေါသစတဲ့ လက္ခဏာတွေထွက်လာတယ်--ပ--သူတို့က (လက္ခဏာတွေက)ပေါ်ပေါက်လာပြီး သုညဆီပြန်သွားပြီး။ --ပ--လက္ခဏာ ကလေး ပေါ်လာလိုက် သုညဆီပြန်သွားလိုက်၊ သူကဒီလိုနေတာ၊ ဒါသူ့ရဲ့ ပင်ကိုသဘာဝဟု "ဆိုထားသောကြောင့် မူလအနတ္တဓါတ်သားသုညသည် ဘယ်မှမပြောင်းမရွှေ့၊ မပျက်ဆီးဘဲ အမြဲ-အနိစ္စထာဝရတည်ရှိနေသည်။ လက္ခဏာတွေက ပေါ်လာလိုက် မူလအနတ္တဓါတ်သားသုညဆီပြန်သွားလိုက်၊ ပေါ်လာလိုက်ဖြစ်သောကြောင့် လှုပ်ရှားနေကြသည်၊နေရာပြောင်းရွှေ့နေကြ သည်၊ ထွက်လိုက်ဝင်လိုက်လုပ်နေကြသည်။ ပျက်စီးမှုသော်ကား မရှိကြ၊ ခိုင်မြဲ သော နိစ္စထာဝရသဘော ရှိနေကြသည်ဟုသာလျှင် အဓိပ္ပါယ်ထွက်နေပြန်သည်။ ဥပမာ၊ အကြောင်းကိစ္စရှိတဲ့အခါ အိမ်ပြင်ထွက်လိုက် ကိစ္စပြီးတဲ့အခါ အိမ်ထဲ

http://www.dhammadownload.com

ပြန်ဝင်လိုက်၊ အကြောင်းကိစ္စရှိတဲ့အခါ အိမ်ပြင်ပြန်ထွက်လိုက်၊ ကိစ္စပြီးတဲ့အခါ အိမ်ထဲပြန်ဝင်လိုက်ဖြင့် လူပ်ရှားနေသူကို အိမ်ပြင်နှင့် အိမ်ထဲနေရာ ပြောင်းရွှေ့နေသော်လည်း မသေသူ၊ ထိုအိမ်ထဲမှ အမြဲနေထိုင်သူဟု ဆိုရ သကဲ့သို့တည်း။

ဗုဒ္ဓနီတိဝိပဿနာနည်းအဆို---နဂိုမူလသဘာဝဟူသည် မဖောက်ပြန် သော်လည်း ပျက်ဆီးသည်။

ဓမ္မနီတိဝိပဿနာအဆို---နဂိုမူလသဘာဝဟူသည် ဖောက်ပြန် သော်လည်း မပျက်စီး၊

လိုရင်းချုပ်။ ။ အကြောင်းမတိုက်ဆိုင်တဲ့အခါ အနတ္တသုည၊ အကြောင်းတိုက်ဆိုင်တဲ့အခါဖောက်ပြန်တယ်၊ လက္ခဏာပေါ်တယ်ဟု (ထ)မှက်ပြ တွင် စုဒိတကဆိုထားသောကြောင့်-

အကြောင်းမတိုက်ဆိုင်တဲ့အခါ--ပကတိဓါတ်သား၊ မူလ၊ အနတ္တ၊ သုည။ ။

အကြောင်းမတိုက်ဆိုင်တဲ့အခါ---ဝိကတိဓါတ်သား၊ လက္ခဏာ၊ အနတ္တ၊ သုညဟု စုဒိတက၏ ဆိုလိုရင်းဖြစ်သည်။

ဘယ်တော့မှ မပျက်စီး၊ ဘယ်တော့မှ မပြောင်းရွှေ့ (ဝါ) ထွက်ပေါ်လိုက်-ပြန်ဝင်လိုက်ဖြစ်သည်မဟုတ်သော ထိုပကတိဓါတ်သား၊ မူလအနတ္တသုညကိုပင် ဓမ္မနီတိယောဂီ အိတ်ဆောင်စာအုပ်၊ နှာ (၂)၌လည်းကောင်း၊ ဓမ္မနီတိ၏ မှောင်ခိုယောဂီအိတ်ဆောင် စာအုပ်-နှာ (၅)၌ လည်းကော[illegible] ဖော်ပြထား သည်။

နှာ-(၂)	နှာ-(၅) မှောင်ခိုစာအုပ်
(ပရမတ်-အရှိ)	(ပရမတ်-အရှိ)
အစဉ်ထင်ရှား	အစဉ်ထင်ရှား
မပြောင်းမရွှေ့	မပြောင်းမလဲ
အရင်-အိမ်သား	အရင်-အိမ်သား
နဂိုကို--မူလ	နဂိုကို--ပကတိ
ကိုယ်တွေ့-အဟုတ်	ကိုယ်တိုင်မြင်တွေ့
အကောင်-အတ္တ	အဟုတ်အကောင်

http://www.dhammadownload.com

ပကတိဝါဒီတို့၏ နဂိုမူလ

ပကတိ (ခေါ်)ပဓာနအယူဝါဒကို စတင်တီထွင်သူသည် ကပိလ အမည်ရှိသူ ပညာရှိကြီးဖြစ်သည်၊ ထိုဆရာကြီးရေးသားသော ကျမ်းကို ကာပိလ ကျမ်းကို ကာပိလကျမ်းဟုခေါ်သည်၊ သင်္ခ်ဒဿနဟုလည်း သိမှတ်ကြသည်။ ထိုသင်္ခ်ဒဿနကျမ်းလာ (၂၅)ပါးသော ပရမတ္တတရားတို့တွင် အတွင်(ချမ်းသာမှု)ရဂျ (ဆင်းရဲမှု) တမ (မသိမှု)တို့ ညီညွတ်နေခြင်းကို ပကတိ (နဂိုမူလ၊ ပင်ရင်း) ဓါတ်သားဟုခေါ်သည်၊ အရာဝတ္ထုတို့၏ ပေါက်ပွားရာဖြစ်သောကြောင့် ပဓာန ဓါတ်ဟုလည်းခေါ်သည်။

ဆ တွံ သုခရူပ်၊ ရဇော ဒုက္ခရူပ်၊ တမောရူပမတ္တံ၊

(သင်္ခ်သက္ကနကျမ်း)

သတ္တရဇတမသခ်ီတာနံ သုခဒုက္ခမောဟာနံ သမုဒါယော ပကတိ ပဓာနန္တိစ ဝုစ္စတိ (ဝိသုဒ္ဓိ၊ မဟာဋီ၊ ၂/၃၅၈)

အချို့ကျမ်းများ အလိုအားဖြင့် သတ္တ (ဉာဏ်)၊ ရဇ (လှုပ်ရှား တက်သည့် ရာဂ)၊ တမ (ပိတ်ပင်တတ်သည့် မောဟ)သုံးမျိုးတို့၏ အညီအမျှ စုပေါင်းနေခြင်းကို ပကတိဟု ခေါ်သည်။

ယခုခေတ်သိပ္ပံ ပညာအရ Atom (ခေါ်) အဏုမြူအမှုံ့တခု၌ Nuclaus (ခေါ်)ဗီဇဓါတ်ရှိသည်၊ ထိုဗီဇဓါတ်၌ Neutuom (ခေါ်) အတွင်းဓာတ်နှင့် Puoton (ခေါ်) အပြင်ဓာတ်တို့ပါရှိကြသည်။ ထိုနှစ်မျိုးကိုမှ Electnon (ခေါ်) လှည့်ပတ်လှုပ်ရှားသော ဓာတ်များပါရှိကြသည်။ ထို ဓါတ်သုံးမျိုးသည် သတ္တ (သတ္တ) ရဂျ (ရဇ) တမ ဓါတ်များနှင့် သဘောတူကြသည်။ ထိုဂုဏ် (ခေါ်) ကြိုးသုံးချောင်းတို့ ညီညွတ်နေသည့်အခါ ပကတိဖြစ်၍ မညီညွတ် သည့်အခါ ဝိကတိ (ဖောက်ပြန်မှု)ဖြစ်လာသည်။ ထိုအခါ ဗုဒ္ဓိ (ပညာ)ဓာတ်တည်းဟူသော မဟာဓါတ်စသည့် သဘောတရားများဆင့်ကာ ဆက်ကာ တစ်ခုပြီးတစ်ခု ပေါက်ပွားလာသော်၊ ယင်းသို့ ဖြစ်ပွားလောသော အကျိုးတရားများသည် အကြောင်းဖြစ်သော ပကတိ (နဂိုပင်မ) ဓါတ်ထဲမှာ ကိန်းဝပ်လျက် တည်ရှိကြသည်။

အကြောင်းမတိုက်ဆိုင်သည့်အခါ ပကတိဓါတ်သား၊ မူလပဓာန ဓာတ်သာဖြစ်၍ အကြောင်းတိုက်ဆိုင်လာသည်မှာ မဟာ (ခေါ်) အကြီးဆုံးဖြစ်သည့် ဗုဒ္ဓိဓါတ်ဖြစ်ပေါ်သည်၊ ထိုမဟာဓါတ်ကြီးမှ နောက်ဆက်တွဲ (၂၂) ပါးသော

http://www.dhammadownload.com

တရားတို့ ဆက်နွယ်ဖြစ်ပေါ်လာကြသည်။ ထိုမဟာဓါတ်မှ အဟံကာရ (ငါဟု မှတ်သည့် မာန)၊ တမ္ဗတ္တ (ခေါ်)ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ထို့နောက်ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ အာကာသဟူသော မဟာဘုတ်ဓါတ်ငါးပါး၊ ထို့နောက် ဗုဒ္ဓိဣန္ဒြေ (ပုရိသခေါ် အတ္တ၏ အာရုံတွေကို ယူဖို့ရန် အသုံးအဆောင်ကိရိယာ၊ တန်ဆာပလာ ပစ္စည်း) မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်ဟူသော ငါးခု၊ ထို့နောက် ကမ္မဋ္ဌ ဣန္ဒြေ (လုပ်ငန်းလုပ်စရာ ကိရိယာ၊ တန်ဆာပလာ၊ ဖြစ်သော) ပြောဖို့ပါးစပ် ကိုင်ဖို့ လက်၊ သွားဖို့ခြေထောက်၊ ကျင်ကြီးစွန့်ဖို့ ဝစ္စမဂ်၊ ကျင်ငယ်စွန့်ဖို့နှင့် မေထုန်မှုဖြင့် မွေ့လျော်ဖို့ ပဿာဝမဂ်၊ သိမှတ်ဖို့ မနိန္ဒြေ (စိတ်) တို့ဖြစ်ပေါ်လာကြသည်။

စေတနာသဘောရှိသော ဓာတ်သည် ပုရိသ (အတ္တ)မည်၏၊ အကျိုးတရားကို မဖြစ်ပွားစေနိုင်သောကြောင့် ဖိုလ်ဓါတ်လည်း မည်၏။ ပကတိ(နဂိုမူလ ပင်မဓါတ်)သည် မ(ဓာတ်)ဖြစ်သော်လည်း ပုရိသ (ခေါ်) ဖိုလ်ဓါတ်နှင့် ပေါင်းမိမှသာ အကျိုးကို ဖြစ်ပွားစေနိုင်သည်။ ထိုကြောင့်(ပကတိပင်မ)ဓါတ်သည် သတ္တရဇ တမဟူသော ဂုဏ် (ကြိုး) သုံးချောင်းတို့ဖြင့် ပုရိသ(ဖို)ဓာတ်ကိုရစ်ပတ်တုတ်နှောင်ထားသည်။ ပုရိသ(ဓာတ်ဖို)ကို အတ္တဟုခေါ်၍ ပကတိဓာတ်နှစ်မျိုးသည် အစမရှိ၊ အဆုံးမရှိ၊ အကြောင်းမရှိ၊ မပျက်စီး၊ အစဉ်အမြဲတည်ရှိနေကြသည်။ အကြောင်းဓာတ် (ဝါ) ဖြစ်အောင်လုပ်သောဓာတ်သည် ပကတိမည်၏။ အကျိုးဖြစ်သော ဓာတ်သည် ဝိကတိမည်၏။

ထို့ကြောင့် ပုရိသ(အတ္တခေါ် ဖိုဓာတ်သည်) အကျိုးကိုမဖြစ်စေရကား ပကတိမဟုတ်၊ အကြောင်းမရှိဘဲဖြစ်၍ အကျိုးဓာတ်မဟုတ်ရကား ဝိကတိလည်း မဟုတ်။ ပင်မ(ခေါ်) ဓာတ်မသည် မဟာဟူသော အကျိုးကို ဖြစ်စေသောကြောင့် ဝိကတိမမည်၊မဟာဓာတ်သည် ပကတိ၏ အကျိုးဖြစ်သောကြောင့် ဝိကတိမည်၏။ အဟံကာရကို ဖြစ်စေသောကြောင့် ပကတိလည်းမည်၏။ တမ္ဗတ္တသည် အဟံကာရ၏ အကျိုးဖြစ်သောကြောင့် ဝိကတိမည်၏၊ မဟာဘုတ်တို့ကို ဖြစ်စေသောကြောင့် ပကတိလည်းမည်၏။ ဣန္ဒြေ (၁၁)ပါးနှင့် မဟာဘုတ်တို့သည် တမ္ဗတ္တ၏ အကျိုးဖြစ်သောကြောင့် ဝိကတိမည်၏။ အခြားဓါတ်တို့ကို မဖြစ်စေနိုင်သောကြောင့် ပကတိမမည်ကုန်။

http://www.dhammadownload.com

ရူပ်ကြမ်းကို၊ ရူပ်နုကို

သတ္တဝါတို့၏ သန္တာန်၌ ထူလာသရီရ (ခေါ်) ရူပ်ကြမ်းကိုယ်နှင့် သုခုမသရီ (ခေါ်) ရူပ်နုကိုယ်ဟူ၍ ကိုယ်နှစ်မျိုးရှိသည်၊ ရူပ်ကြမ်းကိုယ်မှာ မိဘတို့၏ သွေးနှင့် ကြမ်းသော ဘူတရူပ်တို့ဖြင့် ပြီးသောကြောင့် သေပြီးနောက် ပျက်ဆီးသွားကြသည်။ ရူပ်နုကိုယ်နုမှ မဟာအဟံကာရတမ္ဘတ္တတို့ဖြင့် ပြီးသောကြောင့် သေပြီးရူပ်ကြမ်းကိုယ်မှ ထွက်သွား၍ အခြားကိုယ်တစ်ခု၌ တည်နေကြသည်။

သုခုမာ မာတာပိတုဇာ ပဘူတေဟိ တိဓာ ဝိသေသာ သိယုံ
သုခုမာ တေသံနိယတာ၊ မာတာပိတုဇာဇာနိ ဝတ္တန္တေ၊

ကြောင်းကျိုးဆက်ဖြစ်လာပုံ

နဂိုမူလပကတိစသည်မှ မဟာ အဟံကာရ၊ တမ္ဘတ္တစသည်တို့ဖြစ်လာပုံမှာ မရှိသေးသော အသစ်ဓါတ်တို့ဖြစ်လာသည်မဟုတ်၊ သိမ်မွေ့၊ မထင်ရှား၊ ရှိပြီးသား ပကတိစသည်မှ ကြမ်းတမ်းထင်ရှားသည့် အနေဖြင့် ပေါ်ပေါက်လာခြင်းသာ ဖြစ်သည်။ မရှိသော အခြေအနေမှ ရှိလာသည့် အခြေအနေဖြင့် အသစ်အသစ် ဖြစ်ပေါ်လာသည်မဟုတ်ချေ။

ပျက်ချိန်တွင် မူလပြန်ဝင်

ပျက်ချိန်၌ကြမ်းတမ်းထင်ရှားနေသော မဟာဘုတ်တို့မှ သိမ်မွေ့၊ မထင်ရှားသည့်အနေဖြင့် ကျွန်ခြေ၊ တမ္ဘတ္တ၊ အဟံကာရ၊ မဟာ၊ ပကတိသို့နောက်ကြောင်းပြန်ရောက်သွားသည်။ ဤသို့လျှင် ကြမ်းတမ်းထင်ရှားသောအခြေအနေမှ သိမ်မွေ့မထင်ရှားသောအခြေအနေသို့ ရောက်သွားခြင်းမျှသာဖြစ်သည်၊ ရှိနေသည်မှ လုံးဝမရှိသည်အဖြစ်သို့ ရောက်သွားခြင်းဟူသည်မဖြစ်နိုင်ပေ၊ မရှိပါချေ။

ကိုယ်ဝန်ဆောင်သဘာဝ

အကြောင်းတိုက်ဆိုင်သည့်အခါ ဖြစ်ပေါ်လာမည့်အကျိုးတရားသည် မျိုးစေ့ဓါတ်အဖြစ်ဖြင့် အကြောင်းတရားထဲမှာ တည်ရှိနေသည်၊ အကြောင်းတရားသည် အကျိုးတရားဖြစ်ပွားလာဘို့ မျိုးစေ့ဓါတ်ကိုဆောင်ထားသည်၊ အကျိုးမျိုးစေ့ဓါတ်သည်ကိုယ်ဝန်ဖြစ်၍ အကြောင်းသည် ကိုယ်ဝန်ဆောင်ဖြစ်သည်။ ထို့ကြောင့် သ-

http://www.dhammadownload.com

မူလအရှိဒ၅ကြောင်းဓါတ်သဘာဝ=ဖြစ်ပွားလာမည့်အကျိုးမျိုးစေ့ဓါတ်ဟူသော ထိုနှစ်ရပ်တို့ ပေါင်းစပ်တည်ရှိနေသည်ကို သဘာဝ (ကိုယ်ဝန်ဆောင်) ဟု ဆိုသည်။

ပကတိဓါတ်သား (အနတ္တ-ဓါတ်မ)နှင့်ပုရိသ (ဓါတ်သား၊ အတ္တ-ဓါတ်ဖို)တို့ တွဲစပ်မိသည့်အခါ ဖောက်ပြန်ဖြစ်ပွားလာသည့် မဟာ၊အဟံကာရ၊ တမ္မတ္တာ၊ ဣန္ဒြေ မဟာဘုတ်ဟူသော အကျိုးတရား (၂၃)ပါး မျိုးစေ့ဓါတ်တို့သည် မူလအနတ္တ ဓါတ်သားပကတိ၌ တည်ရှိကြသည်။ ယင်းတို့တည်ရှိသည်ကို သဘာဝဟုဆိုသည်၊ သ=မူလအရှိပကတိအနတ္တဓါတ်သား+သဘာဝ=ဖေါက်ပြန်ဖြစ်ပွားလာမည့်မဟာ၊ အဟံကာရ (၀) မဟာဘုတ်ဟူသော အကျိုးမျိုးစေ့ဓါတ် (၂၃)ရပ်တို့ပေါင်းစပ် တည်ရှိနေသည်။ ကိုယ်ဝန်ဆောင်သဘာဝဟုဆိုလိုသည်။

ကပိလနှင့် ဓမ္မနီတိ

ကပိလဆရာကြီး၏ သင်္ချာဒဿန (ခေါ်)ပကတိဝါဒကို သဘောသွားပေါ်ရုံ မျှသာဖေါ်ပြခဲ့ပြီးပြီ။ ကပိလဆရာကြီး၏ ပကတိဝါဒသည် ရူပ်နာမ်လွတ်အဘိဓမ္မာ ပင်ဖြစ်သည်။ မူလပကတိနှင့် ပုရိသဓါတ်သားတို့ပေါင်းစပ်၍ လောကကြီးကို ဖန်တီးသည်။ ဗုဒ္ဓိန္ဒြေ (ဗုဒ္ဓိ+ဣန္ဒြေ) (ခေါ်) အာရုံငါးပါးကိုသိစရာကိရိယာ တန်ဆာပလာဖြစ်သော မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်တို့ကိုဖန်တီးသည်ဟု ဆိုသည်။ စုဒိတကပုဂ္ဂိုလ်က ဒီဘဝရဲ့မူလအစ ကလလရေကြည်ကို ကြားဝင်တိုး ဖြည့်ထားသည်၊ ဒီဘဝရဲ့မူလအစကလလရေကြည်မှာ အာရုံလှမ်းလက္ခဏာနှင့် ဖေါက်ပြန်တဲ့ လက္ခဏာတခါတည်းပါလာသည်၊ ဒီဘဝရဲ့မူလအစ ကလလ ရေကြည်က အာရုံကိုလှမ်းဖို့ ညွှတ်ဖို့ယူဖို့ ကရိယာတန်ဆာပလာအဖြစ်ဖြင့် မျက်စိ၊ နား၊ နှာခေါင်း၊ ပါးစပ်၊ လက်ခြေစသည်တို့ကို ဖန်တီးသည်ဟုဆိုသည်။ ကပိလ ဆရာကြီးက ပျက်ချိန်တွင်အားလုံးသိမ်မွေ့၍ မူလအနတ္တပကတိသို့ ပြန်ဝင် သည်ဟုဆိုသည်။ စုဒိတကပုဂ္ဂိုလ်ကလည်း မူလအနတ္တသုညသို့ ပြန်ဝင်သည်ဟု ဆို၍ "ကွဲပြားတာသုတ္တန်၊ တူညီတာအဘိဓမ္မာ၊ မတူမျှက မူလပြန်ရှာ"ဟူ၍ စကားပုံကိုလည်းဆိုထားလိုက်သည်။ အသစ်စက်စက်ဖြစ်လာမှုနှင့်မရှိအောင် ပျက် စီးမှု(ဝါ) ဖြစ်ပျက်ကိုနှစ်ဦးလုံးက မယုံကြည်သောကြောင့် အနိစ္စလက္ခဏာကို ဘေးဖယ်ထားကြသည်။ အနိစ္စဝိပဿနာရှုမှုကို အလွဲအမှားဟုသဘောထား ကြသည်၊ အနိစ္စဝိပဿနာရှုမှုကို ထည့်သွင်းမစဉ်းစားကြ။ ရူပ်-နာမ်ကိုသိမြင်

http://www.dhammadownload.com

လျှင် အတ္တဒိဋ္ဌိ၊ သတ္တာယဒိဋ္ဌိ ပြုတ်သည်။ ရူပ်နာမ်၏ဖြစ်မှုကို သိမြင်လျှင် ဥစ္ဆေဒ (ပြတ်မှား) ဒိဋ္ဌိပြုတ်သည်၊ ရူပ်နာမ်၏ပျက်မှုကိုသိမြင်လျှင် သဿတ (မြဲမှား) ဒိဋ္ဌိပြုတ်သည်ဟူသော မြတ်ဗုဒ္ဓ၏တရားတော်များကို အကောင်းဆုံးပျက်လုံး တခုဟု သဘောထားကြသည်။ ကုသိုလ် အကုသိုလ်ဟူသော ကံတရားကိုမရှိဟု ပယ်ထားကြသည်။

ပကတိဝါဒနာမ်-ရူပ်ပြပုံ

ကပိလဆရာကြီး ၏ ပြခဲ့ပြီး (၂၅)ပါးသော သဘာဝဓမ္မတို့ကို ကပိလသင်္ခ် ဒဿနကျမ်းဌ ပုရိသသည် နာမ်၊ ကျန်-၂၄ပါးသည်ရူပ်ဟုဆိုသည်။

ဝိသုဒ္ဓိ၊ ဋီ၊ ၂။ ၃၅၉-နှာ၌ (၁) ပကတိ (သုခ+ဒုက္ခ+မောဟဟုသုံးခုပေါင်း) (၂) မဟာ (ဉာဏ်) (၃) အဟံကာရ (မာန) (၄) မနိန္ဒြေ (စိတ်) တို့သည်နာမ်၊ ပုရိသသည် နာမ်-ကျန် (၂၀)သည် ရူပ်ဟုဆိုသည်။

ဓမ္မနီတိ---------- လက္ခဏာပေါ်ခိုက်တွင် လက္ခဏာကိုသာ နာမ်-ရူပ်ခေါ်၍ လက္ခဏာမပေါ်လျှင် နာမ်-ရူပ်မဟုတ်၊ နဂိုမူလ ပကတိအနတ္တမါတ်သားသုညဟု ဆိုသည်။

ကိုယ်ဝန်ဆောင်သဘာဝ စိစစ်ပြ

ထိုကပိလဆရာကြီး၏ ပကတိဝါဒကိုယ်ဝန်ဆောင်သဘာဝကို ဝိသုဒ္ဓိမဂ် ၄၊၂/၁၄၄။ သမ္မော၊ ၄၊ ၈၄၊ ပဋိသံ၊ ၄၊ ၁/၁၈၄တို့၌ အောက်ပါအတိုင်းစိစစ်ပြထားသည်။

နိရောဓသုညာနိ ဝါတိ ဏိ၊ နိရောဓေါ သေသတ္တာသုညော။ ဖလသုညောဝါ ဟေတ္ထုဟေတု၊ သမုဒယေ ဒုက္ခသာဘာဝတော မဂ္ဂေစ နိရောဓသ။ နဖလေ နသဂ္ဂေ ပကတိဝါဒီနံ ပကတိဝိယ။

ဘာသာပြန်။

တနည်းအားဖြင့် ဒုက္ခ၊ သမုဒယ၊ မဂ္ဂဟူသော သစ္စာသုံးပါးတို့သည် နိရောဓသစ္စာမှ ကင်းကွာဆိတ်သုဉ်းကြကုန်၏၊ နိရောဓသစ္စာသည်လည်း ကျန်သစ္စာသုံးပါးတို့မှ ကင်းကွာဆိတ်သုဉ်းသည်၊ တစ်နည်းအားဖြင့် ဤသစ္စာ လေးပါးတို့တွင် သမုဒယနှင့် မဂ္ဂဟူသော အကြောင်းသစ္စာနှစ်ပါးသည် ဒုက္ခနှင့်

http://www.dhammadownload.com

နိရောဓဟူသော အကျိုးသစ္စာနှစ်ပါးမှ ကင်းကွာဆိတ်သုဉ်းသည်။ အကြောင်းဖြစ်သော သမုဒယသစ္စာထဲမှာ အကျိုးဖြစ်သော ဒုက္ခသစ္စာသည် မျိုးစေ့အဖြစ်ဖြင့် ပူးတွဲပါဝင်ရှိနေမှု မဖြစ်နိုင်ခြင်း၊ အကြောင်းဖြစ်သော မဂ္ဂသစ္စာထဲမှာ အကျိုးဖြစ်သော နိရောဓသစ္စာ သည် မျိုးစေ့အဖြစ်ဖြင့် (ဝါ) ကိုယ်ဝန်အဖြစ်ဖြင့် ပူးတွဲဝင်တပါတည်းရှိနေမှု မဖြစ်နိုင်ခြင်းကြောင့်ပေတည်း။ ကပိလ၏ သင်္ချာဒဿနကျမ်းလာ ပကတိဝါဒီတို့ ဆောင်သကဲ့သို့ (ဝါ) ကိုယ်ဝန်ဆောင် သဘာဝရှိသော ပကတိကဲ့သို့ အကြောင်းသစ္စာတရား၏ အကျိုးသစ္စာတရားနှင့် ပူးတွဲဖြစ်နေမှု သည် မဖြစ်သင့်ချေ။

သုညအဓိပ္ပာယ်မှန်

နိရောဓသုညနိပါဋ္ဌဖြင့် သစ္စာလေးပါးတို့သည် တပေါင်းတည်း တထပ်တည်းမဟုတ်ကြကုန်၊ အချင်းချင်းကင်းကွာ (သုညဖြင့်) နေကြသည်ဟု အဋ္ဌကထာကြီး သုံးကျမ်းတို့၌ ပြဆိုထားသောကြောင့် "ဧကောဓမ္မော" ဖြစ်အောင်၊ လောကုတ္တရာနယ်မှာ သိက္ခာသုံးပါးတစ်ပေါင်းတည်း တထပ်တည်းဖြစ်အောင် ကျင့်ရမည်၊ သရဏဂုံသုံးပါး တပေါင်းတည်းသို့ တထပ်တည်းဖြစ်အောင် သိမြင်ရမည် စသည်ဖြင့်လည်းကောင်း၊ စွဲစရာမရှာအနတ္တ သုညဟူ၍ လည်းကောင်း၊ စုဒိတက၏ ပြောထားသောစကားများသည် ကျမ်းဂန်နှင့်မညီ လွဲမှားသည်၊ ကပိလဆရာကြီး၏ ပကတိဝါဒ ကိုယ်ဝန်ဆောင် ဝါဒနှင့် အညီ ပြောထားသော စကား၊ မြတ်ဗုဒ္ဓသာသနာတော်နှင့် မသက်ဆိုင်သော စကားသာ ဖြစ်သည်မှာ အလွန်ထင်ရှားပေပြီ။

ဓမ္မနီတိ၏ဖြစ်ပုံ-ပျက်ပုံ လွဲမျိုးစုံ

ကပိလဆရာကြီး၏ ပကတိဝါဒအရ အကြောင်းမတိုက်ဆိုင်သည့်အခါ (ဝါ) ပကတိ (ဓာတ်မ)သည် ပုရိသ (ဓာတ်ဖို)နှင့် မပေါင်းမိသေးသောအခါ မူလနဂို ပကတိအတိုင်းရှိ၍ လောကကြီးမဖြစ်ပွားချေ၊ အကြောင်းတိုက်ဆိုင်သည့်အခါ (ဝါ) ပကတိ (ဓာတ်မ)သည် ပုရိသ (ဓာတ်ဖို)နှင့် ပေါင်းစပ်မိသောအခါ ပကတိမှ ဖောက်ပြန် (ဝိကတိ)ဖြစ်၍ မဟာစသော အကျိုးတရားများ အနုစားမှ အကြမ်းစား အဖြစ် ထင်ရှားပေါ်ပေါက်လာကြသည်၊ လောကကြီးဖြစ်ပွားလာသည်။ ပျက်ချိန်မှာ အကြမ်းစားမှ အနုစားအဖြစ် ပြန်လည်ပြောင်းလွဲ၍ မူလ ပကတိ ဓာတ်သားထဲသို့ ပြန်ဝင်နေကြသည် အကျယ်ဖော်ပြခဲ့ပြီးပြီ။

http://www.dhammadownload.com

တိတ်ခွေ၊ ၁၆/အေ (စောဒနာ၊ ၂၀၊ ၁၁၊ ၆)တွင် အကြောင်းမတိုက်ဆိုင်သည့်အခါ အနတ္တသုည၊ အကြောင်းတိုက်ဆိုင်တဲ့အခါ ဖောက်ပြန်တယ်၊ လက္ခဏာတွေ၊ ထွက်လာတယ်၊ ---ပ---လက္ခဏာလေးတွေပေါ်လာလိုက်၊ သုညစီ ပြန်သွားလိုက် လက္ခဏာလေးတွေပေါ်လာလိုက်၊ သုညဆီပြန်သွားလိုက်၊ သူကဒီလိုနေတာ၊ ဒါသူရဲ့ပင်ကိုယ်သဘာဝဟု စုဒိတကဆိုထားသည်။ထိုဆိုရပ်နှစ်ရပ် တစ်ထပ်တည်းတူနေသည် ထိုဝါဒနှစ်ရပ်ကို ဝိသုဒ္ဓိ၊ ဋီ၊ ၂/၂၁၇။ ၂၁စ-၌ ဆိုထားသောစကားနှင့် နှိုင်းချိန်ကြည့်ရာသည်။

ပဓာနတော လောကီ အာဝိဘာဝတိ။ တတ္ထေဝစ ပတိလီယတိ တိပဓာနကာရ ယဏိနော ဝဒန္တိ--ပ။ ဧဝမာ ဒိအကာရဏဝါဒ သင်္ဂဟော ဒဋ္ဌေါ

ဘာသာပြန်။

ပဓာန (ခေါ်) မထင်ရှားသည့် နဂိုပကတိဓာတ်သားမှ အကျိုးတရား လောကသည် အထင်အရှား ဖြစ်လာ၏။ (ပျက်ချိန်တွင်) ထိုနဂိုပကတိဓာတ်သား သာလျှင် ဝင်ရောက်ကွယ်ပျောက်၏ ဟူ၍ ပဓာနအကြောင်း(ခေါ်) နဂိုမူလ ပကတိဓာတ်ကို ယုံကြည်ပြောလေ့ရှိသည် ကပိလဂိုဏ်းသား ပကတိဝါဒီများက ဆိုကြ၏--ပ--ဤသို့စသော အကြောင်းမဲ့ အကြောင်းမှား မိစ္ဆာဝါဒများကို (အာဒီသဒ္ဒါဖြင့်) သိမ်းယူထည့်သွင်းရမည် သိမှတ်အပ်၏။

ဤမဟာဋီကာစကားတွင် အကာရဏ (အကြောင်းမဲ့) ဟူသည် နဂိုမူလ ပကတိ ဓာတ်သားသည် အကြောင်းမရှိပဲ အလိုအလျောက်ဖြစ်တည် နေသည်ကို ရည်ရွယ်ဆိုသည်။ အကာရဏ (အကြောင်းမှား) ဟူသည်ဖြစ်ချိန်၌ ပကတိမှ အကျိုးလောကကြီး ပေါ်ထွက်ဖြစ်လာ၍ ပျက်ချိန်၌ အကျိုးလောကသည် နဂိုပကတိဓာတ်ထဲသို့ ပြန်ဝင်သွားသည်၊ (ဝါ) နဂိုမူလပကတိ (ခေါ်) အကြောင်းထဲမှာ လောက (ခေါ်) အကျိုးတရားဖြစ်ဖို့ မျိုးစေ့ဓာတ်သည် ပူးတွဲဝင်ကာ အမြဲတည်နေသည် (ဝါ) အကြောင်းထဲမှာ အကျိုးမျိုးစေ့ ကိုယ်ဝန်တည်ရှိနေခြင်းကိုသာ သဘာဝဟုခေါ်သည် ဟူ၍ အကြောင်းပြချက်လွှဲမှားသည်ကို ရည်ရွယ်ဆိုသည်။ ထို့အပြင် ဝိသုဒ္ဓိ၊ ဋီ၊ ၂/၂၂၂ နှင့် မူလဋီ၊ ၂/၅၈တို့၌ နဂိုမူလ ပကတိဓာတ်သား ဝါဒလွှဲမှားကြောင်းကို စိစစ်ပြသည်။ ကျယ်မည်စိုး၍ ဤ၌ မပြပြီ။

http://www.dhammadownload.com

ဤသို့လျှင် ထေရဝါဒ ပိဋကတ်ကျမ်းဂန်ကြီး အသီးသီးတို့က အကျယ်တဝင့် စိစစ်ကာပယ်စွန့်ထားသော နဂိုမူလ ပကတိဝါဒ၊ အဆွေးအပုပ်တွင် ဒီဘဝရဲ့ မူလအစ ကလလရေကြည်ကိုထည့်သွင်းအရောင်တင်၍ မြတ်ဗုဒ္ဓ၏ ဒါနသီလ အစရှိသော ကုသိုလ်လုပ်ငန်းများနှင့်တကွ ရုပ်နာမ်ရှု ဝိပဿနာနည်းမှန်တော်ကို အသိဉာဏ်ကျပ်မပြည့်ဘဲ ပုတ်ခတ်ဆဲရေး ပယ်ဖျက်ဘေးဖယ် မဖွယ်မရာဝါဒသစ် တစ်ရပ်ယောင်ယောင် ဗုဒ္ဓဝါဒယောင်ယောင် အူကြောင်ကြောင်လုပ်သည်မှာ အလွန်ထင်ရှားပေါ်လွင်နေပေသည်။

ဓမ္မနီတိ၏သရုပ်မှန်

ဓမ္မနီတိသည် ကပိလဆရာတော်ကြီး၏ ရုပ်နာမ်လွတ် ဝိပဿနာကို အနည်းငယ်မျှ အပြစ်မဆိုပေ။ မြတ်ဗုဒ္ဓ၏ ရုပ်နာမ်ရှု ဝိပဿနာကိုကြီးစွာ မျှားစွာ အပြစ်ဆိုသည်၊ မြတ်ဗုဒ္ဓ၏ တရားတော်ကို ဓမ္မစကြာမှစ၍ ပိဋကကျမ်းဂန်အားလုံး၏ သရုပ်မှန် သဘာဝမှန်တို့ကို ဖျက်ဆီးသည်။ဘုရား၊ တရား၊ သံဃာ မြတ်ရတနာတို့ကို ခန္ဓာကိုယ်အပြင်မှာ မရှာနဲ့၊ အပြင်ဘက်ရှိ ဘုရားတွေထံက ထုံးရှိထုံးရမယ်၊ သဲရှိသဲရမယ်၊ ရှိဘာပဲရမယ်၊ သစ္စာလေးပါးကိုမရ စသည့်စကားဆိုးဖြင့် သာသနာတော်ဆိုင်ရာ အားလုံးကို အပြစ်ကြီးစွာ မျှားစွာဆိုထားသည်။ မြတ်ဗုဒ္ဓ၏တရားတော် မဟုတ်သည်ကို မြတ်ဗုဒ္ဓဟောသည်ဟု ဟောပြောခြင်းနှင့် နားလည်လွယ်အောင် သိပ်ပွနည်းကျအောင်ဟု ကြောင်တောင်တောင် အကြောင်းပြကာ မြတ်ဗုဒ္ဓ၏ တရားတော်မှန်ထဲသို့ အလွဲအမှား သဘောတရားတွေကို ထည့်သွင်းခြင်းသည် ဓမ္မနီတိ၏ ဆိုးယုတ်လွန်းသည့် သာသနာဖျက် လုပ်ရပ်ပေတည်း။

ဓမ္မနီတိသည် ကပိလဆရာကြီး၏ နောက်သို့လည်း အပြည့်အစုံမလိုက်၊ မြတ်ဗုဒ္ဓ၏နောက်သို့လည်း အပြည့်အစုံမလိုက်၊ စိတ်ကူးပေါက်သလို ဖြည့်စွက်ထည့်ချက်တွေသွင်းကာ ဝါဒသစ် တစ်ရပ်ယောင်ယောင် အူကြောင်ကြောင် လုပ်ထားသည်။ ထို့ကြောင့် တိပ်ခွေ၊ ၄/အေ (စောဒနာ ၁၁/၇)တွင် "ကျွန်ဘဝကလွတ်ချင်လို့ တရားရှာတာ၊ တရားရှာရတာ၊ ဘယ်သူ့တပည့်မှ အောက်ကျခံနေစရာ မလိုဘူး"ဟု ဆို၍ ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်မရှိ၊ ပုံနှိပ်တိုက် အမည်မပါပဲ ထုတ်ဝေသော မှောင်ခို ဓမ္မနီတိ ယောဂီအိတ်ဆောင်စာအုပ်၊ နှာ-၃၅ တွင်--

http://www.dhammadownload.com

ချမ်းသာသလို အသိကိုဆောင် (ဝိဇ္ဇာမိုရ် ဦးအောင်)

ကိုယ်တိုင်လဲ လောင်းမကြောက်၊ သူ့အောက်မှာလည်း လောင်းမရှိ၊ အဲဒါ ဗုဒ္ဓရဲ့သတ္တိဟူ၍ ရေးသားထုတ်ဝေသည်၊ ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် ရသည့် ဓမ္မနီတိ ယောဂီအိတ်ဆောင်စာအုပ်တွင် ထိုစာများမပါ မရှိပေ။

သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ

ဖြစ်ပေါ်--ပျောက်ပျက်နေသော ရူပ်ဓမ္မတို့ကို အတ္တသာရအားဖြင့် စွဲယူခဲ့သော် သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိဟု ဟောကြားခြင်းဖြစ်ပါသည်ဟု သောဓနာ ၂၀/၃(ဂ)မှတ်တွင် စုဒိတကတင်ပြသည်။ ထို တင်ပြချက်တွင် ပဓာနဖြစ်သော အတ္တသာရအားဖြင့် စွဲယူခဲ့သော်ဟူသောစကားသည် လှည့်ကွက်မာယာ ရယ်ဖွယ်ရာ ပလီပလာစကားသာ ဖြစ်သည်။ တိတ်ခွေ၊ ဂ/ဘီ ၊ စောဒနာ၊ ၃(က)တွင် "အတ္တာဟိ ဂဟိတံနတ္ထိ"။ (ပါဠိ)ကို အတ္တာဟိ ။အတ္တာဟူ၍၊ ဂဟိတံ။စွဲယူခြင်းသည်။ နတ္ထိ။မရှိ"ဟု အနက်မှန်ပေးသင့်ပါလျက် "နတ္ထိ။တကယ်မရှိတာတွေကို ဂဟိတံ။အရှိထား၍ ယူခဲ့သော် အတ္တာဟိ အတ္တာနာမ။အတ္တအယူမည်၏"ဟု ဆွဲအနက် လွဲပေး၍ မိမိမွေးရာပါ ခန္ဓာကိုယ်အတုံးကြီးသာ(ဝါ) အတ္တသည်သာ တကယ်ရှိပရမတ်၊ သဗ္ဗညုမြတ်ဗုဒ္ဓပါဝင်သော ကျန်အားလုံးမရှိပညတ်ဟု အလွဲသတ်မှတ်ထားသော သာသနာတော်ဆိုင်ရာ အကောင်းအမွန်အားလုံးကို ဖျက်ဆီးခဲ့ပုံအမျိုးစုံကို သက်ဆိုင်ရာ စောဒနာများတွင် စိစစ်သုံးသပ်မြဲခဲ့ပြီးပြီ။

ယောဂီအိတ်ဆောင်စာအုပ်

ထိုအိတ်ဆောင်စာအုပ်ဇယားတွင် အတ္တနှင့် အတ္တကို ပိုင်းခြားလို၍ ရေးပြထားခြင်းသာဖြစ်သည်ကို ရူပ်စွဲအမ္တ၊ နာမ်စွဲအတ္တဟု မဟုတ်မမှန်လုပ်ကြံကြခြင်းကြောင့် ဓမ္မနီတိအာဘော်နှင့် မကိုက်ညီပါဟု သောဓနာ၊ ၂၀/၃(ဂ)မှတ်တွင် စုဒိတကတင်ပြသည်။ စောဒကတို့ စာဖတ်လွဲ၍သော်လည်း ဖြစ်နိုင်သည်။ ဓမ္မနီတိ၏ မှောင်ခိုအိတ်ဆောင်စာအုပ်၊ နှာ (၅)တွင် အဟုတ်အကောင်၊ သမုတ်အရောင်(အရိပ်)ဟု ရှိသည်။ မည်သို့ပင်ဖြစ်စေ လွဲမှားစွာဖော်ပြသည့်အတွက် စောဒကတို့ဘက်၌တာဝန်ရှိသည်။ နောင်အခါတွင် ဤသို့ မမှားအောင် သတိပြုဖို့ ဒုတိယအကြိမ် သတိပေးသည်။

ငြင်းခုန်ချက်။ ၄ ။

ဓမ္မနီတိသည် ဗုဒ္ဓဘာသာကို သဿတဒိဋ္ဌိဟု စွပ်စွဲပါသည်။

http://www.dhammadownload.com

စွဲဆိုချက်။ ဓမ္မနီတိသည် (တ) မှတ်ပြဟောချက်ဖြင့် နိုင်ငံတော်ရှိ ဗုဒ္ဓဘာ သာကို သဿတဒိဋ္ဌ ဗုဒ္ဓဘာသာဟု အပြစ်ကြီးပြလျက် ပယ်စွန့်ထားသူ ဖြစ် ကြောင်း ထင်ရှားပေါ်လွင်လာပါသဖြင့် ဓမ္မနီတိသည် ဘယ်ဘာသာဝင်ဖြစ်နေ သည်ဟု မသိတော့ပါ။

ချေပချက်။ စောဒနာ၂၀/၁၇ တွင် သဘာဝဖြစ်ပျက် လမ်းကြောင်းမှာ ရှိသော ဝိညာဏ်မျိုးမဟုတ်ဘဲ အသက်ဝိညာဉ်ရှိသည်ဟု စွဲယူထားသောဝိညာဉ်စွဲ ဘာသာရေးသမားများကိုသာ သဿတဒိဋ္ဌဟု ရှင်းရှင်းလင်းလင်း ပြောထားပါ လျက် သဿတဒိဋ္ဌ ဗုဒ္ဓဘာသာဟု တပည့်တော်အပြောနှင့် လူရှင် ရဟန်းတို့ကို ရန်တိုက်ပေးခြင်း ဖြစ်ပါသည်။

စိစစ်ချက်။ ၄ ။

(က) စောဒကတို့ မျှင်းလိုင်းဆွဲပြထားသော စုဒိတက ဟောချက်များကို ဦးတည်၍ အသက်ဝိညာဉ်ရှိသည်ဟု စွဲယူထားကြသော ဝိညာဉ်စွဲ ဘာသာရေး သမားများကိုသာ သက္ကာယဒိဋ္ဌဟု ရှင်းရှင်းပြောထားပါလျက် အစရှိသည့် ချေပ ချက်ကို စုဒိတကဆိုသည်။ ထို (က)အမှတ်ပြ စုဒိတကဟောချက်စာကြောင်း ရေ(၅)၊ စောဒနာ ၂၀၊ ၁၇၊ ထိပ်ဆုံးစာကြောင်းတွင် "နောက်ဘဝမှာ စေတနာ ကလေးက အကျိုးပြုမှာ" ဟူသော စုဒိတကဟောချက်စကားကပင် စုဒိတက၏ ထိုချေပချက်သည် မတရားလွန်းသော လှည့်ကွက်မာယာဖြစ်သည်ကို ရှင်းရှင်း ပင် ဖော်ပြနေသည်။

(ခ)တိတ်ခွေ၊ ၇/ဘီတွင် "အသက်၊ လိပ်ပြာ၊ ဝိညာဉ်၊ စိတ်၊ နာမ် တကယ် ရှိတယ်ယူစွဲလို့ ကုသိုလ် အကုသိုလ် နောက်ဆက်တွဲလိုက်လာသည်"ဟူ၍ လည်းကောင်း ခွေ-၁၁/အေတွင် "အသက်၊ ဝိညာဉ်၊ စိတ်၊ တစ်တန်းတည်း ထားပြတာ၊ စာစကားနဲ့ စိတ်လည်းခေါ်တယ်။ဝိညာဏ်လည်းခေါ်တယ်။ မနောလည်းခေါ်တယ်။ အရက်သားက အသက်လို့ခေါ်တယ်"ဟူ၍ လည်း ကောင်း၊ စုဒိတကဟောချက်များ ထင်ရှားရှိနေကြသည်။ ကုသလာဓမ္မာ-အကုသလာဓမ္မာ(အဘီ၊ပါ၊၁)၌ မြတ်ဗုဒ္ဓဟောညွှန်တော်မူထားသည့်အတိုင်း ကုသိုလ်၊ အကုသိုလ်ရှိတယ်ဟုယူစွဲလျှင် သဿတဒိဋ္ဌဖြစ်သည်ဟု မဟုတ်မမှန် ပြောနိုင်ရန် ကလိမ်ဉာဏ်ဖြင့် စိတ်၊ မနော၊ ဝိညဏ်၊ အသက်၊ ဝိညာဉ်၊ လိပ်ပြာ အတူတူပဲဟု ဘုရားဟောကျမ်းစာထဲမှာ ပြောထားသည့်အသွင်ဖြင့် စုဒိတက မတော်မတရား ကြိုတင်အကွက်ဆင်ထားကြောင်း ပေါ်လွင်နေသည်။ ထို့ကြောင့်

http://www.dhammadownload.com

ဝိညာဉ်စွဲ ဘာသာရေးသမားတို့ကိုသာ သက္ကာယဒိဋ္ဌိဟု ရှင်းရှင်းပြောထားပါလျက် အစရှိသော စုဒိတက၏ ချေပချက်စကားသည် မူယာမာယာ ပရိယာယ် ကြွယ်သော စကားသာ ဖြစ်နေသည်မှာ ငြင်းကွယ်မရပြီ။ ယနေ့ ကမ္ဘာတွင် ကိုးကွယ်ရာ ဘာသာငါးရပ်ဟု အများသိထားကြရာ စုဒိတက၏ (တ) အမှန်ပြ ဟောချက်တွင် နတ်၊ ဗုဒ္ဓဘာသာ၊ ခရစ်ယန်၊ အစ္စလာမ်တို့ကိုသာ သဿတဒိဋ္ဌိ ဟု အပြစ်ကြီးပြဆိုထားခြင်းသည်လည်း ထူးခြားချက် ပရိယာယ် တစ်မျိုးပင် ဖြစ်နေသည်။ ထို့ကြောင့် ဓမ္မနီတိသည် ဗုဒ္ဓဘာသာဝင် မဟုတ်တော့ဘဲ ဘယ် ဘာသာဝင်ဖြစ်နေသည်ကို မသိတော့ပါဟု ဆိုကြသော စောဒကတို့သည် မှန်းဆ နိုင်လောက်ပြီ။ ဤမျှဖြင့် ဗုဒ္ဓဘာသာကို သဿတဒိဋ္ဌိဟု အားလုံးကို သိမ်း ကြုံးလျှက် စုဒိတက စွပ်စွဲဆဲရေးသည်ဟု ရုံးတော်က သုံးသပ်သည်။

ငြင်းခုံချက်။၅။

ဝိမုတ္တိရနှင့် နိဗ္ဗာန်ကို မမှန်မကန်ဟောသည်။

စီစစ်ချက်။၅။

(က)စောဒကတို့၏ တင်ပြချက်မှာ (၁)"ဝိမုတ္တိရသဝသေန ဧကောဓမ္မော" ပါဠိအရ တစ်ခုဖြစ်မှသာ လွတ်လပ်တဲ့အရသာကို ခံစားနိုင်မယ်လို့ ဓမ္မနီတိ ဉာဏ် အမြင်ပေါက်သည်။ (၂)"ရသဝသေနဧကဝိမုတ်" ပါဠိကို "ရသဝသေနဧကော-ဓမ္မော"ဟု ပြင်လိုက်သည်။ (၃) "ဧကောဓမ္မော" ဖြစ်မှ သိပ္ပံနည်းကျသည် လက်ဆုပ် လက်ကိုင်ပြနိုင်မှ သိပ္ပံနည်းကျသည်၊ "ဧကောဓမ္မော" ဖြစ်အောင် ဗုဒ္ဓပိဋကအားလုံးကို ဖျက်ဆီးလိုက်သည်။ (၄) ပရမတ်တရားနှစ်မျိုးသုံးမျိုးရှိသည် ဟု ယုံကြည်လျှင် သဿတဒိဋ္ဌိအစွဲဥပါဒါန်ရှိသူ ဖြစ်သည်ဟု ပြောသည်။(၅) ဓမ္မနီတိ၏ အခိုင်အမာရပ်တည်ချက်မှာ အနတ္တမာတ်သားသုည(ခေါ်) ကလလ ရေကြည် ဖြစ်သည်ဟု (၅)ချက်ရှိသည်။ ထို(၅)ချက်ကို လိုရင်းထုတ်လျှင် (၁)လွတ်လပ်တဲ့အရသာကို ခံစားနိုင်ရန် ဧကောဓမ္မောအရ တစ်လုံးတည်းတစ်ခု တည်း ဖြစ်ရမယ်။ (၂) အနတ္တမာတ်သားသုည(ခေါ်)ကလလရေကြည်ပေါ်မှာ အခိုင်အမာ ရပ်တည်ရမယ်ဟု ဓမ္မနီတိဟောပြောပါသည်ဟူ၍လည်း နှစ်ချက် ထွက်လာသည်။

(ခ) စုဒိတက၏ ချေချက်မှာ (၁)ပိဋကတော်၌ ဟောကြားထားသော တရားတော်အားလုံးသည် ဝိမုတ္တိရသတစ်ခုတည်းကိုသာ ဦးတည်ဟောကြားထား

http://www.dhammadownload.com

ကြောင်းကို ရှင်းပြထားပါသည်။ (၂) ယောဂီများအတွက် ဆုပ်ကိုင်ထားရမည့် လက်နက်မှာ စွဲစရာအနည်းငယ်မျှမရှိသော ကလလရေကြည်ဟူ၍ပင် အမည်နာမတပ်မရသော အနတ္တတစ်ခုတည်းသာဖြစ်ပါသည်ဟူ၍ နှစ်ချက်ထွက်သည်။

(ဂ) ဝိမုတ္တိအရသာနှင့် နိဗ္ဗာန်ကို မမှန်မကန်ဟောခြင်းဟူသော ငြင်းချက်သည် စောဒကတို့က ဖော်ပြချက်မဟုတ်၊ စုဒိတကဖော်ပြချက်သာ ဖြစ်သည်။ ရုံးတော်ကလည်း သဘောတူသည်။ထို့ကြောင့် ထိုအချက်ကို မူတည်စိစစ်မည်။ စောဒနာလွှာ ၂၀/၈၀(ထ)မှတ်ပြစကားမျှဖြင့် လိုရင်း မပေါ်လွင်သေးသော ကြောင့် တိတ်ခွေ(၁၀)ပါ စုဒိတက၏ ဟောချက်တို့ကို လိုရင်းပေါ်ရုံမျှ ထုတ်ပြ၍ စိစစ်မည်။

(ဃ) စောဒနာ၊ ၂၀/၁၈(ထ)မှတ်ပြဟောချက်၏ ရှေ့ပိုင်းတွင် "နိဗ္ဗာန်သပ်သပ်ရှိတယ်အောက်မေ့လို့ လုပ်ယူနေတာ၊ လိုက်ရှာနေတာ၊ (ထ) လုပ်တဲ့လူရှာတဲ့လူ ဘယ်တော့မှ နိဗ္ဗာန်မရောက်ဘူး။ (ထို (ထ) မှတ်ဟောချက်၏ နောက်ပိုင်းတွင် လောကဆုံးရင် နိဗ္ဗာန်ရောက်တယ်၊ ဓမ္မနယ်ထဲရောက်ရင် လောကဆုံးမယ်ဆိုတော့ မြေဖြူခဲကိုင်တာလား၊ ဓမ္မ စကြာလည်ရမှာလား၊ ဒါဖြင့် ဓမ္မနယ်ထဲရောက်ရင် နှစ်ခုရှိသလား၊ တစ်ခုထဲလား၊ တစ်ခုထဲကနေ ရပ်ကြည့်လိုက်တော့ တိုတယ်၊ ရှည်တယ်၊ နိမ့်တယ်၊ မြင့်တယ်၊ ဝေးတယ်၊ နီးတယ်၊ တကယ်ဟုတ်သေးရဲ့လား၊ တကယ်မဟုတ်တော့ဘူး၊ ဒါတွေဟာ ပညတ် တရားတွေဘဲ၊ အစွဲနိုးတရားတွေဘဲလို့သိတော့ အာရုံနဲ့မလွယ်ဘူးလား၊ သုံးကောမသုံးရဘူးလား၊ သုံးလည်းသုံးရတယ်၊ လွတ်လဲလွတ်လပ်တယ်ဆိုတော့ ဘာအရသာလို့ ပြောမလဲ၊ ဝိမုတ္တိအရသာ၊ လွတ်လပ်တဲ့အရသာ။ ကိုယ်သုံးနေတဲ့ အာရုံနဲ့ လွတ်တယ်၊ မျက်စိ၊ နား နှာခေါင်း၊ ပါးစပ်နဲ့သုံးတယ်၊ သုံးတိုင်းသုံးတိုင်း ဓမ္မစကြာလည်နိုင်ရင်၊ ချုပ်ပြီးပျောက်ပြီးသားတွေပါလားလို့ အသိပါလာရင် အကုန်လုံးမီးမျိုးစုံတွေနဲ့ လွတ်လပ်တယ်။ ဝိမုတ္တိရသဝ သေနဇကောဓမ္မော" အစွန်းလွတ်တဲ့နေရာကို ရောက်အောင် သွားနိုင်မယ်ဆိုရင် မိမိတို့မြင်သမျှ ကြားသမျှ တွေ့သမျှတွေဟာ ဟိုတုံးကတော့ ကာမဂုဏ်၊ ယနေ့သိသူရဲ့လက်ထဲရောက်လာတော့ ဝိမုတ္တိ အရသာမဖြစ်ဘူးလား၊ ယောက်ျားမိန်းမတွေလား လွတ်လပ်တဲ့အရသာ တွေလား၊ ပုဆိုးထမိန် အိုးအိမ်တွေလား၊ လွတ်လပ်တဲ့အရသာတွေလား၊ အရိယာ သူတော်ကောင်းတွေ လွတ်လပ်တဲ့အရသာ တွေကိုသာ သုံးတယ်၊ အဆင်းရနဲ့အရသာ

http://www.dhammadownload.com

တွေကို အရှိထားပြီးတော့ ကာမဂုဏ် အာရုံတွေကို မသုံးဘူး၊ ဒီလိုနားလည်ပါ။ (ခွေ၊ ၁၀/အေ)

(c) ဓမ္မနိတိ၏ ဖော်ပြပြီးဟောချက်တို့တွင် (၁) နိဗ္ဗာန်သပ်သပ်ရှိတယ် အောက်မေ့လို့လုပ်ယူနေတာ၊ လိုက်ရှာနေတာ၊ လုပ်တဲ့လူ၊ ရှာတဲ့လူဘယ်တော့မှ နိဗ္ဗာန်မရောက်ဘူးဟူသော စကားဖြင့် နိဗ္ဗာန်သည် သပ်သပ်သီးခြားရှိသည် မဟုတ်ဟုဆိုသည်။ (၂) မိမိတို့ မြင်သမျှကြားသမျှ တွေ့သမျှတွေဟာ ဟိုတုံးကတော့ ကာမဂုဏ်၊ သီသူရဲ့ လက်ထဲရောက်လာတော့ ဝိမုတိအရသာ မဖြစ်ဘူးလား၊ ယောက်ျား မိန်းမတွေလား၊ လွတ်လပ်တဲ့အရသာလား၊ ပုဆိုး ထမိန်အိုးအိမ်တွေလား၊ ဝိမုတ္တိအရသာလားဟူသောစကားတို့ဖြင့် နေ့စဉ်မြင်ကြား တွေ့ကြုံနေမြဲဖြစ်သည့် ယောက်ျားပင် ဝိမုတ္တိ (ခေါ်) နိဗ္ဗာန်ဖြစ်သည်ဟုဆိုသည်။ ကာမဂုဏ်နှင့် နိဗ္ဗာန်သည် နာမည်မျှသာ ကွဲပြားမှု တရားကိုယ်သရုပ်မှာ အတူတူပဲဟု စုဒိတက ပြောနေကြောင်းပေါ်လွင်လာသည်။ (၃) တခုထဲကဲ့နေ ရပ်ကြည့်လိုက်တော့ တိုတယ်၊ ရှည်တယ်၊ နိမ့်တယ်၊ မြင့်တယ်၊ ဝေးတယ်၊ နီးတယ်၊ တကယ်ဟုတ်သေးရဲ့လား၊ တကယ်မဟုတ်တော့ဘူး ဒါတွေဟာ ပညတ်တရား တွေဘဲ၊ အစွန်းတရားတွေဘဲသိတော့ အာရုံနဲ့မလွတ်လပ်ဘူးလား၊ သုံးကော မသုံးရဘူးလား၊ သုံးလဲသုံးရတယ်၊ လွတ်လဲလွတ်လပ်တယ်ဆိုတော့ ဘာအရသာ လို့ ပြောမလဲ၊ ဝိမုတ္တိအရသာ၊ လွတ်လပ်တဲ့အရသာ အစရှိသော စုဒိတက စကားဖြင့် တစ်ခုထဲမှာ ရပ်တည်၍ ဒါတွေဟာ ပညတ်တရားတွေဘဲဟု သိလျှင် အာရုံနဲ့လွတ်သွားပြီ၊ ဝိမုတ္တိဖြစ်သွားပြီ။ နိဗ္ဗာန်ရပြီ၊ ထိုကာမဂုဏ်တွေကို မပယ်မစွန့်ဘဲ ဆက်လက်ခံစားလျှင် ဝိမုတ္တိရသ (ခေါ်) လွတ်လပ်ရေးရပြီဟု စုဒိတကပြောနေကြောင်းလည်း ပေါ်လွင်လာသည်။ ဤမျှဖြင့် ဝိမုတ္တိရသနှင့် နိဗ္ဗာန်ကို မမှန်မကန်ဟောခြင်းသည် ဟူသော အချက်မှန်နေကြောင်း အလွန် ထင်ရှားပေါ်လွင်ပေပြီ။

"ဧကောဓမ္မော" အရ တခုတည်းသော ဓမ္မကို ဆက်လက်စိစစ်ဖော်ပြဖို့ တာဝန်ရှိသေးသည်။ (၄) "လောကဆုံးရင် နိဗ္ဗာန်ရောက်တယ်၊ ဓမ္မနယ်ထဲ ရောက်ရင် လောကဆုံးမယ်"ဟူသော စကားတို့ဖြင့် လောကနယ်နှင့် ဓမ္မနယ်ဟု ခွဲခြားလိုက်သည်၊ ဓမ္မနယ်ရောက်ရင် လောကဆုံး၍ နိဗ္ဗာန်ရောက်သည် ဆိုသော ကြောင့် ဓမ္မနယ်ဟူသည် လောကုတ္တရာနယ်ဟု ဆိုလိုသည်။ (၅) ဓမ္မနယ်ထဲ ရောက်ရင် နှစ်ခုရှိတာလား၊ တစ်ခုထဲရှိတယ်ဟုသိမှုသည် ဓမ္မနယ်ဖြစ်သည်၊

http://www.dhammadownload.com

လောကုတ္တရာနယ်ဖြစ်သည်ဟုဆိုထားသည်၊ နှစ်ခု-သုံးခုရှိတယ် စသည် သိနေ သေးလျှင် လောကနယ်ဖြစ်သည်ဟု ပြန်ဘက် အဓိပ္ပါယ်လည်း ပေါ်ထွက် လာသည်။ နိဗ္ဗာန်ရဖို့ ဝိမုတ္တိရသခံစားနိုင်ဖို့ "ဧကောဓမ္မော" နဲ့ ညီစွာ ရပ်တည်စရာ တစ်ခုတည်းသော ဓမ္မသည် အဘယ်ဟာနည်းဟု ရှာသော် (၆) ယောဂီများ အတွက် ဆုပ်ကိုင်ရမည့် လက်နက်မှာ --ပ--အနတ္တတစ်ခုတည်းသာ ဖြစ်ပါ သည်ဟု သောဓနာလွှာတွင် စုဒိတက ဖော်ပြထားသည်။ ထို"ဧကော ဓမ္မော" အရ အနတ္တတခုထဲမှာ ဘယ်လိုရပ်တည်မည်နည်း၊ တိတ်ခွေ၊ ၁၀-အေတွင် အစနား၌ စုဒိတကကြေတင်ပြောထားသည်မှာ (၇) လွတ်လပ်တာ ဘာနယ်မြေလဲ၊ နိဗ္ဗာန်ခေါ်တဲ့ ဝိမုတ္တိနယ်မြေ၊ ဒါဖြင့် ရေသောက်မလို့ ပန်းကန်ကိုင်လိုက်ပြီ။ ပန်းကန်ကိုင်တဲ့ တည့်တည့်ပညတ်ပရမတ်ပိုင်းခြားလို့ မရဘူးလား၊ ပညတ်ပရမတ် ပိုင်းခြားလို့ရပြီးတော့ မနေ့က ပြောခဲ့တဲ့သီလ၊ အပြင်မှာ ရှာပြီးတော့ ဓောင့်ရ မှာလား၊ ပရမတ်ပေါ်မှာ စောင့်ရမှာလား၊ ပရမတ်အာရုံကို အဓိကထားပြီးတော့ စောင့်ရမယ်၊ ငါးပါးသီလမစောင့်ရဘူး၊ ရှစ်ပါးသီလမစောင့်ရဘူး၊ ဘုန်းကြီးတို့ ဒီလိုပြောနေတာ မဟုတ်ဘူး၊ ဟိုက အပိုသီလကို စောင့်နေတာ၊ ဒီမှာ ပရမတ်ကို စောင့်တာက နဝုသီလ၊ မူလသီလ၊ ဒါဖြင့် ပန်းကန်ကိုကိုင်တဲ့ တည့်တည့်မှာ ပရမတ်ကို စောင့်ရှောက်တဲ့ သီလမပါဘူးလား ပရမတ်ပေါ်မှာ ရပ်တည်နေတဲ့ သမာဓိကော မပါဘူးလား၊ ပရမတ်ကိုမြင်သိတဲ့ ပညာကော မပါဘူးလား၊ သီလသမာဓိပညာ သိက္ခာ သုံးရပ်တသားထဲကျတဲ့ အကျင့်ကို ဘာအကျင့်လို့ ပြောသလဲ၊ မဗ္ဈိမအကျင့် အစွန်းလွတ်တဲ့ အလုပ်ဟူသည်တည်း။ ပြောခဲ့ပြီး စကားတို့ဖြင့် ရေသောက်မယ်လို့ ပန်းကန်ကိုကိုင်ရာ၌ ပန်းကန်သည်ပညတ် တကယ်မရှိ။ သုံးရုံမျှပဲ ခန္ဓာကိုယ် အတုံးကြီးသာ တကယ်ရှိတယ်၊ ပရမတ်ဟူ၍ ခွဲခြားသိလျှင် သိက္ခာသုံးရပ် တထပ်တည်း တသားတည်းကျ၍ သဿဒိဋ္ဌ၊ ဥစ္ဆေဒဒိဋ္ဌ၊ သက္ကာယဒိဋ္ဌမှ လွတ်ပြီ၊ ဝိမုတ္တိဖြစ်ပြီဟု စုဒိတကဆိုထားသည်၊ဤကား သြဠာရိက (ခေါ်) အကြမ်းစားလွတ်လပ်ပုံပေတည်း။ စောဒနာ၊ ၂၀/စိစစ်ချက်၊၄၊ နှာ ( ) ၌ ပြခဲ့ပြီးသော သန္ဓိဗဒသနကျမ်းပြု ပကတိဝါဒီကပိလဆရာကြီး၏ ပကတိဝါဒ၌ ထူလသရီရ (ခေါ်) ကြမ်းတမ်းသော ကိုယ်ရှိသည်ဟုသော စကားကို သတိပြုကြရာသည်၊ ထူလနှင့် သြဠာရိက (ပါဠိ)တို့ အသံထွက်မတူ၊ စာလုံးမတူသော်လည်း မြန်မာပြန်စကားမှာ (အကြမ်းစား)ဟု အတူတူသာ ဖြစ် သည်။ သရုပ်ချင်းမတူသော်လည်း ဓမ္မနီတိ၏ အစားထိုးပုံကို ရိပ်မိ သိမှတ် ကြရာသည်။

http://www.dhammadownload.com

ပကတိဝါဒ၌ သုခုမသရီရ (အနုစားကိုယ်) ဟု ဆိုသကဲ့သို့ စုဒိတက ဓမ္မနီတိ သုခုမ (အနုစား) နည်းဖြင့် ဧကောဓမ္မောနှင့် ညီစွာ အနတ္တတခုထဲမှာ ရပ်တည်ပုံကို ဆက်လက်ပြောထားသည်မှာ "(ဂ) အေးတယ်၊ ပူတယ်၊ ပျော့တယ်၊ မာတယ်၊ တိုတယ်၊ ရှည်တယ်၊ နိမ့်တယ်၊ မြင့်တယ်၊ ဒီအာရုံတွေက တကယ်ရှိတာလား၊ ဓမ္မက တကယ်ရှိတာလား၊ ဒီအာရုံတွေက တကယ်ရှိတာလား၊ ပရမတ်က တကယ်ရှိတာလား။ ဓမ္မပေါ်မှာ ကျရောက်လာတဲ့ အာရုံတွေ မပျက်ဘူးလား၊ ပျက်မလား၊ "ယံကိဉ္စိသမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မံ"၊ ကျချင်တဲ့အာရုံတွေကျ၊ ပေးလာပြီးတော့မှာလား၊ အလုံးစုံကျရောက်လာသမျှ ချုပ်ကြရလိမ့်မယ်" ဟူသည်တည်း။

ကိုစကားတို့ဖြင့် ဓမ္မတကယ်ရှိတာလား၊ ပရမတ်တကယ်ရှိတာလားဟုဆိုသောကြောင့် ဓမ္မနှင့်ပရမတ်အတူတူဟု ဖော်ပြသည်၊ လောကနယ်ဟု စုဒိတက အဆန်းတွင် သတ်မှတ်ထားသော အနတ္တပရမတ်ဓမ္မဟု နှစ်ရပ်တွင် ပညတ်အာရုံဟူသမျှသည် အနတ္တပရမတ်ဓမ္မပေါ်မှာကျရောက်လာသဖြင့် ချုပ်ပျောက်မည်ဖြစ်သောကြောင့် မတည်မမြဲတကယ်မရှိ။ အနတ္တပရမတ်ဓမ္မသည် ချုပ်ပျောက်မည်မဟုတ်သောကြောင့် တည်မြဲတယ်၊ တကယ်ရှိတယ်ဟု သိမှတ်ရပ်တည်ရမည်ဟု စုဒိတကဆိုသည်။ အရိယာသူတော်ကောင်းတွေ လွတ်လပ်တဲ့အရသာတွေကိုသာသုံးတယ်၊ အဆင်းအနံ့ အရသာတွေကို အရှိထားပြီးတော့ ကာမဂုဏ်အာရုံတွေကို မသုံးဘူး၊ ဒီလိုနားလည်ပါဟူသော စုဒိတက၏ ပြောခဲ့ပြီး စကားကိုလည်း ထောက်ကြည့်ရာသည်။ ပညတ်သည်ဖြစ်မှု ပျက်မှုရှိသဖြင့် မတည်မြဲသောကြောင့် တကယ်မရှိဟု စုဒိတကစကားသည် ပညတ်သည် အထည်ဒြပ်မရှိသောကြောင့် တကယ်မရှိ၊ ဖြစ်-ပျက်မရှိဟူသော ဗုဒ္ဓပိဋကကျမ်းဂန်လာစကားကို ဆန့်ကျင်နေသည်ဟုလည်း သိကြရာသည်။ ပညတ်တကယ်မရှိ။ ပရမတ်သာ တကယ်ရှိဟု ခွဲခြားရပ်တည်ပုံကို ဦးတည်ချက်ထား၍ စုဒိတက၏သင်တန်း အစမှ အဆုံးထိ ပညတ်-ပရမတ်ခွဲခြင်းကိုသာ ဝိပဿနာဟုဆိုကာ အဓိကလုပ်ငန်းအဖြစ် ဟောပြောခဲ့သည်ကိုလည်း ထောက်ကြည့်ရာသည်။ သောဓနာ၊ ၁၄/၁ (ခ)မှတ်တွင် (ဧကောဓမ္မော)အဘိဓမ္မာဆိုတာ တခုတည်းရှိရတာ၊ အပြိုင်မရှိဘူး၊ နှစ်ခွမရှိဘူး၊ တိုင်းစရာမရှိရဘူး၊ အတိုင်းလွတ်နေတာက အဘိဓမ္မာဟု ဘုရားတပည့်တော် အခိုင်အမာ ပြောကြားရသည်မှာ (ဒွယနိဿိတော ခေါ အယံ၊ လောကော)စသော ကစ္စာနဂေါတ္တသုတ်နှင့်အညီ ဒွယလောကမှ လွတ်မြောက်အောင် ရှုန်းကန်လိုသူ

http://www.dhammadownload.com

တို့အတွက် စာလာပေလာ အဘိဓမ္မာသဘောတရား အားလုံးကိုနားလည်ရန် အဓိကမဟုတ်ဘဲ--ပ--စွဲစရာရှာမရ၊ အနတ္တသဘာဝကို "ဧကောဓမ္မော"ဟု ဆိုလိုရင်းဖြစ်ပါသည်ဟူသော စုဒိတကတ်၏ ချေပတင်ပြချက်စကားတို့ကိုလည်း ထောက်ကြည့်ရာသည်။

တကယ်ရှိပရမတ်၊ တကယ်မရှိပညတ်ဟု ခွဲခြားရမ်တည်နေခြင်းသည် နိဒါနသံယုတ်ပါဠိမှော် (၂၅၇)ရှိ ကစ္စာနဂေါတ္တသုတ်၌ မြတ်ဗုဒ္ဓဟောတော်မူထားသော အတ္ထိတနှင့်နတ္ထိတ (ရှိတယ်+မရှိ)ဟူသော ဒွယလောကမှမလွတ်သေးပေ၊ "ဧကောဓမ္မော" မဖြစ်သေးချေ၊ "ဧကောဓမ္မော" အစစ်ဖြစ်စေရန် သုညစစ်လို့ အနတ္တဖြစ်တာဟုဆိုရ၍ အနတ္တပရမတ်ဓမ္မကို သုညဟု အမည်တပ်လိုက်ပြန်လည်။ ပညတ်အာရုံတို့၏ဖြစ်ပျက်ပုံကို တိတ်ခွေ၊ ၁၆/အေ၊ (စောဒနာ၊ ၂၀/၁၁ (၄) မှတ်ပြ)၌ စုဒိတကပြောထားသည်၊ စုဒိတက၏ထိုစကား တို့ကို စောဒနာ ၂၀/စိစစ်ချက်၊ ၄-တွင် ရုံးတော်ကစိစစ်ပြခဲ့ပြီးပြီ။

ငြင်းခုံချက်။ ၆ ။

သခ်ါရုပေက္ခာဉာဏ်ကို လွဲမှားစွာဟောသည်။

စိစစ်ချက်။

(က) သခ်ါရုပေက္ခာဉာဏ်ကို မြန်မာပြန်တိုတိုကလေးနဲ့ နားလည်အောင်ပြောတာ အစွဲသမုဒယနှင့်တကွ (၃၁)ဘုံ သခ်ါရကြီးရုပ်နာမ် သခ်ါရကြီး အကြွင်းအကျန်မရှိအောင် စွန့်လွှတ်ကြလို့ဆိုတဲ့ဉာဏ်ကို ပြောနေတာဟူသော စုဒိတကတ်၏ ဟောချက်ကြောင့် ဤအငြင်းပွားချက်ထွက်လာသည်။ (၁) အကုသိုလ်တို့ကို မဝင်စေဘဲ ဝိပဿနာရှုဆဲဖြစ်သော ရူပ် (သို့မဟုတ်)နာမ်၏ဖြစ်ပျက်ကို စိတ်တည်ငြိမ်စွာဖြင့် ဆက်လက်ဝိပဿနာရှုသောဉာဏ်သည် သခ်ါရုပေက္ခာဉာဏ်ဖြစ်ပါသည်။ (၂) တကယ် အမှန်ဝိပဿနာရှုနေသူ၏ စိတ်ထဲသို့ (၃၁)ဘုံသည် မဝင်လာပါသောကြောင့် (၃၁)ဘုံကို စွန့်ပယ်ရန် မဖြစ်နိုင်ပါ။ (၃)မဂ်ဉာဏ်သည် ထိုထိုဘုံဘဝတို့ကို လိုချင်တောင့်တမှု အနုသယကို အမြစ်ပြတ် အပြီးသက်ပယ်သောကြောင့် (၃၁)ဘုံသို့ မရောက်တော့ပါ၊ ၃၁-ဘုံ မရှိဘူးဟု ပယ်စွန့်ရန်မလိုတော့ပါ။ (၄) ထိုကြောင့် (၃၁)ဘုံမရှိဘူးဟု ပယ်စွန့်ခြင်းသည် အလွဲအမှားစစ်စစ်ဖြစ်ပါသည်ဟု စောဒနာတင်ကြသည်။

http://www.dhammadownload.com

(ခ) စောဒနာလွှာ၊ ၂၀/၂၅(လ) အမှတ်ပြတွင် ဖော်ပြထားသော ဓမ္မနီတိ သင်တန်းစကားများမှာ ဆိုလိုရင်းမပြည့်စုံ၊ အဓိပ္ပါယ်မရှိ ဖော်ပြထားသည်။ (၂) ဘုရားတပည့်တော် (စုဒိတက)၏ ဆိုလိုရင်းမှာ ငြိကပ်ခြင်းလည်းမရှိ၊ စွန့်ပယ်ခြင်းလည်းမရှိသော သဘောကိုသာ သခ်ါရုပေက္ခာဉာဏ်ဟု ဆိုလိုရင်းဖြစ်ပါသည်။ (၃) (၃၁)ဘုံပယ်သူဟု စွပ်စွဲသည့်အခါ မှန်ကန်ကြောင်း သက်သေထူလိုသော အချက်တရပ်အဖြစ်ပါဝင်အောင် (အကြွင်းအကျန်မရှိအောင် စွန့်လွှတ်ကြဟူ၍ စောဒကများက ထည့်သွင်းထားခြင်းဖြစ်ပါသည်ဟု စုဒိတကပုဂ္ဂိုလ်က တင်ပြသည်။

(၈) ရုံးတော်က တိတ်ခွေဖွင့် နားထောင်သည့်အခါ စောဒနာလွှာတွင် ဖော်ပြထားသည့် အတိုင်းသာဖြစ်သည်၊ အပိုအလျှော့တလုံးမျှမရှိပေ။ ထို့ကြောင့် ဆိုလိုရင်းမပြည့်စုံ အဓိပ္ပါယ်မရှိခြင်းဖြစ်သည် စောဒကတို့တာဝန်မဟုတ်၊ စုဒိတက ၏ တာဝန်သာဖြစ်သည်။ ထိုတိတ်ခွေပင် ဘီးရောင်းတမ်းကစားပုံ ဥပမာ၏ နောက်၌ 'နိဗ္ဗာန်ဆိုတာ--ပ--အပူအေးတဲ့နယ်၊ အေးအားကြီးလို့ မီးယပ်နဲ့တောင် မတဲ့မှာ ကြောက်ရတယ်၊ အဲဒီလောက် အေးငြိမ်းချမ်းသာလွတ်လပ်တဲ့နယ်မြေကို ယောဂီတို့ တကယ်သွားချင်ကြရင် လက်ရှိအစွဲ သမုဒယနဲ့ ဒုက္ခတုံးကြီး အကျန်မရှိတဲ့ သခ်ါရုပေက္ခာဉာဏ်အရ စွန့်လွှတ်လိုက်ကြ၊ အဲဒါကတော့ နံပါတ် (၁)စွန့်လွှတ်ခြင်း'ဟူသော ဟောချက်လည်းရှိသည်၊ ထိုဟောချက်နှစ်ရပ် သဘောသွားအတူတူသာဖြစ်သည်။ ထို့ကြောင့် (အကြွင်းအကျန်မရှိအောင် စွန့်လွှတ်ကြ) ဟု စောဒကများက အပိုထည့်သွင်းဆိုထားသည်ဟူသော စုဒိတက၏ စွပ်စွဲချက်သည် အမှန်မဟုတ်။ စုဒိတက၏ မာယာပရိယာယ်သာဖြစ်သည်။ ငြိကပ်ခြင်း စွန့်ပယ်ခြင်းမရှိသော သဘောကိုသာ သခ်ါရုပေက္ခာဉာဏ်ဟု ဆိုလိုရင်းဖြစ်ပါသည် ဟူသော စုဒိတက၏တင်ပြချက်ကပင် စုဒိတက၏ သင်တန်းစကားများသည်ဟု ဝန်ခံပြီးဖြစ်ပါသည်။ (၃၁) ဘုံမရှိဟု စုဒိတက ပယ်ချက်သည် တိတ်ခွေ၊ ၅/အေ (စောဒနာ၊ ၁/ဇ) (ဂ) ၌ ထင်ရှားရှိသည်၊ ရုံးတော်က စိစစ်ပြီးဖြစ်သည်။ မဂ်ဉာဏ်အခန်းတွင် ယင်းသို့ (၃၁) ဘုံကို ပယ်သောစကား ထင်ရှားပါလာလိမ့်မည်ဖြစ်သောကြောင့် (၃၁) ဘုံကို မပယ်သယောင်ယောင် စုဒိတက အူကြောင်ကြောင်လုပ်နေသည်မှာ ရယ်ဖွယ်ရာ ရှက်ဖွယ်သာဖြစ်သည်။

http://www.dhammadownload.com

လက္ခဏာမြင်မှသာ ဝိပဿနာ

မြတ်ဗုဒ္ဓ၏ ရူပ်နာမ်ရှုဝိပဿနာနည်းမှန်တော်တွင် ရူပ် (သို့မဟုတ်) နာမ်၏ ဖြစ်+ပျက်ကိုသိမြင်ပြီးမှ အနိစ္စ ဒုက္ခ အနတ္တလက္ခဏာတခုခုတွင် စိတ်တွင် သိမြင်နေ ရှုပွားနေခြင်းကိုသာ ဝိပဿနာစစ်စစ်ဟု ဆိုထားသောကြောင့် ယင်းသို့ လက္ခဏာတင် ရှုပွားမှုကို တလစပ်လုပ်နေရသည်။ ယင်းသို့ရှုပွားနေခိုက်မှာပင် အထက်ဝိပဿနာဉာဏ်တွေ ဓမ္မသဘာဝမှန်အတိုင်း အလိုလိုဖြစ်ပေါ် လာကြသည်။ လက္ခဏာတင်ရှုပွားနေမှုကို လက်လွှတ်ရပ်တန့်ကာ ထိုဉာဏ်စဉ်တွေ ပေါ်လာအောင် တွေးတောကြံစည်နေရသည်မဟုတ်ချေ။ လက္ခဏာတင်ကာ ရှုပွားနေသောရူပ်နာမ်ကို လိုချင်စွဲမက် ကြောက်လန့် မုန်းတီးစွန့်လွှတ် ပစ်ပယ်ချင်စိတ်မရှိဘဲ လက္ခဏာတင်ရှုပွားမှုကို မပြတ်ပြုလုပ်နေသည့်ဉာဏ်ကို သခ်ါရုပေက္ခာဉာဏ်ဟု ကျမ်းဂန်တို့တွင် အထင်အရှားဆိုထားသည်။ အလွန်ရင့်ကျက် အားသန်၍ မဂ်ဉာဏ်ရလုနီးဖြစ်သော ထိုသခ်ါရုပေက္ခာဉာဏ်ကိုပင် ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ်-သစ္စာနုလောမဉာဏ်ဟု ကျမ်းဂန်တို့တွင် ဆိုထားသည်။ ထိုကျမ်းဂန်စကားကို မသိသောကြောင့်(သို့မဟုတ်) သဘောမရှင်းသောကြောင့် လက္ခဏာတင်ရှုပွားမှုကိုမလုပ်ဘဲ (သို့မဟုတ်) လက္ခဏာတင် ရှုပွားနေမှုကို ရပ်တန့်ထားကာ ဒီရူပ်နာမ်သခ်ါရကြီးဟာ စွဲမက်စရာ လိုချင်စရာမရှိဘူး၊ မုန်းစရာရှိစရာ၊ စွန့်ပစ်စရာသာဖြစ်တယ်၊ ပယ်စွန့်လိုက်တော့မယ်။ မလိုချင်ဘူး၊ မလိုချင်ဘူး၊ မလိုချင်ဘူးစသည် တွေးတောဆင်ခြင်နေခြင်းသည် သခ်ါရုပေက္ခာဉာဏ်ဖြစ်သည်ဟု အလွဲသင်ပေးကြ၊ အလွဲလုပ်နေကြသည်။ အမှန်မှာ ဝိပဿနာ လုပ်ငန်းဟူသည် ရူပ်နာမ်ဖြစ်ပျက်ကိုသိပြီးလျှင် အနိစ္စ ဒုက္ခ အနတ္တလက္ခဏာ တစ်ခုခုသိမြင်နေမှု၊ ရှုပွားနေမှုသာ အဓိက လိုရင်းချုပ်ဖြစ်သည်ဟု သိမှတ်ကြရာသည်။

> အနိစ္စံ ဒုက္ခမနတ္တာတိ၊ သခ်ါရေ အနုပဿတော။
> အဋ္ဌန္နံ ပန ဉာဏာနံ၊ ဝသေန ပန ယောဂိနော။
> ဝိပဿနာ သိခါပတ္တာ၊ဟောတိ ဝုဋ္ဌာနဂါမိနီ။
> သစ္စာနုလောမဉာဏန္တိ၊ အယမေဝ ပဝုစ္စတိ။
> (အဘိဓမ္မာ၀တာရ၊ အပိုင်း၊၂၁/၁၆၇-ဆဋ္ဌ)

http://www.dhammadownload.com

ဘာသာပြန်။

ရှစ်မျိုးကုန်သောဝိပဿနာဉာဏ်တို့၏ စွမ်းရည်ဖြင့်သခါရတရားတို့ကို အနိစ္စ ဒုက္ခ အနတ္တဟု လက္ခဏာတင်ကာ တရစပ်ရှုနေသော ယောဂီ၏ထိပ်ဆုံးသို့ ရောက်သော သခါရုပေက္ခာဉာဏ်သည် ဝုဋ္ဌာနဂါမိနီဝိပနာဉာဏ် အမည်ရသည် ဖြစ်၏။ ဤထိပ်ဆုံးရောက် သခါရုပေက္ခာဉာဏ်ကိုပင် နိဗ္ဗာန်မြင်ဖို့ အဆင်သင့် ဖြစ်အောင် စွမ်းဆောင်သောဉာဏ်ဟူ၍ ဆိုအပ်၏။

ပြခဲ့ပြီးအကြောင်းတို့ကြောင့် စုဒိတက၏သခါရုပေက္ခာဉာဏ်နှင့် စပ်သော ဟောချက်များသည် အလွဲအမှားသာဖြစ်သည်ဟု ရုံးတော်ကသုံးသပ်သည်။

ငြင်းခုံချက်။ ၆။

မဂ်ဉာဏ်ကိုအလွဲအမှား ဟောပါသည်။

စိစစ်ချက်။ ၇။

(က) ဤအငြင်းပွားချက်ကို စုဒိတကပုဂ္ဂိုလ်က သီးခြားအငြင်းပွား ချက်အဖြစ် အသိအမှတ်မပြုသော်လည်း သောဓနာလွှာတွင် ချေပချက်များကို ထည့်သွင်း ထားသည်။ စောဒကတို့က(၁) ဓမ္မနီတိသည် လူသေလူဖြစ်ဦးဥက္ကဋ္ဌ ၏ အစွဲသမုဒယ ဥပါဒါန်မပြုတ်သေးသူတွေဟူသော လက်ငြိုးထိုးစကားကို နှစ်နှစ်ခို့ကိုက်ခို့ကိုက်အတုလိုက်၍ အစွဲသမုဒယ ဥပါဒါန်မပြုတ်သေးတဲ့ သဿတဒိဋ္ဌ ဗုဒ္ဓဘာသာတွေဟု လက်ငြိုးထိုးသည်။ (၂) အစွဲသမုဒယ ဥပါဒါန်ပြုတ်ပြီးသူ ရဟန္တာဟု ဝန်ခံနေသည် (၃)ယင်းသို့ဝန်ခံပြီးသော်လည်း စောဒနာ၊ ၂၀ (၄) မှတ်ဟောချက်တွင် ဘယ်သူတွေက ဘယ်လောက်တရားသိပါတယ် ဆိုပြီး ဘယ်လိုပဲပြောပြော၊ လောဘ ဒေါသတွေဟာ အကြောင်းတိုက်ဆိုင်ရင် ခန္ဓာ ကတော့ပေါ်တာပဲ ဟူ၍ သူ့ကိုယ်တွေ့တရားကို ပြောထားပါသည်ဟု တင်ပြ ထားသည်။

(ခ) ထိုစွဲဆိုချက်သည် မဟုတ်မှန်ပါဟု စုဒိတကပုဂ္ဂိုလ်က ငြင်းဆိုသည်။ ဦးဥက္ကဋ္ဌကို မမြင်ဘူးပါ။ သူ့စာအုပ်များကိုလည်း မလေ့လာဘူးပါဟု စုဒိတက ဆိုသည်။ ယင်းသို့ ဦးဥက္ကဋ္ဌကို မမြင်ဘူး၊ သူ့စာအုပ်ကိုမလေ့လာဘူးပဲ ဦးဥက္ကဋ္ဌနှင့် စုဒိတကတို့၏ အဆန်းတွင် အလွဲထွင်ထားသည့် စကားချင်းတူ နေသည်မှာ ဦးဥက္ကဋ္ဌနှင့် စုဒိတကတို့ ဉာဏ်ချင်းတထပ်တည်း ဖြစ်သည်ဟု ဆိုဖွယ်သာ ဖြစ်နေတော့သည်။

http://www.dhammadownload.com

(ဂ) စုဒိတကတ်၏ မဂ်ဉာဏ်ဟောချက်တွင် ပဓာနအားကိုးရာ အဖြစ် ဖော်ပြထားသော ဂါထာနှင့် အနက်ကို စုပေါင်းဖော်ပြဖို့ လိုအပ်သည်။

ကမ္မသ ကာရကောနတ္ထိ၊ ဝိပါကသစ ဝေဒကော။
သုဒ္ဓ ဓမ္မော ပဝတ္တန္တိ၊ ဧဝေတံ သမ္မဒဿနံ။

(ဝိသုဒ္ဓိမဂ်၊ ၆၊ ၂/၃၇)

ဓမ္မနီတိ၏အနက်။ကမ္မသ=ကုသိုလ်တဲ့ အကုသိုလ်တဲ့ကို၊ ကာရကော= ပြုလုပ်တတ်သော ယောက်ျားမိန်းမ ပုဂ္ဂိုလ်သတ္တဝါသည်၊ နတ္ထိ=လုံးဝမရှိတာမဟုတ်၊ နဂိုထဲက အလိုလိုဆိတ်သုဉ်းပြီးသား။ ဝိပါကသစ=ကုသိုလ်တဲ့ အကုသိုလ်တဲ့တို့၏ အကျိုးတရားကို၊ ဝေဒတော=ခံစားတတ်တဲ့လူ ယောက်ျားမိန်းမဆိုတာလဲ၊ နတ္ထိ=နဂိုကလဲ မရှိ ယခုအခါမှာလဲ သုညသာဖြစ်သည်။ မရှိဘူး။ အစကလဲမရှိဘူး၊ ယခုလဲမရှိဘူး။ သုဒ္ဓဓမ္မော= စင်ကြယ်နေတဲ့ ဘဝခရီးလမ်းကြောင်းတို့သည်သာလျှင်၊ ပဝတ္တန္တိ= ဖြစ်ပေါ်လှုပ်ရှား၍ နေကြကုန်၏။ ဧဝံဒဿနံ=အဲဒီလိုမြင်သော်၊ သမ္မ-ဒဿနံ= မှန်ကန်သော သမ္မာဒိဋ္ဌိမဂ်ဉာဏ်၏ အမြင်မှန်ဖြစ်သည်။

စုဒိတကပုဂ္ဂိုလ်က ဤဂါထာသည် ဘုရားဟောဂါထာ၊ မဂ်ဉာဏ်ပြစကားဟု အလွဲနှစ်ချက်ပြော၍ "သုဒ္ဓဓမ္မော ပဝတ္တန္တိ၊ ဧဝေတံ သမ္မဒဿနံ" ကို တကယ့်အလွဲဘက်သို့ဆွဲကာ အလွဲအမှားအနက်ပေးထားသည်။ "ကမ္မသကာရကောနတ္ထိ၊ ဝိပါကသစ ဝေဒကော" တို့၏ အဓိပ္ပာယ်တို့ကိုလည်း တောက်တဲ့အမြင်ဖြင့် ဇောက်ထိုးပြောထားသည်။

အမှန်မှာ ထိုဂါထာသည် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ အဋ္ဌကထာဆရာကြီး အရှင်မဟာဗုဒ္ဓယောသ၏ လက်ဖြစ်ပါဠိဖြစ်သည်၊ ဝိပဿနာဉာဏ်မဖြစ်သေးခင် ရုပ်နာမ်တို့၏ အကြောင်းတရားနှင့်အကျိုးတရားဖြစ်သော ရုပ်နာမ်နှစ်ပါးကို မြင်ပုံ ပစ္စယပရိဂ္ဂဟဉာဏ်ဖြစ်ပုံကိုပြသည်၊ ယင်းသို့သိမြင်လျှင် အတ္တစွဲကင်းပုံ သက္ကာယဒိဋ္ဌိကင်းကွာပုံကို ပြသောစကားဖြစ်သည်၊ ဝိပဿနာဉာဏ်မျှ မဖြစ်သေးပဲ မဂ်ဉာဏ် ဖြစ်ဖို့ အဝေးကြီးရှိသေးချိန် ဖြစ်သည်။

ကမ္မသ ကာရကော နတ္ထိ

အဋ္ဌကထာဆရာကြီး၏ အဓိပ္ပာယ်မှန် = = ကုသိုလ်တဲ့ အကုသိုလ်တဲ့ရှိသည်၊ လုပ်သူသတ္တဝါ မရှိ။ အနတ္တဟု သိမြင်သည်။

ဓမ္မနီတိ၏ အဓိပ္ပာယ်လွဲ = = လုပ်သူမရှိ၊ ကံလဲမရှိ၊ သုညဟု သိမြင်သည်။

http://www.dhammadownload.com

ဝိပါကသစ ဝေဒကော

အဋ္ဌကထာဆရာကြီး၏ အဓိပ္ပာယ်မှန် = = ကံ၏အကျိုး (၃၁) ဘုံရှိသည်၊ ခံစားသူ သတ္တဝါမရှိ။ အနတ္တဟု သိမြင်သည်။

ဓမ္မနီတိ၏ အဓိပ္ပာယ်လွှဲ = = ခံစားသူမရှိ၊ ကံ၏အကျိုး (၃၁)ဘုံလည်းမရှိ၊ သုညဟု သိမြင်သည်။

သုဒ္ဓဓမ္မာ ပဝတ္တန္တိ

အဋ္ဌကထာဆရာကြီး၏ အဓိပ္ပာယ်မှန် = = လုပ်သူအတ္တနှင့် ခံစားသူအတ္တနီယတို့ မရှိဘဲ ရုပ်နာမ်တရားတွေ သက်သက် ကြောင်းကျိုး ဆက်ကာ ဖြစ်နေကြ သည်။

ဓမ္မနီတိ၏ အဓိပ္ပာယ်လွှဲ = = စင်ကြယ်နေတဲ့ ဘဝခရီးလမ်းကြောင်းတို့သာ ဖြစ်ပေါ်နေကြသည်။

ဧဝံဧတံသမ္ဘဒဿနံ

အဋ္ဌကထာဆရာကြီး၏ အဓိပ္ပာယ်မှန် = = ဤသည်အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ ကင်းကွာသည့် ကြောင်း+ကျိုးသိ ဉာဏ် ရုပ်နာမ်မြင်ပုံ အမှန်တည်း။

ဓမ္မနီတိ၏ အဓိပ္ပာယ်လွှဲ = = ဤသည် သမ္မာဒိဋ္ဌိ မဂ်ဉာဏ်၏အမြင်မှန်တည်း။

ဤ အဓိပ္ပာယ်မှန်ကို သိမြင်နိုင်ရန် အဋ္ဌကထာ ဆရာကြီးက တဆက်တည်း ဆိုထားသည်မှာ-

ဧဝံ ကမ္မေ ဝိပါကေစ၊ ဝတ္တမာနေ သ ဟေတုကေ။
ဗီဇရုက္ခာဒိကာနံဝ၊ ပုဗ္ဗာကောဋ္ဌိ နာ နာယတိ။
အနာဂတေပိ သံသာရေ၊ အပ္ပဝတ္တံ နာ ဒိဿတိ။

ဘာသာပြန်။

ဤဆိုပြီးသည့်အတိုင်း ကုသိုလ်ကံ အကုသိုလ်ကံနှင့်အကျိုး (၃၁)ဘုံသည် (၀၊) ရုပ်နာမ်နှစ်မျိုးသည် ကြောင်း+ကျိုးဆက်ကာ မပြတ်ဖြစ်နေလတ်သော် သစ်စေ့နှင့် သစ်ပင် (ကြက်ဥနှင့် ကြက်မ၊ သားသမီးနှင့်မိဘ) စသည်တို့၏ ဘယ်ဟာအရင်ဖြစ်သည်၊ ဘယ်သူအရင်ဖြစ်သည်ဟု ရှေ့အစွန်းအစကို မသိနိုင် သကဲ့သို့ အကြောင်း ရုပ်နာမ်နှင့် အကျိုးရုပ်နာမ်တွင် ဘယ်ဟာအရင်ဖြစ်သည်ဟု

http://www.dhammadownload.com

ရှေးအစကို မသိနိုင်ချေ။ အနာဂတ်ဘဝသည် မပြတ်ဆက်ကာဖြစ်နေပါလျှင်လည်း ကံနှင့်အကျိုး ရုပ်နာမ်နှစ်မျိုးတို့ မဖြစ်ဘဲ ပြတ်လတ်သည်ကို မမြင်နိုင်ပေ၊ (၀၊) မပြတ်ဆက်လက် ဖြစ်ပျက်နေဦးမည်သာတည်း။

ဤစကားတို့ဖြင့် အဋ္ဌကထာဆရာကြီး "ကမ္မဿ ကာရကော နတ္ထိ" အစရှိသည့် ဂါထာ၏အဓိပ္ပာယ်မှန်ကို အလွန်လွယ်ကူစွာ သိနိုင်ကြသည်ဖြစ်သော်လည်း ထိုဂါထာ ဘယ်ကျမ်းမှာရှိသည်၊ ဘယ်သူ့စကားဖြစ်သည်ကိုမျှ မသိဘဲ ဘုရားဟောစကားဟု အလွဲအမှားပြောနေသော စုဒိတက၏ စွမ်းရည်သည် ဝိပဿနာသင်တန်းဆရာ လုပ်နိုင်လောက်အောင် မပြည့်သေးဟု ပေါ်လွင်လာသည်။ ထိုဂါထာအရ ဘုရားဟောထားသော သုညခရီးဟု အရမ်းကာရော ပြောထားသော စုဒိတက၏စကားတို့တွင် တိတ်ခွေ၊ ၁ဂ/ဘီ(စောဒနာ၊ ၂၀/(သ) မှတ်ပြ)၌ စင်ကြယ်ရာ သုဒ္ဓမမ္ပ-ခရီးဟူသော ရယ်စရာကိုလည်း တွေ့ကြရသည်၊ ပိဋကကျမ်းဂန်တွင် ခရီးဟော ဓမ္မသဒ္ဒါရှိ-မရှိကိုမျှ မသိတတ်သေးသူပါကကား။

စောဒနာ၊ ၂၀/ (ဌ) မှတ်ပြ အတ္တခန္ဓာမှ အနတ္တခန္ဓာ ပြောင်းပုံကို "အာဌာဝကဘီလူး သစ္စာမသိခင် (သောတာပန် မဖြစ်ခင်ဟု ဆိုလိုသည်) သူ့ခန္ဓာတစ်ခုလုံးဟာ အတ္တ။ သစ္စာသိပြီးတော့ (သောတာပန်ဖြစ်ပြီးတော့ဟု ဆိုလိုသည်) သူ့ခန္ဓာတစ်ခုလုံးဟာ စွဲစရာရှာမရ အနတ္တ၊ ခန္ဓာအိမ်ရဲ့ ဆုပ်ကိုင်ထားတဲ့ တည်ကိန်း အပြောင်းအလဲကလေး"ဟု ပြောထားသည်မှာ အပြောကျယ်လွန်းသော မုသားစကားသာတည်း။ စုဒိတက မျက်လှည့်ပြမကောင်းလွန်းပေ။ အတ္တသည် အနတ္တမဖြစ်နိုင်ဟူသော ဓမ္မသဘာဝမှန်ကို ကျော်လွန်နေသည်။

ပါဠိ အဋ္ဌကထာ ဋီကာတို့၌ မဂ်ဉာဏ်ဖြစ်ပုံမှာ ဝိပဿနာရှုနေသည် ယောဂီအား ဂေါတြဘုခေါ် နိဗ္ဗာန်ကို ပထမဆုံးမြင်သောစိတ်က အနန္တရသတ္တိဖြင့် ကျေးဇူးပြုလိုက်၍ သောတာပတ္တိမဂ်သည် နိဗ္ဗာန်ကို အာရုံပြုပြီး ပယ်သင့်ပယ်ထိုက်သော အကုသိုလ်တရားတို့ကို ပယ်ပြီး ဖြစ်ပျက်သွားသည်။

ဟောကြားချက်

> ဂေါတြဘုမဂ္ဂသ အနန္တရပစ္စယေန ပစ္စယော။ ပဋ္ဌာန၊ ၁။ ၁၃၈။
> ဝိရဇံ ဝီတမလံ ဓမ္မစက္ခု၊ ဥဒပါဒि "ယံကိဉ္စि သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မ"န္တိ၊
>
> (ဒီ၊ ၁။ ၁၀၂။ ဒီ။ ဋ္ဌ၊ ၁။ ၂၄၈ (မ၊ ဋ္ဌ၊ ၃။ ၆၅။ အံ၊ ဋ္ဌ၊ ၃။ ၂၁၅။ ဒီ၊ ဋီ၊ ၁။ ၃၁၁-နှာ)

http://www.dhammadownload.com

ဓမ္မနီတိ၏ နိဗ္ဗာန်

စောဒနာလွှာ၊ (၂၀/၂၉)တွင် ဓမ္မနီတိ၏ နိဗ္ဗာန်သည်-

(၁) ကရဏကာယကို ဖန်တီးသော ကလလရေကြည်မျှသာ ဖြစ်သည်။

(၂) ကိလေသာသောင်းကြမ်းသူတို့ ဖန်တီးပြုလုပ်ထားသော သခ်ၢတ နိဗ္ဗာန်ဖြစ်သည်။

(၃) ခွေးထီး-ခွေးမတို့၏ ခွေးနိဗ္ဗာန်ဖြစ်သည်။

ဟု စောဒကပုဂ္ဂိုလ်တို့၏ စွပ်စွဲထားခြင်းမှာ (ကရဏကာယေ ဉာဏ် သြတာရေတွာ) ဟူသော ပါဠိမှ အမြွက်မှားကိုယူ၍ စွပ်စွဲထားခြင်းကြောင့် အရှင်ဒဗ္ဗအား ဆဗ္ဗဂ္ဂိရဟန်းတို့က ရှုန့်ရင်းကြမ်းသော အမူလကပါရာဇိက အာပတ်ဖြင့် စွပ်စွဲခြင်းမျိုး ဖြစ်နေပါသည်။ ထိုက်သင့်သောအပြစ်ကို မသတ်မှတ် လိုပါဟူ၍ သောခနာလွှာ၊ ၂၀/၄ (စ)မှတ်ပြတွင် စုဒိတကပြထားသည်။

စိစစ်ချက်။

ဒီဘဝရဲ့ မူလအစသည် ကလလရေကြည်ဖြစ်သည်၊ ထိုကလလ ရေကြည်သည် ပုံသဏ္ဌာန်မရှိ၊ အရှည် အလုံး အပြား အရိပ် နိမိတ်ပြစရာမရှိ၊ အရောင်အသွေးမရှိ ထိုကလလရေကြည်မှာ ဖောက်ပြန်လက္ခဏာနှင့် အာရုံ လှမ်း လက္ခဏာတို့ တစ်ခါတည်းပါလာသည်၊ ထိုကလလရေကြည်က အာရုံကို ကူးဖို့ မျက်စိ၊ နား၊ နှာခေါင်း၊ ပါးစပ်၊ လက်ခြေသော ဒီခန္ဓာကိုယ်အတုံးကြီးကို ဖန်တီးပြုလုပ်သည်၊ ဖောက်ပြန်လက္ခဏာနှင့် အာရုံလှမ်းလက္ခဏာတွေဟာ အကြောင်းတိုက်ဆိုင်တဲ့အခါ ဖြစ်ပေါ်လာပြီး မူလ အနတ္တခါတ်သား သုညထဲ ပြန်ဝင်သွားသည်ဟူ ယခုဘဝခန္ဓာ၏ဖြစ်ပုံ ပျက်ပုံကို စုဒိတကပြောထားခဲ့သည်။ သိဒ္ဓတ္ထရသေ့ကလဲ ဗောဓိမဏ္ဍိုင်ရောက်တဲ့အခါ ဒီခန္ဓာ ကရဏကာယ၏ အစနဲ့အဆုံးကို အမှန်တရားဆိုတာ အပြင်မှာရှာလို့ ရစရာအကြောင်းမရှိ၊ အပြင်နဲ့မဆက်သွယ်တော့ဘူး၊ ဒါဟိုဝိဋ္ဌကတော်တွေထဲမှာလဲ ဒီအတိုင်းဘဲ ပါတယ်နော်။ ---ပ---ကရဏကာယ၏ ခရီးလမ်းကြောင်းကို သူမြင်အောင် ကြည့်တယ်။ "ကရဏကာယေ ဉာဏ် သြတာရေတွာ" သူ့မှာရှိတဲ့ အသိဉာဏ်ကို ကရဏကာယ၏ အစအဆုံး အပြန်ပြန် အလှန်လှန် အပြင်မထွက်တော့ဘူး၊ ဒီပရဏကာယထဲမှာဘဲ မွှေနှောက်ပြီးတော့ ရှာကြည့်တာ၊ အဲဒီကနေပြီးတော့ အနတ္တတရား သစ္စာလေးပါး ဘွားကနဲပေါက်ထွက်လာတာ၊ ဟူ၍ အနတ္တ မြင်သိပုံ

http://www.dhammadownload.com

စုဒိတကပြောထားသည်။ ယင်းသို့ စုဒိတကပြောထားသည့် ဒီဘဝ ခန္ဓာ၏ မူလအစ၊ အလယ်၊ အဆုံးဟူသော သုံးရပ်ကို အကြောင်းရင်းပြု၍ စောဒကတို့က ဓမ္မနီတိ၏ နိဗ္ဗာန်သည် ကလလရေကြည်မျှသာဖြစ်သည် အစရှိသော စကားတို့ကို ဆိုထားကြောင်း ပေါ်လွင်နေသည်။

စုဒိတက၏ ထိုစကားတို့တွင်-

(၁) ဒီဘဝရဲ့ မူလအစသည် သခ်ျာဒဿနကျမ်းဆရာ ကပိလ၏ ပကတိဓါတ်သားမဟုတ်ပဲ ကလလရေကြည်ဟု ဆိုထားပြန်သည်။ (၂) ကလလ ရေကြည်က ကရဇကာယ (ခေါ်) ဒီခန္ဓာကိုယ်အတုံးကြီးကို ဖန်တီသည်။ (၃) ဒီဘဝရဲ့ အစနဲ့အဆုံးကို ကရဇကာယ (ဒီမွေးရာပါ ခန္ဓာကိုယ်အတုံးကြီး) မှာလျှင် ရှာဖွေတွေ့သည်ဟူသော စုဒိတက၏ စကားသုံးရပ်ကို ဆက်စပ်ကြည့် လျှင် စုဒိတက၏ နိဗ္ဗာန်သည် ထင်ရှားပေါ်လွင်နေလေပြီ။ ထို့ပြင် "ကရဇကာယေ ဉာဏံ သြတာရေတွာ"ဟု မူရင်းကျမ်းကို မပြပဲ ဆိုသည်။ အမှန်မှာ- ပစ္စယာ ကာရေ ဉာဏံ သြတာရေတွာ တံ အနုလောမ ပဋိလောမ ဝသေန သမ္မသန္တော" (ဇာ၊ ၆၊ ၁။ ဗုဒ္ဓဝံ၊ ၆၊ ၃၄၀၊ အပ၊ ၆၊ ၁။ ၈၉။ ဓမ္မပဒ၊ ၆၊ ၂၊ ၈၀-နှာ)ဟု အဋ္ဌကထာတို့၌ရှိသည်။ ဘုရားလောင်းသည် ပဋိစ္စသမုပ္ပါဒ်၌ ဉာဏ်ကို သက်ဝင်စေ၍ ၎င်းကို အနုလုံ ပဋိလုံတို့၏ အစွမ်းဖြင့် သုံးသပ်တော်မူလျက် ဘုရားဖြစ်တော်မူသည်။ ဘဝရဲ့မူလအစ ကလလ ရေကြည်သည် ပုံသဏ္ဌာန်မရှိ၊ အရှည် အလုံး အပြား၊ အရိပ်နိမိတ်မရှိ၊ အရောင်အသွေးမရှိဟူသော စကားဖြင့် ကလလရေကြည် တစ်ခုတည်းဖြစ်သည်။ ပုံသဏ္ဌာန် အရောင်အသွေး မရှိသော ကြောင့် အရှည်၊ အနိမ့်၊ အမြင့်၊ အကြီး-အငယ်၊ အနီး-အဝေး၊ အကြမ်း- အနု၊ အဆိုး-အကောင်း၊ ချစ်စရာ-မုန်းစရာ စသည် တိုင်းစရာမရှိ၊ အတိုင်းလွတ် နေသည်။ (ဇကောဓမ္မော) အဘိဓမ္မာဆိုတာ တစ်ခုတည်းရှိရတာ၊ အပြိုင်မရှိရဘူး၊ နှစ်ခွမရှိဘူး၊ တိုင်းစရာမရှိရဘူး၊ အတိုင်းလွတ်နေတာ အဘိဓမ္မာဟု စုဒိတက ကိုယ်တိုင် အခိုင်အမာပြောထားပါသည်ဟု သောဓနာ၊ ၁၄/၁ (ခ) မှတ်ပြတွင် ဆိုထားချက်စကားလည်းရှိသည်။ ထိုစကားနှစ်ရပ် တသားတည်း တထပ်တည်း ဖြစ်နေသည်မှာ ထင်ရှားပေါ်လွင်နေလေပြီ။ ကလလရေကြည်သည် အရှည် အလုံး အပြား အရိပ် နိမိတ် ပြစရာမရှိဟူသော စုဒိတက၏ စကားသည် အနိမိတ္တနိဗ္ဗာန်ဟူသော ပိဋကကျမ်းဂန်စကားကို ဦးတည်ရည်ညွှန်းကြောင်း သိလွယ်လွန်းပေသည်။

http://www.dhammadownload.com

စိစစ်ပြခဲ့ပြီးအကြောင်းတို့ကြောင့် စုဒိတက၏နိဗ္ဗာန်သည် ဘဝအစ ကလလရေကြည်မျှသာ ဖြစ်သည်အစရှိသော စောဒကတို့၏ တင်ပြချက်သည် ဖုံးကွယ်မရ၊ ငြင်းကွယ်မရ၊ တိတိပပ အခိုင်အမာဟုတ်မှန်သည်ဟု ရုံးတော်က သုံးသပ်သည်။

ငြင်းခုံချက်။ ၈။

မြတ်ဘုရားရှင်ကို လူလယ်ကျသူဟု စုဒိတကပြောပါသည်။

(၁) တာဝတိံသာ အဘိဓမ္မာက ထွက်တဲ့နာမ်တရားပွင့်လာတာ၊ ဒီအဘိဓမ္မာတွေကို ဟောဘို့ ဘုရားပွင့်လာတာ မဟုတ်ဘူး။ (၂) သာသနာဟာ တိတ္ထိယတွေနဲ့ ပြိုင်ပွင့်တယ်၊ ပြိုင်ပွဲဝင်တော့ ဟော မင်းတို့က နာမ်တစ်လုံးသိတာ၊ ငါသိတာက နာမ်တေပညာသ (၅၃) လုံးဆိုတော့ သူများထက်သာနေကာပေါ့။ ဒါလေးတွေ တင်မဟုတ်သေးဘူး၊ ဝိထိလေးတွေရော ဘာတွေရော အစိပ် အစိပ် အစိပ် လက်ဖျစ်တကွက်မှာ ကုဋေတစ်သိန်းဆိုတော့ ဘယ်သူမှ မလိုက်နိုင်ဘူး၊ ပြီးရော၊ ခ္ပါသားနဲ့ ပခန်းသား ထမ်းပိုးငြင်းသလို ဖြစ်နေတယ်။ (၃) ဒီနာမ်ရုပ် အခြေခံတဲ့ အဘိဓမ္မာက မရှိဘူးလို့လဲ မပယ်နဲ့၊ ရှိတယ်လို့လဲ မဆုပ်နဲ့ဟူသော စုဒိတက ဟောချက်များကို အဓိကအခြေခံ၍ ဤငြင်းခုံချက်ထွက်ပေါ်လာသည်။

ဤစကားတို့ဖြင့် စုဒိတကသည် ဗုဒ္ဓရှင်တော်ဘုရားကို လူလယ်ကျသူဟု ဆိုသည်။ အဘိဓမ္မာတရားတော်ကိုလည်း ပြစ်တင်ရှုံ့ချသည်၊ သဗ္ဗညုတ ဉာဏ်တော်ကို မဟုတ်မဟပ် ပုတ်ခတ်ပြောကြားသည်ဟု စောဒကတို့ တင်ပြသည်။

အတ္တအယူထူထဲနေသူတို့အား ကြီးမားသော မေတ္တာကရုဏာတော်ဖြင့် အနတ္တတရားကို ပြတ်သားစွာ ဟောတော်မူပြီး အနတ္တသာသနာကိုတည်ထောင်ရန် မြတ်ဗုဒ္ဓ၏ ဦးတည်ချက်ပန်းတိုင်ကို သရုပ်ဖော်ထားခြင်းသာ ဖြစ်ပါသည်။ ရုပ်နာမ်တရားတို့ကို မပယ်ရန်လည်း ဟောထားသည်မှာ ထင်ရှားပါပြီးဖြစ်ပါသည်ဟု စုဒိတကတင်ပြသည်။

စိစစ်ချက်။

(က) ဗုဒ္ဓအဘိဓမ္မာသည် ခ္ပါသားနှင့် ပခန်းသားတို့ ထမ်းပိုးငြင်းသလို ဖြစ်နေတယ်ဟုစုဒိတကပြောထားသည်။ ယခုခေတ်မော်တော်ကားများ မြင်းလှည်းများ၌ တပ်ထားသည့်လေးကဲ့သို့ ရှေးခေတ်က ကုန်ထမ်းစရာ ထမ်းပိုးကို

http://www.dhammadownload.com

အဖျားနှစ်ဖက်အထက်သို့ ကော့ထောင်နေသော လချမ်းပုံသဏ္ဌာန်ပြုလုပ်ကြသည်။ ထမ်းပိုးဖျားက ညွှတ်ပက် ညွှတ်ပက်ဖြစ်၍ အထက်အောက်ခတ်သောကြောင့် ထမ်းသူမှာ ပခုံးနာမှု သက်သာသည်၊ ဝန်ထုပ်၏ အလေးကို ထမ်းပိုးက ကူညီထမ်းရာ်ရောက်သဖြင့် ထမ်းသူအဖို့ ဝန်ပေါ့သည်။ ချီပါသားနှင့် ပခန်းသားများသည် စကားနိုင်ပြောရန် ဝါသနာထုံကြသဖြင့် ထမ်းပိုးအခတ်ကောင်းကြောင်း ပြောင်ကြသည်။ ချီပါသားက"ထမ်းခါစမှာသာ ပခုံးနှင့် ထမ်းပိုးထိနေသည်၊ ခဏကြာတော့ ထမ်းပိုးကပဲ ထမ်းသွားသည်"ဟု ပြောသည်။ ပခန်းသားက "ငါ့ထမ်းပိုးက တဖြည်းဖြည်းအရှိန်ရလာလို့ အခတ်မှန်သွားရင် လူကထမ်းစရာမလိုတော့ပဲ ထမ်းပိုးမှာ ချိတ်ဆွဲထားတဲ့ ဆိုင်းထဲ (သို့မဟုတ်) တောင်းထဲ ဝင်ထိုင်လိုက်သွားရုံပဲ"ဟု ပြောသည်။ ထိုပခန်းသား၏ စကားမှာ ယုတ္တိမတန် မဖြစ်နိုင်သော်လည်း စကားပြောင်ပွဲမှာတော့ အနိုင်ရသွားသည်ဟု စုဒိတကဆိုလိုကြောင်း ပေါ်လွင်နေသည်။ ဤသို့ စုဒိတကသည် မြတ်ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်တော်ကို မယုံကြည်၊ မြတ်ဗုဒ္ဓကို သဗ္ဗညုတဉာဏ်ရှိသူဟု မယုံကြည်၊ မြတ်ဗုဒ္ဓဟောထားသော တရားတော်များကိုလည်း မယုံကြည်၊ ထိုတရားကို လက်ခံကျင့်သုံးကြသော သံဃာတော်များကိုလည်း အကျင့်မှန်ကောင်းရှိသူတွေဟု မယုံကြည်ဟူ၍ စွပ်စွဲ ဆဲရေးရာရောက်နေသည်။

အနတ္တသာသနာတော်ကို တည်ထောင်ရန် မြတ်ဗုဒ္ဓ၏ ဦးတည်ချက်ပန်းတိုင်ကို သရုပ်ဖော်ထားခြင်းသာ ဖြစ်ပါသည်ဟူသော စုဒိတက၏ စကားသည်လည်း မမှန်ပေ။ မြတ်ဗုဒ္ဓ၏ဦးတည်ရည်မှန်းချက်အမှန်ကို ယုတ်နိမ့်သိမ်ဖျင်းအောင် ပြောရာရောက်သည်။ မြတ်ဗုဒ္ဓ၏ ဦးတည်ရည်မှန်းချက် အမှန်မှာ ရုပ်နာမ်ကို အခြေခံ၍ အနိစ္စ၊ ဒုက္ခ အနတ္တတွင် တစ်ခုခုရှုကာ အရဟတ္တဖိုလ်ပေါက်ရောက်ရန် ဦးတည်တော်မူ၍ သာသနာတော်ကို တည်ထောင်တော်မူခဲ့သည်။

ရုပ်နာမ်တရားတို့ကို မပယ်ရန်လည်း ထည့်သွင်းဟောကြားထားပါသည်ဟူသော စုဒိတက၏ တင်ပြချက်သည်လည်း "ဒီနာမ်ရုပ် အခြေခံ အဘိဓမ္မာက မရှိဘူးလို့လဲ မပယ်နဲ့ ရှိတယ်လို့လဲ မဆုပ်နဲ့"ဟု စုဒိတက၏ ပြောချက်ကို

http://www.dhammadownload.com

ဦးတည်ရည်မှန်းတင်ပြချက်သာဖြစ်သည်။ တန်ဖိုးထားအသုံးပြုရန် ပြောဆိုချက်မဟုတ်ချေ။ တိတ်ခွေ၊ ၁၄/အေ (စောဒနာ၊ ၂၀/၂၄) မှတ်ပြတွင် "မစဉ်းစားတာ၊ ပယ်တာမဟုတ်ဘူး၊ စကားလုံးက နည်းနည်းကွာဟချက်ရှိတယ်၊ ပယ်တာမဟုတ်ဘူး၊ မစဉ်းစားတာ"ဟု စုဒိတကပြောချက်ကိုလည်း ထောက်ကြည့်လျှင် ပယ်တာမဟုတ်ဟူသော စုဒိတကစကားမှာ နှစ်ခွဲနှင့် တစ်တင်းမတူပါဟု ငြင်းနေသည်နှင့်ဘာမျှမခြားပေ၊ ရယ်ဖွယ်ရာ တန်ဘိုးမဲ့စကားသာ ဖြစ်နေသည်။

တာဝတိံသာ အဘိဓမ္မာဟု စုဒိတကဆိုထားချက်မှာလည်း ဘုရားဟောအဘိဓမ္မာဟု ယုံကြည်ဟန်မရှိ၊ ဘုရားဟောအဘိဓမ္မာဟု ပြောဖို့ဝန်လေးလွန်းနေဟန် ရှိသည်။

ဒီ (နာမ်ရုပ်) အဘိဓမ္မာတွေကို ဟောဘို့ ဘုရားပွင့်လာတာမဟုတ်ဘူး ဟူသော စကားဖြင့် သဗ္ဗညုတညာဏ်တော်ရဘုရားဟာ မလုပ်သင့်တဲ့အလုပ်ကို လုပ်တဲ့ဘုရား၊ အလွဲအမှားလုပ်တဲ့ဘုရား၊ ငါလောက်မှ အသိညာဏ်မှန်မရှိတဲ့ဘုရားဟု စုဒိတက စွပ်စွဲဆဲရေးသည်မှာ အလွန်ထင်ရှားနေပါသည်။

သဗ္ဗညုတညာဏ်တော်၏ စွမ်းရည်သုံးပါး

(၁) သိသင့်သိထိုက်သောတရားအားလုံးကို ဟုတ်တိုင်းမှန်စွာသိခြင်း။

(၂) ထိုသိပြီးသောတရားတော်တို့ကို ဟောပြောရမည့်စကားလုံးနှင့် ဟောပုံခြင်းရာကို သိခြင်း။

(၃) ဝေနေယျတို့၏ အလိုနှလုံးသွင်းမှု စရိုက်ညာဏ်စွမ်းရည် စသည်တို့ကို သိခြင်း။

(မူလဋီ၊ ၁/၈)

သဗ္ဗညုတညာဏ်တော်ရှင်အစစ်

မြတ်ဗုဒ္ဓမပွင့်ထွန်းမီ ပူရဏအစရှိသော တိတ္ထိယဘုရား-၆-ဆူတို့သည် ကာသိကောသလ မဂဓဝေသာလီ စသည်နိုင်ငံတော်တို့၌ ပေါ်ထွန်းနေကြလေပြီ။ ကောသလမင်းကြီးကိုယ်တိုင် ထိုတိတ္ထိဘုရားတို့ကို တွေ့ဆုံ၍ "အရှင်သည် သဗ္ဗညုတညာဏ်ရ ဘုရားဟု ဝန်ခံပါသလား" ဟု မေးသည်အာဏာရှင်ဘုရင်ကြီးကိုယ်တိုင်က မေးသည်တကြောင်း ရှေ့ဆက်မေးလျှင် ဟုတ်မှန်အောင် မဖြေနိုင်မည် သေချာသည်တစ်ကြောင်းကြောင့် "မဟုတ်ပါ" ဟု ပြောကြသည်။ မြတ်ဗုဒ္ဓ

http://www.dhammadownload.com

ပွင့်ထွန်းလာချိန်၌လည်း ကောသလမင်းကြီးကိုယ်တိုင် တွေ့ဆုံ၍ "အရှင်သည် သဗ္ဗညုတညာဏ်ရ ဘုရားလား" ဟု မေးသည်၊ "မင်းမြတ်၊ ငါသည် အတုမဲ့ သဗ္ဗညုတညာဏ်တော်ကို ထိုးထွင်း၍ သိတော်မူပြီးသူဖြစ်သည်"ဟု မြတ်ဗုဒ္ဓက ဝန်ခံတော်မူသည်။ ကောသလဘုရင်သည် မေးခွန်းများကို ဆက်လက်မေးမြန်းပြီး လျှင် "အရှင်ဘုရား၊ တပည့်တော်တို့သည် အရှင်ဘုရားကို သဗ္ဗညုတညာဏ် အကြောင်းကို မေးလျှောက်ကြပါကုန်၏၊ ဘုန်တော်သခင်အရှင်ဘုရားသည် သဗ္ဗညုတညာဏ် အကြောင်းအရာကို ဖြေကြားတော်မူပါသည်၊ ထိုဖြေချက်ကို လည်း တပည့်တော်တို့၏စိတ်၌ သဘောလည်းကျပါသည်၊ နှစ်သက်လည်း နှစ်သက်ပါသည်။ ထိုအဖြေကြောင့် တပည့်တော်တို့သည် ဝမ်းမြောက်ကြပါကုန်၏ ဟု ကောသလမင်းကြီးက လျှောက်ထားသည်။ ထိုခေတ်တွင် တော်ရုံတန်ရုံကို ယုံကြည်ခြင်းမရှိသော ကောသလမင်းကြီးကိုယ်တိုင် မေးမြန်း၍ လက်ခံကျေနပ်ပါ ကြောင်း လျှောက်ထားခဲ့သည်။

(သံ၊ ၁/၆၈။ မ၊ ၂/၃၃၃)

ကုဋ္ဌေတစ်သိန်း ပျက်ကိန်းဟုတ်မှန်

ဧကစ္ဆရက္ခဏေ ကောဋိတသဟဿသင်္ခါ ဥပ္ပဇ္ဇိတ္တာ နိရုဇ္ဈတိ။
(သံ၊ ၅၊ ၂/၂၉၅။ အဘိ၊ ၅၊ ၂/၃၁။ မူလဋီ၊ ၂/၂၆)

ဘာသာပြန်

လက်ဖျစ်တထွက် (တစ်စက္ကန့်) ကာလမှာပင် ကုဋ္ဌေတစ်သိန်းအရေအတွက် ရှိသော ဝေဒနာတရားသဘောများဖြစ်၍ ချုပ်ပျက်သွားသည်။

တိကျအောင်ရေတွက်ပြနိုင်သည့် ကွန်ပျူတာစက်များမပေါ်သေးသည် ဗုဒ္ဓခေတ်က တွက်ချက်ပြထားသည်မှာ အလွန်အံ့သြလောက်အောင် မှန်ကန်နေ သည်။ သိပ္ပံပညာထွန်းကားသော ယခုခေတ်၌ လူ့ခန္ဓာကိုယ်ရှိ စဲလ် (cell) ကလာပ်စည်းများကို ကွန်ပျူတာစက်ဖြင့် တွက်ကြည့်ရာတွင် ကုဋ္ဌေတစ်သိန်း ရှိပါသတဲ့။ ယင်းသို့ဖြစ်၍ စဲလ် (ခေါ်) ကလာပ်စည်းတစ်ခုမှာ ဝေဒနာ (ခေါ်) ခံစားမှု သဘောတရားများ တခုတခုစီဖြစ်နိုင်သောကြောင့် အမြင့်ဆုံးအသိဉာဏ် ဖြစ်သော သဗ္ဗညုတညာဏ်တော်ဖြင့် ရှုဆင်ခြင်ပါလျှင်, လက်ဖျစ်တစ်တွက် (တစ်စက္ကန့်) အတွင်း သိနိုင်ပေသည်။ ဗုဒ္ဓအဘိဓမ္မာ၏ မှန်ကန်မှုကို သိပ္ပံပညာရှင် ကြီးများက လက်တွေ့တွက်ချက် ထောက်ခံနေကြပြီ။ ယင်းသို့ တကယ့်အမှန်ကို

http://www.dhammadownload.com

အမှန်အတိုင်း ပြောပြခြင်းသာ ဖြစ်သည်။ စုဒိတကပြောသကဲ့သို့ ပြိုင်ပွဲမှာ စကားနိုင်ရရုံမျှ ပြောသည်မဟုတ်ကြောင်း ထင်ရှားလေပြီ။

ပြခဲ့ပြီးအကြောင်းတို့ကြောင့် ဓမ္မနီတိ၏ ဟောချက်များသည် မြတ်ဗုဒ္ဓ၏ သဗ္ဗညုတညာဏ်တော်ကို စော်ကားသူ၊ မြတ်ဗုဒ္ဓရှင်တော်ကို လူလယ်ကျသူအဖြစ် ရောက်အောင် မမှန်မကန် စွပ်စွဲသူ၊ မြတ်ဗုဒ္ဓဟောကြား ရုပ်နာမ်တရားများကို မစဉ်းစားတော့ပဲ ပယ်ထားသူအဖြစ်သို့ ရောက်အောင် ပို့ဆောင်သည့် အလွဲအမှား စကားတို့သာ ဖြစ်ကြသည်ဟု ရုံးက သုံးသပ်သည်။

ငြင်းခုန်ချက်။ ၉။

ဓမ္မနီတိသည် ဗုဒ္ဓဘာသာဝင် ဟန်ဆောင်သူဖြစ်သည်။

စိစစ်ချက်။ ၉။

(က) ဓမ္မနီတိသည် ဘုရားလက်ထက်တော်က အဇိတ၏ဝါဒကို ဗုဒ္ဓဝါဒ အရောင်ဟပ်၍ ဗုဒ္ဓဘာသာဝင်တို့အား မိစ္ဆာဝါဒီများဖြစ် အောင် တပ်ဆင်ပေးနေပါသည်။ ရှင်းရှင်းနှင့် ဘွင်းဘွင်း တင်လျှောက်ရပါမူ ဓမ္မနီတိသည် အညတ္ထိယ မိစ္ဆာဝါဒီကဦးသာ ဖြစ်နေပါသည်၊ ဓမ္မနီတိအား တိတ္ထိယပက္ကန္တကဟု စောဒနာနေခြင်း မဟုတ်ပါ။ တိတ္ထိယပက္ကန္တကသည် သာသနာတွင်း၌မနေ၊ သက်နိုးကိုချွတ်၍ သာသနာတော်ကို မိစ္ဆာဝါဒဖြစ်အောင် မသိမ်းသွင်း၊ မဖျက်ဆီးပါ။ ဓမ္မနီတိသည်ကား ဗုဒ္ဓခွင့်ပြုတော်မူသည့် သက်နိုးတည်းဟူသော သာသနာ့အရေတော်ကို ခြုံ၍ အနှစ် (၂၀)မျှ သာသနာတော်ကို ပျက်စီးအောင် တော်လှန်ပုန်ကန်နေသူ ဖြစ်သောကြောင့် တိတ္ထိယပက္ကန္တကထက် သာလွန်ကြောက်စရာကောင်းသူဟု လျှောက်ထားခြင်းဖြစ်ပါသည် စသည်ဖြင့် စောဒကတို့ကတင်ပြကြသည်။

(ခ) တပည့်တော် (စုဒိတက)က ရုပ်နာမ်တရားကို မပယ်ရန် ထည့်သွင်းဟောကြားထားသည်ဖြစ်ပါလျက် အဇိတကေသကမွှလ၏ နတ္ထိကဝါဒနှင့် နှိုင်းယှဉ်စွပ်စွဲ ပုတ်ခတ်ကြပြန်သည်။ နတ္ထိ=မရှိ ဟူသော စကားနှစ်မျိုးမှာ မတူပါ။ ဗုဒ္ဓဝါဒတွင် ပါဝင်သော သုညတလက္ခဏာ၏ မရှိခြင်းမှာ နဂိုပကတိပင် စွဲယူစရာ မရှိသော မရှိခြင်းမျိုး ဖြစ်ပါသည်။ နတ္ထိကဝါဒတွင်ပါဝင်သော မရှိခြင်းမှာ ပယ်ပစ်ဖယ်ပစ်၍ မရှိခြင်းမျိုးဖြစ်ပါသည်။ ထို့ကြောင့် ဗုဒ္ဓဝါဒအမှန်ကို သရုပ်ပေါ်အောင် တင်ပြဟောကြားနေသော ဓမ္မနီတိက အညတိတ္ထိယမိစ္ဆာဝါဒီ ဖြစ်မသွားဘဲ စောဒကတို့သာ နှိုင်းယှဉ်ကြည့်တတ်သော အသိဉာဏ်ကင်းမဲ့သူများဖြစ်ကြောင်း

http://www.dhammadownload.com

ရိုင်းစိုင်းစွာ ပုတ်ခတ်ပြောဆိုသည့် အသုံးနှုန်းများက သက်သေခံပြီးဖြစ်ပါသည် စသည်ဖြင့် စုဒိတကပုဂ္ဂိုလ်က ချေပသည်။

(ဂ) စောဒကတို့၏ စကားတွင်ပါဝင်သော တိတ္ထိယပဏ္ဏန္တဟူသော စကားတွင် (၁) ဗုဒ္ဓ၏အယူမှ အခြားသူတို့၏ သဿတစသော (၆၂)ပါးသော အယူသည် တိတ္ထမည်၏။ (၂)ထိုအယူများ (၆၂)ပါးတို့တွင် တမျိုးမျိုးကို နှစ်သက်သဘောကျသူသည် တိတ္ထိယမည်၏၊ အညတိတ္ထိယလည်းမည်၏။ သာသနာတော် အညလဒ္ဓိကာ (ကခ်ီယောဇနာ။ ၁၅၄၊ ဟံသာ)

တိတ္ထိယ ပဏ္ဏန္တက

(၃) ဗုဒ္ဓဘာသာဝင်ရဟန်းသည် တိတ္ထိယတို့၏ အသွင်နှင့် အယူနှစ်မျိုးလုံးကို ယူလျှင် တိတ္ထိယပဏ္ဏန္တကဖြစ်သည်၊ ပါရာဇိက (ခေါ်) သေဒဏ်သင့်နေသူ ဖြစ်သည်။ အယူနှင့်အသွင်ဟူသောနှစ်မျိုးတွင် တစ်မျိုးမျိုးကိုသာယူလျှင် တိတ္ထိယ ပဏ္ဏန္တက မဖြစ်သော်လည်း ပြစ်ဒဏ်မှာမထူးချေ။ (၁) ကိုယ်လုံးတီးနေခြင်း၊ သမန်းမြက်သက်နှံ စသည်ကို ဝတ်ခြင်းဖြင့် တိတ္ထိယတို့၏အသွင်ကိုသာ ပြောင်းယူ၍ အယူဝါဒကို မယူသေးလျှင် ဒုက္ကဋ်အာပတ်သင့်၏၊ အာပတ်ကို ဒေသနာကြားကုစားလျှင် အပြစ်ကင်းစင်သူ ဖြစ်သည်။ (၂) သက်နှံးကို မချွတ်မူ၍ တိတ္ထိယတို့၏ အယူဝါဒကိုယူလျှင် သာသနာတော်မှ နှင်ထုတ်ရမည့် ပြစ်ဒဏ်သင့်နေသူဖြစ်၏။ သာတိရဟန်းကို ထောက်ကြည့်လေ။

အထူးမှတ်ချက်။

(က) တိတ္ထိယတို့၏ အယူအကျင့်ကို နှစ်သက်သဘောကျလျှင်ပင် အယူပြောင်းသူဖြစ်သည်၊ ထိုတိတ္ထိယတို့၏ ကျင့်စဉ်တခုခုကို လိုက်နာပြုလုပ်လျှင် နှစ်သက်သဘောကျရုံထက် ပိုလွန်နေပြီးဖြစ်၍ ပြောစရာမလိုတော့၊ အယူပြောင်းသူ ဖြစ်သည်ဟု သိမှတ်ရာသည်။

(ခ) ဗုဒ္ဓဘာသာဝင် သာမဏေနှင့် လူတို့အယူသွင်ပြောင်းသော်လည်း တိတ္ထိယပဏ္ဏန္တကဟု မခေါ်ဝေါ်ကြ၊ တိတ္ထိယသာဝကဟူ၍သာ ခေါ်ဝေါ်ကြသည်။

(ဃ) ဥပသမ္ပန္နောဘိက္ခု "တိတ္ထိယော ဘဝိဿာမိတိ"သ လိင်္ဂေနေဝ တေသံ ဥပသယံဂစ္ဆတိ၊ ပဒဝါရေ၊ ပဒဝါရေ ဒုက္ကဋံ၊ တေသံ လိင်္ဂေ အာဒိန္နေ မဇ္ဈေ တိတ္ထိယ ပဏ္ဏန္တကော ဟောတိ။

http://www.dhammadownload.com

(၂) ယောပိ သယမေဝ တိတ္ထိယော ဘဝိသ်တိ ကုသစိဝရာဒီနိ နိဝါသေတိ၊ တိတ္ထိယပက္ကန္တောတော ဟောတိယေဝ။

(၃) အစ္ဆိန္နစိဝရော ကုသစီဝရာဒီနိ နိဝါသေန္တော ရာဇဘယာဒီဟိ ဝါ တိတ္ထိယလိင်ဂဏ္ဍာန္တော လဒ္ဓိယာ အဘာဝေန နေဝတိတ္ထိယပက္ကန္တကော ဟောတိ။

(ဝိနယသင်္ဂဟ၊ ၁၅၀)

နံပါတ် (၁) တွင် တိတ္ထိယော ဘဝိသ်ာမိ။ (နံပါတ်-၂-တွင် တိတ္ထိယော ဘဝိသ်တို့ ဖြင့် တိတ္ထိယအယူဝါဒကို ယူပြီးဖြစ်သည်ဟု သိမှတ်ရာသည်။

ပြခဲ့ပြီး အဋ္ဌကထာစကားအရ-

(၁) မိမိကျောင်းဌ် မိမိဖာသာ တိတ္ထိယအသွင် အယူနှစ်မျိုးလုံးကို ယူသူ ရဟန်း၊

(၂) တိတ္ထိယတို့ကျောင်းဌ် တိတ္ထိယတို့ထံဌ် အသွင်နှင့်အယူနှစ်မျိုးလုံးကို ယူသူ ရဟန်း

(၃) မိမိကျောင်းဌ် အသွင်ကိုယူ၍ တိတ္ထိယတို့ထံ အကျင့်ကို ယူသူရဟန်း။

(၄) မိမိကျောင်းဌ် အကျင့်ကိုယူ၍ တိတ္ထိယတို့ထံဌ် အသွင်ကိုယူသူ ရဟန်း။

ဤလေးဦးတို့သည် တိတ္ထိယပက္ကန္တကဖြစ်ကြသည်၊ ပါရာဇိက (ခေါ်) သေဒဏ်သင့်ပြီးသူဖြစ်သည် သာသနာတွင်းသို့ ရဟန်းအဖြစ် ရှင်အဖြစ်ဖြင့် ပြန်ဝင်ခွင့်မရှိပြီ။

(ဃ) တပည့်တော် (စုဒိတက) က ရုပ်နာမ်တရားကို မပယ်ရန်ထည့်သွင်း ဟောကြားထားပါလျှက် အဇိတ၏ နတ္ထိကဝါဒနှင့် နှိုင်းယှဉ်စွပ်စွဲထားပါသည် ဟူသော စုဒိတက၏ချေပချက်ကို "ဒီ (နာမ်ရုပ်) "အဘိဓမ္မာတွေကို ဟောဘို့ ဘုရားပွင့်လာတာမဟုတ်ဘူး" ဟူသော စုဒိတက၏ ဟောချက် (ခ၁) အမှတ်ပြပါ စကားကပင် ချေမှုန်းပစ်လိုက်လေပြီ။ ကုသိုလ် အကုသိုလ်၊ (၃၁) ဘုံ၊ အတိတ် ဘဝ၊ နောက်ဘဝမရှိဟု စုဒိတက၏ ဟောချက်များအောက် စောဒနာချက်များ၌ ထင်ရှားတွေ့ကြရပြီးဖြစ်၍ စုဒိတကသည် နတ္ထိကဝါဒကိုလည်း စွဲယူသူဖြစ်သည်မှာ ထင်ရှားပြီးဖြစ်သည်။

(င) ဗုဒ္ဓဝါဒအမှန်ကို သရုပ်ပေါ်အောင် တင်ပြဟောကြားနေသော ဓမ္မနီတိ ဟူ၍ စုဒိတက၏ချေပလွှာတွင် ဆိုသည်။ ယင်းစကားဟုတ်-မဟုတ်အနည်းငယ်မျှ စိစစ်ပြမည်။

http://www.dhammadownload.com

မြတ်ဗုဒ္ဓ၏ ဝါဒမှန်တော်၌ တန်ခိုးရှင်၊ ဖန်ဆင်းရှင်၊ ရူပ်နာမ်လွတ်သော မပျက်မသေခန္ဓာကို အတ္တအယူလွဲဟုဆိုသည်။ တန်ခိုးရှင်မဟုတ်၊ ဖန်ဆင်းရှင် မဟုတ် ရူပ်နာမ်လွတ်မပျက်မသေ ခန္ဓာမဟုတ်၊ ရူပ်နာမ်သာဖြစ်သည်၊ နှ အတ္တာ အနတ္တာဟု ကမ္မဓာရည်းသမာသ်ပုဒ်ဟုဆိုသည်။

ဓမ္မနီတိကတကယ်မရှိတာကို ရှိတယ်ဟုစွဲယူလျှင် အတ္တအယူလွဲဟုဆိုသည်၊ မွေးရာပါ ခန္ဓာကိုယ်အတုံးကြီး (အတ္တ) သည်သာ တကယ်ရှိ ပရမတ်၊ ကျန် အားလုံးပညတ်ဟုလည်း ဆိုသည်။ ထိုကြောင့် ကုသိုလ် အကုသိုလ် (၃၁)ဘုံ ဟူသော ရူပ်နာမ်တကယ်ရှိတယ်ဟု ယူစွဲလျှင် အတ္တဒိဋ္ဌိဟုလည်း ဆိုသည်။ စောဒနာ၊ ၂၀/၂၇ (ဟ) မှတ်ပြဟောချက်တွင် "စွဲစရာကိလေသာမရှိရင် ကံကော ရှိအုံးမလား၊ စွဲစရာကိလေသာရှိရင် ကံဖြစ်တယ်"ဟု စုဒိတက၏ဆိုစကားရှိ သောကြောင့် စွဲရာကိလေသာမရှိခြင်းသည် အနတ္တဖြစ်သည်။ နတ္ထိအတ္တာ ဇတသောတိ အနတ္တံဟု ဗဟုဗ္ဗိဟိသမာသ်ပုဒ် ဟုဆိုသည်။

ဤမျှဖြင့် ဗုဒ္ဓ၏ဝါဒအမှန်ကို သရုပ်ပေါ်အောင် ဟောကြားနေသော ဓမ္မနီတိ မဟုတ်ကြောင်း ထင်ရှားပေါ်လွင်လေပြီ။

စုဒိတကသည် သခ်္ခာဒဿနဗျမ်းဆရာ ကပိလ၏ ပကတိဝါဒယောင်ဆောင် ဗုဒ္ဓဝါဒယောင်ယောင် အူကြောင်ကြောင်လုပ်နေသူသာဖြစ်ကြောင်းကို စောဒနာ ၂၀/စိစစ်သုံးသပ်ချက် (၃) ၌ အကျယ်စိစစ်ပြခဲ့ပြီးဖြစ်သည်။

ဤသို့လျှင် စောဒကတို့၏ စွဲဆိုချက်ကို စုဒိတကသည် ကြောင်း-ကျိုးညီ ညွှတ်ခိုင်လုံစွာ ချေပဖြေရှင်းမှု မပြုနိုင်ခြင်း၊ စောဒကတို့၏ စကားသည် ကြောင်း-ကျိုး ညီညွှတ်ခိုင်လုံခြင်းကြောင့် "ဓမ္မနီတိသည် ဗုဒ္ဓဘာသာဝင် ဟန်ဆောင်သူ ဖြစ်သည်"ဟူသော စောဒကတို့၏ စွဲဆိုချက်သည် ဟုတ်မှန်သည်ဟု ရုံးတော်က သုံးသပ်သည်။

http://www.dhammadownload.com

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ရွေးချယ်သည့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များသာ ပါဝင်သော နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ် (၆) ၏ ဆုံးဖြတ်ချက်

(လုပ်ထုံးလုပ်နည်းများအပိုဒ်-၄၂)

နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ် (၆)
၁၃၄၅-ခုနှစ်၊ ဓမ္မ-အဓမ္မမှုခင်းအမှတ် (၆)

(က) စောဒက

၁။ ဦးဝိမလဗုဒ္ဓိ
သာကေတမြို့

၂။ အရှင်ဥာဏာသရ (ဓမ္မာစရိယ)
ငါးသိုင်းချောင်းမြို့။

၃။ အရှင်စက္ကိန္ဒ
သာကေတမြို့

၄။ ဦးရေဝတ
မုတ္တမကျေးရွာ
ပေါင်မြို့နယ်

(ခ) စုဒီတက

ဦးပညာဝံသ
ဓမ္မနီတိဗိမာန်ကျောင်း
သာကေတမြို့
တို့၏

ဓမ္မနီတိဝါဒရောက်ရာမြို့နယ်၊ရပ်ကွက်/ကျေးရွာတို့၌၊ ဓမ္မ-အဓမ္မအငြင်းပွားသော ဝိဝါဒါဓိကရုဏ်းမှုကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ရွေးချယ်သည့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များသာ ပါဝင်သော နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ် (၆) ဝိနည်းဓိုရ်ဆရာတော်များ ကိုယ်တိုင် လက်မှတ်ရေးထိုး၍ ဓမ္မဝိနယနှင့် အညီ ဆုံးဖြတ်ချက်ချပေးတော်မူ လိုက်ကြပါသည်။

ဆုံးဖြတ်ချက်အမိန့်

ပြဆိုခဲ့ပြီးသော စိစစ်သုံးသပ်ချက်တို့အရ-

(၁) ဓမ္မနီတိသည်၊ တိတ်ခွေ-၁၀၊ အေ၌၊ "တစ်လံမျှလောက်သော ခန္ဓာကိုယ်အပြင်ဘက်မှာ ဘုရားမရှာနဲ့"ဟူ၍ ဟောပြောခြင်းဖြင့်၊ သာသနာတော်တည်ထား သင့်ညီမြတ်စွာဘုရားကို ပယ်ရှားထားသူဖြစ်ကြောင်း သုံးသပ်သည်။

http://www.dhammadownload.com

(၂) (က) သုတ္တန်ဆိုတဲ့ ချည်ကြိုးတပ်ရဒါဟာ ကန်းတဲ့သူတွေ အတွက် တပ်ရတာစသည်ဖြင့် သုတ္တန်ပိဋကတ်တော်ကိုရှုံ့ချဖျက်ဆီးခြင်း၊

(ခ) သီလတစ်ပါးတိုးရင် ကြိုးတစ်ချောင်း တိုးတယ်၊ ကုဋေ ကိုးထောင်တစ်ရာ့ ရှစ်ဆယ်ငါးသန်း သုံးသောင်း ခြောက်ထောင် ကျော်ဆိုတော့ ဒီလောက်များတဲ့ ကြိုးတွေနဲ့ တုတ်နှောင်ထားတော့ ဒီပုဂ္ဂိုလ် လွတ်စရာ အကြောင်းရှိသေးလားစသည်ဖြင့် ဝိနည်း ပိဋကတော်ကို ရှုံ့ချဖျက်ဆီးခြင်း၊

(ဂ) ဗုဒ္ဓဂေါတမသည် ခုနစ်ဝါရောက်မှ ဒီနာမ်ရူပ်တရား တွေကို ဟောကြား ပါတယ် (ပ) ခုနစ်ဝါအဘိဓမ္မာလို့ပဲ သတ်မှတ်ကြပါစို့၊ ခုနစ်ဝါ မတိုင်ခင်-ခြောက်နှစ်ကျော်ကျော်လောက်က ဘာရူပ် ဘာနာမ်မှ ပါစရာမရှိဘူး၊ အဲဒီတုံးက ကျွတ်တမ်းဝင်တဲ့ ပုဂ္ဂိုလ်တွေဟာ ပိုလဲများ တယ်၊ နောက်ပိုင်း ရူပ်နာမ်တွေပေါ်ပြီးမှ-ကျွတ်တမ်းဝင်တဲ့သူခပ်ရှားရှား ဖြစ်သွားတယ် စသည်ဖြင့် အဘိဓမ္မာပိဋကတော်ကို ရှုံ့ချဖျက်ဆီးခြင်း၊

ထို့ကြောင့်ဓမ္မနီတိသည် ထေရဝါဒ ပိဋကကျမ်းဂန်တို့ကို တကယ် လက်တွေ့လိုက်နာကျင့်သုံးခြင်း မရှိသူဖြစ်သဖြင့် ပြည် ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် သံယာ့အဖွဲ့အစည်း အခြေခံ စည်းမျဉ်းအခန်း (၁)အပိုဒ် (စ)ပါစကားရပ်တို့ကို ဆန့်ကျင်သူ ဖြစ်၍ ထေရဝါဒဗုဒ္ဓသာသနာတော်ကို ဖျက် ဆီးသူဖြစ်ကြောင်း သုံးသပ်သည်။

(၃) ဓမ္မနီတိသည် သက်နှံးကို အကာအကွယ်ယူ၍ သိလျက်နားလည်လျက် ဘုရားတရား သံယာရတနာသုံးပါးကို ပျက်ရယ်ပြောင်လှောင် စော်ကား ဟောပြောခြင်း၊ ရဟန်းဖြစ်ကြောင်း ကမ္မဝါစာကို ပျက်ရယ် ပြောင် လှောင် စော်ကားခြင်းတို့ကို အချိန်ကာလ ကြာမြင့်စွာကပင် ပြုလုပ် နေခဲ့သူ ဖြစ်၍ ဘုရား၊ တရား၊ သံယာဝိနည်းသိက္ခာကို စွန့်ပယ်မှု (ပစ္စာစိက္ခန) ပြုထားပြီးသူ ဖြစ်ကြောင်းသုံးသပ်သည်။

(၄)(က) ဆရာယောဂီတို့အတွက် အာရုံသာပြုလိုက်-အချိန်မရွေး ယောဂီတို့ ပါးစပ်ဖျားမှာ အသင့်လာပြီး စောင့်နေပါမယ်ဟု မိမိကိုယ်တိုင် စေတော

http://www.dhammadownload.com

ပရိယ အဘိညာဏ်၊ ဣဒ္ဓိဝိဒ အဘိညာဏ်တန်ခိုး ရရှိထားသူအဖြစ်ကို ဝန်ခံပြောကြားခဲ့ခြင်း၊

(ခ) ထိုဘုရား အဆူဆူတို့ရဲ့ ကိုယ်စား သာသနာပြုကြမယ်လို့ ဆုံးဖြတ်ချက်ထားသော ဘုန်းတော်ကြီးတို့လို ရှေ့တန်းက ရပ်တည်သွားကြမယ်၊ သပ္ပုရိသ ဆရာများလဲ (ပ)ယောဂီတို့ လိုအပ်တဲ့ ခရီးပန်းတိုင်ကို ၁၅-ရက်၊ နာရီ ၃၀-ပြည့်လို့မှ မရောက်ဘူးဆိုရင် ဆရာရဲ့ ခန္ဓာကိုယ်ကို ကြိုက်သလို စီမံဆိုတာကတော့ စကားကုန်ရော သတ်ပဲပစ်ပစ် စသည်ဖြင့် လောကုတ္တရာ ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသူ သပ္ပုရိသ ဘွဲ့ထူးကို မိမိကိုယ်တိုင် ခံယူထားခြင်း၊

ထို့ကြောင့် စတုတ္ထပါရာဇိက အာပတ်နှင့် ငြိစွန်းသူ ဖြစ်ကြောင်း သုံးသပ်သည်။

(၅) ယင်းသို့ဘုရားရှင်ကို ပစ်ပယ်ခြင်း၊ ပိဋကတော်တို့ကို ရှုတ်ချ၍ ထေရဝါဒ သာသနာတော်ကို ဖျက်ဆီးသူဖြစ်ခြင်း၊ ဘုရား၊ သံဃာသီက္ခာ တို့ကို စွန့်ပယ်ထားသူ ဖြစ်ခြင်း၊ စတုတ္ထပါရာဇိက အာပတ်နှင့် ငြိစွန်းသူ ဖြစ်သည်ဟု ယူဆဖွယ်ရှိခြင်းတို့ကြောင့် ဓမ္မနီတိသည် ဗုဒ္ဓသာသနာတော်မှ အပယူထိုက်သည်ဟု ဤရုံးတော်က သုံးသပ်သည်။

(၆) ယင်းသို့ သုံးသပ်သော်လည်း ဤနိုင်ငံတော်သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ် (၆)ရုံးတော်သည် ဓမ္မ-အဓမ္မဟု စိစစ်ဆုံးဖြတ်ရန် အခွင့်အာဏာသာလျှင် ရှိသောကြောင့် ဓမ္မနီတိ၏ ဟောပြောချက်တို့ကို ဓမ္မဖြစ်သည် (သို့မဟုတ်) အဓမ္မဖြစ်သည်ဟု ဆုံးဖြတ်ရန်သာ တာဝန်ရှိသည်။ ထို့ကြောင့် ဓမ္မ-အဓမ္မအဖြစ်ကိုသာ ဓမ္မဝိနယတော်နှင့်အညီ ဆုံးဖြတ်ကြကုန်အံ့။

(၇) ဓမ္မနီတိသည် "သဿတဒိဋ္ဌိ ဗုဒ္ဓဘာသာ" ဟု စွပ်စွဲဆဲရေးသဖြင့် ဓမ္မနီတိဝါဒသည် ဗုဒ္ဓ၏ သဗ္ဗညုတညာဏ်တော်ကို စော်ကား ဖျက်ဆီးသော ဝါဒဖြစ်သောကြောင့် လည်းကောင်း၊

(၈) ဓမ္မနီတိသည် ကုသိုလ် အကုသိုလ်မရှိ၊ ၃၁-ဘုံမရှိ၊ ရုပ်နာမ်ပရမတ်မရှိ၊ ယခင်ဘဝမရှိ၊ နောက်ဘဝမရှိ အပါယ်လေးပါးသီးခြားမရှိ၊ သံဃာ ဆွမ်းလောင်းခြင်း၊ ပုတီးစိပ်ခြင်း၊ ဘုရားဂုဏ်တော်ပွါးခြင်း၊ ဘုရားရှိခိုးခြင်းသည် အဝီစိကျနေသည်၊ သီလမရှိသူက ငါးပါးသီလ ရှိသူထက် ဓမ္မနီတိ (၂၀)

http://www.dhammadownload.com

လွတ်လပ်တယ်၊ ငါးပါးသီလသမားက ရှစ်ပါးသီလ သမားထက် ပို၍ လွတ်လပ်တယ် စသည်တို့ကို ဟောပြောသဖြင့် ဓမ္မနီတိဝါဒသည် အရည်ကြီးအဇိတ၏ နတ္ထိကဝါဒ၏ နောက်လိုက်ဝါဒသာ ဖြစ်သော ကြောင့်လည်းကောင်း၊

(၉) ဓမ္မနီတိသည် ပကတိ (ခေါ်) ဓာတ်မသည် ပုရိသ (ခေါ်) ဖိုဓာတ်နှင့် ပေါင်းစပ်မိသော အခါ သတ္တဝါတို့၏ ခန္ဓာကိုယ်ကို ဖန်တီးသည်ဟူသော ကပိလရသေ့၏ ဝါဒမှားသို့ အတုလိုက်လျက် မိဘတို့ကြောင့်ဖြစ်လာ သော ကလလရေကြည်က မျက်စိ၊ နား၊ နှားခေါင်း၊ ပါးစပ်၊ လက်ခြေစသော ခန္ဓာကိုယ်ကောင်ကို ဖန်တီးသည်ဟု ဟောပြောသဖြင့် ဓမ္မနီတိဝါဒသည် မြတ်ဗုဒ္ဓဝါဒတော်ကို ဆန့်ကျင်သော အညတိတ္ထိယဝါဒ တို့၏ နောက်လိုက်ဝါဒသာ ဖြစ်သောကြောင့်လည်းကောင်း၊

(၁၀) ပစ္စယာကာရေ ဉာဏ် သြတာရေတွာ ဟူသော အဋ္ဌကထာပါဠိမှန်ကို ကရဇကာယေ ဉာဏ် သြတာရေတွာဟု ပြင်ဆင်တုပ ပါဠိလွဲကိုပြလျက် မိဘတို့၏ ကိလေသာသောင်းကျန်းမှုကြောင့် ဖြစ်လာသော ကလလ ရေကြည်ကို ဘဝအစ ခွဲစရာရှာမရတဲ့ အနတ္တသုညဟု ဟောပြောသဖြင့် ဓမ္မနီတိဝါဒသည် ဗုဒ္ဓသာသနာတော်ကို ပယ်လှန်ဖျက်ဆီးသော ဝါဒ ဖြစ်သောကြောင့်လည်းကောင်း၊

(၁၁) ရူပ်နာမ်ရှုဝိပဿနာသည် အလွဲအမှားသာ ဖြစ်သည်၊ ရူပ်နာမ်လွတ် ဝိပဿနာလမ်းမှန်ဖြစ်သည်ဟု ဟောပြောသဖြင့် ဓမ္မနီတိဝါဒသည် ဗုဒ္ဓ၏ အရိယာလမ်းကြောင်းမှန် သာသနာတော်ကို ဆန့်ကျင်ဖျက်ဆီး သောကြောင့်လည်းကောင်း၊

(၁၂) ဤပြခဲ့ပြီး အချက်တို့မှတပါး ဤရုံးတော်က အကျယ်စိစစ်ပြသခဲ့ပြီးသော အခြားအကြောင်းတို့ကြောင့်လည်းကောင်း၊

ဓမ္မနီတိဝါဒသည် ဗုဒ္ဓသာသနာတော်၏ ဆန့်ကျင်ဘက် သာသနာဖျက် အဓမ္မဝါဒ အဝိနယဝါဒစစ်စစ်သာဖြစ်သည်ဟု နိုင်ငံတော် သီးခြား ဝိနည်းဓိုရ် အဖွဲ့အမှတ် (၆)ဝိနည်ဒဓိုရ်ဆရာတော်များ အားလုံးက တညီတညွတ်တည်း ဆုံးဖြတ်သည်။

http://www.dhammadownload.com

(၁၃) နိုင်ငံတော်သီးခြား ဝိနည်းဝိုရ်အဖွဲ့အမှတ် (၆)ရုံးတော်သို့ သက်သေခံ ပစ္စည်းအဖြစ် တင်ပြထားသော ဓမ္မနီတိဝါဒစာအုပ် (၃)အုပ်နှင့် အသံ ဖမ်းတိတ်ခွေ(၃၉)ခွေ၊ ဤသက်သေခံ ပစ္စည်း၌ အပါဝင်ကျန်ရှိနေသေး သော တိတ်ခွေတို့၌ပါရှိသော ဓမ္မနီတိဝါဒတရားနှင့် ဓမ္မနီတိဝါဒနှင့် ဆက်စပ်နေသော တရားတို့သည်လည်းထေရဝါဒပိဋကတ်တော်လာ ဓမ္မဝိနယများနှင့် ဆန့်ကျင်ဘက်ဖြစ်ရကား အဓမ္မဝါဒဖြစ်ကုန်သည်ဟု နိုင်ငံတော်သီးခြားဝိနည်းဝိုရ်အဖွဲ့အမှတ် (၆)ဝိနည်းဝိုရ်ဆရာတော်များ အားလုံးက တညီတညွတ်တည်း ဆုံးဖြတ်တော်မူကြသည်။

(၁၄) ထိုမှတပါး ထိုဓမ္မနီတိဝါဒနှင့် ဆက်စပ်ပတ်သက်လျက်ရှိနေသော ဓမ္မနီတိသင်တန်း အစရှိသော အမည်များနှင့် တံဆိပ်တုံး ဆိုင်းဘုတ် အစရှိသော ထိုဓမ္မနီတိ အဓမ္မဝါဒကို ဖော်ပြသိစေလျက်ရှိသော အထိမ်းအမှတ်ပစ္စည်း ဝတ္ထုမှန်သမျှအားလုံးတို့သည် ဓမ္မနီတိ၏ အဓမ္မဝါဒကို ဖော်ပြရာရောက်သောကြောင့် အဓမ္မနှင့် သက်ဆိုင်သော ပစ္စည်းဖြစ်ကုန်သည်ဟု နိုင်ငံတော်သီးခြားဝိနည်းဝိုရ် အဖွဲ့အမှတ် (၆) ဝိနည်းဝိုရ် ဆရာတော်များအားလုံးက တညီတညွတ်တည်း ဆုံးဖြတ် တော်မူကြသည်။

(၁၅) ထိုဓမ္မနီတိဝါဒနှင့် ထိုဓမ္မနီတိဝါဒမှ ဆက်စပ်ပေါက်ပွားလာသော ဝါဒတို့ကို ရေးသားပြောဟောကြသော ရဟန်းရှင်လူတို့သည် လည်း ကောင်း၊ ထိုဓမ္မနီတိဝါဒတို့ကို လိုက်နာကျင့်ကြံအားထုတ်ကြသည့် ရဟန်းရှင်လူတို့သည်လည်းကောင်း၊ ထိုဓမ္မနီတိဝါဒတို့ကို နှစ်သက် လိုလားစွာ အားပေးထောက်ခံကြသော ရဟန်းရှင်တို့သည် လည်း ကောင်း၊ အဓမ္မဝါဒီတို့သာ မည်ကုန်၏ ဟူ၍ နိုင်ငံတော် သီးခြား ဝိနည်းဝိုရ်အဖွဲ့အမှတ်(၆) ဝိနည်းဝိုရ်ဆရာတော်များ အားလုံးက တညီတညွတ်တည်း ဆုံးဖြတ်တော်မူကြသည်။

http://www.dhammadownload.com

နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၆)
ဝိနည်းဓိုရ်ဆရာတော်များ

၁။ ဘဒ္ဒန္တတိက္ခိဿ (သဘာပတိ)..... ကျောင်းတော်ရာရွှေကျင်တိုက် ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၂။ ဘဒ္ဒန္တဥတ္တရာဘိဝံသ (အဖွဲ့ဝင်)..... သီတာရုံကျောင်း၊ သရက်တောတိုက် လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်း

၃။ ဘဒ္ဒန္တကဝိန္ဒ (အဖွဲ့ဝင်) ..... ထုံးအိုင်အလယ်ကျောင်း ဘားအံမြို့၊ ကရင်ပြည်နယ်၊

၄။ ဘဒ္ဒန္တကုမာရာဘိဝံသ (အဖွဲ့ဝင်)..... ဗန်းမော်ကျောင်းတိုက်၊ တက္ကသိုလ်စာတိုက် မန္တလေးမြို့၊ မန္တလေးတိုင်း

၅။ ဘဒ္ဒန္တကောဏ္ဍည (အဖွဲ့ဝင်) ..... မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ်ကျောင်းတိုက် နန္ဒဝန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။

နိဂုံးချုပ်

၁။ ဤဆိုခဲ့ပြီး စကားအစဉ်ဖြင့်ဓမ္မနိတိဝါဒကို ဓမ္မ-အဓမ္မဆုံးဖြတ် ချမှတ်ပေးရန် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ တာဝန်ပေးအပ်ချက်အရ နိုင်ငံတော် သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ် (၆) ဆရာတော်များသည်၊ သာသနာအရှည်မပျက်ဆက်လက်တည်ရှေးအတွက် အနှောင့်အယှက်ဖြစ်သော အတုအပ ဓမ္မအရောင်ပြောင်စင်အောင် တိုက်ပွဲဝင်ကြရာ၌ သာသနာတော်ကို လိုလားနှစ်သက်မြတ်နိုးသူ ရှင်လူအားလုံးတို့၏ တာဝန်အဖြစ်ခံယူကာ တက်ညီလက်ညီ အစစမလစ်ဟင်းရအောင် ကြည့်ရှုစစ်ဆေး အဆုံးအဖြတ်ပေးကြပါသည်။

http://www.dhammadownload.com

၂။ ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်များအဖို့ အဓိကရည်မှန်းချက်ပန်းတိုင်မှာ ဒုက္ခခပ်သိမ်းငြိမ်းရာ နိဗ္ဗာန်တရားတော်မြတ်ဖြစ်ပေသည်၊ ၎င်းနိဗ္ဗာန်တရားဆီသို့ ဦးတည်၍ ချီတက်နေကြရပေသည်၊ သို့သော် မိမိတို့မရောက်ဖူးသည့်အရပ်ဒေသသို့ သွားရသလို ဖြစ်နေ၍ ရောက်ဖူးသည့်ဘုရားအစရှိသော လမ်းညွှန်ပုဂ္ဂိုလ်များကို အမှီရမှုဖြစ်နိုင်ပေသည်။ မြတ်စွာဘုရားသည် ဗုဒ္ဓဘာသာဝင်အားလုံးတို့၏ အဓိကခရီးညွှန်ပုဂ္ဂိုလ်ကြီးပါပေတည်း။ မြတ်စွာဘုရားညွှန်ပြထားသည့်အတိုင်း ကျွန်ုပ်တို့တတွေ ရိုသေလေးစားစွာ လိုက်နာကျင့်သုံးပြီး နိဗ္ဗာန်ဆီသို့ ဦးတည်ကာ သံသရာခရီးကို လျှောက်ကြရပေမည်။ လမ်းမှားလျှင် ဒုက္ခအမျိုးမျိုးနှင့် ကြုံကြရမည်၊ ဇာတိ ဇရာ ဗျာဓိ မရဏ စသည့် သံသရာဘီလူးများ၏ အစားအမျိုးကို အဖန်ဖန်ခံကြရမည်။

သောဟိပြဟ္မေ ဘဂဝါ အနုပ္ပန္နသ မဂ္ဂသ ဥပ္ပါဒေတာ။
(မ၊ ၃၊ ၅၉၊ သံ၊ ၂၊ ၅၄။ မဟာနိ၊ ၁၃၈။ မိလိန္ဒ၊ ၆၈)။

လမ်းမှားလိုက်မိ၍ ဒုက္ခရောက်ရပုံကို သံယုတ်ပါဠိတော်၌ အောက်ပါအတိုင်း ဟောကြားထားပါသည်။

ယထာ သာကဋိကော ပဋ္ဌ၊ သမံ ဟိတ္ဝာ မဟာပထံ။
ဝိသမံ မဂ္ဂ မာရုယှ၊ အက္ခစ္ဆိန္နော စ ဈာယတိ။
ဧဝံ ဓမ္မော အပ္ပဂ္ဂမ္ဘ၊ အဓမ္မ-မနုဝတ္တိယ။
မန္ဒော မစ္ဆု မုခံ ပတ္တော၊ အက္ခစ္ဆိန္နော စ ဈာယတိ။

(သံ၊ ၁၊ ၅၆-နှာ)

မြန်မာပြန်။ လှည်းသမားသည် ပြေပြစ်ညီညွတ်သော လမ်းမကြီးကို စွန့်၍ မညီညွတ်သောလမ်းခရီးသို့ တက်သောကြောင့် လှည်းဝင်ရိုးကျိုးသည်ဖြစ်၍ ကြံ့မှိုင်ရသကဲ့သို့၊ ထို့အတူ ပညာနုံ့သောသူသည် ဓမ္မ-တရားသဘောမှဖဲခွါ၍ အဓမ္မ- တရားသဘောမဟုတ်သော ဝါဒလမ်းစဉ်သို့ လိုက်ခြင်းကြောင့် သေမင်း၏ ခံတွင်းဝ (သေခါနီးကာလ)သို့ ရောက်ရှိသော် လှည်းဝင်ရိုးကျိုးသောလှည်းသမား ကဲ့သို့ကြံ့မှိုင်ရ၏။

ဤကဲ့သို့ မြတ်စွာဘုရားသခင်သည် အလေးအနက်ထား၍ ဟောကြားထားရကား လမ်းမှားမလိုက်မိအောင် သတိကြီးစွာထားကြရမည်၊ လိုက်မိမှားလျှင်လည်း လမ်းမှန်သိသူများ၏ ညွှန်ကြားချက်အတိုင်းအမှန်ပြင်၍ လိုက်နာသူများဖြစ်အောင် ကြိုးစားကြရမည်။

http://www.dhammadownload.com

ကြီးလေးသောအပြစ်တကာတို့တွင် မိစ္ဆာဒိဋ္ဌ-အမှားမြင်မှုသည် အပြစ်အကြီးဆုံးဟူ၍ (အံ၊ ၁၊ ၃၅) ၌ ဟောကြားထားပါသည်၊ ထိုပါဠိတော်၏အဖွင့် အဋ္ဌကထာ (အံ-ဋ၊ ၁၊ ၃၆၉-၇၀) ၌လည်း မိစ္ဆာဒိဋ္ဌသည် ပဋ္ဌာန်နှစ်ရပ်ကြီး ၆ပါးထက်ပင် အပြစ်ကြီးကြောင်း ဖွင့်ဆိုထားပါသည်၊ အနည်းငယ်ချဲ့၍ ပြောရသော်၊ ကံကြီး ၅-ပါးတို့တွင် ရှေးကံကြီး ၄-ပါးတို့သည် ငရဲ၌ ဧကန်ဖြစ်စေတတ်သည်၊ သံယဘေဒက-သံယာများကို သင်းခွဲသည့်ကံမှာ တစ်ကမ္ဘာ (အာယုကပ်)ပတ်လုံး ငရဲမှာခံရကြောင်းလာသည်၊ ယင်းကံများ၏ အကျိုးပေး အပိုင်းအခြားရှိသည်၊ နိယတမိစ္ဆာဒိဋ္ဌမှာကား အပိုင်းအခြားမရှိအပြစ်ခံရသည်။ ကမ္ဘာကြီးပျက်၍ အခြားသူများ ပြဟ္မာဘုံရောက်ကုန်သော်လည်း နိယတမိစ္ဆာဒိဋ္ဌ အယူရှိသူမှာ မီးမလောင်သေးသော အခြားပိဋ္ဌစကြာဝဠာ-ကမ္ဘာသို့ ရွှေ့ပြောင်းခံရသည်၊ ထို ကမ္ဘာပါ တဖန် မီးလောင်ပြန်လျှင် ဟင်းလင်းအပြင် အာကာသမှာ ခံရပြန်သည်ဟု ဖွင့်ဆိုပါသည်၊ ဤကဲ့သို့ အပြစ်ကြီးမားသည့်အတွက် မိစ္ဆာဝါဒ အဓမ္မဝါဒသို့ မလိုက်မှားမိအောင် သတိကြီးစွာဖြင့် ရှောင်ကြဉ်နိုင်ကြပါစေ။ ဗုဒ္ဓဘာသာဝင်တို့၏ အဓိကလမ်းညွှန်ပုဂ္ဂိုလ်မြတ်ဖြစ်တော်မူသော မြတ်စွာဘုရားရှင်ညွှန်ကြားသည့်အတိုင်း လမ်းကောင်းလမ်းမှန် သမ္မာဒိဋ္ဌမဂ်တရား လမ်းကြောင်းဖြင့် မိမိတို့လိုလားတောင့်တ ဦးတည်ထားသည့် ဒုက္ခခပ်သိမ်း အေးငြိမ်းရာ နိဗ္ဗာန်ပရမတ်သို့ အရဟတ္တဖိုလ်ပေါက်မျက်မှောက်ပြုကာ အရောက်ခံကြတက်နိုင်ကြပါစေသတည်း။

• • • • • • • • • • •